www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည့်

**ဝင်းဦးမိုး** စိစဉ်တည်းဖြတ်သည့်

# ရုပ်ရှင်

- ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၂ ဇွန် ၂၀၁၄

တာဝန်ခံစာတည်း

မျိုးမြင့်ညိမ်း

စာတည်း

လင်းနိုင်ဦး

အပြင်အဆင် စာတည်း

မသိတာ(ဝေဝေချိုး)

သတင်း စာတည်း

ခင်လေးမြင့်

ရှေ့ပန်းချီ

ဇော်ဝင်း(ငှက်ပျောသီး)

ဆန်နီညိမ်း

ဖေညွန့်ဝေ

မုတ်သုံ

မြင့်မောင်ကျော်

မျိုးမြင့်

လှမြင့်ဆွေ

လင်းဝဏ္ဏ

ဇော်မောင်

ဝင်းတင့်

မောင်မိုး

စိုးအောင်

အောင်ကျော်

ဖေသစ်တည်

ရန်နိုင်ဦး၊ ထွန်းအဲ့

Win Iszudia

မျက်နှာဖုံးဓာတ်ပုံ

ကိုလင်း(Studio-K)

ရှေ့ဒီဇိုင်း

ခိုင်ဇင်ထွန်း

ဖြိုးဦးပိုင်

ရှေ့ဓာတ်ပုံ

ကိုလင်း(Studio-K)၊ လင်းနိုင်ဦး၊ ခင်လေးမြင့်

ရှေ့စာစီစာပြု နိုင်ခွန်အား၊ စိမ်းလဲ့စံ၊ မိုးမိုးမြင့်၊ ဓာပြင် ကျော်စိန်ဝင်း



www.burmeseclassic.com

www.burmeseclassic.com


သူတို့အရေး

၄။ အောင်သန်းထွန်း

ရွှေချစ်သူမှ ရွှေချစ်သူသို့

၁၀။ ဝင်းငြိမ်း

ရွှေမင်းသား၊ ရွှေမင်းသမီး

၁၆။ ခင်လေးမြင့်

ကံတရားရဲ့အချစ်နဲ့

ဝတ်မှုံရွှေရည်

One Minute Interview

၂၉။ ခင်လေးမြင့်

မီးပွား၊ ဖေညွန့်ဝေ

အောင်မင်းခန့်

နိုင်ငံတကာစာမျက်နှာ

၆၈။ ရီတာအေးအောင် ၊ NY၊

ဂျန်နီဖာလောရင့်စ်

၇၄။ ရာပြည့်

ကောင်းဘွိုင်ဦးထုပ်

မဆောင်းတဲ့

ကျေးလက်ဂီတသမား

Keith Urban

၈၀။ ဝင်းငြိမ်း

ရှွက်စော

ရွှေရုပ်ရှင်

ခင်လေးမြင့် ၄၀။

မြို့ပြသတ်ကွင်း

မိုးကျော်ထွန်း ၅၄။

မြန်မာရုပ်သံ

ဇာတ်လမ်းတွဲစစ်စစ်

ထာဝရမန္တလေး

လူမှုဝန်းကျင်

လင်းနိုင်ဦး ၃၀။

ရှော့ခ်ဂီတချစ်သူများ

အားရကျေနပ်ခဲ့တဲ့

ဇော်ဝင်းထွဋ်ရဲ့မွေးနေ့ပွဲ

ခင်လေးမြင့် ၃၄။

လွှတ်လပ်ပေါ့ပါး

ပျော်ရွှင်ကြတဲ့

လင်းလင်းနဲ့ချစ်သုဝေတို့

မင်္ဂလာပွဲ

ခင်လေးမြင့် ၄၄။

မင်းသမီးသုံးယောက်ရဲ့

မင်္ဂလာပွဲများ

ဝင်းငြိမ်း ၆၂။

ငယ်ငယ်တုန်းက

ခင်ယုမေ

ရွှေဝတ္ထု

၁၄၂။ ယုယ

သေးစိုသောလက်

၁၄၈။ မြင့်သန်း

ပိုမိုညှံ့ဖျင်းသော

စိတ်ကူးထည်တို့ဖြင့်

ဆက်လက်

ရှင်သန်နေနိုင်ရန်

အားထုတ်မှု

၁၅၆။ ရဲညွှန့်မြင့်

ပဒေသာပင်

၁၆၂။ ခန့်ကျော်ထင်ကျိုင်

၊ကျိုင်းကော်၊

သုညဝါးခွေးနှင့်

အစေအပါးများ

၁၆၈။ မိချမ်းဝေ

တောက်တီးတောက်တဲ့

ပဲနံ့သာ

၁၇၄။ နန္ဒာမိုး ၊ဆင်ဖြူကျွန်း၊

ကြောင်ရုပ်ကလေးရဲ့

ကိုယ်ရေးအကျဉ်း

၁၈၂။ ဇော ၊ တောင်တန်းပြာ၊

ခွာင်ကြွပွဲ

၁၉၆။ မိမိုး

ဇော

၂၀၄။ မိုးသျှန်း

ဘေးထစ်မိတဲ့ အမာရွတ်

၂၀၈။ ပန်းရိပ်မြူ

ရေခဲပန်းပု

ရွှေနှလုံးသား

၉၄။ ရဲမြွှမ်းနေ

ချစ်ခြင်းအားဖြင့်

Valentine

ရွှေဝတ္ထုရှည်စ/ဆုံး

၁၈၈။ ဝေဝေ

၊ မီးမျှားရေးတက္ကသိုလ်၊

လွှတ်ကျသွားသောကမ္ဘာ




www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၂၊ မတ်၊ ၂၀၁၄

**ဝင်းငြိမ်း** စိစဉ်တည်းဖြတ်သည်


ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
မြသန်းတင့် ၁၁၈။

နွားနှင့်ကျားနှင့်
အတူတည်း
ရသစာတမ်း
ရှုခါး ၁၀၆။

မြစ်လက်တက်များ
ရွှေအစန်းဆက်
ဝတ္ထုရှည်
ခင်ခင်ထူး ၂၃၈။

တောမင်းသမီး
ရွှေသုတ
မေတ္တာဦး ၉၀။

မေတ္တာခရီး
မင်္ဂလာရွှေမောင်း ၁၀၀။

စာကောင်းကင်က
လင်းလက်ကြယ်
မောင်သန်းဆွေ ၁၁၂။

။ထားဝယ်။
မရှိတော့ပြီ
ဖြစ်သော်လည်း
အစွဲရှိနေသေးသည့်
လူတန်းစားတစ်ရပ်
မောင်သာရ ၁၂၈။

America က လာတဲ့
စာတစ်စောင်(၃)
ရွှေအသစ်
———— ၂၁၈။
———— ၂၂၄။
———— ၂၃၀။






အယ်ဒီတာအဖွဲ့-
တိုက် (၂၁/၂၃)၊ အခန်း (၃-၀၃)၊
၅၂ လမ်း (အောက်ဘလောက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၉၀၁၀၁၁၅
Email :
nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ - ဦးဉာဏ်လှိုင် (၀၅၂၅၃)၊
ဗမ္မာတလှပုံနှိပ်တိုက်
အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊
၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊
ရန်ကုန်မြို့။
ရွှေထုတ်ဝေသူ
ဦးဉာဏ်လှိုင် (၃၇၁၀)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရွှေဖြန့်ချိရေး
ဗမ္မာတလှစာပေ
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၀၂၂၉
စာတိုက်သေတ္တာအမှတ် ၁၂၅
E-mail :
zabutalu@gmail.com

Available at
iTune Store

www.burmeseclassic.com

www.burmeseclassic.com




ပန်းချီမျိုးမြင့်ရဲ့ Pa-Daung Girl 01

## ကုံးကော်ရှာ ပန်းချီပြပွဲ ကျင်းပ

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဝင်းအတွင်း တက္ကသိုလ် အပန်းဖြေရိပ်သာမှာ ၁၉၇၀ ခုနှစ်က စတင်ကျင်းပခဲ့တဲ့ ကုံးကော်ရှာပန်းချီပြပွဲကို ၂၅ ကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ လ ၁၀ ရက်မှ ၁၅ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်း ရွှေဆင်းဝင်းဘာမှာ ကျင်းပခဲ့ပါတယ်။ ဝါရင့်ပန်းချီဆရာများဖြစ်တဲ့ ဦးသိန်းဟန်၊ ဦးသုခ၊ ဦးနန်းဝေ၊ ဦးလွန်းမြွေ့တို့ရဲ့ ပန်းချီလက်ရာများအပါအဝင် ပန်းချီဆရာ အယောက် ၅၀ ကျော်ရဲ့လက်ရာများ ပြသခဲ့ပါတယ်။ ပန်းချီပြပွဲမှာ ပြည်ပနိုင်ငံများ၌ နှစ် ၂၀ ကျော် သွားရောက်နေထိုင်ပြီး ရန်ကုန်မြို့မှာ ပြန်လည်အခြေစိုက်နေထိုင်ပြီဖြစ်တဲ့ ပန်းချီမျိုးမြင့်ရဲ့ ပန်းချီလက်ရာနှစ်ကားလည်း ပြသခဲ့ပါတယ်။ □



မြန်မာပြည်မှာ
ပြန်လည်အခြေချပြီဖြစ်တဲ့
ပန်းချီမျိုးမြင့် (ယာ)



စုံတွဲသီချင်း သီဆိုကြတဲ့
မင်္ဂလာမောင်နှံ

## သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၉၂၊ မတ်၊ ၂၀၁၄



စုံတွဲသီချင်း သီဆိုကြတဲ့
မင်္ဂလာမောင်နှံ

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ နှစ်ဦး မင်္ဂလာပွဲများ မင်္ဂလာ ညစာစားပွဲ ကျင်းပကြ



မင်္ဂလာသတို့သား စစ်နိုင်နဲ့
မင်္ဂလာသတို့သမီး သက်မွန်မြင့်

၂၀၁၄ နှစ်ဦးပိုင်းဖြစ်တဲ့ ဖေဖော်ဝါရီလမှာ လက်ထပ်မင်္ဂလာပွဲများမှာ ဆင်နွှဲခဲ့ကြတဲ့ သရုပ်ဆောင် အမျိုးသမီးများရဲ့ မင်္ဂလာ ညစာစားပွဲများကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့ညက ကျင်းပ ခဲ့ကြပါတယ်။ ကိုစစ်နိုင်နဲ့ သက်မွန်မြင့်တို့ရဲ့ ညစာစားပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ဥယျာဉ် ဝင်းအတွင်းမှာ ကျင်းပခဲ့ပြီး ကိုဥက္ကာမြင့်ကြူနဲ့ ပိုင်းစုခိုင်သိန်းတို့ရဲ့ မင်္ဂလာညစာ စားပွဲကိုတော့ ရန်ကုန်မြို့ ကန်တော်ကြီးပလေ့စ် ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ ❑



မင်္ဂလာသတို့သား ဥက္ကာမြင့်ကြူနဲ့
မင်္ဂလာသတို့သမီး ပိုင်းစုခိုင်သိန်း

www.burmeseclassic.com

www.burmeseclassic.com



# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၉၂၊ မတ်၊ ၂၀၁၄

မွေးနေ့ရှင် တေးသံရှင် မေဆွိ

## မွေးနေ့အထိမ်းအမှတ် ဘုရားပင့်ဆောင်ပူဇော်တဲ့ မေဆွိ

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ကျရောက်တိုင်း မွေးနေ့အထိမ်းအမှတ်အဖြစ် မဟာသွံသသရ ဆင်းတုတော်ကို နေအိမ်သို့ ပင့်ဆောင်ပူဇော်လေ့ရှိတဲ့ တေးသံရှင် မေဆွိက ဒီနှစ်မှာလည်း ပင့်ဆောင်ပူဇော်ခဲ့ပါတယ်။ အသက် ၂၅ နှစ်အရွယ်က တည်းက စတင်ပင့်ဆောင်ခဲ့တာကြောင့် ဒီနှစ်ဆိုရင် ၂၇ ကြိမ် ရှိပြီလို့ သိရပါတယ်။ မေဆွိရဲ့မိတ်ဆွေများ ဘုရားပူဇော်ရင်း မေဆွိကို မွေးနေ့အမှတ်တရ နှုတ်ဆက်ကြပါတယ်။ ❑



မွေးနေ့ရှင် မေဆွိ၊ မိခင် မြင့်မြင့်ခင်နဲ့အတူ မွေးနေ့ပွဲ တက်ရောက်လာတဲ့ မိတ်ဆွေများ




စာရေးဆရာ နတ်မျိုးက ဝတ္ထုတိုပေါင်းချုပ်ဆုရ စာရေးဆရာမ ဝေ(စီးပွားရေးတက္ကသိုလ်)ကို ဆုချီးမြှင့်ပေးခဲ့ပါတယ်

## သဟာယစာပေဆု ချီးမြှင့်

မိုးကုတ်မြို့မှ စာချစ်သူများ ဝိုင်းဝန်းပျိုးထောင်ထားတဲ့ သဟာယ စာဖတ်အသင်းက စိတ်ကြိုက်စာပေများကို နှစ်စဉ်ချီးမြှင့်လာခဲ့တာ ဒီနှစ်မှာ အဋ္ဌမအကြိမ်မြောက် ရှိခဲ့ပါပြီ။ ဒီနှစ်ပွဲကိုတော့ အမရပူရမြို့ တောင်လေးလုံးကျောင်းတိုက်မှာ ကျင်းပခဲ့ကြပါတယ်။ ဝတ္ထုတိုပေါင်းချုပ်ဆုအဖြစ် စာရေး ဆရာမ ဝေ(စီးပွားရေး တက္ကသိုလ်)ရဲ့ ဝတ္ထုတိုများ စုစည်းမှုဖြစ်တဲ့ **နှလုံးသားပေါ် သွေးတဲ့ဓား** ကို ရွေးချယ်ခဲ့ကြပြီး ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ဆုပေးပွဲကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ အခမ်းအနားမှာ သဟာယစာဖတ်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက အသင်းနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ တက်ရောက်လာတဲ့ဧည့်သည်တော်များထဲက ဆရာမကြီး ခင်ခင်ချော၊ ဆရာ ညီပုလေး၊ ဆရာမ နှင်းဆီအောင်နဲ့ ဆရာ နတ်မျိုးတို့က မုဒိတာစကားများ ပြောကြားကြပြီး သတ္တမ အကြိမ်မြောက် သဟာယစာပေဆုရှင် ဆရာ နတ်မျိုးက ဆရာမ ဝေ(စီးပွားရေးတက္ကသိုလ်)သို့ ဆုချီးမြှင့်ပေးခဲ့ကြောင်း ကြားသိ ရပါတယ်။ ❑



မုဒိတာစကားပြောကြားတဲ့ စာရေးဆရာမ ခင်ခင်ချော



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီ စာပေပွဲတော်မှာ ဒေါ်အောင်ဆန်းစုကြည်က
'စကားစမြည်' ခေါင်းစဉ်ဖြင့် ပါဝင်ခဲ့ပါတယ်

# ဒုတိယအကြိမ်မြောက် ရောဝတီစာပေပွဲတော် ကျင်းပ

မြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်မှာ ကျင်းပခဲ့ဖူးတဲ့ ရောဝတီစာပေပွဲတော်ကို ဒုတိယအကြိမ်အဖြစ် မန္တလေးမြို့မှာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှစတင်ကာ သုံးရက်ကျင်းပခဲ့ပါတယ်။ မူလက ကျင်းပဖို့ ရည်ရွယ်ထားတဲ့ မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားဝင်းအတွင်း ကျင်းပဖို့ ယဉ်ကျေးမှုဝန်ကြီးဌာနက ခွင့်မပြုတဲ့အတွက် မန္တလေးတောင်ခြေရှိ Mandalay Hill Resort ဟိုတယ်မှာ ပြောင်းရွှေ့ကျင်းပခဲ့ရပါတယ်။ ပထမနေ့မှာ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး 'စကားစမြည်' ဆိုတဲ့ ခေါင်းစဉ်နဲ့ တက်ရောက်လာတဲ့ ပြည်တွင်းပြည်ပ စာပေပညာရှင်များနဲ့ ဆွေးနွေးတဲ့အပြင် နေ့လယ်ပိုင်းမှာလည်း 'စာပေသူရဲကောင်းများနှင့် ဗီလိန်များ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောဆွေးနွေးခဲ့ပါတယ်။ ❑

မန္တလေးတောင်ခြေရှိ **Mandalay Hill Resort** မှာ
ကျင်းပလျက်ရှိတဲ့ ရောဝတီစာပေပွဲတော်သို့
ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပါတယ်





www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)၊
နေတိုး၊ ဝတ်မှုံရွှေရည်နဲ့ ချောရတနာ



ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)၊
အိန္ဒြာကျော်ဇင်နဲ့ ချောရတနာ

# ညစာတည်ခင်းတဲ့ ထူးချွန်ဆုရှင်များ

၂၀၁၂ ခုနှစ်အတွက် ၃ ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံး ဒါရိုက်တာဆု အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုတို့ ချီးမြှင့်ခံရတဲ့ ကိုဇော်(အရဏ်ဦး)နဲ့ ချောရတနာတို့က မိတ်ဆွေများအား ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညက ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံအတွင်းရှိ Westren Park စားသောက်ဆိုင်မှာ ညစာတည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြောင်း သိရပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ရုပ်ရှင် တိုးတက်ဖွံ့ဖြိုးရေးအတွက် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ဖွင့်လှစ်

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်ဘလောက်)ရှိ အမှတ် ၃၈၇၊ ဘီ၊ ပထမထပ်မှာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက တစ်ဦးဖြစ်တဲ့ ဒေါက်တာ စည်သူဗိုလ်ကလေးတင့်အောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်ပါတယ်။ ဒီကုမ္ပဏီမှာ MD အဖြစ် ဒါရိုက်တာ မောင်မောင်ဦး(စနိုးပို့က်)က ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်တဲ့အတွက် အစုရှယ်ယာများကို တစ်စုလျှင် ကျပ် တစ်သောင်းနှုန်းနဲ့ မတ်လ ၂ ရက်နေ့က စတင် ရောင်းချသွားမှာဖြစ်ကြောင်း သိရပါတယ်။ ■

**အောင်သန်းထွန်း**



အမှတ်တရစကား ပြောကြားတဲ့ ဒေါက်တာ စည်သူဗိုလ်ကလေးတင့်အောင်



ယုသန္တာတင်၊ [illegible]င်မိုးနဲ့ ခွေဇင်ထိုက်

ဖဲကြိုးဖြတ်ဖွင့်လှစ်နေတဲ့ ဒေါက်တာ စည်သူဗိုလ်ကလေးတင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

**မင်္ဂလာပါ ဆရာခင်ဗျား**

လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်က ဆရာ အင်တာဗျူးခဲ့တဲ့ စာရေးဆရာ ၅၅ ယောက်ရဲ့ အင်တာဗျူးစာအုပ် နှစ်အုပ်တွဲဟာ အလွန်သုတရသပြည့်စုံပြီး သမိုင်းမှတ်တိုင်အဖြစ် ကျန်ခဲ့မည်ဟု ယုံကြည်ပါသည်ခင်ဗျား။

ကျွန်တော် သိချင်တာက စာပေလောကမှာ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ ဆောင်းပါးရှင်၊ သတင်းထောက်၊ အယ်ဒီတာ စသည်ဖြင့် အမျိုးမျိုးအစားစား တွေ့ရပါသည်။ ဒီနေရာမှာ သတင်းစာ၊ မဂ္ဂဇင်း VOA ရေဒီယိုဆွေးနွေးခန်း (Email)များသို့ စဉ်ဆက်မပြတ်(ပေးစာ)ရေးနေသူများကို စာပေလောကအကျုံးဝင်သူများဟု သတ်မှတ်၍ ရနိုင်ပါမည်လား ဆိုတာ သိချင်ပါသည်။ တစ်ခါက ကမ္ဘာကျော် Time မဂ္ဂဇင်းကြီးက အိန္ဒိယမှ ဆယ်စုနှစ်များနှင့်ချီ၍ ပေးစာရေးနေသူများကို Cover Story ဖြင့် အမွှမ်းတင်ဖော်ပြပေးခဲ့သည်ကို တွေ့ဖူးပါသည်။ ရှစ်ဆယ်စုနှစ်များ(၁၉၈၀)က ဖြစ်ပါသည်။ အင်တာနက်မှာ ရှာကြည့်လျှင် တွေ့နိုင်ပါမည်။

ဒီမေးခွန်းကိုမေးရခြင်းမှာ ကျွန်တော်ကိုယ်တိုင် ပေးစာရေးနေသူတစ်ယောက်ဖြစ်နေ၍ ဖြစ်ပါသည်။ ကျွန်တော်သည် (အများအကျိုးနှင့်ဆိုင်သော)ပေးစာများကို By Name ဖြင့် ရေးခဲ့ပါသည်။ ယခု Open Society ခေတ်မှာ ဆက်လက်ရေးသားလျက်ရှိပါသည်။

မ·ဆ·လခေတ် ၁၉၇၁ မှ ၁၉၇၄ အထိ မန္တလေး ဟံသာဝတီသတင်းစာ ပေးစာကဏ္ဍတွင် ဖိုးလှမြင့်(မြန်စာမေြ) နာမည်ဖြင့် ပေးစာပေါင်း ၁၂၅ စောင် ပေးပို့ခဲ့ရာ ၄၄ စောင် ထည့်သွင်းဖော်ပြခြင်းခံခဲ့ရပါသည်။ ရံခါ နှစ်ကြောင်းရေး ကဗျာလေးများလည်း ပါပါသည်။ ဆရာ သိရှိပါရန် စာမြည်း အဖြစ် တင်ပြပါသည်။

***'ဝတ်မလုံ မဝစားမို့၊ ကန်တော့ဆွမ်း'***

*အယ်ဒီတာခင်ဗျား။*

*မိုးကရွာ*
*ပုဆိုးက မခြောက်*
*ပုဆိုးတစ်ထည်နဲ့ မလုံလောက်*
*ပုဆိုးမလောက်လဲ ရှိစေကွယ်*
*ဖေဖေ့ပုဆိုးကို ဝတ်ပါ့မယ်*
*ဖေဖေ့မှာလဲ သားလိုပဲ*
*ပုဆိုး မလုံလဲ*
*ပုဆိုးမလုံ၊ အင်္ကျီမလုံ*
*သားအဖဒုက္ခအဖုံဖုံ*
*အင်္ကျီပိတ်ရှား*
*ပုဆိုးရှား*
*ဆီရတာက ဒီသား*
*ဆန်၄ပြည်နဲ့ မဝစား*
*ကန်တော့ဆွမ်းပါ*









www.burmeseclassic.com

www.burmeseclassic.com

ဆရာဘုရား။

ဟံသာဝတီသတင်းစာ၊ အယ်ဒီတာထံပေးစာ

၁၃-၁၀-၁၉၇၂

၁၉၇၄ ခုနှစ်မှာ ကျွန်တော့်ရဲ့ပေးစာတွေ ရပ်သွားရတဲ့ အကြောင်းကိုလည်း တင်ပြပါရစေဦးခင်ဗျား။ ၁၉၇၄ ခုနှစ်မှာ ကျွန်တော်တို့ရဲ့ ဦးသန့်ကွယ်လွန်အနိစ္စရောက်ပြီး ရုပ်ကလာပ်ကို မြန်မာနိုင်ငံပြန်ပြီး သင်္ဂြိုဟ်မည့်အကြောင်းကို V.O.A ကနေ ကြားကြားချင်း 'ဦးသန့်ကို ထိုက်ထိုက်တန်တန်ဂုဏ်ပြု' ဆိုတဲ့ခေါင်းစဉ်နဲ့ အချက် ၈ ချက်ပါသည့် ပေးစာတစ်စောင် ပေးပို့ခဲ့ပါသည်။ အဲဒီမှာတင် အဲဒီပေးစာရော နောက်ရေးပို့တဲ့ ပေးစာတွေရော လုံးဝထည့်မပေးတော့ပါခင်ဗျား။ ၁၉၇၈


ဝတ်မှုံရွှေရည်

ဟံသာဝတီသတင်းစာ လုံးဝပိတ်ပစ်လိုက်သည့်နှစ်အထိ ဖြစ်ပါသည်ခင်ဗျား။

ယခု ၂၀၁၀ Open Society ခေတ်ရောက်မှ စံတော်ချိန် သတင်းစာနှင့် V.O.A တိုက်ရိုက် လေလှိုင်းဆွေးနွေးခန်းသို့ Email ဖြင့် စဉ်ဆက်မပြတ်ရေးပို့လျက် ရှိပါသည်ခင်ဗျား။

မှတ်ချက်။ ။ ကျွန်တော်၏ အပိတ်ခံလိုက်ရသော 'ဦးသန့်ကို ထိုက်ထိုက်တန်တန်ဂုဏ်ပြု' ပေးစာမူရင်း Copy ကို ဆရာ သိရှိပါရန် ပူးတွဲပေးပို့ပါသည်။

ဆရာဦးဝင်းငြိမ်း ကျန်းမာသက်ရှည်၍ စာပေအလုပ်များကို ဆတက်ထမ်းပိုးလုပ်ဆောင်နိုင်ပါစေ။

သဏ္ဍာန်စ္စဂါရဝဖြင့်
ဦးလှမြင့်(ဦးသန့်ဂေဟာ နှစ် ၁၀၀)
မင်္ဂလာလမ်း၊မောက်မယ်ခြံဝင်း၊
၂၈/၂၉ လမ်းကြား၊မန္တလေး။

*ပေးစာကဏ္ဍများသို့ စာရေးနေကြသူများ စာပေလောကနဲ့ အကျုံးဝင်မဝင် ဆိုတာကတော့ ကျွန်တော် ဉာဏ်မမီလို့ မဖြေပါရစေနဲ့။ ပညာရှင်များ ဖြေမှသာ သင့်တော်ပါလိမ့်မယ်။ အများပြည်သူ အကျိုးပြုမယ့် စာတွေကို ရေးသားပြီး ဖော်ပြပေးနိုင်မယ့် သတင်းစာ၊ အသံလွှင့်ဌာနတို့ကို ပေးပို့ခဲ့တယ်ဆိုတဲ့အတွက် ကျွန်တော် တစ်ယောက်တည်းအနေနဲ့တော့ လေးလေးစားစား ဂုဏ်ပြုပါတယ်။*

❑

မင်္ဂလာပါ

တစ်လောက အကယ်ဒမီမင်းသား ၂ ယောက်အကြောင်း ကြားရတော့ စိတ်မကောင်း ဖြစ်ရပါတယ်။ ကျေရာဇာတ်ရုပ်ကို သရုပ်တူအောင် သရုပ်ဆောင်နိုင်လို့ ရုပ်လုံးကြွတာဟာ ဂုဏ်ယူစရာပါ။ ကိုယ်လည်း အောင်မြင်သူတစ်ယောက်ပဲ။ တရားမဝင် စာမျက်နှာတွေနဲ့ တိုက်ခိုက်တာတော့ အဲဒီမင်းသားကို ရှုံ့စရာသတ္တဝါအဖြစ် သတ်မှတ်လိုက်ပါရစေ။ မှန်ကန်သူကတော့ ထပ်ဆင့်ပန်းပန်လျက်ပါ။ ရှေ့ဆက်လည်း ပန်းပန်နေမှာပါ။

ရွှေရဲ့ပရိသတ်
KTW

*သရုပ်ဆောင်တွေ ဆိုတာလည်း ပုထုဇဉ်ဖြစ်ပါတယ်။ ဒါကြောင့် တစ်ခါတလေမှာ ခံစားချက်ကို မထိန်းနိုင်ဖြစ်ပြီး ရေးမိတာဖြစ်ပါလိမ့်မယ်။ တစ်ယောက်နဲ့တစ်ယောက် မေတ္တာမပျက် ဆက်လက်တည်တံ့သွားနိုင်မှသာ လိုအပ်လို့ နှစ်ယောက်တွဲရတဲ့ ရုပ်ရှင်ကားတွေမှာ ကျွန်တော်တို့ ကြည့်ရမှာဖြစ်ပါတယ်။*

❑

ဆရာ ဦးဝင်းငြိမ်းခင်ဗျား…

နာမည်ကြီးနေတဲ့ နဝရတ်နဲ့ စိုးမြတ်သူဇာတို့အတွက် စိတ်မကောင်း ဖြစ်မိပေမဲ့ မစိုးက သူမရဘူးဆိုတာ ကြိုသိနေလို့ ပွဲကို မတက်ဘူးလားဆိုတာ သိချင်ပါတယ်။ ပွဲကျင်းပပုံတွေ ပြောင်းလဲသွားပေမဲ့ ဆု ၁၂ ဆုကို စင်ပေါ်မှာတင်ထားပြီး ၃ ဆုချန်လှပ်သွားတဲ့အတွက် နာမည်ထွက်နေတဲ့ အနုပညာရှင်တွေရဲ့ မျှော်လင့်ချက်ကို ရိုက်ချိုးသလို ဖြစ်သွားပါတယ်။ ၉ ဆုပဲ ပေးမယ်ဆို ပွဲစကတည်းက ၉ ဆုပဲ တင်ထား

www.burmeseclassic.com

www.burmeseclassic.com

သင့်ပါတယ်။ အခုတော့ ရွေးချယ်ပြီးမှ တကယ်ပွဲနေ့ကျမှ ချန့်ရစ်ထားခဲ့သလို ထင်ခဲ့ကြပါတယ်။ အရင်နှစ်တွေကလည်း ကျွန်တော်ကြည့်ခဲ့တဲ့ အကယ်ဒမီပွဲတွေဟာ ပေးမယ့်ဆုအရေအတွက်အလိုက်ပဲ စင်ပေါ်မှာ တင်ထားတာပါ။

ဒီနှစ် အလှဆုံးကတော့ မိုးဟေကို၊ ဝတ်မှုံရွှေရည်နဲ့ ချောရတနာတို့လို့ပဲ မြင်ပါတယ်။ မင်းသားထဲမှာ အောင်ရဲလင်းကို မတွေ့ပါဘူး။ ဖွေဖွေးဆုရတော့ အောင်ရဲလင်း လာနှုတ်ဆက်မှာပဲလို့ ထင်ထားကြတာ အောင်ရဲလင်းက ပွဲကို မတက်တာလားခင်ဗျ။ ရုပ်ရှင်အစည်းအရုံးက ကျင်းပမယ့် ၂၀၁၃ အကယ်ဒမီကျရင်တော့ ဒီထက်ပိုခမ်းနားသပ်ရပ်လှပမယ်လို့ ယုံကြည်မိပါတယ်။

ရွှေနဲ့ အနုပညာရှင်တွေကိုချစ်တဲ့
မင်းမင်း၊တောင်ငူ၊

*အရင်နှစ်က လုပ်တဲ့ပွဲတွေမှာတော့ ရွှေစင်ရုပ်ဆုတွေကို စင်ပေါ်မှာ ကြိုတင်ပြမထားပါဘူး။ တစ်ဦးကြေညာပြီးမှသာ တစ်ခုလာတင်တာ ဖြစ်ပါတယ်။ ဒီနှစ် တာဝန်ရှိသူတစ်ဦးက စာနယ်ဇင်းများနဲ့ တွေ့ဆုံရာမှာ ၁၂ ဆု ချီးမြှင့်မယ်လို့ တရားဝင်ပြောသွားခဲ့ပေမဲ့ ဆုရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဒါရိုက်တာ မောင်နှင်းမိုးကတော့ ချန့်လှပ်ခဲ့တဲ့ ဆုသုံးဆုမှာ ရွေးချယ်ရေးအဖွဲ့ဝင်များက ၅၀ ရာခိုင်နှုန်းထက် ပိုပြီး မဲမပေးခဲ့ကြတာကြောင့် ဖြစ်တယ်လို့ ရှင်းလင်းချက်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တာဝန်ယူကျင်းပမယ့် ၂၀၁၃ ခုနှစ်အတွက် ထူးချွန်ဆုပေးပွဲမှာ အမှားနည်းနိုင်သမျှ နည်းအောင် တာဝန်ရှိသူများ ကြိုးစားနေကြပါတယ်။*

❑

ဆရာရေ…

မင်္ဂလာပါ။ ရွှေချစ်သူပြန်ကြားချက်တွေ ဖတ်ရင်းကနေ ဆရာ ကျန်းမာရေး ကောင်းနေမယ်လို့လည်း မျှော်လင့်ပါတယ်။ ကောင်းပါစေလို့လည်း အမြဲဆုတောင်းဖြစ်ပါတယ်။

စာကြည့်တိုက် တစ်တိုက်ဖွင့်ဖို့ ငွေရှိရင် ဖြစ်တယ်လို့ ကျွန်တော် ထင်ခဲ့မိပါတယ်။ လက်တွေ့ ဖွင့်ကြည့်တော့မှ မလွယ်လှဘူးဆရာ။ အမြဲတမ်း ဝန်ထမ်းကို လစာမပေးနိုင်တဲ့ ရွာစာကြည့်တိုက်တွေက ပိုဆိုးမယ်ထင်ပါရဲ့။

ကျွန်တော့်ကို ဝိုင်းကူညီနေကြတဲ့ ကလေးမတွေက ဝန်ထမ်းဘဝနဲ့ သူတို့ဘဝခရီးကို စကြတဲ့အချိန်မှာ အမြဲတမ်းဖွင့်နိုင်ဖို့ ကျွန်တော့်မိသားစုကပဲ စာကြည့်တိုက်ကို ပြောင်းရွှေ့ပြီး ၂၄ နာရီ တာဝန်ယူရပါတော့တယ်။

ဒုတိယက လူအန္တရာယ် ဆရာရေ။ ကျေးလက်ဆိုတော့ စာဖတ်နိုင်အောင် ၅ ရက် ခွင့်ပြုရတယ်။ တစ်လက်ပြီးတစ်လက် မနားတော့ စာအုပ်တွေ နွမ်းတာပေါ့။ တတိယက အင်းဆက်ဒုက္ခ ဆရာရေ။ ခြ၊ ပိုးဟပ်၊ ကြွက် မနှိပ်စက်နိုင်အောင် အမြဲဂရုစိုက်ရပါတယ်။ စက်မှုဇုန်က ဇေ ၆၀၀ ရှိပေမဲ့


သရုပ်ဆောင်
အိန္ဒြာကျော်ဇင်


သရုပ်ဆောင်
မိုးပြည့်သဇင်



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ငှားဆိုင်က ၂ ဆိုင်ပဲရှိတယ်ဆရာ။

တစ်ဆိုင်က နားသွားပြီဖြစ်သလို တစ်ဆိုင်ကလည်း တည်းတည်းပါပဲ။ တကယ် စာပေမြတ်နိုးသူတွေအတွက် ကျွန်တော့် စာကြည့်တိုက်ကလေး ရှိနေလို့ သူတို့ဆီက ကျေးဇူးတင်စကား ဆရာ့ဆီ တစ်ဆင့်ပါးလိုက်ပါတယ်။

စာအုပ်ပေးလှူသူတွေကို ရွှေစာမျက်နှာကနေ ကျေးဇူး တင်လိုက်ပါတယ်။ ဆရာမ အဖြူရောင်ဆီက စာအုပ် ၈၀ လောက် ရတဲ့အတွက် 'ကျေးဇူးပါ' လို့။ ရွှေအလင်းတန်းတော့ ၂၄ နာရီ ပိတ်ရက်မရှိ ခရီးဆက်ခဲ့တာ ၂ နှစ်ပြည့်ခဲ့ပါပြီ။ ပင်မ စာအုပ်အလှူရှင်၊ စာကြည့်တိုက်အလှူရှင် ဆရာ ကျန်း မာချမ်းသာစွာနဲ့ စာပေခရီးကို ဆက်နိုင်ပါစေလို့ ဆုတောင်းရင်း




စာကို အဆုံးသတ်ပါရစေ။ ခုတော့ သရက်ချောင်းက မြတ်နိုး ပညာ စာကြည့်တိုက်က စာအုပ်တွေ ဖတ်ခွင့်ရနေတဲ့အတွက် စာတွေနဲ့ကျွန်တော် မပြတ်ပါဘူး။

ရွှေအမြုတေအဖွဲ့ ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာကြပါစေ။
အောင်ဖြိုးကျော်၊
သရက်ချောင်းမြို့/ထားဝယ်ခရိုင်

*ဘာကြောင့်မှန်းမသိ ကျွန်တော်တို့နိုင်ငံမှာ စာကြည့် တိုက်များ ရေရှည်မတည်တံ့နိုင်တာက အစဉ်အလာတစ်ခုလို ဖြစ်နေပါပြီ။ ရသမျှဆုငွေတွေကို စာကြည့်တိုက်မှာ ပုံအော ပြီး သုံးနေတဲ့ ကိုအောင်ဖြိုးကျော်ကို ကျေးဇူးတင်ပါတယ်။ စာဖတ်သူ များလာမှ မေးမှိန်စပြုနေတဲ့ ရသစာပေလည်း အသက်ရှူနိုင်မှာဖြစ်လို့ ကျွန်တော်တို့ စွမ်းအားရှိသလောက် ကြိုးစားကြည့်ကြတာပေါ့ဗျာ။ မြို့ပေါ်မှာတောင် အငှားဆိုင် တွေက ပိတ်ကုန်ကြပြီဆိုတော့ အခမဲ့ငှားပေးနေတဲ့ 'ရွှေအလင်း တန်း' စာကြည့်တိုက် ရေရှည်တည်တံ့နိုင်ဖို့ လိုအပ်တဲ့အကူအညီ တောင်းခံပါ။ ကျွန်တော့်ဘက်က အတတ်နိုင်ဆုံး ဖြည့်ဆည်းပါ မယ်။*

❑

**ဦးလေးငြိမ်း**

ဇန်နဝါရီလရွှေမှာ ရွှေမျိုးဆက်တွေရဲ့ ဝတ္ထုတွေကို တဝ ကြီး ဖတ်လိုက်ရလို့ ဝမ်းသာပါတယ်။ အဲဒီထဲက ဆရာမ စံပယ်ဖြူနု၊ ဆရာမ ငွေဇင်ယော်ဦး(မိုးကုတ်)၊ ဆရာ မင်းခေ ဟင်တို့ရဲ့ ဝတ္ထုတွေကို အရမ်းကြိုက်ပါတယ်။ ဆရာ မောင် အင်း(ဥက္ကံ)ရဲ့ စာကတော့ ရွှေအသစ်တွေအတွက် အားတက် စရာပါ။

ဆရာ မောင်သာရရဲ့ America ကလာတဲ့ စာတစ်စောင် (၂)ကတော့ တော်တော် ကြေကွဲဖို့ကောင်းတယ်။ အာဏာရှင် အစိုးရတွေရဲ့ လုပ်ရပ်ကြောင့် နိုင်ငံ့ပုံရိပ်ကတော့ ကမ္ဘာ့ အလယ်မှာ မျက်နှာမပြရဲလောက်အောင် ဖြစ်ခဲ့ရပါတယ်။ အဲဒီ အရိပ်ဆိုးတွေက ရှန်းထွက်ဖို့ နောက်လူတွေ တော်တော်ကြိုးစား ရမှာပါ။ ခက်တာက နောက်လူတွေထဲမှာလည်း ခေါင်းမပါဘဲ နဲ့ ထိုင်ခုံပေါ် ဝင်ထိုင်နေသူတွေ၊ သဘောထားမပြည့်ဝသူတွေ၊ အတ္တကြီးသူတွေ၊ သတ္တိမရှိတဲ့သူတွေက များနေတော့ နိုင်ငံရဲ့ အနာဂတ်က မလွယ်သေးပါဘူး။

ဒီလ ရွှေအသစ်နှစ်ဦးရဲ့ ဝတ္ထုတွေက ရွှေအသစ်နဲ့ ထိုက်တန်ပါတယ်။

ဦးလေးငြိမ်းနဲ့တကွ ရွှေအဖွဲ့သားများအားလုံး
ကျန်းမာပျော်ရွှင် အောင်မြင်ကြပါစေ။
နေလင်းထွေး၊ချောင်းဦး၊

*ကျေးဇူးတင်ပါတယ် ကိုနေလင်းထွေး။ ဆရာ မောင်သာ ရက ကျန်းမာရေးမကောင်းတဲ့ကြားက ရွှေအမြုတေအပေါ် သံယောဇဉ်နဲ့ ရေးပေးနေတာပါ။ တိုင်းပြည်အတွက် မျိုး ဆက်သစ်တွေမှာ အများကြီးတာဝန်ရှိတယ်ဆိုတာကို နား လည်ကြစေချင်ပါတယ်။ ကျွန်တော်တို့ကတော့ မကြာခင် သွားကြတော့မယ့်သူတွေဆိုတော့ ကျန်ရစ်တဲ့လူငယ်တွေ ဆက်ပြီး တာဝန်ယူနိုင်ကြဖို့ အဆင်သင့်ရှိဖို့ လိုအပ်ပါလိမ့် မယ်။*

❑



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးဦးဝင်းငြိမ်း…

လေးစားရိုသေစွာဖြင့် ရွှေချစ်သူကဏ္ဍသို့ စာရေးလိုက်ပါတယ် ခင်ဗျာ…။

'ရွှေ'ကို ချစ်၊ 'ရွှေ'ကို မြတ်နိုးခဲ့တာ အနှစ်နှစ်ဆယ်နီးပါးရှိခဲ့ပေမဲ့ ရွှေချစ်သူကဏ္ဍကိုတော့ စာရေး ရင်ဖွင့်မိတာ အခု ပထမဆုံးအကြိမ်မို့ မှားယွင်းမှုရှိသွားရင်သော်လည်းကောင်း၊ လိုတိုရှင်းမဖြစ်ရင်လည်းကောင်း ခွင့်လွှတ်ပါ ဆရာလို့ ပြောချင်ပါတယ်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်မှာ မန္တလေးမြို့ကို PEN Myanmar အဖွဲ့က ဆရာ ၄ ဦးနဲ့ ဆရာမ ၇ ဦး(အရေအတွက်မှားရင် ခွင့်လွှတ်ပါ)ရောက်ရှိလာပါတယ်။ ၄င်းအဖွဲ့မှ ပါဝင်သူတစ်ဦးဖြစ်သူ ဆရာမ အဖြူရောင်(ရွှေ)နဲ့က ခင်မင်ရင်းစွဲရှိပြီးသားဖြစ်တာမို့ ၄င်းအဖွဲ့ ရောက်လာမှာကို ထိုရက်မတိုင်မီက ကြိုတင်သိရှိပြီး ဖြစ်ပါတယ်။ ပွဲမတိုင်မီ ၁ ရက်က ဆရာ ရွှေနောင်ရိုး(မန္တလေး)ကလည်း ဖုန်းဖြင့် လှမ်းဖိတ်တာမို့ မရောက်ရောက်အောင်သွားပါတယ်။

ရည်ရွယ်ချက်က PEN Myanmar အဖွဲ့ဝင်တစ်ဦးအဖြစ်ဝင်ရောက်ဖို့၊ အဖွဲ့ကို စတင်ဖွဲ့စည်းဖို့ စိတ်ကူး အကြံဉာဏ်အတွေ့အကြုံရရှိခဲ့တဲ့ ဆရာ၊ ဆရာမများ၏ အဖွဲ့ရဲ့ စည်းကမ်းဥပဒေများနဲ့ အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောဆိုတာများ နားထောင်ပြီး အဖွဲ့အတွက် လိုအပ်တဲ့ ရန်ပုံငွေ(တတ်နိုင်သလောက်)လေးလည်း ထည့်ဝင်ဖို့ပါ။

သို့ပေမဲ့ ပွဲကျင်းပရာ (OH)ခန်းမအရောက် လက်မှတ်ကလေး ထိုးအပြီးမှာ စတင်မိတ်ဆက်လိုက်မိတဲ့ ဆရာမတစ်ယောက်ရဲ့ တုံ့ပြန်မှုက တက်ကြွစွာ ရောက်လာတဲ့ ကျွန်တော့်ခြေလှမ်းတွေကို နှေးသွားစေတာ အမှန်ပဲ ဆရာ။

'ဆရာ ပြင်ဦးလွင်က ဆင်းလာတာလား'တဲ့။ ကျွန်တော်က 'ဆရာမ မဂ်လာပါ ကျွန်တော် လွန်းမောင်မောင်ပါ'လို့ စတင်ပြောဆို မိတ်ဆက်တာပါ။

ပြင်ဦးလွင်က စာရေးဆရာ အမည်က 'လမင်းမောင်မောင်(ပြင်ဦးလွင်)ပါ'၊ 'လမင်း'ဖောင်ဒေးရှင်းကို သိမ်းရှစ်ရာတိတိဘဏ်မှာ မတည်အပ်နှံပြီး သူ့စည်းကမ်းချက်နှင့် ညီသူများကို ကျောင်းထားပေးသည်အထိ သဒ္ဓါတရား ထက်သန်စွာနဲ့ ထောက်ပံ့ပြီး ပရဟိတလုပ်ရင်း၊ ကျူရှင်ပြရင်း စာရေးနေတဲ့ စာရေးဆရာတစ်ယောက်ပါ။ ဘဝဝမ်းစာ၊ စာပေဝမ်းစာ ပြည့်ဝခဲ့သူမို့ သူရေးသော စာများဟာ 'ရွှေအမြုတေ-ရွှေအသစ်' ကဏ္ဍမှတစ်ဆင့် အရည်အချင်းပြည့်မီစွာ ထွက်ပေါ်လာသူတစ်ဦးပါ။

ကျွန်တော်ကတော့ ဆရာ လမင်းမောင်မောင်လောက် စာပေဝမ်းစာ၊ ဘဝဝမ်းစာ မပြည့်သေးပေမဲ့ အသက်ကတော့ ပိုကြီးပါတယ်။ 'ရွှေအမြုတေ'မဂ္ဂဇင်းမှာ ၂၀၀၁ ခုနှစ် မတ်လထုတ် ရွှေဝတ္ထုတိုကဏ္ဍမှာ **ဆုတောင်း**ဆိုတဲ့ ဝတ္ထုလေးနဲ့ ရွှေချစ်သူတစ်ဦးဖြစ်ခဲ့ပါတယ်။ တစ်နှစ်နေလို့ တစ်ပုဒ်မရေး၊ တစ်ပုဒ်


သရုပ်ဆောင်
သင်ဇာဝင့်ကျော်


သရုပ်ဆောင်
အေးမြတ်သူ




www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာပေါ် မရောက်ဆိုတော့ စာရေးသက် ဆယ့်ငါးနှစ်မှာမှ ရွှေစာမျက်နှာပေါ်မှာ ၅ ပုဒ်မျှသာပဲ ရှိပါသေးတယ်။ တခြားမဂ္ဂဇင်းတွေပေါ်မှာတော့ ပါဖူးတာပေါ့။

ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်ကစပြီး ငွေလစာပေအမည်နဲ့ စာအုပ်ထုတ်ဝေရေးလေး လုပ်နေပါတယ်။ ၄ အုပ်ထွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလဆန်းလောက်မှာ ၅ အုပ်မြောက် ထွက်ပါမယ်။

ခုနောက်ပိုင်း ပြင်ဦးလွင်က လမင်းမောင်မောင်နဲ့ မန္တလေးက လွန်းမောင်မောင်ကို လူချင်းအရမ်းမှားနေကြပါတယ်။ အလုပ်အကိုင်ချင်း၊ စာချင်းက တခြားစီပါ။ ဆရာ လမင်းရဲ့စာက ဘဝသရုပ်ဖော်နဲ့ အတွေးရသများပြီး ကျူရှင်သင်၊




ဖောင်ဒေးရှင်းဖွင့်ကာ ပြင်ဦးလွင်မှာနေပါတယ်။ ကျွန်တော် လွန်းမောင်မောင်က အချစ်နောက်ခံ(အချစ်များပါတယ်)ရေးပြီး စာအုပ်အငှားဆိုင်လေးဖွင့်၊ ထုတ်ဝေရေးလေး စမ်းသပ်လုပ်ကိုင်ပြီး မန္တလေးမှာနေပါတယ်။

အများဆုံး မှားကြတာကတော့ ရန်ကုန်က ဆရာ၊ ဆရာမများ ဖြစ်ပါတယ်။ အကြောင်းတစ်ခုခုကြောင့် ဖုန်းဆက်လျှင်သော်လည်းကောင်း၊ လူချင်းတွေ့လျှင်သော်လည်းကောင်း ပြင်ဦးလွင်က လာတာလား၊ ဘယ်တော့ ဆင်းခဲ့တာလဲနဲ့ မှားကြပါတယ်။ သမားရိုးကျ မှားတယ်ဆိုရင်ဖြင့် စာတစ်စောင် ပေတစ်ကျမ်း ရေးဖွဲ့ပြီး ခံစားနေစရာမလိုပါ။ ခု တဖြည်းဖြည်း

သိသာလာတာက တမင်မှားချင်ယောင်ဆောင်ပြီး 'လွန်းမောင်မောင်'ဆိုသူကို သိပါတယ်၊ မှတ်မိပါတယ်လို့ ပြောရမှာ အောက်တယ်ထင်ခြင်း၊ ဝန်မခံလိုခြင်းများ ဖြစ်ပုံရနေပါတယ်။

ကျွန်တော်တို့ လူ့လောက(နယ်ပယ်စုံ)မှာ အထူးသဖြင့် အနုပညာနယ်ပယ်မှာ ဂုဏ်အရှိန်အဝါ သမ္ဘာဝါရင့်သူများက မိမိထက် နိမ့်ပါးသူများနှင့် တွေ့ဆုံကြတဲ့အခါ သိရှိကြောင်း၊ မှတ်မိကြောင်း ပြောဆိုဝန်ခံရမှာ စိုးရွံ့ကြတာဟာ ဘာကြောင့်လဲဆိုတာ တွေးမရဘူး ဆရာ။

ဥပမာတစ်ခုအနေနဲ့ ပြောရရင် ကျွန်တော့်စာအုပ်အငှားဆိုင်ဖွင့်သက် ၁၀ နှစ်နီးပါး ရှိလာပါပြီ။ ဖွင့်စတစ်နှစ် နှစ်နှစ်လောက်က ငှားဖူးတဲ့သူတချို့ အကြောင်းအမျိုးမျိုးကြောင့် မလာဖြစ်ကြပြီး နောက်တစ်ကြိမ် ပြန်လာငှားစဉ်မှာ သူတို့ကို မှတ်မိကြောင်း(နာမည်ကအစ)သတိရကြောင်း ပြောလိုက်ရင် သူတို့ပါးပြင်(မျက်နှာပြင်)မှာ ကြည်နူးခြင်း၊ ဝမ်းသာခြင်း အရိပ်အယောင်တွေများ ဖြတ်ပြေးသွားတာ အထင်အရှား မြင်ရပါတယ်။ နောက်တော့ ဆက်တိုက်ဆိုသလိုပဲ လာရောက်ငှားရမ်းဖတ်ရှုကြပါတယ်။ အဲဒီတော့ ကျွန်တော့်မှာ ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့ ဆရာ။

အဲဒီတော့ ဆရာရယ် ဝါရင့်သမ္ဘာရင့် ဂုဏ်ရှိန်ဝါကြီးသူများကို မေတ္တာရပ်ခံချင်တာက မိမိထက် နိမ့်ပါးသူများကိုတွေ့ရင် သဘောထားကြီးစွာနဲ့ မှတ်မိကြောင်း၊ သတိရကြောင်း စကားလေးတစ်ခွန်းလောက် ပြောလိုက်ပါလို့၊ ကုသိုလ်ရပါတယ်လို့ ပြောချင်ပါတယ်။ ယင်းသို့ ပြောလိုက်ခြင်းဖြင့် မိမိရဲ့ ကြီးမားတဲ့ ဂုဏ်ရှိန်ဝါလည်း ညှိုးမှိန်သွားမယ် မထင်ပါဘူးလို့။

ကျွန်တော် မန္တလေးက လွန်းမောင်မောင်ပါ ဆရာ။

**ဆရာနဲ့တကွ 'ရွှေ'အဖွဲ့သားများ စိတ်ချမ်းသာလို့ ကိုယ်ကျန်းမာကြပါစေ။**

**လွန်းမောင်မောင်၊မန္တလေးမြို့၊**

***ဆရာ လွန်းမောင်မောင်ရေ… ရန်ကုန်က ဆရာ၊ ဆရာမ များက 'လမင်းမောင်မောင်'နဲ့ မှားကြတယ်ဆိုတာ တမင်ဟုတ်ဟန်မတူပါဘူး။ အဆက်အသွယ် အလှမ်းဝေးတော့ မှားတာဖြစ်ပါလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင်လည်း ရွှေအသစ်အားလုံးကို မမှတ်မိပါဘူး။ တချို့က မမြင်ဖူးတာလည်း ပါတာပေါ့လေ။ မမှတ်မိသူများကို မေတ္တာထားပြီး နှုတ်ဆွက်စေချင်ပါတယ်။***

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းအကုန်
နွေအကူး မတ်လအတွက်
ရွှေအမြုတေမဂ္ဂဇင်း
မျက်နှာဖုံးကို ဝတ်မှုံရွှေရည်နဲ့
ရိုက်ဖြစ်ခဲ့ပါတယ်။
ဆောင်းတွင်းဆိုပေမဲ့
ရန်ကုန်ရဲ့ နေ့လယ်ပိုင်း
နေပူရှိန်ကတော့
ခပ်ပြင်းပြင်းပါပဲ။
ဓာတ်ပုံရိုက်မယ့်အချိန်ကို
မနက်ပိုင်း ချိန်းထားကြပေမဲ့
ဝတ်မှုံရွှေရည်ရဲ့
မိတ်ကပ်ဆရာက
မင်္ဂလာဆောင်တွေ
ပြင်ပေးရမှာနဲ့ စတဲ့ ကိစ္စတွေ
ကြောင့် ဓာတ်ပုံရိုက်ဖို့
မိတ်ကပ်လိမ်းတာ
နောက်ကျပါတော့တယ်။
မနက်ပိုင်းနေအေးအေးလေးမှာ
ရိုက်ဖို့စီစဉ်ထားပေမဲ့
နေ့လယ် ၁၂ နာရီမှာမှ
စရိုက် ဖြစ်ပါတယ်။



# ကံတရားရဲ့အချစ်နဲ့ ဝတ်မှုံရွှေရည်

**ခင်လေးမြင့်**

ဓာတ်ပုံ - ကိုလင်း(Studio-K)

www.burmeseclassic.com

www.burmeseclassic.com

ဝတ်မှုံရွှေရည်က မတ်လနဲ့ အဆင်ပြေအောင် အဝတ်အစားပုံစံနဲ့ အရောင်ကို စီစဉ်လာခဲ့ပါတယ်။ ပန်းခြင်းလေးထဲမှာ ပန်းလေးတွေထည့်၊ ထီးလေးဆောင်းတဲ့ ပုံစံလေးတွေကိုလည်း ဝတ်မှုံရွှေရည်ကစီစဉ်လာခဲ့ပါတယ်။ နေ့လယ် ၁ နာရီကျော်၊ ၂ နာရီနေ့ရဲ့ ပြင်းပြင်းအောက်မှာ ဓာတ်ပုံ ကိုလင်း(Studio-K)၊ ဝတ်မှုံရွှေရည်တို့က အကောင်းဆုံးဖြစ်အောင် ရိုက်ကူးကြပါတယ်။

ဝတ်မှုံရွှေရည်က ၂၀၁၄ မတ်လထဲမှာ ဗီဒီယို၊ ကြော်ငြာတွေ ရိုက်ကူးဖို့ စီစဉ်ထားသလို ရုပ်ရှင်ကားကြီးရိုက်ဖို့လည်း စီစဉ်ထားပါတယ်။ လတ်တလောမှာတော့ ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်ကူးတဲ့ **လောင်ကျွမ်းနေတဲ့ အိပ်မက်** ဗီဒီယိုဇာတ်ကားမှာ နေတိုး၊ ကျော်ကျော်ဗိုတို့နဲ့ အတူ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားက သည်းထိတ်ရင်ဖိုဇာတ်ကားတစ်ကားဖြစ်ပြီး ဝတ်မှုံရွှေရည် သရုပ်မဆောင်ဖူးတဲ့ ပုံစံမျိုးဖြစ်ပါတယ်။

**အချိန်နည်းနည်းကြာလာတာနဲ့အမျှ ကိုယ်ရိုက်တဲ့ ဇာတ်ကားတွေ ပရိသတ်အမြင်မှာ ပြောင်းစေဖို့ ဘယ်လိုတွေ စီစဉ်ရလဲ။**

ကစ်ကတော့ ပရိသတ်အတွက် စဉ်းစားတာကတော့ မလုပ်ဖူးသေးတဲ့ဇာတ်ကောင်၊ မရိုက်ဖူးသေးတဲ့ဇာတ်လမ်းမျိုးတွေပဲ ရိုက်ချင်တယ်။ ရိုက်ထားတဲ့ **လောင်ကျွမ်းနေတဲ့အိပ်မက်** ဇာတ်လမ်းမျိုးဆိုရင် ရိုက်ချင်တယ်။ ရိုက်ဖို့ကျတော့ ဟောလိဝုဒ်၊ ဘောလိဝုဒ်လိုမှ မဟုတ်တာ။ နှစ်နှစ်မှ တစ်ကားရိုက်၊ သုံးနှစ်မှ တစ်ကားရိုက်တာမျိုးလည်း မဟုတ်ဘူးလေ။ ဒီမှာက တစ်လကို သုံးကားနှုန်းဆိုတော့ တစ်နှစ်ကို ၃၆ ကားဖြစ်နေပြီ။ တစ်လနှစ်ကားနှုန်းပဲတွက်ဦး၊ ၂၄ ကား ဖြစ်နေပြီဆိုတော့ ဇာတ်လမ်းအနေနဲ့ကလည်း မတူအောင်၊ မထပ်အောင်တော့ ကိုယ့်ဘာသာ စဉ်းစားရတာပေါ့။ အဓိကကတော့ ကိုယ့်ကိုမြင်ဖူးနေကျ ဇာတ်ရုပ်တွေ မဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားရွေးပြီး ရိုက်တယ်။ တစ်ခါတလေ အခြေအနေအရ ရိုက်ပေးလိုက်ရတာတွေလည်း ရှိတာပေါ့။

**အရမ်းရိုက်ချင်ပြီး ရောက်မလာသေးတဲ့ဇာတ်လမ်း၊ ဇာတ်ကောင်စရိုက်မျိုး ရောရှိသေးလား။**

ရိုက်ထားတဲ့ လောင်**ကျွမ်းနေတဲ့အိပ်မက်** ဇာတ်ကားဆိုရင် ဆာစပန့်ကား၊ အဲဒီကားက ဇာတ်ရုပ်ထက် ဇာတ်လမ်းထူးခြားတယ်။ ရိုက်ချက်တွေ ထူးခြားတယ်။ အဲဒီလိုကားမျိုးတွေ ကစ်ရိုက်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကစ် မလုပ်ဖူးသေးဘူးလေ။ ပရိသတ်အတွက်လည်း အဆန်းဖြစ်မယ်လို့ထင်တယ်။ ချစ်ကြိုက်ကွဲညား အချစ်ဇာတ်လမ်းတွေက ရိုက်ဖူးတယ်ဆိုတော့ သည်းထိတ်ရင်ဖိုတွေ ရိုက်ချင်တာ။ သရဲကားဆိုလည်း ကိုယ်က သရဲလုပ်ရတာမျိုး မဟုတ်ဘဲ ရိုက်ချက်ဆန်းဆန်းလေးတွေ ရိုက်ချင်တယ်။







www.burmeseclassic.com

www.burmeseclassic.com



ကစ်က
အခုနောက်ပိုင်းမှာ
ဓာတ်ရုပ်ကို
ဦးစားပေးတာမျိုးလည်း
ရှိကြချင်တယ်။
ကစ်ပုံစံနဲ့ ကွဲထွက်တဲ့
ဓာတ်ရုပ်မျိုးတွေ
လုပ်ချင်ပါတယ်။
သနပ်ခါးဓာတ်ကားမှာ
ကစ်ကစ်(ဝတ်မှုံရွှေရည်)
သရုပ်ဆောင်ထားတာ
ဆိုတော့ အဲဒီကားမှာ
ဒါရိုက်တာ
မင်းထင်ကိုကိုကြီးက
အပြောထက် အပြကို
ဦးစားပေးထားတယ်။
အဲဒီလိုဓာတ်ကားမျိုး
ရိုက်ဖြစ်တဲ့အပေါ်ရော
ဘယ်လိုပြောမလဲ။
တချို့ဓာတ်ကားတွေမှာ
အပြောများတာက
ကိုယ်နဲ့ မဆိုင်တော့ဘူး
ပေါ့နော်။ ကိုယ့်အပိုင်းက
သရုပ်ဆောင်ရမှာ
ပြောရမှာတွေပဲ။
ဒီလိုပြောနိုင်းတာတွေက
ဓာတ်ညွှန်းနဲ့
ဒါရိုက်တာအပေါ်
မူတည်သွားတာပေါ့။
အဲဒီအပေါ်မှာ
ဓာတ်လမ်းကောင်းတယ်၊
မကောင်းဘူး ကွာသွားတယ်။
သနပ်ခါး ဓာတ်ကားမှာ
အပြောထက် အပြများ၊
ရိုက်ချက်တွေကလည်း
ဆန်းတယ်။
သရုပ်ဆောင်တိုင်းက
အပြောင်းအလဲကို
လိုလားတယ်။ အိုက်တင်၊
ဓာတ်ကောင်စရိုက်၊
ဓာတ်လမ်း၊ ရိုက်ချက်
အဲဒီလိုမျိုးအဆန်းတွေက
သရုပ်ဆောင်တွေအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရတာ အရသာလည်း ရှိတယ်။ ကြည့်ရတဲ့သူအနေနဲ့ အရသာတစ်မျိုးပြောင်းမယ်ထင်ပါတယ်။ အဲဒီလိုမျိုး ကြည့်ချင်တဲ့ ပရိသတ်သီးသန့် ရှိတယ်လေ။

**၂၀၁၄ ထဲမှာ ပြသမယ့် ရုပ်ရှင်ကားတွေထဲက ဘယ်ရုပ်ရှင်ကားက ကစ်ကစ်အတွက် ထူးခြားမှုအရှိဆုံးလို့ ပြောရမလဲ။**

၂၀၁၄ ထဲမှာ ပြသမယ့် ရုပ်ရှင်ဇာတ်ကားတွေက ကစ်ကစ်အတွက် လုပ်ကွက်ရတဲ့ ကားတွေချည်းပါပဲ။ ဒါပေမဲ့ ဒရာမာ၊ ဟဲဗီးသရုပ်ဆောင်ခွင့် ရခဲ့တာကတော့ **နှင်းစေရင်** ဇာတ်ကားပေါ့။ ပြီးရင် **Made In Heart, အဆုံးမဲ့ အချစ်** ဇာတ်ကားတွေပေါ့။ တကယ်ကို လုပ်ကွက်ရပြီး ကိုယ်ကိုယ်တိုင်လည်း အပြင်းအထန်ကြိုးစားခွင့်ရခဲ့တဲ့ကားက **နှင်းစေရင်** ပေါ့။ အဲဒီကားက စိတ်ရော၊ လူရောပင်ပန်းတယ်။ အဲဒီတစ်ကားလုံးက စိတ်နှစ်ပြီး အသည်းအသန်ကြိုးစားပြီးလုပ်ရတဲ့ ဇာတ်ကားပေါ့။ အဲဒီလိုမျိုး ကြိုးစားခွင့်ရမယ့် အခွင့်အရေးရဖို့က ရှားလည်းရှားတယ်လေ။ တခြားကားတွေကတော့ ဇာတ်လမ်းကောင်းတယ်။ ဇာတ်ကောင်စရိုက်လည်း ကောင်းတယ်။ ဒါပေမဲ့ အရာရာတိုင်းကို ပြင်းပြင်းထန်ထန် လုပ်ရတဲ့ကားက **နှင်းစေရင်** ကို မမီဘူးပေါ့။

**အခုနောက်ပိုင်းမှာ ဒါရိုက်တာဝိုင်းရိုက်တဲ့ ကားတွေက အကယ်ဒမီရနေကြတော့ ကစ်ကစ်ရော ဘယ်လို မျှော်မှန်းထားသေးလဲ။**

ကိုဝိုင်းနဲ့ ကံစပ်လို့လို့ ပြောရမှာပေါ့။ ကိုဝိုင်းကလည်း အလုပ်လုပ်ရင် တိတိကျကျနဲ့ သေချာလုပ်ပါတယ်။ သရုပ်ဆောင်တွေကို သင်ရင်လည်း သူကိုယ်တိုင် စိတ်နှစ်ပြီးသင်တယ်။ ကိုဝိုင်းနဲ့ ရိုက်ဖူးတဲ့ဇာတ်ကား နည်းပါတယ်။ ရိုက်တဲ့ကား တိုင်းမှာလည်း ကိုဝိုင်းက သေသေချာချာတွန်းတင်ပါတယ်။ ဖိဖိစီးစီးနဲ့ သင်ပေးပါတယ်။ ကိုဝိုင်းနဲ့ရိုက်ခဲ့တဲ့ ဇာတ်ကားတွေက ဇာတ်ကောင်စရိုက်တွေက ဟဲဗီးတွေများတယ်။ သူလိုချင်တဲ့ပုံစံမရမချင်းရိုက်တယ်။ **နှင်းစေရင်** ကားမှာလည်း အဲဒီလိုပဲ။

**ဇာတ်ကားပဲရိုက်ရိုက်၊ ဘာပဲလုပ်လုပ် ပရိသတ်ရဲ့ တောင်းဆိုမှု၊ ပရိသတ်အတွက် ဘယ်လောက် စဉ်းစားပေးတာမျိုးရှိမလဲ။**

တစ်ခါတလေကျရင် ပရိသတ်အကြိုက်တွေက မတူကြဘူး။ ဇာတ်ကားတွေမှာ ဖန်စီကြိုက်တဲ့သူရှိသလို၊ ဒရာမာကြိုက်တဲ့သူလည်း ရှိတယ်။ မင်းသားကြိုက်တာချင်း မတူကြသလို ဇာတ်လမ်း၊ ဇာတ်ကောင်စရိုက် မတူတာတွေရှိတော့ အဲဒီကြားထဲမှာ ကစ်က ချိန်ဆပြီး လုပ် တယ်။ နည်းနည်းတော့ ခက်တာပေါ့။ အကြိုက်မှ မတူကြတာ။ နယ်ပရိသတ်၊ ရန်ကုန်ပရိသတ်အပြင် ပြည်ပပရိသတ်ကလည်း ရှိသေးတယ်။ အဲဒါကြောင့် တချို့ကားတွေမှာ အားသွန်ခွန်စိုက် လုပ်ထားပေမဲ့ ရန်ကုန်ပရိသတ်ပဲ ကြိုက်ပြီး၊ နယ်ပရိသတ် မကြိုက်တာမျိုးလည်း



www.burmeseclassic.com



တစ်ကာစ်အနေနဲ့
တတ်နိုင်တာလေးနဲ့
အလှူအတန်းတွေ
လုပ်တယ်ဆိုတာ
ကာလညီး
ပရိသတ်ကြောင့်ပါ
ဒီအလုပ်လုပ်ခွင့်
ရတယ်
ဒီအလုပ်နဲ့
ပိုက်ဆံရတယ်
ရတဲ့ပိုက်ဆံကို
လှူတယ်
ဆိုတာက
ပရိသတ်
အားပေးမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်။ အဲဒီတော့ ပရိသတ် တစ်မျိုးတည်းကို Target ထား လို့ မရဘူး။ အစိကတ ကိုယ့် အနုပညာအလုပ်တွေကို ကြည့်တာကလည်း ပရိသတ် ပဲဆိုတော့ ပရိသတ်ကို ဦးစား ပေးရတယ်။ ကစ်ကစ်အနေနဲ့ တတ်နိုင်တာလေးနဲ့ အလှူ အတန်းတွေ လုပ်တယ်ဆိုတာ ကလည်း ပရိသတ်ကြောင့် ပါ။ ဒီအလုပ်လုပ်ခွင့်ရတယ်၊ ဒီအလုပ်နဲ့ ပိုက်ဆံရတယ် ရတဲ့ပိုက်ဆံကို လှူတယ်ဆို တာက ပရိသတ်အားပေးမှု ကြောင့် ပြောရမှာပေါ့။ အဲဒီ လိုတွေ လုပ်ခွင့်ရတာ ပရိ သတ်ကို ကျေးဇူးတင်ရမယ်။ ပရိသတ်ရဲ့ အလှူလည်း ပါ တာပေါ့။

ပရိသတ်ရဲ့ လိုအပ်မှု၊ တောင်းဆိုမှုတွေကို လုပ်ပေး ကြတဲ့ အနုပညာရှင်တွေဖြစ် တာကြောင့် ကစ်ကစ်ရဲ့ အချစ် ရေးနဲ့ ပတ်သက်ပြီး ဘာတွေ





www.burmeseclassic.com

www.burmeseclassic.com

**လုပ်စေချင်တာမျိုးရှိသေးလဲ။**

အဲဒါကျတော့လည်း ပြောရခက်တယ်။ အချစ်ရေးနဲ့ ပတ်သက်ပြီး ပရိသတ်က ဖြစ်စေချင်တဲ့လူ၊ သဘောတူထားတဲ့လူတွေ ရှိမှာပဲလေ။ ဘယ်အနုပညာရှင်မဆို သူတို့ သဘောတူထားတဲ့သူ၊ ပေးစားထားတဲ့သူတွေ ရှိတတ်တာလေ။ ဒါပေမဲ့ အချစ်ဆိုတာကလည်း ဖူးစာပါဦးမှ၊ ရေစက်ကလည်း ပါဦးမှ၊ အဲဒါမျိုးတွေက ရှိသေးတာကိုး။ ကစ်ကစ်ကတော့ ပရိသတ်လည်း လက်ခံတဲ့သူ၊ ကိုယ်လည်း ချစ်မယ့်သူ၊ ကိုယ်နဲ့လည်း ဖူးစာဖက်ပါမယ့်သူဆိုရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့လည်း ဘယ်ဟာကမှ ကြိုပြောလို့မှ မရတာ။ ကိုယ့်ရှေ့မှာ မင်္ဂလာဆောင်တဲ့သူတွေကလည်း ကံပါလို့၊ ချစ်လို့ ယူသွားကြတဲ့သူတွေပဲဆိုတော့ ကစ်ကစ်အနေနဲ့ကတော့ ကံပဲပေါ့လို့ ပြောရမှာပေါ့။

**အချစ်ရေးနဲ့ပတ်သက်ပြီး ကံတရားအပေါ် ဘယ်လောက်အထိယုံကြည်လဲ။**

ကစ်ကစ်ထင်တာကတော့ လူတစ်ယောက်က ချစ်တဲ့အခါကျရင်လည်း ချစ်မယ်၊ ကွဲတဲ့အချိန်ကျရင်လည်း ကွဲမယ်။ ကံတရားလို့ ထင်ပါတယ်။ ညားဖို့ ကံပါလာရင်လည်း ညားမှာပေါ့။ ဘာမှန်းမှမသိတာ ဖူးစာဆိုတာကလည်း။

**ကိုယ့်အနုပညာရှင် တွေ မင်္ဂလာပွဲဆင်နွှဲကြတော့ ကိုယ့်ရဲ့ အချစ်ကံတရားအပေါ် ဘယ်လိုမျိုးများ ပြောချင်သေးလဲ။**

ကိုယ်ချစ်တဲ့သူတွေကိုပဲ ရွေးသွားကြတာပဲ၊ ကိုယ့်အနုပညာရှင်တွေလည်း ကိုယ့်ချစ်သူတွေနဲ့ပဲ လက်တွဲသွားကြတာ ကောင်းတာပေါ့။ ဘယ်သူမဆို ချစ်တဲ့သူတိုင်းနဲ့ လက်တွဲချင်တာပဲလေ။ များသောအားဖြင့် ကိုယ့်ရဲ့ချစ်ဦးသူက ဘဝလက်တွဲဖော် ဖြစ်ချင်ကြတာပဲလေ။ ကံတရားကြောင့် ကွဲကွာသွားတဲ့သူတွေရှိတာကို လက်ခံနိုင်ရမှာပေါ့။ ဘယ်သူမဆို ချစ်တဲ့သူနဲ့ လက်တွဲချင်မှာပဲ၊ ကံမပါရင် ကွဲမှာပဲလို့ တွေးရမှာပဲ။ ချစ်တဲ့သူတိုင်း ပေါင်းသွားကြတယ်ဆိုတော့ ကံထူးသူတွေ၊ ကံကောင်းကြတဲ့သူတွေပဲပေါ့။

**အသည်းတစ်ခါ ကွဲဖူးရင် နောက်ထပ်တစ်ခါ ကွဲမှာ ကြောက်ကြတယ်တဲ့။**

မသိပါဘူး။ ဘယ်သူကတော့ အသည်းကွဲချင်မှာလဲနော်။ အသည်းကွဲတယ်ဆိုတာ မကောင်းဘူး။ နောက်ထပ်ချစ်ရမှာ ကြောက်တာလည်း မဟုတ်ဘူး။ ချစ်ချင်ရင် ချစ်သွားမှာပဲ။ ဘာကိုမှ ကြိုပြောလို့ မရဘူး။ ကံတရားပေါ့ရှင် လို့ ဆိုပါတယ်။

ဓာတ်ပုံရိုက်ကူးမှုမှာ ဝတ်မှုံရွှေရည်အတွက် ဆံပင်နဲ့ မိတ်ကပ်ကို ကျော်ကျော်လတ်(ဒီဇင်ဘာနှင်း)က တာဝန်ယူပြင်ဆင်ပေးထားတာ ဖြစ်ပါတယ်။ နေပူပူအောက်မှာ အပင်ပန်းခံ ဓာတ်ပုံရိုက်ကူးပေးတဲ့ ကိုလင်း(Studio-K)နဲ့အဖွဲ့၊ ဝတ်မှုံရွှေရည်တို့ကို ကျေးဇူးတင်ပါတယ်။ ■

**ခင်လေးမြင့်**





www.burmeseclassic.com

www.burmeseclassic.com



*One Minute Interview*

# ကြုံကြာဆုံရာ တစ်မိနစ်တာ



www.burmeseclassic.com

www.burmeseclassic.com

# ဘာမှအားမထုတ်တဲ့ ဒါရိုက်တာ မီးပွား

ခင်လေးမြင့်

ဒါရိုက်တာ မီးပွားက Family Entertainment Group က ထုတ်လုပ်မယ့် **ဘီလူးဇာတ်လမ်းတွဲကို** ရိုက်ကူးနေပါတယ်။ ပုဂံဘက်မှာ ၂၀၁၄ ဖေဖော်ဝါရီလလယ်ကစပြီး သွားရောက်ရိုက်ကူးနေတာဖြစ်ပါတယ်။ **ဘီလူး** ဇာတ်လမ်းတွဲအတွက် ဇာတ်လမ်း၊ ဇာတ်ညွှန်းကို အကြည်တော်ကပဲ ရေးသားထားတာပါ။ **ဘီလူးက ရုပ်ရှင်ဇာတ်ကားအနေနဲ့ ရိုက်ထားပြီးတဲ့အတွက် ဇာတ်လမ်းတွဲအနေနဲ့ ပြန်ရိုက်တဲ့အခါ ပရိသတ်စိတ်ဝင်စားမှုက ဒါရိုက်တာပေါ် မူတည်မလား။**

စာရေးဆရာပါ။ သူ့ရဲ့ဆွဲဆောင်မှု၊ သူ့ရဲ့ဆန့်ခေါ်သွားနိုင်မှုအပေါ်တွေမှာ မူတည်ပါတယ်။ ဒါရိုက်တာကတော့ ထုံးစံအတိုင်းပဲ ဘာမှ အားမထုတ်တဲ့ ဒါရိုက်တာဖြစ်နေတော့ အဲဒီအပေါ်မှာပဲ မေးသွားမှာပဲ။

**ဇာတ်လမ်းတွဲနဲ့ ရုပ်ရှင်ကားကြီးမှာ အားနည်းချက်၊ အားသာချက်တွေက ဘယ်လိုအပိုင်းတွေဖြစ်မလဲ။**

တစ်မျိုးစီပါပဲ။ အခုဇာတ်လမ်းတွဲကတော့ ကျွန်တော်တို့ စတင်သင်ကြားတာပေါ့၊ ကမ္ဘာမှာကြာပြီ၊ မြန်မာနိုင်ငံမှာ အခုမှ စသကဲ့သို့ ဖြစ်တဲ့အတွက် သင်ကြားဆဲ၊ ဘာဖြစ်မယ်ဆိုတာလည်း မပြောတတ်သေးဘူး။ စုံးစုံးလည်း နစ်သွားနိုင်တယ်။

**ဘီလူးဇာတ်လမ်းတွဲအတွက် ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးသားတဲ့ အကြည်တော့်အပေါ် ယုံကြည်မှု ဘယ်လိုရှိသလဲ။**

ကိုကြည်(အကြည်တော်)လေ၊ မြန်မာနိုင်ငံမှာ ပြိုင်ဘက်ကင်းလေ၊ အားကိုးထားပါတယ်ဆိုမှ ဘီလူးဇာတ်လမ်းတွဲက သူ့အပေါ်မှာ မှီတည်တာမဟုတ်ဘူး။ သူပဲ၊ သူပဲ၊ သူပဲ ဖြစ်နေတာ။

**ဗေလုဝအပေါ်မှာရော…။**

အမှန်တကယ် ကျွန်တော့်ရဲ့ မှားယွင်းမှုက ဘာဖြစ်လို့ ဗေလုဝနဲ့ ပြန်ရိုက်ဖြစ်သလဲဆိုတာပါပဲ။ အမှန်တကယ်က ဗေလုဝနေရာကို ပြောင်းရမှာ။ အဲဒါမှ စူးစိုက်မှု ပိုအားကောင်းမှာလေ။ ဗေလုဝက ဒီလောက်ပဲလုပ်နိုင်မှာလေ။

**ဒါရိုက်တာမီးပွားရဲ့ Control ရှိဦးမယ်လေ။**

သူက ပိုတတ်တယ်။ ကျွန်တော့်ဆီက Control မလိုတော့ဘူး။ သူ့ဆီက ပြန်သင်ယူရမှာ။

**ဇာတ်လမ်းတွဲ ရိုက်ကူးရေးအတွက် အချိန်ဘယ်လောက်ယူထားလဲ။**

ဖေဖော်ဝါရီ ၁၆ ရက်ကစပြီးတော့ ရိုက်တယ်။ လောလောဆယ် တစ်လရိုက်ရက်ယူထားပြီး ရိုက်ကြည့်မယ်။ အဲဒီအပေါ်မှာ ဘာအခက်အခဲတွေ ပေါ်နိုင်လဲပေါ့၊ အခုက သင်ကြားတာဆိုတော့ အဲဒီအပေါ်မူတည်ပြီး ပြန်လည်တိုင်ပင်မယ်။ ပြန်စီစဉ်မယ်။ တစ်လမှာ ဘယ်နှပိုင်းပြီးလဲ၊ ဘာအခက်အခဲရှိလဲကြည့်မယ်။ သင်ကြားမှုကာလ အောင်စာရင်းတော့ မထွက်သေးဘူး။ တစ်လရိုက်ပြီးတော့မှ ရမှတ်ဘယ်လောက်လဲ၊ နောက်တစ်ဆင့် ဘာလုပ်မလဲပေါ့။

**ဒီတစ်လအတွင်း ဇာတ်လမ်းတွဲရိုက်မယ်။ ရုပ်ရှင်ဇာတ်ကားကြီးရော စီစဉ်ထားသေးလား။**

ရုပ်ရှင်ကားကြီးဆိုတာ ဘာကိုခေါ်မှန်းတောင် မသိတော့ပါဘူး။ ဗီဒီယိုဆိုတာတော့ ပိုဆိုးတယ်။ နားမလည်နိုင်တော့ဘူး။ ရိုက်ဖို့မရှိသေးပါဘူး။

ဒါရိုက်တာမီးပွားက **ဘီလူး** ဇာတ်လမ်းတွဲကို ဗေလုဝ၊ သားညီ၊ ဇော်ဝင်းနိုင် စတဲ့ သရုပ်ဆောင်များနဲ့ အပိုင်းလေးဆယ် ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ■

ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com

# ပန်းချီဆိုတာဘာလဲ ဖေညွန့်ဝေ

ခင်လေးမြင့်

ပန်းချီဆရာ ဖေညွန့်ဝေက 'ပန်းချီဆိုတာဘာလဲ' ယဉ်ကျေးမှုစာအုပ်နဲ့ ထွန်းဖောင်ဒေးရှင်း စာပေဆုကို ရရှိခဲ့ပါတယ်။ ဒီစာအုပ်ထဲမှာ ပါဝင်တဲ့ စာမူများကို ၂၀၁၄ ခုနှစ်ကတည်းက ရေးသားထားတာဖြစ်ပြီး Idea, Beauty, ပန်မဂ္ဂဇင်းတို့မှာ ရေးသားထားတဲ့ စာမူများကို စုစည်းထားတာ ဖြစ်ပါတယ်။

**ဆရာရေးထားတဲ့ စာအုပ်ရဲ့ခေါင်းစဉ်ဖြစ်တဲ့ 'ပန်းချီဆိုတာဘာလဲ'နဲ့ပတ်သက်ပြီး အရင်ဆုံးရှင်းပြပေးပါလား။**

အမှန်တကယ်က ဒီစကားကို ဆရာခင်မောင်ရင်ပြောခဲ့တာပါ။ ဒီမေးခွန်းကိုပဲ သူမေးတယ်၊ ဘာဆိုတာကို သူမဖြေဘူး။ အဓိကကတော့ ကျွန်တော် ရန်ကုန်ရောက်တော့ အစ်ကိုနဲ့တွေ့တယ်။ ၁၉၇၅ တုန်းကပေါ့။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်ကလည်း အဲဒီအကြောင်းကို မမေးမိဘူး။ အဓိက ကျွန်တော်ပြောချင်တာ ဘာလဲဆိုတော့ ကိုယ့်ဘာသာ ရှာစေချင်တာ။ တစ်ကြောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းပေါ့ဗျာ။ နောက်ဆရာတစ်ယောက်က နောက်တစ်မျိုးပြောမှာပဲလေ။ အဲဒီတော့ ကိုယ်ပိုင်အားထုတ်မှု၊ ကိုယ်ပိုင်တီထွင်မှု၊ ဖွဲ့လုံ့လဝီရိယပေါ်ပဲ မူတည်တာပဲ။

**ဒီစာအုပ်နဲ့ ဆုတစ်ခုခုရမယ်လို့ရော မျှော်လင့်ထားခဲ့သေးလား။**

ရေးကတည်းက မမျှော်မှန်းဘူးဗျ။ ဘာ့ကြောင့် ဒီစကားပြောလဲဆိုတော့ အရင်တုန်းကရေးကြတဲ့သူတွေ ရှိကောင်းရှိနိုင်တာပေါ့နော်။ ကျွန်တော့်မှာတော့ အဲဒီလိုမျိုး ရည်ရွယ်ချက်မရှိဘူး။ တော်တော်များများကလည်း ရေးရင်ရမယ်လို့ မထင်ကြဘူး။ မရေးသင့်ဘူးလို့လည်း ထင်တယ်။

**ပန်းချီဆိုတာဘာလဲ စာအုပ်ဖြစ်လာတာကရော ဘယ်လိုကြောင့်ပါလဲ။**



'ပန်းချီဆိုတာ ဘာလဲ' စာအုပ်နဲ့ ယဉ်ကျေးမှုစာပေဆုရရှိခဲ့တဲ့ ပန်းချီဖေညွန့်ဝေကို ဆုချီးမြှင့်ခဲ့ပါတယ်

ကျွန်တော်ရေးထားတဲ့ အပိုင်းအစ စာမူတွေကို အယ်ဒီတာမင်းများက တောင်းကြတယ်။ အဲဒီစာအုပ်ထဲမှာ ကျွန်တော့်ဆရာအကြောင်း၊ ကျွန်တော်တက်ခဲ့တဲ့ ကျောင်းအကြောင်း၊ ပတ်ဝန်းကျင်အကြောင်းတွေကို ရေးထားတာ။ ၂၀၁၄ ခုနှစ်ကတည်းက ရေးထားတဲ့ စာမူတွေပါတယ်။ ရေးထားပြီးတဲ့ ဆောင်းပါးတွေကို စုစည်းပြီး ထုတ်ထားတာပါ။

**ပန်းချီနဲ့ပတ်သက်ပြီး ရေးထားတဲ့ စာမူဘာတွေများ ရှိပါသေးလဲ။**

ကျွန်တော် အကြမ်းဖျင်း ရေးထားတာတော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်က ပန်းချီဆွဲတာကို အဓိကထားတာဆိုတော့ အဲဒီဘက်ကို အာရုံစိုက်ရင် စာရေးတဲ့ဘက်ကို တော်တော်အားစိုက်ရတယ်။ ပြောကြစတမ်းဆိုရင် ပန်းချီမှာက ဝါဒတစ်ရာလောက် ရှိတာကိုး။ မလိုက်နိုင်ဘူးပေါ့။

ဒီဘက်ခေတ်မှာ ပိုရေးသင့်တယ်လို့ ယူဆတယ်။ အနုပညာတစ်ပိုင်း၊ အတတ်ပညာတစ်ပိုင်းပေါ့။ ဖြတ်သန်းမှုတွေက မတူဘူးလေ။ တချို့ဟာတွေမှာ ကျွန်တော်တို့ခေတ်မှာ အရမ်းခက်တာတွေက ဒီဘက်ခေတ်မှာ လွယ်တာတွေရှိတယ်။ တာဝန်လည်း အရမ်းကြီးသွားတယ်လို့ထင်တယ်။ အဲဒါတွေကို သေသေချာချာလုပ်ကြစေချင်တယ်"လို့ ပန်းချီဆရာ ဖေညွန့်ဝေက ဆိုပါတယ်။ ■

ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com




One Minute Interview

# ကြုံရာခုံရာ တစ်မိနစ်တာ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ရင်ထဲက အလုံးကြီးကျသွားတဲ့ ဖွေးအောင်မင်းခန့်

ခင်လေးမြင့်

**ထာဝရမန္တလေး**
**ဇာတ်လမ်းတွဲမှာ**
ပါဝင်သရုပ်ဆောင်
ထားတဲ့ အောင်မင်းခန့်က
မော်ဒယ်လ်အနေနဲ့
လှုပ်ရှားမှုတွေရှိသလို
ဗီစီဒီ၊ ကြော်ငြာ
များမှာလည်း
ပါဝင်သရုပ်ဆောင်
ဖြစ်နေပါတယ်။
MRTV-4 ရဲ့
အစီအစဉ်တစ်ခုအတွက်
ဂျပန်မှာရိုက်ကူးရေး
အချို့ကိုလည်း
လောလောဆယ်မှာ
ပြုလုပ်ထားပါတယ်။
**ဂျပန်ရိုက်ကူးရေးအနေ**
**နဲ့ ဘယ်နေရာ၊**
**ဘယ်လိုဒေသတွေကို**
**သွားဖြစ်ခဲ့တာလဲ။**
MRTV-4
အဖွဲ့သားတွေနဲ့
ဂျပန်နိုင်ငံရဲ့ တကယ့်
အထင်ကရနေရာတွေကို
သွားခဲ့တယ်။
မြန်မာနိုင်ငံမှာ ဆိုရင်
ပုဂံတို့ မန္တလေးတို့က
ယဉ်ကျေးမှုနေရာတွေလေ။
အဲဒီလိုပဲ ဂျပန်နိုင်ငံရဲ့
ဆောင်းရာသီမှာ
နှင်းလျှောစီးတာ၊
ရေပူစမ်းမှာ စိမ်တာ၊
Snow monkey
တွေရှိတဲ့နေရာတွေကို
သွားရိုက်ကြတယ်။
ကျွန်တော်တို့ဆီမှာ
သင်္ကြန်ရှိသလို
သူတို့ဆီမှာက မီးပုံပွဲ
ကျင်းပကြတယ်။
ဂျပန်နိုင်ငံရဲ့ ဓလေ့စရိုက်၊
ယဉ်ကျေးမှုတွေကို
သွားရိုက်တာပါ။
**ဂျပန်နိုင်ငံ**
**ရိုက်ကူးရေး**
**အစီအစဉ်ကနေ**
**ဘယ်လို ဗဟုသုတတွေ**
**ရခဲ့သေးလဲ။**
ဂျပန်နိုင်ငံဆိုတဲ့နေရာ
ကိုရောက်ဖို့
ခဲယဉ်းပါတယ်။
ဂျပန်နိုင်ငံမှာ
ထူးခြားတာတွေ
မြန်မာနိုင်ငံနဲ့
ကွဲပြားတာတွေ
အများကြီးပါပဲ။
**ဒီအစီအစဉ်ကို**
**ဘယ်တော့လောက်**
**ဘယ် Channel ကနေ**
**ပြမှာလဲ။**
ဂျပန်ခရီးစဉ်ကို
မြန်မာပြည်မှာ
Edit လုပ်မယ်။ အဲဒါကို
ဂျပန်နိုင်ငံရဲ့ တီဗွီ
အစီအစဉ်တစ်ခုမှာ ပြမယ်။
ဒီမှာလည်း ပြမယ်။
ဘယ်တော့ပြမလဲ
ဆိုတာတော့
မပြောတတ်သေးဘူး။
**ထာဝရမန္တလေး**
**ဇာတ်လမ်းတွဲက**
**ရိုက်ပြီးသွားပြီ။**
**ပြလည်းပြနေပြီ**
**ဆိုတော့ နောက်ထပ်**
**ဇာတ်လမ်းတွဲရိုက်ဖို့**
**စီစဉ်ထားသေးလား။**
နောက်ထပ်
ဇာတ်လမ်းတွဲရိုက်ဖို့
ပြောထားပါတယ်။
MRTV-4 နဲ့ပါပဲ။
ဇာတ်ညွှန်းရေးနေတာ
ဆိုတော့ ဘယ်လို
ပုံစံမျိုးဆိုတာတော့
မသိပါဘူး။
**ထာဝရမန္တလေး**
**ဇာတ်လမ်းတွဲက**
**ပြနေပြီဆိုတော့**
**အချိန်များစွာပေးပြီး**
**ရိုက်ကူးခဲ့တာကြောင့်**
**ရင်ထဲမှာလည်း**
**ပေါ့သွားပြီထင်တယ်။**
ဒီဇာတ်လမ်းတွဲကို
အမြန်ဆုံးနဲ့
အကောင်းဆုံးပြီး
အောင်စိတ်ထဲမှာ
ထားထားခဲ့တယ်။
အိပ်မက်ထဲတောင်
မက်တယ်။
ဒီဇာတ်လမ်းတွဲက
အောင်မြင်စွာနဲ့
ပြီးစီးသွားတဲ့အတွက်
ရင်ဘတ်ထဲက
အလုံးကြီးကျသွားတယ်လို့
ပြောရမှာပေါ့လို့
ဆိုပါတယ်။
အောင်မင်းခန့်က
ဖေဖော်ဝါရီလထဲမှာ
Myanmar INT'L
Fashion Week 2014 ပွဲမှာ
ပါဝင်ဖြစ်သလို
Samsung ကြော်ငြာတစ်ခု
ကိုလည်း ရိုက်ကူး
ဖြစ်ခဲ့ပါတယ်။

■ ခင်လေး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရော့ခ်ဂီတချစ်သူများ အားရကျေနပ်ခဲ့တဲ့ ဇော်ဝင်းထွဋ်ရဲ့မွေးနေ့ပွဲ

**လင်းနိုင်ဦး**

ရော့ခ်သီချင်းများ သီဆိုပြီး အင်ပါယာ တေးဂီတအဖွဲ့နဲ့အတူ နှစ်ပေါင်းသုံးဆယ်ကျော် အောင်မြင်မှုရခဲ့ပြီး ယနေ့တိုင်လည်း ကျော်ကြားဆဲဖြစ်တဲ့ Rocker ကြီး ဇော်ဝင်းထွဋ်ရဲ့ အသက် ၅၀ ပြည့်မွေးနေ့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့မှာ ပြည့်မြောက်ခဲ့တာဖြစ်လို့ အသက် ၅၀ ပြည့် ရွှေရတု အထိမ်းအမှတ်အနေနဲ့ ကျင်းပတဲ့ မွေးနေ့ဖျော်ဖြေပွဲကို ဇန်နဝါရီလ ၂၆ ရက်နေ့ ည ၆ နာရီအချိန်က ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ဝင်း အတွင်းမှာ ကျင်းပခဲ့ပါတယ်။

ဇော်ဝင်းထွဋ်က ဂီတလောကမှာ တေးစီးရီးပေါင်း ၁၀၀ ကျော် ထွက်ရှိနိုင်ခဲ့သလို သူ့ရဲ့ တေးစီးရီးအသစ်များ ထွက်ရှိတိုင်း အမှတ်တရ ဖျော်ဖြေပွဲတွေလည်း ကျင်းပဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် သူ့ရဲ့မွေးနေ့များမှာ သူ့ရဲ့ ပရိသတ်များနဲ့ အတူတူ သီချင်းတွေဆိုပြီး ဖြတ်သန်းချင်တာကြောင့် မွေးနေ့ကျရောက်တဲ့ နေ့တွေမှာ ဂီတဖျော်ဖြေပွဲတွေ တင်ဆက်ဖြစ်ခဲ့ပါတယ်။ အဲဒီလို မွေးနေ့ပွဲတွေမှာလည်း ဇော်ဝင်းထွဋ်က သူ့ကိုအားပေးတဲ့ အမာခံပရိသတ်များအတွက် သီချင်းတွေအများကြီး သီဆိုဖျော်ဖြေပေးရင်း ဖြတ်သန်းခဲ့ပါတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြား ရွှေရတုမွေးနေ့ကျရောက်တာဖြစ်လို့ ဒီမွေးနေ့ အစီအစဉ် ဖျော်ဖြေတင်ဆက်သွားမယ့် အကြောင်းအရာများကို စာနယ်ဇင်းရှင်းလင်းပွဲလုပ်တာတောင် ရန်ကုန်မြို့ အတွင်း ညနေဆည်းဆာ နေဝင်အလှကို ကြည့်ခွင့်ရမယ့် ဧရာဝတီ အပျော်စီးသင်္ဘောပေါ်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။

မွေးနေ့ဖျော်ဖြေပွဲ အစီအစဉ်ကိုတော့ ဇာမဏီ အင်တာတိန်းမန့်နဲ့ ဇော်ဝင်းထွဋ်ရဲ့ အနုပညာ အပေါင်းအသင်းများ ဝိုင်းဝန်းကူညီစီစဉ်ပေးခဲ့ကြတာဖြစ်ပါတယ်။



အိတ်ိုးနဲ့ ဇော်ဝင်းထွဋ်တို့ရဲ့ ဖျော်ဖြေမှု

www.burmeseclassic.com







ဒါ့အပြင် ဇော်ဝင်းထွဋ်ကို ချစ်ခင်ကြတဲ့ ဂီတမောင်နှမများကလည်း ဇော်ဝင်းထွဋ်ရဲ့ မွေးနေ့ဖျော်ဖြေပွဲမှာ ဘယ်နေရာက ပါရပါရ၊ ဇာတ်သဘင်စကားနဲ့ပြောရရင် ဇော်ဝင်းထွဋ်က ဒီပွဲမှာ မင်းသားဖြစ်လို့ ယိမ်းသမလိုနေရာမျိုးကနေ လက်ခုပ်တီးအားပေးရမယ်ဆိုရင်လည်း ကျေကျေနပ်နပ်ကြီး လက်ခုပ်တီးပေးပါမယ်ဆိုတဲ့ အဆိုတော်တွေ မွေးနေ့ကိုဂုဏ်ပြုပြီး ဇော်ဝင်းထွဋ်ရဲ့ သီချင်းများနဲ့ မွေးနေ့ရှင်ရဲ့ ပရိသတ်များကို ပါဝင်ဖျော်ဖြေပေးခဲ့ကြပါတယ်။

Rocker ကြီးရဲ့ မွေးနေ့ပွဲဖြစ်လို့ စင်မြင့်အပြင်အဆင်ကိုလည်း ထူးထူးခြားခြား ပြင်ဆင်မထားဘဲ မီးရောင်စုံများစွာ ထိုးပေးထားပြီး စင်ရဲ့ အလယ်တည့်တည့်မှာ အရိုးခေါင်းသဏ္ဌာန်တစ်ခုကိုသာ ဆင်ယင်ထားတာ ဖြစ်ပါတယ်။ မွေးနေ့ရှင် ဇော်ဝင်းထွဋ် မသီဆိုမီ ရှေ့ပိုင်းမှာ ဂီတ ညီအစ်ကို မောင်နှမများဖြစ်ကြတဲ့ ဆောင်းဦးလှိုင်၊ အဲလက်စ်၊ စည်သူလွင်၊ ကျားပေါက်၊ စိုင်းစိုင်းခမ်းလှိုင်၊ သျှီ၊ ကော်နီ စတဲ့ အဆိုတော်များက ဇော်ဝင်းထွဋ်ရဲ့ သီချင်းများကို ဥက္ကာဦးသာ ဦးဆောင်တဲ့ Plus 3 တေးဂီတအဖွဲ့ တီးခတ်ပေးမှုနဲ့အတူ သီဆိုဖျော် ဖြေပေးခဲ့ကြပါတယ်။

ဒုတိယပိုင်း အစီအစဉ်မှာ ဇော်ဝင်းထွဋ်က သူ့ပရိသတ်များအတွက် သီဆိုဖို့ စင်မြင့်ပေါ်ကို ရောက်ရှိလာတဲ့အခါ သူ့ရဲ့လက်တွဲဖော် အင်ပါယာတေးဂီတအဖွဲ့ တီးခတ်ပေးမှုနဲ့ *လေးလေးနက်နက်ပါ၊ နှောင်ကြိုး၊ ဘာမှမသေချာဘူး၊ လိုက်နိုင်မလား၊ ဆောင်းပေါင်းခတဲ့ည၊ ခွဲခွာ၊ မနေ့က၊ မင်းလေးအတွက်၊ ဒဏ်ရာဟောင်းများနဲ့ည* သီချင်းများကို ဆက်တိုက် သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။ ဒါ့အပြင် *ဆောင်းပေါင်းခတဲ့ည -၂၊ အသည်းကွဲရေဒီယို၊ ပဲရစ်မြို့၊ ဆေးဆိုးပန်းရိုက်မျက်နှာ* စတဲ့ သူ အောင်မြင်မှုရခဲ့တဲ့ သီချင်းများစွာကို ရွှေရတုမွေးနေ့ညမှာ ဆိုနိုင်သလောက် ဆိုပေးမယ်ဆိုပြီး အားခဲထားတဲ့အတွက် ပရိသတ်တောင်းဆိုတဲ့သီချင်းရော၊ သူဆိုပြဖို့ စီစဉ်ထားတဲ့ သီချင်းများနဲ့ အားရပါးရ မွေးနေ့မှာ ဖျော်ဖြေပေးခဲ့ပါတယ်။

ဖျော်ဖြေပွဲအစီအစဉ်မှာ သားဖြစ်သူ အီတိုးနဲ့ သူတို့ သီဆိုနေကျ *ပွဲကိုင်ရှင်* သီချင်းကို အီတိုးရဲ့ ဂစ်တာတီးခတ်ပေးမှုနဲ့ သားအဖနှစ်ယောက် အတွဲညီညီ သီဆိုပေးခဲ့ကြပြီး ဇော်ဝင်းထွဋ်က အရင်တုန်းက လက်တွဲဖြစ်ခဲ့တဲ့ ဒရမ်မာ ဝေထွန်း၊ ဘေ့စ်ဂစ်တာတီးခတ်တဲ့ ကျင်ခမ်းဖုန်းတို့နဲ့အတူ ပါကားရှင်း စိုင်းသာဌေးတို့ရဲ့ ပံ့ပိုးကူညီတီးခတ်မှုများနဲ့ပါ သီချင်းများ ဆက်လက်သီဆိုပေးခဲ့ပါတယ်။ ထူးထူးခြားခြား ကီးဘုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မေဆွိ



ဇော်ဝင်းထွဋ်ရဲ့ ဖျော်ဖြေမှု



ရွှေမောင်မောင်



မျိုးကျော့မြိုင် သွီ

အင်ပါယာအဖွဲ့က လီယိုနာဒ် မောင်မောင်လွင်နဲ့ Plus 3 က ဥက္ကာဦးသာတို့က ယှဉ်လျက် အတွဲညီညီ တီးခတ်ပေးခဲ့ကြတာဖြစ်ပြီး ကျားပေါက်ကလည်း သီချင်းအချို့နဲ့ ဒရမ်ကူညီတီးခတ်ပေးခဲ့ပါသေးတယ်။ *စတော်ဘယ်ရီနဲ့ ချစ်သည်းရှင်* သီချင်းနဲ့ အတွဲညီကြသူတွေဖြစ်လို့ ဟေမာနေဝင်းနဲ့အတူ စုံတွဲ သီဆိုခဲ့ကြသလို ပရိသတ်တောင်းဆိုမှုကြောင့် စုံတွဲသီဆိုဖြစ်ဖူးတဲ့ *ဘာလိုလို* သီချင်းကိုလည်း စုံတွဲ ထပ်မံသီဆိုပေးခဲ့ပါတယ်။

နောက်ဆုံးပိတ်အနေနဲ့ တင်ဆက်မှုကတော့ အင်ပါယာတေးဂီတအဖွဲ့နဲ့အတူ ရွှာစားကျော် မြန်မာပြည်ကျောက်စိမ်းရဲ့ ဆိုင်းတီးခတ်ပေးမှုနဲ့ *ပြေးလမ်းအဆုံး၊ သတ္တုရဲ့ မြစ်ဖျား၊ ခေါသန်လျက်နဲ့ ပျားရည်စက်* သီချင်းများကို မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ဖျော်ဖြေပေးခဲ့ကြပြီး ပရိသတ် အားရကျေနပ်လောက်တဲ့အထိ ဇော်ဝင်းထွဋ်တစ်ယောက်တည်း သီချင်း အပုဒ် ၄၀ လောက် သီဆိုကာ မွေးနေ့မှာ ရောခ်ဂီတချစ်သူများကို အားရပါးရ ဖျော်ဖြေပေးခဲ့ကြပါတယ်။ ရှိုးပွဲအပြီးမှာတော့ သီချင်းတွေအများကြီး သီဆိုခဲ့ရပြီး မောနေပေမဲ့ ဇော်ဝင်းထွဋ်က သူ့မွေးနေ့မှာ သူ့ကိုချစ်လို့ အများကြီး လာရောက်အားပေးကြတဲ့ ပရိသတ်တွေကို ဖျော်ဖြေပေးလိုက်ရတဲ့အတွက် အားရကျေနပ်နေသလို သူတို့အတွက် ပြောစရာ စကားလုံးရှာလို့ မရလောက်အောင် ကျေးဇူးတင်ပါတယ်လို့ ပြောပြခဲ့ပါတယ်။

■ လင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူသက်တမ်း
လေးနှစ်ကျော်မှာ
ရွှေလက်တွဲခဲ့ကြတဲ့
အဆိုရှင်လင်းလင်းနဲ့
သရုပ်ဆောင် အဆိုရှင်
ချစ်သုဝေတို့က
သူတို့ရဲ့မင်္ဂလာပွဲများကို
စိတ်ကူးထဲက
အတိုင်းပုံဖော်ခဲ့ကြပါတယ်။
ခရစ်ယာန်နဲ့ ဗုဒ္ဓဘာသာဝင်
နှစ်ဦးလက်ထပ်ကြတာ
ဖြစ်တဲ့အတွက်
ထုံးတမ်းစဉ်လာများ
အတိုင်း မင်္ဂလာပွဲကို
ပြုလုပ်ခဲ့ကြတာပါ။
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
၂၈ ရက်၊ မနက်က
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်
တောင်ပိုင်းမြို့နယ်၊
၂၆ ရပ်ကွက်၊
ပုလဲလမ်းမှာရှိတဲ့
ပိဋကတ်သုံးပုံနိကာယ်
စာသင်တိုက်မှာ
ကျောင်းရှိ
သံဃာတော်များကို
နေ့ဆွမ်းဆက်ကပ်
လှူဒါန်းခဲ့သလို
လှူဖွယ်ပစ္စည်းများ၊
နဝကမ္မအလှူငွေများ
လှူဒါန်းခဲ့ပါတယ်။
ချစ်သုဝေရဲ့မေမေက
ခရစ်ယာန်၊
ဖေဖေက ဗုဒ္ဓဘာသာ
ဝင်ဖြစ်တာကြောင့်
ဖခင်ရဲ့အလှူဒါနပြုမှု
တွေမှာ ချစ်သုဝေလည်း
ပါဝင်ခဲ့ဖူးတာတွေ
ရှိပါတယ်။ အဲဒါကြောင့်
ဘုန်းကြီးကိုကန်တော့
တာတွေက ချစ်သုဝေ
အတွက် အခက်အခဲမရှိခဲ့ပါ
ဘူး။ ဖခင်ရဲ့လှူဒါန်းမှုတွေ
မှာ နောက်ကနေပဲ

ဓာတ်ပုံ-ဝင်းမင်းနိုင်



ဇန်နဝါရီလ ၃၀ ရက်နေ့ ညနေက လက်ထပ်မြီးခဲ့တဲ့
သတို့သား လင်းလင်းနဲ့ သတို့သမီး ချစ်သုဝေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ရှိ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့သလို



လင်းလင်းနဲ့ ချစ်သုဝေတို့ရဲ့မင်္ဂလာဆွမ်းကျွေးပွဲကို တက်ရောက်လာကြတဲ့ အနုပညာညီအစ်ကိုမောင်နှမများ

လုပ်ဆောင်ခဲ့ပေမဲ့ အခုလို ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှူဒါန်းရတာကြောင့် ချစ်သုဝေ ဝမ်းသာပီတိမျက်ရည်ဝဲတာ တွေ့မြင်ရပါတယ်။ လင်းလင်းရဲ့ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ မင်္ဂလာပွဲပြုလုပ်ရတဲ့အတွက်လည်း ချစ်သုဝေက ဝမ်းသာပီတိဖြစ်ရတာပါ။

ချစ်သူသက်တမ်း လေးနှစ်ကျော်အတွင်းမှာ ကြီးကြီးမားမား တိုင်ပင်ညှိနှိုင်းရတာမျိုး မရှိခဲ့ပါဘူး။ လင်းလင်းက ဒါလုပ်ချင်တယ်ဆို ချစ်သုဝေက လိုက်လုပ်သလို ချစ်သုတွေဖြစ်စေချင်တဲ့ဆန္ဒများကိုလည်း လင်းလင်းက လိုက်လံဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဘာသာရေးအရလည်းအဲဒီလိုတွေပါပဲ။ မကောင်းတာတွေ လုပ်တာမဟုတ်ဘဲ ကောင်းတာတွေပဲ လုပ်တာဖြစ်တဲ့အတွက် နှစ်ယောက်စိတ်တူကိုယ်တူ လုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ညနေ ၅ နာရီခွဲမှာတော့ ချစ်သုဝေရဲ့ခရစ်ယာန်ဘာသာထုံးစံအတိုင်းဘုရားကျောင်းမှာလက်ထပ်ပွဲပြုလုပ်ခဲ့ပါတယ်။ စိန့်မေရီဘုရားကျောင်းက ဘုန်းတော်ကြီးထံမှာ ကတိကဝတ်ပြု၊ လက်မှတ်ရေးထိုးပြီး လက်ထပ်ခဲ့ကြတာပါ။ အဲဒီနေ့ ညနေ ၆ နာရီခွဲစိန့်မေရီဘုရား ကျောင်းဝင်းထဲမှာ မင်္ဂလာညစာစားပွဲကို ဆက်လက်ကျင်းပခဲ့ပါတယ်။ မင်္ဂလာ ညစာစားပွဲပြုလုပ်တဲ့ မင်္ဂလာ စင်မြင့်ဆီကို မင်္ဂလာမောင်နှံလျှောက်လှမ်းလာချိန်မှာ တက်ရောက်လာတဲ့ ဧည့်သည်များကို နှုတ်ဆက်ခဲ့ကြပါတယ်။ မင်္ဂလာစင်မြင့်ကို ရောက်တဲ့အချိန် ကလေးငယ်လေးတွေကို ချစ်တတ်တဲ့ ချစ်သုဝေက မိုးပျံပူဖောင်းလေးတွေကို ကိုင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆွမ်းကျွေးပွဲကို တက်ရောက်လာတဲ့ ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်

အောင်ရဲလင်းနဲ့အတူ တွေ့ရတဲ့ မင်္ဂလာအောင်နံ့

လင်းလင်းနဲ့ချစ်သုဝေတို့ရဲ့ မင်္ဂလာဆွမ်းကျွေးပွဲကို တက်ရောက်တဲ့ နေတိုး

လင်းလင်းနဲ့ ချစ်သုဝေတို့ရဲ့မင်္ဂလာဆွမ်းကျွေးပွဲကို တက်ရောက်လာကြတဲ့ ရုပ်ရှင်နဲ့ ဂီတညီအစ်ကို မောင်နှမများ

ဇန်နဝါရီလ ၂၈ ရက်နေ့ မနက်ပိုင်း မင်္ဂလာဆွမ်းကျွေးခဲ့တဲ့ လင်းလင်းနဲ့ ချစ်သုဝေ




ကလေးငယ်များကို စင်ပေါ်ကို ခေါ်တင်ခဲ့ပါတယ်။ မင်္ဂလာ ညစာစားပွဲပြုလုပ်တဲ့ နေရာက ထိုင်ခုံတွေမှာပဲ မိုးပျံပူဖောင်း လေးတွေကို ချိတ်ဆွဲပေးထား ခဲ့ပါသေးတယ်။ ကလေးငယ် များကို စင်ပေါ်မှာခေါ်ထား ပြီးမင်္ဂလာကိတ်လှီးတဲ့အချိန် မှာ မိုးပျံပူဖောင်းလေးတွေကို လွှတ်တင်စေဖို့ ဖြစ်ပါတယ်။

ချစ်သုဝေက မင်္ဂလာ ညစာစားပွဲပြုလုပ်တဲ့ ဘုရား ကျောင်းဝင်းထဲကို ပန်းများနဲ့ အလှဆင်ပြင်ဆင်မှုကို စိတ် ကူးထဲက ပုံစံများအတိုင်း ပြု လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါ့ အပြင် မင်္ဂလာပွဲပုံစံကိုလည်း စိတ်ကူးထဲကအတိုင်း ကျင်း ပခဲ့တာပါ။ မင်္ဂလာကိတ်လှီး ပြီးတဲ့အချိန်မှာတော့ ဒုတိယ ဝတ်စုံကို သွားရောက်လဲလှယ် ခဲ့ပြီး ဧည့်သည်များကို ဘု ဖေးသုံးဆောင်စေခဲ့ပါတယ်။ ဒုတိယဝတ်စုံလဲပြီး မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ ဦးဇော်ဝင်းက သတို့သမီး ချစ်သုဝေကို သတို့သားလက်သို့ အပ်နှင်းရန် ခေါ်ဆောင်လာခဲ့ပါတယ်

မင်္ဂလာသတို့သား လင်းလင်းနဲ့ မင်္ဂလာသတို့သမီး ချစ်သုဝေ

လက်ထပ်အပြီး ညစာစားပွဲမှာ ရှမ်ပိန်ကို ဖောက်ခဲ့ကြပါတယ်

ဝင်းသူရလှိုင်၊ နန်းဆုရတီစိုး၊ ဝမ်း၊ အွန့်ဆိုင်းတို့နဲ့အတူ မင်္ဂလာမောင်နှံ

မိစန္ဒီ၊ သီရိဇ္ဇေ၊ ဆိမ့်ချစ်၊ ရေဗက္ကဝင်း၊ ရတနာမိုင်၊ ဆုပန်ထွာတို့နဲ့အတူ မင်္ဂလာမောင်နှံ

စင်မြင့်ပေါ်ရောက်တဲ့အခါ မင်္ဂလာရှမ်ပိန်ပုလင်းကို ပျော်ရွှင်စွာ ဖွင့်ဖောက်ဖို့ အနုပညာညီအစ်ကိုမောင်နှမများကို စင်ပေါ်ဖိတ်ခေါ်ခဲ့ပါသေးတယ်။ လင်းလင်းနဲ့ချစ်သုဝေတို့က သူတို့ရဲ့မင်္ဂလာပွဲကို ပျော်ရွှင်လွတ်လပ်စွာဖြတ်သန်းစေခဲ့တာပါ။ မင်္ဂလာကိတ်လှီး၊ ရှမ်ပိန်ပုလင်းတွေဖောက်ပြီးချိန်မှာ မင်္ဂလာမောင်နှံကကျေးဇူးတင်စကားများဆိုခဲ့ပါတယ်။ မင်္ဂလာဝတ်စုံဖန်တီးပေးကြတဲ့ ဒီဇိုင်နာမပုံ့(My Favourite)၊ မိုးကုတ်ပေါက်ပေါက်၊ ပြည့်စုံအောင်၊ ဆံပင်မိတ်ကပ်ဖန်တီးပေးတဲ့ ဒီဇင်ဘာနှင်း၊ ပန်းအလှလင်းလင်း၊ မင်္ဂလာပွဲအတွက် ဝိုင်းဝန်းပြင်ဆင်စဉ်းစားပေးကြသူများ၊ မွေးဖွားပေးခဲ့တဲ့ မိဘများကို ချစ်သုဝေက ကျေးဇူးတင်စကားဆိုရင်း မျက်ရည်ဝဲ၊ ငိုသံလည်း ပါခဲ့ပါသေးတယ်။

ကျေးဇူးတင်စကားများပြောအပြီးမှာ သတို့သမီးရဲ့လက်ကိုင်ပန်းပစ်တာကို ဖမ်းဖို့အပျိုတွေအတွက် သီး[...]သန့်၊ လူပျိုတွေအတွက် သီး[...]သန့်၊ စုံတွဲတွေအတွက် သီး[...]သန့်ဆိုပြီး ပြုလုပ်ခဲ့ပါတယ်[...] ဒါကလည်း ဧည့်သည်သူငယ်[...]ချင်းတွေ ပျော်ရွှင်နိုင်ဖို့ [...]ခဲ့တာပါ။ လင်းလင်းနဲ့ ချ[...]သုဝေတို့ရဲ့ မင်္ဂလာပွဲကို လာ[...]



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာကိတ်မုန့် ညှိုးဖြတ်ခဲ့ကြပါတယ်

ခြေတိုဦးနဲ့ ဆိုင်းခုံကျော်ဇင်

ဝေလှိုင်၊ မိမိနေမင်းဝင်း၊ ဘောဇိုတို့နဲ့တူ မင်္ဂလာမောင်နှံ

မီးငယ်နဲ့ ဖြိုးကြီး

လက်ထပ်စာချုပ်ကို လက်မှတ် ရေးထိုးနေတဲ့ လင်းလင်းနဲ့ ချစ်သုဝေ

လုံးလုံးနဲ့ မျိုးကြီး

ရောက်ကြသူတိုင်းကလည်း သူတို့ရဲ့အစီအစဉ်လေးတွေမှာ ပါဝင်ရင်းပျော်ရွှင်ခဲ့ကြပါတယ်။ လင်းလင်းနဲ့ ချစ်သုဝေတို့က စာနယ်ဇင်းတွေမပါဘဲ ချစ်သုဝေရဲ့ စိတ်ကူးထဲက Beach Partyကိုလည်း ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်က ချောင်းသာကမ်းခြေမှာပြုလုပ်ခဲ့ပါသေးတယ်။ မင်္ဂလာပွဲတွေကို ပျော်ရွှင်လွတ်လပ်စွာ ဆင်နွှဲခဲ့ကြတဲ့ မင်္ဂလာမောင်နှံတို့က ဩစတြေးလျကို ဟန်းနီးမွန်း ခရီးထွက်ဖို့ ပြင်ဆင်ထားတယ်လို့ သိရပါတယ်။

■

ခင်လေးမြင့်



မင်္ဂလာသတို့သား လင်းလင်းနဲ့
မင်္ဂလာသတို့သမီး ချစ်သုဝေ




www.burmeseclassic.com

www.burmeseclassic.com

စိန်ငွေးဗီဒီယိုထုတ်လုပ်ရေးအတွက်
ဒါရိုက်တာ ညီမင်းလွင်က
**မြို့ပြသတ်ကွင်း** ဆိုတဲ့
ဗီဒီယိုဇာတ်ကားကို
ရိုက်ကူးပေးထားပါတယ်။
**မြို့ပြသတ်ကွင်း** ဆိုတဲ့ နာမည်အတိုင်း
ဒီဇာတ်ကားက လျှို့ဝှက်သည်းဖို
ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။
ဒီဇာတ်ကားတစ်ကားလုံးကို
ပြင်ဦးလွင်မှာပဲ ရိုက်ကူးထားတာပါ။
နေအောင်ခနဲ့ သခွတ်ပန်းတို့က
လင်မယားပါ။ တစ်နေ့ နေအောင်ခ
ကားမောင်းရင်း ခေါင်းမူးတာကြောင့်
မိသားစုဆရာဝန်ထံ ဝင်ပြပါတယ်။
ဆရာဝန်ထံမှာ စစ်ဆေးမှုများ
လုပ်ခဲ့တာကြောင့် နောက်တစ်နေ့မှာ
သခွတ်ပန်းက ဆေးစစ်ချက်
သွားယူခဲ့ပါတယ်။ နေအောင်ခကို
နောက်ထပ် ၆ လပဲ နေရတော့မယ်လို့
-ဆရာဝန်က ပြောလိုက်တယ်လို့
သခွတ်ပန်းက ပြောပါတယ်။
အဲဒါကြောင့် နေအောင်ခက
မကြံစည်သင့်တဲ့အရာကို

# မြို့ပြသတ်ကွင်း

**ခင်လေးမြင့်**



ကြံစည်လိုက်ပါတော့တယ်။ ကြေးစား
လူသတ်သမားနဲ့တွေ့ပြီး ဘယ်နေ့မှာ
သူ့ကို သတ်ပေးဖို့ စရန်ငွေ
သိန်း ၂၀၀ ပေး လိုက်ပါတော့တယ်။
နေအောင်ခရဲ့ ကျန်းမာရေးအခြေ
အနေကိုသိတဲ့ သူငယ်ချင်းဖြစ်သူ
ရွှေနေ အောင်ကျော်က
မိတ်ဆွေဆရာဝန်ကြီးတစ်ဦးထံ
ပြသဖို့ ခေါ်သွားခဲ့ပါတယ်။
အောင်ကျော်ရဲ့ မိတ်ဆွေဆရာဝန်က
လန်ဒန်ကနေ မြန်မာနိုင်ငံကို
ခေတ္တရောက်ရှိချိန် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ထံ သွားပြစစ်ဆေးခံတဲ့အခါ နေအောင်ခမှာ ဘာရောဂါမှ မရှိဘူးဆိုတာ တိတိကျကျ သိခဲ့ရပါတယ်။ နေအောင်ခလည်း ဝမ်းသာပြီး လူသတ်သမားထံ မသတ်ဖို့ သွားပြောတဲ့အချိန်မှာပဲ လူသတ်သမားက ရန် ဖြစ်ပြီး အသတ်ခံလိုက်ရပါတယ်။ အဲဒါကြောင့် သူ့ကိုသတ်ဖို့ တာဝန်ပေးထားတဲ့သူကို မသိလိုက်ရတော့ပါဘူး။ ဒါကြောင့် လူသတ်သမားရဲ့တပည့်တွေကို နေအောင်ခ မေးတဲ့အခါ တပည့်တစ်ယောက်က သိရင်အကြောင်း ကြားပါ့မယ်လို့ ပြောလိုက်ပါတယ်။ အဲဒီလိုနဲ့ နေအောင်ခကိုသတ်မယ့်နေ့ ရောက်လာပါတယ်။ နေအောင်ခလည်း စိတ်လှုပ်ရှားနေတာကြောင့် သူငယ်ချင်းရဲ့ အကြံပေးချက်နဲ့ ရဲစခန်းမှာ အကူအညီ သွားတောင်းခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒုရဲအုပ် လင်းနိုင်က အကူအညီ ပေးနိုင်တယ်လို့ ပြောခဲ့ပါတယ်။ ဒုရဲအုပ် လင်းနိုင်က နေအောင်ခဆီ ဆက်သွယ်ပြီး လူရှင်းတဲ့နေရာကို ခေါ်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ လူသတ်သမားရဲ့ တပည့်က နေအောင်ခဆီ ဖုန်းဆက်ပြီး နေအောင်ခကိုသတ်ဖို့ ခိုင်းထားတဲ့လူရဲ့ ပုံစံကို ပြောပြပါတယ်။ လူသတ်သမားခိုင်းထားတဲ့ လူရဲ့ပုံစံက နေအောင်ခရဲ့ အနားမှာရှိနေတဲ့ ရဲအယောင်ဆောင် ထားတဲ့သူ ဖြစ်နေတာပါ။ ဒီလိုဖြစ်နေချိန်မှာပဲ ရဲအစစ်ရောက်လာတာ ကြောင့် လူသတ်သမားကို ဖမ်းမိခဲ့ပါတယ်။ နေအောင်ခ အိမ်ပြန် ရောက်အချိန် ဇနီးဖြစ်သူ သခွတ်ပန်းနဲ့ ရှိနေချိန်မှာပဲ မီသားစု ဆရာဝန်ဆီက






www.burmeseclassic.com

www.burmeseclassic.com

ဆင်လာပါတယ်။
စစ်ချက်အရ
အောင်ခမှာ
ရောဂါမှ မရှိကြောင်း
တာဖြစ်တဲ့အတွက်
တ်ပန်းရဲ့
လည်မှုကို
အောင်ခ
သွားခဲ့ပါတယ်။
အောင်ခကို သခွတ်ပန်း
ထပ်ခဲ့တာကလည်း
အစည်ရှိပါတယ်။
ကြံစည်မှုတွေ
မအောင်မြင်တာကြောင့်
နေအောင်ခ သောက်တဲ့
အရက်ထဲမှာ အဆိပ်တွေ
ခတ်ထားခဲ့ပါတယ်။
နေအောင်ခ အဆိပ်မိ
ထားတာကြောင့်
အသက်ဆက်ရှင်နိုင်ဦး
မလား၊ သခွတ်ပန်းရဲ့
အကြံအစည်တွေကို
သိသွားတဲ့ နေအောင်ခ
ဘာဆက်လုပ်မလဲ
ဆိုတာကိုတော့
မြို့ပြသတ်ကွင်း
ဇာတ်ကားရဲ့
အဆုံးသတ်မှာ
ပါဝင်ပါတယ်။
တစ်ဦးအပေါ်တစ်ဦး
နာကြည်းမှုများကို
အခြေတည်ပြီး
တုံ့ပြန်လက်စားချေမှုတွေဟာ
အဆုံးသတ်မရှိနိုင်တဲ့
သွေးနဲ့ရေးတဲ့
စက်ဝန်းများဖြစ်တယ်
ဆိုတာ ရည်ရွယ်ပြီး
ဒါရိုက်တာ ညီမင်းလွင်က
ရိုက်ကူးထားတာ
ဖြစ်ပါတယ်။
မြို့ပြသတ်ကွင်း
ဗီဒီယိုဇာတ်ကားမှာ
ပြေတီဦး၊ အိချောပို၊
ထက်လူ၊ ကိုကိုဦး၊
အံ့မင်းညို၊ ဘိုဘို၊
ဦးဝင်းမြိုင်၊ ဦးရွှေလမင်း
စတဲ့ သရုပ်ဆောင်များစွာ
ပါဝင်သရုပ်
ဆောင်ထားတာ
ဖြစ်ပါတယ်။
■
ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကတော့ သရုပ်ဆောင် မင်းသမီး သုံးဦးရဲ့ မင်္ဂလာလလို့ ပြောရမှာပါ။ သရုပ်ဆောင် မင်းသမီးတွေ ၂၀၁၄မှာမှ မင်္ဂလာပွဲတွေ စီစဉ်ဖြစ်ကြတဲ့ အထဲမှာမှ ဖေဖော်ဝါရီလ တစ်လတည်းမှာပဲ ရက်တွေတိုက်ပြီး စီစဉ်သလို ဖြစ်သွားခဲ့ကြပါတယ်။ ၂၀၁၄ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာတော့ သရုပ်ဆောင် မင်းသမီးသုံးယောက်ဖြစ်တဲ့ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဝိုင်းစုခိုင်သိန်းတို့က ရန်ကုန် မြို့ရှိ ဟိုတယ်သုံးခုမှာ မင်္ဂလာလက်မှတ်များ ရေးထိုးခဲ့ကြပါတယ်။ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ စစ်နိုင်နဲ့ သက်မွန်မြင့်တို့က မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးမှုနဲ့စုလျားရစ်ပတ် ထိမ်းမြားမှုတို့ကို ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ စစ်နိုင်နဲ့ သက်မွန်မြင့်တို့ ကျင်းပတဲ့ မင်္ဂလာ နေရာက ကန်တော်ကြီးပဲလေ့စ်ဟိုတယ်ဝင်းထဲက မြ သစ်စားသောက်ဆိုင်မှာ မြ လုပ်တာဖြစ်တဲ့ အတွက် မနက်ပိုင်းနေ အရမ်းမပူအောင် မနက် ၇ နာရီမှာ မင်္ဂလာ



မင်္ဂလာမောင်နှံတို့အတွက် ဘိသိက်သွန်းလောင်းမယ့်အစီအစဉ်ကို မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာအတိုင်း ကျင်းပခဲ့ပါတယ်



မင်္ဂလာမောင်နှံတို့အတွက် စုလျားရစ်ပတ်နေစဉ်



တရားသူကြီး ရှေ့မှောက်မှာ လက်မှတ်ရေးထိုးကြတဲ့ မင်္ဂလာမောင်နှံ



အပြုံးချင်းပြိုင်နေတဲ့ စစ်နိုင်နဲ့ သက်မွန်မြင့်



နှစ်ဖက်မိဘများနဲ့ မင်္ဂလာမောင်နှံ



မှတ်တမ်းဓာတ်ပုံရိုက်ကူးပေးကြတဲ့ ဓာတ်ပုံဆရာများနဲ့ မင်္ဂလာမောင်နှံ

ဓာတ်ပုံ - စိတ်ကူးအောင်၊ လင်းနိုင်ဦး၊ ခင်လေးမြင့်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာမော်ကွန်းတွင် လက်မှတ်ရေးထိုးခဲ့ကြပါတယ်



မင်္ဂလာသတို့သား သာကောင်းနဲ့
မင်္ဂလာသတို့သမီး မယ်လိုဒီတို့ ကတိသစ္စာပြုကြစဉ်



မင်္ဂလာမောင်နှံနဲ့အတူ
ဒါရိုက်တာ ညီညီထွန်းလွင်နဲ့ ဒါရိုက်တာ ထွန်းအောင်ဇော်



ရေဗက္ကာဝင်းတို့မောင်နှံနဲ့အတူ...



မင်္ဂလာသတို့သား သာကောင်းနဲ့
မင်္ဂလာသတို့သမီး မယ်လိုဒီ

ပြုလုပ်ခဲ့တာပါ။ ကျင်းပတဲ့နေရာက နည်းနည်းကျဉ်းတာကြောင့်ရယ်၊ စုလျားရစ်ပတ်ကို အမြန်ဆုံးဖြစ်အောင် စီစဉ်ကြရတာကြောင့် ဧည့်သည်တော်တော် များများ မဖိတ်ခဲ့ပါဘူး။ စစ်နိုင်နဲ့ သက်မွန်မြင့်တို့ရဲ့ မင်္ဂလာပွဲအစီအစဉ်မှာ ဦးသိန်းလှမော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာအတိုင်း ကျင်းပခဲ့တာဖြစ်တဲ့အတွက် ဗီသုကာအသင်းဥက္ကဋ္ဌ ဦးမောင်သော်နဲ့ ဇနီးတို့က ဦးဆောင်ပြီးမင်္ဂလာဘိသိက်သွန်းလောင်းပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ရန်ကုန်တိုင်းတရားသူကြီး ဒေါ်အေးအေးခိုင်ရဲ့ ရှေ့မှောက်မှာ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးခဲ့ကြပါတယ်။ မြန်မာတို့... ထုံးတမ်းစဉ်လာအရ မင်္ဂလာ... ဘိသိက်သွန်းလောင်းမှု ... လုပ်တာဖြစ်သလို စုလျား... ပတ်က နှစ်ဦးသားဘဝ... ရာသက်ပန် ခိုင်မြဲဖို့... ချည်နှောင်ကြတဲ့သဘော...

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာသတို့သား သာကောင်းနဲ့ မင်္ဂလာသတို့သမီး မယ်လိုဒီတို့ မင်္ဂလာခန်းမထဲ ဝင်ရောက်လာစဉ်



မင်္ဂလာလက်စွပ် ဆင်မြန်းနေစဉ်



ဆုပန်ထွာနဲ့ ချစ်စနိုးဦးတို့ နှုတ်ဆက်နေတဲ့ မင်္ဂလာမောင်နှံ

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ခဲ့ကြသူများ

မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ခဲ့ကြသူများ

လူမင်းနဲ့ ခင်စံပယ်ဦး

နေတိုး

မေသန်းနုနဲ့ ရန်အောင်

ကိုဇေနဲ့ နန္ဒာလှိုင်

ခိုင်သင်းကြည်နဲ့ ကိုခန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com


မင်္ဂလာပရိသတ်များကို
လက်အုပ်ချီမိုးဂါရဝပြုနေတဲ့ မင်္ဂလာမောင်နှံ



မင်္ဂလာသတို့သား ဥက္ကာမြင့်ကြူနဲ့
မင်္ဂလာသတို့သမီး ဝိုင်းစုခိုင်သိန်း


တရားသူကြီး ရှေ့မှောက်မှာ
မင်္ဂလာသတို့သား ဥက္ကာမြင့်ကြူ
လက်မှတ်ရေးထိုးခဲ့ပါတယ်


မင်္ဂလာသတို့သမီး ဝိုင်းစုခိုင်သိန်း
လက်မှတ်ရေးထိုးနေစဉ်



အသိသက်သေများနဲ့ မင်္ဂလာမောင်နှံတို့အမှတ်တရ

လည်မှုတွေကိုယ်စီနဲ့ အားနည်းချက်၊ အားသာချက်တွေ ပြည့်ဆည်းရင်း ဘဝလမ်းကို လျှောက်သွားကြမှာပါလို့ ဝိုင်းစုခိုင်သိန်းက ဆိုပါတယ်။ ဥက္ကာမြင့်ကြူနဲ့ ဝိုင်းစုခိုင်သိန်းတို့က မင်္ဂလာဦးဆွမ်းကျွေးကို ၂၀၁၄ ဖေဖော်ဝါရီ လ ၁၀ ရက် မနက်က ရန်ကုန်မြို့ရှိ အင်းလျားကန်ဖျားကျောင်းတိုက်မှာ ပြုလုပ်ခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၇ ရက်မှာ ကျင်းပတဲ့ နောက်ထပ်မင်္ဂလာပွဲက သာကောင်းနဲ့ မယ်လိုဒီတို့ရဲ့ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲပါ။ သူတို့ကတော့ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ် အင်းလျားခန်းမမှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သာကောင်းနဲ့ မယ်လိုဒီတို့ရဲ့ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲမှာ မင်္ဂလာသဘင် နာယကအဖြစ် ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ် တရားသူကြီး ဦးဝင်းဖော်ညွှန့်က ဆောင်ရွက်ပေးခဲ့ပါတယ်။ မင်္ဂလာအသိသက်သေများအဖြစ် ဦးစံသာနဲ့ ဒေါ်ဏီဏီသန္တာတို့က ဆောင်ရွက်ပေးခဲ့ကြပါ။ သာကောင်းနဲ့ မယ်လိုဒီတို့က ဖေဖော်ဝါရီလ ၈ ရက်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဦးဆွမ်းကျွေးအလှူအဖြစ်
တရားတော်နာယူပြီး ရေစက်သွန်းချအလှူဒါနပြုခဲ့ကြတဲ့ မင်္ဂလာမောင်နှံ



တေးသံရှင် အိမ့်ချစ်နဲ့ မင်္ဂလာမောင်နှံ



တေးသံရှင် သားစိုးနဲ့ မင်္ဂလာမောင်နှံ

www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံ



ဝတ်မှုံရွှေရည်



ရေဗက္ကဝင်း

www.burmeseclassic.com

www.burmeseclassic.com



နှင်းမြင့်လွင်


အိန္ဒြာကျော်ဇင်

နေ့ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၊ မင်္ဂလာခန်းမမှာ မင်္ဂလာဧည့်ခံပွဲပြုလုပ်ခဲ့ပါတယ်။ သာကောင်းနဲ့ မယ်လိုဒီတို့ရဲ့ မင်္ဂလာဧည့်ခံပွဲမှာ ရတနာပုံက မင်္ဂလာပန်းကြဲအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ အွန်ဆိုင်းက အောင်မင်္ဂလာစံပယ်ပန်းကုံးများ သယ်ဆောင်ပေးခဲ့ပါတယ်။ စံသာရတနာက မင်္ဂလာလက်စွပ်ဗန်းကို ကိုင်ဆောင်ပေးခဲ့တာပါ။ သတို့သားအရံများအဖြစ် ထွန်းကိုကို၊ အောင်မင်းခန့်၊ နေဝင်း (သရုပ်ဆောင် ကျော်ဟိန်းသား)၊ ချမ်းမြေ့ညီညီ၊ ထက်ကောင်းတို့က ဆောင်ရွက်ပေးခဲ့ပြီး သတို့သမီးအရံများအဖြစ် အေးမြတ်သူ၊ စိုးပြည့်သဇင်၊ ဂုဏ်ရည်အေးကျော်၊ ယုသန္တာတင်၊ နန်းခင်ဇေယျာတို့က ဆောင်ရွက်ပေးခဲ့ပါတယ်။

သရုပ်ဆောင် မင်းသမီးများဖြစ်တဲ့ ပိုင်းစုခိုင်သိန်းနဲ့ သက်မွန်မြင့်တို့က ၂၀၁၄ ဖေဖော်ဝါရီလ ၁၄ ရက် ချစ်သူများနေ့မှာတော့ အားလုံးအတွက် မှတ်မှတ်ရရဖြစ်ဖို့ မင်္ဂလာပွဲများ ပြုလုပ်ခဲ့ပါသေးတယ်။ ပိုင်းစုခိုင်သိန်းက ဖေဖော်ဝါရီလ ၁၄ ရက် မနက်မှာ ဆီဒိုးနားဟိုတယ်မှာ ဆုလျှားရစ်ပတ်၊ ညပိုင်းမှာ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ ညစာစားပွဲပြုလုပ်မှာ ဖြစ်ပါတယ်။ သက်မွန်မြင့်ကတော့ ချစ်သူများနေ့မှာပဲ ပြည်သူ့ရင်ပြင်မှာ မင်္ဂလာညစာစားပွဲကို လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြတာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




မြန်မာရုပ်သံဇာတ်လမ်းတွဲစခ်စခ်

**မိုးကျော်ထွန်း**

မြန်မာနိုင်ငံမှာ ပထမဦးဆုံး ကြည့်ဖူးတဲ့ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ပြောပါဆိုရင် မြဝတီရုပ်မြင်သံကြားအစီအစဉ်မှ တစ်ပိုင်းတစ်စထုတ်လွှင့်ခဲ့ဖူးတဲ့ ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ရဲ့ဇာတ်လမ်းတွဲပါပဲ။ မြန်မာရုပ်သံဇာတ်လမ်းတွဲအဖြစ် ပရိသတ်များက စောင့်ကြည့်နေဆဲမှာပဲ ဇာတ်လမ်းစိစစ်ရေးက ပိတ်ပင်မှုကြောင့် ရပ်ဆိုင်းသွားခဲ့ရပါတယ်။ ပွင့်လင်းမြင်သာတဲ့ ဒီနေ့ခေတ်မှာ ရုပ်မြင်သံကြားအသံလွှင့်ဌာနတွေ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပေါ်များလာတာနဲ့ အမျိုး ကိုရီးယား ဇာတ်လမ်းတွဲတွေ ကကြီးစိုးနေတာကြောင့် မြန်မာကားများကို ချစ်မြတ်နိုးတဲ့ပရိသတ်များက မြန်မာဇာတ်လမ်းတွဲတွေကိုမျှော်လင့်ကြပါတယ်။ MRTV-4 က ဇာတ်လမ်းတွဲ နှစ်ခုသုံးခုလောက် ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ပရိသတ်ကို ဖမ်းယူနိုင်စွမ်းကတော့ အားနည်းပါတယ်။ အခုတစ်ခါ MRTV-4 ကပဲ ထုတ်လွှင့်ဖို့ **ထာဝရမန္တလေး** ဆိုတဲ့ ဇာတ်လမ်းတွဲကို ဒါရိုက်တာ ငြိမ်းမင်းက ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ တာဝန်များကို ထမ်းဆောင်ပြီး ရိုက်ကူးခဲ့တာ လုံးဝပြီးစီးသွားပြီမို့ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ စတင်ကာ ထုတ်လွှင့်ပြသနေပြီဖြစ်ပါတယ်။

**ထာဝရမန္တလေး** ကို တာဝန်ယူတင်ဆက်ပေးခဲ့တဲ့ ဆရာ ငြိမ်းမင်းနဲ့ တွေ့ဆုံမေးမြန်းဖြစ်တာများကို ရွှေအမြုတေ ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။ □

**ကိုငြိမ်းမင်း** **'ထာဝရ မန္တလေး'ကို တာဝန်ယူရိုက်ကူးဖြစ်သွားတာနဲ့ပတ်သက်ပြီး အရင်ပြောပြပေးပါလား။**

**ထာဝရမန္တလေး** ကို ကျွန်တော် ပထမ တာဝန်ယူစဉ်ကတော့ ဇာတ်ညွှန်းအပိုင်းပဲ တာဝန်ယူခဲ့တာပါ။ MRTV-4 မှာ ကျွန်တော်က Script Consultant တာဝန်ယူထားတာဖြစ်တော့ ဇာတ်ညွှန်းပိုင်းတွေက ကျွန်တော့်တာဝန် ဖြစ်လာတာပေါ့။ ကျွန်တော့်အမျိုးသမီးက အိန္ဒိယမှာ ကျောက်ကပ်သွားလဲဖို့ ဖြစ်လာတော့ ကျွန်တော်လိုက်သွားရမယ်။ ဟိုမှာ အချိန်တော်တော်ကြာကြာ ရနိုင်တာမို့ အလုပ်ယူသွားမယ် ဆိုတော့ စာမျက်နှာ ၃ ချက်နှာပါတဲ့ ဇာတ်အကျဉ်းချုပ်ကလေးတစ်ခု ရလိုက်တယ်။ အဲဒါက **ထာဝရမန္တလေး** ဖြစ်လာမယ့်ဇာတ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သူ့ဇာတ်အကျဉ်းကတော့ အဘိုးတစ်ယောက်က မြေးတစ်ယောက်ကို စာတစ်စောင်ပေးခဲ့တယ်။ လူတစ်ယောက်ကို ရှာပြီး ပေးရမယ့်စာပါ။ သူတောင်းပန်စရာရှိတဲ့အတွက် မတွေ့တွေ့အောင် ရှာပြီးပေးပါလို့ ပြောထားတယ်။ သူ့ဇာတ်အကျဉ်းမှာပါတာကတော့ မြန်မာနိုင်ငံအနှံ့အပြားပါတယ်။ ကျိုက်ထီးရိုးလိုနေရာမျိုးတောင်ပါသေးတယ်။ အစီကရည်ရွယ်ချက်ကတော့ ကမ္ဘာလှည့်ခရီးသွားတွေကို မြန်မာနိုင်ငံရဲ့အလှအပတွေပြ ချင်တဲ့သဘောပါပဲ။ ဒါပေမဲ့ သူ့ဇာတ်မှာက ထိုင်းအငွေ့ အသက်တွေ တဲ့အတွက် ဦးပိန်တံတား



ပေါ်မှာ သေနတ်တွေ ပစ်ကြခတ်ကြတဲ့ အခန်းတောင်ပါတယ်။ ကျွန်တော်က ဒါကတော့ မဖြစ်နိုင်ဘူး။ Theme ကိုတော့ ကျွန်တော် ကြိုက်ပါတယ်။ မစ္စတာဘာရိုင်ယန်ရဲ့ Theme မပျက်အောင် ကျွန်တော် ကြိုက်သလို ပြင်ပါရစေဆိုတော့ သူကလည်း သဘောတူတယ်။ အဲဒီမှာ ကျွန်တော် သိလိုက်တာက မစ္စတာဘာရိုင်ယန်ဟာ ဇာတ်ညွှန်းတတ်တယ်ဆိုတာပါပဲ။ ဇာတ်ညွှန်းတတ်တဲ့သူဆိုတော့ဇာတ်ညွှန်းကောင်းကိုလည်း သူကြိုက်တယ်ပေါ့။ ကျွန်တော်က ဒီလိုဒီလိုပြင်မယ်ဆိုတော့ သူက သဘောကျတယ်။ ခင်ဗျားနဲ့ကျွန်တော် Chemistry တည့်တယ်လို့ ဆိုတယ်။ သူ ပြောတဲ့စကားထဲမှာ ကျွန်တော် ကြိုက်တာက ဇာတ်လမ်းထဲမှာ ဗီလိန် ထည့်ချင်ထည့်ပါ။ ဒါပေမဲ့ အသားလွှတ်ဆိုးနေတာမျိုးချည်းတော့ မကြိုက်ဘူး။ လူတွေ ဆိုးတယ်ဆိုတာက သူ့အကြောင်းနဲ့သူ ရှိပါတယ်တဲ့။ အဲဒါကို ကျွန်တော် သဘောကျသွားတယ်။ ဒါနဲ့ကျွန်တော် အိန္ဒိယကို ယူသွားတယ်။ အဲဒီမှာ ကျွန်တော်ကတစ်လလောက်ကြာတာကိုး။ နေရတဲ့ အချိန်အတောအတွင်းမှာ ကျွန်တော်က နှစ်ခု စဉ်းစားရတယ်။ တစ်ခုကဗိုလ်ချုပ်အောင်ဆန်းဇာတ်၊ နောက်တစ်ခုကတော့ ထာဝရမုန့်လေးပေါ့။ တကယ်တမ်းပြောရရင်တော့ ဗိုလ်ချုပ်အောင်ဆန်း ဇာတ်အတွက် အချိန်ပေးရတာကများပါတယ်။ ပိုတဲ့အချိန်ကျမှ ထာဝရမုန့်လေးကို စဉ်းစားခဲ့တာပါ။ အဲဒီမှာ တည်ရုံလောက်ပဲရခဲ့ပါတယ်။ သူ့ဇာတ်မှာ အားနည်းချက်ရှိတာက အဘိုးအဘွားတွေနဲ့ မြေးတွေရဲ့ဇာတ်ပဲပါတယ်။ အလယ်က အဖေအမေဇာတ်က ပျောက်နေတယ်။

ကျွန်တော် ဇာတ်ကို တည်နေတဲ့အချိန်မှာပဲ ရန်ကုန်ကနေ ဖုန်းရတယ်။ ပထမ ရိုက်ဖို့ စဉ်းစားထားတဲ့ ဒါရိုက်တာက မရိုက်ဖြစ်တော့ဘူး။ ဒုတိယတစ်ယောက်နဲ့ တည်ထားတယ်။ ဒီဒါရိုက်တာကလည်း ဆရာ့ဇာတ်ကိုပဲ အားကိုးပါတယ်လို့ ပြောတဲ့အတွက် ကျွန်တော် တာဝန်ပိုကြီးသွားတာပေါ့။

ကျွန်တော် အိန္ဒိယကို ရောက်နေတဲ့အချိန်မှာ ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် အိန္ဒိယရုပ်ရှင်လုပ်ငန်းရဲ့ဇာတ်လမ်းရုပ်ရှင် နှစ်တစ်ရာပြည့်ပွဲတော် ကျင်းပနေတယ်။

အဲဒီမှာ သူတို့က ဘာပြောနေသလဲဆိုတော့ လက်ရှိမင်းသားတွေဟာ အိန္ဒိယရုပ်ရှင်အတွက် သူရဲကောင်းတွေ မှန်ပါတယ်။ ဒါပေမဲ့ အိန္ဒိယရုပ်ရှင်ဈေးကွက်က ကြီးမားကျယ်ပြန့်ပြီး Demand များသလောက် Supply က မလိုက်နိုင်ဘူး ဖြစ်နေတယ်။ ဒီတော့ နောက်ထပ် သူရဲကောင်းတွေ ပေါ်ထွက်ဖို့ဆိုတာ ဇာတ်လမ်းကောင်းဇာတ်ညွှန်းကောင်းတွေ လိုအပ်တယ်။ အဲဒီမှာ သူတို့က Script is a New Hero "ဇာတ်ညွှန်းသည် သူရဲကောင်းအသစ်" ဆိုတဲ့စကားကို ထည့်သွင်းပြောလာကြတယ်။ အဲဒီကာလမှာ သတင်းစာ၊ ဂျာနယ်တွေကလည်း ဆောင်းပါးတွေ ရေးလာကြတယ်။ ရှာရှုတ်ခန်ကြ ဘယ်လောက်ပဲ တော်တော်၊ တစ်နှစ်မှာ တစ်ကား နှစ်ကားလောက်ပဲ ထွက်နိုင်တယ်။ တစ်ခါတလေမှာ တစ်ကားမှ မထွက်ဘူး။ အဲဒီတော့ သိပ်နာမည်မကြီးတဲ့ သရုပ်ဆောင်တွေကို ဇာတ်ညွှန်းကောင်းတွေနဲ့ ရိုက်တဲ့အခါမှာ ပရိသတ်က စိတ်ဝင်စားလာတယ်ဆိုတာကို သူက ရုပ်ရှင်ကားတွေ နမူနာပြပြီး ရေးလာတယ်။ သူ ပြောတဲ့ ကားတွေကို ကျွန်တော် လိုက်ရှာတော့ တချို့ကားတွေလည်း ရပါတယ်။

အဲဒီမှာ ကျွန်တော် လေ့လာလို့ရသလောက်ကတော့ အိန္ဒိယရုပ်ရှင်မှာ ဒီနေ့ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို ရုပ်ရှင်အဖြစ် ဖန်တီးလာကြတာ တွေ့ရတယ်။ နာမည်ကြီးမင်းသားတွေကတော့ ပရိသတ် အံ့ဩမှင်တက်မိလောက်တဲ့ ဇာတ်လမ်းတွေကို ရိုက်နေကြတယ်ဆိုပေမဲ့ လက်တွေ့ဘဝတွေနဲ့ ကင်းကွာနေတယ်။ အဲဒီမှာ နိုင်ငံခြားက လာပြီးတော့ Slam Dog လိုဇာတ်ကားမျိုး ရိုက်ပြလိုက်တယ်။ ဒီကားက ဒီနေ့ အိန္ဒိယနိုင်ငံရဲ့လက်ရှိအခြေအနေကို ထင်ဟပ်ပြလိုက်တာပဲ။ ဒီကား ထွက်လာတော့မှ အိန္ဒိယရုပ်ရှင်သမားတွေကလည်း ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ထင်ဟပ်ပြတဲ့ ဇာတ်လမ်းတွေ ရိုက်လို့ရတယ်ဆိုတာ မြင်လာတယ်။ အရမ်းသဘောကျဖို့ ကောင်းတယ်။ ဆိုကြပါစို့ဗျာ အင်မတန်ချမ်းသာတဲ့သူဌေးလင်မယားက သားသမီး မထွန်းကားကြဘူး။ သားသမီးရအောင် သူများရဲ့သုက်ပိုးကို ယူရမယ်။ တွေ့ကရာလူရဲ့ သုက်ပိုးကိုလည်း ယူလို့မရဘူး။ ရုပ်ချောရမယ်၊ ပညာတတ်ရမယ်၊ ဉာဏ်ရည်ထက်ရမယ် စသဖြင့်ပေါ့ဗျာ။ အဲဒီတော့ ဆရာဝန်က ဒီလိုလူမျိုးကို ရှာတယ်။ မင်းသားချောချောလေးတွေ သုံးလို့ရတာပေါ့ဗျာ။ ဆရာဝန်က ဒီ ရုပ်ချောချောလူဆီက သုက်ပိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ရောင်းမလားဆိုတဲ့အခါ ဟိုလူကလည်း ခင်ဗျား အရူးလား ဘာညာနဲ့ လက်မခံဘူးပေါ့ဗျာ။ အဲဒီလိုဇာတ်တွေ ဖန်တီးလာကြတယ်။ သူတို့ စဉ်းစားတာ နည်းလမ်းမှန်တယ်။ ပြည်သူလူထုရဲ့ ဒီနေ့ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်အမှန်တွေကို ရုပ်ရှင်က ထင်ဟပ်ပြတာပဲ။ သူတို့နဲ့ ဆက်စပ်ပြီး ကျွန်တော်က မြန်မာရုပ်ရှင်ကို စဉ်းစားကြည့်တယ်။ အချစ်ကား မရိုက်ရဘူးလားဆိုတော့ ရိုက်တော့ ရိုက်ရပါတယ်။ ဒါပေမဲ့ ရှင်မွေးလွန်း၊ မင်းနန္ဒာလို အချစ်ကားမျိုးကတော့ ဒီခေတ်မှာ အံမဝင်တော့ဘူး။ ရိုမီယို၊ ဂျူးလိယက်လိုမျိုး အချစ်အတွက် အသက်ပင်သေသေဆိုတဲ့ဟာမျိုးက ဒီနေ့ မဖြစ်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ လက်တွေ့ လူနေမှုဘဝမှာ စိန်ခေါ်မှုတွေက အရမ်းကြီးမားလာပြီ။ ဒီတော့ အချစ်ထက် အရေးကြီးတဲ့ အရာတွေ အများကြီးရှိတယ်။ ဘဝရဲ့အောင်မြင်မှုတွေ၊ စိန်ခေါ်မှုတွေ ဒါတွေက အရေးကြီးနေပြီ။ ဒီတော့ ဒီနေ့ခေတ်လူငယ်တွေ အချစ်အပေါ်မှာ ထားရှိတဲ့ ခံယူချက်၊ ဟိုတုန်းက လူတွေ အချစ်ပေါ်မှာ ထားရှိတဲ့ ခံယူချက် မတူနိုင် ကြတော့ဘူး။ အဲဒီစိတ်ကူးလေး ကျွန်တော် ရလိုက်တယ်။

ရန်ကုန်ပြန်လာတဲ့အချိန်မှာ ကျွန်တော် ဇာတ်ကျောရိုးကို ရလိုက်ပြီ။

ကျွန်တော် ရန်ကုန်ပြန်ရောက်တဲ့အချိန်မှာ ဒုတိယဒါရိုက်တာကလည်း မရှိက်ဖြစ်တော့ဘူး။ ကျွန်တော့်ဘက်က ဇာတ်လမ်းရနေပြီ။ အပိုင်း ၂၀ ရိုက်မယ်ပေါ့။ ဒါပေမဲ့ ရိုက်မယ့်ဒါရိုက်တာက မရှိဘူးဖြစ်နေတယ်။ သင့်တော်မယ့်ဒါရိုက်တာ ရှာဦးမယ်ဆိုပြန်တော့ မစ္စတာဘရိုင်ယန်နဲ့ ဦးဝင်းမော်တို့က ဒီဇာတ်ညွှန်းကို ဆရာပဲ အသိဆုံး ဖြစ်နေတဲ့အတွက် ရှာမနေပါနဲ့တော့ ဆရာပဲ ရိုက်လိုက်ပါလို့ တိုက်တွန်းကြတယ်။ ပထမတစ်ယောက်တုန်းကလည်း ဆရာ ရှင်းပြပြီး တော်တော်နားလည်ပြီးမှ ထွက်သွားတယ်။ ဒုတိယတစ်ယောက်ကလည်း ဒီလိုပဲ နားလည်ပြီးမှ ထွက်သွားတာဆိုတော့ နောက်ထပ်တစ်ယောက် ထပ်ခေါ်မယ်ဆိုရင် အစကတည်းက မပါတဲ့သူကို အစအဆုံး ပြန်ရှင်းပြရလိမ့်မယ်။ ဒါကြောင့် ဆရာပဲ လုပ်ပါလို့ တိုက်တွန်းကြတယ်။

ကျွန်တော်ကလည်း ဘာစဉ်းစားသလဲဆိုတော့ မြန်မာဇာတ်လမ်းတွဲဆိုရင် ပရိသတ်ကလည်း အထင်သေးကြတယ်။ ကျွန်တော်တို့ဘက်ကလည်း မှားပြီးရင်း မှားရင်း အမှားတွေနဲ့ပဲ ခေါက်ရိုးကျိုးနေကြတယ်။ ဒီတစ်ခုကို ကျွန်တော် လုပ်ပြနိုင်ရင် မြန်မာဇာတ်လမ်းတွဲအပေါ်မှာ ပရိသတ် စိတ်ဝင်စားလာနိုင်လိမ့်မယ်လို့ တွေးမိတယ်။ ဘေးကနေ ထိုင်ပြောနေတာနဲ့စာရင် ကိုယ်တိုင်လုပ်တာက ပိုပြီးထိရောက်လိမ့်မယ်လို့ ထင်တယ်။

ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်က ဒါရိုက်တာ မလုပ်တာ ဘယ်လောက်ကြာပြီလဲ။ ဒီနေ့ မြန်မာဗီဒီယိုလောကမှာ ဒါရိုက်တာဆိုတာက ရိုက်ကွင်းရဲ့ဘုရင် မဟုတ်ဘဲ ရိုက်ကွင်းရဲ့ကျွန်ဖြစ်နေတယ်။ အနုပညာကိစ္စကလွဲရင် ကျန်တာအားလုံးကို ဒါရိုက်တာက လုပ်နေရတယ်။ ကျွန်တော်တို့က ဖြစ်သလို လုပ်နေတာ မဟုတ်ပါဘူး။ မဖြစ်ဖြစ်အောင် လုပ်နေကြရတာပါ။ ကားကောင်းအောင် ရိုက်လို့မရနိုင်ဘူး၊ ကားပြီးအောင် ရိုက်ဖို့က အဓိကဖြစ်နေတယ်။ သူတို့နဲ့ လုပ်မယ်ဆိုရင်တော့ ဒါရိုက်တာတစ်ယောက်အနေနဲ့ ထမင်းစရိတ်သက်သာတဲ့နေရာ ရှာတာတို့၊ ဟိုတယ်ကောင်းကောင်းရှာရမယ့်အစား အလကားတည်းနိုင်မယ့် ဘုန်းကြီးကျောင်း ရှာတာတို့ လုပ်စရာမလိုတော့ဘဲ အနုပညာသက်သက်ကိုသာ လုပ်ခွင့်ရမယ်၊ ကျွန်တော်က အပြင်ဗီဒီယိုကားတွေအတွက် ဇာတ်ညွှန်းရေးပေးတာတော့ ရှိပါတယ်၊ ဇာတ်ညွှန်းရေးတဲ့သူပဲ ဖြ တဲ့အတွက် အစော်ကားခံ ရင်တောင် သက်သာတယ် ပေါ့ဗျာ။ ဒါကြောင့်လည်း ကျွန်တော် အပြင်မှာ မရိုက် ဖြစ်တာပါ။

အပြင်ဒါရိုက်တာတွေ လုပ်နေရတဲ့အလုပ်ကို ဘာ လုပ်စရာမလိုဘဲ သရုပ်ဆောင် တွေကို သင်ကြားပြသပေး သက်သက်သာ လုပ်ရမှာ တဲ့အတွက် ကျွန်တော် စိ ဝင်စားသွားပါတယ်။ အဓိ ကတော့ ကလေးတွေပါပဲ။ ကလေးတွေကို ကျွန်တော် နှစ်လခွဲသုံးလလောက် လေ့ကျင့်ပေးထားတယ်။ သူ ကို လေ့ကျင့်ပေးနေရင်း ဘယ်သူကတော့ ဘာ တယ်ဆိုတာကို ကျွန်တော် လေ့လာထားပြီးပြီ ဒါ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဘယ်ဇာတ်ရုပ်မှာ ဘယ်သူ့ကို ထားရင် ရမယ်ဆိုတာကိုလည်း သိပြီးပါပြီ။ ဒီကလေးတွေကို ဦးဆောင်ပေးမယ့်သူ မရှိရင် သူတို့လေးတွေ ဒုက္ခရောက်တော့မှာပဲလို့လည်း ကျွန်တော်တွေးမိတယ်။ ကျောင်းဆရာဒိတ်ပေါ့ဗျာ။ အဲဒီစိတ်ကြောင့် **ဘာဝရမန္တလေး** ကို ဒါရိုက်တာအဖြစ် ရိုက်ဖြစ်သွားခဲ့တာပါပဲ။

**ဆရာက လေ့ကျင့်ပေးနေခဲ့ကတည်းက အရည်အချင်းတွေကို သိထားပြီးဖြစ်လို့ သင့်တော်တဲ့ ဇာတ်ရုပ်နေရာတွေမှာ ချထားခဲ့တယ်ဆိုတော့ လက်တွေ့ရိုက်တဲ့နေရာမှာရော ရာနှုန်းပြည့်စိတ်တိုင်းကျရဲ့လား။**

၆၀ ရာခိုင်နှုန်းလောက်တော့ စိတ်တိုင်းကျပါတယ်။ ဆရာ ဦးဝင်းဖေ (ဒါရိုက်တာဝင်းဖေ)ကတော့ ပြောဖူးတယ်။ ၃၀ ရာခိုင်နှုန်းရရင်ကို တော်တော်ကောင်းနေပြီတဲ့။ ကျွန်တော့်ကလေးတွေကတော့ ၆၀ ရာခိုင်နှုန်းလောက်ထိ ရတယ်လို့ ထင်ပါတယ်။ နိုင်ငံတကာပေတံနဲ့ တိုင်းလို့တော့ မရဘူးလေ။ သူတို့ဆီမှာက ဇာတ်တစ်ဇာတ်အတွက် နှစ်နဲ့ချီပြီး လေ့ကျင့်ကြတယ်။ ကျွန်တော်တို့ကတော့ လေ့ကျင့်ချိန် လပဲရှိပါတယ်။ ကလေးတွေကလည်း ကြိုးစားပါတယ်။ အရေအတွက်အားဖြင့် ပြောရမယ်ဆိုရင် ၉၀ ရာခိုင်နှုန်းလောက်က ကျွန်တော်တို့ရွေးချယ်ခဲ့တာ မှန်ကန်တယ်လို့ ဆိုရမယ်။ သရုပ်ဆောင်တာကတော့ ၆၀ ရာခိုင်နှုန်းအထိပေါ့။ အားလုံးထဲမှာ အားနည်းတာ တစ်ယောက်နှစ်ယောက်လောက်ပဲ ရှိပါတယ်။ ဒါလည်း လုပ်ရင်းနဲ့တော့ ဖြစ်သွားမှာပါ။ ဒီခေတ်လူငယ်တွေက ပါးနပ်မှုတော့ ရှိကြတယ်။ ကြိုးစားအားထုတ်မှုရှိတယ်။

အသစ်တွေနဲ့ ရိုက်ရတာ ကျွန်တော် သဘောကျတာ တစ်ခုတော့ ရှိတယ်။ အဲဒါကတော့ ကျွန်တော်တို့ အပြင်မှာ ဇာတ်ညွှန်းရေးပေးပေမဲ့ သရုပ်ဆောင်တွေက ဇာတ်ညွှန်းကို အပြည့်ကျက်ဖို့က ခက်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်က မကျက်တဲ့သူကို အပြစ်တော့ မတင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဇာတ်ညွှန်းတွေကလည်း ကြိုပေးထားနိုင်တာ မဟုတ်ဘူးလေ။ တစ်နေ့ကို ဘယ်နှဆင်းနဲ့ပြီးအောင် ရိုက်ရမယ်ဆိုတာက ခေါင်းထဲမှာ ဝင်နေတဲ့အတွက် ဒိုင်ယာလော့ခ်အားလုံးရဖို့ဆိုတာ ခဲယဉ်းပါတယ်။ အဲဒီမှာ ဘာပေါ်လာသလဲဆိုတော့ စာကို မကျက်နဲ့ အဓိပ္ပာယ်ကိုသာ ရအောင်ကျက် ဖြစ်လာတယ်။

နောက်တစ်ခု ဘာဖြစ်လာသလဲဆိုတော့ ဇာတ်ညွှန်းရေးဆရာ ရေးတာက စာဆန်တယ်။ တို့က လူလို ပြန်ပြောမယ် ဖြစ်လာတယ်။ ဟိုတုန်းက ဒါရိုက်တာ ဦးအောင်လင်းတို့က ‘လူလိုစကားပြောမယ်’ ဆိုတာမျိုးပေါ့။ ဒါကို ကျွန်တော်ကတော့ တစ်ဝက်ပဲ သဘောတူတယ်။ ဘာကြောင့်လဲဆိုတော့ ဇာတ်ညွှန်းပညာကို ကျွန်တော်လိုက်ပြီး





www.burmeseclassic.com

www.burmeseclassic.com



လေ့လာတဲ့အခါမှာ Conversation is not a dialogue. စကားစမြည်ပြောဆိုခြင်းသည်ဇာတ်ဝင်စကား မဟုတ်လို့ ဆိုတယ်။

ကျွန်တော်တို့ ယေ်ငယ်တုန်းက ပြည်သူ့ဆိုင်က ထုတ်လိုက်တဲ့ဆန်မှာ ဆန်ကွဲလည်းပါတယ်၊ ဖွဲလည်း ပါတယ်၊ ခဲလည်း ပါတယ်။ ဒါတွေကို အမေက အားလုံးသန့်စင်သွားအောင် လုပ်ပြီးမှ ထမင်းချက်ရတာကိုး။ ကျွန်တော် မြင်တာကတော့ ဇာတ်ဝင်စကားဆိုတာ ထမင်းချက်လို့ရအောင် အဆင်သင့်သန့်စင်ပြီးသား ဆန်လို့ မြင်တယ်။ ဇာတ်ညွှန်းရေးတဲ့သူတစ်ယောက်မှာ အဲဒီလိုသန့်စင်ပြီးသားဆန်ဖြစ်လာအောင် လုပ်ပေးဖို့ တာဝန်တွေအများကြီး ရှိတယ်။ ရုပ်ရှင်ကြည့်တဲ့သူ အတွေးအခေါ်ရသွားအောင်၊ အသိဉာဏ်ပွင့်လင်းသွားအောင် သူက ဇာတ်ဝင်စကားပြောနဲ့ လုပ်ပေးရမယ်။

ကျွန်တော်က ပြဇာတ်ကလာတာဆိုတော့ ကျွန်တော့်ဇာတ်ညွှန်းတွေ ပြဇာတ်ဆန်သွားမှာ သိပ်ကြောက်တယ်။ ဒါကြောင့် အလွန်ကို ရုပ်ရှင်ဆန်အောင် ရိုက်ပါတယ်။ ဒါက နံပါတ်တစ်။ နံပါတ်နှစ်ကတော့ လူလိုပြောရမယ်ဆိုတဲ့ကိစ္စမှာ ပြဿနာရှိပါတယ်။ လူလိုပြောတယ်ဆိုတဲ့နေရာမှာ စဉ်းစားပြီးပြောတဲ့သူနဲ့ မစဉ်းစားဘဲပြောတဲ့သူဆိုပြီး နှစ်မျိုးထွက်လာတယ်။ အမှန်ကတော့ စဉ်းစားတယ်ဆိုတာ ခေါင်းထဲမှာ ဇာတ်ညွှန်းရေးလိုက်တာပဲ။ ပြောသင့်မပြောသင့်ချိန်လိုက်တာ၊ ဘယ်ဥစ္စာကို အရင်ပြောပြီး ဘယ်ဥစ္စာကို နောက်မှပြောမယ် ဆိုပြီး ချိန်လိုက်တာ။ ပြီးရင် စကားလုံးတွေအများကြီး ပြောမယ့်အစား စကားလုံး နည်းနည်းနဲ့ ထိရောက်အောင် ကျစ်လျစ်လိုက်တာ။ ဒါတွေအားလုံးဟာ ဇာတ်ညွှန်းရေးတာပဲလို့ ကျွန်တော်က ပြောချင်ပါတယ်။ အဲဒီလို လုပ်လိုက်တဲ့အတွက် လိုရင်းရောက်သွားတယ်၊ ထိရောက်သွားတယ်။

နောက်တစ်ခုကတော့ Audience Psychology ပေါ့။ ရုပ်ရှင်ကြည့်ပရိသတ်က အဆင့်အတန်း အများကြီး မြင့်လာပြီ။ သူတို့က ဇာတ်လမ်းတွေ အများကြီး ကြည့်ဖူးတယ်။ ကိုရီးယားဇာတ်လမ်းတွဲတွေ၊ အိန္ဒိယဇာတ်လမ်းတွဲတွေ ကြည့်ထားတဲ့ အတွေ့အကြုံတွေ ရှိတယ်။ ဒီတော့ ကျွန်တော်တို့က ဇာတ်ညွှန်းရေးတဲ့နေရာမှာ စကားလုံးကို သေသေချာချာ ရွေးချယ်ပြီး ရေးရတယ်။ သူတို့က ဇာတ်ညွှန်းကိုမကျက်ဘဲ အမိပ္ပာယ်ပေါ်ရုံကလေး ပြောလိုက်ရင် တချို့ဇာတ်ညွှန်းတွေက ကိ… မရှိပေမဲ့ တချို့ဇာတ်ညွှန်းတွေကျတော့ ဇာတ်ညွှန်းရေးဆရာ ကြိုးစားအားစားရေး…



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့အတိုင်း ပြောမှုကို ဖြစ်တယ်။ ကြိုယာထောက်ကလေးတစ်ခု နေရာအထား အသို့ လွဲသွားတာနဲ့ အဓိပ္ပာယ် ပြောင်းသွားတာတွေ အများကြီး ရှိတယ်။ တစ်ခါတစ်ခါမှာ စကားကို ရှေ့နောက် ပြောင်းလို့မရတာတွေလည်း ရှိတယ်။ တချို့ Actor တွေကတော့ ကျွန်တော်တို့ရေးထားတာတွေကို အားလုံး အလွတ်ကျက်လာတဲ့သူတွေ ရှိပါတယ်။ တချို့ကတော့လည်း အဓိပ္ပာယ်လောက်ပဲ ကျက်ကြတယ်။ အခု ကျွန်တော့်ကလေးတွေနဲ့ ရိုက်တဲ့အခါမှာ ကျွန်တော်က သူတို့ကို ဒိုင်ယာလော့ခ်နဲ့ပတ်သက်ပြီး ချေးများတာကြောင်း ပြောထားပါတယ်။ သူတို့ကလည်း ကျွန်တော့်ကို ချေးများခွင့်ပေးပါတယ်။ ကျွန်တော် ရေးထားတဲ့ ဒိုင်ယာလော့ခ်တွေကို ဘယ်လောက်ပဲများများ ၈ါသည်မလွဲ အလွတ်ကျက်ပေးကြပါတယ်။

အဲဒီတော့ ကလေးတွေအပေါ်မှာ ကျေနပ်မှု အပြည့်အဝရရဲ့လား ဆိုတာကို ဖြေရရင် ကျွန်တော် ကျေနပ်ပါတယ်။

▣

ဇာတ်လမ်းတွဲရဲ့ သဘောသဘာဝအရ အပိုင်းတစ်ပိုင်းပြီးရင် နောက်တစ်ပိုင်းကို ဆက်ပြီးမျှော်ချင်စိတ်ရှိအောင် ဖန်တီးရပါတယ်။ ဦးငြိမ်းမင်းက ဒီကားကို အပိုင်း ၂၀ လို့ ရည်မှန်းခဲ့ရာက ထုတ်လုပ်သူများက အပိုင်း ၃၀ လို့ ဆိုပြန်တော့လည်း အပိုင်း ၃၀ ဖြစ်အောင် ဖန်တီးရပါတယ်။ ဒီလိုဖန်တီးရာမှာ အပိုင်းတစ်ခုအဆုံးအတွက် ထည့်ထားတဲ့ ချိတ်က ရွေ့သွားတတ်တာကြောင့် ကားဆက်လိုက်တဲ့အခါမှာ အပိုင်း ၄၀ အထိ ဖြစ်လာခဲ့ပါတယ်။

မြန်မာဇာတ်လမ်းတွဲစစ်စစ်လို့ ကြွေးကြော်ထားတဲ့အတိုင်း **ထာဝရမန္တလေး**မှာ မြန်မာ့ရေမြေတောတောင်အလှတွေကို တဝကြီး ကြည့်ကြရမှာ ဖြစ်ပါတယ်။ **ထာဝရမန္တလေး**ဟာ မြန်မာရုပ်မြင်သံကြား ဇာတ်လမ်းတွဲများထဲမှာ ပေါက်မြောက်အောင်မြင်ပြီး ပရိသတ်အောင် မျှော်ကြည့်ရတဲ့ ဇာတ်လမ်းတွဲဖြစ်လိမ့်မယ်လို့လည်း မျှော်လင့်ရပါတယ်။ ■

မိုးကျော်





www.burmeseclassic.com

www.burmeseclassic.com

# ယင်ယင်တုန်းက ခင်ယုမေ

**ဝင်းငြိမ်း**

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့ညမှာ ဒေါ်ခင်ယုမေ ကွယ်လွန်သွားပြီဖြစ်ကြောင်း နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ကိုကျော်သူက ကျွန်တော့်ကို အကြောင်းကြားခဲ့ပါတယ်။ ဒေါ်ခင်ယုမေနဲ့ ပတ်သက်ပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာလက ရွှေအမြုတေ မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ **ယင်ယင်တုန်းက ခင်ယုမေ** ကဏ္ဍမှ ပုံများ ပြန်လည်ဆန်းသစ်ဖော်ပြပေးရင်း ကွယ်လွန်သူ ဒေါ်ခင်ယုမေကို ဂုဏ်ပြုလိုက်ပါတယ်။

❑

၈ တန်းကျောင်းသူဘဝကတည်းက မိသားစုများနဲ့ တေးရေးဆရာ မြို့မသီးတို့ ရင်းနှီးမှုကြောင့် ဂီတဗိမာန်တီးဝိုင်းနဲ့ အဲဒီကာလတုန်းက ဝင်ဒါမီယာကနေ ထုတ်လွှင့်နေတဲ့ မြန်မာ့အသံမှာ သီချင်းစဆိုခဲ့ပါတယ်။ အဲဒီတုန်းက ခုခေတ်လို တိပ်နဲ့ အသံသွင်းပြီးမှ လွှင့်ရတာမျိုး မဟုတ်ဘဲ တီးဝိုင်းနဲ့ တိုက်ရိုက်ဆိုပြီး တိုက်ရိုက်လွှင့်ထုတ်ရတဲ့ စနစ်ဖြစ်ပါတယ်။ ကာလပေါ် တီးဝိုင်းအဖွဲ့တစ်ဖွဲ့ သီဆိုလွှင့်ထုတ်တဲ့အထဲက ပရိသတ်ကြိုက်မယ့် အဆင့်မီသီချင်းများကိုသာဓာတ်ပြားရသီချင်းအဖြစ်သတ်မှတ်ပြီး မြန်မာ့အသံမှ အကြိမ်ကြိမ် ထုတ်လွှင့်ပေးတဲ့စနစ်ဖြစ်ပါတယ်။ ဓာတ်ပြားမရတဲ့ သီချင်းများကတော့ တစ်ကြိမ်နဲ့တင် ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒေါ်ခင်ယုမေ ပထမဦး ဆုံး သီဆိုခဲ့တဲ့သီချင်းက *မေ ပန်းချီ* လို့ ဆိုပါတယ်။ သူကိုယ်တိုင်က ပန်းချီဆွဲတာ ကို ဝါသနာပါသူဖြစ်လို့ တေး ရေးဆရာက *မေပန်းချီ* ဆိုတဲ့ သီချင်းကို ရေးပေးခဲ့တာလို့ ဒေါ်ခင်ယုမေက ဆိုပါတယ်။ အဆိုကျော်ဘဝမှာ အောင်မြင် လာတော့ ဓာတ်ပြားလောက ကို ရောက်ရှိလာပါတယ်။ *စုံတော့မြိုင်၊ ရှုညီယဉ်၊ ရှိ တဲ့စင်ရော်၊ မြင်းလှည်းကလေး နဲ့မျော်* အစရှိတဲ့ တေးသီချင်း



မလိခချစ်သူ ဇာတ်ကားမှ ကောလိပ်ဂျင်နေဝင်းနဲ့ ခင်ယုမေ



စိုးဝိုင် ဇာတ်ကား ထွန်းဝေနဲ့ ခင်ယု

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ [illegible]
လက်ချောင်း [illegible]
အနေအထားမှန်အောင် [illegible] သတိထား [illegible]
[illegible]

၂၀၁၄ ခော် [illegible]

www.burmeseclassic.com

www.burmeseclassic.com

ပေါင်းများစွာကို ရောင်းတမ်းဓာတ်ပြားအဖြစ် သီဆိုအသံသွင်းခဲ့ရပါတယ်။

အသက် ၁၈၊ ၁၉ အရွယ် ၁၉၅၇-၅၈ လောက်မှာ ဒါရိုက်တာ ဦးချင်းစိန်က ခေါ်ဆောင်မှုနဲ့ **သက်** လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကား စတင်ရိုက်ကူးခဲ့ပါတယ်။ ဒါပေမဲ့ **သက်** က အိမ်ထောင်ရေးဇာတ်ကားတစ်ကားဖြစ်ပြီး တစ်ကားလုံးနီးပါး မင်းသမီး ငိုရတဲ့ဇာတ်ဖြစ်နေတာကြောင့် ဆရာဦးချင်းစိန်က မင်းသမီးသစ်တစ်ယောက်ကို ဒီလိုပွဲထုတ်လို့ မဖြစ်ဘူး၊ အဆိုကျော် မင်းသမီးအနေနဲ့ ပေါ့ပေါ့ပါးပါး ဇာတ်ကားတစ်ကားနဲ့ ပွဲဦးထွက်သင့်တယ်ဆိုပြီး ဒါရိုက်တာ ဦးလှတင်လက်ကို အပ်လိုက်ပါတယ်။ **သက်** ဇာတ်ကားရိုက်ကူးမှုကို ခေတ္တရပ်ဆိုင်းပြီး ဒါရိုက်တာဦးလှတင် ရိုက်ကူးတဲ့ **ဤဘဝဝယ်** ဟာသကားမှာ အဲဒီခေတ်အခါတုန်းက နာမည်ကြီးဟာသ သရုပ်ဆောင်ဖြစ်တဲ့ ဦးဖိုးပါကြီးနဲ့ တွဲပြီး သရုပ်ဆောင်ခဲ့ရပါတယ်။ ဒါကြောင့် ဒေါ်ခင်ယုမေရဲ့ ပွဲဦးထွက်ရုပ်ရှင်ကားဟာ **ဤဘဝဝယ်** လို့ မှတ်တမ်းတင်ရပါတယ်။

ဒေါ်ခင်ယုမေက အဆိုကျော်ဘဝကနေ သရုပ်ဆောင် ဖြစ်လာတော့ ပင်ကိုကတည်းက ဝါသနာပါတဲ့ ဖက်ရှင်မျိုးစုံကို တီထွင်ဝတ်ဆင်လာခြင်းကြောင့် မြန်မာနိုင်ငံတစ်လွှားမှာ ခင်ယုမေဖက်ရှင်ဆိုပြီး ဖက်ရှင်ပေါင်းများစွာ ခေတ်စားခဲ့ပါတယ်။ ခုခေတ် မိန်းကလေးများ ဝတ်နေကြတဲ့ ဒူးအောက်ရောက် စကတ်ထဘီများဟာ ခင်ယုမေခေတ်တုန်းက တီထွင်ခဲ့ပြီးသား ဖြစ်ပါတယ်။ အဲဒီတုန်းက လူကြီးများက လယ်သူမဖက်ရှင်လို့ သြဘာပေးခဲ့ကြပါတယ်။ ဆံပင်ဖက်ရှင်နဲ့ပတ်သက်လို့လည်း ငယ်ထိပ်တည့်တည့်မှာ ဘူးပွင့်သဏ္ဌာန် အပွင့်ဖော်တဲ့ ဆံပင်ဖက်ရှင်ကို တီထွင်ခဲ့တဲ့ အပြင် ဗီးဟိုက်လို့ခေါ်တဲ့ ပျားအုံပုံစံ ဆံပင်ဖက်ရှင်ဟာလည်း မြန်မာနိုင်ငံမှာ ခင်ယုမေ စတင်တီထွင်ခဲ့တာပါ။

ရုပ်ရှင်မင်းသမီး အဖြစ် ရုပ်ရှင်ကားပေါင်းများစွာ ရိုက်ကူးခဲ့ရပါတယ်။ ရုပ်ရှင်ထူးချွန်ဆုကို ၁၉၆၁ ခုနှစ်မှာ မန္တလေးရုပ်ရှင်က ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ **ကိုယ်ပိုင်မေတ္တာ** ဇာတ်ကားနဲ့ ပထမဆုံးအကြိမ် အမျိုးသမီးပညာသည်ဆုကို ရရှိခဲ့ပါတယ်။

ထူးချွန်ဆုပေးပွဲကျင်းပချိန်မှာ ရုပ်ရှင်လုပ်ငန်းက ဆက်သွယ်အကြောင်းကြားခဲ့ပေမဲ့ သံတောင်၊ ဘောဂလိတောထဲမှာ ပုလဲ**မျက်ရည်** ရုပ်ရှင်ဇာတ်ကားကို သွားရောက်ရိုက်ကူးနေချိန်ဖြစ်တဲ့အတွက် ရန်ကုန်သို့ ပြန်မလာနိုင်ခဲ့ပါဘူး။ ဒေါ်ခင်ယုမေကိုယ်စား သရုပ်ဆောင်၊ ဒါရိုက်တာ ဗိုလ်ဗကိုက ဆုတက်ယူပေးခဲ့ပါတယ်။

၁၉၇၅ ခုနှစ်မှာ ဒါရိုက်တာ ဦးသုခ ရိုက်ကူးခဲ့တဲ့ **ရွှေခြည်ငွေခြည်တန်းပါလို့** ရုပ်ရှင်ဇာတ်ကားနဲ့ အမျိုးသမီးဇာတ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြန်ပါတယ်။

၁၉၆၅ ခုနှစ်မှာ ဒါရိုက်တာ၊ သရုပ်ဆောင် ဦးကျော်ဆွေနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ ကောလိပ်ဂျင်နေဝင်း မြတ်လေးတို့နဲ့ တွဲဖက် ပါဝင်



ရွှေခြည်ငွေခြည်တန်းပါလို့ ဇာတ်ကားနဲ့ ထူးချွန်ဆုယူအပြီးမှာ ဝင်းဦးနဲ့အတူ တွေ့ရစဉ်



မုန်းစိတ်မရည်ရွယ် ဇာတ်ကားမှာ ဝင်းညွန့်(ဝင်းဦးရဲ့အစ်ကို)နဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ပါတယ်



www.burmeseclassic.com


www.burmeseclassic.com



ထွန်းထွန်းဝင်းနဲ့
အတူသရုပ်ဆောင်စဉ်



ကျော်ဆွေနဲ့
ခင်ယုမေ



ဘော်ရှင်ထွင်တတ်တဲ့
ခင်ယုမေရဲ့
ဆံပင်အမျိုးမျိုး

ဒီမောင့်လက်သံ တည့်ည့်
ဇာတ်ကားမှ...

...ဇာတ်ကားမှ...

သရုပ်ဆောင်တဲ့ မလိခချစ်သူ ဇာတ်ကားရိုက်ကူးပြီး ပြန်လာချိန်မှာ ကိုယ်ဝန်ရှိခဲ့ပြီး ၁၉၇၁ ခုနှစ်မှာ တစ်ဦးတည်းသော သားကို မွေးဖွားခဲ့ပါတယ်။ ဖခင်ဖြစ်သူ ဦးကျော်ဆွေက ကျော်ဆွေဆက်လို့ အမည်ပေးခဲ့ပေမဲ့ ဒေါ်ခင်ယုမေကတော့ သူ့သားနာမည်ကို အောင်ကျော်မိုးလို့သာ အမည်တွင်စေပါတယ်။

တစ်ဦးတည်းသောသား အောင်ကျော်မိုးက အခုအသက် ၄၇ နှစ်ရှိပြီး အမေရိကန်ပြည်ထောင်စုမှာ နေထိုင်လျက်ရှိကာ မြေးမ အယ်ရစ်ကာမိုးနဲ့ မြေးယောကျ်ားလေး ရပ်ဆယ်မိုးတို့ ထွန်းကားခဲ့ပြီ ဖြစ်ပါတယ်။

တစ်ယောက်တည်း ရန်ကုန်နေထိုင်ရတဲ့ဘဝမှာ ဒေါ်ခင်ယုမေဟာ လူလိမ်လူကောက်များစွာနဲ့ ကြုံတွေ့ပြီး လိမ်လည်မှုများ ခံခဲ့ရပါတယ်။ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းဘေးက လမ်းသွယ်တစ်ခုဖြစ်တဲ့ သီရိမင်္ဂလာရိပ်သာ လမ်းသွယ်ထဲမှာ မြေနှစ်ကွက် ပိုင်ဆိုင်ခဲ့ပြီး မျက်နှာစာအကွက်ကို တိုက်ဆောက်၊ အငှားချပြီး အတွင်းဘက်ကအကွက်မှာ ကိုယ်တိုင်နေထိုင်ဖို့ သီးခြားဆောက်လုပ်နေထိုင်ခဲ့ပါတယ်။ ရှေ့ကတိုက်ကို သွင်းကုန်ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်တဲ့ကုမ္ပဏီတစ်ခုက နှစ်ရှည်ငှားရမ်းဖို့အတွက် ပြင်ဆင်ဆောက်လုပ်ဖို့ လိုအပ်လာတာကြောင့် သုံးလနဲ့အပြီးဆောက်လုပ်ပေးမယ်ဆိုတဲ့ ကန်ထရိုက်ကို အပ်လိုက်ပေမဲ့ ငွေများ [illegible] ခံလိုက်ရပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆွေနဲ့
နှငယ်စဥ်က ခင်ယုမေ



သားနဲ့အတူ တွေ့ရတဲ့
ခင်ယုမေ



www.burmeseclassic.com

www.burmeseclassic.com

တိုက်မှာလည်း တန်းလန်းနဲ့ ပ်သွားပါတယ်။ တိုက်ဆက်ဆောက်နိုင်ဖို့ အတွင်းဘက်က မြေကွက်ကို ခွဲ ောင်းလိုက်ပြီး ရှေ့ကတိုက်ကို ပြီးအောင် ဆောက်ခဲ့ပါတယ်။ တိုက်ဆောက်ပြီး သုံ့တဲ့ငွေကို စားစရိတ် ရနိုင်အောင်လို့ ပုဂ္ဂလိက ငွေစု ငွေ ချေးလုပ်ငန်းထဲ ထည့်ထားခဲ့ ာက ကုမ္ပဏီဖျက်သိမ်းသွား ဲ့အတွက် လက်မဲ့ဖြစ်ခဲ့ရပြန် တယ်။

ဆောက်ပြီးတဲ့တိုက်ကို ချခြည်ငွေခြည်မှာ အတူ ရှုပ်ဆောင်ခဲ့တဲ့ ချိုပြုံး ောက်လာပြီး ရုပ်ရှင်သမား တွေကို ငှားပါလားလို့ အကြံ ပေးတိုက်တွန်းခဲ့ရာကအစ ခုထိ ဒေါ်ခင်ယုမေရဲ့တိုက် ကို ရုပ်ရှင်သမားများ ရိုက်ကူး ကြဆဲ ဖြစ်ပါတယ်။

ဒါပေမယ့် ဒေါ်ခင်ယု မေက 'အရင်တုန်းကတော့ လမှာ ရက် ၂၀ လောက် ရပါတယ်။ ခုတော့ ၁၀ ရက်တောင် မပြည့်တတ် တော့ဘူး' လို့ ဆိုပါတယ်။ အိမ်မှာ ရုပ်ရှင်သမားတွေ ထွက်သွားလာနေကြပေ မဲ့ ရိုက်ကွင်းပေါ်ရောက်တဲ့ အခါများ ဒေါ်ခင်ယုမေကို တွေ့ကြရပါဘူး။ ရိုက်ကွင်း နေ့ဆိုရင် ဒေါ်ခင်ယုမေ က သူ့အခန်းထဲမှာပဲ စား သောက်စရာအပြည့်အစုံ အခန်းတံခါးပိတ်နေတာ ပါ။

ဒီအသက်အရွယ်မှာ ရိုက်ဖက်တဲ့ ဇာတ်ရုပ် သရုပ်ဆောင်မယ်ဆိုရင် နိုင်သေးပေမဲ့ ဒေါ်ခင် ယုမေကတော့ လုံးဝငြင်းပါတယ်။ ဒီအလုပ်ကို လုပ်ဖို့ စိတ်မဝင်စားတော့ဘူးလို့လည်း ဆိုပါတယ်။

ကျန်းမာရေးအခြေအနေက ကင်ဆာရောဂါဖြစ်ပွားခဲ့ဖူးပြီး ကင်ဆာပျောက်ခဲ့ပေမဲ့ တစ်မျိုးမဟုတ်တစ်မျိုး ဖောက်နေတာပဲလို့ ဒေါ်ခင်ယုမေက ဆိုပါတယ်။ လက်ရှိအခြေအနေမှာ လက်တစ်ဖက်နဲ့ ခြေထောက်တစ်ဖက်က သွေးပြန်ကြောများ ပိတ်နေတာကြောင့် လက်များ ရောင်ကိုင်းနေသလို ခြေထောက်ကလည်း ခြေဖမိုးတစ်ခုလုံး ရောင်ကိုင်းနေတာ တွေ့ရပါတယ်။

လက်ရှိနေအိမ်ဖြစ်တဲ့ အမှတ် ၂၉ A, သီရိမင်္ဂလာ ရိပ်သာလမ်းမှာ တူမကလေးများရဲ့ စောင့်ရှောက်မှုနဲ့ နေထိုင်လျက် ရှိပါတယ်။ ❑

ငယ်ငယ်တုန်းက ခင်ယုမေကဏ္ဍမှာ ဖော်ပြနိုင်ဖို့ ဓာတ်ပုံများကို ဦးဇော်ထူးအောင်ရဲ့အဒေါ် ကွယ်လွန်သူ ဒေါ်ခင်ခင်မော် စုဆောင်းထားတဲ့ပုံများကို သုံးထားတာအပြင် ဒေါ်ခင်ယုမေကို ချစ်တဲ့ စာရေးဆရာမ ဒေါ်ခင်စောဦးက သူ စုထားတဲ့ပုံတွေကို ဒေါ်ခင်ယုမေကို လာပေးထားတဲ့အထဲက တချို့ပုံများကို ကူးယူဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကွယ်လွန်သူ ဒေါ်ခင်ခင်မော်နဲ့ အတူ ဆရာမ ဒေါ်ခင်စောဦးကိုလည်း ကျေးဇူးတင်ပါတယ်။

မေးသမျှကို မှတ်မိသမျှ အတတ်နိုင်ဆုံး ကြိုးစားဖြေဆိုပေးခဲ့တဲ့ ဒေါ်ခင်ယုမေကိုလည်း ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါတယ်။ ■

**ဝင်းငြိမ်း**


သားတို့မိုးမောင်နှံ့နှင့်အတူ ခင်ယုမေ



မြေးနှစ်ယောက်


သားနဲ့ ချွေးမကလေး







www.burmeseclassic.com

www.burmeseclassic.com



ရွှေကမ္ဘာလုံးဆု(အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု)နဲ့အတူ
မင်းသမီးချောကလေး Jennifer Lawrence

# ဂျန်နီဖာလောရင့်စ်

**ရီတာအောင်၊ NY၊**

မင်းသမီးချောကလေး Jennifer Lawrence က အသက်အရွယ်အားဖြင့် အသက် ၂၃ နှစ်သာ ရှိပါသေးတယ်။ ဟောလီဝုဒ်ကို ရင်ဆိုင်တိုးဝင်ပြီး အနုပညာလှုပ်ရှားမှုတွေ မီပီပြင်ပြင်လုပ်ခဲ့တာ ၇ နှစ်သာရှိသေးပေမဲ့ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကို Silver Linings Playbook ရုပ်ရှင်ဖြင့် ဆွတ်ခူးလိုက်ပြီးဖြစ်တယ်။ အဲဒီရုပ်ရှင်ကြောင့် အော်စကာဆုအပြင် ရွှေကမ္ဘာလုံးဆု Screen Actors Guild ဆု၊ Satellite Award, Independent Spirit ဆု အပါအဝင် ဆုပေါင်းမြောက်မြားစွာ ချီးမြှင့်ခြင်းခံခဲ့ရတယ်။ ဟောလီဝုဒ်ရုပ်ရှင်သမိုင်းတွင် ဂျန်နီဖာက ဒုတိယအသက်ငယ်ဆုံး၊ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် အော်စကာဆုပိုင်ရှင်အဖြစ် စံချိန်တင်လိုက်နိုင်ခဲ့တယ်။ သူမ ဆုလက်ခံရယူခဲ့တဲ့ ၂၀၁၃ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဂျန်နီဖာ့အသက် ၂၂ နှစ်နှင့် ၁၉၃ ရက် ဖြစ်ပါတယ်။ ဂျန်နီဖာ့ထက် အသက်ငယ်ပြီး ပထမအသက်ငယ်ဆုံး အော်စကာဆုရှင်အဖြစ် ဒီကနေ့ထက်ထိ ထိပ်ဆုံးမှ ပြေးနေနိုင်သူကတော့ မင်းသမီး Marlee Matlin ဖြစ်ပါတယ်။ သူမ ဆုရရှိချိန်က ၂၁ နှစ်နှင့် ၂၁၈ ရက်သာရှိခဲ့ပြီး ၁၉၈၇ ခုနှစ်က ဆုရခဲ့ခြင်းပါ။ အထူးခြားဆုံးကတော့ အဲဒီမင်းသမီးလေး မားလီမတ်လင်းမှာ အသက် ၁၈ လအရွယ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ အော်စကာဆုရုပ်တုယူဖို့ စင်ပေါ်တက်တော့ လှေကားထစ်မှာ ချော်လဲကျခဲ့တယ်။ ကျွန်မခြေထောက်နဲ့ ဝတ်ထားတဲ့ ဂါဝန်စလွတ်တိုက်မိလို့လေ။ အဲဒီလိုဖြစ်ပြီးကတည်းက ဘယ်လှေကားတက်တက် ခလုတ်ချည်း တိုက်နေတော့တာပဲ။ ကျွန်မ မန်နေဂျာက ကျွန်မကို ဟားနေပြီလေ' ဆိုတဲ့ မင်းသမီးလေး ဂျန်နီဖာလောရင့်စ်



Silver Linings Playbook ဇာတ်ကားနဲ့ အော်စကာဆု(အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု) ကို ဆွတ်ခူးရရှိခဲ့ပါတယ်

အကြားအာရုံချွတ်ယွင်းနေခဲ့သူ၊ နား မကြားရတဲ့ဒုက္ခသည်မလေး ဖြစ်နေတာ ပါပဲ။ ဆုဆွတ်ခူးခဲ့တဲ့ ရုပ်ရှင်အမည်မှာ **Children of a Lesser God** ဖြစ်ပါ တယ်။ ဂျန်နီဖာလောရင့်စ်က ဆောက် လုပ်ရေးလုပ်ငန်းပိုင်ရှင် မိဘနှစ်ပါးမှ မွေးဖွားခဲ့ပါတယ်။ သူမရဲ့မွေးရပ်ဇာတိ က Kentucky ပြည်နယ်၊ Louisville မြို့ကလေးဖြစ်ပြီး မွေးချင်းအစ်ကိုနှစ် ယောက်ရှိခဲ့တယ်။ ငယ်စဉ်ကတည်းက အနုပညာ ဝါသနာပါခဲ့ပြီး အသက် ၁၄ နှစ်အရွယ်မှာ မိဘများကို သရုပ်ဆောင် လုပ်ငန်းအတွက် အဆက်အသွယ်ပေါ များတဲ့ နယူးယောက်မြို့ကို ပို့ပေးရန် ပူဆာခဲ့တော့တယ်။

ပထမဦးဆုံး ဂျန်နီဖာသရုပ်ဆောင် ခွင့်ရခဲ့တာ The Bill Engvall Show ရုပ် သံစီးရီးမှာပါ။ ၃ နှစ်ဆက်တိုက် အခွင့် ပြခွင့်ရခဲ့တယ်။ Twilight ရုပ်ရှင်ရဲ့ အဓိကသရုပ်ဆောင် Bella Swan နေရာ မှာ ပါဝင်ခွင့်ရဖို့ ကြိုးစားခဲ့သေးပေမဲ့ မရရှိခဲ့ပါ။ ၂၀၀၈ ခုနှစ်မှာ ရုပ်ရှင် ကားသာ ရိုက်ခဲ့ရပြီး ဒုတိယရုပ်ရှင် The Burning Plain မှာ နာမည်ကျော် မင်းသမီး ချားလိစ်သီရွန်၊ ကင်ဘ… စင်ကာတို့နဲ့အပြိုင် ထူးထူးခြားခြား လုပ်ပြနိုင်ခဲ့တယ်။ အဲဒီရုပ်ရှင်ကြောင့် ၂၀၀၈ ခုနှစ် Venice ရုပ်ရှင်ပွဲတော်က ချီးမြှင့်တဲ့ဆုကို ရခဲ့ပါတယ်။

အဲဒီနောက်ပိုင်း ကမ္ဘာ့အရပ်ရပ်က ပရိသတ်တွေ အထူးအားပေးခြင်းခံရတဲ့ **The Hunger Games** ရုပ်ရှင်မှာ ပါဝင်ခဲ့တယ်။ ပထမရုပ်ရှင် အောင်မြင် လို့ ဒုတိယရုပ်ရှင် **The Hunger Games: Catching Fire** ရိုက်ပြီး… တင်ရာ ဆက်လက်အောင်ပွဲခံခဲ့သဖြင့် ၂၀၁၄ နဲ့ ၂၀၁၅ နှစ်နှစ်ဆက်တိုက် **The Hunger Games: Mockingjay - Part One** နဲ့ **Part Two** ပြသနိုင်ဖို့ ဆက်တိုက်ရိုက်ကူးနေပါပြီ။ ဟန်… ဂိမ်းစ်ရုပ်ရှင်တွေမှာ မင်းသမီး ဂျန်နီဖာ သရုပ်ဆောင်ရတဲ့ ကာရိုက်တာ Katniss Everdeen ကို ပရိသတ်နှစ်သက်သဘော…

www.burmeseclassic.com

www.burmeseclassic.com

ချွလွန်း၍ Katniss ဘားဘီအရုပ်ကလေးများပင် ထုတ်လုပ်ရောင်းချကြပါတယ်။

In Style မဂ္ဂဇင်းအတွက် မင်းသမီး ဂျန်နီဖာနဲ့ တွေ့ဆုံမေးမြန်းရန် Santa Monica ကမ်းခြေက ဟိုတယ်မှာ လက်ခံ တွေ့ခဲ့ပါတယ်။ ဟိုတယ်ရဲ့ စားသောက် ခန်းမကြီးမှာ အင်တာဗျူးမယ့်သူက စောင့်နေခိုက် မင်းသမီး အခန်းထဲဝင်လာလာချင်း တွေ့ရမယ့်သူရဲ့ ဆန့်ကျင်ဘက်ကို ကျော်ထွက်သွားလိုက်သေးတယ်။ ဂျန်နီဖာ့ကို ခပ်အုပ်အုပ်လေသံနဲ့ အချက်ပေးလိုက်တော့မှ နေရာမှန်စားပွဲရှိရာကို ပြုံးပြုံးရွှင်ရွှင်



The Hunger Games ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း

လျှောက်လာခဲ့တယ်။

စားပွဲမှာ ထိုင်ထိုင်ချင်း အနားလာမယ့်တဲ့ စားပွဲထိုးကို ကော်ဖီယူလာပေးဖို့ မှာလိုက်တယ်။ သူမမျက်နှာမှာ ဘာမိတ်ကပ်မှ လိမ်းမထားပေမဲ့ သဘာဝအတိုင်း စင်းလုံးချော လှပနေတယ်။ ဆွဲဆောင်မှု အရှိဆုံးက စိမ်းပြာရောင်လွှမ်းနေတဲ့ မျက်ဝန်းတစ်စုံပါပဲ။ ရိုက်ကွင်းပြင်ပမှာမို့ ဂျန်နီဖာက ဆံပင်ရွှေညိုရောင်တွေကို ခေါင်းအပေါ်ထိပ်တည့်တည့်မှာ ဆံထုံးပုံ့ပုံ့လေး ထုံးထားခဲ့တယ်။ သူမက ချစ်စဖွယ်နှာခေါင်းလေးရှုံ့ပြကာ 'ခွတီးခွကျ မတိုမရှည်နဲ့ အချိုးသိပ်မပြေတဲ့ အရောင်လေ'လို့ ညည်းညူလိုက်ပါသေးတယ်။ တစ်ဆက်တည်းမှာပဲ သူမလေးက 'X-Men: First Class ရိုက်တုန်းက ကျွန်မဆံပင်အတုစွပ်ရိုက်ခဲ့တယ်။ ဟန်ဂါဂိမ်းစ်နောက်ပိုင်းတော့ ဆံပင်ဆေးမဆိုးတော့ဘူး။ ဆံပင်တွေအရမ်းကျွတ်လို့' ဆိုပြီး ပြောပြတယ်။

ဟန်ဂါဂိမ်းစ်ရိုက်စဉ်က အတွေ့အကြုံတွေကို ဂျန်နီဖာက 'မိတ်ကပ်လိမ်းရတဲ့အချိန် တော်တော်ကြာတယ်။ ရိုက်ကွင်းက လုပ်ဖော်ကိုင်ဖက်တွေနဲ့ အရမ်းရင်းနှီးခဲ့ရတယ်။ မိတ်ကပ်လိမ်းထားရတာ ရော်ဘာဆေး သုတ်ထားရသလိုပဲ။ ပြီးတော့ ခန္ဓာကိုယ်မှာလည်း ရေဓာတ်ကုန်ဆုံးမှု အရမ်းဖြစ်တော့ ကျွန်မဖြင့် ရေကို တစ်ဘူးပြီးတစ်ဘူးဆက် တိုက်သောက်နေမိတယ်။ တစ်ရက်လုံး နေလို့မှ ရေအိမ် ၂ ကြိမ်လောက်ပဲ ဝင်ဖြစ်ခဲ့တယ်။ ကျွန်မစိတ်ဓာတ်တက်ကြွလာအောင် ဘယ်အရာကမှ တွန်းအားမပေးနိုင်ခဲ့ပါဘူး။ ရုပ်ရှင်ရိုက်နေတဲ့ အတောအတွင်း ကျွန်မမြင်မကောင်းအောင် စားခဲ့တာ။ ကိုယ့်ကိုယ်ကိုလည်း ပြောပါတယ်။ အဲသလိုစားနေတာတွေရပ်၊ လူတွေမြင်သွားတော့မယ် ဆိုပြီးပေါ့။ ဒီရုပ်ရှင်ကလည်း အချိန်တော်တော်ကြာအောင် ရိုက်ဖို့ရှိနေတာ။ ဒါပေမဲ့ မရခဲ့ပါဘူး။ စားလို့ပြီးရုံရှိသေး သကြားလုံးလေးစားချင်ပြန်ရော။ ပြီးတော့ Hot Dog စားချင်ပြန်နဲ့။ မရပ်နိုင်ခဲ့ဘူး။ X-Men: Days of Future Past (ရိုက်ကူးရေးပြီးဆုံးကာ ၂၀၁၄ မေလ ၂၃ ရက်တွင် ရုံတင်ပြသနိုင်ဖို့ အဆင်သင့်ပြင်နေကြပါပြီ။)ရုပ်ရှင်လည်း စရိုက်ရော၊ အင်း…ဒီတစ်ခါတော့ ငါ့ကိုယ်ငါထိန်းမယ်။ လေကျင့်ခန်းလုပ်မယ်။ ဝိတ်ထိန်းမယ်ပေါ့။ ဒါပေမဲ့ မရပါဘူး'လို့ ပြောနေရင်းက သူ့ချစ်သူကောင်လေးရဲ့ ဘယ်ဘက်အိတ်ကပ်ထဲ လက်လှမ်းနှိုက်လိုက်တယ်။ သူမလက်ထဲပါလာတာက ပြောင်းဖူးပေါက်ပေါက်ဆုပ်တွေ။ ညက ဂျန်နီဖာ့သူငယ်ချင်းတစ်ယောက်တည်ခင်းဧည့်ခံတဲ့ ပါတီပွဲကို စုံတွဲသွားခဲ့ကြတယ်။ အဲဒီအိမ်ကနေ ဟိုတယ်သို့ပြန်ခါနီး မတော်တဆလမ်းမှာ ဗိုက်ဆာမှာစိုးလို့ဆိုပြီး သူငယ်ချင်းအိမ်က ကောက်ထည့်လာခဲ့တဲ့ ပြောင်းဖူးပေါက်ပေါက်ဆုပ်များ စကားပြောရင်း တဖောက်ဖောက်နဲ့ ထိုင်စားနေပါတော့တယ်။

သူမရဲ့မိခင်က သူ့သမီးလေးဘယ်အရွယ်ပဲရောက်ရောက်၊ ဘယ်အနေအထားမှာပဲရှိရှိ အမြဲတစေ ငယ်ငယ်က ခေါ်နေကျအတိုင်း (Jenny Lou) ဂျယ်နီလူးလို့ ခေါ်လေ့ရှိတယ်။ ဖခင်က ဆောက်လုပ်ရေးလုပ်ပြီး မိခင်က Summer Camp ပိုင်ပါတယ်။ သူ့အမေနဲ့ပတ်သက်ပြီး ဂျန်နီဖာက 'ကျွန်မအမေ့ကို တော်တော်ဆိုးခဲ့တာ။ ဘယ်တစ်စုံတစ်ယောက်ကပဲဖြစ်ဖြစ် ကျွန်မသမီးလေးက ၁၃ နှစ် ပြည့်တော့မယ်လို့ ပြောသံကြားရင် ကျွန်မငယ်စဉ်က အဖြစ်တွေ၊ ဆိုးခဲ့ပုံတွေ သတိရမိတယ်။ စိတ်ထဲကလည်း အင်း အဲဒီ ၁၃ နှစ်ပြည့်တော့မယ့် သမီးကလေးရဲ့အမေဆိုသူဘဝတော့ ပျက်စီးခါနီးပြီလို့ ကိုယ်နဲ့နှိုင်းပြီး စဉ်းစားမိသေးတယ်။

ကျွန်မအမေက စိတ်ဆိုး စိတ်ပျက် စရာကိစ္စတစ်ခုခုကိုတောင် တစ်မူထူးခြားတဲ့ပုံစံနဲ့ ကိုင်တွယ်ဖြေရှင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနှစ်ယောက်နဲ့
ကြီးပြင်းလာခဲ့ရတဲ့
တစ်ဦးတည်းသောသမီး
ညီမအငယ်ဆုံးလေး
ဘဝကြောင့်
အခြား
မိန်းကလေးတွေနဲ့
ဆက်ဆံရေး
သိပ်ပြေပြစ်မှု
မရှိဘူးလို့
ရင်ဖွင့်ပါတယ်

သူတစ်ယောက်ပေါ့။ ဘယ်လိုလဲဆို တော့ တစ်ခါတုန်းက ကျွန်မမြွေတစ် ကောင်မွေးချင်တယ်လို့ ပူဆာမိတယ်။ အမေက မမွေးရဘူး။ မွေးခွင့်မပြုဘူး။ ဘာကြောင့်လဲဆိုတော့ မြွေဆိုတာ မကောင်းတဲ့၊ ဆိုးယုတ်တဲ့ (Satan စေတန်မာရ်နတ်မို့လို့ပဲတဲ့။ ကျွန်မက အတွန့်တက်မယ်ကြံတော့ အမေက အဲ ငါက ပြောတာမဟုတ်ဘူးနော်၊ Jesu ဘုရားသခင်က သတ်မှတ်သွားတာလို့ ပါတောပိတ်သွားအောင် ပြောတတ်တာ'

အမေကို ရင်းနှီးချစ်ခင်တဲ့ သမီး ပီပီ အမေ့ကို ဘာကိစ္စလေးပဲဖြစ်ဖြ အသည်းယားသွားအောင် စ,တတ် နောက်တတ်တာ ဂျန်နီဖာ့အကျင့်တစ်ခု ပင်။ 'အမေ့ကိုလည်း ကျွန်မ မိခင်ဆိုပြ အင်တာဗျူးတွေ သွားသွားလုပ်ကြ တယ်။ သူ့ကို အင်တာဗျူးလုပ်တယ်လို့ ကျွန်မကြားတာနဲ့ အဲဒီမှာ သူပြောတဲ့ အကြောင်းအရာတွေကို တန်ပြန်တိုက် ဖျက်ဖို့ ကျွန်မကလည်း အင်တာဗျူးတစ် ခုခု ပြန်လက်ခံလုပ်မိတယ်။ အဲဒါ ကြောင့် ကျွန်မအမေ့ကို တော်ပြီနော် အင်တာဗျူးတွေ လက်ခံမဖြေနဲ့တော့လို့ နောက်မိသေးတယ်'လို့ ဆိုပါတယ်။

'ကျွန်မအဖေကတော့ နည်းနည် တိတ်တိတ်ဆိတ်ဆိတ် နေတတ်တယ် သူက ကွန်ကရစ် (ဘိလပ်မြေ၊ သဲ ကျောက်၊ ရေတို့ကို ဖျော်စပ်ထားသော (Concrete)နဲ့ ဆောက်လုပ်ရေးကို အာရုံများနေတာ။ အဖေ့ဆီကရတဲ့ အ က ဗဟုသုတက Cement(ဘိလပ်မြေ ဆိုတာ ကွန်ကရစ် မဟုတ်ဘူး။ ဘိလ မြေဆိုတာ ကွန်ကရစ်ဖျော်ရင် ထည့်ရ အရာတစ်ခုဆိုတာပဲ။ သူ ရှင်းပြထာ လျက်နဲ့ အဲဒီ ၂ ခုကို မှားပြောမိလို ကတော့ အဖေ့အိမ်မှာဆို ကြည့်သာရှော ပေတော့ပဲ။ ဒီနေ့မနက် ကျွန်မ ဒီအင်တာ ဗျူးဖြေဖို့ ဆင်းမလာခင် အဖေက တယ် လီဖုန်းကနေ မက်ဆေ့ချ်တစ်ခု ပို့လာ တယ်။ ဆူးချွန်ပါတဲ့ သံတင်းပု ဆောင်ထားရဲ့လားတဲ့။ ကျွန်မ ပြ ပို့လိုက်တယ်။ သံတင်းပုတ်တော့ မ

www.burmeseclassic.com

ဘူး။ လုံခြုံရေးအစောင့်ရှိပါတယ်လို့'

အစ်ကို နှစ်ယောက်နဲ့ ကြီးပြင်းလာခဲ့ရတဲ့ တစ်ဦးတည်းသောသမီး၊ ညီမအငယ်ဆုံးလေးဘဝကြောင့် အခြား မိန်းကလေးတွေနဲ့ ဆက်ဆံရေး သိပ်ပြေပြစ်မှု မရှိဘူးလို့ ရင်ဖွင့်ပါတယ်။

'ကျွန်မ အစ်ကိုနှစ်ယောက်နဲ့ ကျွန်မက အချင်းချင်း နင့်ကို ငါမုန်းတယ်၊ နင်ဟာ အတော်မိုက်မဲတဲ့ကောင်၊ အရုပ်ဆိုးမ စသဖြင့် အော်ဟစ်ရန်ဖြစ်နေကျလေ။ ၅ မိနစ်လောက်ကြာရင်တော့ အစ်ကို့ကို သိပ်ချစ်တာပဲ၊ ညီမလေးကို သိပ်ချစ်တာပဲ ဖြစ်သွားကြပြန်ရော။ တစ်ခါက ကျွန်မကို အပေါ်ထပ်ကနေ အောက်ထပ်ကို ပစ်ချခံရဖူးသလို၊ လက်သီးနဲ့ အထိုးလည်း ခံရဖူးတယ်။ အစ်ကိုတွေ နှစ်ယောက်တောင်ရှိလို့ ငယ်ဘဝက တော်တော် ဟန်ကျမယ်လို့ မထင်ကြနဲ့။ ငိုနေခဲ့ရတဲ့အချိန် အတော်များတယ်။ ကျွန်မမှာ ဒဏ်ရာဒဏ်ချက်တွေချည်းပဲ။ တွေ့ဆုံရတဲ့ မိန်းကလေးမိတ်ဆွေတချို့ကတော့ ပြောပြပါလိမ့်မယ်။ နင့်လက်မောင်းကြီးက အိပက်ပက်ကြီးဆိုတာမျိုး ပြောကြတယ်။ တချို့ကို ကျွန်မက မေးတယ်။ သားသမီးမွေးဖို့ စိတ်ကူးရှိလားလို့။ သူတို့အဖြေက ဝေဝေဝါးဝါးဖြစ်ကုန်ရော။ ပြီးရင် ကလေးချစ်တတ်ပါတယ်။ တစ်နေ့တော့ ရင်သွေးလေးတွေမွေးဖြစ်မယ် မျှော်လင့်ပါတယ်။ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူးလို့ ပြောကြလေရဲ့'

မင်းသမီးလေး ဂျန်နီဖာက တခြားမိန်းကလေးတွေ မိခင်ဘဝ ခံယူရမှာ ကြောက်တဲ့အကြောင်း ဝေဖန်နေတဲ့အတွက် အင်တာဗျူးသူက 'ဒါဆိုရင် မင်းကတော့ သားသမီးတွေမွေးဖို့ စိတ်ပါဝင်စားပုံပဲနော်။ မကြာခင် အစီအစဉ်ရှိနေပြီလား' လို့ မေးခွန်းထုတ်လိုက်ပါတယ်။ အင်တာဗျူးသမားကို ဂျန်နီဖာက စူးတောက်နေတဲ့မျက်လုံးကြီးနဲ့ ရန်လိုစွာ ကြည့်ပစ်လိုက်ပါတယ်။ အင်တာဗျူးသမားက **Winter's Bone** ရုပ်ရှင်ထဲက မင်းသမီးသရုပ်ဆောင်ခဲ့ပုံကို ပြေးသတိရမိသွားတယ်။ ဇာတ်လမ်းထဲက မောင်နှမ အငယ်နှစ်ယောက်ရှေ့မှာ ဖမ်းမိထားတဲ့ ရှဉ့်တစ်ကောင်ကို ဘယ်လို အရေခွံခွာရ၊ ဆုတ်ရတယ်ဆိုတာ လက်တွေ့ပြခဲ့တဲ့ ရက်ရက်စက်စက် သရုပ်ဆောင်ချက်ကိုပါ။ ပြီးတော့ သူမက 'ကျွန်မ ဒီအကြောင်း ဆက်မပြောချင်တော့ဘူး' လို့ ငြင်းပယ်လိုက်ပါတော့တယ်။ စကားဝိုင်းက ခဏရပ်တန့်သွားကာ စားပွဲထိုးလှမ်းခေါ်ပြီး စားစရာတွေ အများကြီးမှာဖြစ်ကြတယ်။ ပြီးတော့ မင်းသမီးက ရွှေကမ္ဘာလုံးဆု မယူခင်က တစ်ခါ၊ အော်စကာဆု မယူခင်ညက တစ်ခါ တော်တော်လေးနေမကောင်းဖြစ်ခဲ့တဲ့အကြောင်းပြောပြပါတယ်။ 'ကျွန်မ အော်စကာဆုရုပ်တုယူဖို့ စင်ပေါ်တက်တော့ လှေကားထစ်မှာ ချော်လဲကျခဲ့တယ်။ ကျွန်မခြေထောက်နဲ့ ဝတ်ထားတဲ့ ဂါဝန်စ ခလုတ်တိုက်မိလို့လေ။ အဲဒီလိုဖြစ်ပြီးကတည်းက ဘယ်လှေကားတက်တက် ခလုတ်ချည်း တိုက်နေတော့တာပဲ။ ကျွန်မ မန်နေဂျာက ကျွန်မကို ဟားနေပြီလေ' တဲ့။

သူမက ဟန်းဂါးဂိမ်းစ်ရုပ်ရှင်နဲ့ ပတ်သက်ပြီး 'ကျွန်မကို အဲဒီရုပ်ရှင်အတွက် ကမ်းလှမ်းလာတော့ ပထမ ကြောက်မိသွားတယ်။ ကျွန်မကို လူတော်တော်များများ မျက်မှန်းတန်းမိသွားရင် တခြားကာရိုက်တာတွေမှာ လွယ်လင့်တကူ ပျော်ဝင်ခံစားနိုင်ဖို့ အခွင့်အလမ်းနည်းပါးတော့မှာလေ။ ဒါပေမဲ့ ကျွန်မ ပြောင်းပြန်ပြန်တွေးကြည့်တယ်။ စိတ်ဝင်စားဖို့ကောင်းပြီး ဂုဏ်ယူစရာလည်း ကောင်း၊ အထင်ကြီးလောက်ဖွယ်လည်း ကောင်းတဲ့ကာရိုက်တာကို ကျွန်မချစ်သွားတော့ ကြောက်စရာလို့ မထင်တော့ဘူး။ အဲဒီတော့…'လို့ အင်တာဗျူးဖြေနေရင်း ဂျန်နီဖာက စကားကို တစ်ဝက်တစ်ပျက် ရုတ်တရက်ကြီး ရပ်ပစ်ကာ သူ့မျက်လုံးကြီး ပြူးပြပါတယ်။ ပြီး လေသံခပ်တိုးတိုးနဲ့ 'ဟိုအမျိုးသမီးကိုတွေ့လား၊ ကျွန်မကို သရဲတစ်ကောင်လိုပဲ စိုက်ကြည့်နေတယ်။ ကျွန်မ ကြက်သီးတောင် ထလာပြီ' လို့ ပြောပါတယ်။

အင်တာဗျူးသမားက လှမ်းကြည့်လိုက်တော့ 'သူတို့ကျွန်မကို မှန်ဘီလူးအရှည်ကြီးနဲ့ လှမ်းချိန်နေသေးတယ်' လို့ ပြောပြောဆိုဆို ဖျတ်ခနဲ နေရာပြောင်းထိုင်ပစ်လိုက်ပါတော့တယ်။ သူမပြောနေတဲ့ အမျိုးသမီးကို ကျောပေးအနေအထားဖြစ်အောင် ထိုင်လိုက်ခြင်းပင်။

နောက်ထပ် ရုပ်ရှင်တစ်ကား စမရိုက်ခင် မင်း ခဏ အချိန်ရနေသေးတယ်။ ဘယ်မှာနေမလဲ ဆိုတဲ့မေးခွန်းကို 'ကုမ္ပဏီက ဒီဟိုတယ်မှာ နေခိုင်းခဲ့တယ်။ ဒါပေမဲ့ မနက်ဖြန်ကစပြီး သူတို့ ဟိုတယ်ဖိုး မရှင်းပေးတော့ဘူး ထင်တယ်။ ကျွန်မသူငယ်ချင်းရဲ့အိမ်မှာ နေမယ်စဉ်းစားထားတယ်။ လူတိုင်းက အမြဲပြောကြတယ်။ ကျွန်မက အချမ်းသာဆုံး ဆိုဖာပေါ် အိပ်တတ်တဲ့သူလေ။ သူမကိုယ်ပိုင်အိမ်ဝယ်ဖို့ အဆင်သင့်မဖြစ်သေးဘူးလို့ ခံစားရတယ်။ ကောင်းကောင်းလည်း စောင့်ရှောက်နိုင်စွမ်းရှိမယ် မထင်ပါဘူး။ ကျွန်မက စိတ်အပြောင်းအလဲ မြန်တယ်။ အခုဝယ်ပြီး ခဏနေ မကြိုက်တော့ဘူးဖြစ်သွားမှာ။ ခုဆို ပိုက်ဆံတော့ရှိပါပြီ၊ ဒါပေမဲ့ ကိုယ့်စိတ်ကို မထိန်းနိုင်သေးဘူး။

ဟန်းဂါးဂိမ်းစ်ရုပ်ရှင်အတွဲတွေ ပြီးရင် တစ်နှစ်ကို ရုပ်ရှင်တစ်ကား ဒါမှမဟုတ် နှစ်ကားရိုက်မယ်။ တစ်ခါတစ်ရံ စတည်းချနေထိုင်ဖို့ အိမ်တစ်လုံးလောက်ဝယ်မလားလို့ မျှော်လင့်ထားတယ်။ မြက်ခင်းပြင်ရယ်၊ ခြံမြေပြင်ကျယ်ကျယ်လေးပါတာရယ် လိုချင်သား။ တစ်ခါတလေ ညဘက် ခြံထဲထွက် လမ်းလျှောက်ချင်တယ်။ အသက်ဝဝရှူချင်တယ်။ ဘဝကို ပုံစံချဖို့ အသင့်နီးပါးဖြစ်ပြီ ထင်ပါရဲ့လေ။ ပြီးတော့လည်း နောက်ထပ် ဟန်းဂါးဂိမ်းစ်ရုပ်ရှင်နှစ်ကား ပြီးချိန်လောက်ဆို ကျွန်မအသက် ၂၄ နှစ် ရှိပြီ။ အငြိမ်းစားယူနေထိုင်ဖို့ နေရာတစ်နေရာတော့ လိုအပ်ပြီလေ' လို့ ခပ်ညည်းညည်းလေး ပြောပြသွားပါတယ်။

■ **ရီတာအောင်** (NE)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းဘို့င်ဦးထုပ်မဆောင်းတဲ့ ကျေးလက်ဂီတသမား Keith Urban

ရာပြည့်

နွားကျောင်းသား
ဦးထုပ်မဆောင်းတဲ့
ဩစတြေးလျနိုင်ငံသား
ကျေးလက်ဂီတသမား
အဆိုတော် Keith Urban နဲ့
Rolling Stone ပင်တိုင်ဆောင်းပါးရှင်
Brian Hiatt တို့ရဲ့တွေ့ဆုံခန်းကို
မြန်မာနိုင်ငံက ကျေးလက်ဂီတ
ပရိသတ်တွေအတွက်
တင်ဆက်ပေးထားတာ ဖြစ်ပါတယ်။
Keith Urban ဟာ ပြီးခဲ့တဲ့
နှစ်တစ်နှစ်အတွင်းမှာပဲ
John Fogerty နဲ့အတူ
ဘင်ဂျိုလက်စွမ်းပြသီချင်း
*Almost Saturday Night* ကို
အသံသွင်းဖြစ်ခဲ့သလို
ကမ္ဘာကျော် Beatles ဂီတအဖွဲ့ရဲ့
*Don't Let Me Down*
အမည်ရသီချင်းကို John Mayer နဲ့
တွဲဖက်သီဆိုဖြစ်ခဲ့ပါတယ်။
အဲ့ဒီအပြင် Steven Tyler ရဲ့
*Walk This Way* သီချင်းမှာ
နောက်ခံသီဆိုမှုပြုပေးခဲ့ပြီး
Rolling Stones ရဲ့ *Respectable*
သီချင်းကို စင်မြင့်ထက်မှာ
Stones အဖွဲ့သားတွေနဲ့တစ်လှည့်စီ
သီဆိုတင်ဆက်ပေးခဲ့ပါသေးတယ်။
Keith Urban ရဲ့သတ္တမမြောက်
စတူဒီယိုအယ်လ်ဘမ်အဖြစ်
နိုဝင်ဘာလအတွင်းမှာ ထုတ်ဝေခဲ့တဲ့
*Fuse* အမည်ရအယ်လ်ဘမ်မှာတော့
အီလက်ထရွန်းနစ်တူရိယာသံတွေ
မွှမ်းထုံနေပြန်ပြီး Rihanna နဲ့
Beyonce တို့ရဲ့ဓာတ်ပြားတွေ
ထုတ်လုပ်သူ Stargate ကုမ္ပဏီနဲ့
လက်တွဲလာခဲ့တာလည်း
တွေ့ကြရပါတယ်။
ဒီလိုဆိုတော့ ဩစတြေးလျသား
Keith Urban ဟာ
ကျေးလက်ဂီတအဆိုတော်
ဟုတ်မှဟုတ်ရဲ့လားလို့ မအံ့ဩမိဘဲ
မနေနိုင်အောင် ဖြစ်ရပြန်ပါတယ်။
အခုလထဲမှာ American Idol ရုပ်/သံ
အဆိုပြိုင်ပွဲ ဒုတိယရာသီရဲ့
အကဲဖြတ် ဒိုင်တစ်ယောက်အဖြစ်
ပြန်လည်မြင်တွေ့ကြရတဲ့ Keith
Urban ကတော့ ရှော့ခ်ဆန်လွန်းတဲ့
ကျေးလက်ဂီတအဆိုတော်တွေ
ရှိသလို ကျေးလက်ဂီတဆန်လွန်းတဲ့
ရော့ခ်အဆိုတော်တွေလည်း
ဂီတရာဇဝင်မှာ
အများအပြားရှိကြောင်း
ပြန်လည်ဖြေကြားသွားခဲ့ပါတယ်။
Urban က ဖန်တီးလိုက်တဲ့
ဂီတအမျိုးအစားအပေါ်
တံဆိပ်ကပ်တာတွေကို
စဉ်းစားလေ့မရှိဘဲ ဂီတတစ်ရပ်ကို
ဖန်တီးလိုက်တာသာ ဖြစ်ပေမဲ့
သူလုပ်သမျှ ဖန်တီးသမျှတွေရဲ့
အများစုမှာတော့ ကျေးလက်ဂီတ
အခြေခံတွေပါနေမှာ



www.burmeseclassic.com

www.burmeseclassic.com

အသေအချာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**Brian Hiatt: ကျေးလက်ဂီတကို စွန့်ခွာပြီး ရော့ခ်ဂီတဘက်ကို ကူးပြောင်းဖို့ရာ စဉ်းစားဖူးသလား။**

Keith Urban: ကျွန်တော့်အသက် ၁၅ နှစ်လောက် အရွယ်တုန်းက Fractured Mirror လို့ အမည်ရတဲ့ ဂီတအဖွဲ့ထဲက မိတ်ဆွေတချို့က ကျွန်တော့်ကို သူတို့ဆီမှာ ဂစ်တာတီးမလားလို့ မေးလာပါတယ်။ အဲဒါ ၁၉၈၃ ခုနှစ်တစ်ဝိုက်လောက်ကပေါ့။ အဲဒီတုန်းက ကျွန်တော်က အဲဒီတီးကွက်တွေနဲ့ ဂစ်တာအတီးပိုဒ် ဝင်တီးဖို့ အလှည့်ပေးခဲ့တယ်။ အဲဒီအဖွဲ့ဟာ ကျွန်တော့်ကို ထုတ်ပယ်ခဲ့တဲ့ တစ်ခုတည်းသော တီးဝိုင်းပါပဲ။

**B.H: Nicki Minaj နဲ့ Mariah Carey တို့ရဲ့ Idol ရန်ပွဲတွေဟာ သြစတြေးလျက ပွဲတွေနဲ့ယှဉ်ရင် ဘာမှ မဟုတ်သေးဘူးလို့ ပြောခဲ့တယ်နော်။ အဲဒါက Blues Brothers' Club လို ဟာမျိုးလား။**

K.U: ဟုတ်တယ်၊ တော်တော်လေးဆင်တူပါတယ်။ တစ်ညမှာ ကျွန်တော် ပစ်ချလိုက်တယ်။ ကျွန်တော်တို့အဖွဲ့ လှေကားတွယ်တက်ပြီး DJ ထိုင်တဲ့ ရုံလေးထဲမှာ ဒူးတုပ်ပြီး ထိုင်နေကြတယ်။ အောက်မှာ ရန်ဖြစ်နေတာတွေ ကြည့်ရင်းပေါ့။ ရဲတွေရောက်လာတဲ့ အထိပဲလေ။ တကယ့်ကို အရူးအမူး ပဲ။

**B.H: ကွင်းပြင်ကျယ်ကြီးတွေမှာ ကျင်းပတဲ့ စင်မြင့်ဖျော်ဖြေပွဲတွေမှာ ကိုယ့်ရဲ့ ဂီတရှာန်ဝင်ပုံကို တစ်ပုံစံတည်းဖြစ်အောင် ထိန်းရတာ ခက်ခဲတတ် သလား။**




က Saxon, Scorpions, Judas Priest, Ozzy Osbourne တို့ရဲ့ သီချင်းတွေကို အဲဒီအဖွဲ့မှာ တီးခတ်ပေးခဲ့ရတယ်။ ဒါပေမဲ့ ကျွန်တော်က Ricky Skaggs ရဲ့ သီချင်းတွေကို တွေ့လာပြီးတဲ့နောက် သူ့ရဲ့ ဂစ်တာသမား Ray Flacke ရဲ့ ကြက်အစာကောက်သလို တီးခတ်ဟန်ကို စွဲစွဲလမ်းလမ်း သင်ယူလေ့လာခဲ့တယ်။ နောက်တော့ ကျွန်တော့်တီးဝိုင်းတို့ တီးဝိုင်းက တီးခတ်ဖျော်ဖြေနေတုန်း ရန်ပွဲတစ်ခု အကြီးအကျယ်ဖြစ်ပါတယ်။ ကပွဲခန်းမ ကြမ်းပြင်ပေါ်မှာ ရန်ပွဲက ကြီးကျယ်သထက် ကြီးကျယ်လာတယ်။ DJ ထိုင်တဲ့ ရုံလေးကို လှေကား အရှင်တစ်ခုမှာချိတ်ပြီး အမိုးမှာဆွဲထားတယ်။ လူတွေ အပေါ်တက်ပြီး သီချင်း မတောင်းနိုင်ဘူးပေါ့။ ရန်ပွဲဖြစ်ကောင်း နေတုန်းမှာ DJ လုပ်သူက လှေကားကို

K.U: ကျွန်တော်က ကိုယ့်ပွဲတွေကို အ တမ်း သွက်လက်နေအောင် ကြိုး လေ့ရှိပါတယ်။ ဆိုတော့ရင် တစ် တစ်ည ပုံစံချင်း အတိအကျတော့ ဘူးပေါ့။ ဒါပေမဲ့ ဒါကလည်း တစ် တော့ ကောင်းတယ်။ တချို့အ အလဲတွေက အလုပ်ဖြစ်တာကိုး။ ဖူးတဲ့ ဆိုရိုးလေးတစ်ခုလိုပေါ့။ 'က တစ်ယောက်ရဲ့ ပထမဆုံး ငိုရှ



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တကယ့် ဂီတစစ်စစ်ပဲ'တဲ့။
နောက်မှာတော့ အမေလုပ်တဲ့သူ ပြေး
တော့မယ်ဆိုတာ ကလေးကသိ
လေ။ အဲဒါဟာ ဖျော်ဖြေရေးပဲ'လို့
တယ်။ (ရယ်သံများ)

**ကျေးလက်ဂီတရဲ့ အသံနယ်နိမိတ်**
**အခုအချိန်မှာ ရွေ့လျားနေပြီ**

၁၉၇၃ ခုနှစ်လောက်တုန်းက
ကျော်ခဲ့တဲ့ အဆိုတော် Jim
ရဲ့ *Swamp Witch* ဆိုတဲ့သီချင်း
ကျွန်တော် ကြည့်ကြည့်တယ်။ အဲဒီ
ဂစ်တာမှာ Wah-Wah ဂစ်တာ
တီးကြတာပေါ့။ ဒီလိုဆို ၂၀၁၄
ဘယ်လိုသီချင်းမျိုးကို ဥပမာပြ
လို့ မေးလာမယ်ဆိုရင် *The*
*...ers* သီချင်းမှာ Eric Church လုပ်
တာတွေ၊ *Fuse* မှာ ကျွန်တော်
ထားတာတွေပဲပေါ့။ ဆိုလိုတာက
နည်းနည်းတော့ ထူးဆန်းနေပေ
ပြားခြားနားတာမျိုး ဖြစ်တယ်။
ကားရားတစ်ခုခုကို မြင်လိုက်တဲ့
ကောင်က တုံ့ပြန်ဖော်ပြပုံမျိုးကို
ထားတာပါပဲ။ နောက် နှစ်
နည်းကြာသွားတော့လည်း ဒါကို
ခံနိုင်လာမှာပါ။

**အားထည့်တာတွေ သိပ်ပြီး အလွန်**
**ဖြစ်သွားတဲ့အခါ ဘယ်လိုသိနိုင်**
**လဲ။**

နေရာအသစ်တစ်ခုမှာ ကျေးလက်
ကို တီးခတ်ပြတဲ့အခါ ဒါမျိုး ခဏ
ကြုံရတတ်ပါတယ်။ 'ဘိုးအေလုပ်
ကို နှုတ်ခမ်းနီဆိုးပေးဖို့ ကြိုးစားနေ
သား၊ အလုပ်မဖြစ်ပါဘူးကွာ' ဆို
မျိုးပေါ့။ ဒါပေမဲ့ ကိုယ့်မှာသာ
ချက်ကောင်းကောင်းရှိရင် ဖြစ်
လုပ်နိုင်တဲ့ နည်းလမ်းရှိပါတယ်။

**ဘိုးဘိုးက ဘယ်နေရာမှာ ဆွဲ**
**မှု ကောင်းတာလဲ။**

(ရယ်လျက်) ကျွန်တော့်အတွက်က
တစ်ခါတစ်ခါမှာ ရှေ့ကို ဆက်
နိုင်မလားဆိုတာ ကိုယ့်ကိုယ်ကို
အံ့သြမိတယ်။ အဲဒါဟာ နောက်
ထွက်မယ့်ခေတ်ပြားအတွက် ဖြစ်မှာပါ။

**B.H: Urban နဲ့ ဇနီးသည်(ရုပ်ရှင်မင်းသမီး) Nicole Kidman တို့ကြားမှာရော ဂီတအရသာခံစားတာချင်း လိုက်ဖက်ညီရဲ့လား။**

K.U: ကျွန်တော့်ဇနီးသည် Nic က ကျွန်တော်ရဲ့ ဂီတကို အများကြီး ချဲ့ထွင်ပေးခဲ့သူပါ။ သူက indie သီချင်းတွေနဲ့ သီချင်းအေးအေးတွေ ကြိုက်တတ်ပါတယ်။

**B.H: Rolling Stones အဖွဲ့နဲ့အတူ တွဲဖက်ဖျော်ဖြေတဲ့အပေါ်မှာ Urban အတွက် ဘာအတွေ့အကြုံတွေ ရခဲ့ပါသလဲ။**

K.U: သူတို့မှာက ဘယ်သူ့ဆီမှာမှ မရှိတဲ့ အရာတစ်ခု ရှိနေတုန်းပဲလေ။ Mick Jagger ဟာ သာမန်ထက်ကို ထူးကဲတဲ့ သြဇာလွှမ်းမိုးမှုမျိုး ရှိနေတုန်းပဲ။ Mick နဲ့ Bruce Springsteen တို့က အဲဒီလို ဘယ်သူ့မှာမှ မရှိတဲ့အရာကို ဘယ်လိုတည်မြဲအောင် ထိန်းသိမ်းထားတယ်ဆိုတာနဲ့ ပရိသတ်အကြိုက် ပေါက်ကွဲအားကောင်းတဲ့ ဖျော်ဖြေရေးသမားတစ်ယောက် ဖြစ်အောင် ဘယ်လိုလုပ်ရတယ်ဆိုတာကို ပြသသွားတာပဲဖြစ်တယ်။ *Doom and Gloom* ဆိုတဲ့ခေတ်ပြားဟာ တကယ် ကြီးကျယ်ခမ်းနားတဲ့ ခေတ်ပြားတစ်ချပ်ပါပဲ။ *Doom and Gloom* ကို ဒီထက်ပိုပြီး ကြွတက်လာအောင် ဖြစ်မလာတာတော့ မုန်းမိတယ်။

**B.H: Fogerty နဲ့အတူတွဲ တီးခတ်ရာမှာ အတော်လေး သက်သောင့်သက်သာရှိတာ တွေ့ရတယ်။ Creedence ရဲ့ နာမည်ကျော်သီချင်းတွေကို ကျေးလက်ဂီတလို့ မြင်ပါသလား။**

K.U: ဒါဟာ တောင်ပိုင်းဒေသက ဆွဲယူလာတာဆိုတာ အငြင်းပွားစရာ မရှိပါဘူး။ စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။ Phil Everly ကို ဆုံးရှုံးလိုက်ရတာကို လွမ်းမျှော်ကြည့်နေတဲ့အခါမျိုးမှာပေါ့။ *Bye Bye Love* ဆိုတဲ့ သီချင်းဟာ နံပါတ် 'တစ်' ရွှဲခဲ့တဲ့ နာမည်ကျော် ကျေးလက်ဂီတတစ်ပုဒ်ပါ။ ပေါ့ပ်သီချင်းလည်းဖြစ်သလို R&B သီချင်းလည်း ဖြစ်တယ်။ ဒီလို များများစားစား ရောမွှေထားတာမျိုး မရှိခဲ့ပါဘူး။ ဒီလို သီချင်းမျိုး ကျွန်တော်တို့ ဘာကြောင့် မရသေးတာလဲလို့ ပြောရမှာပါ။

**B.H: Urban ဟာ ကောင်းဘွိုင်ဦးထုပ် မဆောင်းတဲ့ ကျေးလက်ဂီတလောကထဲက လူလို့ အဆိုရှိကြတယ်နော်။ တစ်ခါလောက် ဆောင်းမကြည့်ဖူးဘူးလား။**

K.U: ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဆံပင်အရှည်နဲ့ မို့လို့ပါ။ 'မဟုတ်သေးဘူး၊ ကျွန်တော် ဦးထုပ်ဆောင်းလည်း ကျောင်းစရာ နွားမရှိဘူး' လို့သာ ပြောရမှာပါ။ ပရိသတ်ကိုတော့ ကျွန်တော် ပြောပြတတ်ပါတယ်။ Johnny Cash လည်း ဦးထုပ်မဆောင်းခဲ့ဘူး။ George Jones လည်း ဦးထုပ်မဆောင်းခဲ့ဘူးလို့။

**B.H: Urban ရဲ့ဆံပင်က သိပ်လှနေလို့ ဖုံးကွယ်မထားတာလား။**

K.U: ကျွန်တော့်မှာ အဲဒီဆံပင်လေးပဲ ရှိတာပါ။

ကောင်းဘွိုင်ဦးထုပ် မဆောင်းတဲ့ Keith Urbane နဲ့ Brain Hiatt တို့ရဲ့ တွေ့ဆုံခန်းလေးဟာ ရယ်ရယ်မောမောနဲ့ပဲ အဆုံးသတ်သွားခဲ့ပြီး ကျေးလက်ဂီတနဲ့ ပတ်သက်တဲ့ Keith Urban ရဲ့ အယူအဆ၊ အတွေးအမြင်တွေကို ဂီတပရိသတ်တို့ ကြားသိခွင့်ရကြလိမ့်မယ်လို့ မျှော်လင့်သလို Keith Urban ကိုယ်တိုင် အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ဆောင်ရွက်ပေးနေတဲ့ American Idol ရုပ်သံအဆိုပြိုင်ပွဲ အစီအစဉ်ကို စောင့်မျှော် ကြည့်ရှုရင်း သူ့ရဲ့ ဂီတဝါသနာရှင် မျက်နှာသစ် အဆိုတော်လေးတွေအပေါ် ထားရှိတဲ့ စေတနာစကားတွေကိုလည်း ကြားနိုင်ကြမှာဖြစ်ကြောင်း ရေးသားတင်ဆက်လိုက်ရပါတယ်။ ■

ရာပြည့်

**Reference : Keith Urban by Brian Hiatt, Rolling Stone Magazine. Jan 30.2014**



www.burmeseclassic.com

www.burmeseclassic.com

*ယခင်လမှအဆက်…*

**အခန်း(၇)**

**အိမ်ထောင်သည်အချစ်**

*ကျွန်မက အဲဒါကို*
*စကားလုံးအဖြစ်နဲ့တော့*
*ထုတ်မပြောတတ်ဘူး။*
*ဒါပေမဲ့ နှလုံးသားထဲမှာတော့*
*သိနေတယ်။*

**အဲလစ်ဇဘက်တေလာ**

*ကျွန်တော်တို့နေရတဲ့ဘဝက*
*တစ်နေ့လုံး မီးရောင်အောက်မှာ*
*နေရတာဆိုတော့*
*မီးတောက်မီးလျှံတွေလိုပဲ။*

**ရစ်ချတ်ဘာတန်**

❑

The Sandpiper ရုပ်ရှင်ဇာတ်ကားနဲ့ Who's Afraid of Virginia Woolf? ရုပ်ရှင်ဇာတ်ကား နှစ်ခုကြားမှာ လစ်ဇ်က မောင်ဂိုမာရီကလစ်ဖ်ကို တယ်လီဖုန်းဆက်သွယ်ပြီး ကြာရှည်စွာ စကားပြောလေ့ ရှိပါတယ်။ ကလစ်ဖ်အနေနဲ့ သရုပ်ဆောင်အလုပ်ကို ပြန်ပြီးမိတ်ဝင်စားနိုင်ဖို့ သူ့မိတ်ဆွေတွေ ပြန်လည်မြှင့်တင်ပေးဖို့ ကြိုးစားနေခြင်းပါပဲ။ အဲဒီအချိန်မှာ ဘာတန်က ဇာတ်ခုံပေါ်မှာ Hamlet ပြဇာတ်နဲ့ အောင်မြင်မှုရနေချိန်ဖြစ်ပြီး ကလစ်ဖ်ရဲ့ အနုပညာဘဝကတော့ နေဝင်ချိန်ရောက်လုနီးနေပါပြီ။ အရက်အလွန်အကျွံသောက်ပြီး စိတ်ဖောက်နေတာကြောင့် ဘယ်ဒါရိုက်တာကမှလည်း အလုပ်မပေးရဲကြတော့ပါဘူး။ ၁၉၆၁ ခုနှစ်တုန်းက The Misfits ဇာတ်ကားမှာ မာရီလင်မွန်ရိုးနဲ့ တွဲဖက်သရုပ်ဆောင်တော့ မွန်ရိုးက "မွန်တီမှာက ကျွန်မထက်တောင် ပြဿနာများသေးတယ်" လို့ မှတ်ချက်ချခဲ့ဖူးပါတယ်။

၁၉၆၄ ခုနှစ်ရောက်တော့ ကလစ်ဖ်က စိတ်ပိုင်းဆိုင်ရာသာ မဟုတ်တော့ဘဲ ရုပ်ပိုင်းဆိုင်ရာပါ ကျဆင်းလာလိုက်တာ ကိုယ်အလေးချိန် ပေါင် ၁၀၀ လောက်သာ ရှိတော့တဲ့အတွက် သူ့ကိုတွေ့ချိန်မှာ လစ်ဇ် တော်တော်ထိတ်လန့် တုန်လှုပ်သွားခဲ့ပါတယ်။ ကလစ်ဖ်က လစ်ဇ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေများထဲမှာ တစ်ဦးအပါအဝင် ဖြစ်ပါတယ်။ A Place in the Sun ရုပ်ရှင်ဇာတ်ကားမှာ စတင်တွဲဖက်ခဲ့ကြဖူးပြီး အဲဒီကတည်းက တစ်ဦးပေါ်တစ်ဦး ခင်မင်တွယ်တာခဲ့ကြပါတယ်။ အဲဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခွင့်ရဖို့ MGM ရုပ်ရှင်ကုမ္ပဏီကြီးက Paramount ရုပ်ရှင်ကုမ္ပဏီကြီးသို့ လစ်ဇ်ကို ငှားရမ်းခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ဒီဇာတ်ကားက An American Tragedy ဝတ္ထုကို မှီငြမ်းပြုထားတဲ့ ဒါရိုက်တာ ဂျော့ချ်စတီဗင်ရဲ့လက်ရာ ဖြစ်ပါတယ်။ လစ်ဇ်ကိုယ်တိုင်က သူမကို စနစ်တကျ သရုပ်ဆောင်တတ်အောင် သင်ပေးခဲ့တဲ့သူဟာ မာလွန်ဘရန်ဒိုမဟုတ်သလို ဂျိမ်းစ်ဒီးန်လည်းမဟုတ်ဘဲ မောင်ဂိုမာရီကလစ်ဖ်သာ ဖြစ်တယ်လို့ ခံယူထားပါတယ်။ သူတို့အတွဲကို စာနယ်ဇင်းများက သမီးရည်းစားအဖြစ် ထင်မှတ်ခဲ့ကြပေမဲ့ သူတို့နှစ်ယောက်က မိတ်ဆွေများအဆင့်မှာသာ ရပ်တည်ခဲ့ကြပါတယ်။ "စာနယ်ဇင်းတွေကတော့ ကျွန်မတို့နှစ်ယောက် ချစ်ကျွမ်းဝင်နေတယ်လို့ ထင်ခဲ့ကြတယ်။ ကျွန်မစိတ်ထင်ပြောရရင် သူနဲ့စတွေ့တဲ့အချိန်ကစပြီး ကလစ်ဖ်ဟာ သူ လက်တွေ့ဖြစ်နေတဲ့ဘဝနဲ့ ဖြစ်သင့်ဖြစ်ထိုက်တယ်လို့ သူ ယူဆတဲ့ဘဝနှစ်ခုကြားမှာ လွန်ဆွဲနေတယ်လို့ သိခဲ့ပါတယ်" လို့ လစ်ဇ်က ကလစ်ဖ်နဲ့ပတ်သက်ပြီး မှတ်ချက်ချခဲ့ဖူးပါတယ်။ ရုပ်ရှင်ကားရိုက်ရင်း သူတို့နှစ်ယောက်ရဲ့သံယောဇဉ်တွေ ရိုးမြားလာကာ ရာသက်ပန်တည်မြဲမယ့် မိတ်ဆွေရင်းချာဘဝကို

# ရမ္မက်ဈေ

ဝင်း…

ဟာကာယ်တော့ သူတို့နှစ်ယောက် အင်္ဂလန်မှာ နေမယ် ဆိုရင် ပိုပြီးလွတ်လပ်ပါတယ်။ ဘီယာဆိုင်တွေကို ဘယ်အချိန်ပဲသွားသွား သွားလို့ရပြီး မိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး နေနိုင်ပါတယ်။ အဲဒီမှာ သူတို့ကို အနှောင့်အယှက် ဖြစ်စေမယ့် ပရိသတ်မျိုး လုံးဝမရှိပါဘူး။ ပိုပြီးအရေးကြီးတဲ့အချက်တစ်ခုကတော့ အင်္ဂလန်နိုင်ငံဟာ ဘာတန်ရဲ့မွေးရပ်မြေဖြစ်တဲ့ အတွက် ဘာတန်ပျော်မယ့်နေရာမှာ သူ နေပေးချင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



A Place in the Sun
ရုပ်ရှင်ဇာတ်ကားမှာ
စတင်ဆုံစည်းခဲ့ကြတဲ့
မောင်ဂိုမာရီကလစ်ဖ်နဲ့
အဲလစ်ဇဘက်တေ

www.burmeseclassic.com

www.burmeseclassic.com



The Taming of the Shrew
ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း



A Place in the Sun
ရုပ်ရှင်ဇာတ်ကားမှ
ကလစ်ဖ်နဲ့ လစ်ဇ်




ရောက်ခဲ့ကြပါတယ်။ တစ်ခါတုန်းက
လစ်ဇ်နဲ့ခင်ပွန်းသည် မိုက်ကယ်လ်ဝဲလ်
ဒင်းတို့နေထိုင်ရာ Benedict Canyon
အိမ်ကနေ ကလစ်ဖ် ကားမောင်းပြီး ပြန်
ရာမှာ တယ်လီဖုန်းတိုင်တစ်ခုကို သွ
ကားနဲ့ ဝင်တိုက်မိပါတယ်။ ကားတိုက်
တဲ့ သတင်းကြားကြားချင်း လစ်ဇ်တို့
ဇနီးမောင်နှံ အခင်းဖြစ်ပွားတဲ့နေရာသို့
ရောက်သွားကြပြီး လစ်ဇ်က ကားထဲသို့
လေးဖက်တွားဝင်ကာ ကလစ်ဖ်ကို ဆွဲ
ထုတ်လာတဲ့အပြင် ကျိုးသွားတဲ့ သွား
နှစ်ချောင်း လည်ချောင်းထဲ ရောက်နေ
တာကိုလည်း နှိုက်ထုတ်ပေးခဲ့ပါတယ်။
လူနာတင်ကား ရောက်မလာသေးမီ
ကာလတစ်လျှောက်လုံး လစ်ဇ်က
ကလစ်ဖ်ရဲ့ခေါင်းကို သူ့ရင်ခွင်မှာ ထွေး
ပွေ့ထားခဲ့ပါတယ်။ အင်မတန်ချောမွေ့
တဲ့ ကလစ်ဖ်ရဲ့မျက်နှာဟာ ကားတိုက်
တဲ့ဒဏ်ရာကြောင့် ပျက်စီးသွားခဲ့ပြီး
အနည်းငယ် ပုံပျက်ပန်းပျက်ဖြစ်သွားခဲ့
ပါတယ်။ အဲဒါက ၁၉၅၆ ခုနှစ်က
အဖြစ်အပျက်ပါ။ ၁၉၅၉ ခုနှစ်မှာ
ကလစ်ဖ်နဲ့ လစ်ဇ်တို့တွဲပြီး Suddenly
Last Summer ဇာတ်ကားကို ရိုက်ကူး
တော့ ကလစ်ဖ်ရဲ့မျက်နှာက တော်တော်
ပျက်စီးနေတာကို တွေ့ကြရပါတယ်။

Hamlet ပြဇာတ်ကို ဘာတန် က
နေစဉ်မှာ မကြာခဏဆိုသလို ဖဲ လ
က ထမင်းဆိုင်မှာ အတူစားတတ်သ
တစ်ခါတလေမှာလည်း ဇာတ်ရုံနားမှာ
တဲ့ ထမင်းဆိုင်မှာပဲ စားတတ်ကြ
တယ်။ သုံးယောက်သား ထမင်းဆုံစား
ကြတဲ့အခါမှာ လစ်ဇ်ရဲ့ဂရုစိုက်မှု
ကလစ်ဖ်အပေါ်မှာ ပိုတယ်လို့ ဘာတ
က သဝန်တိုစိတ်နဲ့ ပြောတတ်ပါတယ်
တစ်ကြိမ်မှာတော့ ဘာတန်က လစ်ဇ်
ကြည့်လိုက်ပြီး 'မွန်တီ…လစ်ဇ်က
ကို ကြိုက်ပြီး မင်းကို ချစ်တာကွ'
မချင့်မရဲ ဆိုခဲ့ဖူးပါတယ်။ ဒါပေ
ကလစ်ဖ်ကတော့ ဘာတန်နဲ့ပတ်သ
ပြီး လစ်ဇ်ကို ဘာဝေဖန်ချက်မှ
ပါဘူး။ ဒါပေမဲ့ တစ်ခါတစ်ရံမှာတော့
'ကဗျာပဲ ရွတ်တတ်တဲ့ကောင်' လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com

တတ်ပါတယ်။

သုံးယောက်အတူ သရုပ်ဆောင်ကြဖို့ လစ်ဇ်က ကြိုးပမ်းပါတယ်။ အားနက်စ်ဟဲမင်းဝေးရဲ့ ဝတ္ထုကို ရိုက်ကူးထားတဲ့ The Macomber Affair ဇာတ်ကားကို ပြန်လည်ဆန်းသစ်ဖို့ လစ်ဇ်က စိတ်ကူးပေမဲ့ ကလစ်ဖ်က ဒီဇာတ်ကားနဲ့ပတ်သက်လို့ စိတ်မပါခဲ့ပါဘူး။ ဒါကြောင့် လစ်ဇ်က နောက်ထပ်ဇာတ်တစ်ဇာတ်ကို စဉ်းစားလိုက်ပြန်ပါတယ်။ The Owl and the Pussycat ဇာတ်ကို ရှာတွေ့ပါတယ်။ ဒီဇာတ်လမ်းက ဟာသလည်းဖြစ်ပြီး သုံးယောက်စလုံးက သရုပ်ဆောင်ပညာနဲ့ ဖမ်းစားနိုင်မယ့် ဇာတ်ဖြစ်ပါတယ်။

ကလစ်ဖ်ရဲ့အေးဂျင့်ဖြစ်တဲ့ ရောဘတ်လင့်ဇ်ကတော့ တခြားစာရေးဆရာတစ်ယောက်ရေးထားတဲ့ Reflections in a Golden Eye ကို ရုပ်ရှင်ရိုက်ဖို့ အကြံပြုပါတယ်။ ဒီဇာတ်လမ်းက ရှုပ်ထွေးဆန်းကြယ်တဲ့ အိပ်ရာခန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းမှာ ကလစ်ဖ်က လိင်တူချင်းတပ်မက်တဲ့ တပ်မတော်အရာရှိ ဝဲလ်ဒန်ပင်ဒါတန် အဖြစ်သရုပ်ဆောင်ပြီး လစ်ဇ်က အရာရှိရဲ့ဇနီးချော လီယိုနိုရာ အဖြစ် သရုပ်ဆောင်ရမှာပါ။ တပ်မတော်အရာရှိကြီးက သူ့ဇနီးချောလက် သူ့လက်အောက်က အရာရှိငယ်လေးကို စိတ်ဝင်စားနေပြီး အရာရှိငယ်လေးက သူ့ဇနီးချောကို တပ်မက်နေပါတယ်။ အရာရှိငယ်နေရာမှာ ဘာတန်က သရုပ်ဆောင်ရမှာပါ။

ဒီဇာတ်ကားမှာ လစ်ဇ်က လီယိုနိုရာအဖြစ် ပါဝင်သရုပ်ဆောင်ဖို့ သဘောတူပြီးပါပြီ။ ဒါပေမဲ့ ဒီဇာတ်ကားကို ရိုက်လုပ်မယ့် ရေးစတာ့ခ်က ဒီဇာတ်လမ်းကို ရိုက်ကူးမယ်ဆိုရင် ကလစ်ဖ်အနေနဲ့ သူ့မျက်နှာပေါ်က ဒဏ်ရာဒဏ်ချက်တွေကို ပျောက်သွားအောင် ပလတ်စတစ်ဆာဂျရီလုပ်သင့်တယ်လို့ တောင်းဆိုပါတယ်။ ကလစ်ဖ်ကလည်း သူ့အလုပ်ရရှိရေးအတွက် လုပ်ပါမယ်လို့ သဘောတူခဲ့ပါတယ်။ ဒါပေမဲ့ လစ်ဇ်က ဒီလိုလုပ်မှ ရိုက်မယ်ဆိုရင် မလုပ်ရဘူးလို့ ကန့်ကွက်ခဲ့ပါတယ်။ နယူးယောက်မှာ ကလစ်ဖ်ကို အတူနေပြီး အချိန်တော်တော်ကြာအောင် နားချခဲ့ပါတယ်။ ဒါပေမဲ့တစ်ဖက်မှာ လစ်ဇ်က သူ့ပြန်ကြားရေးအရာရှိနဲ့ တွေ့ဆုံရာမှာ 'မွန်တီက အလုပ်တစ်ခုမရတော့ဘူးဆိုရင် သူ မကြာခင်သေဆုံးသွားနိုင်တယ်' လို့ ပြောကြားခဲ့ပါတယ်။

သုံးယောက်ဆုံပြီး ကားရိုက်နိုင်ရေးကို အဓိကကြိုးပမ်းနေသူက လစ်ဇ်ဖြစ်ပါတယ်။ စာနယ်ဇင်းများနဲ့ တွေ့ဆုံပွဲတစ်ခုမှာ လစ်ဇ်က သူနဲ့ ကလစ်ဖ်ဟာ ၁၉၅၉ ခုနှစ်က Suddenly Last Summer ဇာတ်ကားမှာ ဆုံကြပြီးတဲ့နောက် တစ်ကြိမ်တစ်ခါမှ မဆုံကြသေးတဲ့အကြောင်း၊ ဒါကြောင့် မကြာခင်မှာ သူတို့နှစ်ယောက်တွဲပြီး ရုပ်ရှင်ကားတစ်ကားရိုက်ကူးဖို့ အစီအစဉ်ရှိပါကြောင်း ထည့်သွင်းပြောကြားလိုက်ပါတယ်။ ဒီလိုပြောပြီးတဲ့နောက် လစ်ဇ်က ထုတ်လုပ်သူများဖြစ်တဲ့ စတာ့ခ်နဲ့ စတီဗင်တို့ကို ကလစ်ဖ်အား သူမနဲ့ တွဲဖက်သရုပ်ဆောင်သူအဖြစ် သုံးပေးပါလို့ အတင်းအကျပ်တောင်းဆိုပါတော့တယ်။ စတာ့ခ်က လစ်ဇ်အနေနဲ့ ပြန်ပြီးစဉ်းစားပေးပါလို့ ဆိုတဲ့အခါမှာ လစ်ဇ်က ရှင်ဒီလောက် ကြောက်နေရင် ကလစ်ဖ်အတွက် ကျသင့်တဲ့အာမခံကြေး ငွေကို ကျွန်မ ပေးမယ်လို့ အာမခံတဲ့အပြင် ကားရိုက်နေစဉ်အတွင်း တစ်စုံတစ်ခုဖြစ်သွားရင် သူမရရှိမယ့် သရုပ်ဆောင်ခ ဒေါ်လာ သန်းနဲ့ချီတာကို တစ်ပြားမှ မယူဘူးလို့ ဆိုခဲ့ပါတယ်။

တကယ်တော့ လစ်ဇ်က သူမရဲ့ လုပ်ဖော်ကိုင်ဖက် အနုပညာရှင်တစ်ယောက်ကို ဒီလောကထဲ ပြန်လည်ဆွဲခေါ်ခြင်းပါ။ ကလစ်ဖ်အနေနဲ့ သရုပ်ဆောင်အလုပ်ကို ပြန်ပြီးစိတ်ဝင်စားလာနိုင်တဲ့အပြင် အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်လည်း သိလာမယ်လို့ လစ်ဇ်က ယုံကြည်ပါတယ်။ ကလစ်ဖ်ရဲ့အေးဂျင့်ပြောတဲ့ ဇာတ်လမ်းကို ဘာတန်က သာမန်သာ စိတ်ဝင်စားပြီး လစ်ဇ်ကတော့ အောင်မြင်မယ့်ဇာတ်လမ်းလို့ ယုံကြည်ထားပါတယ်။ တစ်ဖက်မှာ သူ အင်မတန်ခင်တွယ်တဲ့ လိင်တူချင်းတပ်မက်သူ အနုပညာရှင်တစ်ဦးကို ကယ်တင်ခြင်းလည်း ဖြစ်ပါတယ်။ လစ်ဇ်ရဲ့ မိတ်ဆွေအများစုက လိင်တူတပ်မက်သူအမျိုးသားများဖြစ်ပါတယ်။ ဒါကြောင့်လည်း လစ်ဇ်ဟာ နောင်ဆယ်စုနှစ်အနည်းငယ်ကြာတဲ့အခါမှာ AIDS ရောဂါသည်များအတွက် မားမားမတ်မတ် ရပ်တည်ပေးတဲ့သရုပ်ဆောင်တစ်ယောက် ဖြစ်လာခဲ့ခြင်းပါ။ ဘာတန်ကိုလည်း သူ့မှာ စွဲကပ်နေတဲ့ ဝက်ရူးပြန်ရောဂါကို မရှက်ဖို့၊ ဒီလိုရောဂါသည်တွေအတွက် ရန်ပုံငွေထူထောင်ဖို့ အားပေးခဲ့သူ ဖြစ်ပါတယ်။

ကလစ်ဖ်က သူ့အေးဂျင့်တိုက်တွန်းတဲ့ဇာတ်လမ်းကို ဇာတ်ညွှန်းရေးပြီးတဲ့အခါ ဖတ်ကြည့်လိုက်တော့ စိတ်ကြိုက်ဖြစ်ပါတယ်။ သရုပ်ဆောင်ဖို့လည်း ဝန်မလေးခဲ့ပါဘူး။ ဒါပေမဲ့ လစ်ဇ်က ဒီဇာတ်လမ်းကို ဘာတန်အနေနဲ့ သရုပ်ဆောင်အဖြစ်သာမက ဒါရိုက်တာအဖြစ်ပါ ရိုက်ကူးချင်တဲ့ဆန္ဒဖြစ်ပေါ်နေတယ်လို့ ပြောလာတဲ့အခါမှာတော့ ကလစ်ဖ်က တော်တော်စိတ်ပျက်သွားပါတယ်။ ဘာတန်ရဲ့သရုပ်ဆောင်မှုများကို ဘယ်တုန်းကမှ ကလစ်ဖ်က အထင်မကြီးခဲ့ပါဘူး။ ကဗျာရွတ်ရုံသာရွတ်တတ်တဲ့သူလို့ သတ်မှတ်ထားပြီး ဖြစ်လို့ပါပဲ။ အဲဒါအပြင် ယောကျ်ားပီသတဲ့ ဝေလ ပြည်နယ်သား ဘာတန်နဲ့ ဆုံရတိုင်းမှာ သူ နေရထိုင်ရတာ စိတ်ကျဉ်းကျပ်သလို ခံစားရပါတယ်။ ကလစ်ဖ်နဲ့ ရော်ဒီမက်ဒေါဝဲလ်တို့က လစ်ဇ် ကွယ်ရာမှာ ဘာတန်ဟာ အင်မတန်သနားစရာကောင်းတဲ့သူလို့ သုံးသပ်ကြပါတယ်။ အရည်အချင်းမရှိဘဲ လစ်ဇ်ရဲ့အရှိန်အဝါကြောင့်သာ အောင်မြင်မှုရနေတာလို့ ယူဆလို့ပါပဲ။ သူတို့အနေနဲ့ လစ်ဇ်ကို ချစ်ကြသော်လည်း လစ်ဇ်ရဲ့နောက်ပါးက ဘာတန်ကိုတော့ မကြည်ဖြူကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

လစ်ဇ်နဲ့ ကလစ်ဖ်တို့ တယ်လီဖုန်းလိုင်းပေါ်မှာ နာရီပေါက်စကားပြောဖြစ်ကြတဲ့အခါများမှာ တစ်ယောက်နဲ့တစ်ယောက် ဝေဒနာတွေ ဖလှယ်ဖြစ်လေ့ရှိပါတယ်။ ဒီလိုပြောရတာကို နှစ်ယောက်စလုံးက နှစ်သက်ကြပါတယ်။ လစ်ဇ်မှာ မြောက်မြားစွာသော ရောဂါတွေ ရှိပါတယ်။ ဒါကြောင့် ကလစ်ဖ်က လစ်ဇ်ဟာ ရောဂါကက်တလောက်လို့ ကင်ပွန်းတပ်လေ့ရှိပါတယ်။ နှစ်ယောက်သား စကားပြောဖြစ်ကြတဲ့အခါများမှာ ရယ်ရယ်မောမော ရှိကြပေမဲ့ ဘယ်တော့မှ ဘာတန့်အကြောင်းကိုတော့ ထည့်ပြောလေ့မရှိကြပါဘူး။

ယောက်ျားချင်းက တစ်ယောက်နဲ့တစ်ယောက် အမြင်မကြည်ကြပေမဲ့ သူတို့နှစ်ယောက်စလုံးက လစ်ဇ်ကို ချစ်ကြတာချင်း တူသလို လစ်ဇ်ရဲ့ပါးနပ်မှုကို ချီးမွမ်းကြတာချင်းလည်း တူပါတယ်။ လစ်ဇ်ရဲ့ဘဝဟာ သူတို့ဘဝအတွက် အဓိပ္ပာယ်ရှိစေတယ်လို့လည်း ခံယူကြပါတယ်။ ကလစ်ဖ်ရဲ့ကိုယ်ရေးအတ္ထုပ္ပတ္တိရေးသားခဲ့တဲ့ စာရေးဆရာမ ပက်ထရစ်ရှာဘော့စ်ဝဲ့သ်က 'လစ်ဇ်ဟာ ကလစ်ဖ်ရဲ့ဘဝမှာ အလေးအနက်အထားဆုံးသူတစ်ယောက်ဖြစ်သလို လူသားတစ်ယောက်အဖြစ်လည်း အလေးစားဆုံးသူ ဖြစ်ပါတယ်' လို့ သုံးသပ်ခဲ့ပါတယ်။ ဘာတန်ကလည်း လစ်ဇ်ကို ကလစ်ဖ် တန်ဖိုးထားသလို လေးစားတန်ဖိုးထားတာ မှန်ပါတယ်။ ဒါပေမဲ့ ယောက်ျားသားနှစ်ယောက် နီးစပ်ဖို့ကတော့ ဘယ်တုန်းကမှ မဖြစ်နိုင်ခဲ့ပါဘူး။ တစ်ခါတုန်းက ကလစ်ဖ်က စာတစ်စောင်ရေးပြီး ဘာတန်ထံ ပို့ခိုင်းခဲ့ပေမဲ့ စဉ်းစားတွေးခေါ်တတ်တဲ့ သူ့အတွင်းရေးမှူးမကလေးက ဒီစာကို မပို့ဘဲ ထားလိုက်တာကို နောင်မှာ ကျေးဇူးတင်ရပါတယ်။

လစ်ဇ်ရဲ့ဖျောင်းဖျမှုကြောင့် Reflections ဇာတ်ကားရိုက်ကူးရေးကို ဘာတန်က လက်လျှော့လိုက်ပါတယ်။ တကယ်တော့ ဘာတန်က လိင်တူချင်း တပ်မက်တဲ့အမျိုးသားများကို ငယ်စဉ်ကတည်းက အင်မတန်ရွံမုန်းခဲ့သူပါ။ လစ်ဇ်ရဲ့ဖျောင်းဖျမှုကြောင့် နောက်ပိုင်းမှာသာ သူ လက်ခံခဲ့တာဖြစ်ပါတယ်။ လစ်ဇ်က 'ကမ္ဘာကြီးဟာ လုံးဝန်းနေပါတယ်။ ဒီအဝန်းအဝိုင်းအတွင်းမှာ လူတွေဟာ ကိုယ့်စိတ်ကြိုက်ရွေးချယ်ဖန်တီးခွင့်ရှိပါတယ်။ ရှင်က ကျွန်မကို ရွေးခဲ့တယ်။ အဲဒီအတွက် ကျွန်မ ကံကောင်းတယ်လို့ ယူဆပါတယ်။ သူလည်း သူ့စိတ်ကြိုက်ကို ရွေးချယ်ခွင့်ရှိတာပေါ့။ သူ ကြိုက်တာ သူ ရွေးတာကို ရှင်က ရွံရှာမုန်းတီးတာမျိုး မဖြစ်သင့်ပါဘူး' လို့ ဖျောင်းဖျခဲ့တာ ဖြစ်ပါတယ်။ ကလစ်ဖ်အနေနဲ့ ဒီဇာတ်လမ်းကို လက်ခံရမှာ နည်းနည်းတော့ စိတ်မသက်မသာဖြစ်ခဲ့ပါသေးတယ်။ ဇာတ်လမ်းကို ဒါရိုက်တာ ဂျော့ချ်ကလည်း ကြိုက်ပြီးသားဖြစ်နေပြီဆိုတော့ သူ့အနေနဲ့ မေဂျာ ပင်ဒါတန်နေရာကသာ သရုပ်ဆောင်ရတော့မှာပါပဲ။ ဘာတန်ကတော့ ဒီနေရာမှာ လုံးဝသရုပ်ဆောင်မှာမဟုတ်ဘူးဆိုတာ သေချာလှပါတယ်။ ဒါကြောင့် နောက်ဆုံးမှာတော့ ဒီဝတ္ထုကိုပဲ သူတို့သုံးယောက်နဲ့ ရိုက်ကူးဖို့ စီစဉ်ကြပါတော့တယ်။ ဟောလိဝုဒ်ရုပ်ရှင်လောကမှာ လိင်တူတပ်မက်တဲ့ဇာတ်ကောင်စရိုက်နဲ့ ရိုက်ကူးတဲ့ ပထမဆုံးရုပ်ရှင်ကားလို့တောင် မှတ်တမ်းတင်နိုင်ပါတယ်။ ဒီကားမှာ ကလစ်ဖ်က လစ်ဇ်ရဲ့ခင်ပွန်းသည်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

❑

၁၉၆၆ ခုနှစ် မတ်လနဲ့ ဧပြီလမှာ The Taming of the Shrew လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားကို ရောမမြို့မှာ ရိုက်ကူးခဲ့ပါတယ်။ ရောမမြို့က သူတို့နှစ်ယောက်ကို Liz and Dick လို့ နှစ်ယောက်တွဲအမည်တွင်စေခဲ့တဲ့ မြို့ဖြစ်ပြီး ရိုက်ကူးတဲ့ဇာတ်ကားကလည်း တစ်ချိန်လုံး တကိုန်းကိုန်း သတ်ပုတ်နေကြတဲ့ သူတို့ဇနီးမောင်နှံနဲ့ လိုက်ဖက်တဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ ဇာတ်လမ်းက ဂန္ထဝင်စာရေးဆရာကြီးရှိတ်စပီးယားရဲ့ဇာတ်လမ်းဖြစ်ပြီး ဟာသနှော ဖန်တီးထားတာပါ။ 'လူတွေက ကျွန်မတို့နှစ်ယောက် ရန်ဖြစ်နေကြတာကို ကြည့်ချင်သတဲ့လား။ ဖြစ်ပြမယ်၊ ပြီးတော့ အိမ်ထောင်ရှင်တစ်ယောက်ရဲ့အချစ်ဆိုတာ ဘာလဲဆိုတာ သိအောင်လည်း လုပ်ပြမယ်' လို့ လစ်ဇ်က ဆိုခဲ့ပါတယ်။

သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်သက် ဒုတိယမြောက်နှစ်ပတ်လည်နေ့ နီးလာချိန်မှာ နှစ်ယောက်စလုံးက အရင်လိုပုန်းလျှိုးကွယ်လျှိုးနေစရာမလိုတော့ဘဲ ပရိသတ်မြင်ကွင်းရှေ့မှာပဲ ဘာပဲဖြစ်ဖြစ် နေလို့ထိုင်လို့ရသွားပြီဆိုတာကို သဘောပေါက်လာခဲ့ပါတယ်။ ဘာတန်က Daily Mirror သတင်းစာကြီးကို ပြောပြရာမှာ 'လူမြင်ကွင်းမှာ ကျွန်တော်တို့လင်မယားနှစ်ယောက် ရန်ဖြစ်ပြနေကြတာက ပရိသတ် မျှော်လင့်ထားသလို လုပ်ပြနေကြတာပါ။ တစ်နည်းပြောရရင်တော့ ကျွန်တော်တို့သရုပ်ဆောင်ရမယ့် ရုပ်ရှင်ဇာတ်ကားအတွက် လေ့ကျင့်ခန်း ဆင်းနေကြတာလည်း ဖြစ်ပါတယ်။ ကျွန်တော်က သူ့ကို ပုံပျက်ပန်းပျက် ... ကြီး လို့ စွပ်စွဲရင် သူကလည်း ကျွန်တော့်ကို အရည်အချင်းမရှိတဲ့အကောင် ... စသဖြင့် လူမြင်ကွင်းမှာ အော်ကြဟစ်ကြ ရန်ဖြစ်ပြကြပါတယ်။ ဒီအခါမှာ လူတွေက ကျွန်တော်တို့နှစ်ယောက် တကယ်ရန်ဖြစ်တယ်ထင်ပြီး စိုးရိမ်ကြ ပါတယ်။ ကျွန်တော်က လစ်ဇ် ... လစ်စားလစ်ရှိနေတဲ့အချိန်မျိုးကလွဲရင် သူနဲ့ငြင်းခုံအော်ဟစ်နေရတာကို သဘော ကျပါတယ်' လို့ ထုတ်ဖော်ပြောခဲ့ပါ တယ်။ ဘာတန် ပြောခဲ့သလိုပဲ သူတို့ နှစ်ယောက်က လူမြင်ကွင်းတွေမှာ တစ် ယောက်နဲ့တစ်ယောက် ငယ်ကျိုးငယ်နာ တွေဖော်ပြီး အော်ကြဟစ်ကြ ရန်ဖြစ်နေ ရှိပါတယ်။ တစ်ရက်မှာတော့ လစ်ဇ် ... သူတို့တည်းနေတဲ့ Regency ဟိုတယ် ... အောက်ထပ်တည့်တည့်မှာ အမျိုးသား ... တစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် ... တို့ တည်းခိုနေတာကို သတိထားမိ...



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီအတွဲက အပေါ်ထပ်မှာ သူတို့နှစ်ယောက် ပြောကြဆိုကြတာတွေကို ခိုးပြီးနားထောင်တယ်လို့ သတိပြုမိသွားတယ်။ သူတို့နှစ်ယောက်က ဗူလားထိုင်တွေကိုဆင့်ပြီး မျက်နှာကြက်အနားအထိ ကပ်ကာ ဖန်ခွက်အလွတ်ကို မျက်နှာကြက်နဲ့ ကပ်လိုက်ရင် အပေါ်ထပ်က အသံကို နားထောင်လို့ရပါတယ်။ 'အဲဒီအတွဲက ကျွန်မတို့နှစ်ယောက် အော်ကြဟစ်ကြတာတွေကို ကြားရတယ်ပေါ့။ ဒါပေမဲ့ သူတို့ မသိလိုက်တာကတော့ ဒါတွေက ကျွန်မတို့နှစ်ယောက်အနေနဲ့ ဇာတ်ဝင်ခန်းတွေအတွက် လေ့ကျင့်နေတယ်ဆိုတာပါပဲ' လို့ ပြောခဲ့ပါတယ်။

သူတို့ဇနီးမောင်နှံက အချစ်ကြီးကြတယ်ဆိုပေမဲ့ ရင်ထဲမှာကျိတ်ပြီး တစ်ယောက်အပေါ်တစ်ယောက် မနာလိုတဲ့စိတ်တွေ ရှိနေတယ်ဆိုတာ နှစ်ယောက်စလုံးက သတိမမူမိခြင်းပါပဲ။ ဘာတန်က လစ်ဇ်အနေနဲ့ သူ့ထက်ပိုပြီး သရုပ်ဆောင်ခရနေခြင်းအပေါ် မနာလိုစိတ် ရှိပြီး လစ်ဇ်ကလည်း အရက်သောက်တာချင်းအတူတူ သူက ကိုယ်အလေးချိန်တစ်စထက်တစ်စ တက်လာပြီး ဘာတန်က သူ့လိုတက်မလာခြင်းအပေါ် မနာလိုစိတ်ရှိပါတယ်။ ဒါကြောင့် အရက်သောက်နေရင်းကနေ 'ရှင် သွားအိပ်ဖို့ကောင်းပြီ။ တော်တော်မူးနေပြီ' လို့ မကြာခဏသတိပေးတတ်လေ့ရှိပါတယ်။ သူတို့နှစ်ယောက်က ပျင်းလာရင်လည်း တစ်ယောက်ကိုတစ်ယောက် ရန်စပြီး ရန်ဖြစ်တမ်းကစားလေ့ရှိပါတယ်။ အဲဒီအခါ မလှမ်းမကမ်းမှာရှိနေတဲ့သူတွေက သူတို့ လင်မယားရန်ဖြစ်ကြပြန်ပြီလို့ အထင်ရောက်သွားကြတာပေါ့။ ပထမပိုင်းမှာတော့ ဒီလိုရန်ဖြစ်တာဟာ သူတို့အတွက် ပျော်စရာဖြစ်ပေမဲ့ ကြာလာတဲ့အခါမှာတော့ တစ်ယောက်ကိုတစ်ယောက် နစ်နစ်နာနာပြောတဲ့စကားတွေက စကားနောက်တရားပါ ဖြစ်လာကြပါတယ်။ Virginia Woolf ဇာတ်ကား စရိုက်တဲ့လပိုင်းအတွင်းမှာ လစ်ဇ်က ဇာတ်ကောင် မာသာရဲ့စရိုက် သူ့ကိုယ်မှာ တကယ်ပူးဝင်နေပြီဆိုတာ သတိထားမိလာပါတယ်။ ဒါကြောင့် 'မာသာက ကျွန်မကိုယ်ထဲမှာ တကယ်ပူးဝင်နေပြီ' လို့ ဝန်ခံခဲ့ဖူးပါတယ်။ ကားရိုက်ကွင်းပြင်ပမှာလည်း လစ်ဇ်က မာသာရဲ့စိတ်မျိုး ဝင်နေတတ်တယ်။ တစ်ခါတလေ မိတ်ဆွေတွေနဲ့ အပြင်သွားရင်း စကားပြောဖြစ်ကြတဲ့အခါမျိုးတွေမှာ ဘာတန်စကားပြောနေတာကိုပဲ 'ရှင့်ပါးစပ် ပိတ်ထားလိုက်စမ်း၊ ကျွန်မ ပြောနေရင် ရှင် ဝင်မပါနဲ့' လို့ ပြောချင်စိတ်တွေ တဖွားဖွားပေါ်တတ်ပါသတဲ့။ နောက်တစ်နေ့မနက် ဒီအဖြစ်အပျက်ကို ပြန်စဉ်းစားရင် ဒီစကားတွေကို သူ ပြောချင်တာမဟုတ်ဘဲ မာသာကသာ ပြောချင်နေတယ်ဆိုတာ လစ်ဇ် သဘောပေါက်ခဲ့ပါတယ်။ ဒါကြောင့် ရိုက်ခဲ့ပြီးတဲ့ ရုပ်ရှင်ဇာတ်လမ်းထဲက မာသာဆိုတဲ့ဇာတ်ကောင်စရိုက်ကနေ ပြန်ခွာနိုင်ဖို့ လစ်ဇ် ကြိုးစားရပါတော့တယ်။

၁၉၆၀ ခုနှစ်များရဲ့ အလယ်လောက်ကို ရောက်လာတဲ့အချိန်မှာ အမေရိကန်လူ့အဖွဲ့အစည်းက အိမ်ထောင်ရေးဖောက်ပြန်မှုဆိုတာကို အလေးအနက်မထားတော့ဘဲ သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ခုလို သဘောထားလာကြပါတယ်။ ဒါကြောင့်လည်း ဟောလိဝုဒ်ရုပ်ရှင်လောကက အိမ်ထောင်ရေးဖောက်ပြန်တဲ့ဇာတ်လမ်းတွေကို ရိုက်ကူးဖို့ ဝန်မလေးကြတော့ပါဘူး။ ဥပမာအားဖြင့် Sweet November ဆိုတဲ့ ဇာတ်ကားမှာ ဆန်ဒီဒဲနစ္စ ဆိုတဲ့အမျိုးသမီးက တစ်သက်တာ လက်တွဲရမယ့် ဘဝအဖော်မွန်ကို ရှာလေ့မရှိဘဲ တစ်လတစ်ယောက် အမျိုးသားများနဲ့ နေလေ့ရှိပါတယ်။ Guide for the Married Man ဆိုတဲ့ ဟာသကားမှာလည်း အိမ်ထောင်ရေးဖောက်ပြန်မှုကို အသားပေးတဲ့ဇာတ်လမ်းဖြစ်ပါတယ်။

အဲဒီအချိန်မှာ ဘာတန်လင်မယားတို့ကတော့ အိမ်ထောင်သည်အချစ်ဟာ ကျက်သရေရှိပြီး ဆွဲဆောင်မှုလည်းရှိတယ်ဆိုတာကို ပြသနေကြပါပြီ။ သူတို့နှစ်ယောက်ကို ဆိုးတယ်၊ အန္တရာယ်များတယ်လို့ သတ်မှတ်ထားကြတဲ့ကာလက ကလီယိုပါထရာ ဇာတ်ကားရိုက်ပြီးတဲ့ နောက်ပိုင်းမှ ဖြစ်ပါတယ်။ အဲဒီကာလတုန်းက နှစ်ရှည်လများ မိတ်ဆွေရင်းချာများဖြစ်ကြတဲ့ ရုပ်ရှင်မင်းသားကြီး ရက်စ်ဟဲရစ်ဆင်၊ အင်မလီဝီလျံစ်တို့လို လူတွေကတောင် အပေါင်းအသင်း မလုပ်ကြတော့ဘဲ အဆက်အသွယ်ဖြတ်သွားခဲ့ကြတယ်။ ဒါပေမဲ့ Hamlet ပြဇာတ်အောင်မြင်ပြီးတဲ့နောက်ပိုင်းမှာတော့ လူတွေရဲ့ဆက်ဆံရေးဟာ သူတို့အပေါ်မှာ ပြောင်းလဲလာတယ်ဆိုတာကို လစ်ဇ်က သတိထားမိပါတယ်။ ဒါကြောင့် 'အောင်မြင်မှုလောက်ကောင်းတဲ့ အနံ့အသက်ပျောက်ဆေးဟာ ဒီကမ္ဘာမှာ မရှိတော့ပါဘူး' လို့ လစ်ဇ်က မှတ်ချက်ချခဲ့ပါတယ်။ အောင်မြင်မှုရလာချိန်မှာ သူတို့ဇနီးမောင်နှံကို ပြန်လည်ဆက်ဆံလာကြတဲ့အပြင် အရင်ကထက် လေးစားလာကြတယ်ဆိုတာကိုလည်း သတိပြုမိပါတယ်။ 'ရစ်ချတ်နဲ့ကျွန်မက အရင်တုန်းကတော့ အပေါင်းအသင်းတွေအတွက် တကယ့်မကောင်းဆိုးဝါးတွေပေါ့။ ဒါပေမဲ့ အခုတော့ မကောင်းဆိုးဝါးမဟုတ်ကြတော့ပါဘူး။ တချို့ကဆိုရင် ကျွန်မတို့နှစ်ယောက်က ကျွန်မတို့ခံစားချက်ကို မလိမ်မညာမလှည့်စားဘဲ ရိုးသားဖြောင့်မတ်စွာ ဖော်ထုတ်ခဲ့ကြတာ ဖြစ်တယ်လို့တောင် ဆိုကြပါတယ်' လို့လည်း လစ်ဇ်က ဆိုပါတယ်။

ဒါပေမဲ့ ဘယ်သူတွေ ဘယ်လိုပဲ ပြောင်းပြောင်း မပြောင်းလဲဘဲ ရပ်တည်နေသူတွေကတော့ စာနယ်ဇင်းဆရာတွေပါပဲ။ ဒီလူတွေက ပြောင်ပြောင်တင်းတင်း လက်ထပ်ယူတာထက် တိတ်တခိုး ပုန်းလျှိုးကွယ်လျှိုးချစ်ကျွမ်းဝင်နေကြတာကို ပိုပြီးစိတ်ဝင်စားကြကြောင်း လစ်ဇ် နားလည်လာခဲ့ပါတယ်။ သူတို့က သတင်းနောက်ကို အနံ့ခံလိုက်နေသူတွေဖြစ်တဲ့အတွက် သတင်းဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com

တဲ့အခါမှာ စိတ်ဝင်စားမှုလျော့နည်းပါတယ်။ ဒါကြောင့်လည်း 'လစ်ဇ်က တကယ်လက်ထပ်လိုက်တာလား' ဆိုတဲ့ ခေါင်းစဉ်မျိုးနဲ့ ဖွဖို့ ကြိုးစားကြပြန်ပါတယ်။ Photoplay မဂ္ဂဇင်းကဆိုရင် 'ဘာတန်က ကျွန်မကို အရက်တိုက်ပြီး ဖျက်ဆီးနေတယ်ဟု လစ်ဇ်က ဆို' လို ခေါင်းစဉ်မျိုးတပ်ပြီး ရေးခဲ့ပါတယ်။ Saturday Post ကတော့ 'ဘာတန်က လစ်ဇ်ကို မချစ်ပါဘူးတဲ့' ခေါင်းစဉ်မျိုးနဲ့ ရေးခဲ့ပါသေးတယ်။ ပဲရစ်မှာ ရောက်ရှိနေစဉ် လန်ကက်စတာဟိုတယ်မှာ ရှိနေခိုက် အမျိုးသမီးနှစ်ယောက်နဲ့ ဓာတ်ပုံဆရာတစ်ဦးတို့က သူတို့လင်မယားဆီ ရောက်လာခဲ့ကြပါသေးတယ်။ ဓာတ်ပုံဆရာက ဓာတ်ပုံရိုက်နေစဉ်အတွင်းမှာ အမျိုးသမီးနှစ်ယောက်က ဂျာမန်ဘာသာစကားနဲ့ ပြောဆိုနေကြပါတယ်။ မကြာခင်အချိန်အတွင်းမှာပဲ အခြေအနေကို လစ်ဇ်နဲ့ ဘာတန်တို့ ရိပ်စားမိလိုက်ကြပါတယ်။

'ဒါ မာရီယာရဲ့အမေလား' လို့ သူတို့နှစ်ယောက်စလုံး အံ့သြထိတ်လန့်စွာနဲ့ မေးလိုက်မိကြတယ်။ သူတို့မွေးစားထားတဲ့ မသန်မစွမ်းမိန်းကလေးရဲ့မိခင်ကို သူတို့ဆီ ခေါ်လာပြီး ထိပ်တိုက်တွေ့စေတယ်ဆိုတာ ရိပ်စားမိလိုက်ကြလို့ပါပဲ။

လစ်ဇ်တို့ရဲ့အမေးကို ဂျာမန်မိန်းမငယ်တစ်ဦးက ဖြေလိုက်တာကတော့ 'ဟုတ်ပါတယ်၊ သူက မာရီယာရဲ့အမေပါ။ ကျွန်မက သူ အင်္ဂလိပ်လိုမပြောတတ်လို့ ဘာသာပြန်ပေးဖို့ လိုက်လာတာပါ' တဲ့။

အခြေအနေအရပ်ရပ်ကို ရိပ်စားမိလိုက်တဲ့လစ်ဇ်က 'ရှင်က သူတို့မိတ်ဆွေမဖြစ်နိုင်ဘူး။ ရှင် ဂျာနယ်လစ်ဆိုတာ ကျွန်မ သိတယ်။ အခုချက်ချင်း ကျွန်မတို့ရှေ့က ထွက်သွားပါ။ ထွက်မသွားရင် ကျွန်မ သတ်မိလိမ့်မယ်' လို့ အော်လိုက်ပါတယ်။ အနားမှာရှိနေတဲ့ ဘာတန်ကလည်း ဒေါသထွက်နေပြီဆိုတာ ရိပ်စားမိတော့မှ အဲဒီအမျိုးသမီး

လူမြင်ကွင်းမှာ
ကျွန်တော်တို့
လင်မယား
နှစ်ယောက်
ရန်ဖြစ်ပြနေကြတာက
ပရိသတ်
မျှော်လင့်ထားသလို
လုပ်ပြနေကြတာပါ
တစ်နည်း
ပြောရရင်တော့
ကျွန်တော်တို့
သရုပ်ဆောင်ရမယ့်
ရုပ်ရှင်ဇာတ်ကားအတွက်
လေ့ကျင့်ခန်း
ဆင်းနေကြတာလည်း
ဖြစ်ပါတယ်

ထွက်သွားပါတယ်။ ကျန်ရစ်တဲ့အမျိုးသမီး မာရီယာရဲ့မိခင်ဆိုသူကို လစ်ဇ်တို့က နှစ်သိမ့်ကြပြီး စကားပြောဖို့ ကြိုးစားကြပါတယ်။ ဒါပေမဲ့ အဲဒီအမျိုးသမီးက တကယ်ပဲ ဂျာမန်ဘာသာတစ်ခုသာ ပြောနိုင်သူ ဖြစ်တဲ့အတွက် တစ်ယောက်စကားတစ်ယောက် မပေါက်ကြပါဘူး။ ကံကောင်းချင်တော့ ဘာတန်ရဲ့ဥပဒေအကျိုးဆောင် အေရွန်ဖော့ရှ် ရောက်လာပါတယ်။ သူက ဂျာမန်စကားနည်းနည်းပြောနိုင်တာကြောင့် အကျိုးအကြောင်း သိရပါတယ်။ လစ်ဇ်တို့ ပဲရစ်ကို ရောက်လာမယ်ဆိုတာ သိထားတဲ့ ဂျာနယ်လစ်များက မာရီယာရဲ့ မိခင်ကို ဘာတန်တို့ကပဲ ပဲရစ်ကို ဖိတ်ခေါ်ပြီး သမီး မာရီယာနဲ့ တွေ့ဆုံပေးဖို့ စီစဉ်သလို ဖိတ်ခေါ်ခဲ့ကြတာကြောင့် ဒီအမျိုးသမီးက ရောက်ရှိလာခြင်းပါ။ အဲဒီအမျိုးသမီးက ဘာတန်တို့ ရောက်မလာခင် တစ်ပတ်လောက်ကတည်းက ပဲရစ်ကို ရောက်ရှိနေပြီး ဂျာနယ်လစ်များက ဘာတန်လင်မယားကို ချုံခိုတိုက်ခိုက်ဖို့ စောင့်စားနေခဲ့ကြပါတယ်။ ဓာတ်ပုံဆရာတစ်ဦးကဆိုရင် ဘာတန်တို့ရဲ့ ရိုးလ်စ်ရွိုက်စ်ကားပေါ်မှာ မာရီယာရှိနေတဲ့ပုံ၊ မိခင်ရင်းဖြစ်တဲ့ ဂျာမန်အမျိုးသမီးက ကားအပြင်ကနေ သူ့သမီးကို လွမ်းလွမ်းဆွေးဆွေး ကြည့်နေပုံများ အမိအရ ကြိုးစားရိုက်ကူးသွားပါတယ်။ ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး လစ်ဇ်က 'ဒီလူတွေက သူတို့သတင်းတစ်ပုဒ်ရဖို့အတွက် ကြံစည်လိုက်ကြတာ တော်တော်ရက်စက်တဲ့လူတွေပဲ' လို့ ဆိုပါတယ်။

စာနယ်ဇင်းများက သူတို့ဇနီးမောင်နှံ လစ်ဇ်ရဲ့မွေးရပ်မြေဖြစ်တဲ့ အင်္ဂလန်နိုင်ငံကို အပြီးပြန်ပြီး အခြေစိုက်နေကြတော့မယ်လို့ စီစဉ်တုန်းကလည်း သတင်းအဖြစ် လုပ်ခဲ့ကြပါသေးတယ်။ လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာက 'လစ်ဇ်တေလာက အမေရိကန်နိုင်ငံသားအဖြစ်ကို စွန့်လွှတ်တော့မယ်' လို့ ခေါင်းစဉ်တပ်ခဲ့ပါတယ်။ Los Angeles Herald Examiner သတင်းစာက 'လစ်ဇ်က ဗြိတိန်နိုင်ငံသားအဖြစ် အခွန်ဆောင်တော့မယ်' လို့ ခေါင်းစဉ်တပ်ပြန်ပါတယ်။ တကယ်တော့ လစ်ဇ်က အမေရိကန်နိုင်ငံသားအဖြစ်ရော အင်္ဂလန်နိုင်ငံသားအဖြစ်ပါ ခံယူထားသူဖြစ်ပါတယ်။ တကယ်တော့ ဒီလိုလုပ်လို့မရပါဘူး။ သူမရဲ့အမေရိကန်နိုင်ငံကူးလက်မှတ်မှာဆိုရင် မစ္စစ်ရစ်ချတ်ဘာတန် လို့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ နာမည်တပ်ထားပါတယ်။ သူမရဲ့မှတ်တမ်းတစ်ခုမှာ 'ကျွန်မ အမေရိကားကို ချစ်တယ်' လို့လည်း ဖွင့်ဟရေးသားခဲ့ပါတယ်။ 'ဒီနိုင်ငံကို ပြန်လာလို့မရတဲ့ကိစ္စမျိုး ကျွန်မ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး။ ဒါပေမဲ့ ဟောလိဝုဒ်မှာနေရတာတော့ မကြိုက်ဘူး' လို့လည်း ဆိုပါတယ်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com

တော့ သူတို့နှစ်ယောက် အင်္ဂလန်မှာ နေမယ်ဆိုရင် ပိုပြီးလွတ်လပ်ပါတယ်။ ဘီဘာဆိုင်တွေကို ဘယ်အချိန်ပဲသွားသွား သွားလို့ရပြီး မိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး နေနိုင်ပါတယ်။ အဲဒီမှာ သူတို့ကို အနှောင့်အယှက်ဖြစ်စေမယ့် ပရိသတ်မျိုး လုံးဝမရှိပါဘူး။ ပိုပြီးအရေးကြီးတဲ့အချက်တစ်ခုကတော့ အင်္ဂလန်နိုင်ငံဟာ ဘာတန်ရဲ့မွေးရပ်မြေဖြစ်တဲ့အတွက် ဘာတန်ပျော်မယ့်နေရာမှာ သူနေပေးချင်ပါတယ်။

၁၉၆၄ ခုနှစ်နဲ့ ၁၉၆၅ ခုနှစ်များမှာ သူတို့နှစ်ယောက်စလုံး အိမ်မှာတင် ငွေရှာနိုင်မယ့်အလုပ်တစ်ခုကို စိတ်ဝင်စားလာကြပါတယ်။ အဲဒါကတော့ သူတို့နှစ်ယောက် နေမှုထိုင်မှုဘဝတွေကို မှတ်တမ်းအဖြစ် ရေးသားထုတ်ဝေခြင်းပါပဲ။ ဒီစိတ်ကူးကြောင့် Photoplay မဂ္ဂဇင်းရဲ့အယ်ဒီတာဟောင်း၊ Silver Screen မဂ္ဂဇင်းတည်ထောင်သူ ရှဲဝါဘာရီက စာအုပ်နှစ်အုပ် ထုတ်ဝေနိုင်ခဲ့ပါတယ်။ ပထမတစ်အုပ်က Elizabeth Taylor, Her Life, Her Loves, Her Future စာအုပ်နဲ့ ဒုတိယတစ်အုပ်က Richard Burton, His Intimate Story ဆိုတဲ့စာအုပ်ပါပဲ။ လစ်ဇ်ရဲ့စာအုပ်က ရောင်းရေများစွာရိုက်ခဲ့ရပြီး အရောင်းရဆုံးစာရင်းဝင်ခဲ့ပါတယ်။ ဘာတန်ရဲ့ အကြောင်းဖြစ်တဲ့ စာအုပ်ကလည်း ရောင်းရတဲ့စာအုပ်တစ်အုပ်ပါပဲ။ ကိုယ်တိုင်ရေးစာတစ်ပုဒ်ဖြစ်တဲ့ A Christmas Story ကို ထည့်သွင်းဖော်ပြထားပါတယ်။ ဒါက သူ့ကလေးဘဝမှာ ကြုံရတဲ့ ခရစ္စမတ်ပွဲတော်အကြောင်း ဖြစ်ပါတယ်။ အဲဒါအပြင် အက်ဆေးတစ်ပုဒ်အနေနဲ့ လစ်ဇ်နဲ့သူ ဆုံတွေ့ရပုံကို Meeting Mrs. Jenkins ဆိုတဲ့ခေါင်းစဉ်နဲ့ ရေးခဲ့ပါတယ်။ ဒီအက်ဆေးက Vogue မဂ္ဂဇင်းမှာ အရင်ဆုံးဖော်ပြခဲ့တာဖြစ်ပြီး အဲဒီတုန်းက Burton Writes of Taylor လို့ခေါင်းစဉ်တပ်ခဲ့တာပါ။

The Taming of the Shrew ရုပ်ရှင်ဇာတ်ကားကို ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီနဲ့ တွဲဖက်ပြီး ဘာတန်လင်မယားတို့က ထုတ်လုပ်ခဲ့ကြပါတယ်။ ဒီကားက သူတို့ရဲ့ပထမဆုံး ပူးတွဲထုတ်လုပ်မှုပါ။ ဒါပေမဲ့ ဘာတန်ကတော့ ဒါဟာ ဒုတိယထုတ်လုပ်မှုသာဖြစ်တယ်။ ပထမထုတ်လုပ်မှုက သူတို့နှစ်ယောက် ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်း ဖြစ်တယ်လို့ Life မဂ္ဂဇင်းကြီးသို့ပြောကြားခဲ့ပါတယ်။ ရုပ်ရှင်ကား ထုတ်လုပ်ရာမှာ နောက်ထပ်ပါဝင်လာသူတစ်ဦးကတော့ ဒါရိုက်တာအဖြစ် ဆောင်ရွက်မယ့် ဖရန်ကိုဇာဖရယ်လီ ဖြစ်ပါတယ်။ ဇာဖရယ်လီက ဘာတန်အတွက် ရှိတ်စပီးယားရဲ့ပြဇာတ်နှစ်ပုဒ်ကို တင်ဆက်ပေးခဲ့ဖူးပါတယ်။ တစ်ပုဒ်ကတော့ အနုပညာအရရော ငွေကြေးအရပါ အောင်မြင်ခဲ့တဲ့ Romeo and Juliet ဖြစ်ပြီး နောက်တစ်ပုဒ်ကတော့ Othello ဖြစ်ပါတယ်။ ရုပ်ရှင်ဒါရိုက်တာဖြစ်လာချိန်မှာ ဇာဖရယ်လီက အောင်မြင်တဲ့ရုပ်ရှင်ကားနှစ်ကား ရိုက်ကူးထုတ်လုပ်နိုင်ခဲ့ပါတယ်။ တစ်ကားက Romeo and Juliet ဖြစ်ပြီး နောက်တစ်ကားကတော့ မဲလ်ဂစ်ဆင်နဲ့ရိုက်ကူးခဲ့တဲ့ Hamlet ဖြစ်ပါတယ်။

ဘာတန်က ဒပ်ဗလင်မှာ The Spy Who Came in from the Cold ဇာတ်ကားရိုက်ကူးနေစဉ် ဇာဖရယ်လီက လေယာဉ်နဲ့ ရောက်လာပြီး ဘာတန်တို့နှစ်ယောက်ကို သူ့ကားမှာ ပါဝင်သရုပ်ဆောင်စေဖို့ ဆွေးနွေးခဲ့ပါသေးတယ်။ ပထမတော့ သူက ဆိုဖီယာလော်ရင်းနဲ့ မာဆယ်လိုမာစထရိုနီတို့နဲ့ရိုက်ဖို့ စဉ်းစားခဲ့တာပါ။ ဒါပေမဲ့ ဘာတန်လင်မယားတို့က နောက်ထပ်ရှိတ်စပီးယားဇာတ်လမ်းကို ရိုက်ချင်စိတ်ရှိနေကြတယ်လို့ သတင်းကြားတာကြောင့် ဆွေးနွေးဖို့ ရောက်ရှိလာခြင်း ဖြစ်ပါတယ်။

ဒပ်ဗလင်ကို ရောက်လာတဲ့ ဇာဖရယ်လီက ဘာတန်တို့ကို တွေ့ဖို့ သူတို့တည်းခိုနေထိုင်ရာ ဟိုတယ်သို့ ရောက်ရှိသွားခဲ့ပါတယ်။ သူတို့အခန်းမှာ ပရိဘောဂများ အနေအထားကြည့်ရတာက ရန်ဖြစ်ပြီးကာစပုံစံမျိုး မဟုတ်တာကြောင့် စိတ်အေးလက်အေး ရှိခဲ့ပါတယ်။ လစ်ဇ်က အိမ်မွေးတိရစ္ဆာန် အသစ်တစ်ကောင် မွေးထားပါတယ်။ အာဖရိကနွယ်ဖွား ကျားသစ်ပေါက်စကလေးတစ်ကောင်ပါ။ နာမည်ကို ‘ဘွတ်ရှ်ဘောဘီ’ လို့ အမည်ပေးထားပါတယ်။ ဘယ်နေရာကနေ သူ ကောက်လာတယ်ဆိုတာတော့ ဘုရားသခင်ပဲ သိပါလိမ့်မယ်လို့ ဆိုကြပါတယ်။ သူမွေးထားတဲ့အကောင်လေးက တစ်ခန်းလုံးမှာရှိတဲ့ လိုက်ကာတွေကို သူ့လက်သည်းနဲ့ ဆွဲဖြဲထားသလို ကူရှင်မှန်သမျှကိုလည်း ဆုတ်ဖြဲထားပါတယ်။ အလှဆင်ထားတဲ့ မီးတိုင်တွေလည်း သူ့ကြောင့် အလဲလဲအပြိုပြိုပါ။ အဲဒီအကောင်ကလေးက ရေချိုးခန်းထဲ ဝင်သွားပြီး ရေပူပိုက်ပေါ်ကို ကုတ်ကတ်တက်သွားပါတယ်။ ဒါကြောင့် လစ်ဇ်က ဘာတန်ကို သူ့အချစ်တော်ကလေး အသက် လာကယ်ဖို့ အော်ခေါ်ပါတယ်။ ဒါပေမဲ့ ဇာဖရယ်လီနဲ့ ဇာတ်အကြောင်း ဆွေးနွေးနေတဲ့ ဘာတန်က မကြားလိုက်ပါဘူး။ ဒီတော့ လစ်ဇ်က ‘ဒီမယ်… ရှင် အဲဒီသောက်ရှိတ်စပီးယားဇာတ်လမ်း ဆွေးနွေးနေတာကို ရပ်လိုက်ပြီး အခုချက်ချင်း လာစမ်းပါ’ လို့ အသံကုန်အော်ပါတော့တယ်။

ဘာတန်က တစ်ချက်ငဲ့စောင်းကြည့်လိုက်ပြီး ‘အဲဒီ မင်းအလုပ်မဟုတ်တဲ့ဟာကို ခဏထားပြီး ဒီမှာ ရှိတ်စပီးယားဇာတ်လမ်းကို ရိုက်မယ့် ဒါရိုက်တာနဲ့ လာဆွေးနွေးစမ်းပါကွာ။ သူနဲ့ ရိုက်ရမှာ တို့ ဘယ်လောက်ကံကောင်းသလဲ။ မင်း အဲဒီလို သောက်ရမ်းတွေ အော်နေတာ ခဏရပ်ထားပြီး ဒီကို လာစမ်းပါ’ လို့ ပြန်အော်လိုက်ပါတယ်။

‘အိုး…သူ ဘာထင်ထင် ကျွန်မ ဂရုမစိုက်ဘူး။ ကျွန်မ လိုချင်တာက ကျွန်မကလေး အသက်ကယ်ဖို့ပဲ’ လို့ ခွန်းတုံ့ပြန်ပါတယ်။

ဇာဖရယ်လီက ဒီပြဿနာကို ရှင်းပြီးမှသာ သူ လိုချင်တဲ့မင်းသမီးကို ဆွေးနွေးလို့ရမှာဖြစ်လို့ သူကိုယ်တိုင်ပဲ

www.burmeseclassic.com

ရေချိုးခန်းထဲ လိုက်သွားပြီး ရေပူပိုက်ပေါ်မှာ အတော်မောနေပြီဖြစ်တဲ့ အကောင်ကလေးကို ကယ်ယူလိုက်ပြီး လစ်ဇ် ရင်ခွင်ထဲကိုထည့်ပေးခဲ့ပါတယ်။ သူ့အကြိုက်လိုက်ပေးခဲ့တာကြောင့် လစ်ဇ်က ဓာဖရယ်လီကို ပုဂ္ဂိုလ်ရေးအရပါ ခင်မင်သွားခဲ့ပါတယ်။ ဒါကြောင့် နောင်မှာ ဓာဖရယ်လီကို သူတို့ဇနီးမောင်နှံနေထိုင်ရာ ဂတ်စတက်သို့ အလည်လာဖို့ ဖိတ်ခေါ်ခဲ့ပြီး ဇာတ်အကြောင်း အသေးစိတ်ဆွေးနွေးခဲ့ကြပါတယ်။ ဘာတန်က ဒီဇာတ်ကို ရိုက်မယ်ဆိုရင် သူ့ရဲ့မွေးစားဖခင်ဖြစ်တဲ့ ဖိလစ်ဘာတန်နဲ့ တိုင်ပင်သင့်တယ်လို့လည်း အကြံပေးခဲ့ပါတယ်။

ပထမတော့ ဓာဖရယ်လီက ဖိလစ်နဲ့ ဆွေးနွေးဖို့ ဝန်လေးနေခဲ့ပါသေးတယ်။ စာအုပ်ကြီးအတိုင်း ငြင်းခုံနေမယ့်သူလို့လည်း မြင်ခဲ့တာကြောင့်ပါ။ ဒါပေမဲ့ တကယ်တမ်း ဖိလစ်နဲ့ တွေ့လိုက်တဲ့အခါမှာတော့ အင်မတန်ယဉ်ကျေးသိမ်မွေ့ပြီး သူနဲ့စိတ်ကူးတွေတူတယ်ဆိုတာကို သိလိုက်ရပါတယ်။ ဓာဖရယ်လီ အမှတ်ရနေတဲ့အထဲမှာ ကိစ္စတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ သူတို့စကားပြောနေရင်း ဘာတန်က လစ်ဇ်ကို 'ဟောလိဝုဒ်ဘေဘီ' လို့ တင်စားလိုက်တဲ့အခါ လစ်ဇ်က 'ရိုးရိုးဘေဘီ မဟုတ်ဘူးရှင့်၊ ရွှေဘေဘီကလေးပါ' လို့ ထပ်ကွန့်ခဲ့တာပါပဲ။ ဒီတော့ ဘာတန်က 'ဟုတ်ပါတယ်ကွာ၊ မင်းက ရွှေလိုတန်ဖိုးရှိပါရဲ့။ မျက်နှာကလေးကလည်း ကလေးတစ်ယောက်လို ဖောင်းဖောင်းမို့မို့ဖြစ်နေတာကိုး' လို့ ဆိုပြန်ပါတယ်။

လစ်ဇ်က သူ ဝနေတာကို ဘာတန်ရည်ရွယ်မှန်းသိတာကြောင့် 'ဒီမှာ ရှင်သိထားဖို့က အသားများတဲ့မိန်းမကိုမှကြိုက်တဲ့နိုင်ငံတွေ အများကြီးရှိတယ်ရှင့်။ တကယ်လို့ ကျွန်မရုပ်ရှင်တွေကို အစွရေးထောက်ခံသူဖြစ်လို့ မပိတ်ဘူးဆိုရင် အာရပ်တွေ ကျွန်မကို အသည်းစွဲဖြစ်နေကြမှာ မြင်ယောင်သေးတယ်။ အဲဒီလိုဆိုရင် ကျွန်မက အာရပ်စော်ဘွားကတော် ဖြစ်ချင်ဖြစ်နေမှာရှင့်' လို့ ခွန်းတုံ့ပြန်ပါတယ်။

ညှိနှိုင်းကြလို့ ပြီးတဲ့အခါမှာတော့ သူတို့သုံးယောက်စလုံး ရရှိမယ့်အနုပညာကြေးတွေကို အစုရှယ်ယာအဖြစ်ဝင်ကြပြီး ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီကြီးနဲ့ ထုတ်လုပ်ကြဖို့ သဘောတူခဲ့ကြပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘာတန်က သူ့မှတ်စုမှာ 'ကျွန်တော်တို့ ဒေါ်လာ ၂ သန်းတော့ ရင်းနှီးမြှုပ်နှံခဲ့ကြပြီ။ နောက်ထပ် ကလီယိုပါထရာဇာတ်ကားလိုမျိုး မဖြစ်ဖို့ အရေးကြီးတယ်' လို့ ရေးခဲ့ပါတယ်။ ဇာတ်ကားရိုက်ကူးရေးအတွက် ဓာဖရယ်လီဘက်က အစစပြင်ဆင်ပြီးချိန်မှာတော့ ရိုက်ကွင်းကို ရောမမှာပဲ တည်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဓာဖရယ်လီနဲ့ ပူးပေါင်းရိုက်ကူးထုတ်လုပ်ဖို့ ဆုံးဖြတ်လိုက်ခြင်းက ဘာတန်တို့လင်မယားရဲ့ ဂုဏ်သတင်းကို ပိုမိုမြင့်မားလာစေခဲ့ပါတယ်။

၁၉၆၆ ခုနှစ် မတ်လ ၁၅ ရက်နေ့မှာ The Taming of the Shrew ဇာတ်ကားကို ရိုက်ကူးဖို့အတွက် ရောမမြို့သို့ ဘာတန်တို့လင်မယားရောက်ရှိလာခဲ့ကြပါတယ်။ အဲဒီကာလဟာ သူတို့ဇနီးမောင်နှံရဲ့ဒုတိယမြောက် မင်္ဂလာနှစ်ပတ်လည်လည်းဖြစ်ပါတယ်။ သူတို့နှစ်ယောက်က ကလီယိုပါထရာ ဇာတ်ကားရိုက်ကူးစဉ်မှာ ချစ်ကျွမ်းဝင်ပြီးတဲ့နောက် ရောမကို ရှောင်နေခဲ့ကြတာပါ။ ဒီတစ်ကြိမ် ပြန်လည်ရောက်ရှိလာချိန်မှာ သူတို့နဲ့အတူ နောက်လိုက်နောက်ပါစုံညီစွာနဲ့ ရောက်ရှိလာခဲ့ခြင်းပါ။ ဒစ်ခ်ဟန်လေ၊ ဂျွန်လီ၊ ဘော့ဗ်နဲ့ ဆယ်လီဝီလ်ဆင်၊ လစ်ဇ်ရဲ့မိတ်ကပ်ပညာရှင် ရွန်ဘာကလေ၊ ယာဉ်မောင်း ဂက်စ်စတန်စနက်ဇ်၊ သက်တော်စောင့်ဖြစ်တဲ့ ဘော်ဘီလာဆဲလ်တို့အပြင် မာရီယာအတွက် စာသင်ကြားပေးသူ၊ အုပ်ထိန်းသူ၊ သူနာပြုဖြစ်တဲ့သူလည်း ပါလာခဲ့ပါတယ်။ သူတို့အားလုံးအတွက် လစာကို ဘာတန်က ပေးရတာပါ။ အဲဒီလူတွေအပြင် ကလေးလေးယောက်၊ သူတို့ခွေးတွေ၊ ကြောင်တွေ၊ ရွှေငါး၊ လိပ်၊ ယုန်နဲ့ ငှက်တစ်ကောင်လည်း ပါလာပါသေးတယ်။ အတွင်းသိသူတစ်ယောက်ကတော့ သူတို့အတွက် သက်တော်စောင့် ... ယောက် ငှားပေးရသေးတယ်လို့ ဆိုပါတယ်။ သူတို့အားလုံးက တော်ဝင်မျိုး... နေထိုင်သလို နေထိုင်ကြတာပါ။ သူတို့ အပေါင်းအသင်းများကလည်း တော်ဝင်မိသားစုတွေ ဖြစ်နေကြခြင်းကြောင့် အဲဒီလူတွေကို အားကျအတုယူတာလည်း ဖြစ်နိုင်ပါတယ်။ သူတို့အပေါင်းအသင်းတွေထဲမှာ မိုနာကိုနိုင်ငံရဲ့မိဖုရားဖြစ်နေတဲ့ ရုပ်ရှင်မင်းသမီးဟောင်း ဂရေ့စ်ကယ်လီ၊ သူမရဲ့ကြင်ယာတော် မိုနာကိုမင်းသားကြီး ရေနီယာ၊ ယူဂိုဆလားဗီးယားနိုင်ငံမှ အဲလစ်ဇဘက်မင်းသမီးတို့အပြင် သူတို့လို အိမ်ထောင်ရေးဖောက်ပြန်ခဲ့ကြတဲ့ အင်္ဂလန်နိုင်ငံမှ ဝင်ဆာမြို့စားနဲ့ မြို့စားကတော်တို့ ဖြစ်ကြပါတယ်။

Le Scandale ရုပ်ရှင်ဇာတ်ကား... ရိုက်တုန်းက သူတို့နှစ်ယောက်က ချစ်ကျွမ်းဝင်ခါစဖြစ်ပြီး သတင်းထောက်တွေ နောက်က တကောက်ကောက်လိုက်ခဲ့ကြပါတယ်။ အခုတော့ သူတို့လည်း တရားဝင်ဇနီးမောင်နှံဖြစ်သွားကြပြီးမို့ သတင်းသမားတွေရဲ့စိတ်ဝင်စားမှုတွေလည်း နည်းပါးသွားခဲ့ပါပြီ။ ဒါပေမဲ့ သူတို့နောက်ကို ဓာတ်ပုံသမားတွေကတော့ တကောက်ကောက်လိုက်နေကြဆဲပါပဲ။ စာနယ်ဇင်းတွေက လစ်ဇ်ရဲ့ပဥ္စမမြောက်ခင်ပွန်းသည်ဖြစ်ခြင်းကြောင့် ဘာတန် မခံချင်စိတ်ဖြစ်အောင် 'မစ္စတာတေလာ နံပါတ် ၅' လို့ ကင်ပွန်းတပ်ကြပါတယ်။

ရိုက်ကွင်းပေါ်မှာ ထူးခြားတဲ့အ... အာရုံရှိပြီး ကိုယ်တိုင်ကလည်း မျက်... ပြာနဲ့ လူချောတစ်ယောက်ဖြစ်တဲ့ ဒါ... တာ ဓာဖရယ်လီက သူ ရိုက်ကူး... Shrew ဇာတ်ကားကို ပရိသတ်အ... ဆန်းအောင် ဇာတ်ပို့ဇာတ်ရံ... ဝတ်စုံတွေကို ထူးခြားအောင် စီစဉ်...



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ ဇာတ်ပို့ဇာတ်ရံများထဲမှာ အများစုက ဇာဖရယ်လီရဲ့ဝမ်းကွဲညီအစ်ကိုမောင်နှမများ၊ ဦးလေးများ၊ အဒေါ်များဖြစ်ကြပါတယ်။ ၁၉၅၈ ခုနှစ်တုန်းက ဇာဖရယ်လီက ဂျုံးဆူသာလင်ကို Lucia di Lamnermoor ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်စေခဲ့ပါတယ်။ မင်းသမီးကို တွေ့တော့ ချမ်းချမ်းစီးစီး ဩလန်နိုင်ငံရဲ့ဆောင်းရာသီနံနက်ခင်းလို ချမ်းတာကို ဂရုမစိုက်အားသေးဘဲ မင်းသမီးကို မေးလိုက်တဲ့ မေးခွန်းက 'မင်း တင်ပါးက ဘယ်မှာလဲ' ဆိုတဲ့ မေးခွန်းပါ။ သူက သူ့ရုပ်ရှင်ဇာတ်ကားများမှာ ပါဝင်သရုပ်ဆောင်တဲ့ မင်းသမီးများကို အဲဒီလိုထူးခြားတဲ့ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်မှုရှိစေချင်သူပါ။ လစ်ဇ်ကိုလည်း အမြင်ထူးခြားအောင် ထူးခြားတဲ့ဇာတ်ရှင်ဒီဇိုင်းများနဲ့ ဆင်ယင်စေပါတယ်။ အထူးသဖြင့် သူ ဝတ်ဆင်စေချင်တဲ့ဝတ်စုံများက လိုအပ်တာထက်ကြီးတဲ့ ဝတ်စုံတွေပါ။ ဒါပေမဲ့ ဒီရုပ်ရှင်ကားအတွက် လစ်ဇ်ရဲ့မိတ်ဆွေဟောင်းတစ်ဦးဖြစ်တဲ့ ဝတ်စုံဒီဇိုင်နာ အိုင်ရင်းရှုရပ်ဖ်ကို ငှားမိတဲ့အတွက် သူ့စိတ်တိုင်းကျ မဖြစ်ခဲ့ပါဘူး။ ရှုရပ်ဖ်က ဘာတန်အတွက် ဝတ်စုံတွေကျတော့ သူ့စိတ်တိုင်းကျဖြစ်အောင် ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဘာတန်က ခန္ဓာကိုယ်ထက် ခေါင်းကြီးပြီး ပခုံးကျဉ်းသူဖြစ်ပါတယ်။ ရှုရပ်ဖ်ကိုယ်တိုင် ဘာတန်အတွက် ဝတ်စုံများကို စိတ်တိုင်းကျ ဖန်တီးပေးခဲ့ပါတယ်။

Shrew ဇာတ်ကားက ဇာဖရယ်လီရဲ့ ပထမဆုံးသော လစ်ဇ်နဲ့ ဆုံစည်းမှုဖြစ်ပြီး လစ်ဇ်အတွက်ကလည်း ရှိတ်စပီးယားဇာတ်လမ်းတွေထဲမှာ ပထမဆုံး ပါဝင်သရုပ်ဆောင်ခွင့်ရရှိခြင်းပါ။ လစ်ဇ်နဲ့ပတ်သက်ပြီး ဇာဖရယ်လီက ရိုက်ကွင်းအတွေ့အကြုံကို ပြောပြရာမှာ 'လစ်ဇ်က ရိုက်ကွင်းကို ရောက်လာတဲ့အချိန်မှာ ရှက်နေပုံရတယ်။ သူ့ကို ကြည့်ရတာ အသက်ငယ်ငယ်ရှယ်ရှယ်နဲ့ အိမ်ထောင်ပြုလိုက်ရတဲ့အတွက် ရှက်နေတဲ့သတို့သမီးကလေးနဲ့တူနေတယ်။ ပထမဆုံးနေ့မှာ လစ်ဇ်က ရှိတ်စပီးယားဇာတ်လမ်းများနဲ့ ပတ်သက်ပြီး အတွေ့အကြုံမရှိသေးသူဖြစ်ပေမဲ့ သူ အစွမ်းကုန်ကြိုးစားသွားခဲ့တယ်' လို့ ဆိုပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားကို ရောမမြို့အပြင်နားမှာရှိတဲ့ စတူဒီယိုမှာ ရိုက်ကူးခဲ့တာပါ။ စတူဒီယိုထဲမှာရှိတဲ့ ခြံဝင်းလေးခုကိုပေါင်းပြီး ၁၆ ရာစုနှစ်က မြို့ကလေးတစ်မြို့အဖြစ် ဖန်တီးလိုက်ပါတယ်။ ရိုက်ကွင်းရှိတဲ့ နံနက်တိုင်း ဘာတန်လင်မယားတို့က သူတို့ရဲ့ရိုးလ်စ်ရွိုက်စ်ကားကိုမောင်းပြီး အဝတ်လဲခန်းများရှိရာကို ရောက်လာခဲ့ကြတာပါ။ သူတို့နဲ့အတူ အစေအပါးတွေ၊ အတွင်းရေးမှူးတွေ၊ စားဖိုမှူးတွေ၊ ဆံပင်ပြင်တဲ့သူတွေ၊ မိတ်ကပ်သမားတွေ ပါလာတာကြောင့် စစ်တပ်တစ်တပ် ချီတက်လာသလိုပါပဲ။ သူတို့ဆီကို အလည်အပတ်လာကြတဲ့ စာနယ်ဇင်းသမားတွေ ရင်းနှီးတဲ့မိတ်ဆွေတွေနဲ့လည်း မပြတ်ပါဘူး။

ပထမပိုင်းမှာတော့ ဇာဖရယ်လီက သူတို့နှစ်ယောက် မဆုံတဲ့ဇာတ်ဝင်ခန်းတွေ စတင်ရိုက်ကူးပါတယ်။ ဘာကြောင့်လဲဆိုတော့ မနက် ၇ နာရီခွဲရင် ဘာတန်က ရိုက်ကွင်းပေါ်ကို ရောက်လာပြီး ပြင်တာဆင်တာနဲ့ ၉ နာရီ ၂၀ ဆိုရင် ရိုက်ကွင်းစလို့ရပါပြီ။ ဒါပေမဲ့ လစ်ဇ်ကတော့ မနက် ၁၁ နာရီမထိုးမချင်း ရောက်မလာပါဘူး။ မနက်ခင်းတစ်ပိုင်းလုံး သူမရဲ့မျက်နှာအတွက် အသားအရေမပျက်စီးစေဖို့ အနှိပ်အနယ်ခံယူပါတယ်။ မျက်ခုံးမွေး နုတ်ခြင်းအစရှိတဲ့ မျက်နှာပိုင်းဆိုင်ရာ အလှပြင်မှုတွေကို လုပ်လေ့ရှိပါတယ်။ ပိုပြီးဆိုးတာကတော့ အဝတ်လဲခန်းကို ရောက်လာရင်လည်း နေ့လယ်စာစားချိန်မှာ အပေါင်းအသင်း၊ ဝန်ထမ်းများနဲ့ နေ့လယ်စာ ပါတီပွဲလုပ်နေတတ်ပါတယ်။ တစ်ခါတလေမှာ နေ့လယ်စာစားချိန်က ညနေ ၄ နာရီအထိ ကြာမြင့်တတ်ပါတယ်။ ဒါကြောင့် အလုပ်မဖြစ်တဲ့ ဇာဖရယ်လီက အလုပ်ချိန်ကို ပြင်လိုက်ပါတယ်။ ရိုက်ကွင်းစချိန်က မွန်းလွဲချိန်ကစပြီး ည ၈ နာရီအထိ သတ်မှတ်လိုက်ပါတယ်။ ကြားဖြတ်နားတဲ့အချိန်က လက်ဖက်ရည်သောက်ချိန်ပဲ ရှိပါတယ်။ ဒီလိုစီစဉ်ပြန်တော့ စက်သမားတွေက ပင်ပန်းပြန်တယ်။ ဒါကြောင့် နောက်တစ်မျိုး စီစဉ်ရပြန်ပါတယ်။ ဒီလိုအလုပ်မတွင်ကျယ်ခြင်းဟာ လစ်ဇ်ကြောင့်ချည်းပဲ ဖြစ်ပါတယ်။ တကယ်တော့ ဇာဖရယ်လီက လစ်ဇ်ဟာ MGM ကုမ္ပဏီကြီးရဲ့ငယ်မွေးခြံပေါက်ဖြစ်တာကြောင့် အလုပ်ချိန်နဲ့ပတ်သက်ပြီး လေးစားလိုက်နာလိမ့်မယ်လို့ မျှော်လင့်ထားခဲ့တာပါ။ သူ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပါဘူး။

အဓိကပြဿနာကတော့ ရှိတ်စပီးယားရဲ့ကဗျာများကို ရွတ်ဆိုရတဲ့အတွက် အလေ့အကျင့်မရှိတဲ့ လစ်ဇ်အတွက် ခဲယဉ်းနေခြင်းပါ။ ဒါကြောင့် ညနေပိုင်း ရိုက်ကွင်းနားချိန်များမှာ ဘာတန်က လစ်ဇ်ကို ကဗျာရွတ်ဆိုပုံရွတ်ဆိုနည်းများနဲ့ပတ်သက်ပြီး သင်ကြားပေးရပါတယ်။ တစ်ရက်မှာတော့ ဇာဖရယ်လီက နောက်တစ်နေ့ ရိုက်ရမယ့်ဇာတ်ဝင်ခန်းအတွက် ဇာတ်ရံ ၅၀ လိုချင်တယ်လို့ တောင်းဆိုပါတယ်။ ဒီအခါ မိတ်ကပ်ဌာနက ခါးခါးသီးသီး ငြင်းပါတော့တယ်။ ဇာတ်ရံ ၅၀ ကို မိတ်ကပ်လိမ်းပေးရမယ်ဆိုရင် သူတို့အနေနဲ့ မနက် ၅ နာရီခွဲကတည်းက စလုပ်ရမှာမို့ မလုပ်နိုင်ဘူးလို့ အကြောင်းပြပါတယ်။ ဒီအခါ လစ်ဇ်က 'စိတ်မပူနဲ့၊ ကျွန်မ လုပ်ပေးမယ်' လို့ ဝင်ပြီးအာမခံလိုက်ပါတယ်။ နောက်တစ်နေ့မနက်မှာ လစ်ဇ်က တကယ်ပဲ ဇာတ်ရံ ၅၀ တို့ကို တစ်ယောက်မကျန် မိတ်ကပ်လိမ်းပေးခဲ့ပါတယ်။ လိမ်းပေးရုံသာမက တစ်ယောက်ချင်းအတွက် မိတ်ကပ်အလှပြင်ရာမှာ သတိထားရမယ့်အချက်တွေကိုပါ အကြံပေးခဲ့သေးတာပါ။

*(ဆက်လက်ဖော်ပြပါမည်)*

■

**ဝင်းငြိမ်း**

www.burmeseclassic.com

# မေတ္တာခရီး

**မေတ္တာဦး**

ကျွန်မ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကို မြန်မာနိုင်ငံပြန်သင့် မပြန်သင့် စဉ်းစားနေခဲ့ရင်းက ပြန်ဖြစ်သွားခဲ့ပါတယ်။ ဇူလိုင်လမှာ တစ်ခေါက်ပြန်ရဦးမှာမို့ ခြောက်လတစ်ခါ မြန်မာနိုင်ငံကို အလုပ်တစ်ဖက်နဲ့ ပြန်ရတာကို သိပ်ဘဝင်မကျခဲ့ပါဘူး။ ဒါပေမဲ့ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ ကျင်းပမယ့် နှစ်ခြောက်ဆယ်ပြည့် မော်လမြိုင်တက္ကသိုလ်နဲ့ အာစရိယပူဇော်ပွဲကို မနှစ်ကတည်းက လာခဲ့မယ်လို့ ကတိပေးထားတာကို ဘယ်ဖျက်လို့ ကောင်းပါ့မလဲဆိုတဲ့ အသိနဲ့ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ မြန်မာနိုင်ငံ ပြန်ဖြစ်ခဲ့ပါတယ်။

မပြန်ခင် တစ်လလောက်ကတည်းက ခရီးစဉ်ကို အသေးစိတ်စီစဉ်ခဲ့ရတာပါ။ ယခင်နှစ်တွေကဆိုရင် နှစ်ကုန်ခါနီး မြန်မာနိုင်ငံပြန်ရင် ရက်သတ္တသုံးပတ် သို့မဟုတ် တစ်လလောက်နေလေ့ ရှိခဲ့တာကိုး၊ ဇူလိုင်ပြန်ရဦးမှာမို့ ရက်သတ္တနှစ်ပတ်ကျော်လေးသာ နေဖို့အချိန်ရခဲ့တာလေ။ အကွက်စေ့စေ့ ကြိုတင်စီစဉ်မထားရင်တော့ ကိုယ်သွားချင်တဲ့နေရာတွေ၊ စားချင်တာတွေ စားသွားဖို့ အဆင်ပြေမှာ မဟုတ်တော့ပါဘူး။ အဓိကသွားရမယ့်နေရာနှစ်နေရာက မော်လမြိုင်နဲ့ ပေလီပါ။ မော်လမြိုင်ခရီးက မြန်မာနိုင်ငံကို ဒီဇင်ဘာ ၂၇ ရက်နေ့ရောက်ပြီး ၂၈ ရက် နေ့ ခရီးဆက်ရမှာကိုး။ ကျွန်မရဲ့မောင်အငယ်ဆုံးကတော့ ထုံးစံအတိုင်း ကျွန်မတို့လိုအပ်တဲ့ အစီအစဉ်တွေအားလုံး စီစဉ်ပေးနိုင်တဲ့ လက်ထောက်တစ်ယောက် ရန်ကုန်မှာ ငှားထားပေးပါတယ်။ လက်ထောက်မိန်းကလေးလည်း ကျွန်မကိုယ်စားအားလုံးစီစဉ်ပေးထားခဲ့လို့ ရန်ကုန်ရောက်မှတွေ့ဖူးခဲ့ပေမဲ့လေဆိပ်မှာကတည်းက ရင်းနှီးကျွမ်းဝင်သူတစ်ဦးလို ခံစားမိခဲ့ပါတယ်။

ရန်ကုန်မြေနင်းလိုက်တာနဲ့ မေတ္တာအပြည့်နဲ့ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြသူတွေနဲ့ ကြုံရကတည်းက ပီတိတွေ ဖြာဝေနေခဲ့ပါပြီ။ ကျွန်မ နေသားကျနေတဲ့ ရေခြားမြေခြားမှာတော့ အားလုံးကိုယ်ထူကိုယ်ထနဲ့ မရပ်မနားလုပ်ကိုင်နေခဲ့ရတာကိုး။ ရန်ကုန်ကို မနက်ပိုင်းရောက်ခဲ့လေတော့ နေ့လယ်စာ ခေါ်ကျွေးမယ့် မိတ်ဆွေတွေကလည်း အဆင်သင့်စောင့်နေတာပါ။ နေ့လယ်စာ စားပြီးတာနဲ့ မော်လမြိုင်ကောလိပ်တုန်းက လေးနှစ်လုံးလုံး တစ်တန်းတည်းနေခဲ့တဲ့ သူငယ်ချင်းခြောက်ယောက် ရောက်လာခဲ့ပြန်ပါတယ်။ နေ့ရှည် မှားတာတို့၊ ခရီးအစအဆုံး နှစ်ဆယ့်ရှစ်နာရီ လမ်းမှာကြာလို့ မောခဲ့တာတို့က ကျွန်မနားမှာမရှိတော့ပါဘူး။ မနက်ဖြန် လမ်းမှာစားဖို့ သူတို့ယူခဲ့တဲ့ မုန့်လက်ဆောင်တွေ၊ ကျွန်မ ပါလာတဲ့ လက်ဆောင်တွေနဲ့ ဖလှယ်ပြီး ကြည်နူးခဲ့ရပြန်ပါရဲ့။ ကျွန်မသူငယ်ချင်းတွေကတော့ ကျွန်မရဲ့ ပုံနှိပ်စာအုပ်တွေကိုသာ စိတ်ဝင်စားပြီး လိုချင်ကြတာပါ။ ကျွန်မ မော်လမြိုင်ခရီးစဉ်တစ်ခုလုံးကို ဦးဆောင်စီစဉ်ပေးသူက မူကြိုကတည်းက တစ်တန်းတည်း ကျောင်းတက်ခဲ့သူ မော်လမြိုင်ကောလိပ်ကျောင်းသူရော ဆရာမပါဖြစ်ခဲ့သူ နွယ်နီဝင်းပါပဲ။ ကျွန်မရဲ့လက်ထောက် အေးအေးယုနဲ့ နွယ်နီဝင်းတို့ အသေးစိတ် စီစဉ်ထားမှုတွေက ခရီးအစကနေ အဆုံးအထိ ဟာကွက်မရှိအောင်ပါပဲ။ ခရီးစဉ်အတွက် ယာဉ်မောင်းရော ကားပါ ကျွန်မမောင်က စီစဉ်ပေးခဲ့တာလေ။ ဒီဇင်ဘာလ ၂၈ ရက်နေ့ မနက် ရှစ်နာရီလောက်မှာ မော်လမြိုင်ခရီးစဉ်ကို မူလတန်းကျောင်း အတူတက်ခဲ့တဲ့ သူငယ်ချင်း သန်းသန်းနှင်း၊ ပါမောက္ခဟောင်း (ဒေါ်)အေးအေးနွယ်နဲ့ သူညီမဖြစ်သူ ရွှေရီ၊ ကျွန်မတူမနှစ်ဝမ်းကွဲတို့နဲ့အတူ ခရီးစခဲ့ပါတော့တယ်။ နွယ်နီဝင်းက ကျွန်မကို ဘယ်နေရာရောက်ရင် နေ့လယ်စာစားဆိုတဲ့အတိုင်း သူမ ညွှန်းတဲ့ဆိုင်မှာ စားခဲ့ရသလို သထုံအရောက် ရွှေစာရံဘုရားလည်း ဝင်ဖူးဖြစ်ခဲ့ပါရဲ့။ အိပ်မက်တံတားခေါ်တဲ့ သံလွင်တံတားကိုဖြတ်ခဲ့ချိန် မော်လမြိုင်မြို့ကြီးကို မြင်ခဲ့ရစဉ်မှာတော့ ကျွန်မရင်ထဲမှာ လိပ်ပြာတွေ အများကြီးပျံနေသလို တဖျပ်ဖျပ်နဲ့ ခံစားရတာလေ။ အလွန်လုံခြုံမှုရှိပြီး အေးချမ်းတဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘဝ၊ မူကြိုကနေ ဘွဲ့ရတဲ့အထိ ပညာတွေ ဆည်းပူးခဲ့ရတဲ့ဘဝ၊ ဆရာကောင်း သမားကောင်းတွေနဲ့ ဆုံစည်းခဲ့ရတဲ့ ဘဝ၊ အပူအပင်ဆိုတာ ဘာမှန်းမသိ အောင် နေခဲ့ရတဲ့ဘဝ၊ မေတ္တာတွေနဲ့ ...ရံခဲ့ရတဲ့ဘဝ၊ အဲဒီဘဝအနေနဲ့ ကြီး ...ခဲ့ရတဲ့ မော်လမြိုင်မြို့ကို ကျွန်မ ...ခွင့် ရခဲ့ပြန်ပါပြီ။ ကျွန်မ မော် ...မြိုင်ရောက်ခဲ့တိုင်း ခရီးသည်ကြီး ...ကိုပိုလိုရဲ့ အတ္ထုပ္ပတ္တိကို သတိရစမြဲ ...။ ခရီးသည်ကြီး မာကိုပိုလိုက ဗင်း ...မြို့သားဖြစ်ခဲ့ပြီး ငယ်ငယ်တုန်းက ...တွေသွားမယ့် အိပ်မက်တွေကို သူ့ရဲ့ ...ငယ်ချင်းတွေနဲ့ ဗင်းနစ်ကမ်းနားမှာ ...ပြခဲ့တာလေ။ သူ့ရဲ့ အိပ်မက်တွေ ...ကောင်အထည်ဖော်နိုင်ခဲ့ပြီး ဗင်းနစ်မြို့ ...ပြန်ရောက်ခဲ့ချိန်မှာ သူ့ရဲ့ သူငယ် ...တွေက သေတဲ့သူလည်းသေ၊ မြို့ ...ပြောင်းတဲ့သူလည်းပြောင်းနဲ့ သူ့ရဲ့ ...တွေ့အကြုံတွေကို ရင်ဖွင့်ဖို့ ငယ်ပေါင်း ...နဲ့ တွေ့ခွင့်မရတော့ဘဲ ဗင်းနစ်မြို့ ...နားမှာ အထီးကျန်ဖြစ်ပုံနဲ့ ဝတ္ထုကို ...သတ်ထားပါတယ်။

ကျွန်မရဲ့ ခရီးသွားခွင့်အိပ်မက်တွေ ...တုန်းက မက်ခဲ့တာ တကယ့်လက် ...ဘဝမှာ အကောင်အထည်ဖော်နိုင်ခဲ့ ...မှာ ကျွန်မရဲ့ သူငယ်ချင်းများနဲ့ရော၊ ...တ်ပရိသတ်နဲ့ပါ မျှဝေခံစားခွင့်ရတာ ...တော့ မာကိုပိုလိုထက် ကံကောင်း ...လို့ တွေးမိခဲ့ပါရဲ့။ မော်လမြိုင် ...ကိုရင် နွယ်နီဝင်းရဲ့ နန္ဒဝန်ရိပ်မြုံမှာ ...မှ်ရော၊ စားသောက်ဖို့ပါ တာဝန်ယူ ...လေတော့ ကျွန်မအတွက် မေတ္တာ ...ခုမှာ ခိုဝင်ခွင့်ရသလိုပါပဲ။ နန္ဒဝန် ...ရောက်တာနဲ့ ကျွန်မရဲ့ ငယ်သူငယ် ... သန်းသန်းနှင်းက 'ဟယ် ပန်းခြံက ...ာက်လည်း မကြီးတော့ပါလား၊ ...ငယ်ငယ်တုန်းက အကြီးကြီးလေ' ... ခရီးရောက်တာနဲ့ ပြောခဲ့တာပါ။ ...ပါရဲ့၊ ကိုယ်တွေက လူကောင် ...မှာ ကိုယ်ကြုံခဲ့ရတဲ့ ပတ်ဝန်း ...က အကြီးကြီးတွေဖြစ်နေခဲ့တာကိုး။ ...တို့ ပစ္စည်းတွေ နေရာချခဲ့ပြီးတာနဲ့ နွယ်နီဝင်းက သကြံ့န်ထမင်း၊ လက်ဖက်ရည်တို့နဲ့ ဧည့်ခံခဲ့တာပါ။ လက်ဖက်ရည်သောက်ချိန်အမီ ရောက်ခဲ့ကြတာလေ။

ကျွန်မကတော့ ခရီးပန်းတာ ခေါင်းထဲမထည့်နိုင်ခဲ့ပါဘူး။ ကျွန်မတို့အတွက် အသင့်ပြင်ထားပေးထားတဲ့ ခြောက်ယောက်အိပ်ဖို့ ခုတင်တွေနဲ့ အခန်းနှစ်ခန်းမှာ ပစ္စည်းတွေနေရာချရင်း အိပ်ရာဖုံးတွေက လက်ပန်းထိုးနဲ့မို့ ကျွန်မ ချီးကျူးလို့မဆုံး ဖြစ်ခဲ့ပါရဲ့။ ကျွန်မဖခင်ရဲ့ ညီမအရင်းက မော်လမြိုင်မှာ နေထိုင်ဆဲမို့ ရောက်ရောက်ချင်းပဲ သွားကန်တော့ခဲ့ပါတယ်။ USက အားဆေးတွေကတော့ လူကြီးသူမတွေကို အလွန်ကန်တော့လို့ကောင်းတဲ့ ပစ္စည်းပေါ့။ ကျွန်မရဲ့ အဒေါ်က ကျွန်မကြိုက်တဲ့ မုန့်ပျားသလက်တွေ၊ အာပုံမုန့်တွေနဲ့ ကျွန်မလာမယ်ဆိုလို့ ဝယ်ပြီး ကြိုနေခဲ့တာလေ။ ကျွန်မကတော့ မုန့်တွေကိုတွေ့တော့ အင်မတန် ကြည်နူးခဲ့ရတာပါ။ ကျွန်မအကြိုက် မုန့်တွေနဲ့ စောင့်နေတာက နည်းတဲ့မေတ္တာမှ မဟုတ်တာ။ USမှာ ငွေပေးပြီး ဝယ်စားလို့မရတဲ့ မုန့်နှစ်မျိုးလုံးကို ကျွန်မ စားခွင့်ရခဲ့ပါရဲ့။ အဒေါ်ကို ကန်တော့ပြီး မော်လမြိုင်တောင်ပေါ်ဘုရားတွေ နေဝင်တာကြည့်ရင်း ဖူးမြော်ဖို့ နန္ဒဝန်ရိပ်မြုံမှာ ကျန်ရစ်ခဲ့တဲ့သူငယ်ချင်းတွေကို ဝင်ခေါ်ခဲ့ရပြန်ပါတယ်။

ကျွန်မတို့ကို မြန်မာစာ ခုနစ်တန်းကနေ ကိုးတန်းအထိ သင်ပေးခဲ့တဲ့ ဆရာမ ဒေါ်ခင်အိအိ(ဆရာမအိ) ရောက်လာခဲ့တော့ အဆင်သင့်ထုပ်ပိုးလာတဲ့ ငွေအိတ်လေးနဲ့ ကန်တော့နိုင်ခဲ့ပါတယ်။ **အစာလည်းဆေး၊ ဆေးလည်းအစာ** စာအုပ်ထုတ်ဝေတဲ့ စာမူခအားလုံးကို ဆရာမကို ကန်တော့ရတဲ့အတွက် ကျေနပ်လို့ မဆုံးပါဘူး။ သန်းသန်းနှင်းကလည်း ကျွန်မနဲ့အတူ ကန်တော့ပါတယ်။ ဆရာမကတော့ အလွန်သွက်လက်ဖျတ်လတ်သူပါ။ အသက်ခုနစ်ဆယ့်တစ်နှစ်ဆိုတာ မယုံနိုင်လောက်အောင်ပါပဲ။ ယခုအချိန်ထိ [illegible] ဟောင်းတွေ လိုအပ်တာမှန်သမျှ ဆောင်ရွက်ပေးနိုင်ဆဲပေါ့။ ကျွန်မတို့ရဲ့ ငယ်သူငယ်ချင်းတစ်ဦးဖြစ်တဲ့ (ဦး)ဌေးကြည်က အင်ဂျင်နီယာဘွဲ့ရပြီး လက်ဖက်ရည်ဆိုင်ကြီး ဖွင့်ခဲ့ရုံမက မနှစ်တုန်းက ကျွန်မ မော်လမြိုင်ရောက်ခဲ့စဉ်မှာ ကြီးကျယ်တဲ့ ညစာစားပွဲကို ခင်းကျင်းကျွေးမွေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလဆန်းမှာ (ဦး)ဌေးကြည် ကွယ်လွန်သွားခဲ့တာလေ၊ ကျွန်မ သူ့ရဲ့အကြောင်းကို ရွှေအမြုတေမဂ္ဂဇင်း (၂၀၁၃ ခုနှစ် မတ်လထုတ်)မှာ ရေးခဲ့တာကို ဖတ်သွားခဲ့သတဲ့။ (ဦး)ဌေးကြည်ကွယ်လွန်သွားခဲ့ချိန်မှာ ကျွန်မတို့ရဲ့ ဆရာမအိက သူ့ရဲ့ခုတင်နဲ့ အခန်းကို သွားရောက်သိမ်းဆည်းပေးခဲ့တာကို ပြန်ပြောတော့ မနှစ်က ကျွန်မအားရပါးရ စားသောက်နေခဲ့တာကို အနားမှာ ကျေနပ်စွာနဲ့ ထိုင်ကြည့်နေခဲ့တာကို မျက်စိထဲက မထွက်နိုင်ဘဲ မြင်ယောင်မိဆဲပါပဲ။

ဆရာမအိကိုခေါ်ပြီး တောင်ပေါ်ဘုရားတွေ တစ်ဆူပြီးတစ်ဆူ ဖူးမြော်ဖြစ်ခဲ့ပါတယ်။ အဲဒီညနေက မြူဆိုင်းနေလို့ နေဝင်အလှကို ကောင်းကောင်းမမြင်ခဲ့ရပါဘူး။ ဒါပေမဲ့ တစ်ဖက်ကမ်းမှာ မီးဖိုနေတဲ့ မီးအရောင်ကိုကြည့်ပြီး နေဝင်တဲ့နေမင်းလို့ အေးအေးနွယ်က ပြောခဲ့လို့ ကျွန်မတို့တစ်ဖွဲ့လုံး တဝါးဝါးနဲ့ ဖြစ်ခဲ့ပါရဲ့။ အဲဒီအချိန်က တဒင်္ဂတော့ ဘယ်လောက်ငွေနဲ့ပဲ ပုံပြီးပေးပေမဲ့ ပြန်မရနိုင်တော့ပါဘူး။ အဲဒီနေ့ညစာကို နွယ်နီဝင်း စီစဉ်ပေးထားခဲ့တဲ့အတိုင်း သူမအိမ်မှာပဲ စားဖြစ်ခဲ့ပါရဲ့။ သူမကိုယ်တိုင်က ဆရာကန်တော့ပွဲရဲ့ ကြိုဆိုနေရာချထားရေး အဖွဲ့မှာ ပါဝင်နေရချိန်မို့ တာဝန်ကျရာနေရာကို သွားရောက်ခဲ့ချိန်မှာ သူမအိမ်က မတင်နဲ့ အားလုံးကို လွှဲခဲ့တာလေ။

မတင်ကလည်း ဧည့်သည်တွေအတွက် လိုလေသေးမရှိ ချက်ပြုတ်ထားတာတွေကို ကျွေးမွေးခဲ့ပါတယ်။ ကျွန်မအကြိုက် ဟင်းတွေ ချက်မယ်ဆိုတာ နွယ်နီဝင်းက ကျွန်မလက်ထောက်



www.burmeseclassic.com

www.burmeseclassic.com

ကနေတစ်ဆင့် US အထိ ပြောထားပြီးခဲ့ပါပြီ။ ကျွန်မအကြိုက် ငါးနှပ်နဲ့ မရန်းပြားမွှန်ဟင်းချို၊ ငါးသလောက်ပေါင်း၊ ငါးဖယ်ငါးဆုပ်နဲ့ ကြက်ပေါင်သီးချက်၊ ရဲယိုရွက်နဲ့ ငါးပေါင်းထုပ်အပြင် တခြားဟင်းအမည်စုံအောင် ပြင်ဆင်ထားတာလေ၊ ဆရာမအိမ်နဲ့အတူ ညစာကို အားရပါးရစားဖြစ်ခဲ့ပါရဲ့။ မြိန်မှ မြိန်လို့သာ ပြောရမှာပါ။ US က ငါးတွေ စားရတာ အရသာမှ မရှိတာမို့ ကျွန်မ မြန်မာနိုင်ငံရောက်တိုင်း ငါးအမျိုးမျိုးကို ဦးစားပေးစားလေ့ရှိပါတယ်။ မေတ္တာအပြည့်နဲ့ ပြင်ဆင်ကျွေးမွေးတာကိုတော့ ကျွန်မ လုံးဝ ယုံကြည်တာ အမှန်ပါ။ ကျွန်မတို့အားလုံး စားလို့ မြိန်ကြတဲ့အကျိုးကတော့ နောက်တစ်ရက် မနက်စောစော ကန်တော့ခံ ဆရာ၊ ဆရာမတွေထဲမှာ တစ်ဦးပါဝင်တဲ့ အေးအေးနွယ် သွေးတိုးပြီး အိပ်ရာက မထနိုင်ဖြစ်ခဲ့လို့ ဆရာဝန်ခေါ်ခဲ့ရတဲ့အထိ ဖြစ်ခဲ့ရတာပါ။ မနက်ဘက် ဆရာကန်တော့ပွဲလည်း မပါလာခဲ့တော့ပါဘူး။ ဆရာကန်တော့ပွဲက အင်မတန်ကို စည်ကားလှပါရဲ့။ ဆရာတွေကို ကန်တော့ပွဲအပြီး ခမ္မာရုံမှာ အကျွေးအမွေးနဲ့ ဧည့်ခံခဲ့ပါတယ်။

ကျွန်မကတော့ ဆရာကန်တော့ပွဲကအပြန် (ဦး)ဌေးကြည်ရဲ့ လက်ဖက်ရည်ဆိုင်ကို ဒေါက်တာ ဇော်လတ်နဲ့ နွယ်နွယ်လှတို့ ဇနီးမောင်နှံနဲ့အတူ ခဏလောက် အပြေးအလွှားသွားပြီး လက်ဖက်ရည်ထွက်သောက်ဖြစ်ခဲ့ပါရဲ့။ သူတို့ကလည်း ၂၀၁၃ ခုနှစ်မှာ ဆွစ်ဇာလန်နဲ့ ဂျာမနီကို တစ်လလောက် သွားလည်ခဲ့တာကို အတွေ့အကြုံဖလှယ်ချင်တာလေ။ ခရီးသွားဖူးသူအချင်းချင်း ပြောရတဲ့အရသာကလည်း ထူးခြားတဲ့အရသာတစ်မျိုးပေါ့။ လက်ဖက်ရည်ဆိုင်မှာ တိုက်တိုက်ဆိုင်ဆိုင် ဓာတ်ပုံဆရာကြီး ဦးစံခနဲ့ ပြန်တွေ့ဆုံခဲ့ရပြန်ပါတယ်။ (ဦး)ဌေးကြည်ရဲ့ နောက်ဆုံးအချိန်ကို သူကသေသေချာချာ ပြောပြခဲ့တာကလည်း တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ။ ကျွန်မ မော်လမြိုင်တက္ကသိုလ် ညစာစားပွဲအတွက် သွားဖို့ ပြင်ဆင်ခဲ့ရပြန်ပါတယ်။ အေးအေးနွယ်ကတော့ နေကောင်းသွားပြီမို့ ညစာစားပွဲ တက်နိုင်ခဲ့ပါတယ်။ ညစာစားပွဲမှာ ကျွန်မ လှူဒါန်းနေတဲ့ အငြိမ်းစား ဆရာ၊ ဆရာမကြီးများရဲ့ ကျန်းမာရေးရန်ပုံငွေထဲမှာ ငွေလှူဒါန်းဖြစ်ခဲ့တာပါ။ ကျွန်မ မနှစ်တုန်းက ဖျားနာနေတဲ့ ဆရာ၊ ဆရာမဟောင်းတွေကို ငွေတစ်သိန်းစီ ကန်တော့ဖို့ ပြောခဲ့တာကိုး။ ကျွန်မရဲ့ ငွေတစ်သိန်းကို သွားပေးကြတဲ့အဖွဲ့သားတွေနဲ့အတူ မော်လမြိုင်တက္ကသိုလ်ကျောင်းသားဟောင်း ဦးမိုးကျော်ကလည်း ငွေ ငါးသောင်းကျပ်ထပ်မံပံ့ပိုးတဲ့သတင်းကြားတော့ ရင်ထဲမှာ မုဒိတာပွားခဲ့ရပါရဲ့။

ကျန်းမာရေးစောင့်ရှောက်ငွေ သွားရောက်လှူဒါန်းပေးတဲ့အဖွဲ့ဝင်တစ်ဦးရဲ့ အပြောကြောင့် ကျွန်မရင်ထဲမှာ နင့်နေအောင် ခံစားခဲ့ရတာပါ။ ဆရာမကြီးတစ်ဦးကို ငွေသွားရောက်ပေးအပ်ချိန်မှာ သူမ ရှူနေတဲ့ အောက်ဆီဂျင်ဘူးက နောက်ဆုံးဘူးပါတဲ့။ ထပ်ဝယ်ဖို့လည်း ငွေကြေးမရှိတော့တာမို့ အဲဒီအောက်ဆီဂျင်ဘူး ကုန်သွားခဲ့ရင် အသက်ဆက်ရှင်ဖို့ မလွယ်တော့ပါဘူး။ ဆရာမကြီးရဲ့ ကုသိုလ်ကြောင့် ကျွန်မရဲ့ လှူဒါန်းငွေ အချိန်မီရောက်သွားခဲ့တာကိုး။ ဒီလို အကြောင်းတွေဖြစ်အောင် အဖွဲ့သားတွေ မေတ္တာအပြည့်နဲ့ စီစဉ်ပေးလို့ဆိုတာ မငြင်းနိုင်ပါဘူး။ မေတ္တာတန်ခိုးကြောင့် ဆရာမကြီး အသက်ဆက်နိုင်ခဲ့တာပါ။ ကျွန်မကတော့ ဆေးရုံတက်ရတဲ့ ဆရာ၊ ဆရာမကြီးတွေကို ဒီနှစ်ကစပြီး ငွေ သုံးသိန်း လှူပေးဖို့ အဖွဲ့သားတွေကို ပြောကြားခဲ့ပါတယ်။ ကျွန်မလည်း လှူဒါန်းနိုင်တဲ့အချိန်၊ လှူဒါန်းနိုင်အောင် ဆောင်ရွက်ပေးတဲ့အဖွဲ့အစည်းလည်းရှိတဲ့အချိန် ဖြစ်သလို တကယ့်ကို လိုအပ်နေတဲ့ ကျေးဇူးရှင်တွေကိုလည်း ကျေးဇူးဆပ်နေချိန် မဟုတ်ပါလား။ ကျွန်မကိုယ်တိုင်လည်း ဆရာမဖြစ်ခဲ့ဖူးလေတော့ လှေကားထစ်တွေလို တပည့်တွေအမြင့်ရောက်အောင် ပံ့ပိုးပေးတဲ့ ဆရာ၊ ဆရာမတွေရဲ့ မေတ္တာ စေတနာတွေအကြောင်း
ပိုနားလည်ခံစားမိတာ အမှန်ပါ။

ဒီဇင်ဘာလ ၃၀ ရက်နေ့မှာတော့
မနက်ကတည်းက အတ္တရံဟိုတယ်
သွားရောက်ခဲ့ပြီး ညစာအတွက် အစား
အစာတွေ မှာခဲ့ပါတယ်။ ဆင်ဖြူတော်
ကျောင်းက စာသင်သား သံဃာတွေ
မိဘနှစ်ပါးကို ရည်စူးပြီး ဝတ္ထုငွေ လှူ
ဒါန်းပေးခဲ့ပါတယ်။ ကျွန်မတို့ ညီအစ်
နှစ်ယောက် လှူဒါန်းခဲ့တဲ့အလှူငွေ
သံဃာ စာသင်သားတွေက မှန်းထား
တာထက် နည်းနေတော့ စာအိတ်တွေ
အသင့်ထည့်ထားတဲ့အလှူငွေ စာအိတ်
တွေကို ဆက်လှူခွင့်ရအောင် နွယ်နီဝင်
က ဆောင်ရွက်ပေးခဲ့ပါတယ်။

ကျွန်မတို့အုပ်စု ရတနာဘုံမြင့်
မဟုတ် စိန်ဒုံးမိဖုရားကြီးရဲ့ ဘုန်းကြီး
ကျောင်းကို ကျွန်မတို့ အရင်ဆုံးသွား
ပါတယ်။ ရှေးဟောင်းလက်ရာ
အများကြီးရှိတဲ့ ဘုန်းကြီးကျောင်း
ကြောင့် အခွင့်ရတိုင်း သွားချင်ခဲ့
တယ်။ ကျိုက်မရောဘုရား အသွား
ကျွန်မတို့ငယ်စဉ် အမှားရှားကျောင်း
နေခဲ့စဉ်က သိပ္ပံဘာသာတွေသင်ခဲ့
တဲ့ ဆရာ ဦးတင်မောင်ဝင်းရဲ့ ကျိုက်
မရောမြို့နားက ရွာရယ်၊ အိမ်ရယ်
ဆရာမအိက ရအောင် ရှာထားပေး
တယ်။ ရွာအမည်တွေ့တာနဲ့ ဆရာ
နာမည်ကို လက်ဖက်ရည်ဆိုင်မှာ မေး
တာနဲ့ လူငယ်လေးတစ်ဦးက မော်တော်
ဆိုင်ကယ်နဲ့ အရောက်လိုက်ပို့ပေးခဲ့
လေ။

မေတ္တာခရီးလို့ အမည်တပ်
အောင် မေတ္တာနဲ့ အားလုံး အဆင်ပြေ
အောင် ဦးဆောင်ပေးခဲ့ကြသူတွေ၊ စီစဉ်
ပေးခဲ့ကြသူတွေ၊ ပံ့ပိုးပေးခဲ့ကြသူတွေ
ကြောင့်သာ ကျွန်မရဲ့ ခရီးတွေ အဆင်
ပြေခဲ့တာပါ။ မော်လမြိုင်ခရီးနဲ့ ပေ
ခရီးစဉ်တွေအကြောင်း နောက်လ ဆက်
ရေးပါဦးမယ်။

မုဒိတာတရား ပွားများကြပါ

မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com





# ရွှေအမြုတေ ပရိသတ်အကြိုက် ရွှေအသစ် နှင့် ရွှေနှလုံးသား

ရွှေအမြုတေမဂ္ဂဇင်းကို ကျွန်တော်က စီစဉ်တာည်းဖြတ်နေတာကြောင့် လစဉ်မဂ္ဂဇင်းများမှာ ဖော်ပြနေတဲ့ ဝတ္ထုများဟာ ကျွန်တော့်အကြိုက်ဆိုတာ အထူးပြောဖွယ်ရာ မရှိပါဘူး။ အဲဒီလို ကျွန်တော်ကြိုက်တဲ့ ဝတ္ထုတွေထဲကမှ ပရိသတ်ကြိုက်တဲ့ ဝတ္ထုတွေကို ရွေးချယ်ပေးစေချင်တဲ့ ဆန္ဒကြောင့် နှစ်တစ်နှစ်ရဲ့ ဒီဇင်ဘာလမှ နောက်တစ်နှစ် နိုဝင်ဘာလအထိ ထုတ်ဝေခဲ့တဲ့ ရွှေအမြုတေ မဂ္ဂဇင်းများထဲမှ **ရွှေနှလုံးသား** ကဏ္ဍနဲ့ **ရွှေအသစ်** ကဏ္ဍမှာ ဖော်ပြခဲ့တဲ့ ဝတ္ထုနှစ်ပုဒ်ကို ရွေးချယ်ပေးပါလို့ ကျွန်တော့်ပရိသတ်များကို ရွေးချယ်ခွင့်ပေးခဲ့ပါတယ်။ ဒီနှစ်မှာ **ရွှေနှလုံးသား** ကဏ္ဍအတွက် ရွေးချယ်ခံရသူကတော့ "ဆရာ နော်(ကျောက်တိုင်)"ဖြစ်ပြီး ၂၀၁၃ ခုနှစ် ဖွန်လမှာ ဖော်ပြခဲ့တဲ့ ဆရာရဲ့ **မြစ်တစ်စင်း၏ ချစ်ခြင်းအလင်္ကာ** ကို ပရိသတ်အကြိုက် အများဆုံးဆန္ဒပြုခဲ့ကြပါတယ်။ **ရွှေအသစ်** ကဏ္ဍမှာတော့ ၂၀၁၃ ခုနှစ် ဖွန်လထုတ်မှာ ဖော်ပြခဲ့တဲ့ "ဆရာမ မေ(လားရှိုး)"ရဲ့ **လမ်းခွဲမှအလွှ** ဝတ္ထုကို ပရိသတ်အများစုက ရွေးချယ်ပေးခဲ့ကြပါတယ်။ ဒါကြောင့် **ဆရာ နော်(ကျောက်တိုင်)နဲ့ ဆရာမ မေ(လားရှိုး)**တို့ ၂၀၁၄ ခုနှစ် မေလ နောက်ဆုံးပတ်မှာ ကျင်းပမယ့် နဝမအကြိမ်မြောက် ရွှေအမြုတေ စာပေဆုပေးပွဲသို့ တက်ရောက်ပြီး အမှတ်တရဆုယူပေးပါရန် ကြိုတင်ဖိတ်ကြားပါတယ်။

■ **ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရဲစွမ်းနေ

## ချစ်ခြင်းဒါနဖြင့်--- Valentine

လင်းသည်
မျက်စိအစုံကို
မှိတ်ထားရင်း
လေကားမှတက်လာမည့်
ခြေသံကို
နားစွင့်ထားသည်။
အရင်ကတော့
လေကားမှ တက်လာသော
ဘယ်ခြေသံကမျှ
လင်းကို
ဆွဲဆောင်နိုင်ခြင်း မရှိ။
ဒီနေ့တော့
လင်း ခြေသံတစ်ခုကို
မျှော်လင့်
စောင့်စားနေခဲ့သည်။
ဒီတစ်ပတ်
ရုံးပိတ်ရက်တွင်
အခန်းဖော်သူငယ်ချင်းက
သူ့မြို့
ပြန်သွားသည့်အတွက်
လင်းတစ်ယောက်တည်း
ကျန်ခဲ့သည်။
ဒီနေ့
သူလာမည်ဖြစ်၍လည်း
လေကားမှ
ခြေသံကြားတိုင်း
လင်း
စိတ်လှုပ်ရှားနေမိခြင်း
ဖြစ်သည်။
သို့သော်
ခြေသံပိုင်ရှင်များသည်
အပေါ်ရောက်တိုင်း
လင်းအခန်းကို
ဖြတ်ကျော်သွားသည်ချည်း
ဖြစ်သည်။
လင်းအခန်းက
ပဉ္စမမြောက်အလွှာတွင်
ရှိသည်။
ကြာတော့ လင်း
စိတ်မောလှမော
ဖြစ်လာသည်။
တကယ်တော့



www.burmeseclassic.com

ယခုအချိန်မှာ လင်း ပြုလုပ်နေသင့်တာက သူ့ကိုပြောပြမည့်အကြောင်း အရာအတွက် စကားလုံးရွေးချယ်နေဖို့ပါ။ လင်းကြိုးစား ကြည့်ပေမဲ့ မအောင်မြင်ပါ။ လင်းရဲ့ အကျင့်တစ်ခုက တစ်စုံတစ်ခု အတွက် စိတ်လှုပ်ရှားနေပြီဆိုလျှင် အာရုံစူးစိုက်ရမည့် ဘယ်အလုပ်ကိုမဆို မလုပ်နိုင်တော့ခြင်းဖြစ်သည်။ ဥပမာ စာဖတ်တာမျိုးဖြစ်ဖြစ်ပေါ့။ ယခုလို စကားလုံးရွေးချယ်ရခြင်းဆို ပိုဆိုးပါသည်။

ဒီအကြောင်းကို ဒီနေ့ပြောဖို့ သူ့ကို ချိန်းလိုက်တာ မှားများသွားပြီလား။ သူကတော့ ခါတိုင်းလို တစ်ခုခု ချက်ပြုတ်စားဖို့ ချိန်းလိုက်တာလို့ပဲ ထင်နေတာ။ ဖွင့်မပြောသေးဘဲ အချိန်ယူ၍ သူ့သဘောထားကို လှည့်ပတ် တီးခေါက် မကြည့်သင့်ဘူးလား။ ဟင့်အင်း အဲဒါတော့ မဖြစ်နိုင်ပါ။ ဒါကို သူ့အနေနှင့် စောစီးစွာ သိရှိထားဖို့ လိုအပ်သည်။

လှေကားမှ တက်လာသော ခြေသံကြားရပြန်သည်။ သူလာပြီလား။ လင်း ချက်ချင်းပဲ ထကာ တံခါးပြေးဖွင့်မိတော့မလို ဖြစ်သွားသည်။ ပြီးမှ တံခါးကို လော့ခ် မချထားတာ သတိရသည်။ ကံမကောင်းစွာဘဲ ခြေသံက လင်း အခန်းကို ဖြတ်ကျော်သွားခဲ့သည်။ လင်း မျှော်လင့်ချက်မဲ့သွား၍ မတ်တတ်ရပ်လျက်ကနေ ထိုင်ခုံပေါ် ပြန်ထိုင်မိချိန်မှာ အရုပ်ကြိုးပြတ်ဖြစ်သွားတော့သည်။

၁၂ နာရီတောင် ကျော်

**သူ မလာတော့ဘူးလား အတွေးနှင့်ပင် လင်း ရင်ထဲ လှိုက်ဟာ သွားသည် မျက်ရည်ကျ မိတော့မတတ် ဝမ်းနည်းလာသည် သူ့ကို ဘယ်လောက် လိုအပ်နေမှန်း သတိထား မိလာသည် အခုပဲ သူ့ဆီ ပြေးသွားချင်စိတ် ဖြစ်လာသည်**

သွားပြီပဲ။ သူ မလာတော့ဘူးလား။ အတွေးနှင့်ပင် လင်း ရင်ထဲ လှိုက်ဟာသွားသည်။ မျက်ရည်ကျမိတော့မတတ် ဝမ်းနည်းလာသည်။ သူ့ကို ဘယ်လောက် လိုအပ်နေမှန်း သတိထားမိလာသည်။ အခုပဲ သူ့ဆီ ပြေးသွားချင်စိတ် ဖြစ်လာသည်။

'မဖြစ်သေးဘူး။ သူ လာမယ် ပြောထားတာပဲ။ တော်ကြာ လမ်းလွဲသွားမှ။ ရည်းစားဘဝသက်တမ်းတစ်လျှောက်လုံးမှာ ချိန်းဆိုမှုတိုင်းမှာ သူ့ဘက်က ပျက်ကွက်ခဲ့တာ သိပ်မရှိဘူး မဟုတ်လား။ ဘုရားရေ။ သူ လမ်းမှာ တစ်ခုခုဖြစ်နေလို့လား။ ကျေးဇူးပြု၍ သူ့ကို စောင့်ရှောက်ပေးတော်မူပါ ဘုရားသခင်'

ထိုစဉ်မှာပဲ အခန်းရှေ့မှာ ရပ်တန့်သွားသောခြေသံကို လင်း ကြားလိုက်ရသည်။ လင်း အာရုံတွေ ထွေပြားနေ၍ လှေကားမှတက်လာသော ခြေသံကို သတိမထားမိခဲ့ခြင်းဖြစ်သည်။ တံခါးခေါက်သံထွက်ပေါ်လာသည်။ သုံးချက် ဆက်တိုက်ခေါက်ပြီးမှ ရပ်နားကာ နောက်တစ်ချက် ဆက်ခေါက်ခြင်းဖြစ်သည်။ အဲဒါ သူမှ သူ အစစ်ပါပဲ။ လင်းနှင့် အပြင်သွားဖို့ ချိန်းဆိုထား၍ သူလာခေါ်လျှင် ဒီလိုမျိုး တံခါးခေါက်တတ်တာဆိုတော့ သူ့တံခါးခေါက်သံကို လင်း အလွတ်ကျက်မိနေပြီ။

'ဝင်ခဲ့လေ…မောင်၊ လော့ခ်မချထားဘူး'

သူ့လက်ထဲမှာ အိတ်တစ်လုံး ဆွဲလာတာ တွေ့ရသည်။

'မနက်ကတည်းက လာမလို့ကွာ။ အလုပ်ကိစ္စပေါ်လာလို့။ နေ့လယ်စာတော့ လွတ်သွားပြီပေါ့။ လင်း ဆာရင် စားနော်။ ကိုယ်တော့ စားပြီးခဲ့ပြီ။ ညစာအတွက် ကိုယ် ခေါက်ဆွဲကြော်နဲ့ ဘဲကင်ဝယ်လာခဲ့တယ်။ လင်း ဘာမှ မချက်နဲ့တော့'

လင်း မနက်စာစားတာ နောက်ကျ၍ နေ့လယ်စာ စားချင်စိတ် မရှိပါ။ ထို့ကြောင့် ခေါင်းယမ်းပြလိုက်သည်။ သူက စားစရာအိတ်ကို စားပွဲပေါ်တင်ပါသည်။ လင်းတို့က

အခါအားလျော်စွာ ရုံးပိတ်
ရက်များတွင် တစ်ခုခု ချက်
စားနေကျဖြစ်သည်။ သူ
ကလည်း အဆောင်ငှားနေပြီး
ကုမ္ပဏီမှာ အလုပ်လုပ်သူဆို
တော့ ရုံးဖွင့်ရက်များမှာ ဖြစ်
သလိုစားရတာ များသည်။

'ထိုင်ဦး မောင်…
အမောပြေ အအေးသောက်
မလား။ ကော်ဖီသောက်
မလား…'

'ရတယ်…လင်း
အဆင်ပြေတာလုပ်'

လင်း လိမ္မော်ရည်ဖျော်
ရင်း စဉ်းစားနေသည်။ သူ့ကို
ဘယ်လိုပြောရမလဲ။ ဘယ်လို
စကားလုံးမျိုးနှင့် ပြော
မလဲ။ အကယ်၍ လင်း ဖွင့်
ပြောလိုက်မှ သူ့ဘက်က တစ်
စုံတစ်ရာ ပြောင်းလဲသွားလျှင်
လင်း ခံနိုင်ရည်ရှိပါ့မလား

လင်း လိမ္မော်ရည်ခွက်
ကို စားပွဲပေါ် ချလိုက်သည်။

'မောင် လိမ္မော်ရည်
သောက်ဦး'

သူက ထိုင်ခုံပေါ်တွင်
သက်သောင့်သက်သာထိုင်ရင်း
လင်းကို ပြုံးကြည့်နေသည်။
သူ ပြုံးလိုက်သောအခါ
ကလေးတစ်ယောက်လို
အပြစ်ကင်းစင်သွားလေ
သည်။ သူ့၏ တည်ကြည်
လေးနက်မှု အသွင်သဏ္ဌာန်
များ ဖြုန်းခနဲ ကွာကျသွား
သလိုပေါ့။ ကျေးဇူးပြု၍
မောင့်ရဲ့အဲဒီအပြုံးတွေ
ဆက်ထိန်းထားပေးပါလား
အဲဒီအပြုံးတွေကြောင့် လင်း
သူ့ကိုပြောဖို့ ခွန်အားတွေ ရ
လာသည်။ ဒါပေမဲ့ လည်
ချောင်းထဲကို ခုန်ပေါက်တက်
လာသော စကားလုံးများ
လည်ချောင်းဝမှာ စိုးဆို



www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။ လင်း လည် ချောင်းတစ်ချက် ရှင်းရှင်း စကားစလိုက်သည်။

'မောင့်ကို ကျွန်မ ပြောစရာတစ်ခုရှိတယ်'

သူက မေးဆတ်ပြသည်။

'ကျွန်မ… ကျွန်မ…'

လင်းအသံတွေ တုန်ခင်နေသည်။ သူ့ကိုကြည့်လိုက်တော့ လင်းစကားကို စိတ်ဝင်တစား နားထောင်နေတာ တွေ့ရသည်။ ပြောလိုက်တော့မှ ကိုယ့်ကိုယ်ကို သတိပေးနေပေမဲ့ နှုတ်ဆွံ့အ နေမိသည်။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်စိတ်ကာ ပြောလိုက်တော့သည်။

'ကျွန်မမှာ… ကိုယ်ဝန်ရှိနေပြီ…'

'ဘာ…'

လင်းစကားနောက်မှာ ထပ်လျက်ပါလာသော သူ့အော်သံကြောင့် လင်း တုန်သွားပါသည်။ လင်း ဝမ်းနည်းအားငယ်လာမိသည်။ အံ့အားသင့်အများ သူ့ဘက်က ပြောင်းလဲသွားနိုင်သည်ဟု ကြိုတင်မှန်းဆခဲ့ပေမဲ့ ဒီလိုအသံကြီး အော်လိမ့်မည်ဟု လင်း မတွေးထားခဲ့တာ အမှန်ပါ။

'လင်း ကိုယ့်ကို မကျီစယ်ပါနဲ့ကွာ။ ဒီမှာလင်း ကိုယ့်မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောစမ်းပါ။ လင်း ကိုယ့်ကို နောက်နေတာပါလို့လေ'

မယုံကြည်နိုင်ခြင်းနှင့်အတူ ရုတ်ခနဲ မြင့်တက်သွားသော ဒေါသနှင့် စိတ်လှုပ်ရှားမှုကို ချက်ချင်း ထိန်းချုပ်လိုက်၍ ထင်သည်။ သူ့အသက်ရှူသံတွေ ပြင်းထန်နေခဲ့သည်။

'ကျွန်မမှာ မောင့်ကို နောက်ဖို့အတွက် အကြောင်းအရာ ဒီလောက်ကြီး မရှားပါဘူးမောင်။ ပြီးတော့ မောင် Surprise ဖြစ်ရုံ သက်သက်အတွက် လုပ်ကြံပြောနေတယ်လို့ မောင်ယူဆရင် ကျွန်မ ဝမ်းနည်းပါတယ်'

ပြီးခဲ့သည့်တစ်လက ပုံမှန်မဟုတ်သည့် ထူးခြားမှုကို လင်း သတိထားမိခဲ့ခြင်းဖြစ်သည်။ လင်းကိုယ်တိုင် စိုးရိမ်ကြောက်လန့်မှုတွေကို ဖြိုဖျက်နေရချိန်ဆိုတော့ မောင်နှင့် အခန်းဖော်သူငယ်ချင်းကို အသိမပေးရဲခဲ့။ အခုထိလည်း သူငယ်ချင်းကို မပြောခဲ့ပါ။ ဆေးဆိုင်များတွင် ကိုယ်ဝန်ရှိမရှိ မိမိကိုယ်တိုင်စစ်ဆေးနိုင်သော ကိရိယာများ ဝယ်ယူ၍ ရသည်ဟု ကြားဖူးသော်လည်း ကံဆိုးခဲ့ပြီးသော အခြေအနေတစ်ရပ်အတွက် အရှက်နှင့် ဂုဏ်သိက္ခာကို ထပ်မံ မစတေးရဲတော့ပါ။

'သေချာတယ် ညီမရဲ့၊ တစ်လတောင် ကျော်နေပြီ'

မျက်နှာသိ မဟုတ်သော ဆရာဝန်မ၏ စကားအဆုံးမှာ နက်ရှိုင်းသော ချောက်ကမ်းပါးတစ်ခုထဲ လင်း ပြုတ်ကျသွားပါတော့သည်။ လက်မထပ်ရသေးသော မိန်းမပျိုတစ်ယောက်အတွက် အလွန်ခါးသီးဖွယ်ကောင်းသော ချောက်အိပ်မက်တစ်ခုကို လင်းကိုယ်တိုင် မက်ခွင့်ကြုံရချိန်မှာ ခံနိုင်ရည်တို့ ပျောက်ကွယ်လုနီးပါး။ ဆရာဝန်မ၏ 'ညီမ အမျိုးသား ပါမလာဘူးလား'ဟု စိုးရိမ်စိတ်ဖြင့် မေးမြန်းမှုကို ဘယ်လိုဖြေခဲ့လဲဆိုတာ လင်း မမှတ်မိချင်တော့။

ယခုအချိန်မှာ သူသည် ဆံပင်ထဲ လက်ချောင်းများ ထိုးဖွကာ ရှေ့က စားပွဲကို ခပ်ငိုင်ငိုင် စူးစိုက်ကြည့်နေသည်။

'လင်း သေချာရဲ့လားကွာ။ လင်း အထင်သက်သက်တော့ မဟုတ်ပါဘူးနော်'

သူက ဖြန်းခနဲ ထလာကာ လင်းပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်းမေးလျှင် သူ၏ သန်မာသော ခွန်အားကြောင့် လင်းအသားများ နာကျင်လာပါသည်။ ဒါပေမဲ့ လင်း မက်မောစွာ ချစ်မြတ်နိုးခဲ့သော သူ့မျက်နှာကို မော့ကြည့်ရင်း ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာခြင်းကိုတော့ လင်းကိုယ်တိုင် သတိမထားမိခဲ့။

'လင်း တရားခံတစ်ယောက်ဖြစ်နေပြီလားမောင်၊ မောင်မယုံရင် လင်းစစ်ခဲ့တဲ့ ဆရာဝန်မဆီ မောင့်ကို'

'မဟုတ်ဘူး လင်း၊ ကိုယ့်စိတ်ရင်းအမှန်ကို လင်း မမြင်နိုင်ဘူးလား။ ခုကိစ္စက လင်းဘဝအတွက် အရေးကြီးသလို အများခံလို့ မဖြစ်တဲ့ ကိစ္စမို့ ကိုယ်ပြောနေရတာ'

'ကျွန်မက မှားခဲ့ပြီးတဲ့ ကာယကံရှင်ပါမောင်။ ထပ်ပြီး အများခံပုံမလား။ ပြီးတော့ ဒီကိစ္စက ကျွန်မဘဝအတွက်တင် မဟုတ်ဘူး။ မောင့်ဘဝအတွက်လည်း အရေးကြီးတယ်။ အဲဒါ မောင့်ရင်သွေးလေးဖြစ်နေလို့ပဲ'

မျက်ရည်များ ရစ်ဝဲလာချိန်မှာ လင်းကိုယ်လင်း ထိန်းမရတော့။ လင်းရှိုက်သံကို ကြားရတော့မှ သူကိုယ်သူ သတိထားမိဟန်ဖြင့် သူ့လက်များကို လွှတ်လိုက်ပါသည်။ ထို့နောက် လင်းကို သူ့ရင်ခွင်ထဲမြုပ်နေအောင် ထွေးဖက်ထားပါတော့သည်။

'ကိုယ့်ကို အထင်မလွဲပါနဲ့ကွာ။ ဘယ်လိုမှ မထင်မှတ်ထားတဲ့အချိန်မှာ ကြားလိုက်ရလို့ စိတ်အရမ်း လှုပ်ရှားသွားခဲ့တာ။ လင်းကို အရမ်း စစ်ဆေးမေးမြန်းသလိုဖြစ်သွားခဲ့ရင် ကိုယ် တောင်းပန်ပါတယ်။ လင်းကို မယုံလို့ မဟုတ်ဘူး လင်း။ အမှန်အတိုင်း ဝန်ခံရရင် ကိုယ့်အမှားရဲ့ ရလဒ်ကို ဖြန်းခနဲ လက်ခံလိုက်ရတော့ ကိုယ် တုန်လှုပ်သွားခဲ့ရတာပါ'

သူက လင်းကျောကို ပွတ်သပ်ကာ နူးညံ့တိုးတိတ်စွာပြောနေသည်။ သူ့ရင်ဘတ်တစ်ခုလုံး လင်းမျက်ရည်များဖြင့် စိုစွတ်သွားချိန်မှာ သူ့ကို ပြန်လည်ဖက်ထားမိပါသည်။

'Valentine Day (ချစ်သူများနေ့)မှာ ကိုယ်တို့ နာမည်ကြီး Hotel တစ်ခုရဲ့ အခန်းနံပါတ် ၁၄ ကို Lucky Draw တစ်ခုမှာ ပေါက်ခဲ့တာ တကယ်တော့ ကံကောင်းတာ မဟုတ်ဘဲ ကံဆိုးခြင်းရဲ့ နိဒါန်းပဲ'

သူ၏အသံတွင် နောင်တ၏ အရိပ်အငွေ့များ စွန်းထင်းနေသည်။ ဒါပေမဲ့ ဘာတတ်နိုင်တော့မှာလဲ။ သူမှားသည်ဖြစ်စေ၊ လင်းမှားသည်ဖြစ်စေ အမှားက အမှန် ဖြစ်မလာနိုင်သည်ပဲ။

'မမှားခဲ့ရင် အကောင်းဆုံးဆိုတာ ကိုယ် နားလည်ပါ

www.burmeseclassic.com

တယ်။ ဒါပေမဲ့ ဒီလောက် အကာအကွယ်တွေ၊ ခေတ်မီဆေးဝါးတွေ ပေါများတဲ့ ခေတ်ကြီးမှာ ဘာမှ ဗဟုသုတမရှိတဲ့သူတွေလို ကလေးတစ်ယောက်နဲ့ ကိုယ်တို့အိပ်မက်တွေကို လဲလှယ်လိုက်ရမယ့် အဖြစ်အတွက်တော့ ကိုယ် နောင်တရမိတယ်'

ဘုရားရေ...။

ဒီစကားတွေ ပြောနေတာ မောင်လား။ လင်း သိပ်ချစ်ရသည့်မောင်က ဒီလိုစကားမျိုးတွေ ပြောနေတာလား။

မကြာခင်က ခိုလှုံချင်စရာကောင်းအောင် နွေးထွေးခဲ့သော သူ့ရင်ခွင်သည် ယခုတော့ ရေခဲပြင်တစ်ခုလို မာကျောအေးစက်သွားသည်။ လင်းကိုပွေ့ဖက်ထားသူသည် လင်းဘယ်တုန်းကမှ မရင်းနှီးခဲ့ဖူးသော သူစိမ်းတစ်ယောက်ဖြစ်နေပါလား။ လင်း သူ့ရင်ခွင်မှ ရုန်းထွက်ကာ ဖြန်းခနဲ သူ့ကို ဆောင့်တွန်းပစ်လိုက်သည်။ ရုတ်တရက်ဆိုတော့ သူ နောက်လန်ကာ ဟန်ချက်ပျက်သွားပေမဲ့ အချိန်မီ ထိန်းလိုက်နိုင်သောကြောင့် လဲကျသွားခြင်း မရှိ။

'မောင်ပြောနေတာ ငါးတစ်ကောင်ကို သတိမရှိဘဲ စားလိုက်လို့ လည်ချောင်းအရိုးဆူးသွားတဲ့ ပုံစံမျိုးပဲ။ ငါးကို ကြိုက်နှစ်သက်ခြင်းဆိုတဲ့ ခံစားမှုမရှိဘဲနဲ့လေ။ ကျွန်မတို့နှစ်ယောက်ရဲ့ကိစ္စကို ယောကျ်ားနဲ့မိန်းမ ဖြစ်ပျက်နေကျကိစ္စတစ်ခုကို သတိမရှိဘဲ ဖြစ်ပျက်ခဲ့ကြတယ်လို့ မောင် ပြောချင်နေတာလား'

'မဟုတ်ဘူး လင်း... ကိုယ် ဆိုလိုတာက...'

'ဒီမယ်မောင်၊ အဲဒီလိုကိစ္စမျိုးကို မောင့်အနေနဲ့ အချစ်မပါဘဲ ဖြစ်ပျက်လို့ ရချင်ရနိုင်ပေမဲ့ ကျွန်မအတွက်တော့ မဖြစ်နိုင်ဘူး။ ကျွန်မ မောင့်ကို သိပ်ချစ်လို့ လိုက်လျောခဲ့တာပါ။ ဒါပေမဲ့ မောင်ပြောတဲ့ဆေးဝါးတွေ ဆိုင်မှာ ပြောဝယ်တဲ့အထိတော့ သတ္တိမရှိခဲ့တာ အမှန်ပဲ'

သူက လင်းကို မယုံနိုင်သလို ငေးကြည့်နေခဲ့သည်။ လက်ရှိအခြေအနေအတွက် စိတ်ရှုပ်ထွေးနေပုံလည်း ရသည်။ သူ့ဆံပင်များသည် ပုံစံတကျမရှိဘဲ ဖွာလန်ကြဲလျက်ရှိသည်။

'လင်း ကိုယ့်ကို အထင်လွဲနေပြီ'

သူသည် ထိုစကားကို လက်တကာကာဖြင့် ထပ်ကာထပ်ကာ ရေရွတ်လျက်ရှိသည်။ လင်းနှင့် သဘောထားကွဲလွဲရသည့်အတွက်လည်း စိတ်မကောင်းဖြစ်နေကြောင်း သူ့မျက်ဝန်းများက ဖော်ပြနေခဲ့သည်။

လင်းကိုယ်တိုင်လည်း စောစောက သူ့စကားများအပေါ် ဒေါသထိန်းမရနိုင်ဘဲ ပြန်လည်တုံ့ပြန်နေခဲ့ခြင်းကြောင့် ရင်ထဲမှာ တလှပ်လှပ်တုန်ယင်မောပန်းနေသည်။ ဒူးများပင် ညွှတ်လာသည်။

'ထိုင်ပါဦး အချစ်ရယ်၊ မင်း ခဏလောက် အနားယူဖို့သင့်နေပြီ။ ကိုယ်အအေးသွားဖျော်လိုက်ဦးမယ်'

သူက လင်းကို ညင်သာစွာ ဆွဲခေါ်၍ ထိုင်ခုံတွင် ထိုင်စေသည်။ ခဏကြာတော့ သူက လိမ္မော်ရည်တစ်ခွက် ဖျော်ယူလာပြီး လင်းကို ပေးသည်။ ထို့နောက် လင်းပါးပေါ်က မျက်ရည်များကို သူ့လက်ကိုင်ပဝါဖြင့် ညင်သာစွာ သုတ်ပေးသည်။ ဒါဟာ အရင်က မောင်ပါပဲ။ သူ၏ ကြင်နာယုယမှုများကြောင့် လင်းရင်ထဲမှာ ဝမ်းနည်းလာသည်။

သူသည် တာဝန်မယူချင်သော ယောကျ်ားတစ်ယောက်တော့ မဟုတ်ပါ။ အဲဒါတော့ သေချာသည်။ ဒါပေမဲ့ အဖြစ်မှန်ကို ရင်ဆိုင်ရာမှာ ဘာကြောင့် တုန်လှုပ်ချင်ရတာလဲ။ ဘာကြောင့် သွေးရူးသွေးတန်းဖြစ်ချင်ရတာလဲ။ ဘာကြောင့် ပြင်လို့ မရတော့တဲ့အမှားအတွက် အမှားပြင်ဆင်ချက်တစ်ခုကို မှန်းမျှော်ချင်ရတာလဲ...။

သူ ဒီလိုပုံစံ ဖြစ်သွားလိမ့်မည်ဟု လင်း မထင်ခဲ့။ စ သိသိချင်းနေ့က လင်းကိုယ်တိုင် တုန်လှုပ်ချောက်ချားသွားခဲ့တာ မငြင်းလို့။ ဒါပေမဲ့ အရာရာကို ရင်ဆိုင်ဖို့ တစ်ခါမှ မရှိဖူးသော သတ္တိတစ်ခုကို လင်း မွေးမြူခဲ့သည်။ သူနှင့် လက်မထပ်ရသေးမီ ထိုအရာက ဖုံးမရ ဖိမရဖြစ်လာပြီး လူသိရှင်ကြားဖြစ်လာခဲ့လျှင်။ အဲဒီလိုတွေးမိတိုင်း ကူကယ်ရာမဲ့ ရေနစ်သူတစ်ယောက်လို လင်းရင်ထဲမှာ နင့်နင့်သီးသီး မွန်းကျပ်လာတတ်တာ သူ မသိနိုင်ပါ။ လင်းဘက်ကစပြီး ကျွန်မကို လက်ထပ်ပါလို့တော့ သူ့ကို မတောင်းဆိုချင်။

သူသည် ဆည်းဆာ၏ နေရောင်ခြည်များ ကြဲပက်
ထားသော တရုတ်ကပ်မှန်
ပြတင်းပေါ် လက်ထောက်
လျက် လင်းကို ကျောပေး
လျက် အနေအထားဖြင့် ရှိနေ
ခဲ့သည်။ ယခုအခါမှာ တစ်ခါ
မှ မရှိခဲ့ဖူးသော အစိမ်းရောင်
တံတိုင်းတစ်ခု လင်းတို့နှစ်
ယောက်ကြား ဖြန်းခနဲ ရောက်
ရှိလာသလို လင်း ခံစားနေရ
သည်။ မရေတွက်ချင်သော
စက္ကန့်များဖြတ်သန်းပြီးနောက်
မှာ သူ လင်းရှေ့ကို ရောက်ရှိ
လာခဲ့သည်။

'လင်း စောစောက
ကိုယ်ပြောချင်တာ အစစအရာ
ရာ စရိတ်စကကြီးလွန်းတဲ့
မြို့ပြလူနေမှုစနစ်မှာ ကိုယ်တို့
ရဲ့အိပ်မက်တွေ အကောင်
အထည်မဖော်နိုင်သေးတာ
တွေးမိလို့ပါ။ လက်ထပ်ပြီး
တဲ့ သူငယ်ချင်းဇနီးမောင်နှံ
တွေတောင် ကလေးမယူကြ
သေးတဲ့အချိန်မှာ ကိုယ်တို့က
လက်မထပ်ရသေးဘဲနဲ့
ကလေးတစ်ယောက်ရလာ
တော့မယ်လေ။

'အခုလို ပြောနေတာ
ကိုယ် ခေါင်းရှောင်ချင်လို့
ကိုယ်လွတ်ရုန်းချင်လို့ မဟုတ်
ဘူး။ ကိုယ် တာဝန်
ယူရဲပါတယ်။ ကိုယ် လင်းကို
လက်ထပ်မယ်။ မဖြစ်သာတဲ့
အခြေအနေတစ်ခုကြောင့်
လက်ထပ်ခွင့်တောင်းတယ်လို့
လင်း မထင်ပါနဲ့။ ကိုယ်
လင်းကို လက်ထပ်ဖို့အ
ရည်ရွယ်ပြီး ချစ်ခဲ့တာ လင်း
သိပါတယ်။ ပြီးတော့ ကိုယ်
လင်းကို ဘယ်လောက် ချစ်
တယ်ဆိုတာလည်း လင်း
သိပါတယ်'

သူက ထိုစကား
လင်းရှေ့ဒူးထောက်ကာ ပြော



www.burmeseclassic.com

www.burmeseclassic.com

…င် လင်း သူ့ကို မကြည့် …ကတော့ပါ။ ထို့ကြောင့် …နေတာဆီ ထွက်လာခဲ့ …ည်။ သူက ရှုံးနိမ့်သူတစ် …ယောက်လို လင်းရှေ့မှာ ဒူး …ထောက်လာသည့်အတွက် …င်း ဝမ်းနည်းသည်။ သူက …ရှုံးနိမ့်သူဖြစ်လျှင် လင်းက …နိုင်ရရှိသူလား။ ဒါလည်း …ဟုတ်ပါ။ ယောကျ်ားမိန်းမ …ဆက်ဆံရေးကို ပြိုင်ပွဲတစ်ခု …လို့ လင်း မမြင်ပါ။ ဒါပေမဲ့ …ပြိုင်းနှစ်ဖက် ညီတူမျှတူ ဖြစ် …ချင်သည့်ဆန္ဒတော့ လင်း …မှာ ရှိသည်။

သူပြောသလို ဤမြို့ …ကြီးမှာ လင်းတို့ မက်ချင် …သော အိပ်မက်တွေ မက်ခွင့်ရ …ဖို့ ကိုယ်စီ ပုံဖော်နေကြဆဲ၊ …အိပ်မက်ရဲ့ အပိုင်းအစတစ်စ …ကို ဆုပ်ကိုင်နိုင်ဖို့ ကြိုးစားနေ …ကြဆဲသာဖြစ်သည်။ သူ …သည် သူ့အလုပ်တွင် မထင်မရှား အစိတ်အပိုင်းငယ်လေး တစ်ခုမျှသာဖြစ်၍ လင်းသည်လည်း လင်း၏ အလုပ်တွင် မထင်မရှား အစိတ်အပိုင်းငယ်လေး တစ်ခုမျှသာ ဖြစ်ပါသည်။ ဒါပေမဲ့ လင်းတို့နှစ်ယောက်စလုံးမှာ ငွေကြေးဖြင့် ဝယ်ယူ၍ မရသော၊ အရောင်တလက်လက် တောက်ပနေသော မျှော်လင့်ချက်ကိုယ်စီ ပိုင်ဆိုင်ထားကြသည်။ လင်းတို့ မပိုင်ဆိုင်သေးတာက အိမ်ရာတစ်ခု ပြည့်စုံစွာ ထူထောင်ဖို့ လိုအပ်သောအရာများပါ။

လင်း အောက်ကို ငုံ့ကြည့်လိုက်တော့ လူသေးသေး ကားသေးသေးလေးတွေ စီးမျောနေသော နေဝင်ချိန်လမ်းမကို တွေ့မြင်ရသည်။ လင်း ကြည့်နေစဉ်မှာပဲ လူတွေ၊ ကားတွေ တဖြည်းဖြည်း မှုန်ဝါးလာပါသည်။ အိုလင်း မျက်ရည်ကျနေ မိပြန်ပါလား။

လင်း ဘယ်လောက်ကြာ ရပ်နေမိသည် မသိ။ ခြေထောက်များ ထုံကျဉ်လာပါသည်။ နက်ပြာရောင်ကောင်းကင်တွင် ကြယ်ပွင့်လေးတွေ စတင် လင်းလက်စပြုနေပြီ။

ထိုစဉ်မှာပဲ သူက နောက်ဘက်မှနေ လင်းကို သိုင်းဖက်လိုက်ပါသည်။ ပြီးတော့ သူ့မေးစေ့ကို လင်းပခုံးပေါ် မှေးတင်ထားသည်။

'လင်း မနက်ဖြန် မနက်ကျရင် အိမ်တစ်လုံးတောင် မပိုင်သေးတဲ့ သတို့သားနဲ့ လက်ထပ်ဖို့ တရားရုံးကို လာမယ် မဟုတ်လားဟင်'

သူက သူ့စကားသူ သဘောကျဟန်ဖြင့် ခပ်ဟက်ဟက် ရယ်သည်။ ဒါပေမဲ့ သူ့ရယ်သံတွေ ခြောက်သွေ့အက်ကွဲလျက်ရှိတာ သူ သတိထားမိပုံ မပေါ်။ လင်း ခေါင်းနှင့် သူ့ပါး ပွတ်တိုက်သွားသောကြောင့် လင်း ခေါင်းညိတ်လိုက်တာ သူ သိပါလိမ့်မည်။ ထူးဆန်းတာက အဲဒီအချိန်မှာ လင်း၏မျက်ရည်တစ်စက် သူ၏ ညာဘက်လက်မောင်းပေါ် ကြွေလွင့်သွားတာပါ။

ဒါ ဘယ်သူ့အတွက် ကျသည့် မျက်ရည်စက်လဲ။ လင်းအတွက်လား၊ မောင့်အတွက်လား၊ ကလေးအတွက်လား။ ပျော်ရင်လည်း မျက်ရည်ကျတတ်ကြသည်ဟု ပြောကြသည်။ ဒါဆိုရင် လင်း ပျော်နေလို့လား၊ သေချာတာကတော့ ယခုအချိန်မှာ လင်း အနေနှင့် ဘာကိုမျှ ဝေဖန်ပိုင်းခြားနိုင်ခြင်း မရှိတာဘဲ။ ။

■

ရဲစွမ်းနေ




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မုလပထမ"

ကွန်ပျူဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်း တိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဘြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျွမ်းပြူမှုညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊ ၀၉-၇၃၀၇၇၇၃၀၊ ၀၉-၅၀၇၄၂၂၆

Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com

သံလွင်ကိုရဲ့ **လမ်း** ဟာ ကလေးမရှိတဲ့
လင်မယားက ကလေးမွေးစားပြီး
အဲဒီကလေးက အော့စ်ဝေဒနာသည် ဖြစ်နေတဲ့အခါ
အဲဒီမွေးစား မိခင်ရဲ့တုံ့ပြန်မှုကို ပရိသတ်
မြင်အောင်ရေးပြထားတဲ့ ဝတ္ထုတိုပါ

၂၀၁၄ ခုနှစ် ဇန်နဝါရီလထုတ် မဟေသီမဂ္ဂဇင်းမှာ ဖော်ပြပါရှိတဲ့ မောင်ကျော်သာ(ပဲခူး)ရဲ့ **တစ္ဆေနဲ့ အမေ** ဟာ သယံဇာတအရင်းအမြစ်တွေကို ထုတ်ယူပိုင်ဆိုင်ပြီး မတန်တဆ ချမ်းသာကြွယ်ဝနေတဲ့ ဝတ်စုံပြောင်း စစ်အရာရှိတွေအနေနဲ့ ဒီနေ့အထိ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြောင်းလဲမတက်ရဲဘဲ လူထုခေါင်းဆောင်အပေါ် မတရား ပြုလုပ်နေမှုကို တစ္ဆေတစ်ကောင်ရဲ့ ပူပန်စိုးရိမ်မှုရှုထောင့်မှ ဝေဖန်သုံးသပ်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ကိုကိုလတ်(ဆည်မြောင်း)ရဲ့ **လွမ်းရိပ်ခင်းတဲ့ မြင့်မိုရ်တောင်** ဟာ အသွင်မတူတဲ့ ဦးလေးနှစ်ယောက်ရဲ့ အထိန်းအကွပ်အောက်မှာ နေခဲ့ရတဲ့ တင်လတ်ဆိုတဲ့ လူငယ်တစ်ဦးရဲ့ ဘဝဖြတ်သန်းမှုကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ကိုကိုလတ်က စကားပြေ၊ စကားပြောကို နိုင်နိုင်နင်းနင်း ရေးဖွဲ့နိုင်ပါတယ်။ ပြီး သူ့ကို ရွှေမောင်း သဘောကျတာက အားထုတ်မှုရှိတယ်။ စာဖတ်သူအပေါ် စေတနာထား ရေးဖွဲ့တတ်ပါတယ်။ သုတကို ဝတ္ထုထဲ ထည့်တဲ့အခါမှာ သုတကတစ်လွှာ၊ ရသက တစ်လွှာ ကပ်ပြီး ကွာနေတာမျိုးမရှိဘဲ



သုတဟာ ရသထဲမှာ ရောဝင်သွားအောင် ရေးဖွဲ့နိုင်ခြင်းပါပဲ။ ဖတ်ကြည့်ပါ။ ကလေးသူငယ်ပြု
ပျိုးထောင်ရေးကို ရေးဖွဲ့ထားတဲ့ ဝတ္ထုပါ။

ကိုကြည်နိုင်ရဲ့ **တကယ်လေတိုက်ရင်၊ တကယ်လည်တယ်** ဟာ ခေတ်ရဲ့အပြောင်းအလဲ အတူပါလာတဲ့ ဆိုးကျိုးတွေကို ပြောပြထားတဲ့ အက်ဆေးတစ်ပုဒ်ပါ။ တောမြို့လေးတစ်မြို့ တိုးတက်မှုခေါင်းစဉ်အောက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွေ ဆုံးရှုံး၊ ရိုးသားမှု ပျောက်ကွယ်၊ လွတ်လပ်မှုတွေ လျော့နည်းလာခဲ့လို့ အရင်တုန်းက မြို့ကလေးကို လွမ်း အကြောင်း စကြာလေးတွေ ချိုးရောင်းတဲ့ အဘိုးအိုကိုသင်္ကေတထားပြီး ရေးဖွဲ့ထားပါတ စာရေးသူ ကိုကြည်နိုင်ကို တစ်ခုပြောချင်တာက မြန်မာစာပေလောကမှာ 'အက်ဆေး ကြည်နိုင် တောင် တင်စားခေါ်ဝေါ်ကြတဲ့ အက်ဆေးဆရာ 'ကြည်နိုင်' ဆိုတာ ရှိနေပြီးသားမို့ ဖြစ်နိုင် 'ကိုကြည်နိုင်' ဆိုတဲ့ ကလောင်နာမည်အစား တခြားကလောင်တစ်ခုခုကို သုံးစွဲရင် ထင်ယော



www.burmeseclassic.com

www.burmeseclassic.com




မင်္ဂလာရွှေမောင်း

graphic design by aung kyaw

…င်မှား မရှိတော့ဘူးပေါ့။ ကလောင်နာမည်ကို ကိုယ်ကြိုက်ရာ …ိုယ်ရွေးချယ်ခွင့်ရှိပါတယ်။ ဒါပေမဲ့ စာပေလောကမှာ နာမည် …ိုး အခြေတကျရှိနေပြီဖြစ်တဲ့ ကလောင်ဟောင်းတွေနဲ့ နာမည် …င်တူ ယူတာမျိုးကိုတော့ ဆင်ခြင်နိုင်ရင်ပိုပြီး ကောင်းလိမ့်မယ်။

*၂၀၁၄ ဇန်နဝါရီ မဟေသီ*

❑

ဒီလ မြူတီ Cover Theme က ထွန်းဝင်းငြိမ်းရဲ့ **လူငယ်နဲ့ …ာ်လင့်ချက်** ပါ။ ထွန်းဝင်းငြိမ်းက သူ့ဆောင်းပါးကို ခေါင်း …ိုငယ်ခြောက်ခုနဲ့ ခွဲခြားတင်ပြထားပါတယ်။ ဒီနေ့ မြန်မာနိုင်ငံရဲ့ …ခြေအနေမှန်ကို မခြွင်းမချန် တင်ပြထားပါတယ်။

ပါမောက္ခ ဦးညိုမောင်ရဲ့ ' ကိုယ်တိုင်သင်ယူနေတဲ့ အရွယ်ဟာ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆောင်းပါးတစ်ပုဒ်ပါ။ ကလေးပညာရေး ပညာရှင် မာရီယာမွန်တက်ဆိုရီရဲ့ အဆိုအမိန့်များကို ကိုးကားပြီး မိဘအုပ်ထိန်းသူတွေ သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို ပြောပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ မိဘအုပ်ထိန်းသူတိုင်း ဖတ်သင့်၊ မှတ်သင့်၊ ကူးယူထားသင့်တဲ့ အကြောင်းအရာ ' လို့ ဆိုချင်ပါတယ်။

ကောင်းကင်ပြာရဲ့ **အိမ်ရှင်ကို ဧည့်မောင်း** ဟာ သစ်ခွဲပြီး လွှဲဆွဲကြတဲ့ သစ်လုပ်သားတွေနဲ့ လွှတောင်ရဲ့အကြား ပဋိပက္ခကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ကောင်းကင်ပြာဟာ သစ်…

www.burmeseclassic.com

ဆွဲသူတွေရဲ့ ဘဝကို အပီအပြင် ရေးဖွဲ့နိုင်ခဲ့ပါတယ်။

မင်းဝေဟင်ရဲ့ **မြင်းမိုရ်နှစ်စင်း**ဟာ မိခင်မေတ္တာဖွဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ မင်းဝေဟင်ဟာ စိတ်မူမမှန်တဲ့ မိခင်တစ်ဦးကို ဖန်ဆင်းပြီး မိခင်နှစ်ယောက်ကို စာဖတ်သူမြင်အောင် ရေးပြထားပါတယ်။ ဖတ်ကြည့်ပါဦး။

ဒီလ မြူတီကဗျာတွေထဲက မောင်ကြူးရင့်ရဲ့ **မန္တလေး**နဲ့ မင်းချမ်းမွန်ရဲ့ **ရန်ကုန်ကဘယ်လိုကောင်လဲ** ကို ညွှန်းလိုက်ပါတယ်။

*၂၀၁၄ ဇန်နဝါရီလ မြူတီ*

❑

ဒီလ ရုပ်ရှင်တေးကဗျာမှာပါတဲ့ ထက်မြက်ရဲ့ **ဆရာဒဂုန်တာရာ၏ နိုင်ငံရေးရပ်တည်ချက်**ဟာ ဆရာ ဒဂုန်တာရာရဲ့ နိုင်ငံရေးယုံကြည်ချက်ကို သမိုင်းဖြတ်သန်းမှုများနဲ့ ရေးသားတင်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ဆရာဟာ မာ့က်ခ်လီနင်ဝါဒကို ယုံကြည်တယ်။ စာပေနဲ့ပြည်သူကို အကျိုးပြုရမယ်လို့ လက်ခံထားတယ်။ စစ်ဗိုလ်ချုပ်တွေပေးတဲ့ နိုင်ငံ့ဂုဏ်ရည်ဆုကို လက်မခံ။ ဦးနေဝင်းကိုသော်မှ ပြောစရာရှိရင် ရဲရဲဝံ့ဝံ့ ရိုးရိုးသားသား ပြောတတ်သူတစ်ဦးဖြစ်ကြောင်း ဆရာထက်မြက်က ရေးသားတင်ပြထားပါတယ်။ မြန်မာစာပေလောကမှာ စာပေသစ်ကို ဖော်ထုတ်တင်ပြခဲ့တဲ့ စာရေးဆရာကြီးတစ်ဦးဖြစ်တဲ့အပြင် သူယုံကြည်ရာကို ပြတ်ပြတ်သားသား ပြုလုပ်သွားတဲ့ စာရေးဆရာတစ်ဦးဖြစ်လို့

ရွှေမောင်းကြိုက်တဲ့
ဝတ္ထုလေးကတော့
လင်းယဉ်နွဲ့
(မြို့သစ်ကလေး)ရဲ့
**မြောက်ပြန်လေများ**
**အေးပါစေပါ။**
ကချင်ပြည်နယ်
စစ်ပွဲအတွက်
ထောင်ထားတဲ့
မြေမြှုပ်မိုင်းကို
တက်နင်းမိပြီး
သေသွားတဲ့
ကလေး
နှစ်ယောက်ရဲ့
အသုဘကို
ပုံဖော်ရက်ဖွဲ့
ထားတဲ့
ဝတ္ထုကလေးပါ

စာပေနယ်ကလူတွေအားလုံး ချစ်ခင်လေးစား မြတ်နိုးခဲ့ကြပါတယ်။ ဖတ်ကြည့်ပါဦး။

ဒီလ ရုပ်ရှင်တေးကဗျာ စင်တင်ပွင့်သစ် ဝတ္ထုတိုက နှင်းအဥ္စလီရဲ့ **ဘယ်သောခါမှ**ဟာ ဖခင်တစ်ဦးရဲ့အခန်းကဏ္ဍ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို စာစီစာကုံးတစ်ပုဒ်ကိုရေးသလို ရိုးရိုးလေး ရေးပြထားတဲ့ ဝတ္ထုတို တစ်ပုဒ်ပါ။ ၂၇. ၉. ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးနေ့မှာ ကျောင်းသားတွေ စာမေးပွဲဖြေရတယ်။ စာမေးပွဲဖြေနေစဉ် အဓိကရုဏ်းဖြစ်လို့ ဖခင်က သမီးဆီကိုအလာ 'စွမ်းအားရှင်' ဆိုတဲ့ စစ်အာဏာရှင်ရဲ့လက်ကိုင်တုတ်တွေက ရိုက်နှက်ဖမ်းဆီးပြီး ထောင်ထဲရောက်ခဲ့ရပါတယ်။ ထောင်ထဲမှာသေသွားတဲ့ အဖေကို သမီးဖြစ်သူက တမ်းတရေးဖွဲ့ထားတဲ့ ဝတ္ထုတိုလေးပါ။ အရေးအဖွဲ့ရိုးပေမဲ့ အဖြစ်အပျက်ကို ပုံဖော်နိုင်ပါတယ်။

မိုးသစ်ဝေရဲ့ **ကောင်းကင်ကြီးကို တရားစွဲလိုက်ချင်တယ်**ကို ညွှန်းချင်ပါတယ်။ 'ကောင်းကင်ဟာ ကောင်းကင်ဖြစ်လျက်နဲ့ ကောင်းကင်လို မကျင့်ကြံခဲ့တဲ့ ပြစ်မှုအတွက် ကောင်းကင်ကြီးကို တရားစွဲလိုက်ချင်တယ်' တဲ့။

ရွှေမောင်းညွှန်းချင်တဲ့ နောက်ကဗျာတစ်ပုဒ်က အောင်ရဲ(၁)ရဲ့ **ယူဆွတ်ခ်ဗိုင်ရဲ့ကဗျာ**ပါ။ မာလာလာယူဆွတ်ခ်ဗိုင်ရဲ့အကြောင်းကို သီကုံးထားတာပါ။ 'မင်းနိုင်ငံရဲ့ ဂုဏ်ကျက်သရေအတွက်၊ ပစ္စက္ခကမ္ဘာကြီးရဲ့ ဂုဏ်ကျက်သရေအတွက် မင်းအသက်မင်းအရွယ်နဲ့ မင်းခေါင်းထဲကို ကျည်တစ်တောင့် ပစ်သွင်းခံပြီး မင်းရေးလိုက်တဲ့ ကဗျာက လှလွန်း၊ မြလွန်းလှချည်ရဲ့' တဲ့။

*၂၀၁၄ ဇန်နဝါရီ ရုပ်ရှင်တေးကဗျာ*

❑

ဒီလ ရတီ ဝတ္ထုတိုတွေထဲက ညိုရင့်ရဲ့ **ရှက်မဲ့လှေ**ကို ညွှန်းချင်ပါတယ်။ စာအုပ်ချုပ်လုပ်ငန်းက အလုပ်သမလေးနွဲ့ရီရဲ့ နှလုံးသားကို ပုံဖော်ရက်ဖွဲ့ပြထားတဲ့ ဝတ္ထုတိုလေးပါ။ ညိုရင့်ဟာ သာမန်လူတွေ မသိနိုင်တဲ့ စာအုပ်ချုပ်လုပ်ငန်းတစ်ခုထဲမှာ သူ့ဇာတ်ကောင်တွေကို 'ချ' ပြီး ဇာတ်ကောင်တွေရဲ့ တုံ့ပြန်မှုတွေနဲ့ သူ့ဝတ္ထုကို အလှဆင်ပြသွားပါတယ်။ တကယ့် ဘဝထဲက တကယ့်လူတွေကို ဇာတ်ကောင်လုပ်ရေးဖွဲ့ထားလို့လည်း သူ့ဝတ္ထုက လင်းလက်နေပါတယ်။ ဖတ်ကြည့်ပါ။ အလုပ်အကိုင် အခွင့်အလမ်းနည်းတဲ့ ဒီလူ့အဖွဲ့အစည်းထဲက မိန်းမပျိုလေးတွေ ဘာ ကြောင့် စင်တင်တေးဂီတတို့ KTV တို့ကိုရောက်ရသလဲ ဆိုတာကို သိလာပါလိမ့်မယ်။

*၂၀၁၄ ဇန်နဝါ ရတီ*

❑

ဒီလ Look မှာ ဖော် ထားတဲ့ ဒေါက်တာ ခင်ဝင်း ကြူရဲ့ **ဂုဏ်အယူရဆုံး ခွဲစိတ်** မှုဟာ ၁၉. ၉. ၂၀၀၃ နေ့ အာရှတော်ဝင်ဆေးရုံမှာ ဒေါ် အောင်ဆန်းစုကြည်ကို ကိုယ် တိုင်ခွဲစိတ်ပေးခဲ့တဲ့ ခွဲစိတ် ကို ပြန်လည်ရေးသားထား ဆောင်းပါးပါ။ စာရေးသူ ဒေါ်အောင်ဆန်းစုကြည် အနီးကပ် တွေ့ကြုံရတဲ့အ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြန်မှု၊ စိတ်ထား၊ သည်းခံ မှု၊ ရဲရင့်တည်ကြည်မှုတွေ သူကိုယ်တိုင် ခံစားသိမြင် လို့ လေးစားကြောင်း ဆောင်းပါးမှာ ဖော်ပြထား တယ်။ ဖတ်ကြည့် ဒေါ်အောင်ဆန်းစုကြည် ဘဝနေဟန် တစ်စိတ် ပိုင်းကို ဖော်ပြထားပါတ

သတိုးဆွေရဲ့ သူ **ဆိုက်ကားသမား ရှား** လို့ဟာ စိတ်သဉ်ကျေ အလွန်မြင့်မားတဲ့ အသ



www.burmeseclassic.com

www.burmeseclassic.com

...ကျော် အဘိုးအိုကြီးတစ်...ဆိုက်ကားနင်းပြီး ရလာ...နဲ့ ပညာသင်ကြားရေး... ထောက်ပံ့လှူဒါန်းပုံကို...ထားတဲ့ ဆောင်းပါး... အဘိုးအိုရဲ့နာမည်က...ဖန်လီ (Baifang Li)ပါ။...သင်နိုင်တဲ့ ကျောင်းသား... ကျော်ကို ပညာသင်...အောင် ငွေကြေးထောက်...ပါတယ်။ ချမ်းသာလို့...တ်ပါဘူး။ အသက်ကြီးမှ...ကားနင်းပြီး ရတာကို... ထောက်ပံ့ခဲ့တာပါ။ စုစု... မြန်မာငွေ သိန်း ၅၆၀...ရှိပါတယ်။ ဖတ်ကြည့်... အဘိုးအိုရဲ့စိတ်အလှကို...တွေ့ခံစားရမှာပါ။

*၂၀၀၄ ဖေဖော်ဝါရီ*

*Look*

❑

ဒီလ ရနံ့သစ်မှာပါတဲ့...နိုင်ရဲ့ **လေးပွင့်ဆိုင်**...ဟာ ဒေါ်အောင်ဆန်း...ည်၊ ဦးသိန်းစိန်၊ သူရ...မန်းနဲ့ ဗိုလ်ချုပ်မှူးကြီး...အောင်လှိုင်တို့ လေးပွင့်...တွေ့ဆုံညှိနှိုင်းမှုတစ်ခု...ခဲ့ရင် နောင်ဖြစ်လာမယ့်...ရေးအလားအလာကို သုံး...ပြထားတဲ့ ဆောင်းပါးတစ်...ပါ။ လက်ရှိနိုင်ငံရေးအခြေ...အရ အလွန်အရေးပါတဲ့...သပ်မှုလို့ဆိုချင်ပါတယ်။

တက္ကသိုလ်ပြုပြင်...ပြောင်းလဲရေးအတွက် ဆရာ...က်တာ ညီညီက လစဉ်...သားလာခဲ့တာ ဒီလဆိုရင်...တ် ၁၀ ရောက်နေပါပြီ။... ရေးသားတဲ့ အကြောင်း...က **လေ့လာသင်ကြား**... **လိုနေသေးသော ပညာရပ်**...ပါ။ ဆရာက သူ့ဆောင်းပါးမှာ လိုနေတဲ့ ကောလိပ်၊ သိပ္ပံတွေနဲ့ အတတ်ပညာတွေကို ထောက်ပြ၊ ပြောပြထားပါတယ်။ ပညာလူ့အဖွဲ့အစည်းတစ်ခုဖြစ်မြောက်အောင်မြင်လာရေးအတွက် အထောက်အကူပြုထားတဲ့ ပညာရှင်ဆောင်းပါးတစ်ပုဒ်ဖြစ်နေလို့ ပညာရေးအပြောင်းအလဲ လုပ်မယ့်သူတွေဖတ်ဖို့၊ မှတ်ဖို့အမှန်အရေးကြီးပါတယ်။

ဒေါက်တာ သာလှရဲ့ **ကျွန်တော်မှတ်မိသမျှ**ဟာ မဆလ၊ နဝတ ခေတ်နှစ်ခေတ်မှာ စစ်အာဏာရှင်တွေရဲ့တပည့် ထောက်လှမ်းရေးတွေက သူတို့အပေါ် နှိပ်စက်ခဲ့ပုံကို ဖော်ထုတ်ဖွင့်ချပြထားတဲ့ သမိုင်းဖြစ်ရပ်မှန် ဆောင်းပါးတစ်ပုဒ်ပါ။ သမိုင်းဆိုတာ ဖုံးကွယ်ဖျောက်ဖျက်ပစ်လို့ မရဘူးဆိုတာကို သူတို့ သိခဲ့ကြပုံမပေါ်။ ခုတော့ အဖြစ်မှန်တွေကိုခံရသူတွေက ပြန်လည်ဖော်ထုတ် ဖွင့်ချကြပြီမို့ ဖတ်ရပ်တွေ ကြွားကြွားပေါ်ကုန်လာပါပြီ။

**မြသွေးနီရဲ့ အရွေ့ကို ဖတ်ရသူတိုင်း မိသားစုဘဝ မြန်မာ့ရိုးရာ ကစားပွဲ စည်းလုံး ညီညွတ်မှု ကြီးသူက ငယ်သူအပေါ် ထားရမယ့် သဘောထား ခွင့်လွှတ်မှု နားလည်မှု ချစ်ကြည် ရင်းနှီးမှုတွေကို ခံစားရမှာပါ**

*၂၀၀၄ ဖေဖော်ဝါရီ*
*ရနံ့သစ်*

❑

၂၀၀၄ ခုနှစ်နဲ့အတူ စာပေနဲ့ အနုပညာမဂ္ဂဇင်းဖြစ်တဲ့ စုံနံ့သာမဂ္ဂဇင်း ထွက်လာခဲ့တယ်။ တခြား မဂ္ဂဇင်းတွေမှာ ပါနေကျ ကဗျာတွေအပြင် 'ပြဇာတ်၊ ရုပ်ရှင်၊ ဂီတ' တွေကအစ အစုံအလင် ဖတ်ရှုရလို့ စုံနံ့သာကို ကြိုဆိုလိုက်ပါတယ်။ သက်ရှည်ကျန်းမာ လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းပေးမိပါတယ်။

ကဗျာကဏ္ဍထဲက ပထမဦးဆုံး ညွှန်းချင်တဲ့ ကဗျာက အိမ့်နွဲ့ရဲ့ **မျက်နှာကိုမော်လိုက်ပါ…အဘိုး**ပါ။ 'တကယ်ဆို သူရဲကောင်းတွေ မြေဩဇာဖြစ်တဲ့ စစ်တလင်းကနေ သူတို့တစ်တွေ ပဒေသာပင်ပေါက်ခဲ့တာပါ အဘိုး။ ဆင်တွေတောင် ဘိသိက်ခံခွင့်ရတဲ့ ခေတ်စနစ်မျိုးမှာ အဘိုးတို့စာမျက်နှာတွေက အဆုတ်ဖြဲခံဖြစ်သွားခဲ့ကြတယ်။ လက်ကျန်မျက်လုံးတစ်ဖက်နဲ့ ကိုယ့်သမိုင်းကို ရဲရဲပြန်ကြည့်ဖို့ မျက်နှာကို မော်လိုက်ပါတော့ အဘိုး' တဲ့။

နတ်ရဲ(ရူပဗေဒ)ရဲ့ **ဒြပ်မဲ့အက်ကြောင်းများ**ဟာ ကလေးသူငယ်များနဲ့ သူတို့ရဲ့ပညာရေးဘဝတွေကို ပုံဖော်ရေးဖွဲ့ပြထားတဲ့ဝတ္ထုတိုပါ။ သူ့ဝတ္ထုမှာဆုရလာတဲ့ ကိုယ့်သားသမီးအပေါ် တုံ့ပြန်တဲ့ မိဘသုံးမျိုးသုံးစားကို ဖော်ပြထားပါတယ်။ ပထမမိဘက ဒုတိယဆုရတာကို ပထမဆု မရဘူးလားဆိုပြီး မကျေနပ်တဲ့ သတိုးသူရရဲ့ အဖေနဲ့ အမေ၊ ဒုတိယမိဘက ပထမဆုရလာတာကိုတောင်မှ 'နှင့်ပထမဆုက ဘာသုံးစားလို့ ရလဲ၊ ကျောင်းထွက်ဖို့ပြင်ထား' လို့ ပြောလိုက်တဲ့ မိလုံးရဲ့မိဘ။ တတိယမိဘကတော့ တတိယဆုရလာတာကို အသိအမှတ်ပြု အားပေးချီးမြှောက်တဲ့ ပူစူးမရဲ့မိဘ။ အဲဒီမိဘသုံးမျိုးသုံးစားကို ဖော်ပြပြီးမှ နတ်ရဲက သူ့ဝတ္ထုကို ဆုပေးပွဲနဲ့အဆုံးသတ်ရေးဖွဲ့ထားပါတယ်။ အနာဂတ်ကို မျက်နှာမူထားတဲ့ဝတ္ထုတိုကလေးပါ။ ဖတ်ကြည့်ပါဦး။

မောင်လွင်မွန်(ကသာ)ရဲ့ **ယစ်မူးတောအုပ်အိုမှ မူးယစ်သစ်သီးချို**ဟာ စစ်အာဏာရှင်ခေတ်တုန်းက လူတွေဟာ မကျေနပ်မှုကို မပြောဝံ့ကြပါဘူး။ ဒါပေမဲ့ အဲဒီခေတ်တုန်းက အထွေထွေမကျေနပ်မှုတွေကို အမူးသမားယောင်ဆောင်ပြီး ဘတ်စ်ကားပေါ်မှာ ပြောသွားတဲ့တပ်ကြပ်ကြီး စာရေးတစ်ယောက်အကြောင်းပါ။ ဆရာမောင်လွင်မွန်က သူ့ဝတ္ထုရဲ့နိဂုံးမှာတော့ 'အစ်ကိုကြီးရေ၊ အခုတော့ မူးချင်ယောင်လည်း မဆောင်၊ အရပ်သားယောင်လည်း မဆောင်ရဘဲ ကိုယ့်စိတ်ထဲ ရှိတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်စွာရင်ဖွင့်ခွင့်ကို အများနည်းတူရသွားလောက်ပြီ ထင်ပါရဲ့ဗျာ' လို့ပြောပြီး နိဂုံးချုပ်ထားပါတယ်။ စာရေးသူပေးလိုက်တဲ့ Message ကို ရကောင်းပါရဲ့။

*၂၀၁၄ ဇန်နဝါရီ*
*စုံနံ့သာ*

❑

ဒီလ ရွှေအမြုတေ၊ ရွှေအသစ်ကဏ္ဍမှာ ဝတ္ထုတိုနှစ်ပုဒ် ဖော်ပြပေးပါတယ်။ တစ်ပုဒ်က သံလွင်ကို(မော်လမြိုင်)ရဲ့ **လမ်း** ဖြစ်ပြီး နောက်တစ်ပုဒ်က လင်းယဉ်(မြို့သစ်ကလေး)ရဲ့**မြောက်ပြန်လေများ အေးစေသား** ဖြစ်ပါတယ်။ သံလွင်ကိုရဲ့ **လမ်း** ဟာ ကလေးမရှိတဲ့ လင်မယားက ကလေးမွေးစားပြီး အဲဒီကလေးက အော့ဝ်ဇဝေဒနာသည် ဖြစ်နေတဲ့အခါ အဲဒီမွေးစားမိခင်ရဲ့ တုံ့ပြန်မှုကို ပရိသတ်မြင်အောင်ရေးပြထားတဲ့ ဝတ္ထုတိုပါ။ ရွှေမောင်းကြိုက်တဲ့ ဝတ္ထုလေးကတော့လင်းယဉ်နဲ့ (မြို့သစ်ကလေး)ရဲ့ **မြောက်ပြန်လေများ အေးစေသား** ပါ။ ကချင်ပြည်နယ်စစ်ပွဲအတွက် ထောင်ထားတဲ့ မြေမြှုပ်ဗုံးကို တက်နင်းမိပြီး သေသွားတဲ့ ကလေးနှစ်ယောက်ရဲ့အသုဘကို ပုံဖော်ရက်ဖွဲ့ထားတဲ့ ဝတ္ထုကလေးပါ။ လင်းယဉ်နဲ့ဟာ သူ့ဝတ္ထုမှာခေတ်ပြိုင်ခံစားမှုကို ရေးဖွဲ့ပြနိုင်ပါတယ်။ 'အရောင်စုံလက်များစွာတို့က ပြည်နယ်ရင်အတွင်းမှ အဆီအနှစ်တို့ကို သူ့ထက်ငါ အရင်အလုအယက် နှိုက်ယူသွားကြပြီး ကလီစာတွေ ကုန်လုနီးနေသည့် ရင်ဘတ်ဟောင်းလောင်းအတွင်းမှ လက်လုပ်

## မျက်နှာဖုံး တပ်သူများကို လင်းစက်နွယ်ဟာ အက်ဆေး တစ်ပုဒ် ရေးသလို စာဖတ်သူကို ရေးဖွဲ့ပြောပြ ထားပါတယ် စာဖတ်သူဟာ သူခေါ်ဆောင်ရာ နောက်ကို လိုက်ပြီး သူပြောပြသမျှကို နားထောင် နေရတယ် သူအပြော ကောင်းလို့လည်း ပြီးလို့ပြီး သွားမှန်းတောင် မသိခဲ့ပါဘူး

မှ ပါးစပ်လှုပ်ခွင့်ရသည့် လူနေမှုအဆင့်အတန်း၊ တစ်ဟုန်ထိုးတက်လာသည့် ကုန်ဈေးနှုန်း၊ ဘက်ပေါင်းစုံဆိုးဝါး နိမ့်ကျမှုတွေနှင့်ရုန်းရင်း ဆန့်ခတ်နပန်းလုံးရင်း ခက်ခဲစွာရှင်သန်နေရသည့်ဘဝတို့'

တောင်ယာကို စပါးရိတ်သွားတဲ့ ကလေးနှစ်ယောက် မိုင်းမိသေဆုံးသွားရပုံကို ရင်နင့်စရာ ရေးဖွဲ့တင်ပြထားတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ ဖတ်ကြည့်ပါဦး။

ဒီလ ရွှေဝတ္ထုတွေထဲက ပထမဦးဆုံးညွှန်းချင်တာက မြသွေးနီရဲ့ **အရွေ့**ပါ။ ဒီဝတ္ထုတိုလေးဟာ ခေတ်နှစ်ခေတ်ကလေးတွေ 'ကစားခြင်း' ကို နှိုင်းယှဉ်ရေးပြထားတဲ့ ဝတ္ထုပါ။ ဇာတ်ကြောင်းပြောသူအဖြစ် လမင်းကိုထားပြီး လမင်း ငယ်ငယ်တုန်းက ခြံထဲမှာ ညီအစ်ကို မောင်နှမတွေ ကစားခဲ့ကြပုံကို စာဖတ်သူ မြင်လာအောင် ပုံဖော်ရက်ဖွဲ့ပြပြီးမှ လမင်းရဲ့သား (မျိုးဆက်တစ်ခုအကွာ)တို့ ခေတ်မှာ ကစားပုံကိုလည်း သူက ရေးဖွဲ့ပြတယ်။ ကလေးသူငယ် ပြုစုပျိုးထောင်ရေးကို ခေတ်ရဲ့ အပြောင်းအလဲတွေနဲ့ ပုံဖော်ပြပြီးမှမြသွေးနီက သူတို့ခေတ်၊ သူတို့တစ်တွေ ခြံကြီးထဲမှာ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်၊ ကြည်ကြည်နူးနူးကစားခဲ့ကြပုံတွေကို အခုသူ့သား၊ တူလေးတွေကို ပြလိုက်ချင်စမ်းပါရဲ့လို့ သူ့ဝတ္ထုကို နိဂုံးချုပ်ထားပါတယ်။ ဖတ်ကြည့်ပါ။ မြသွေးနီဘယ်လောက်ထက်ထိ ဝတ္ထုရေးကောင်းတယ်ဆိုတာ ဒီဝတ္ထုလေးမှာတွေ့ရမှာပါ။ ရွှေမောင်းပြောရဲတာတစ်ခုရှိပါတယ်။ မြသွေးနီရဲ့ **အရွေ့**ကို ဖတ်ရသူတိုင်း မိသားစုဘဝ၊ မြန်မာ့ရိုးရာကစားပွဲ၊ စည်းလုံးညီညွတ်မှု၊ ကြီးသူကငယ်သူအပေါ်ထားရမယ့် သဘောထား၊ ခွင့်လွှတ်မှု၊ နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုတွေကို ခံစားရမှာပါ။ 'လမင်းရွှေစင်အငြိမ့်ကပွဲ' ကို ရေးပြပုံကလေးက သူ့မှာဝတ္ထုအနုပညာ ဘယ်လောက်ရှိတယ်ဆိုတာ ဖွင့်ပြလိုက်သလိုပါပဲ။

လင်းစက်နွယ်ရဲ့ **မျက်နှာဖုံးတပ်သူများကို** ညွှန်းချင်ပါတယ်။ **မျက်နှာဖုံးတပ်သူ** **များကို** လင်းစက်နွယ်ဟာ အက်ဆေးတစ်ပုဒ်ရေးသ စာဖတ်သူကိုရေးဖွဲ့ပြောပြထား ပါတယ်။ စာဖတ်သူဟာ ခေါ်ဆောင်ရာနောက်ကို လို ပြီး သူပြောပြသမျှကို န ထောင်နေရတယ်။ သူအပြ ကောင်းလို့လည်း ပြီးလို့ သွားမှန်းတောင် မသိခဲ့ပါဘူ စာပေပညာရှင်တွေရဲ့အ အမိန့်တစ်ခုကို သွားသတိ တယ်။ 'စိတ်မပြောင်းခ စိတ်မညောင်းခင်' နိဂုံးချု နိုင်ဖို့လိုတယ်တဲ့။ လင်းစ နွယ်က စာဖတ်သူစိတ်မပြော ခင်၊ စိတ်မညောင်းခင် သူ့ဝ ကို နိဂုံးချုပ်နိုင်ခဲ့ပါတယ် ဖတ်ကြည့်ပါ။ နိမိတ်ပုံနဲ့ ဖွဲ့ထားပြီး သူပေးထား Message လေးကလှပါတယ် သူ့ဝတ္ထုထဲက Plot လေးတ ခုကတော့ 'သမ္မတမျက်နှာ ရှိလားဗျ' လို့မေးတဲ့ Plot ပါ။ ဖတ်ကြည့်ပါဦး။

ဒီလ ရွှေအမြုတေ ဝ ရှည်(စ-ဆုံး)ထဲက မင်း ဟင်ရဲ့ **သတ္တယ်ကျွန်းသာ** ညွှန်းချင်ပါတယ်။ အ လူထွက် ဘိုးလေးထွန်းအ အတ္တကို ပုံဖော်ရက်လုပ်ထ တဲ့ ဝတ္ထုရှည်တစ်ပုဒ်ဖြစ် တယ်။ မင်းဝေဟင်ဟာ ဝတ္ထုကို သူ့အတတ်ပညာ ရက်လုပ်ပုံဖော်ထားပါတယ အဲဒီမှာအလွန်ချစ်စရာကော တဲ့ ရွာလေးကိုအောက်ခံအ ရေးခြယ်ပြီးပရိသတ်ကို အ ပေးရေးဖွဲ့ခဲ့ပါတယ်။

*၂၀၁၄ ဇန်နဝ*
*ရွှေအမြ*

'မင်္ဂလာရွှေမောင်



www.burmeseclassic.com

www.burmeseclassic.com





**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ယင်းကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမှုအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမှုအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**



အမှုအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ မိမိစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါကာဗ္ဗ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြက်နသူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**



ညွှန်ကြား သရုပ်ပြများ၊ စိမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် ပြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ၊ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



**ထေရဝါဒရှုထောင့် - မင်းနန္ဒ(ဖော်ကျွန်း)**

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သိလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**



အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကောသီ၊ ဥတ္တရာနှင့် သိရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

**အလင်းသစ်**
အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။

ထွက်ပြီ

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com

# မြစ်လက်တက်များ

# မျှား



၁။

တရုတ်တစ်ယောက်
ကောင်းဖို့ရောက်မှ ငါတို့မြန်မာ
ပျက်လင့်ကာသာ ဓမ္မတာတည်း။

❑

၂။

ဆေးသားများ ပျက်ပြယ်
ကွာလွင့်စပြုပြီဖြစ်သော
အခန်းနံရံပေါ်မှ ထိုစာသားလေးအား
စတင်မြင်တွေ့လိုက်ရသည့်အချိန်မှာ
မလေးရှားမြေသို့ ရောက်ရှိပြီး
နှစ်ရက်အကြာမှာပဲ ဖြစ်၏။
ကျွန်တော့်အား ကွာလာလမ်ပူမှ
ဂျိုဟိုးဘာရူးအထိ
ကားဖြင့်လိုက်ပို့ပေးသော
အေးဂျင့်ဖြစ်သူ တရုတ်က
ထိုအခန်းထဲတွင် ကျွန်တော်နေရမည်ဟု
လက်ဟန်ခြေဟန်နှင့် ပြောဆိုကာ
ထားပစ်ခဲ့သည့်နေ့လည်း ဖြစ်သည်။
ပေနှစ်ဆယ်ပတ်လည်အခန်းထဲ၌
အထပ်နှစ်ထပ်စီပါသော
ခုတင်နှစ်လုံးအား
ဘေးတစ်ဖက်တစ်ချက်တွင်
ကပ်လျက်သား တွေ့ရသည်။
ထိုခုတင်များပေါ်တွင်
အိပ်ရာအခင်းအယောင်နှင့်
တူသည်ဆို၍
ဟောင်းနွမ်းညစ်ပေနေပြီဖြစ်သော
ခေါင်းအုံးများသာရှိသည်။
ခုတင်တစ်လုံးတွင် အထပ်နှစ်ခုစလုံး
အဝတ်အထည်များနှင့် ပွနေသဖြင့်
လူနှစ်ယောက် ရှိနေလိမ့်မည်ဟု
အကြမ်းဖျင်း မှတ်ယူလိုက်မိသည်။
ကျန်ခုတင်တစ်လုံးတွင်မတော့
အပေါ်ထပ်တွင် ဆန်အိတ်၊ ဆီဘူး၊
ကြက်သွန်နှင့်ဆား၊ ငါးပိတို့အား



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တင်ထားပြီး အဝတ်အစားများကိုတော့ အောက်ထပ်၌သာ တွေ့ရသည်။ ထိုခုတင်ခြေရင်းတွင်ပင် ခရီးဆောင်အိတ်ကို ပစ်ချကာ ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်မိတော့သည်။

ထိုအချိန်တွင်မှ အထက်ပါ စာသားလေးအား ကျွန်တော်နှင့်တူရူဆီမှ ဆန့်ကျင်ဘက် ခုတင်၏ဘေးဘက်နံရံ၌တွေ့လိုက်ရခြင်းဖြစ်သည်။ ထိုစာသားလေးအား စိတ်ထဲမှ လေးငါးခါထက်မနည်း အကြိမ်ကြိမ်ရွတ်ကြည့်နေမိသည်။ ထိုသို့ရွတ်နေရင်းမှ ကျွန်တော့်ခေါင်းထဲသို့ အလင်းတစ်ချက် ဖျတ်ခနဲဝင်းလက်သွားရတော့သည်။ ထိုစာသားလေးမှာ အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလင်္ကာထဲမှ စာသားတချို့အစား သူ့နည်းသူ့ဟန်ဖြင့် ဖြည့်သွင်းရေးသားထားခြင်းပါကလား။

ဩော် ဘယ်လိုအကြောင်းတရားများက ခင်ဗျားတို့ကို ဒီလိုစာသားတွေရေးတတ်ဖို့ ဖန်တီးပစ်လိုက်ခဲ့တာ ပါလဲဟု မြည်တမ်းရင်း မတွေ့မမြင်ရသေးသော တစ်ခရီးတည်းသွား တစ်လှေတည်းစီးကြမည့် ဘဝတူ အခန်းပိုင်ရှင်များအား ခုတင်ထက်မှာထိုင်ရင်း မျှော်ငေးနေခဲ့မိသည်။

❑

၃။

ညသည် ကျွမ်းကျင် လိမ္မာသော ကျောက်သွေးသမား၏ လက်ဖြင့် စီရင်အပ်သော အဖိုးထိုက် စိန်တုံးတစ်တုံးကဲ့သို့ ပြိုးပြက်သော အရောင်အသွေးနှင့် ခံ့ထည်လျက် ရှိ၏။ ကျွန်တော်က ဘယ်အချိန်မှ ပြန်ရောက်လာမည်မှန်း မသိရသေးသော နောင်တော်တို့အား အဆောင်ရှေ့အုတ်ခုံပေါ်မှ ထိုင်၍ မျှော်နေမိခဲ့သည်။

ကျွန်တော် ရောက်ရှိနေသော အရပ်သည် ကွာလာလမ်ပူနှင့် မိုင်ပေါင်းများစွာ ကွာဝေးပြီး စင်ကာပူနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ဂျိုဟိုးဘာရူးပြည်နယ်ဖြစ်သည် ဆိုသည်မှအပ ကျန်သောအချက်အလက်များအား

ဘောလုံးနှင့်
ပတ်သက်လျှင်
နောက်တစ်ကြိမ်
ပြန်ဆုံနိုင်စရာ
အကြောင်းတို့သည်
တစ်ကြောင်းမဟုတ်
တစ်ကြောင်း ရှိနေနိုင်ပါ၏
နီပေါနိုင်ငံသို့
မြန်မာအမျိုးသမီးလေး
လိုက်ပါသွားသည့်
ကိစ္စကား
ဘောလုံးပွဲလို
ပြန်လည်ချေပခွင့်လည်း
ရလိမ့်မည်မဟုတ်

ကျွန်တော် မသိခဲ့။ ကျွန်တော်ရောက်နေသော အဆောင်သည် ကျယ်ဝန်းလှသော ဆီအုန်းတောကြီးနှင့် နီးကပ်စွာတည်ရှိနေသည်ကိုတော့ ကျွန်တော်သိပါသည်။ အဆောင်၏ အခြားဘက်များတွင် လူမနေသော တိုက်တာအဆောက်အဦများအား အစောင့်အကြပ်ကင်းမဲ့စွာ ထီးတည်းလှမ်းမြင်နေရသည်။

မြူတို့သည် အချိန်အခါ မသိရောက်လာတတ်သော ဧည့်သည်ကဲ့သို့ ငေးမောသူ ကျွန်တော့်အနီးသို့ ရစ်ဝဲလျက် ရောက်လာကြသည်။ ကျွန်တော်သိထားသည်မှာ မလေးရှားမှာ ဆောင်းမရှိ။ ဆောင်းမရှိသဖြင့် နှင်းတို့သည်လည်း မရှိနိုင်။ နှင်းမရှိသဖြင့် ဤတိုင်း

ပြည်ရှိ နိုင်ငံသူ၊ နိုင်ငံသားတို့မှာ ချမ်း
အေးခြင်းသုခကိုမှ သိပါလေစ။

အခုအချိန်ဆို ကျွန်တော်တို့ တိုင်း
နိုင်ငံတွင် နှင်းတွေကြွေရော့မည်။ အဖေ
နှင့်အမေသည် အရပ်တစ်ပါး သွားရာသူ
ကျွန်တော့်အား သုံးရာသီနေနည်း ထိုင်
နည်းများပင် သင်ပေးလိုက်ကြသေး
သည်။ နှင်းမရှိသော ဤအရပ်တွင် နှင်း
ချစ်သူ အမေတို့သားသည် ဘယ်ပုံ
သဏ္ဍာန်နှင့် ဝင်လာမည် မသိရသေး
သော လောကဓံအား စိတ်ပျက် အား
လျော့စွာ စောင့်နေရသည်ကို အမေတို့
သိလိမ့်မည်မဟုတ်။

ဒါသည်ပင် ကံတရား လေလား

ကျွန်တော်၏ စိတ်တို့က ကျွန်တော်
မသိလိုက်၊ မသိမီမှာပင် အဆောင်ထက်
အိပ်ခန်းနံရံဆီမှ လင်္ကာပျက်ကလေးဆီ
သို့ လွင့်ပျံသွားခဲ့ပြန်ပါ၏။ ထိုလင်္ကာ
ပျက်ကလေးကို ဘယ်သူရေးခဲ့တာပါလဲ

ဩော် ညတို့သည် ရှည်ခဲ့ပါ
ကော နောင်တော်တို့။

❑

၄။

သတင်းဂျာနယ်ထဲမှ ဓာတ်ပုံမှာ
ဆိုင်ကယ်တစ်စီးပေါ်တွင် အမျိုးသမီး
လေးတစ်ယောက်က အမျိုးသား တစ်
ယောက်၏ခါးကို နောက်မှ သိုင်းဖက်
ထားသည့်ပုံဖြစ်သည်။ ဆိုင်ကယ်
ရပ်ထားတာမျိုး မဟုတ်။ ဆိုင်ကယ်
အမောင်းမှာ သတင်းသမားက ဘေး
ကမန်းကတန်း ရိုက်ယူထားပုံမျိုး ဖြစ်
သည်။

ထိုသတင်းမှာ မလေးရှားရောက်
မြန်မာအမျိုးသမီးလေးတစ်ယောက် နီ
ပေါနိုင်ငံသို့အပြီးလိုက်သွားသည့်သတင်း
ဖြစ်သည်။ ထိုကဲ့သို့ မြန်မာအမျိုးသမီး
လေးအား ခေါ်ဆောင်လာနိုင်သူ နီ
အမျိုးသားအား နီပေါအစိုးရမှ
လွန်းသော ဆုငွေချီးမြှင့်၍ ကြိုဆိုခဲ့
ကိုလည်း ထိုဓာတ်ပုံအောက်တွင်
အကျ ထည့်ရေးထားသေးသည်

ကျွန်တော်တို့ အဆောင်တွင်
ခန်းရှစ်ခန်းရှိ၍ အလုပ်သမားပေါင်း



www.burmeseclassic.com

www.burmeseclassic.com

လေးဆယ်အထိရှိသည်။ ယခင်က အခုကဲ့သို့ တနင်္ဂနွေ စက်ရုံပိတ်ရက်များတွင် ဗီယက်နမ် ခေါင်းရည်ကလေးနှင့် ဗိုင်းဖွဲ့သူကဖွဲ့၊ ဆံပင်ညှပ်သူကညှပ်၊ ဈေးဝယ်ထွက်သူကထွက်နှင့် ခြေထောက်ပေါင်းရှစ်ဆယ်သည် နေရာလွတ်မရှိအောင်ပင် ဗျာများနေတတ်ကြသည့်နေ့မျိုးဖြစ်သည်။

ဒီနေ့တော့ ကျွန်တော်တို့ အားလုံး၏ ဦးခေါင်းထက်တွင် မြွေဆိုးသည် အဆိပ်တို့ သွန်ခဲ့ပြီ။

'ဒီကိစ္စက ဗီယက်နမ်ကို ခုနစ်ဂိုးနှုံးတုန်းကလို မင်းတို့ တစ်နေ့တွေ့မယ်လို့ ကြိမ်းလို့ရတာမျိုး မဟုတ်ဘူးကွ။ သူတို့လူမျိုးတွေက မိန်းကလေးအလုပ်သမား မလွှတ်ဘူး'

အမြဲတစေ အေးအေးဆေးဆေးသာ နေလေ့နေထရှိသော ရန်ကုန်သားကိုမောင်ကြည်၏ ဒေါသသံပဲဖြစ်ပါသည်။ ဗီယက်နမ်အသင်းကို မြန်မာဘောလုံးအသင်းက ခုနစ်ဂိုးနှင့် ရှုံးခဲ့ရစဉ်အခါက ဗီယက်နမ်လူမျိုးများရှေ့မှ ဦးခေါင်းအောက်ချကာ ကျွန်တော်တို့ပြန်လာခဲ့ရဖူးပါသည်။

အခု ကိုမောင်ကြည်ပြောသလို ဘောလုံးနှင့်ပတ်သက်လျှင် နောက်တစ်ကြိမ် ပြန်ဆုံနိုင်စရာ အကြောင်းတို့သည် တစ်ကြောင်းမဟုတ် တစ်ကြောင်းရှိနေနိုင်ပါ၏။ နီပေါနိုင်ငံသို့ မြန်မာအမျိုးသမီးလေး လိုက်ပါသွားသည့်ကိစ္စကား ဘောလုံးပွဲလို ပြန်လည်ချေပခွင့်လည်း ရလိမ့်မည်မဟုတ်။ နီပေါတို့သည် မလေးရှားသို့ အမျိုးသမီးအလုပ်သမားများအား စေလွှတ်ခဲ့ရိုး ထုံးစံမရှိ။

မြန်မာတို့သည်သာ...။

❑

၅။

အချိန်က ကိုယ့်အိပ်ရာထက်၌ ကိုယ်မအိပ်ရသည့် အချိန်အခါပဲ ဖြစ်ပါသည်။ မြန်မာအလုပ်သမား အများစုနေထိုင်သော ရပ်ကွက်များအတွင်း ညဥ့်နက်သည်နှင့် ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် လိုက်လံဖမ်းဆီးနေကြသည့်ကာလကြီးဖြစ်သည်။ စားသုတ်သုတ်၊ သွားသုတ်သုတ် ကာလများ။ စက်ရုံထဲတွင် နေရသည့် အချိန်မှလွဲလျှင် အသက်ရှုသံနှင့်အမျှ ဘုရားတနေရသည့် အချိန်အခါဆိုး။

ဆလာရမ်းမှာတော့ မြန်မာတွေ ပါသွားသတဲ့။ စွန်ရိုင်းဘလို့မြစ်ထဲမှာတော့ မြန်မာဘယ်နှလောင်း။ လမ်းသွားရင်း အလုအရိုက်ခံရသဖြင့် ဆေးရုံပေါ်မှာ မြောနေသတဲ့။ အထပ်ရှစ်ထပ်က ခုန်ချလို့ ပွဲချင်းပြီး...စသည် စသည်ဖြင့်။

ကျွန်တော်တို့ ဘာတွေများ မှားယွင်းခဲ့ကြပါလို့လဲ။

ဒါကိုပဲ မလေးရှား၌ အလုပ်သမားတစ်ယောက်အဖြစ် ဝမ်းကျောင်းသွားခဲ့ရရှာသူ၊ သွားလေသူ ကဗျာဆရာ ကြည်မောင်သန်းက 'ငွေမရှိတာလည်း အသက်အန္တရာယ်နဲ့ နီးတာပဲ'လို့ ဖွဲ့ဖူးရဲ့။

ငွေမရှိတာလည်း အသက်အန္တရာယ်နဲ့ နီးကပ်တာပဲတဲ့။ စကားလုံးတို့က ကျွန်တော့် သွေးကြောမျှင်တို့အား လကမ္ဘာထိ ဆွဲဆန့်ပစ် လိုက်သကဲ့သို့ရှိသည်။

ညဘက် တစ်ရေးလောက် အိပ်ရဖို့ အရေး အလုပ်မှ ပြန်ရောက်သည်နှင့် ဆီအုန်းတောထဲ တိုးဝင်ကြသူတို့က တိုးဝင်၊ ကုန်းတံတားကြီးများအောက် အမှောင်ထဲသို့ တိုးဝင်သူက တိုးဝင်နှင့်။ လူပေါင်းလေးဆယ်သည် ၄ ကျ်အကောင်လေးဆယ်လောက်မှ လွတ်လပ်စွာ လူးလွန့်ပျံသန်းခွင့် မရရှာခဲ့ကြပါပေ။

ထိုကဲ့သို့ ညများစွာထဲမှ ကျွန်တော့်အား ခြောက်လှန့်မှု အပေးနိုင်ဆုံးသော ညမှာ ကုန်းတံတားကြီးအောက်၌ ငိုက်မျဉ်းခဲ့ရသော ညတွေပဲဖြစ်သည်။ ထိုညတွင် ၄ ကျ်ဆိုးတို့သည် မမြည်။ ပုရစ်ပိုးမွှားတို့သည် ရန်သူလာမည်ကို သိနေကြသည့်နှယ် ဆောလျင်စွာ အိပ်ရာထိုင်ခင်း ရွှေ့ပြောင်းကြကုန်ပြီထင်။

ညဥ့်အနက်၌ မရပ်မနား တီးခတ်လာသော ဟွန်းသံရှည်ကြီးများက ကျွန်တော်တို့ လူစုအား ချုံပုတ်ထဲရှိ ယုန်သူငယ်လေးများအား ခွေးအုပ်နှင့်ခြောက်လှန့် မောင်းထုတ်လိုက်သကဲ့သို့ ရှိခဲ့သည်။ ဘာဆို ဘာမျှ မမြင်တော့။ အမှောင်ထဲ တိုးဝင်လေ လုံခြုံလေ။ ပို၍ မည်းမှောင်လေ အခြားတစ်ဖက်ရှိ အလင်းနှင့်နီးလေ။

မနက်လင်းတော့ ညက အဖြစ်အပျက်မှာ အစိုးရ၏ စီမံချက်မဟုတ်။ တောမီးလောင်၍ တောကြောင်လက်ခမောင်းခတ်ခြင်း။

အချို့ အဆောင်မပြန်ရဲကြတော့။ အချို့ ဖိနပ်ဗလာဖြင့် ပြန်လာကြရသည်။ ကျွန်တော်၏ ခြေဖနောင့်တို့တွင်ကားသွေးတို့ဖြင့် ရဲလျက်ရှိသည်။ ကျွန်တော်သည် ကျွန်သက်ရှည်ရေးအတွက် ဆီအုန်းတောကြီးကို ခြေချည်းသက်သက်ဖြင့် တိုးဝင်ခဲ့ပြီးပါပကော။ ရိုးသားစွာအသက်မွေးသော သူတို့အား နတ်ကောင်း နတ်မြတ်တို့သည် မမြင်ကြတော့ပြီလော။

ထို့ထက်ပို၍ ဆိုးသည်ကား ကုန်းတံတားကြီးနှင့် ကပ်လျက်အဆောင်မှ မြန်မာမိန်းကလေးနှစ်ယောက်အား တောကြောင်အုပ်စုမှ ကားတင်သွားခြင်းပင်။

ကျွန်တော်တို့ ဘာအမှားတွေ လုပ်ခဲ့မိလို့ပါလဲ။ ဆုတောင်းတွေများ မှားခဲ့ကြရော့လား။

❑

၆။

လူပေါင်းလေးဆယ် နေခဲ့ဖူးသော အဆောင်သည် တိတ်ဆိတ်လျက် ရှိနှင့်သည်။ အဆောင်တံခါးတို့သည် အိမ်အိုဟောင်းတစ်လုံးကဲ့သို့ ယိုယွင်းပွင့်အန်လျက်ရှိ၏။

ပထမဆုံး သတိရလိုက်မိသည်က စာတိုက်ပုံး။ အခု ရက်များသည် အမိမြန်မာပြည်မှ စာများရောက်လေ့ ရောက်ထရှိဖူးသည့်ရက်များ။

စာတိုက်ပုံးကို ဆွဲဖွင့်လိုက်တော့ ဖျောခနဲ လိမ့်ကျလာသည်က ရန်ကုန်သား ကိုမောင်ကြည် လစဉ်ယူနေကျ



www.burmeseclassic.com

www.burmeseclassic.com

မြန်မာဘာသာဖြင့် ထုတ်ဝေသည့် ဂျာနယ်တစ်စောင်တည်းသာ။ အားမလို၊ အားမရနှင့် စာတိုက်ပုံးထဲ လက်ထိုးကြည့်တော့ အခွံသာ ကျန်တော့သည်။ အဆောင်ပေါ်တက်ပြီး ဂျာနယ်လိပ်ကို ဖြေလိုက်သည့်အခိုက် ကျွန်တော့်မျက်လုံးတို့ ပြာဝေသွားရပြီ။

မိတ်ဆွေဟန်ဆောင်ဖူးသူ ရန်သူသည် နောက်တစ်ကြိမ် ရှင်သန်ထမြောက်ရန် အလို့ငှာ အားယူလျက်ရှိလေပြီ။ စာလုံးမည်းကြီးနှင့် ရေးထားသည်က ဧရာဝတီမြစ်ဆုံအရေး။

နိုင်ငံတော် သမ္မတကြီးက သူ၏ သမ္မတသက်တမ်း ကာလတွင် ရပ်ဆိုင်းထားမည်ဟု ကြေညာခဲ့သော မြစ်ဆုံစီမံကိန်းအား တရုတ်နိုင်ငံပိုင် ကုမ္ပဏီဘက်မှ ပြန်လည် အသက်သွင်းနေသည့် ကိစ္စ။ ထိုမြစ်ဆုံစီမံကိန်း အကောင်အထည်ပေါ်သွားလျှင် မြန်မာနိုင်ငံလူဦးရေ သန်းခြောက်ဆယ်ထဲမှ နှစ်ဆယ့်လေးသန်းမှာ ဒုက္ခတွေ ရင်ဆိုင်ရဖွယ်ရှိနေသည့်အဖြစ်။ တရုတ်နိုင်ငံဘက်မှ လှုပ်ရှားမှုများကို တားဆီးရန်၊ ဧရာဝတီကို ကယ်တင်ရန်။

ဧရာဝတီကို ကယ်တင်ရမည်။ ဧရာဝတီသည် မြန်မာနိုင်ငံ။ ဧရာဝတီမရှိလျှင် မြန်မာနိုင်ငံမရှိနိုင်။ သတင်းထဲတွင် ရေးထားသည်က ထိုမျှသာ။ သို့သော် ကျွန်တော့်အတွေးများက ထိုမျှနှင့် ရပ်မသွား။

လက်ရှိ ကျွန်တော်တို့ ကြုံတွေ့ခံစားနေရသော အဖြစ်ဆိုးကြီးအထိ ဧရာဝတီနှင့် နှိုင်းယှဉ်တွေးတောနေမိသည်။ ဧရာဝတီသည် မြန်မာနိုင်ငံ၏ မိခင်ဆိုလျှင် မြန်မာနိုင်ငံသားတို့သည် ဧရာဝတီ၏ မြစ်လက်တက်များ။ မိခင်မြစ်မကြီး ပျက်စီးပပျောက်သွားလျှင် မြန်မာနိုင်ငံ ပျောက်သွားနိုင်သလို သားသမီးများဖြစ်ကြသော မြစ်လက်တက်များနှင့်တူသည့် နိုင်ငံသားတို့ ပပျောက်သွားလျှင်ကော။ မြန်မာနိုင်ငံကြီး အဘယ်မှာ အခွန့်ရှည်လိမ့်မည်နည်း။ မလေးရှားသို့ ရောက်နေခဲ့သည့် မြန်မာများ။ ပြီး နောက်ထပ်လာကြဦးမည့် မြန်မာများ။

သားရဲတွင်းထဲ ရောက် နေသော ယုန်သူငယ်သည် အချိန်အခါမရွေး အသက်နှင့်ခန္ဓာ သီးခြားဖြစ်သွားနိုင်သည် မဟုတ်လား။

'အို ဘုရင်မင်းကြီး၊ သင်မင်းကြီးသည် ဤပထဝီ မြေပြင်တည်းဟူသော နွားမကို နို့ညှစ်ယူလိုသည်ဆိုလျှင် ဤ ပြည်သူပြည်သားတည်းဟူသော နွား ပေါက်ကလေးများကို ကာကွယ်စောင့် ရှောက်ရမည်။ ပြည်သူပြည်သားတည်း ဟူသော နွားပေါက်ကလေးများကို ကာ ကွယ်စောင့်ရှောက်မှသာလျှင် ဤပထဝီ မြေကြီးသည် ပဒေသာပင်ကဲ့သို့ သီးနှံ မျိုးစုံ သီးပေလိမ့်မည်'

ဆရာကြီး ပါရဂူ၏ **နီတိတစ်ရာ** ဆိုသည့် စာအုပ်ကလေးထဲတွင်မတော့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူကို ထိုသို့ တိုင်တည် ပြောဆိုသွားခဲ့သည်။

ကြား၏၊ မကြား၏တော့ ကျွန် တော်သည် အလျှင်းမသိ။ မြစ်တို့သည် စီးဆင်းခြင်း၌သာ ပျော်မွေ့ကြကုန်သည် တော့ အမှန်ပဲဖြစ်ပါ၏။ ■

လှခါး


ဘာသာစကား သင်တန်း

**English Language Classes**

**U San Lin Tun**

B.E (Metallurgy),Y.I.T
M.A(Thesis),ITBMU

**Basic English Conversation**
**Vocabulary Enrichment Course (Basic)**
**Phonetics**
**Basic Writing Course (Academics)**
**Advanced English/Creative Writing Course**

**Chinese Language Classes**

**Daw Moe Moe Lwin**

B.A (History)
Dip in Chinese ( Y.U.F.L )

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လနှင့် ပုံမှန် (ရေး၊ ဖတ်၊ ပြော) တန်းခွဲသစ်ရှိသည်။
ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက် တရုတ်စာ 4 skills တတ်မြောက်စေရန် သင်ကြားပေးသည်။

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း - ၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
© 01 245211, 01 251850, 09 49329071, 09 250280028




www.burmeseclassic.com

www.burmeseclassic.com

# စာနဒီစာအုပ်တိုက် TEXT RIVER PUBLISHING HOUSE

## ဒီစာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ





- အရှင်ဝီရိယ(တောင်စွန်း)
- သွေးစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့လာရာလမ်း
- )
- ညာအာရုံစံစားမှုနှင့် အနုပညာဝေဖန်ရေး
- cs and Philosophy of Art Criticism by JEROME STOLNITZ
- တ်ကာလ မပွင့်သေးသောဘုရားများအား
- င့်မသင့်နှင့် ဘာသာရေးဖြတ်ထုံးများ
- (ဝန်ကြီးဟောင်း)
- ပျောက်စေဆရာကြီး ရပ်စပြူတင်
- ကြီးဦးတင့်ဆွေ
- ရေစီစိတ်ထား
- (စမ်းချောင်း)
- လက်ဆင့်ကမ်း Message to Teen
- နက်သားကြောင်နက်ရုပ်နှင့်သည်းထိတ်ဖို့ဝတ္ထုတိုများ
- ဦးကျော်လွင်
- ကျေးမှုဆိုင်ရာ အမေးနှစ်ရာ အဖြေနှစ်ထောင်
- ကြီးကတောင်ကန်မြောက်ကန်
- ည်မောင်မောင်
- တ်လပ်ရေးသမိုင်းဝင်စစ်မြေပြင်ခရီးကြမ်းနှင့်
- တွေ့မှတ်တမ်း
- (လင်္ကာသာရ)
- က်နှင့် သီဟိုဠ်ဓမ္မဝတ္ထုတိုများ
- )
- ခင်စက်မယ်
- ကြောင်းရေးတစ်ကြောင်းခြစ်
- (စမ်းချောင်း)
- ကျော်တို့ ဆုံးဖြတ်ရမည့်
- ကြီးဆုံးအချက်(၆)ချက်

- တင်မိုး
  ပိတောက်မှ သရဖီသို့
- ဂျာထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့် သမိုင်းရှိသောနေ့စွဲများ
- ဒေါက်တာအရှင်သာဓိန
  ငါ့မျက်ရည်တွေဘယ်ကိုရောက်နှင့် ဘာသာရေးအတွေးဆောင်းပါးများ
- နတ်စည်(ဂျာထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ ကာရိုက်တာပြဲပွဲ
- သာထက်အောင်
  တွေးမိသမျှ ဝေးမိသမျှ ရေးမိသမျှ သူတို့ဆီက ကျွန်တော့အတွေးအကြုံ
- ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)
  ကမ္ဘာတစ်ခြမ်းကိုပြောင်းလဲစေခဲ့သော သာမဏေနှင့် သံဃာ့ကျေးဇူး



- ဒဂုန်တာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံ အတ္ထုပ္ပတ္တိ ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်)
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန်NLDနှင့် သမ္မတဓာတ်လမ်း

## ယခုထွက်ရှိသည့် စာအုပ်များ

- မောင်သိန်း
  ရုပ်ပွားတော်ကိုးကွယ်မှုနှင့် အကျိုးအာနိသင်များ
- ဝဏ္ဏသီရိ
  ချုပ်ရာငြိမ်းရာ
- နှစ်ဖက်လှ ဦးကျော်လွင်
  မျက်မှောက်ခေတ်ဘာသာရေးနှင့် ကျွန်ုပ်တို့၏ သုံးသပ်ချက်





စာနဒီစာအုပ်တိုက်မှ
ယခုထွက်ရှိသည့် စာအုပ်များ

ဖြန့်ချိရေး–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။


www.burmeseclassic.com

www.burmeseclassic.com

# မရှိတော့ပြီဖြစ်သော်လည်း အစွဲရှိနေသေးသည့် လူတန်းစားတစ်ရပ်

မောင်သန်းဆွေ၊ ထားဝယ်၊

ကျွန်တော်နှင့် အလွန်ရင်းနှီးသည့် ဂုဏ်ကြီးရှင် မုဆိုးမ အမျိုးသမီးကြီး
တစ်ဦး၏သားသည် သူ ချစ်နှစ်သက်သူနှင့် ယူလိုက်သည်။ မိခင်ဖြစ်သူက
လုံးဝသဘောမတူပါ။ သူ့သားယူသည့် အမျိုးသမီးကလေးသည် ပညာနှင့်
လည်း ပြည့်စုံသည်။ ထိုက်တန်သည့် အလုပ်အကိုင် ရာထူးအဆင့်အတန်းလည်း
ရှိသည်။ သို့သော် မိဘမရှိပါ။ ဤကိစ္စနှင့်ပတ်သက်ပြီး ထိုအမျိုးသမီးကြီး
ကျွန်တော့်ရှေ့တွင် သူ့သားအကြောင်း
ပြောသည်။ ကျွန်တော်
"ဘာသဘောမတူစရာရှိလဲ အစ်မရယ်
မိန်းကလေးက ဘာမှပြောစရာ
မရှိဘဲ၊ မိဘမရှိတော့ ပိုတောင် ရှင်းသေးတယ်"
ဟုပြောရာ ထိုအမျိုးသမီးကြီးက ခါးခါးသီးသီးနှင့်
"ရှင် ဘာသိလို့လဲ၊ သူ့အမေဘက်က အဘွားက သူတစ်ပါးအိမ်မှာ





www.burmeseclassic.com

www.burmeseclassic.com

နေခဲ့ရတဲ့ ကျွန်ရှင်၊ အဲဒီတော့ သူ့အမေက ကျွန်ကမွေးလို့ သပေါက်ပေါ့'
'ဒါတွေက ဘယ်သူမှသိတာမှ မဟုတ်ဘဲ၊ ကျွန်တော်တောင် အစ်မပြောလို့
သိရတာလေ။ သူ့မိဘနှစ်ပါးလုံးက ကျောင်းဆရာ၊ ဆရာမတွေဆို'
'သူများမသိပေမဲ့ ကျွန်မက သိနေတယ်လေ'
'ဒါဖြင့်ရင် ဒီကလေးမလေးနဲ့ ဘာဆိုင်လို့လဲ၊
သူ့အမေတောင် ကျောင်းဆရာမဘဝနဲ့ ဆုံးသွားတာပဲ'
'ဟုတ်တယ်လေ၊ သပေါက်ကမွေးတော့ သားပျက်ပေါ့ရှင့်'
'ဩော် သပေါက်ကမွေးရင် သားပျက်ဆိုတာ
ကျွန်တော်လည်း အခုမှ ကြားဖူးတယ်' ထိုသို့ ကျွန်တော်
ပြောလိုက်သည်နှင့် ထိုအမျိုးသမီးကြီးက ကျွန်တော့်ကို
မျက်စောင်းထိုးပါလေတော့သည်။ သူ့သားကလည်း အမေ့စကားကို
နားမထောင်ပါ။ သူကလည်း သားနှင့် အဆက်ဖြတ်လိုက်သည်

ရှင် ဘာသိလို့လဲ၊
သူ့အမေဘက်က
အဘွားက
သူတစ်ပါးအိမ်မှာ
နေခဲ့ရတဲ့ ကျွန်ရှင့်၊
အဲဒီတော့ သူ့အမေက
ကျွန်ကမွေးလို့
သပေါက်ပေါ့






www.burmeseclassic.com

www.burmeseclassic.com

သူ၏ အယူသီးမှုကို မည်သူမျှမသိပါ။ ကျွန်တော်တောင် သူပြောပြ၍ သိရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာ့ထုံးစံတွင် မည်သူမဆို ရှေးကကျွန်ထား၍ စေစားပိုင်ခွင့်ရှိသည်။ စာအုပ်ထဲတွင် ရှေးက ကျွန်တစ်ယောက်၏ တန်ဖိုးငွေမှာ ၁၀ ကျပ်သာရှိသည်ဟု ဆုံးဖြတ်သည်။

ရှေးအခါက အိမ်တစ်အိမ်တွင် မည်သည့်အလုပ်သမားမဆို 'ကျွန်' ဟု သတ်မှတ်ကြသည်။ ခေတ်ပြောင်းလာသောအခါ တဖြည်းဖြည်း ပပျောက်လာ၏။ သို့သော် အိမ်၌ အခိုင်းအစေလုပ်ရသော မိန်းကလေး၊ ယောကျ်ားလေးများကို ကျွန်ဟုပင် သဘောထားကြရာမှ 'အိမ်စေ'ဟုအမည်ပြောင်း ခေါ်လာကြသည်။ ကျွန်တော်တို့ငယ်စဉ်ခေတ်က ကျွန်တော်တို့အိမ်တွင် ၈ ယောက်၊ ၉ ယောက်ခန့်ပင် ရှိပါသည်။ လခမပေးရပါ။ အဝတ်အစားဆင်၊ ရွှေငွေဆင်ပြီး ထားသည်။ ကိုယ့်လက်ထဲမှ အိမ်ထောင်ကျသွားလျှင် သဘောမတူက မည်သို့မျှ မချီးမြှင့်ဘဲ၊ သဘောတူပါက သူလုပ်ခဲ့သည့်နှစ်နှင့် တန်ဖိုးတွက်၍ ရွှေငွေကို လက်ဖွဲ့သည့်သဘော ပေးလိုက်ပါသည်။ ယခုအခါတွင်မူ လခနှင့်ဖြစ်ရာ မည်သို့မျှ တာဝန်မရှိတော့ချေ။ မလုပ်လိုသည့် အချိန်တွင် ထွက်သွားရုံသာဖြစ်သည်။ အိမ်စေအပြင် မြင်းရထားမောင်းသမား၊ ကားမောင်းသမား (ဒရိုင်ဘာ)၊ ဥယျာဉ်မှူး သို့မဟုတ် ခြံအလုပ်သမား(မာလီ)ဟူ၍ ရှိကြသေးသည်။ ယခုခေတ်တွင် သူတို့သည် လစားအလုပ်သမားများဖြစ်၏။ ရှေးခေတ်ကမူ အိမ်မှ ကျွန်များပင် ဖြစ်သည်ဟု ယူဆကြသည်။

ရှေးက လယ်ပိုင်ရှင်ကြီးများသည် သူတို့ထံတွင် အလုပ်လုပ်သည့် လှည်းမောင်းသမား၊ နွားထိန်း၊ ကျွဲထိန်းသူ၊ လယ်လုပ်သူ၊ စာရင်းငှားများကို ကျွန်ဟု သဘောထားကြသည်။ ယခုမူ မရှိတော့ပါ။

ကျွန်တော်သည် ကျွန်အမျိုးအစား ကွဲပြားပုံကို စာအုပ်များတွင် လေ့လာကြည့်သည်။ မည်သူမဆို စေခိုင်းပိုင်ခွင့်ရှိသော ကျွန်မျိုး ၁၅ ရပ်ရှိသည်ဟု ဆိုထားသည်။ ပါဠိလို မဖော်ပြဘဲ မြန်မာဘာသာဖြင့်ပင် ဖော်ပြပါမည်။

၁။ တရားဆောင်ဆို၍ ရသောကျွန်၊ ထိုကျွန်မှာ ၆ မျိုး ကွဲသေးသည်။ နှုတ်လွန်မှု၊ လက်ရောက်မှု၊ ခိုးမှု၊ ကာမမှု၊ မီးမှု၊ ကျေးဇူးဂုဏ်ခမှုရသော အမှုအရာတို့ဖြစ်၏။ ထိုကျွန် ၆ မျိုးမှာလည်း တစ်မျိုးလျှင် သုံးမျိုးစီ၊ လေးမျိုးစီ အသီးသီး ပွားသေးသည်ဆို၏။

၂။ ငွေနှင့် ဝယ်သော ကျွန် ၂၂ မျိုး ကွဲသေးသည်။ လိုရင်းပြောလျှင် ငွေဝယ်ကျွန်၊ ငွေဝယ်မှုနှင့် စပ်သမျှ ဖြစ်ရသည့် ကျွန်များကို ဆိုလိုသည်။

၃။ ကျွန်က မွေးဖွားသော ကျွန် (သပေါက်)။

၄။ မိလာဖလာ အိမ်ပေါက်အစဉ်ကျွန်(ကျွန်ရိုးလည်းခေါ်သည်) ထိုကျွန်မျိုးမှာ ၇ မျိုး ကွဲသေးသည်ဆို၏။ ဆိုလိုသည်မှာ အမိဘက်မှလည်းကောင်း၊ အဖဘက်မှလည်းကောင်း ပါလာသော ကျွန်ကို ဆိုလိုသည်။

၅။ သုံ့ပန်းကျွန်(စစ်အတွင်း စစ်ရှုံး၍ သူ့ဘက်မှ ကိုယ့်ဘက်သို့ ဝင်လာသူ)။

၆။ ဖမ်းရကျွန်(စစ်အတွင်း တောတောင်ပုန်းအောင်းနေရာမှ ဖမ်း၍ရသောသူ)။

၇။ လက်ရကျွန် (စစ်အတွင်း ဓားအောက် လှံအောက်ရောက်မှ ကယ်ဆယ်၍ရသောသူ။ သေစေဟု စီရင်ချက်ပြီးမှ နုတ်ယူရသော ကျွန်လည်း ပါဝင်သည်။)

၈။ လက်ဆောင်ရကျွန်(သူတစ်ပါးက ပေးသောကျွန်ကို ဆိုလိုသည်) မင်းဘေးကျွန်၊ အမျိုးကပေးသော ကျွန်၊ အဆွေခင်ပွန်းက ပေးသောကျွန်ဟူ၍ သုံးမျိုးကွဲသေးသည်။

၉။ ထမင်းကျွေးခနှင့် ရသောကျွန် (ရှေးက ထမင်းကျွေး၍ အဝတ်အစား ရွှေငွေဆင်ထားသော ကျွန်)။

၁၀။ ပေါင်သေကျွန် (အပေါင်ခံ၍ အပြီးအပြတ် ဆုံးသွား၍ရသောကျွန်)။

၁၁။ ပေါင်ရှင်ကျွန် (အပေါင်ခံ၍ ရသောကျွန်၊ ပြန်ရွေးက လွတ်သည်။)

၁၂။ ပေါင်သွင်းကျွန် (အပေါင် အဖြစ်ထားသော ကျွန်)။

၁၃။ ကျွန်အဖြစ်မှ လွတ်စဉ် မထွက်မသွား ကျွန်ခံမြဲခံနေသူ။

၁၄။ ကျွန်အဖြစ်မှ ထွက်၍သွားပြီး နောက် တစ်ဖန်ပြန်၍ ကျွန်ခံလာသူ။

၁၅။ သခင်ရှင်းက ကျွန်ကို ရဟန်းပြုလုပ်ပြီးနောက် သခင်ရှင်းသာ သမီးထံ ပြန်၍ ကျွန်ခံလာသူ။ ဖော်ပြပါ ကျွန်မျိုး အမျိုးအစား ၁၅ ရပ်မှ တစ်ပါး အခြားအခေါ်အနည်းငယ် ကွဲပြားသော် လည်း သဘောသွားမှာ မခြားနားခြင်း ကြောင့် လိုရင်းကိုသာ ဖော်ပြလိုက် သည်။

လောကုတ္တရာနှင့်ဆိုင်သော ကျွ ဟူ၍လည်း ရှိသေးသည်။ ၄င်းတို့မှာ ဘုရားကျွန်၊ ပိဋကတ်ကျွန်နှင့် ကျော င်း ကျွန်တို့ ဖြစ်၏။ ဤသုံးမျိုးကို ကျွန်သ တော်ဟူ၍လည်း ခေါ်သည်။ သို့ရာတွင် ခေတ်အလိုက် ရပ်ရွာအလိုက် အခေ ကွဲပြားသေးသည်။ ကျောက်စာနှ ရခိုင်ရာဇဝင်များတွင် ကျွန်သီးတော် သံဃိုဟူ၍ ရေးသားသည်။ အချို့နယ်မ ဘုရားသည်၊ ကျောင်းသည်၊ ဘု အသည်၊ ကျောင်းအသည်၊ ဘုရ သယ်၊ ကျောင်းသယ်၊ ဘုရားအသ ကျောင်းအသယ်၊ အချို့နယ်မှာ ခွာ၊ အ နယ်မှာ ကယ်ပါ၊ အချို့နယ်မှာ သုဘ ဇာ၊ အချို့နယ်မှာ သူဖုန်းစား၊ တောင်းစား၊ အချို့နယ်မှာ ဒွန်းစ ဒုံးကုလားဟု ရပ်ခြား နယ်ခြားအလို ထိုက်သင့်ရာ အခေါ်ပညတ် အမ သညတ် ကွဲပြားသေးသည်။ ရခိုင်ရာ ဝင်တွင် အောက်ပါအတိုင်း ပါရှိသ

'သားတော် အိမ်ရှေ့မင်းက တော်၊ ကုသိုလ်တော်၊ ဆံတော်၊ နံ အံတော် ဘုရားသုံးဆူကို ဖ ကြောင်းနှင့် ခမည်းတော် လျှော ထားလေရာ အခွင့်ပေးတော်မူ၍ ထွ



www.burmeseclassic.com

www.burmeseclassic.com

ချားလေသည်။ ရောက်ကာလ၊ ဘုရား သင်္ကြိ၊ တလိုင်းခေါင်း၊ ကုလားခေါင်းတို့ နှင့်ပင် တိုင်ပင်စည်းကျပ်၍ ဘုရားသင်္ကြိ ၅၀၀၀ ကို သူရဲ့အစုဖွဲ့၍ တပ်ဦးထား သဖြင့် ချီလာခဲ့သော်ဟူ၍လည်းကောင်း၊ ၎င်းအပြင် ပုဂံကျောက်စာများတွင် ဓမ္မသံဃာကို ဂယ်ရရစ်နှင့် သင်္ကြိ ဟူ၍ ရေးသည်။ ဘုရားကျွန်ကို ကရ ဇစ်နှင့် သင်္ကြိဟူ၍ရေးသည်။ သက္ကရာဇ် ၅၁၁ ခုတွင် ထိုးမှတ်ခဲ့သော ပုဂံမြို့ တိုင်းချွတ်ဘုရားကျောက်စာတွင် သင်္ကြိ ငယ် ငါ့ခင်မြေးသင်္ကြိ၊ ငါ့စွယ်သင့်သား သင်္ကြိ သတ္တာသူ သင်္ကြိ အာသီနန္ဒသူ၊ သင်္ကြိ ပန်းရင်းသား၊ သင်းရင်း သမီး မိရှာကို လှူလေ၏’

ဟူ၍လည်းကောင်း အသီးသီးလာ ရှိသည်။(အထက်၌ မူရင်းစာအတိုင်း တလိုင်းခေါင်းဟု ရေးရသည်ကို မွန် ခေါင်းဟူ၍ ပြင်ဖတ်ပါရန်)

ဆိုခဲ့သော ထိုကျွန်သီးတော် သုံး မျိုးလုံးသည် ၁၂၄၇ ခုတိုင် ထင်ရှား ရှိသေးသော်လည်း ယခုအခါ ဘုရား ကျွန်များသာ ကျန်ရာ ကျန်ကောင်း အနည်းငယ်စီ တန်ခိုးကြီးသော၊ ထင် ရှားသော ဘုရားများမှာသာ ကျန်တော့ သည်။ သို့ရာတွင် လွှတ်တော်အမှတ် အသား ပုရပိုက်များမှာ ကျောင်းကျွန်၊ ပုဂ္ဂလိကျွန် အမှတ်အသားများ ထင် ရှားရှိသေးသည်။ ထိုကျွန်သီးတော် သုံး မျိုးမှာလည်း အမြတ်စား၊ အလတ်စား၊ အနိမ့်စား၊ အညံ့စားဟူ၍ ၄ ပါးပြား သည်ပြင် အမြတ်စား၊ အလတ်စား၊ အနိမ့်စား၊ အညံ့စားများမှာလည်း တစ် စားတစ်စားလျှင် အထက်တန်း၊ အလတ်တန်း၊ အောက်တန်းဟူ၍ သုံး မျိုးစီပင် ထပ်မံကွဲပြားခြားနားရုံမက၊ အညံ့စားတွင် ဝေဏု၊ ရထကာရ၊ နေသာ ဒ ပက္ကုသ၊ စဏ္ဍာဠ ဟူ၍ ငါးမျိုး ကွဲပြားသေးသည်။ စဏ္ဍာဠမှာလည်း ထပ်မံ၍ ငါးမျိုးကွဲပြားသေးသည်။

အထက်၌ ဖော်ပြခဲ့သော လော ကုဋ္ဌရာနှင့် ဆိုင်သော ကျွန်များ အကြောင်းတွင် ‘သုဘရာဇာ သို့မဟုတ် သူဖုန်းစား၊ သူတောင်းစား သို့မဟုတ် ဒွန်းစဏ္ဍား သို့မဟုတ် ဒုံးကုလားတို့ကို ကျွန်စာရင်းတွင် သွင်းထားသည်ကို ကျွန်တော့်အနေဖြင့် သဘောမတူပါ။

သုဘရာဇာ ဆိုသည်မှာ သင်္ချိုင်းမှ အလုပ်သမားဖြစ်သည်။ တစ်နည်းအား ဖြင့် စဏ္ဍာဠ ဟုခေါ်သည်။ စဏ္ဍာဠ ၅ စုရှိသည်။ ၅ မျိုးရှိသည်ကို ဆိုလို သည်။

၁။ စပ်

၂။ အမွှန်း

၃။ သူကောင်ထမ်း

၄။ တွင်းတူး

၅။ သင်္ဂြိုဟ်ကိုင်

ဟူ၍ဖြစ်၏။ စပ်ဆိုသည်မှာ ခေါင်း ပျဉ်ကိုစပ်၍ ခေါင်းလုပ်သူကို ဆိုလို သည်။ အမွှန်းဆိုသည်မှာလည်း အလောင်းစင် သို့မဟုတ် ခေါင်းကို ပိုးဖဲ ကတ္တီပါနှင့် ဆင်ယင်မွမ်းပေးသူ၊ ခေါင်း တလားကို ဆင်ယင်မွမ်းပေးသူ ဖြစ်၏။ သူကောင်ထမ်း ဆိုသူမှာ အလောင်းကို ထမ်းသူ၊ အခေါင်းကို ထမ်းသူဖြစ် သည်။ တွင်းတူးဆိုသည်မှာ သင်္ချိုင်း၌ အလောင်းမြှုပ်ရန် တွင်းတူးသူဖြစ် သည်။ သင်္ဂြိုဟ်ကိုင် ဆိုသည်မှာလည်း အလောင်းကိုမြေမြှုပ်ပေးသူ၊ မီးရှို့ သင်္ဂြိုဟ်ပေးသူ၊ အရိုးကောက်သူ၊ အရိုး မြှုပ်ပေးသူ၊ အရိုးကို ရေ၌ မျှောပေးသူ ဖြစ်သည်။ ရှေးက ဤကိစ္စများကို လုပ် ပေးသူ သီးခြားရှိပုံရ၍ ဤအခေါ် အဝေါ်များ ရှိခြင်းဖြစ်သည်။ ယခုအခါ လူသေအလောင်းကို ပြင်ပေးသူ၊ ခေါင်း ကို မွမ်းပေးသူ၊ လူသေအလောင်းနှင့် ခေါင်းကို ထမ်းပေးသူဟူ၍ လူတန်းစား တစ်ရပ်သီးခြားမရှိတော့ဘဲ၊ နီးစပ်ရာ မိတ်ရင်းဆွေရင်းနှင့် ဆွေမျိုးများကသာ လုပ်ဆောင်သွားပါသည်။ ထို့ကြောင့် သုဘရာဇာ၊ စဏ္ဍာဠ အမျိုးအစားတွင် သင်္ချိုင်း၌ တွင်းတူးပေးသူ၊ မြှုပ်ပေးသူ၊ မီးသင်္ဂြိုဟ်ပေးသူတို့ကိုသာ ခေါ်ဝေါ်နိုင် လေသည်။ ထိုသူတို့သည် ငွေကြေးယူ ၍ လုပ်ပေးသူဖြစ်သဖြင့် သီးခြားအလုပ် သမားတစ်မျိုးသာဖြစ်ရာ ယခုခေတ် တွင် ကျွန်ဟူသည့် အခိုင်းအစေ စာရင်း တွင် ၎င်းတို့ကို မထည့်သွင်းနိုင်တော့ ပါ။ တစ်ဖန် သူတောင်းစားတို့ကိုလည်း ယခုအခါ ကျွန်စာရင်းတွင် ထည့်၍မရ ပေ။ တောင်းရမ်းစားသည့် လူတန်းစား တစ်ရပ်သာဖြစ်သည်။

ကျွန်သီးတော် ၃ မျိုးမှ ဘုရား ကျွန်အကြောင်းကို အကြမ်းအားဖြင့် ရှင်း ပြပါမည်။ အသေးစိတ်ရေးလျှင် စာ တစ်စောင် ပေတစ်ဖွဲ့ ရေးရလိမ့်မည်။ ရှေးက ဘုရင်များက ဘုရားတည်ပြီး သောအခါ ထိုဘုရား၏ ဝေယျာဝစ္စကို လုပ်ကိုင်ရန် လူအချို့ကို ဘုရားကျွန် အဖြစ် လှူဒါန်းခဲ့သည်။ ထိုလူတန်းစား သည် အချင်းချင်း အိမ်ထောင်ပြုရာမှ သားသမီးများ ပွားစီးလာကြပြီး မိလိုက် ဖပါ ဘုရားကျွန်ဟူ၍ လူတန်းစား တစ်ရပ် ဖြစ်လာသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသောအခါ ထိုလူ တန်းစားကို နိုင်ငံတော်သမ္မတကြီးက အမိန့်နှင့် လွတ်လပ်ခွင့်ပြုလိုက်သည်။ သို့သော် ထိုလူတန်းစားသည် အစွဲဖြင့် ဆက်လုပ်နေကြသည်။ မလုပ်က နူလာ မည်ဟု ယုံကြည်ကြသည်။ မည်မျှအထိ အစွဲကြီးသည်ကို ဖော်ပြပါမည်။

ကျွန်တော်တို့ငယ်စဉ်က ၁၉၅၄ ခုနှစ်လောက်တွင် ကျွန်တော်၏ ဖခင် သည် ကျောက်ဆည်မြို့၌ ခရိုင်ရဲဝန် အဖြစ် အမှုထမ်းသည်။ အိမ်နားနီးချင်း အရာရှိမိသားစုနှင့်လည်း ရင်းနှီးပါ သည်။ တစ်ခါတွင် စစ်ကိုင်းကောင်းမှု တော် ဘုရားပွဲသို့ ကျွန်တော်တို့မိသားစု သွားမည်ဖြစ်ရာ အိမ်အနီးမှ အရာရှိ ကတော်က စစ်ကိုင်းမှ သူ့မိဘများထံ ဝင်ရန် ညွှန်လိုက်ပါသည်။ ကောင်းမှု တော် ဘုရားပွဲမှ အပြန်တွင် သူ့မိဘ ထံ ဝင်ကြရာ အိမ်ကြီးရခိုင်နှင့် ရှိရှိငငမ များပင်ဖြစ်သည်။ ကျွန်တော်တို့အား လည်း ကျွေးမွေးဧည့်ခံ၍ လက်ဆောင် များပင် ပေးလိုက်သေးသည်။ သူ့သမီး အတွက် ပေးရန်ဟူ၍ ချောကလက်ဘူး အရွယ်ရှိ ဘူးလေးတစ်ဘူးကို အသေ အချာထုပ်၍ ပါးလိုက်သည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

က (၁၃/၁၄) နှစ်သားမျှသာရှိရာ ထိုပါးလိုက်သည့် မုန့်ဘူးကို စပ်စုပြီး ဖွင့်ကြည့်ပါသည်။ ထမင်းခြောက်များနှင့် မုန့်များဖြစ်သည်။ ကျွန်တော်၏ မိခင်က မြင်သည်နှင့် ရိုပ်မိပြီး ဘူးကို လုံခြုံစွာ ပြန်ထုပ်သည်။ ကျွန်တော့်အားလည်း စပ်စုရပါမည်လားဟု ရိုက်ပါသည်။ သိရသည်မှာ ထိုအရာရှိကတော်၏ မိဘတစ်ဖက်ဖက်က ကောင်းမှုတော် ဘုရားပွဲ ဆွမ်းတော်ကျကို စွန့်၍စားရသောဘုရားကျွန်မျိုးဟူ၍ ဖြစ်၏။ ထို့ကြောင့် သူ့သမီးထံ ဆွမ်းတော်စွန့် အနည်းငယ်ကို စတီစားရန် ပို့လိုက်ခြင်းဖြစ်ပါသည်။ ဤမျှ အစွဲကြီးကြခြင်း ဖြစ်သည်။

ပိဋကတ်ကျွန်ဆိုသည်မှာ ပိဋကတ်တော်များကို မပျောက်မပျက်အောင် ဆောင်ရွက်စောင့်ရှောက်ရသော အမှုထမ်းများသာဖြစ်သည်။ ရွှေရေး မင်ရေးတခြား၊ ကညစ်ရေးတခြား၊ ပေလုပ်မျဉ်းကိုင်တခြားဟူ၍ ကွဲပြားသေးသည်။ မြန်မာဘုရင်များလက်ထက်က ခွဲခြားထုတ်ပယ်ထားသော လူတန်းစားတစ်ရပ်သည် ယခု မရှိတော့ပါ။

ကျောင်းကျွန်ဟူသည်မှာ ဘုန်းကြီးကျောင်းများ၌ ထိုကျောင်း၏ ဝေယျာဝစ္စကို လုပ်ကိုင်ပေး၍ စားသောက်နေထိုင်ရသူဖြစ်သည်။ မြန်မာဘုရင် လက်ထက်က ခွဲခြားထားသည့် လူတန်းစားတစ်ရပ်ဖြစ်၏။ ဘုရားကျွန်နှင့် ကျောင်းကျွန် ခြားနားချက်မှာ ကျောင်းကျွန်သည် တရားသဖြင့် လွတ်လပ်ခွင့်ရှိသည်။ လူကောင်းပြန်၍ ဖြစ်နိုင်သေးသည်ဆို၏။ ရွေးနုတ်လျှင်လည်းရ၏။ ယခုအခါ ဤလူတန်းစားမရှိတော့ဘဲ၊ အချို့ကျောင်း၌ ခိုကပ်လုပ်ကိုင် နေထိုင်စားသောက်နေသူများကို ကျောင်းကပ္ပိယဟုခေါ်သည်။

အထက်ဖော်ပြပါ ကျွန်သီးတော်သုံးမျိုးတွင် ဖခင်က ကျွန်ဖြစ်ခဲ့လျှင် သားက ဆက်ခံ၍ ကျွန်ဖြစ်ရသည်။ သမီးကိုမူ ကာလတန်ဖိုးအလိုက် ရွေးနုတ်နိုင်လျှင် လွတ်လပ်ခွင့်ရသည်ဟု ရှေးက အယူရှိခဲ့သည်ကို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်၏ ဆောင်းပါးအစကို ပြန်ဆက်ရလျှင် အလွန်ရင်းနှီးသည့် အမျိုးသမီးကြီး၏ သားနှင့် ဆုံမိကြ သည်။ ကျွန်တော်က-

'မင်းအမေနဲ့ အဆင်မပြေသေးဘူး လားကွ'

ဟု မေးရာ…

'မပြေသေးဘူး လေးလေး အမေက စိတ်ကြီးတယ်၊ အစွဲလည်းကြီး တယ်'

ဟု ပြောပါသည်။ ကျွန်တော် ဆက်၍

'မင်းတို့ ကလေး ရပြီလား'

ဟု မေးရာ…

'မရသေးဘူးခင်ဗျား'

ဟု ဖြေ၏။

'ကလေးရရင် ပြေလည်သွား ပါကွာ'

ဟု ပြောလိုက်ရသည်။ အဘ ကြောင့်ဆိုသော် ထိုသူငယ်သည် တ တည်းသော သားဖြစ်၍ ဖြစ်ပါသည်။ ■

မောင်သန်းဆွေ
(ထားဝယ်

လောကမှီ လောကသို့ ဒွါဒသစက္ကုံ ပလုဌတီတိလောကော

ဆရာ ဇေမျှုးရှိန် (B.A)

နက္ခတ္တဝေဒ လက္ခဏာ ပညာရှင်

ဂျုံးခန်းတည်နေရာ

အမှတ် (၇)၊ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - မနက် (၇)နာရီမှ နေ့လည် (၁)နာရီအတွင်း
အမှတ် (၄၉)၊ ဆူးလေဘုရားအပိုင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - - နေ့လည် (၂)နာရီမှ ည(၈)နာရီအတွင်း

09 420025649

www.burmeseclassic.com

www.burmeseclassic.com


လင်းလွန်းခင်စာပေတိုက်




တန်ဖိုး – ၂၀၀၀ ကျပ်





တန်ဖိုး – ၁၀၀၀ ကျပ်



တန်ဖိုး – ၁၀၀၀ ကျပ်




တန်ဖိုး – ၁၀၀၀ ကျပ်




တန်ဖိုး – ၁၅၀၀ ကျပ်




တန်ဖိုး – ၄၅၀၀ ကျပ်

ထွက်ပြီ

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့

ဖုန်း – ၀၁ – ၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၁၀ ၊ ၀၉ – ၄၂၁၁ ၁၉ ၇၁ ၊


www.burmeseclassic.com

www.burmeseclassic.com

အနှစ်ပညာ၊ မရှိပါက၊
အင်္ဂါ ခြေ. လက်၊
ယောကျ်ားလျက်လည်း၊
မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊
မိုက်လုံးထွားသည်။
နွားနှင့်ကျွဲနှင့် အတူတည်း။
(မဃဒေဝလင်္ကာသစ်)
ကျွန်တော်သည် တံခါးဝတွင်
လာရပ်သော သဏ္ဍာန်ကို
ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။
တံခါးဝတွင် ရပ်နေသော သဏ္ဍာန်သည်
ကျွန်တော့်ကို မြင်လိုက်သောအခါ
တုံ့သွားပြီး အခန်းထဲသို့
လှမ်းလိုက်သော ခြေလှမ်းကိုပင်
ပြန်ရုပ်ကာ တံခါးဝ
မှောင်ရိပ်အကွယ်တွင် ရပ်နေလေသည်။
သေသေချာချာ ကြည့်လိုက်တော့မှ
အခန်းဝ မှောင်ရိပ်တွင်
မရဲ့မရဲရပ်နေသူမှာ
အင်မတန် ချောမောလှပသော
မိန်းမပျိုတစ်ယောက်ဖြစ်နေကြောင်းကို

# နွားနှင့် ကျွဲနှင့် အတူတည်း

တွေ့ရသည်။
သူ၏ ဖြူဖပ်သောမျက်နှာသည်
အမှောင်ရိပ်ထဲမှာပင်
ရွှန်းလင်းလျက်ရှိ၏။ မိုးတိမ်ပုံပုံများကြားမှ
ပေါ်နေသော လမင်းမျက်နှာလို
ကျက်သရေရှိလေသည်။
ပြေပြစ်ဝင်းမွတ်သော
လက်မောင်းသားများမှာ
ရိုးတံရိုးဆစ် မရှိသလို ချောမွေ့နေကာ
ကနုတ်ပန်းနွယ်တစ်နွယ်ကို
ကြည့်ရသလို လှပပေသည်။
ခပ်ရှူးရှူကလေး
ဖွေးထားသောလက်မောင်းတွင်
လက်ဆွဲအိတ်အဖြူကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက်
ရတနာပုံဆိုက်ခဲ့ပြီ
ဒီလောက်
ကြိုးလျှော်၍
ကစားသည့်ကိုပင်
ရှုံးမထွက်ဘူးဆိုလျှင်
ကျွန်တော့်အတွက်
သေချာပေပြီ
ကျွန်တော်သည်
သူ့ဘေးကို
ပို၍ နီးသွားအောင်
ကပ်လိုက်သည်
သူ့ကိုယ်မှ မွှေးပျံ့သော
ကိုယ်သာရေမွှေးနံ့သည်
တသင်းသင်းပျံ့လာသည်
သူသည်
အငိုရပ်ကာ
မျက်ရည်ခန်းခြောက်စပြုပြီ
ဖြစ်၏
ပြီးမှ ကျွန်တော့်ဘက်သို့
တစ်ချက်မျှ
အကဲခတ်၍
ကြည့်လိုက်သည်

အမှတ် ၂၉၂၊ မတ်၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း
စာရေးဆရာ မြသန်းတင့်
ရေးသားပြီး ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလထုတ်
ရှုမဝမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့်
'နွားနှင့် ကျားနှင့် အတူတည်း' ဝတ္ထုကို
ပြန်လည်ဖော်ပြပါသည်။

၂၀၁၄ မတ် [illegible]

www.burmeseclassic.com

www.burmeseclassic.com

ချိတ်၍ထားပေရာ လက်ဆွဲအိတ်အဖြူသည် အမှောင်ပျပျထဲတွင် ထင်းခနဲ ပေါ်နေသည်။

ကျွန်တော်သည် ပြောလက်စစကားကို ဖြတ်ကာ တံခါးပေါက် မှောင်ရိပ်အကွယ်တွင် ရပ်နေသော မိန်းမပျိုကိုသာ ငေးစိုက်ကြည့်နေမိသည်။ မိန်းမပျိုသည် ကိုယ်လုံးကို နံရံတွင်ကွယ်ကာ အခန်းထဲသို့ ခေါင်းပြူ၍ လှမ်းကြည့်လိုက်ပြန်သည်။ မျက်လုံးမှအရောင်သည် မီးရောင်နှင့် ဝင်းခနဲ လက်သွားသည်။ နီစွေးစွေးနှုတ်ခမ်းပေါ်မှ အရောင်ကိုလည်း လက်ခနဲ မြင်လိုက်ရသည်။ တခြား မိန်းမပျိုများလို ညာဘက်နဖူးပေါ်တွင် ဆံစကို ဖြတ်၍ ချမထားဘဲ ဘယ်ဘက်ပေါ်တွင် ဝဲ၍ ချထားသည်ကပင် တစ်မျိုးကြည့်ကောင်းနေသည်ဟု ထင်မိသည်။

ကျွန်တော် လှမ်းကြည့်လိုက်သောအခါ မိန်းမပျိုသည် မျက်နှာကို နံရံမှောင်ရိပ်တွင် ကွယ်ထားသည်။

'အိုင်ဆေး၊ ဟိုမှာ ဧည့်သည်လာတယ်'

ကျွန်တော်က ကျွန်တော့်ပြောလက်စ စကားကို ဆက်မပြောတော့ဘဲ မျက်နှာချင်းဆိုင်တွင် ထိုင်နေသည့် အိမ်သည် ကိုစိုးကို လှမ်းပြောလိုက်၏။

ကိုစိုးသည် ဒီတော့မှ အပေါက်ဝသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။ ကိုစိုးက လှည့်အကြည့်၊ မိန်းမပျို ခေါင်းပြူ၍ အကြည့်၊ အကြည့်နှစ်ခုတို့ ဆုံသွားကြသည်။

'ဟာ၊ ကောင်မလေးကလည်း ခက်တော့တာပဲ။ လာပြန်ပြီ။ အိုင်ဆေး၊ ခဏနေဦး'

ကိုစိုးက ညည်းညူကာ သူ၏ ဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးကို လေးကန်စွာသယ်၍ တံခါးပေါက်ဝသို့ လျှောက်သွားသည်။

ကျွန်တော်သည် တံခါးပေါက်တွင် ရပ်၍ စကားပြောနေသော ကိုစိုးနှင့် မိန်းမပျိုကို ကြည့်၍ အံ့သြနေမိသည်။ မိန်းမပျို၏ မရွှံ့မရဲ အမူအရာကြောင့်လည်း မသင်္ကာသလို ဖြစ်၍လာသည်။ တကယ်ဆိုလျှင် မိန်းမပျိုသည် မီးရောင်အောက်သို့ ရဲရဲတင်းတင်း ဝင်လာဖို့ ကောင်း၏။ အခုတော့ အမှောင်ရိပ်မှာ ရပ်ရင်း သူ မရွံ့မရဲကြည့်ပုံမှာ မသင်္ကာစရာကြီး ဖြစ်၍နေပေသည်။ သူတို့နှစ်ဦး၏ နောက်ကွယ်တွင် အကြောင်းတစ်ခုခုတော့ ရှိရမည်။

ကျွန်တော်သည် မိန်းမပျို၏ အမူအရာကိုကြည့်ကာ ကိုစိုးနှင့် မိန်းမပျိုတို့ ဘယ်လိုများ ပတ်သက်ကြပါလိမ့်ဟု တွေးနေမိသည်။

ကျွန်တော် သိသလောက် ကိုစိုးသည် သုံးဆယ်ကျော်၍ လေးဆယ်နားသို့ ကပ်လာသော လူပျိုကြီးတစ်ယောက်ဖြစ်၏။ ကျွန်တော်တို့ အသိုင်းအဝိုင်းထဲတွင် အရက်မသောက်၊ ဆေးလိပ်မသောက်၊ အပျော်အပါး လိုက်စားခြင်း မရှိဟု ထင်ရှားသူတည်း။ ရည်းစားသနာထားဖို့ ဆိုသည်ကား ဝေလာဝေး။ ကျွန်တော့်တစ်သက်တွင် ကိုစိုး ရည်းစားထားဖူးသည်ဟု တစ်ခါမှ မကြားခဲ့ဖူးပေ။

ခုတော့ အံ့သြစရာနှင့် ကြုံလေပြီ။

ဒီလောက်ရိုး၍၊ ဒီလောက် အေးဆေးလှသော ကိုစိုးသည် ဒီလောက် လှပချောမွေ့သော မိန်းမပျိုတစ်ဦးနှင့် ဘယ်လိုများ ပတ်သက်ကြပါလိမ့်။

အတွေးများသည် ကျွန်တော့်ခေါင်းထဲတွင် ချာလည်လျက် ရှိကြပါ၏။ သို့ရာတွင် အဖြေကို ရှာမတွေ့ပေ။

သူတို့နှစ်ယောက်ထံမှ တတွတ်တွတ် စကားပြောသံများသည် ကျွန်တော့်ဆီသို့ ပျံ့လွင့်လာကြသည်။ တစ်ခါတစ် ကိုစိုး၏ ကြိမ်းသံလိုလို ခပ်ဆတ်ဆတ်ပြောသံကို ကြား ၏။ ဘာတွေ ပြောကြသည်ကို သဲသဲကွဲကွဲ မကြားရပေ။

ကိုစိုးမှာ မြေလတ်မြို့တစ်မြို့မှ ဖြစ်သည်။ သူသည် ၁၉၄၈ ခုနှစ် ပြည်တွင်းစစ်ဖြစ်သောအခါ ရန်ကုန်သို့ဆင်းလာ ကာ အေဂျီရုံးတွင် အထက်တန်းစာရေးအဖြစ် ဝင်လုပ် သူသည် စစ်မဖြစ်မီကတည်းက ဆယ်တန်းအောင်ခဲ့သည် အလုပ်လုပ်ရင်း ရန်ကုန်တက္ကသိုလ်စာမေးပွဲကို ဖြေခဲ့ရာ ၁၉၅ ခုနှစ်တွင် ဘီအေအောင်ပြီး အေဂျီရုံးမှာပင် ရုံးဝန်ထောက်လုပ် နေသည်။ ရုံးဝန်ထောက်ဆိုသော်လည်း ကိုစိုးသည် လူ ရုံးဝန်ထောက်တစ်ယောက်နှင့် နည်းနည်းမျှ မတူပေ။ ပင် အပေါ်အင်္ကျီ၊ ချည်လုံချည်တို့ကို ဝတ်ကာ လက်မောင်းတွင် ထီးတစ်ချောင်းချိတ်၍ လျှောက်နေတတ်သူဖြစ်သည်။ အသား မစားဘဲ သက်သတ်လွတ် စားသူဖြစ်သည်။

ကိုစိုးသည် ၃၅ လမ်းက အစိုးရတိုက်ခန်းတစ်ခန်း သူ့သူငယ်ချင်း၏ ညီတစ်ယောက်နှင့် အတူနေခဲ့ကြသည် သူ့သူငယ်ချင်း၏ညီ စိုးအောင်မှာ သမဝါယမရုံးတွင် ဌာ စာရေးကြီးလုပ်ရင်း ကျောင်းတက်နေသူဖြစ်၏။ မျက်လုံး ပြူး၊ နှာတံပေါ်ပေါ်၊ အရပ်မြင့်မြင့်၊ လူက ခပ်သွက်သွက် သည်။ စိုးအောင်သည် ဘီအေမအောင်ခင်မှာ ကမာရွတ် မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ကာ ကမာရွတ်မိန်း အိမ်သို့ ပြောင်းသွားသည်၌ ကိုစိုးတစ်ယောက်တည်း လမ်းက တိုက်ခန်းမှာ ကျန်ရစ်လေသည်။

ကိုစိုး၏အိမ်မှာ ကျွန်တော်တို့ စတည်းချရာ ဖြစ် စနေ၊ တနင်္ဂနွေနေ့များတွင် ကျွန်တော်တို့သည် ကိုစိုးအိမ် ပင် အရက်ဝိုင်းဖွဲ့ကြသည်။

ကိုစိုးသည် အရက်သောက်တတ်သူ မဟုတ်သော်လည်း ကျွန်တော်တို့တစ်တွေအား သူ့အခန်းကို ဝ,ကွက်၍ အပ်ထား ပေသည်။ တစ်ခါတလေတော့ အရက်မသောက် ကျွန်တော်တို့နှင့် ရောနှောကာ အိမ်မှာပင်နေသည်။ ဘော ရာသီဆိုလျှင်ကား ကျွန်တော်တို့ ဘယ်လောက်တား မရတော့။ ဘောလုံးပွဲလက်မှတ်များကို တစ်ရာသီလုံးအတွ ဝယ်ထားပြီး ညနေတိုင်း ဘောလုံးပွဲသို့ သွားတတ်သ

ဒီအခါများတွင် ကျွန်တော်တို့သည် ဗျတ်ဝိ ဗျ ကိုစိုးအိမ်ကို မှောက်လိုမှောက်၊ လှန်လိုလှန် ပိုပ်ချင်သ

www.burmeseclassic.com

ကြသည်။ အရက်မသောက်လျှင် ဖဲဝိုင်းထောင်ကြသည်။ ကိုစိုးသည် ဖဲကိုတော့ သိပ်မရှောင်ပေ။ ကြုံလျှင် ကြုံသလို ရိုက်တတ်၏။

တကယ်တော့လည်း အပျော်အပါးရယ်လို့ သူ့ဘဝမှာ စားတာလောက်ပဲရှိမည် ထင်သည်။ ဖဲမရိုက်သည့်အခါ၊ အရက်မသောက်ဖြစ်သည့်အခါများတွင် ကျွန်တော်တို့သည် လိပ်စစ်တုရင် ကစားကြသည်။ တစ်ခါတလေ ချိုင်းနိုစ် ကာဟုခေါ်သော ဖန်လုံးကလေးများဖြင့် ကစားရသည့် ရက်စစ်တုရင်ကို ကစားကြသည်။ ကိုစိုး၏အိမ်ခန်းသည် ကျွန်တော်တို့ လူသိုက်အဖို့ ကလပ်ကလေးတစ်ခုပေတည်း။

'နင်ကလည်းဟာ…သိပ်နားပူတာပဲ၊ ငါ စိတ်ညစ်လာ ပြီ'

ကိုစိုး၏အသံသည် ခပ်ကျယ်ကျယ် ထွက်လာသည်။ အသံကြောင့် ကျွန်တော်၏ အတွေးမျှင်များ ပြတ်သွား သည်။ သူတို့ထံမှ တီးတိုးပြောသံများကို ကျွန်တော် ကြား ရပြန်သည်။

'အဟင့်…အဟင့်…'

မိန်းမပျို၏အသံကို ကျွန်တော် ကြားရပြန်သည်။ ငိုရှိုက် သံလား၊ ကူချွဲသံလား။ ကျွန်တော် ကောင်းကောင်း ဝေခွဲ၍ ရပါ။

'ခဏ'ဟု ပြောကာ ထသွားသော ကိုစိုးသည် မိန်းမပျို နှင့်တွေ့တော့ သူ့စကားကို သူ မေ့နေပြီဟု ထင်သည်။ သူတို့ နှစ်ယောက် စကားပြောနေသည်မှာ နာရီဝက်လောက် ကြာ ပြီ ဖြစ်သော်လည်း အမျှင် မပြတ်ကြသေး။

နာရီကို ကြည့်လိုက်တော့ ည ကိုးနာရီခွဲနေလေပြီ။

ကျွန်တော်သည် ကိုစိုး အပြောင်းအလဲကြီး ပြောင်းလဲနေ ပုံကိုသာ အံ့သြ၍ နေမိသည်။ ကျွန်တော်တို့က အင်မတန် သည်ဟု ထင်ခဲ့ကြသော လူရိုးကြီး ကိုစိုးသည် ဆန်းမယ့် ဆန်းတော့လည်း အံ့သြစရာပင် ကောင်းနေသည်။

ဒီမိန်းမပျိုချောချောကလေးသည် ကိုစိုး၏ ဆွေမျိုးလား၊ ချည်းစားလား။ ကိုစိုးကြီးတစ်ယောက် စွံသည်ဟုကြားလျှင် ကျွန်တော် ဘယ်နည်းနှင့်မျှ ယုံမည် မဟုတ်သော်လည်း အခု မျက်စိနှင့် တပ်အပ်တွေ့နေရတော့ မယုံဘဲနေ၍ မရ ဖြစ်လာ သည်။

'ငါ အစကပြောတယ် မဟုတ်လား။ စောင့်မနေနဲ့၊ စိတ် ချရဘူးလို့။ နင်ဟာ ငါပြောတဲ့စကား ဘယ်တော့မှ နား ထောင်ချင်ဘူး'

ကိုစိုး၏ အသံကို ကျွန်တော် ကြားရပြန်ပါ၏။

ကိုစိုး ပြောပုံမှာ ရည်းစားကို ပြောပုံမျိုးနှင့် မတူ။ ပိုင် ပိုင်နိုင်နိုင်နင်း ရှိလှပေ၏။ မိန်းမပျို၏ ပြန်ပြောသံကို ကျွန်တော် ကြားရပြန်သည်။ သို့ရာတွင် ကျွန်တော် ဘာမျှ မသဲကွဲပါ။ မိန်းမပျို၏အသံမှာ တိုးတိတ်ညင်သာသည်ကိုတော့ ကျွန်တော် သတိထားလိုက်မိသည်။ ကိုစိုး၏အသံက အထက်စီးနှင့် ကြိမ်း

အဖျားတွင်
ဖဲကြိုးဖြင့်
ခေါက်တွဲ
စည်းထားသော
ပိတုန်းရောင်
ဆံပင်များသည်
ကျောပေါ်တွင်
ပျံ့ဝဲနေကြသည်
နိုင်လွန်
လက်ပြတ်အဖြူ
ရွှေဝါလိုင်းတွန့်များ
ကန့်လန့်စင်း
ထားသည့်
အစိမ်းရောင်
အင်းလေးလုံချည်
ပလတ်စတစ်ခုံမြင့်
ဖိနပ်အဖြူတို့ကို
ဝတ်ထားသည်
ဝါရွှေသော
ခြေသလုံး
များသည်
ဝင်းခနဲ
လက်သွားကြသည်

မောင်းသံ။ မိန်းမပျို၏အသံ က တောင်းပန်တိုးလျှိုးသံ။

သူတို့နှစ်ယောက် စကားပြော၍ ပြီးလိမ့်နိုးဖြင့် ကျွန်တော် စောင့်နေသည်မှာ အတော်ကြာပြီဖြစ်၏။ ဆယ် နာရီပင်ထိုး၍နေလေပြီ။ ခဏ မို့လို့သာ၊ တစ်နာရီလောက် ဆိုလျှင် ဘယ်လောက်ကြာ မလဲ မသိဘူး။

ကျွန်တော်သည် သူတို့စကားပြောပြီးသည်ကို မစောင့်နိုင်တော့ဘဲ ပြန်တော့ မည်ဟု နံရံတွင် ထောင်ထား သော ထီးကို ဆွဲကာ တံခါး ပေါက်ဘက်သို့ လျှောက်လာ ခဲ့သည်။ ကျွန်တော့် ခြေသံ ကိုကြားတော့ သူတို့နှစ် ယောက် အသံတိတ်သွားကြ ကာ ကိုစိုးက ကျွန်တော့်ဘက် သို့ သမင်လည်ပြန် လှည့် ကြည့်၍ ပြုံးလိုက်သည်။

'အိုင်ဆေး ကျွန်တော် ပြန်မယ်၊ နောက်မှ လာဦးမယ်'

ကျွန်တော်သည် ကိုစိုး ၏ ပခုံးကိုပုတ်၍ ပြုံးပြီး နှုတ် ဆက်လိုက်သည်။ ကျွန်တော့် အပြုံးမှာ မသကာသော အပြုံး။

'သြော် ဟုတ်ကဲ့ ဟုတ် ကဲ့'

ကိုစိုးက ကျွန်တော့်ကို ပြန်၍ နှုတ်ဆက်ကာ ပြုံးနေ သည်။ သူ့မျက်နှာမှာ နီရဲ နေသည်ဟု ကျွန်တော် ထင် ၏။ သူ့အပြုံးကလည်း ရှက် စနိုး အပြုံး။

ကျွန်တော်သည် ကိုစိုး ကို နှုတ်ဆက်ပြီး မိန်းမပျိုကို တစ်ချက်မျှ လှမ်းကြည့်လိုက် သည်။ မိန်းမပျိုသည် ခေါင်း ကို ငုံ့ထားလေသည်။ အနား ကပ်ကြည့်တော့မှ ပိုမိုထက် မြက်သော သူ့အလှကို ကျွန်တော် သတိထားလိုက်မိ သည်။ ဆံခွေများအောက်မှ ဝါဝင်းနေသော နဖူးပြင်ကို လည်းကောင်း၊ လှပသွယ် တန်းသော နှာတံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ နဂတ်အောက်က နီထွေးသော နှုတ်ခမ်းထူထူကလေး များကိုလည်းကောင်း အနီးကပ်မြင်လိုက်ရသည်။

မိန်းမပျိုသည် လက်ကိုင်ပဝါဖြူကလေးဖြင့် မျက်ရည် များကိုသုတ်ပြီး ငိုရှိုက်နေသည်။

ကျွန်တော်သည် သူတို့အနားတွင် ကြာကြာရပ်နေ၍လည်း မကောင်းသဖြင့် ကိုစိုးကို နှုတ်ဆက်၍ သုံးထပ်ပေါ်မှ လှေကားတစ်လျှောက်အတိုင်း ဆင်းလာခဲ့သည်။ လှေကား ထိပ်အရောက်တွင် ငိုရှိုက်သံကို ထပ်၍ ကြားနေရသေးသည်။

ကျွန်တော်သည် ကျွန်တော်တို့၏ လူရိုးကြီး ကိုစိုးနှင့် အမည်မသိသော မိန်းမချောကလေး၏ ဇာတ်လမ်းကို စဉ်းစားရင်း လှေကားထစ်များကို တစ်ထစ်ချင်း ဆင်းလာခဲ့သည်။ ကိုစိုး၏ ဆွေမျိုးပေလား၊ သို့မဟုတ် ကိုစိုး၏ ရည်းစားပေလား၊ သို့မဟုတ် ကိုစိုး၏ အရပ်ပျက်မကလေးပေလား။

ကျွန်တော်သည် ဒုတိယအထပ် လှေကားထိပ်အရောက်တွင် အပေါ်မှဆင်းလာသောဖိနပ်သံကို ကြားရသည်။ ကျွန်တော်က လေးလေးမှန်မှန် ဆင်းနေသလောက် နောက်က ဖိနပ်သံမှာ သွက်သွက်မြန်မြန် ဆင်းလာသည်။ ခဏကြာတော့ မွှေးကြိုင်သင်းပျံ့သောရနံ့သည် နောက်ပါးမှ ပျံ့လွင့်လာသည်။ ကျွန်တော်သည် နောက်က ဖိနပ်သံရှင် ဆင်းရန်အတွက် လှေကားတစ်ဖက်ကပ်၍ ရှောင်ပေးလိုက်သည်။ စောစောက တွေ့ခဲ့သော မိန်းမပျိုပေတည်း။

မိန်းမပျိုသည် ဘေးဘီကို မကြည့်ဘဲ လက်ကိုင်ပဝါဖြင့် မျက်ရည်သုတ်၍ တရှုပ်ရှုပ်ငိုရင်း ဆင်းသွားသည်။ ကျွန်တော်သည် မိန်းမပျိုကို နောက်မှနေ၍ သေသေချာချာ ကြည့်မိပြန်သည်။

အဖျားတွင် ဖဲကြိုးဖြင့် ခေါက်တွဲစည်းထားသော ပိတုန်းရောင်ဆံပင်များသည် ကျောပေါ်တွင် ပျံ့ဝဲနေကြသည်။ နိုင်လွန်လက်ပြတ် အဖြူ၊ ရွှေဝါလိုင်းတွန့်များ ကန့်လန့်စင်းထားသည့် အစိမ်းရောင် အင်းလေးလုံချည်၊ ပလတ်စတစ်ခုံမြင့်ဖိနပ်အဖြူတို့ကို ဝတ်ထားသည်။ ဝါရွှေသော ခြေသလုံးများသည် ဝင်းခနဲ လက်သွားကြသည်။ သူ့လက်ထဲတွင် ငွေလက်ကိုင်ရိုးတပ်ထားသည့် ဖဲထီးကလေးကို ကိုင်ထားပြီး ညာဘက်တွင် ပလတ်စတစ် လက်ဆွဲအိတ်အဖြူလေးကို ချိတ်ထားသည်။

သေချာပေပြီ။ ဒီမိန်းမပျိုမှာ ကျွန်တော်တို့ လူရိုးကြီး ကိုစိုး၏ ရည်းစားလား၊ အပျော်မယားလား၊ တစ်ခုခုတော့ ဖြစ်ရမည်ဟု ကျွန်တော် ထင်လိုက်သည်။

ကျွန်တော်သည် သူ့နောက်မှ ဆင်း၍ လိုက်လာခဲ့သည်။

အောက်ဆုံးထပ်မှ ထွက်၍ လမ်းမပေါ် ရောက်လာကြသည်။ အပြင်ဘက်တွင် မိုးသည် တဖွဲဖွဲ စွေလျက်ရှိသည်။ လမ်းမပေါ်တွင် လူသူကင်းရှင်းနေသည်။ ကျွန်တော်နှင့် သူ နှစ်ယောက်တည်း။

ကျွန်တော်သည် အဖော်မပါ အ,ကာလအခါတွင် မျက်ရည်လည်ရွဲနှင့် ဆင်းလာသော မိန်းမပျိုကို စဉ်းစားမရနိုင်အောင်ဖြစ်လေသည်။

ရှေ့က မိန်းမပျိုသည် ဗိုလ်ချုပ်လမ်းဘက်သို့ရောက်သော် အနောက်ဘက်သို့ ချိုးကာ ပလက်ဖောင်းပေါ်အတိုင်း လျှောက်သွားသည်။ ကျွန်တော်သည် သူ့နောက်မှ လိုက်လာသည်။ သူ ဘယ်ကိုသွားမလဲဟု သိချင်နေသည်။ ဗိုလ်ချုပ်လမ်းပလက်ဖောင်းတွင်လည်း လူကျိုးကျဲမျှသာ ရှိသည်။ မိုးကလည်း တဖွဲဖွဲစွေ၍ အချိန်ကလည်း နှောင်းပြီဖြစ်၍ လူတော်တော်ပြတ်နေသည်။

မိန်းမပျိုသည် ဆူးလေဘုရားနှင့် ဗိုလ်ချုပ်လမ်းဆုံရှိ ရာဇ်ရုံထောင့်တွင် ရပ်နေပြီး တောင်ဘက် ဆူးလေဘုရားဆီသို့လည်းကောင်း၊ အနောက်ဘက် ကွန်တီနင်တယ်ဘက်သို့လည်းကောင်း လှမ်းမျှော်ကြည့်နေသည်။ မျက်ရည်များ လက်ကိုင်ပဝါဖြင့် သုတ်နေသည်။ ဆူးလေဘုရားလမ်း ဖြတ်ကူးပြီးလာသော လူငယ်သုံးယောက်သည် သူ့ကို ကြည့်ကာ တီးတိုးဝေဖန်လာကြသည်။

ကျွန်တော်သည် သူနှင့် မလှမ်းမကမ်းတွင် ရပ်ကာ သူ့ အရိပ်အခြည်ကို ကြည့်နေသည်။ မီးရောင်ထဲကျတော့မှ သူ့ အလှသည် ပိုမိုတောက်ပလာသည်ဟု ထင်ရပေ၏။ ဆူးလေ ဘုရားလမ်းမပေါ်မှ မီးပွင့်စိမ်းပြာပြာများ၊ ကြော်ငြာများ မီးရောင်စုံများအောက်တွင် သူ့အသားသည် ရွှေသွေး၊ ပန်း သွေး၊ နီလာသွေး၊ ပတ္တမြားသွေး စသည့် အရောင်များ ... လှည့်စီထွက်လျက်ရှိသည်။ ကိုစိုးသည် ဒီလောက်လှသော မိန်းကလေးကို ဘာကြောင့်များ ခါးခါးသီးသီး နှင်ချလိုက် ပါလိမ့်ဟု တွေးမိလာသည်။

ခဏကြာသော် မိန်းမပျိုသည် နေပြည်တော်ရုံရှေ့ ဘတ်စ်ကားမှတ်တိုင်ဘက်သို့ လျှောက်သွားသည်။ ကျွန်တော် သည် သူ့နောက် မလှမ်းမကမ်းမှ လိုက်သွားမိသည်။ မိန်းမပျို၏အလှသည် ကျွန်တော့်ကို ညှို့ထားသလို ဖြစ်နေသည်။

သူ ဘယ်သွားမလဲဆိုတာကို သိချင်နေသည်။ မိန်းမပျို သည် နောက်သို့ လှည့်ကြည့်လိုက်သည်။ နောက်က လိုက် လာသော ကျွန်တော့်ကိုမြင်တော့ ဘတ်စ်ကားမှတ်တိုင်ဆီ ခပ်သုတ်သုတ်သွားကာ ရပ်နေသည်။ ဘတ်စ်ကားမှတ်တိုင် တွင် လူတစ်ယောက်မျှ မရှိပေ။

ကျွန်တော်လည်း အခြေပျက်နေမည်စိုး၍ သူ့ကို ... တက်ကာ သူ့ဘေးခပ်လှမ်းလှမ်းတွင် ဝင်ရပ်ပြီး ဘတ်စ်ကား စောင့်သလို ရပ်နေလိုက်သည်။ သူ့ဘေးတွင် ကျွန်တော် ... လိုက်တော့ မိန်းမပျိုသည် ထီးကို တစောင်းကွယ်ကာ ... နေတုန်းပင် ဖြစ်သည်။

ကျွန်တော် သွားရပ်ပြီး မကြာမီပင် မိန်းမပျိုသည် ဆူး လေဘုရားလမ်း အရှေ့ဘက်ခြမ်းကို ဖြတ်ကျော်၍ ... သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် သူ့နောက်က ထက်ကြပ်လိုက်သွားသည်။ ကျွန်တော်သည် မိန်းမပျိုကိုကြည့်ရင်း ပို၍ သင်္ကာမကင်း ဖြစ်လာသည်။ ဧကန္တ မိန်းမကောင်းတော့ ဟုတ်မှာ မဟုတ်ဘူး။ အရပ်ပျက်မလေးပဲ ဖြစ်မှာပဲဟု ထင်လာသည်။ ကျွန်တော်သည် ဒီလောက်လှသော မိန်းကလေးနှင့် စွန့်စားခန်းကို တွေ့ချင်လာသည်။

ကျွန်တော်သည် ဒီလိုစွန့်စားခန်းများကို တစ်ခါမှ မတွေ့ဖူးခဲ့ပေ။ ကျွန်တော့်မိတ်ဆွေများသည် ဒီလို စွန့်စားခန်းများကို တွေ့ခဲ့ကြဖူး၏။ တစ်ခါက ကျွန်တော့်မိတ်ဆွေတစ်ယောက်သည် သိမ်ကြီးဈေးနားတွင် မိန်းမပျိုတစ်ယောက်နှင့် တွေ့ကာ စကားစမြည်ပြောရာမှ ရင်းနှီးသွားကြပြီး စွန့်စားခန်းဖွင့်ခဲ့ဖူးသည်။ တခြားမိတ်ဆွေတစ်ယောက်ဆိုလျှင်လည်း ဘတ်စ်ကားပေါ်မှာ မိန်းမဆောင်းထီးလေးတစ်လက် ကောက်ရာကစပြီး ဒီလိုစွန့်စားခန်းလေးတွေကို တွေ့ခဲ့ဖူးသည်။ သူတို့ပြောပြသည်ကို နားထောင်ရသောအခါ ကျွန်တော့်တွင် ရင်ခုန်ရသည့် အခါလည်း ရှိ၏။ အားကျရသည့်အခါလည်း ရှိလေသည်။

ယခု ဒီလိုစွန့်စားရန် အခွင့်အလမ်းကို ကျွန်တော် တွေ့နေရလေပြီ။

ဒီလိုစွန့်စားခန်းဖွင့်ရန် အခွင့်အလမ်းတွေကို ကျွန်တော့်တစ်သက်တွင် လုံးဝ မတွေ့ခဲ့ဘူး မဟုတ်ပါ။ တွေ့ခဲ့ဖူးပါသည်။ သို့ရာတွင် ကျွန်တော်သည် တွေ့ခဲ့တိုင်း စိတ်ကို အနိုင်နိုင်ထိန်းချုပ်ကာ ရှောင်ခဲ့သည်ချည်းဖြစ်၏။ ဒီအခါတွင် ကျွန်တော့်မိတ်ဆွေများက ကျွန်တော့်အား လူအ လူညံ့ဟု ပြောင်ပြောတတ်ကြ၏။ ယောက်ျားမှ ဟုတ်ရဲ့လားဟုလည်း ပြောင်တတ်ကြလေသည်။ အမှန်ကတော့ ကျွန်တော်သည် သူတို့လိုပင် စွန့်စားခန်း ဖွင့်ချင်ပါ၏။ သို့ရာတွင် မိန်းကလေးတစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် သေတစ်ပန် သက်ဆုံး ပေါင်းသင်းရန် မရည်ရွယ်ဘဲနှင့် စွန့်စားခန်းဖွင့်ခြင်းသည် ကျွန်တော့်အမြင်တွင် ကြီးလေးသော ပြစ်မှုကြီးတစ်ခုဟု ကျွန်တော် ထင်၏။ ကိုယ်ကျင့်တရားကို ပျက်ပြားစေသော ပြစ်မှုကြီးတစ်ရပ်ဟု ကျွန်တော် ယူဆ၏။ ထို့ကြောင့်သာလျှင် ကျွန်တော်သည် စိတ်ကို ချုပ်တည်းကာ ရှဲ့ခဲ့သော ဒီလိုအခွင့်အရေးများကို ရှောင်လာခဲ့ခြင်းဖြစ်ပေသည်။

ယခုတော့ ကျွန်တော် မရှောင်နိုင်တော့ပေ။ ကျွန်တော့်မိတ်ဆွေတွေကိုလည်း ကျွန်တော့် စွန့်စားခန်းကို ဝင့်ကြွားစွာ ပြောပြချင်သည်။ ပြီးတော့ ဒီလောက်လှသော မိန်းမချောတစ်ယောက်ကို အလွတ်မပေးချင်သော ကျားစိတ်ကလည်း တဖွားဖွား ပေါ်ပေါက်လာသည်။

မိန်းမပျိုသည် ဆူးလေဘုရားလမ်း အလယ်တွင် ရပ်နေ၏။ တောင်ဘက်မှ မော်တော်ကားများ တစီစီမောင်းလာသဖြင့် လမ်းကို မဖြတ်ကူးသာဘဲ ဆိုင်းနေရသည်။ ကျွန်တော်လည်း သူ့ဘေးတွင် ဝင်ရပ်လိုက်သည်။ ကျွန်တော် လာရပ်မှန်း သိသောအခါ သူသည် ထီးကိုကွယ်နေသည်။ တရှုပ်ရှုပ် ငိုနေတုန်းပင် ဖြစ်သည်။ ကားတစ်စင်း ဖြတ်သွားပြီး နောက် မိန်းမပျိုသည် လမ်းကိုဖြတ်ကူးလိုက်သည်။

ကျီးခနဲမြည်သံ၊ စူးစူးဝါးဝါးအော်သံတွေကို ကြားလိုက်ရသည်။ သတိရ၍ ကျွန်တော် ကြည့်လိုက်သောအခါ ကျွန်တော်သည် ထွေးအိဖြူဝင်းသော သူ့ဘယ်ဘက်လက်မောင်းကို ဆွဲထားမိလျက်သား ဖြစ်နေသည်။ သူသည် ခေါင်းကိုငုံ့ကာ မျက်ရည်တွေကို သုတ်နေသည်။ ကားပေါ်မှလင်မယားသည် ကျွန်တော်တို့နှစ်ယောက်ကို စိတ်ဆိုးမာန်ဆိုးဖြင့် ကြည့်နေသည်။

'ဘာလဲ၊ လင်မယားရန်ဖြစ်တာ လမ်းမလယ်ကောင်လာပြီး ရန်ဖြစ်ရသလား၊ ငယ်ငယ်ကလေးတွေ ရှိသေးတယ်၊ သေချင်ကြပလား'

ကားပေါ်မှ ကြိမ်းမောင်းသံနှင့်အတူ ကားသည် ဝူးခနဲထွက်သွား၏။ ဒီတော့မှ ကျွန်တော်သည် သူ့လက်မောင်းကို လွှတ်လိုက်သည်။ သူက ဘာမှမပြောဘဲ ငိုနေလေသည်။ ကျွန်တော်သာ မဆွဲလိုက်လျှင် ကားအောက်သို့ ရောက်သွားမည်မှာ သေချာပေသည်။

နောက် ကားနှစ်စင်းလောက် ဖြတ်သွားပြီး လမ်းရှင်း၍ ကျွန်တော်တို့နှစ်ယောက် ဂလုပ်ရုံဘက်သို့ ကူးလာခဲ့ကြသည်။ ဂလုပ်ရုံရှေ့မှာ လူတော်တော်ပြတ်နေပြီ ဖြစ်၏။

မိန်းမပျိုသည် ရှေ့မှ စိုက်စိုက်နှင့် သွားနေသည်။ ကျွန်တော်က နောက်က တကောက်ကောက်လိုက်သည်။ ကျွန်တော့်အဖို့ မိန်းမပျိုသည် ပို၍စိတ်ဝင်စားစရာ ဖြစ်လာ

မိန်းမပျိုသည်
နေပြည်တော်
ရုံရှေ့က
ဘတ်စ်ကား
မှတ်တိုင်ဘက်သို့
လျှောက်သွားသည်
ကျွန်တော်သည်
သူ့နောက်
မလှမ်းမကမ်းမှ
လိုက်သွားမိသည်
မိန်းမပျို၏
အလှသည်
ကျွန်တော့်ကို
ညှို့ထားသလို
ဖြစ်နေသည်
သူ ဘယ်သွားမလဲ
ဆိုတာကို
သိချင်နေသည်
မိန်းမပျိုသည်
နောက်သို့
လှည့်ကြည့်
လိုက်သည်
နောက်က
လိုက်လာသော
ကျွန်တော့်ကို
မြင်တော့
ဘတ်စ်ကား
မှတ်တိုင်ဆီသို့
ခပ်သုတ်သုတ်
သွားကာ
ရပ်နေသည်



www.burmeseclassic.com

www.burmeseclassic.com

သည်။ လူတစ်ယောက်လုံး မော်တော်ကားအောက်မှ လွတ်အောင်ကယ်ခဲ့သည်ကို ကျေးဇူးတင်စကားလေးလောက်တော့ ဝတ်ကျေတမ်းကျေပြောဖို့ ကောင်း၏။ ယခုတော့ ဘာမှ မပြောပေ။

'လမ်းဖြတ်ကူးရင်လည်း ကြည့်ကူးမှပေါ့၊ ကျွန်တော် လှမ်းဆွဲလိုက်ပေလို့ပဲ၊ နို့မို့ရင် ခင်ဗျား ကားအောက် ရောက်သွားပြီ'

ကျွန်တော်က တရှုပ်ရှုပ်ငိုလာသော သူ့ကို မကျေမနပ်ဖြင့် ပြောလိုက်သည်။ ပြီးတော့ ကျွန်တော့် စွန့်စားခန်းကိုလည်း အစပျိုးလိုက်ပါသည်။ မိန်းမပျိုက ဘာမှ ပြန်မပြော။ လက်ကိုင်ပဝါဖြင့် ပါးစပ်ကိုပိတ်၍ ငိုလာသည်။

ကျွန်တော့် စိတ်ထဲတွင် ခံပြင်းလာပါသည်။ ကျွန်တော်က သူ့ကိုလည်း ကူညီခဲ့ရသေး၊ စကားပြောတော့လည်း အင်းမလှုပ်၊ အဲမလှုပ် နေလိုက်သေးဆိုတော့ ဒေါပွလာသည်။

'သင်းကို ဒီနေ့ည ငါ အမိဖမ်းမယ်၊ ကိုယ့်လက်ထဲရောက်လာတဲ့သားကောင်ကို အလွတ်ပေးရင် ငါဟာ ကျားမဟုတ်တော့ဘူး'

ကျွန်တော့်ရင်ထဲတွင် ငုပ်လျှိုးနေသည့် ကျားစိတ်ကလည်း မာန်ဖီ၍ လာပါသည်။

'ဘာဖြစ်လို့ ငိုတာလဲဟင်'

ကျွန်တော်က နောက်တစ်ခွန်း ထပ်မေးလိုက်ပါသည်။ သူက ဘာမှ မဖြေ။ ဒီလောက်ထိ စ.မိလို့မှ ကျွန်တော် အရှုံးပေးရမည်ဆိုလျှင် ရာဇဝင်ရိုင်းတော့မည် မဟုတ်ပါလား။

'ငိုမနေနဲ့လေ၊ ဘာဖြစ်လို့ ဒီလောက်တောင် ငိုနေရတာလဲ'

ကျွန်တော်က နောက်တစ်ခွန်း ပြောလိုက်ပါသည်။

'ကိုစိုး··· ကိုစိုး···'

သူ့အသံသည် ရှိုက်သံကြားမှ ထွက်လာသည်။ နောက်တိမ်ဝင်သွားကာ ရှိုက်သံသာ ထွက်လာသည်။

'ကိုစိုး ဘာဖြစ်သလဲ၊ ခင်ဗျားနဲ့ ကိုစိုး ခုနကပဲ စကားပြောခဲ့ပြီးပြီ မဟုတ်လား'

'ဟုတ်··· ဟုတ်ပါတယ်···'

'ဒါဖြင့် ဘာလို့ ငိုနေရသေးတာလဲ'

'ကိုစိုးက ကျွန်မကို ပြန်တော့လို့ ပြောလိုက်တယ်'

မိန်းမပျိုသည် ဆက်၍ ငိုရှိုက်နေသည်။

'ကိုစိုးကို ဘာပြောစရာရှိသေးလဲ၊ ခင်ဗျားက မကျေနပ်လို့ ထပ်ပြောချင်သေးရင် ကိုစိုးဆီကို ကျွန်တော် လိုက်ပို့ပေးမယ်၊ လာ···'

ကျွန်တော်က ခြေလှမ်းတုံ့လိုက်သည်။

ဒီတော့မှ မိန်းမပျိုသည် ခေါင်းကိုယမ်းကာ တဟင့်ဟင့်ရှိုက်ရင်း-

'တော်ပါပြီ၊ ကျွန်မ ကိုစိုးဆီလာတာ မဟုတ်ပါဘူး၊ ကိုစိုးအောင်ဆီ လာတာပါ'

'ကိုစိုးအောင်ဆီကို၊ ဟုတ်လား'

ကျွန်တော်က တအံ့တဩဖြင့် မေးလိုက်မိသည်။ ကျွန်တော့်နှလုံးလည်း လျှင်မြန်စွာ ခုန်လာသည်။ စိုးအော မိန်းမကို ကျွန်တော် တစ်ခါမှ မမြင်ဖူးသေးပေ။ ကျေ စိုးအောင် မိန်းမနဲ့ စိတ်ဆိုး၍ အိမ်ကထွက်သွားသဖြင့် လာ သည်ဟု ထင်လိုက်မိသည်။ ဒီတော့မှ သူတစ်ပါးမယား အပြစ်မှားကြီး ပြစ်မှားမိသော ကျွန်တော်၏ 'သူရဲကောင်း' ကြီးအဖြစ်ကို တွေး၍ ရှက်လာသည်။

'စိုးအောင် ဒီအချိန်ဆို အိမ်ပြန်ရောက်ရင် ရောက်နေမှာပါ။ ခင်ဗျား ပြန်ပါတော့လား၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ ခုလို ညကြီး မိန်းကလေးတစ်ယောက်တည်း သွားလို့ ဘယ် ဖြစ်မလဲ၊ အိမ်က ဘယ်မှာလဲ···'

'သဃ်န်းကျွန်းမှာပါ'

စိုးအောင်မှာ အရင်တုန်းက ကမာရွတ်တွင် ယောကျ် များနှင့် အတူနေ၏။ ဘယ်တုန်းကများ သဃ်န်းကျွန်း ပြောင်းသွားသည် မသိပေ။

'သဃ်န်းကျွန်းဆိုရင် ဘတ်စ်ကားလည်း ရှိမှာမဟုတ် တော့ဘူး။ ဆယ်နာရီခွဲနေပြီ၊ ကဲ လာ လာ၊ ကျွန်တော် လိုက် ပို့မယ်။ သုံးဘီးကားနဲ့ သွားကြတာပေါ့'

ကျွန်တော်တို့နှစ်ယောက်သည် ကွန်တီနင်တယ်အော သို့ ရောက်လာကြသည်။ လမ်းသွားလမ်းလာများသည် တ လမ်းလုံးငိုလာသော သူနှင့်ကျွန်တော့်ကို လှည့်ကြည့် လှည့် ကြည့်နှင့် ဖြတ်သွားကြသည်။

'သူ့ကို ကျွန်မ ၁၁ နာရီကတည်းက စောင့်နေတာ ခုထိ မပေါ်လာဘူး'

ကျွန်တော်သည် စိုးအောင်တို့လင်မယား၏ ဘဝကို တွေ နေမိသည်။ တကယ်တော့ သူတို့ အိမ်ထောင်ရေးပြဿနာ အိမ်မှာပင် ရှင်းလို့ ရနိုင်ပေသည်။

'ကဲပါဗျာ၊ အချိန်တန်တော့ သူ အိမ်ပြန်လာမှာပေ အိမ်ကို ကျွန်တော် လိုက်ပို့ပါ့မယ်၊ သွားစို့'

'ဟင့်အင်း'

သူက ငိုရှိုက်သံများကြားမှ ငြင်း၏။

'ဟာ ဘယ်ဖြစ်မလဲ၊ သူ ဘယ်သွားတယ်လို့မှ မသိ ခင်ဗျား အချိန်မတော်ကြီး လိုက်ရှာနေလို့ မဖြစ်ဘူး။ အိမ် သာ ပြန်ပါ၊ ကျွန်တော် လိုက်ပို့ပါ့မယ်'

'ဟင့်အင်း၊ ဒီအချိန်ကျမှ ကျွန်မ အိမ်မပြန်ရဲတော့ဘူး'

ခက်ချေပြီ။ မိန်းမပျို၏ဇာတ်လမ်းသည် ရှုပ်လာပြ သည်။ ဒီလိုဆိုပြန်တော့လည်း စိုးအောင်မိန်းမ မဖြစ်နိုင် စိုးအောင်မိန်းမ မဟုတ်ဟု ဆိုသည်နှင့် ကျွန်တော့်ရင်ထဲတွင် ငုပ်လျှိုးစပြုနေသော ကျားစိတ်သည် မာန်ဖီလာပြန်သည် ကျွန်တော်သည် ကျားက သားကောင်ကို ကြည့်လိုက်သ မိန်းမပျိုတစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်လိုက်သည်။

မျက်နှာအလှမှာ တကယ်အပြစ်ကင်းသောအလှ ဖြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မျက်လုံးကြီးများသည် ရီဝေနေကြသည်။ ရင်မို့မို့ သွယ်လျသောခါး၊ ကားစွင့်သောတင်၊ ဒါတွေအားလုံးကို ကျွန်တော် သိမ်းကျုံးကြည့်လိုက်ပြီး ဒီနေ့ညတော့ သူ့ကို အလွတ်မပေးဘဲ အမိအရ ဆွဲတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ခေါ်သွားမည့်နေရာကိုပင် စိတ်ကူးထဲတွင် တွေးလိုက်မိပြီး ဖြစ်သည်။

'ဟင် ဒါဖြင့် အိမ်မပြန်ရင် ဘယ်ပြန်မလဲ'

'ဘယ်ပြန်ရမှန်း မသိသေးဘူး၊ ဒီလိုပဲ ခြေဦးတည့်ရာ လျှောက်သွားတော့မယ်'

ကျွန်တော့် စီမံကိန်းအတွက် အကွက်ကောင်း ဆိုက်ချေပြီ။ ကျွန်တော်သည် အောင်သေအောင်သား စားရမည့်သူကဲ့သို့ ပြုံးလိုက်သည်။

ဇေကန္တ စိုးအောင်၏ အပျော်မယားဖြစ်ဟန် တူသည်။ ကျွန်တော်သည် ကိုယ်ကျင့်တရားဆိုတာကိုလည်း အမှတ်မရ တော့ပေ။ ပြီးတော့ အပျော်မယားဆိုသည့် မိန်းမတွေကလည်း ဆွတ်လျှင် ညွတ်လွယ်သည် မဟုတ်လား။

'ဒီလိုတော့ မဖြစ်ဘူးလေ၊ ဒီအချိန်ကြီးမှာ လျှောက်သွား နေလို့ရှိရင် ဒုက္ခရောက်မှာပေါ့။ ခင်ဗျား သွားချင်တဲ့နေရာပြော ပါ ကျွန်တော် လိုက်ပို့ပေးပါ့မယ်'

ဒီစကားမှာ သူ့ကို မျှော့သွေးစမ်းလိုက်ခြင်း ဖြစ်၏။ ကြိုးကွင်းတပ်ပြီး ကြိုးကို လျှော့ပေးထားလိုက်ခြင်း ဖြစ်၏။ ကျွန်တော့်စိတ်ကူးမှာ သူ့ဆီက စကားကုန် နှိုက်ယူရန်ဖြစ်သည်။ သူတွင် သွားစရာ မရှိဘူးဆိုလျှင် ကျွန်တော် ခေါ်ရာကို လိုက် မည် မုချဟု တွက်ထားလိုက်သည်။ ကျွန်တော့်ကို ခါးခါးသီး သီး ငြင်းဆန်လိုလျှင် ပါးစပ်ထဲတွေ့ရာ တစ်နေရာကို ကောက် ပြောလိုက်မည် ဖြစ်သည်။ ကျွန်တော် လိုက်ပို့သည်ကို လက်ခံ သည်၊ မခံသည်မှာ တစ်ဌာန။

'အိမ်မပြန်ချင်လည်း ဘယ်သွားမလဲ၊ ခင်ဗျားသွားချင်တဲ့ နေရာကို ကျွန်တော် လိုက်ပို့ပေးပါ့မယ်'

ကျွန်တော်က သူ့ကို အကဲစမ်း၍ ဒီမေးခွန်းကို ထပ်တလဲ လဲ မေးလိုက်သည်။

'ဟင့်အင်း၊ ကျွန်မမှာ ဘယ်ကိုမှ သွားစရာ မရှိဘူး။ တစ်ညလုံး ဒီလိုပဲ ခြေဦးတည့်ရာသွားမှာပဲ'

ကျွန်တော့်အတွက် ရတနာပုံဆိုက်ချေပြီ။ ဒီလောက် ကြိုး လျှော့၍ ကစားသည်ကိုပင် ရုန်းမထွက်ဘူးဆိုလျှင် ကျွန်တော့် အတွက် သေချာပေပြီ။

ကျွန်တော်သည် သူ့ဘေးကို ပို၍ နီးသွားအောင် ကပ် လိုက်သည်။ သူ့ကိုယ်မှ မွှေးပျံ့သော ဂိုယာရေမွှေးနံ့သည် သင်းသင်းပျံ့လာသည်။ သူသည် အင်္ကျီရပ်ကာ မျက်ရည် ခြောက်စပြုပြီဖြစ်၏။ ပြီးမှ ကျွန်တော့်ဘက်သို့ တစ်ချက် အကဲခတ်၍ကြည့်လိုက်သည်။

'ဒီလိုသွားနေရင်တော့ မဖြစ်ဘူး၊ ခင်ဗျား ပြန်ချင်တဲ့ နေရာကိုပြော၊ ကျွန်တော် လိုက်ပို့မယ်၊ ဒီလိုမှမဟုတ်ရင်

ကျွန်တော်သည်
မိန်းမပျိုကို
ကြည့်ရင်း
ပို၍
သကာမကောင်း
ဖြစ်လာသည်
ဇေကန္တ
မိန်းမကောင်းတော့
ဟုတ်မှာ
မဟုတ်ဘူး
အရပ်ပျက်မလေးပဲ
ဖြစ်မှာပဲဟု
ထင်လာသည်
ကျွန်တော်သည်
ဒီလောက်လှသော
မိန်းကလေးနှင့်
စွန့်စားခန်းကို
တွေ့ချင်လာသည်
ကျွန်တော်သည်
ဒီလို
စွန့်စားခန်းများကို
တစ်ခါမှ
မတွေ့ဖူးခဲ့ပေ

ခင်ဗျားကို ကိုစိုးဆီ ပြန်ပို့ ပေးမယ်'

ကျွန်တော်က တစ်ဖက် လှည့်၍ ကြိုးကိုတင်းလိုက် ပြန်သည်။

'ဟင့်အင်း သူတို့ဆီ လည်း ကျွန်မ မပြန်တော့ဘူး၊ နေပါစေရှင်၊ ကျွန်မထိုက်နဲ့ ကျွန်မကံ ရှိပါစေတော့'

ဒီလို ကြိုးတင်းပြန်တော့ လည်း မရုန်း၊ စိတ်ချရပြီ။ ဒီလောက် အလျှော့အတင်း လုပ်၍မှ မရုန်းရင်တော့ ဒီ သားကောင်သည် ကျားပါး စပ်တွင်းမှ လွတ်တော့မည် မဟုတ်တော့ပေ။

မိန်းမပျိုကိုကြည့်ရင်း ကျွန်တော့်စိတ်ရိုင်းစိတ်ယုတ် မာတို့သည် မီးအလျှံလို တောက်ပြီး လာကြသည်။ ဒီနေ့ညတော့ သူ့ကိုအလွတ် မပေးတော့။ ကျွန်တော့်ပိုက် ကွန်ထဲတွင် တဖြည်းဖြည်း ယင်းသွင်းကာ ကျွန်တော့် စွန့်စားခန်းဖွင့်မည်။ ပြီးတော့ ကျွန်တော့်စွန့်စားခန်းကို မိတ် ဆွေတွေရှေ့မှာ ရင်ကော့၍ ဝင့်ကြွားပြမည်။

'ဒီမှာ ကျွန်တော် ခင်ဗျားကို ကူညီပါရစေဗျာ နော်၊ ခင်ဗျားလို အင်မတန် လှပချောမောတဲ့ မိန်းကလေး တစ်ယောက်အဖို့ ရန်ကုန်မြို့ ကြီးရဲ့ညဟာ အင်မတန် အန္တရာယ်များပါတယ်။ ဒီတော့ ခြေဦးတည့်ရာကို လျှောက်မသွားပါနဲ့လို့ ကျွန်တော် တောင်းပန်ချင်ပါ တယ်'

ကျွန်တော်က ဝတ္ထု တွေထဲက ဇာတ်လိုက်များလို ချွဲပျစ်ပျစ်ကပ်၍ ပြောလိုက် ပါသည်။

'မထူးပါဘူးရှင်၊ ဒီလို ကူညီစောင့်ရှောက်တတ်တာ ကျေးဇူးတင်ပါတယ်၊ ကျွန်မ ထိုက်နဲ့ ကျွန်မကံ ဖြစ်ချင်ရာ ဖြစ်ပါစေတော့'

ဒီစကားမှာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ပစ်လိုက်သော ကျော့ကွင်းတွင် အသာအယာ လိုက်လာခြင်းဖြစ်သည်။ ကျွန်တော်သည် သားကောင်စားရအံ့သော ကျားရဲတိရစ္ဆာန်လို ကျေနပ်နေသည်။

'ကိုယ်ကျင့်တရားဆိုတာဟာ အလကားပဲ၊ ကိုယ်ကျင့်တရား ကောင်းတာ၊ မကောင်းတာကို ဒီလူတွေက ဒီလောက်လိုက်ကြည့်နေတာလည်း မဟုတ်ပါဘူး။ ကိုယ်ကျင့်တရားမှာ အဖောက်ပြန်ဆုံးဆိုတဲ့ လူတွေကိုလည်း လူ့အဖွဲ့အစည်းမှာ အရေးတယူ လုပ်နေကြတာပဲ၊ ဒီသားကောင်ကို ငါ မဖမ်းရင်လည်း တခြား သားရဲတိရစ္ဆာန်တွေက ဖမ်းစားကြမှာပဲ'

ကျွန်တော့်စိတ်ထဲတွင် ပေါ်လာသော အတွေးများ ဖြစ်ပါသည်။

သို့နှင့် ကျွန်တော်တို့ မဂိုလမ်းကိုကျော်ကာ လဟာပြင်ဘက်ဈေးနားသို့ ရောက်လာကြသည်။

'ကဲ ဘယ်သွားကြမလဲ ဆို'

ကျွန်တော်က မေးလိုက်သည်။

'ကျွန်မလည်း မပြောတတ်ဘူး။ နာ့စ်ကွာတာမှာတော့ ကျွန်မသူငယ်ချင်းတွေ ရှိတယ်၊ သူတို့ဆီ သွားရမလား'

အမှန်ကတော့ သူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းလို၍ ပြောခြင်းသာ ဖြစ်မည်ထင်သည်။ နာ့စ်ကွာတာမှာ ဒီအချိန်တွင် ဘယ်သူက အဖွင့်ခိုင်းခိုင်း ဖွင့်ပေးမည်မဟုတ်သောနေရာ ဖြစ်၏။ အစောင့်အကြပ်တွေ ထူထပ်လှသောနေရာ ဖြစ်၏။

'ဒီအချိန်မှာ ပိတ်နေပြီ ထင်တယ်၊ ဒါပေမဲ့လေ သွားတော့ကြည့်သေးတာပေါ့၊ ဖွင့်မပေးလဲ လျှောက်လျှားပေါ့'

သားကောင်ကို ဖမ်းရသည်မှာ စိတ်ရှည်ဖို့လို၏။ ဒီလိုအချိန်မတော်ကြီး ဖွင့်၍ပေးမည် မဟုတ်သော နေရာသို့ ကျွန်တော် သူ့ကို ဘာကြောင့် လိုက်မပို့ဘဲ နေရမည်နည်း။

'ကျွန်မဘဝကိုက ဆိုးပါတယ်ရှင်··· သူ့ကို··· သူ့ကို···'

မိန်းမပျိုသည် ရှိုက်၍ ငိုပြန်သည်။ ကျွန်တော်တို့နှစ်ယောက်ကို လမ်းသွား လမ်းလာတွေက လှည့်ကြည့် လှည့်ကြည့်နှင့် ဖြတ်သွားကြသည်။

'ဘယ်သူလဲ'

'ကိုစိုးအောင်ပေ့ါ၊ သူ့ကို ချစ်လွန်းလို့ ကျွန်မ တစ်ကိုယ်လုံး ပုံအပ်ခဲ့တယ်။ ကျွန်မ ထရိန်နင်တက်နေတုန်း(သူနာပြုသင်တန်းကို ဆိုလိုဟန်တူပါသည်) သူနဲ့ တွေ့တယ်။ သူက မနေနိုင်လို့ တိတ်တိတ်ပုန်း လက်ထပ်ရအောင်ပါဆိုလို့ ကျွန်မ သူနဲ့ ရုံးမှာ တိတ်တိတ်ပုန်း လက်ထပ်ခဲ့တယ်၊ တစ်ည ခွင့်မတိုင်ဘဲ တစ်ညလုံး ထွက်မိတာနဲ့ ကျွန်မကို ထရိန်နင်က ထုတ်ပစ်လိုက်လို့ လျော်ကြေးတွေ ပေးခဲ့ရတယ်'

မိန်းမပျိုသည် ရှိုက်၍ ရှိုက်၍ ငိုနေသည်။ ကျွန်တော်၏ စိတ်ကူးယဉ် ရဲတိုက်ကြီးမှာ ပြိုဆင်းသွားသည်ဟု ထင်လိုက်ရသည်။ ကျွန်တော့်မျက်လုံးများသည် ပြာဝေသွားသည်ဟု ထင်ရသည်။ ကျွန်တော်သည် ဘာမှ မပြောနိုင်ဘဲ သူ့ကို တအံ့တသြေးကြည့်ရင်း လိုက်လာမိသည်။

'ဒါနဲ့ သဃ်္ဃန်းကျွန်းက ကျွန်မတို့အိမ်ကို ပြန်ခဲ့ရတယ်၊ ဒီအတောအတွင်း သူ့မိဘတွေက သူတို့နဲ့ ကျေးဇူးမကင်းတဲ့ ကမာရွတ်က မိန်းကလေးနဲ့ ပေးစားလိုက်တယ်၊ ဒီတင် သူ အရက်တွေသောက်ပြီး မိဘစကားလည်း နားမထောင်ဘဲ ထင် ရာစိုင်းလို့ ···၊ ကျွန်မကပဲ ကျွန်မနဲ့ လက်ထပ်ထားတာကို ဖုံးထားပြီး ကမာရွတ်က မိန်းကလေးကို လူသိရှင်ကြား လက် ထပ်လိုက်ပါလို့ ကျွန်မကပဲ တိုက်တွန်းပြီး အလျှော့ပေးခဲ့ တယ်။ တကယ်တော့ ကျွန်မက မယားကြီး၊ ကမာရွတ်က မိန်းမက မယားငယ်ပါ၊ ဒါပေမဲ့ လူတွေအမြင်မှာတော့ ကမာ ရွတ်က မိန်းမဟာ မယားကြီး၊ ကျွန်မက မယားငယ်၊ အငှား မယားဖြစ်နေပြီ'

ကျွန်တော်သည် သူ့စကားများကို နားထောင်ရင်း ကိုယ့် လိပ်ပြာကိုယ် ရှက်လာသည်။ ဒီလို သဘောထားကြီး၍ ရိုးသား အပြစ်ကင်းသော မိန်းမပျိုတစ်ယောက်ကိုမှ စိတ်ဆိုးစိတ်ယုတ် တွေနှင့် ကြံစည်မိလေခြင်းဟု နောင်တရလာသည်။ သူ့စကား များကို ကြားလိုက်ရသည်နှင့် ကျားသတ္တဝါတို့၏ စိတ် စိတ်ရိုင်းတို့သည် တစ်ချက်တည်း လွင့်စဉ်ကွယ်ပျောက်သွား ကြသည်။

'ကျွန်မတို့ လက်ထပ်တာကို ကျွန်မအိမ်ကလည်း မသိ ဘူး။ ဒီနေ့ ကျွန်မ နာ့စ်လုပ်ဖို့ သူ့ သူငယ်ချင်း ဆရာဝန်တစ် ယောက်ဆီ လိုက်ပြောပေးမယ်ပြောလို့ ကျွန်မ သူ့ကို မနေ့ ၁၁ နာရီခွဲကတည်းက စောင့်နေတာ အခုထိ ပေါ်မလာဘူး ဒီအချိန် ကျွန်မတော့ အိမ်လည်းပြန်လို့ မဖြစ်တော့ဘူး'

မိန်းမပျိုသည် ရှိုက်ကြီးတငင် ငိုနေသည်။

ကျွန်တော်တို့ နှစ်ယောက်သည် လဟာပြင်ဈေးအ ရွှေတိဂုံဘုရားလမ်းဘေး ပလက်ဖောင်းပေါ်တွင် ရပ်လိုက်ကြ သည်။

'ကဲ··· အိမ်မပြန်ရဲရင်လည်း နာ့စ်ကွာတာမှာ ဝင်အိပ် တော့။ ဒီအတိုင်း လျှောက်သွားနေလို့တော့ မဖြစ်ဘူး'

ကျွန်တော့်အသံသည် တုန်ယင်လျက်ရှိသည်။ ကျွန်တော် သည် မလုံမလဲဖြစ်လာသည်။ သူ့ကိုလည်း သနားလာသည် ကျွန်တော့်ရင်ကား တဒိတ်ဒိတ်ခုန်နေပေ၏။

'နာ့စ်ကွာတာက ဒရဝမ်က ဖွင့်မှ ပေးပါ့မလား မသိဘူး ခက်တာပဲရှင်'

သူက ခေါင်းကုတ်၍ ညည်းနေ၏။

'လာဗျာ သွားအဖွင့်ခိုင်းကြည့်မယ်'

ကျွန်တော်တို့နှစ်ယောက်သည် ဆေးရုံကြီး ရင်ခွဲရုံဂိတ် ဘက်သို့ ကူးလာခဲ့ကြသည်။ ရင်ခွဲရုံဘက်မှာတော့ မှောင်မဲ နေပေ၏။

'ဟေး ဒရဝမ် ဒရဝမ်'

ကျွန်တော်က လှမ်း၍ ခေါ်ကြည့်သည်။

အထဲက ဘာသံမှ မကြားရပေ။ ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com

ငါးမိနစ်၊ မိနစ်နှစ်ဆယ်ကြာမျှ ဒရဝမ်ကို အော်ခေါ်သည်။ အထဲက ဘာသံမျှ မကြားရ။

နာရီမှာ ၁၁ နာရီခွဲပေပြီ။

'ကဲ ရှင် ဒရဝမ်လည်း ခေါ်လို့ မရတော့ဘူး၊ ကျွန်မကို ယုံကြည်စိတ်ချရတဲ့ အိမ်တစ်အိမ် ပို့ပေးပါ၊ ရှင် မပို့ပေးဘူး ဆိုရင်လည်း ကျွန်မဘာသာ ခြေဦးတည့်ရာပဲ သွားတော့မယ်'

သူက ကျွန်တော့်ဘက် လှည့်၍ အားနာဟန်ဖြင့် ဆို၏။

သည်စကားမှာ စောစောက ကျွန်တော် 'ချောင်း'နေသော အကွက်ထဲသို့ ဝင်လာခြင်း ဖြစ်သည်။ ဒီလို ရိုးသားသည့် မိန်းကလေးများမှာ သာ၍ အဖမ်းရပင် လွယ်သေးသည်။ သို့ရာတွင် ကျွန်တော့်တွင် မာန်ဖီနေသောစိတ်တို့ မရှိတော့ပါ။ ရှက်စိတ်နှင့် သနားစိတ်သာ ရှိပါတော့သည်။

'ဟာ မဖြစ်ဘူး ထင်တယ်၊ ကျွန်တော့်အိမ်မှာလည်း မိန်းကလေးတစ်ယောက်အဖို့ အိပ်စရာ မရှိဘူး၊ ပြီးတော့ အသိမိတ်ဆွေအိမ် သွားနိုးရမှာလည်း မကောင်းဘူး။ ဒီတော့ ခင်ဗျား အိမ်ကို ပြန်ပါ၊ ကျွန်တော် လိုက်ပို့မယ်'

'အိမ်တော့ ပြန်လို့ မဖြစ်ဘူးထင်တယ်'

'အိမ်မပြန်ရင် ခင်ဗျားကို ကျွန်တော် ရဲဌာနဖြစ်ဖြစ် သွားအပ်ရလိမ့်မယ်။ အဲဒီက ဝိုင်ယာလက်ကားတစ်စီးရဲ့ အကူအညီနဲ့ အိမ်ကို ပို့ရလိမ့်မယ်။ ခင်ဗျား ဒီလိုနေလို့ မဖြစ်ဘူး'

ကျွန်တော်က အစ်ကိုကြီးတစ်ယောက်က ညီမလေးတစ်ယောက်ကို ဩဝါဒပေးသံဖြင့် ပြောလိုက်ပါသည်။ တကယ်သည်း ကျွန်တော့် ညီမလေးတစ်ယောက်လို စိုးရိမ်၍ လာပါသည်။ အကယ်၍သာ သူက သူ့အကြောင်းကို စောစောစီးစီး ရှင်းမပြောခဲ့မိလျှင်…၊ ကျွန်တော်ကလည်း စောစောက အောင်တမရခဲ့လျှင်…။

'ဟော ဟော ဒရဝမ် ထင်တယ်၊ ဟော့ ဒရဝမ် တံခါးဖွင့်ပေးစမ်းပါ။ ဆရာမ အိမ်ပြန် နောက်ကျလို့'

ကျွန်တော်က ရင်ခွဲရုံအကွယ်မှ ထွက်လာသော ဒရဝမ်ကို လှမ်းခေါ်လိုက်သည်။ အစသော် ဒရဝမ်သည် ကျွန်တော်တို့ကို မယုံသလို ကြည့်နေသည်။ ကျွန်တော်တို့၏ အခြေအနေကို အကဲခတ်ပြီးမှ တံခါးကို ဖွင့်ပေးလိုက်သည်။

'ကဲ ကဲ သွားတော့ သွားတော့၊ မနက်ကျရင် အိမ်ကို ကောင်းကောင်းပြန်နော်၊ ကျွန်တော် ကိုစိုးတို့ကိုလည်း သွားပြောလိုက်မယ်၊ ကျွန်တော့်နာမည် (....)ပါ၊ ဂွတ်နိုက်'

ကျွန်တော်က သက်ပြင်းကို အနိုင်နိုင်ချကာ နှုတ်ဆက်လိုက်၏။ ဒီတော့မှ မိန်းမပျိုသည် ကျွန်တော့်ကို ကျေးဇူးတင်ဟန်ဖြင့် ပြုံးပြုံးကလေးကြည့်ကာ-

'ကျေးဇူးပါပဲရှင်၊ ကျွန်မ ရှင့်လို လူကောင်းနဲ့ တွေ့လို့ ရတာပေါ့၊ မသမာသူနဲ့များ တွေ့ရင်… အမယ်လေး…'

မိန်းမပျိုက ကြက်သီးထဟန်ဖြင့် ကိုယ်ကလေးလှုပ်၍ ခေါင်းညွှန့်ပြကာ နှုတ်ဆက်သည်။

'ဩော် ကျွန်မနာမည် ပင်စီတဲ့၊ ပင်စီခင်မောင်လို့ ခေါ်ပါတယ်၊ နောက်တွေ့ရင်လည်းနှုတ်ဆက်ပါနော်၊ ဂွတ်နိုက်'

ပင်စီသည် ဒီလိုပြောလိုက်တော့ ကျွန်တော်သည် ပို၍ရှက်လာပါသည်။

ကိုယ်ကျင့်
တရားမှာ
အဖောက်ပြန်ဆုံး
ဆိုတဲ့
လူတွေကိုလည်း
လူ့အဖွဲ့အစည်းမှာ
အရေးတယူ
လုပ်နေကြတာပဲ
ဒီသားကောင်ကို
ငါ
မဖမ်းရင်လည်း
တခြား
သားရဲ
တိရစ္ဆာန်တွေက
ဖမ်းစားကြမှာပဲ

မိတ်ဆွေတွေက လူအလှည့်ဟု အပြောခံရမှာကို လွဲမှားစွာ ရှက်တတ်သော ကျွန်တော်၏ နွားစိတ်နှင့် မိန်းမချောချောလှလှမြင်တိုင်း မာန်ဖီတတ်သော ကျားစိတ်၊ ဒီစိတ်နှစ်ခုသည် ကျွန်တော့်ကို တစ္ဆေခြောက်နေကြသည်။

ကျွန်တော်သည် မှောင်ထဲတွင် ပျောက်ကွယ်သွားသောပင်စီကို ငေး၍ကြည့်နေပြီး လှည့်ထွက်လာခဲ့သည်။ ဘယ်ကိုရောက်၍ ဘယ်ရောက်မှန်းမသိပေ။

ကျွန်တော်၏ စိတ်ဆိုးစိတ်ယုတ်ကို ကိုစိုးတို့၊ မောင်စိုးအောင်တို့သိလျှင် ဘယ်လိုထင်ကြမည်နည်း။ ပင်စီသိလျှင် ဘယ်လိုများအောက်မေ့မည်နည်း။

လမ်းလျှောက်လာရင်း ကျွန်တော့်ခြေထောက်များသည် မဂိုလမ်းဂါတ်တဲ ကျောဘက်က အရက်ဖြူဆိုင်သို့ ရောက်သွားသည်။

မိုးသည် တဖွဲဖွဲရွာတုန်းပင်ဖြစ်သည်။ သို့ရာတွင် ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေပြန်ကာ စိုရွှဲနေသည်။ ရင်သည် တဒိတ်ဒိတ်ခုန်လျက်ရှိသည်။

ကျွန်တော်သည် ဟထားသော ပျဉ်ထောင်တံခါးကြားမှ အရက်ဖြူတစ်စိတ်ကို သံပရာဆော်ဒါနှင့် အရောခိုင်းလိုက်သည်။ နောက် ပျဉ်ပြားကြားမှ အရက်ခွက်ကို လှမ်းယူလိုက်ပြီး ရေငတ်နွားလို တကျိုက်ကျိုက် မော့၍သောက်ချလိုက်သည်။

အား… ပူလောင်ပြင်းပြလှပါတကား။ ■

မြသန်းတင့်



www.burmeseclassic.com

www.burmeseclassic.com



# America ကလာတဲ့ စာတစ်စောင် (၃)

## မောင်သာရ

မှန်တာပြောရင် သစ္စာပါ။ ကျုပ် ငယ်စဉ်တုန်းက…ငယ်စဉ်တုန်းကဆိုတာ တက္ကသိုလ်မရောက်ခင် အထိပေါ့နော်။ ကျုပ်က စာရေးဖို့လဲ ဝါသနာ မပါခဲ့ဘူး။ စာတိုပေစ ကဗျာတွေ ဘာတွေလဲ ယောင်လို့မှ မရေးခဲ့ဖူးဘူး။ စာရေးဆရာ ဖြစ်ချင်တဲ့ စိတ်ကူးမျိုးလဲ တခါမှ မပေါက်ဖူးပါဘူး။ ဗမာစာနဲ့ပတ်သက်ရင် ပြောစရာ တခုပဲ ရှိတယ်။ ၈တန်း ၉တန်းလောက်တုန်းက ဗမာစာသင်တဲ့ ဆရာက စာစီစာကုံး ရေးခိုင်းတဲ့အခါတွေမှာတော့ အမြဲတမ်းလိုလို ရှုတ်ချ ဝေဖန် အရှက်ခွဲခံရလေ့ရှိတယ်။ ဆရာက အမှားအမှန်စစ် အမှတ်ပေးဖို့ အိမ်ယူသွားပြီး နောက်တပတ်အကြာ ပြန်ချပေးတဲ့အခါမှာ ကျုပ်ရဲ့စာစီစာကုံး စာအုပ်ကို ဘယ်တော့မှ သူများနည်းတူ အသာတကြည် ပြန်မပေးတတ်ဘူး။ ကျုပ်ရေးလိုက်တဲ့အထဲက တချို့ဝါကျတွေကို ပြန်ဖတ်ပြ ရှုတ်ချ ဝေဖန်ပြီးမှသာ ကျုပ်ရဲ့ငယ်ထိပ်ပေါ် စာအုပ်နဲ့လာနှိပ်ပြန်ပေးလေ့ရှိတယ်။ 'သည်ကောင်က စာရေးတာ ရိုးရိုးမရေးဘူး၊ လွှတ်ချေးတုံးကြီးတဲ့ကောင်' တဲ့။ ကျုပ်က သူ့လို စာသင်ပြနေတဲ့ အင်္ဂလိပ်စာဆရာမရဲ့သားမှန်းလဲ သိတယ်။ ရောက်ရာအတန်းရဲ့ လစဉ်စစ် စာမေးပွဲတိုင်းမှာလဲ ကျုပ်နဲ့ တခြားကောင်မလေး တစ်ယောက်က အမြဲတမ်း ပထမရဲ့ ဒုတိယ လုနေကြတဲ့ထိ စာတော်ကြမှန်းပါသိတယ်။ ဒါပေမယ့် ဆရာက ကျုပ်ကိုသာ ဝကွက်ပုက်ရယ် ပြုတယ်။ ကျုပ်ကလဲ ဆရာသင်သလို ဘယ်တော့မှ

လိုရင်းတိုရှင်း မရေးဘူး။ 'ညဥ့်သုံး…
မှာ ညဥ့်ဦးယံမှာလည်း အိပ်မပျော်…
သန်ကောင်ယံမှာလည်း အိပ်မရ၊ …
သောက်ယံခါရောက်မှသာ အိပ်နိုင်…
တော့၏' လို့ ကွန့်လိုက်ညွှန့်လိုက်…
သကို။ ဆရာက ပွဲကျအောင် ပြန်…
ပြပြီး အဆီတထပ် အသားတ…
ကောင်းကောင်းကြီး ထောမနာပြု…
တာပေါ့။ ကျုပ် မမေ့ပါဘူး။ ဆ…
နာမည်က ဆရာဆောင်ပါ။ နိုင်ငံ…
ထင်ရှားခဲ့တဲ့ သမိုင်းသုတေသီ ဗိုလ်…
ဘရှင်ရဲ့အဖေပါ။ ကျုပ် ကြီးပြင်…
ခါမှ ဆရာကျေးဇူးကို သိတယ်။ …
ကြောင့် ကျုပ် မြန်မာစာကို အာ…
လာခဲ့ပြီး စာရေးဆရာ ဖြစ်…

www.burmeseclassic.com

www.burmeseclassic.com

လို့တောင် ဆိုနိုင်တယ်။ ဒါပေမယ့် ကျုပ် ထိုင်ရှိခိုးဦးချပြီး ကန်တော့ချင်တဲ့အချိန် ရောက်တော့ ဆရာက မရှိတော့ဘူး။ နောက်ကျသွားပြီ။ သိတယ်နော်…။ အသိတရားဆိုတာ နောက်ကျတတ် ရိုးထုံးစံ။

ပြီးတော့လဲ သိတယ်နော်…။ လူ့ဘဝဆိုတာကလဲ highway လမ်းမကြီးပေါ်မှာ မောင်းနေတဲ့ကားနဲ့တူတယ်။ ရပ်ချင်တဲ့နေရာကို လွန်သွားရင် ရုတ်တရက် နောက်ပြန်လှည့်လို့ မရတတ်ဘူး။ ပြန်လှည့်ချင်တဲ့တိုင် ဦးတည်ရာ ရှေ့ကိုသာ တမျှော်တခေါ်ကြီး မောင်းလေဦး။ ပြီး highway လမ်းမကြီးဆိုတာ ယာဉ်ကြော lane တွေက များချင်တဲ့အခါ များပါဘိသနဲ့။ အလယ်ယာဉ်ကြောပေါ်ကလဲ ယာဉ်ကြော လုံးဝမပြောင်းပါပဲ လျက် ဘယ်ညာဘေးဘက်ယာဉ်ကြောတွေထဲ ဝင်လို ဝင်။ တခါတရံ ဘေးဘက်ယာဉ်ကြောကလဲ exit lane နဲ့ ပေါင်းမိပြီး ကိုယ်ဦးတည်ရာမဟုတ်တဲ့ တခြားမြို့တမြို့မြို့ထဲ ဝင်သွားပါလေရော။ ကျုပ်ရဲ့ဘဝကလဲ အဲလိုပဲ။ ဘယ့်နယ်…ကြံကြံဖန်ဖန်၊ ကျုပ်က တက္ကသိုလ်ဝင် matriculation စာမေးပွဲမှာ သင်္ချာဘာသာဂုဏ်ထူးရသတဲ့။ ရတာမှ တနိုင်ငံလုံးမှာတောင် ပထမရတာဆိုပဲ။ တက္ကသိုလ်မှာ ကျောင်းဝင်လျှောက်လွှာတင်ခါမှ သင်္ချာဌာနပါမောက္ခကခေါ်တွေ့ပြီးပြောလို့ အပြည့်အစုံသိရတယ်။ ကျုပ်သာ တက္ကသိုလ်မှာ သင်္ချာဘာသာကို ဆက်သင်မယ်ဆိုရင် scholarship တလ ၇၅ကျပ်ရမယ်တဲ့။ (အဲသည်ကာလ လွတ်လပ်ရေးရခါစမှာ အောက်တန်းစာရေးလစာက ၁၂၆ကျပ်ရယ်)ပြောလဲ ပြောပြလိုက်ရော ဘာပြောကောင်းမလဲ။ "သူ့ဘာသာကို သူသင်လေ ချာလေပဲလို့" အမတွေက ဝိုင်းအလှောင်အပြောင်ခံနေခဲ့ရတဲ့ ကျုပ်အဒေါ်အပို့ကြီးထွေးမေမေ တခါတည်း ထ.ကတော့တာပဲ။ ထွေးမေမေ အထပြ တချီသေရှာမ လက်မ ၂ချောင်း ပြိုင်ထောင်ပြီပေါ့။ ကျုပ်ကတော့ အိမ်ထဲက အိမ့်ပြင် ခုမှ လွတ်လယ်ရေးတဲ့ ... သား။ ဘာသိမှာလဲ။ ထွေးမေမေ မြှောက်ပေးတာ ဟုတ်လှပြီထင်ပြီး… ကျုပ် ဝါသနာပါလာကိစနဲ့ ပါရင်းစွဲဖြစ်တဲ့ မြန်မာစာပေနဲ့ အင်္ဂလိပ်စာပေ ဘာသာတွဲ double literature combination ကို စွန့်လွှတ်လိုက်တယ်။ scholarship ရတယ်ဆိုတဲ့ ဂုဏ်ပုဒ်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး ကျုပ်လုံးဝ ဝါသနာမပါတဲ့ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲ pure science combination ကို ယူလိုက်တယ်။ သိပ္ပံဘာသာတွဲစစ်စစ်နဲ့ ဝိဇ္ဇာဘာသာတွဲစစ်စစ်…highway မှာ ဘေးအစွန်းနှစ်ဖက်…destination ပန်းတိုင်ချင်း ဝေးပြီပေါ့။

ဒါပေမယ့် သိတယ်နော်။ လူ့ဘဝဆိုတာက ကောင်းကင်မှာ တိမ်ညိုမိလ္လာ၊ တိမ်စုကာနှင့်၊ တိမ်ပြာရောယှက်၊ မရမ်းဖက်ရှ၊ တိမ်သက်တန့်ရောင်၊ အဝါဘောင်ဝယ်၊ မှောင်ခဲ့တခါ၊ ပြာခဲ့တချို့၊ ညို့ခဲ့တလီ၊ ရီခဲ့တဖုံ ဆိုတာမျိုး။ ခုနီ ခုပြာ ခုဝါ ခုမှိုင်းနဲ့ သိပ္ပံလဲမဖြစ်၊ ဝိဇ္ဇာလဲ မဖြစ်ခဲ့ဘူး။ ကျောင်းဆောင်သဟာယနဲ့ စာဖတ်အသင်းက စပြီး ကျောင်းသားအရေးမှာ ပါ၊ တိုးတက်သော ကျောင်းသားအင်အားစုဝင် ဖြစ်၊ ကျောင်းသားသမဂ္ဂမှာ ခေါင်းဆောင်၊ ၅၃ခုနှစ် အောက်တိုဘာ သီတင်းကျွတ် ကျောင်းသား အရေးအခင်းနဲ့ ကြုံ၊ သပိတ်တိုက်ပွဲ ဆင်နွှဲကြရော ဆိုပါတော့။ အဲသည်မှာ ကျုပ် အဖမ်းခံရတယ်။ ပုဒ်မ ၅နဲ့ ထောင်ထဲ ရောက်တယ်။ တက္ကသိုလ်က ရာသက်ပန်ကျောင်းထုတ်ခံလိုက်ရတယ်။ ဘဝလမ်း အပြောင်းအလဲတွေကတော့ ကောင်းကင်က တိမ်တွေလိုပါပဲ။ မြန်တယ်။(အကျယ်သိချင်ရင် ကျုပ်ရေးခဲ့တဲ့ "ကျဉ်တုတ် ခံဝံ့ မခံဝံ့" တို့ဖတ်ပါ)

တခါ…ငယ်တုန်းက ခြံထဲကခြံပြင် ထွက်မလည်ရ၊ အပေါင်းအသင်းမရှိရ၊ စာအုပ်နဲ့ မျက်နှာသာ အပ်နေခဲ့ရသလို ထောင်ထဲရောက်ပြီး တစ်ယောက်တည်းခွဲ တိုက်ပိတ်ထားခံနေရတော့



www.burmeseclassic.com

www.burmeseclassic.com



မောင်သာရ

…(ပြင်ပစာနယ်ဇင်းတွေတော့ ဖတ်ခွင့်မရ)…ကိုယ်တိုင် ရောက်နိုင်ခွင့်မရှိတဲ့ ထောင်စာကြည့်တိုက် ဆိုတာထဲက book of knowledge တို့၊ encyclopedia brittanica တို့ဆိုတဲ့ အင်္ဂလိပ်စွယ်စုံကျမ်းတွဲကြီးတွေ၊ဗုဒ္ဓဘာသာ ဓမ္မဒေသနာ ဓမ္မကထာကျမ်းတွေနဲ့သာ မျက်မှောက်ပြုနေခဲ့ရတယ်။ သည်ကျမ်းတွဲကြီးတွေကို ကျေးဇူး တင်ရမယ်။ သည်ကျမ်းတွဲကြီးတွေထဲက ကောင်းနိုးရာရာတွေကို ထုတ်နုတ်ရေးမှတ်ဖို့ ကဒ်ထူဖုံး ဗလာစာအုပ်တအုပ်နဲ့ ကလောင်တံကလေးတချောင်း ပေးပါလို့ တောင်းဆိုတာ ရခဲ့တယ်။ စာအုပ်ရဲ့ စာရွက်တိုင်းမှာတော့ အကျဉ်းထောင် တံဆိပ်နှိပ်၊ စာမျက်နှာနံပါတ်တွေ တပ်ပေးတယ်။ 'ဤကဒ်ထူဖုံးနှင့် စာရွက် ၁၀၈ ရွက်ပါ ဗလာစာအုပ်ကို အကျဉ်းသား မောင်သိန်းလွင် မှတ်စုရေးရန် ထုတ်ပေးလိုက်သည်။ အတွင်းစာရွက်များ ဆုတ်ဖြဲခြင်း မရှိစေရ'လို့ ရှေ့ဖုံးအတွင်းမှာ ရေးပြီး ထောင်ပိုင်ကြီး ကိုယ်တိုင်လက်မှတ်ထိုး တံဆိပ်ရိုက်ထားတယ်။ ဘာပဲပြောပြော အဲသည် ဗလာစာအုပ်က ကျုပ်ရဲ့ ပထမဆုံး ရေးတဲ့ဝတ္ထု 'ညာရွှေတခက် ကြွေရက်စော' ဖြစ်လာခဲ့တာပဲ။ ဆိုပါတော့ ဘဝတက္ကသိုလ်က ကျုပ်ရဲ့သည်ဝတ္ထုစာမူ thesisနဲ့ ကျုပ်ကို စာရေးဆရာဘွဲ့နှင်းအပ်လိုက်တာဖြစ်တယ်။

ပြောရရင် ကျုပ်ရဲ့အကျဉ်းသားဘဝမှာ တ[illegible]င်စာရေးခွင့်လဲ မရခဲ့ပါဘူး။ ထောင်အာဏာပိုင်တွေကလွဲ[illegible] ဘယ်သူ လူတဦးတယောက်နဲ့မှ[illegible] စကားပြောခွင့် မရခဲ့ပါဘူး။ ဒါပေမ[illegible] ကျုပ်ကိုနေ့စဉ်လာပြီး သံတိုင်ကြားက[illegible] 'အစာကြေဆေး'လို့ဆိုတဲ့ ဆေးတခွ[illegible] လာတိုက်ရတဲ့ လူငယ်တယောက်နဲ့တော[illegible] ခဏတဖြုတ်စကားပြောရပါရဲ့။ ထော[illegible] ဆေးရုံမှာတော့ သူက '၁၂'မှတ် အကျ[illegible] သားဝန်ထမ်း။ ဆရာဝန်ခိုင်းတာလုပ်[illegible] တဲ့ 'သူနာပြု'ဆိုပါတော့။ ကျုပ်ထ[illegible] တောင် ငယ်ပါလိမ့်အုံးမယ်။ ကျော[illegible] သားအချင်းချင်း ခါးမြှောင်နဲ့ ၁၁ ချ[illegible] ထိုးသတ်ပြီး ထောင်ကျနေတာ[illegible] ကျုပ်ရဲ့ဝတ္ထုက သူ့အကြောင်း တက[illegible] အဖြစ်အပျက်ဖြစ်တယ်။ နောင် တ[illegible] လောက်ကြာတော့ အထူးရဲ့ spec[illegible] branch က ထောင်ပြင်ခေါ်ထုတ် ည[illegible] ပမ်းနှိပ်စက် စစ်ဆေးလို့အပြီးမှာ က[illegible] ကို ထောင်ထဲ ပြန်ပို့တယ်။ အဲသ[illegible] တော့မှ တခြားအကျဉ်းသားတွေနဲ့အ[illegible] အဆောင်ငယ်တစ်ဆောင်မှာနေရတယ[illegible] အဲသည်အဆောင်မှာ ကျုပ်တို့လို ပု[illegible] ၅နဲ့ ဖမ်းထားတဲ့ စာရေးဆရာသတ[illegible] စာဆရာ မောင်နေဝင်းနဲ့ တွေ့ရတယ[illegible] ကိုနေဝင်းကို ပြကြည့်ဖတ်ခိုင်းတယ[illegible] ကိုနေဝင်းက ရှုမဝမဂ္ဂဇင်းနဲ့ အသင့်တေ[illegible] ဆုံးဖြစ်တယ်လို့ မှတ်ချက်ချပြီး [illegible] ပြောတယ်။ ဒါပေမယ့် အခြေအနေအ[illegible] ဘယ်ပို့လို့ဖြစ်မလဲ။ ဥထားရုံပေါ့။

ဒါပေမယ့် ကံအားလျော်[illegible] နောက်၃လလောက်ကြာတော့ ကိုနေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

မှတ်တရက် လွှတ်ခွင့်ရတယ်။ ပုဒ်မ၅တွေရဲ့ထုံးစံအတိုင်း လွှတ်မယ့်ရက်ကို ဘယ်သူမှ ကြိုမသိရဘူး။ မနက်ဖြန့်နာရီမှာ လာပြောပြီး ချက်ချင်းထွက်ရမယ်တဲ့။ ကိုယ်မလွှတ်ပေမယ့် တခေါင်လုံးပျော်ကြွစမ်းသာကြွတယ်။ ကျုပ်လဲ ကဗျာကသီ အိပ်ရာလိပ်ကိုဖြေ၊ ခေါင်းအုံးကြားမှာ ဉထားတဲ့ ဗလာစာအုပ်ကလေးကို ထုတ်၊ အဖုံးတွေဆုတ်ပစ်ပြီး အတွင်းစာသား ချည့်ကို ကိုနေဝင်းလက် အပ်လိုက်တယ်။ သူလဲ ဖွက်ထည့်သွားပါတယ်။ စာမူက ဝတ္ထုနာမည်တော့ ပါပါရဲ့။ ကလောင်နာမည်ကတော့ နာမည်ရင်းလဲ သုံးလို့မရတဲ့အတွက် ရုတ်တရက်စဉ်းစားလို့ရတဲ့ 'သာရ'ပဲ ပါးစပ်နဲ့ ပေးလိုက်တယ်။

ကျုပ်ပြောချင်တာက ကျုပ်အကြောင်း ကျုပ်ဝတ္ထုအကြောင်း အဓိကမဟုတ်ဘူး။ ကျုပ်ရဲ့ အဲသည် 'ညာရွှေတခက် ကြွေရက်စော'ကို ဖတ်ကြည့်ပါ။ theme ဆိုတဲ့ ရည်ရွယ်ချက် ပါပါတယ်။ ဒါပေမယ့် ကလောင်လက်သစ်ဆိုတော့ ရည်ရွယ်ချက်ကို ပေါ်လွင်အောင် လှလှပပ မရေးတတ်ဘူး။ အမှန်ကတော့ အပစ်အခတ်အညစ်အသတ်တွေ လွှမ်းမိုးတဲ့ အနောက်တိုင်းရုပ်ရှင်တွေကို ကြည့်ဖန်များရာက သည်လိုကျောင်းသားအချင်းချင်း လူသတ်မှုဖြစ်ရတဲ့အကြောင်း theme လုပ် ရေးခဲ့တာပါ။ ဒါပေမယ့် စာသားစကားလုံး အနုအလှကလေးတွေက ဝတ္ထုတစ်ပုဒ်လုံးကို ဖုံးလွှမ်းနေတော့ theme က မှေးမှိန်ပျောက်ကွယ်သွားခဲ့ရတယ်။ သာမန်ကဗျာဆန်တဲ့ အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်သွားခဲ့ရတယ်။ သည်နေရာမှာ ကျုပ်အဓိကပြောချင်တဲ့ ဝတ္ထုတပုဒ်ရဲ့ theme ဆိုတဲ့ ရည်ရွယ်ချက် အကြောင်းကို ရောက်လာပြီ။ ဝတ္ထုတပုဒ်ကို အဆင့်မြင့်စေချင်တယ်၊ ပိုမိုတန်ဖိုးရှိစေချင်တယ်၊ classical ဖြစ်စေချင်တယ်ဆိုရင် စာရေးတဲ့လူကလဲ ရည်ရွယ်ချက်မရှိပဲ မရေးသင့်ဘူး။ သို့မဟုတ် စာရေးသူမှာ ပြောပြစရာ လူ့အကြောင်း လူ့သဘာဝ၊ လောကအကြောင်း လောကသဘာဝ တစုံတရာ ပြောပြစရာ message မပါပဲ မရေးသင့်ဘူး။ တချိန်တည်းမှာပဲ စာဖတ်သူကလဲ စာရေးတဲ့လူပြောလိုက်တဲ့ message, ပြလိုက်တဲ့ theme, ပေးလိုက်တဲ့ philosophy ကို အပြည့်



စာဖတ်အသင်းကစပြီး
ကျောင်းသားအရေးမှာပါ
တိုးတက်သော
ကျောင်းသား
အင်အားစုဝင်ဖြစ်
ကျောင်းသားသမဂ္ဂမှာ
ခေါင်းဆောင်
၅၃ ခုနှစ် အောက်တိုဘာ
သီတင်းကျွတ်
ကျောင်းသား
အရေးအခင်းနဲ့ကြုံ
သပိတ်တိုက်ပွဲ
ဆင်နွှဲကြရာဆိုပါတော့
အဲသည်မှာ
ကျုပ် အဖမ်းခံရတယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်သာရ

အဝရုရှိ ခံစားတတ်ချင်တယ်ဆိုရင် သူပြောတာ ပြတာ ပေးတာကို နားလည်အောင် သိအောင် ကြိုးစားအားထုတ်ဖို့လိုတယ်။ ဆိုလိုတာက ရေးတဲ့လူကလဲ တစုံတရာ ပေးရမယ်။ ပေးစရာ မရှိရင် မရေးနဲ့။ ဖတ်တဲ့ လူကလဲ ဖတ်ပြီးရင် ဆင်ခြင် စဉ်းစားပြီး သိနားလည်အောင် လုပ်ရမယ်။ ဒါမှသာ ရေးသူနဲ့ဖတ်သူရဲ့ အလုပ်ပန်းတိုင်ကို ရောက်တယ်။ ဥပမာကလေးတစ်ခု ပြောပြမယ်။ ၈၈၈၈ အရေးအခင်းကာလဝန်းကျင်က မြို့ကြီး ပြကြီးတွေမှာ curfew ညမထွက်ရအမိန့် ထုတ်ထားတယ်။ လမ်းမတွေပေါ်မှာ လက်နက်ကိုင်စစ်သားတွေ ကင်းလှည့်နေတာနဲ့ ခွေး၂ ကောင် ပြေးလွှားဆော့ကစားနေကြတာကို ရိုးရိုးရှင်းရှင်းကလေး ကျုပ်က ရေးပြတယ်။ အဲဒါ sketch ဝတ္ထုတိုတပုဒ်ပဲ။ စာဖတ်သူတွေက ကျုပ်ဘာပြောချင်တာလဲ ဆိုတာ သိကြတယ်။ ဝတ္ထုတပုဒ် ရသမြောက်အောင် သဒ္ဒတ်မတာ စတ်မတာ မဖြစ်ရအောင်ကတော့ စာရေးဆရာရယ်လို့ ဖြစ်လာမှ တော့ ပြောစရာမလိုပါဘူး။

တခါက ဆရာသိန်းဖေမြင့် ပြောဖူးပါတယ်။ လက်သမားလုပ်နေမှတော့ တူတို့လွှ
ဆောက်တို့ဓါးတို့ အကိုင်ကျွမ်းကျင်ကြရမှာပေါ့။ သည်မှာ ပြောဖို့လိုတာက ဝတ္ထု
တိုရမယ်တို့ ရှည်ရမယ်တို့လဲ ကန့်သတ်စရာ မလိုပါဘူး။ ကမ္ဘာကျော် nobel ဆု
the old man and the sea ဝတ္ထုက တခြားစာအုပ်တွေလို nobel မမည်ပါဘူး။ ဝတ္ထု
လတ် novelette သာ ဖြစ်ပါတယ်။ ဆုရတော့ ပညာရှင်တွေထဲမှာ အငြင်းအ
ဖြစ်ခဲ့ကြတယ်။ ဆိုလိုတာက အဆင့်မြင့်ဖို့ တန်ဖိုးရှိဖို့ ဂန္ထဝင်မြောက်ဖို့က သည်
ပေတံတွေနဲ့ တိုင်းဖို့မလိုပါဘူး။ ပြောဖို့ ပြဖို့ ပေးဖို့ပဲ လိုပါတယ်။

သည်နေရာမှာ ကမ္ဘာကျော်စာရေးဆရာကြီး Ernest Hemingway ရဲ့
ဆုရဝတ္ထုဖြစ်တဲ့ the old man and the sea ရဲ့ ဇာတ်လမ်းအကျဉ်းကို ကျုပ်ပြောပြမယ်
ဖြစ်နိုင်ရင်တော့ ကိုယ်တိုင်ဖတ်ရင် ပိုကောင်းတယ်။ မြန်မာပြန်လဲ ရှိခဲ့ဖူးတယ်
စာရေးဆရာ'သန်းဆွေ' မကွယ်လွန်မီက 'ပင်လယ်ပြာနဲ့ တံငါအို'လို့ ဘာသာ
ထားတာ တက္ကသိုလ်စာကြည့်တိုက်မှာ ရှာဖတ်နိုင်ရင် ဖတ်ကြည့်စေချင်တယ်။ ပြ
စာရေးဆရာ ပြောထား ပြထား ပေးထားတဲ့ philosophy ကို ရှာဖွေပေါ် ထုတ်
စေချင်တယ်။ အကျဉ်းချုပ် ဇာတ်လမ်းက…

'သည်ကနေ့က ၈၅ရက်မြောက်နေ့ ဖြစ်တယ်။ ကုန်ခဲ့တဲ့ ၈၄ရက်လုံးလုံး
santiago ငါးတကောင်မှ ဖမ်းမမိခဲ့ဘူး။ ဒါကြောင့် သည်အဖိုးကြီးနဲ့ ထည့်နေ
ဘာမှ အကျိုးမရှိဘူးဆိုပြီး အဖိုးကြီးနဲ့အတူလိုက်နေကျ သူတို့သားကလေး man
ကို သူ့မိဘက ပြန်ခေါ်ထားလိုက်ပြီ။ ငါးတကောင်မှ မမိဘူးဆိုမှတော့ ဟင်း
မရ၊ ငွေလဲ မရ၊ ပညာလဲ ဘယ့်နှယ်လုပ်ရနိုင်ပါ့မလဲ။ တော်ပြီ။ mano
ငယ်သေးလို့ ဘယ်သူကမှ အဖေါ်မခေါ်ချင်လဲ အိမ်မှာပဲ နေပလေ့စေတော့။
မယ့် manolin က အဖိုး santiago ကို သံယောဇဉ်ရှိတယ်။ အဖိုး santiago နဲ့
ရတာ ကမ်းလွန်ရေတိမ်ပိုင်းနေ ငါးတွေရဲ့သဘာဝနဲ့ အမျိုးအမည်တွေကိုသာ
မကဘူး။ ပင်လယ်အရောင်ရဲ့ပရိယာယ်၊ current တွေရဲ့အန္တရာယ်၊ ကောင်း
တိမ်တောင်တိမ်လိပ်တွေရဲ့ အတိတ်နိမိတ်တွေကိုလဲ နားလည်ရတယ်။ ဒါ
africa က တောဘုရင် ခြင်္သေ့တွေအကြောင်းလဲ သိရတယ်။ america က လက်
ပြေးရတဲ့ ဘောလုံးဘုရင်တွေအကြောင်းလဲ သိရတယ်။ ဗဟုသုတစုံရတယ်။
တယ်။ သည်မနက်လဲ သူမလိုက်ရတော့ပေမယ့် အဖိုးစားဖို့သောက်ဖို့တွေ
ပေးတယ်။ အဖိုးကလဲ စိတ်မကောင်းဖြစ်ပေမယ့် သူ့တံငါလှေကလေးနဲ့သူ
ခတ်ပြီး ပင်လယ်ပြင် ထွက်ခဲ့တယ်။ အုံ့ဩစရာပဲ၊ သည်ကနေ့ကျမှ နေမွန်းတိ
မှာ သူ့ငါးမျှားကြိုးကို အောက်ကဆွဲနေပြီ။ သေချာအောင် ငါးမျှားချိတ်မှာ တ
တဲ့ငါးစာရုပ်ကို ပညာနဲ့ကူးခိုင်းတယ်။ သည်တော့မှ ငါးစာကိုမလွတ်အောင်
တော့မှာကို။ သေချာပြီ။ ရေပေါ်ဖော့ဖူးလဲ ရေထဲမြုပ်သွားပြီ။ ငါးရဲ့ဝမ်း
သူ့ငါးမျှားချိတ်တွဲ ဝင်သွားပြီဆိုမှ ကြိုးကို တံတောင်ဆစ်မှာထားပြီး
လိုက်တယ်။ ဒါပေမယ့် လွယ်လွယ်နဲ့ ကြိုး မတင်းချင်ဘူး။ ဒါ့ကြောင့် တံ
လက်ဖဝါးမှာ ၂ ပတ်ရစ်ပြီး ပုခုံးနဲ့ရုန်း ဆွဲတယ်။ အဖိုးသိလိုက်ပြီ။ မိ
ငါးက မသေးဘူးဆိုတာပါ နားလည်လိုက်ပြီ။ သည်တော့ အဖိုးက ကြိုးကို
လှေနံနဲ့ အားယူ ဆွဲတင်တယ်။ ဖြေးဖြေးချင်းဆွဲလိုက် ပြန်လျှော့ပေးလိုက်လုပ်
မရ ဘူး။ ငါးက လိုက်မလာဘူး။ မသေဘူး။ ဒါပေမယ့် မလူပ်ဘူး။ သ
သူမျှိုထားတဲ့ ငါးမျှား ချိတ်တွဲ ၄ လက်က ၄ လက်စလုံး မချိတ်မိသေးဘူး
မယ်။ အဖိုးအို ခန့်မှန်းကြည့်လိုက်တော့ ရေအောက်ရောက်နေတဲ့ ငါးမျှားကြိုး
ကကို ပေ ၈၀ လောက် ရှိနေပြီ။ သူ့ကြိုးအရှည်ကမှ ရေတိမ်ပိုင်းသုံးဖြစ်တဲ့
ပေ ၁၅၀ ပဲရှိမယ်။ မဖြစ်ဘူး။ သေဖို့လိုတယ်။ တတ်နိုင်သမျှ ရေ
အောင် ဆွဲတင်ရမယ်။ မှိန်းလုံ့အကူနဲ့ ထိုးသတ်ရမယ်။ ချော့ဆွဲနေ

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ငါးမျှားချိတ်က ဒလက်တွေနဲ့ပါ က်ကောင်း မိအောင် တံတောင်ရော ုံးရော ခြေထောက်ပါသုံးပြီး တခါ အားဆောင့် ဆွဲပစ်လိုက်တယ်။ ဘူး။ နာတော့ပြေးတာပေါ့။ ရေ မ်ပိုင်းကို ကျူးကျော်လာတဲ့ငါးဆို တော့ ရေနက်ပိုင်းပြန်ပြေးတာပေါ့။ ပုခုံး ကြိုးတင်ပြီး လက်ဖဝါး၂ဖက်နဲ့ နောက်ကျောပေး ဆုတ်ဆွဲထားပေမယ့် တ်တွေပုခုံးတွေသာ ပေါက်ကုန် ယ်။ မတတ်နိုင်ဘူး။ ကြိုးကို လျှော့ လျှော့ပေးပြီး လိုက်ရတယ်။ ပင်လယ် ွေ့ထဲကတောင် ထွက်လာပြီ။ ရေ ရောင်ပြောင်းနေပြီ။ ပင်လယ်နက်ထဲ ရောက်လာပြီ။ ငါးမျှားကြိုးလဲ ခုံးနေ ပြီ။ လှေဦးမှာပဲ ကွင်း ၂ ကွင်း ကြက် ခြေခတ် အသေချည်ပြီး ဆွဲလိုက်လျှော့ ပေးလိုက် လုပ်နေရတော့တယ်။ ဒါပေ မယ့် မရပ်သေးဘူး။ ပြေးတုန်းပဲ။ သူ ပြေးရာ လှေက လိုက်နေရတာပေါ့။ နေကုန် ပြေးတာပဲ။ တညလုံးလဲ ပြေးတာပဲ။ သူက အောက်စိုက်ဆင်းရင် တော့ သူနဲ့လှေနဲ့က အထက်အောက် ညှိတည့်ပေါ့။ သူ မောလို့ဖြစ်စေ၊ ငါး မျှားဆိပ်တက်ပြီး နာလို့ဖြစ်စေ နားနေ ရင်တော့ လှေလဲနား၊ အဖိုးလဲ နားပေါ့။ န်တော့ သည်အချိန်ဆို သူ့တဲထဲမှာ ပြန်ရောက်ပြီး နားနေပြီ။ အခုတော့ နဲ့ကမ်းခြေနဲ့လဲ ဝေးလာပြီ။ မိုးလေဝ သဆိုတာ ပြောလို့ မရဘူး။ ပြီးတော့ ညာ။ လူယုတ်မာတွေပြောသလို သမုဒ္ဒရာ ပြင်ဆိုတာ ကုန်းပတ်လည် ဝိုင်းနေ တာပါ ဆိုပေမယ့် ဘယ်အရပ်မျက်နှာ က ကုန်းမြေကမ်းခြေနဲ့ အနီးဆုံးလဲ။ မ်း မသိဘူး။ အန္တရာယ် ရှိတယ်။ ဒါပေမယ့် သူ့ဘဝအခြေအနေက ကမ်း ခြေကို ပြန်လို့ မဖြစ်ဘူး။ ခက်တာက တွေက ဆက်ကဲ့ရယ်ကြအုံးမယ်။ ပြီးတော့ တရက်စာသာပါလာတဲ့ အစာနဲ့ရေကလဲ ကုန်ပြီ။ သူ့မှာ ရှိသမျှ ငါးမျှားကြိုး အရှည်ကလဲ ခုံးနေပြီ။ ဒါတွေကြောင့် ငါးကြီးကို မိထားပြီးမှ ပြန်စွန့်လွှတ်ခဲ့တယ်လို့

ဤကာဒ်ထူဖုံးနှင့် စာရွက် ၁၀၈ ရွက်ပါ
ဗလာစာအုပ်ကို အကျဉ်းသား မောင်သိန်းလွင်
မှတ်စုရေးရန် ထုတ်ပေးလိုက်သည်
အတွင်းစာရွက်များ ဆုတ်ဖြဲခြင်း မရှိစေရ'လို့
ရှေ့ဖုံးအတွင်းမှာ ရေးပြီး ထောင်ပိုင်ကြီး ကိုယ်တိုင်
လက်မှတ်ထိုး တံဆိပ်ရိုက်ထားတယ်
ဘာပဲပြောပြော အဲသည် ဗလာစာအုပ်က
ကျုပ်ရဲ့ပထမဆုံးရေးတဲ့ဝတ္ထု
'ညှာရွှေတခက် ကြွေရက်စော' ဖြစ်လာခဲ့တာပဲ






www.burmeseclassic.com

www.burmeseclassic.com

ပြောရင် ဘယ်သူက ယုံမှာလဲ။ အဖိုး santiago က လူတွေ လှောင်ပြောင်ရှုတ်ချတာကို ဂရုမစိုက်ပါဘူး။ ဒါပေမယ့် မိပြီးမှ ပြန်လွှတ်ခဲ့တယ်လို့ပြောရင် လူတွေပြောင်လှောင်ရှုတ်ချတာကို ဂရုစိုက်ပြီး လိမ်ညာရာကျမှာပေါ့။ ပြီးတော့ အဖိုးက ခွဲရိုတယ်။ လှံ့လကို မလျှော့ဘူး။ လှေပေါ်မှာ မှေးငိုက်တာတောင် ပုခုံးပေါ်က ငါးမျှားကြိုးကို လက်ဖျံမှာ ၂ ပတ် ၃ ပတ် ရစ်ထားတယ်။ ဝမ်းနည်းပါတယ်။ မင်းကို မိထားခဲ့ကြောင်း သက်သေမပြနိုင်ပဲ၊ မင်းမပါပဲ ရွာမပြန်ဘူး လို့ ငါးကြီးကို ပြောလိုက်တယ်။ ပြီး အောက်ကကောင် ငြိမ်နေတုန်း သူ့ဒဏ်ရာကို ပိုနာအောင် ရွက်တင် လှော်ခတ် ဆွဲတင်တယ်။ မဆိုးဘူး။ ၂ ညအိပ်လိုက်ပြီး တတိယ မြောက်နေ့မှာတော့ ကြိုးဆွဲရာ ပါလာပြီ။ သေတော့ သေလောက်ပါပြီ။ ဒါပေမယ့် ပုခုံးနဲ့ရုန်းတင်ရတယ်။ ကြိုးတွေကိုလဲ သိမ်းရတယ်။ နောက်ဆုံးတော့ ရေပေါ်မှာ

သူ့ဗိုက်ပြင်ဖြူကြီး ပေါ်လာပြီ။ ဒါပေမယ့် ပိုသေချာအောင် မှိန်းနဲ့ထိုးပြီး မှိန်းကြိုးနဲ့ ဆွဲတယ်။ အဖိုး santiago ဝမ်းလဲသာမိပါရဲ့။ အံ့သြလဲ အံ့သြမိပါရဲ့။ စိတ်လဲညစ် ရပါရဲ့။ စောက်ကျိုးနည်း ကြီးတဲ့ ဇရာမ marten ငါးတွေကြီး ပါကလား။ လှေ ယှဉ်လိုက်တဲ့အခါ သေချာတာကတော့ လှေပေါ် မတင်နိုင်ပေဘူး။ ငါးက လှေ ထက် ကြီးနေတယ်။ လှေက ၁၀ ပေပဲ ရှိတယ်။ ငါးက အမြီးဖျား အထိ ၁၈ ပေ လောက်ရှိမယ်။ အင်း...အသားကတော့ များဘိခြင်း။ ခေါင်းချည့်ကိုက တတ လောက်များ လေးလေမလား။ အရေခွံကလဲ ထူတယ်။ သည်လို အရေခွံထူပြီ နီညိုရောင် ငါးမျိုးဆိုတာက ချိုတတ်တယ်။ ဈေးထဲသာ ရောက်လို့ကတော့ ရေခဲမရိုက်ရခင်ကို အလုအယက် ဝယ်ကြမှာပဲ။ အရေးအကြီးဆုံးကတော့ သည်လောက် ကြီးမားပြီး သည်လောက်အသားများတဲ့ ငါးမျိုးကို ရွာသားတွေ တခါမှ မမိဖူးကြဘူး။ ငါးမမိလို့ အထင်သေး ကဲ့ရယ်နေကြတဲ့ ပါးစပ်ပေါက်တွေ တခါတည်း ပိတ်သွားမယ်။ အဖိုး santiago အိပ်ချင်စိတ်ပျောက်သွားပြီ။ အားတွေ ပြန်ပြည့်လာပြီး၊ ငါးကြီးကို လှေနံတဖက်မှာ တွဲတုတ်နှောင်တယ်။ ခါတိုင်းလို



www.burmeseclassic.com

www.burmeseclassic.com




တက် ၂ လက်နဲ့တော့ ရင်ဘတ်အားပါထည့်ပြီး စုံမလှော်ခတ်နိုင်တော့ဘူး။ ိုင်ကလေးသာ တောင်ပြီး ရွက်လွှင့်ပြန်ခဲ့ရတယ်။ ရွာကိုပြန်ဖို့က cuba ကျွန်းက ဘယ်ဘက်မှာလဲ။ နေပုံကို ဖတ်ပြီးတော့သာ မှန်းပြန်ခဲ့ရတယ်။ ပင်လယ်အော်ထဲက ၂ ရက် ၃ရက် ထွက်လာခဲ့ရတဲ့ခရီးပဲ။ တရက်တည်းနဲ့ ဘယ်ပြန်ရောက်မလဲ။ သနာက ဆားငန်ရေနဲ့ ဘယ်လောက်စိမ်ထားထား အရေခွံထူလဲ ငါးက မပုပ်ပဲ လေး။ မှိန်းထိုးထားတဲ့ဒဏ်ရာကလဲ သွေးတွေ ထွက်ကုန်ပြီ။ သည်သွေးအညှီ ငါးမန်းတွေကို ဖိတ်ခေါ်ပြီ။ ရေတိမ်ပိုင်းနေ ငါးမန်းတွေကလဲ အုပ်စုလိုက် ိုက်လာကုန်ပြီ။ ငါးမန်းအုပ်က တရာနှစ်ရာ အဖိုးအိုက တယောက်တည်း။ တော်ကြီး တိုးပြီပေါ့။ အသားတစ်ကို တွေ့ရမှတော့ ဝိုင်းဝန်းကိုက်ဖြတ် သောက်ကြပြီပေါ့။ အဖိုးအိုလဲ လှေနံ ၂ ဖက်ကူးပြီး ရှိတဲ့လက်နက် တက် ၂ က်နဲ့ ခုခံတိုက်ခိုက် ရိုက်နှက်ကာကွယ်ခဲ့ပါရဲ့။ နောက်ဆုံးတော့ တက်တွေသာ ိုင်းပိုင်း ကျိုးကုန်တယ်။ ပဲ့ကုန်တယ်။ မနိုင်ပါဘူး။ သည်အချိန်မှာ လွှသား ပ်ကန့်လန့်နဲ့ mako မျိုး ငါးမန်းကြီးတစ်ကောင်ပါ အုပ်စုထဲ ပါလာတယ်။ ည်ကောင်မျိုးက လှေနံကိုပါ ပေါင်မုန့်ကြွပ်လို ကိုက်ဖဲ့ပစ်နိုင်တယ်။ အဖိုးအိုလဲ ောက်ဆုံးလက်နက်ဖြစ်တဲ့ ကြိုးတပ်မှိန်းနဲ့ သူ့ဂုတ်ပိုးကို တအားထိုးစိုက်ပစ် ိုက်တယ်။ မှိန်းလဲ ကြိုးတန်းလန်းနဲ့ စိုက်ရက်ကြီး ပါသွားလေရဲ့။ ဆိုပါတော့ ရက်လုံး တညလုံး ဝိုင်းဝန်းတိုက်ခိုက်စားသောက်လိုက်ကြတာ အသားမှန်သမျှ မကျန် ကုန်ပါလေရော။ ရွာကမ်းစပ်ကို ကပ်တော့ လှေနံမှာ တွဲချည်ထားတဲ့ ေါင်းရိုးကနေ အမြီးဖျားအထိ အရိုးစု skeleton ချည့်သာ ကျန်တော့တယ်။ ိုး santiagoလဲ ရေနံဆီ မှန်အိမ်ကလေးနဲ့အတူ သူ့တဲအိမ်ကလေးထဲကို ပြန်ရောက် ာနဲ့တပြိုင်နက် ပြန်မပါလာတော့တဲ့ တက်တွေလိုပဲ တခါတည်း ထိုးအိပ် ိုက်တော့တယ်။ ဗဟုသုတအလို့ငှာ ရောက်လာကြတဲ့ ကမ္ဘာလှည့်ခရီးသည် တချို့ တော့ ကမ်းစပ်က ငါးအရိုးစုကြီးကိုကြည့်ပြီး တအံ့တဩ ဓာတ်ပုံတွေ ရိုက်ကြ တဲ့။"

the old man and the sea ဝတ္ထု ဇာတ်လမ်းအကျဉ်းချုပ်ကတော့ ဒါပဲ။ သူ့ရဲ့ al ဝတ္ထုကလဲ တခြားပုံမှန်ဝတ္ထုတွေလို မရှည်ဘူး။ တိုလို့ novel လို့ မသတ် ်ထိုက်ဘူး။ ဝတ္ထုလတ် novelette သာ ဖြစ်တယ်တဲ့။ nobel ဆု အချီးမြှင့်ခံရ ော့ ပညာရှင်တွေထဲမှာ အငြင်းအခုန် ဖြစ်ကြသေးတယ်။ ဒါပေမယ့် တိုတာ ည်တာကအကြောင်း မဟုတ်ပါဘူး။ ကျုပ်ပြောချင်တာက ဝတ္ထုရဲ့ရည်ရွယ်ချက် တွေးကြည့်ဖို့ပဲ။ စာရေးဆရာကြီး Ernest Hemingway က သည်ဝတ္ထုကိုရေးပြီး ကိုပြောချင်တာလဲ။ **ဘာ message ကို ပေးချင်တာလဲ။ ဘာ theme ကို ချင်တာလဲ။ ဘာ philosophy ကို ပြချင်တာလဲ။** တွေးကြည့်ပါ။ နားလည်အောင် ားကြည့်ပါ။

အမှန်တော့ စာဖတ်သူတယောက်အနေနဲ့ ဝတ္ထုတပုဒ် ဖတ်ပြီးတိုင်း ဖတ်ပြီးတိုင်း ည်လိုမေးပြီး အဲသည်လို အဖြေရှာကြည့်ဖို့ လိုပါတယ်။ စာရေးဆရာ ပြောလို essage၊ ပေးလိုတဲ့ philosophy ကို ဖမ်းဆုပ်လို့မိမှသာ သို့မဟုတ် သူပြောပြ ကားကို ပြတ်ပြတ်သားသား ကြားရမှသာ သို့မဟုတ် သူ ပြလိုတဲ့ ဒဿနကို ကြည်လင်လင် မြင်ရမှသာ ဝတ္ထုဖတ်ခြင်းအလုပ် ပြီးဆုံးပြီလို့ ဆိုနိုင်ပါတယ်။ း ပြီးရော ဆိုပြီး ချထားလိုက်လို့ကတော့ အလုပ် မပြီးသေးပါဘူး။ သိပ်အကျိုး ဘူး။

တခါ စာရေးတဲ့လူ၊ ဝတ္ထုရေးတဲ့လူ၊ အထူးသဖြင့် ရသစာပေရေးတဲ့ လူကလဲ ေးလိုက်တဲ့ဝတ္ထုက အဆင့်မြင့်ချင်ရင် တစုံတရာတော့ ပြောရပါမယ်။ ပြောစရာ တခုခု၊ ပေးစရာ philosophy တခုခု ရှိပါမှသာ ရသစာပေ (ဘဝအတွက်

> စာရေးဆရာ
> ပြောလိုတဲ့ message
> ပေးလိုတဲ့ philosophy ကို
> ဖမ်းဆုပ်လို့မိမှသာ
> သို့မဟုတ်
> သူပြောပြတဲ့ စကားကို
> ပြတ်ပြတ်သားသား
> ကြားရမှသာ
> သို့မဟုတ်
> သူ ပြလိုတဲ့ ဒဿနကို
> ကြည်ကြည်လင်လင်
> မြင်ရမှသာ
> ဝတ္ထုဖတ်ခြင်းအလုပ်
> ပြီးဆုံးပြီလို့
> ဆိုနိုင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com




မောင်သာရ

အရသာပေးတဲ့ စာပေ) ဖြစ်ပါတယ်။ အခု ပြောပြောနေကြ ဝေဖန်သုံးသပ်ပြနေကြတဲ့ 'မြန်မာစာပေအဆင့် အတန်းနိမ့်ကျတယ်' ဆိုတာ အဲသည် ပြောစရာ ပေးစရာ တခုခု မပါတာပါပဲ။ များသောအားဖြင့်က ပုံကြမ်းဆွဲပြနေကြတဲ့ sketch ရေးတဲ့အဆင့်နဲ့၊ ကာလေးကို ပုံပြင်ပြောပြသလို story telling အဆင့်မှာပဲ ရှိနေကြပါတယ်။ ဒါပေမယ့် အားမငယ်ကြပါနဲ့။ စာရေးဆရာ writer ဖြစ်ဖို့ဆိုတာ သည် sketch ရေးတဲ့အဆင့် story teller အဆင့်ကနေ တက်ကြရတာပါပဲ။ ကဲ… အဲသည်တော့ စောစောက ပြောခဲ့တဲ့ the old man and the sea ဝတ္ထုကို ပြန်တွေးပြီး အဖြေထုတ် ကြည့်ကြရအောင်။ သည်လောက် ဂန္ထဝင်တွင်

နေရစ်ခဲ့ရလောက်အောင်၊ သည်လောက်ကျော်ကြားတဲ့ ကမ္ဘာ့စာပေ nobel ဆု ကြီး ချီးမြှင့်ခံခဲ့ရလောက်အောင်၊ နိုင်ငံပေါင်း ၈၆ နိုင်ငံကလဲ ဘာသာပြန်ဆို ပြီး သိုမှီးထားကြရလောက်အောင်၊ စာရေးဆရာကြီး Ernest Hemingway က ဘာ message တွေ၊ ဘာ philosophy တွေများ ပေးထားရေးထားခဲ့လို့ပါလဲ။ သာ ဖတ်လိုက်ရင်တော့ ဘာမှ ထူးခြားတာ မတွေ့ရဘူးလိုပဲ။ စိတ်ဝင်စားစရာလဲ မကော လှပါဘူး။ ပင်လယ်ပြင်မှာ အဖိုးအိုတယောက်တည်း ပျင်းစရာတောင် ကောင်း သေးရဲ့။ ရုပ်ရှင်ရိုက်ထားတာလဲ အင်္ဂလိပ်ဘာသာနဲ့ တကား၊ စပိန်ဘာသာနဲ့ တက ကျုပ်ကိုယ်တိုင် ၂ ကားကြည့်ဖူးတယ်။ ပျင်းစရာပဲ။ ဆွဲဆောင်မှု လုံးဝမရှိဘူ

တခုတော့ ရှိတယ်။ 'ရသ' ဆိုတာ 'အရသာ'ပဲ။ လူတယောက်နဲ့တယော အမြင်ချင်း မတူနိုင်သလို ခံစားရရှိတဲ့ အရသာချင်းလဲ တူချင်မှ တူမယ်။ ဥပ လက်တွေ ပြတ်နေတဲ့ naked အမျိုးသမီးပန်းပုရုပ် venus(gooddess of love beauty)ကို 'ကမ္ဘာ့ အလှဆုံး ပန်းပုရုပ်တု'အဖြစ် ကမ္ဘာတဝှမ်းလုံးရှိ ပန်းချီ ပ ပညာရှင်အားလုံးက တညီတညွတ်တည်း အသိအမှတ်ပြုထားကြတယ်။ အကြော က ပန်းချီပန်းပုဆရာတိုင်းက ပြတ်နေတဲ့ လက်တွေကို ကိုယ့်စိတ်ကူးနဲ့ကို ပုံအမူအရာအမျိုးမျိုးနဲ့ ဖြည့်ဆက်ရေးဆွဲ ထုဆစ်ကြည့်ကြပြီး venus ရဲ့မျက်နှာ က ဖြစ်ပေါ်နေတဲ့ အမူအရာနဲ့ တွဲကြည့်လိုက်ကြတဲ့အခါ သဘာဝလဲကျ၊ လိုက်ဖ ညီတွေလဲ ဖြစ်နေတယ်တဲ့။ သိတယ်နော်။ မူရင်း venus ပန်းပုရုပ်မှာ ပြတ်နေ ညာဘက်ပခုံးပေါ်က လွှားခြုံထားတဲ့ပုဝါကလေး ရှေ့ဘက်ကို လျှောကျလာ





www.burmeseclassic.com

www.burmeseclassic.com

နေတယ်။ သည်ပုဝါရှည်ကလေး ဆက်လက်ပြီး လေ့လာကြည့်ရင် ငြိမ်သက်နေတဲ့ လက်တွေသာ အကောင်းပကတိ ရှိနေရင် ဘယ်လိုနေကြမလဲ။ ဘယ်လို ပုံသဏ္ဌာန်ဖြစ်နေကြမလဲ။ ပန်းချီပန်းပုဆရာတွေက ဘယ်လိုပုံ ဆက်ဆွဲထုဆစ်ကြသည်ဖြစ်စေ မူရင်း venus ရုပ်တုရဲ့မျက်နှာပေါ်က expression နဲ့ လိုက်ဖက်ညီလျော်နေတယ်တဲ့။ အဲသည်လို မျက်နှာမျိုးဖြစ်အောင် ထုဆစ်ထားနိုင်တဲ့ အနုပညာကို creative art လို့ ခေါ်တယ်။

အခုလဲ the old man and the sea ကို ဖတ်ကြပြီး၊ စာဖတ်သူ စာပေပညာရှင်တွေက ကိုယ့်အတွေးအမြင်နဲ့ ကိုယ်အဖြေထုတ်ကြတယ်။ စာရေးဆရာကြီး Ernest Hemingway ဘာကို ပြောချင်တာလဲ message, ဘာကိုပြချင်တာလဲ theme, ဘာကို ပေးချင်တာလဲ philosophy... ဆိုတာကို အမျိုးမျိုး ဆင်ခြင်ကြဆ မှတ်ချက်ချခဲ့ကြတယ်။

တချို့က ဘယ်တံငါလှေငယ်မှ ထွက်မလိုက်ရဲတဲ့ ၂ ရက် ၃ ရက်ကြာခရီး ကမ်းလွန်ရေနက်ပိုင်းကို ငါး မရမချင်း အစာရေစာ အငတ်အပြတ်ခံ လိုက်ခဲ့တဲ့ နဲ့ကို အကြောင်းပြုပြီး model of determination တဲ့။

တချို့က လှော်တက်တွေ မှိန်းလှံတွေ လက်နက်တွေ ဘာတခုမှ ခုခံကာကွယ် တိုက်ခိုက်စရာ မကျန်တော့တဲ့အထိ ငွေ့စားတိုက်ခိုက်ခဲ့တဲ့ ငါးမန်းတွေနဲ့တိုက်ပွဲကို အကြောင်းပြုပြီး model of strength and courage တဲ့။

တချို့က တပည့်လက်သင်ကလေး manolin ရဲ့ မိဘအပါအဝင် ရွာသူရွာသား အများအပြား လှောင်ပြောင်ကြတာကို လုံးဝဂရုမစိုက်ဘဲ၊ မိမိ လုပ်ရောရှိတဲ့ အလုပ်ကို ၈၅ ရက်မြောက်နေ့အထိ ပုံမှန် ပင်လယ်ထဲထွက်ပြီး မရိုတ်မသျှဲ တံငါ လုပ်ပြခဲ့တာကို အကြောင်းပြုပြီး model of endurance တဲ့။

တချို့က ကမ္ဘာလှည့် tourist တွေက အမှတ်တရ ဓာတ်ပုံတွေရိုက်ယူကြပြီး အံ့သြကြပေမယ့် သည်လောက်ကြီးမားတဲ့ငါးကြီးကို သည်လောက်သေးငယ်တဲ့ လှေကလေးနဲ့ ဘယ်လိုလုပ် ဖမ်းခဲ့တယ်ဆိုတာကိုတော့ ဘယ်သူမှ စိတ်မဝင်စားကြဘူးဆိုတဲ့ ဝတ္ထုအဆုံးပိုင်းကို ကြောင်းပြုပြီး model of ridicule တဲ့။

ကောက်ချက်တွေအားလုံး သူ့ရှုထောင့် အမြင်နဲ့သူ မှန်ကြတာချည့်ပဲ။

ကဲ…ကျုပ်တို့ကတော့ ဘယ်လိုရသမျိုးနဲ့ခံစားရပြီး ဘယ်လို ဒဿနမျိုးရကြပါသလဲ။ ပြီး ဘယ်လိုကောက်ချက်မျိုးရော ချချင်ကြပါသေးသလဲ။ သူတို့နဲ့မတူ ခြားနားတဲ့ အမြင်တမျိုးနဲ့ရော မြင်မိကြသေးသလား။

တွေးကြည့်နော်။ ဒါကမှ စာဖတ်သူရဲ့အလုပ်။ တွေးကြည့်လို့ သူတို့လို အဖြေတခုရနိုင်ရင် ပိုအကျိုးရှိတာပေါ့။ စာရေးဆရာကြီး Ernest Hemingway က စာဖတ်သူ ကျုပ်တို့ကို ဘာပြောချင်တာလဲ။ ဘာ philosophy ကို ပေးချင်တာလဲ။

ကျုပ်တို့ကလဲ ကျုပ်တို့ရိုးရာဓာတ်ခံနဲ့ကျုပ်တို့ သည်လို တွေးကြည့်ရအောင်။

ဆိုပါတော့ ဝတ္ထုရဲ့အစ ကမ်းကစ, အထွက်ကို ဘဝရဲ့အစ။

ဝတ္ထုရဲ့အဆုံး skeleton ဆိုတဲ့ အသက်မရှိ၊ ဘာမှရစရာမရှိဘဲ အရိုးစု (ဥတုရေပ်ကလပ်)သာပြန်ပါလာတော့တဲ့ ကမ်းပြန်အရောက်ကို ဘဝရဲ့အဆုံး။

ပင်လယ်ပြင်က လူ့ဘဝ။

၈၄ ရက်လုံးလုံး ဘာမှ မယ်မယ်ရရ မပြနိုင်ခဲ့တာက မအောင်မြင်မှု၊ ဆုံးရှုံးမှု။



www.burmeseclassic.com

www.burmeseclassic.com




လှေနဲ့မဆံ့တဲ့ ငါးကြီးကို ဖမ်းမိခဲ့တာက အောင်မြင်မှု၊ ဝုဏ်ပုဒ်။

ဇာတ်တူသားစား ငါးမန်းတွေက တိုက်ခိုက်ခဲ့တာ၊ ပြန်လည်ခုခံခဲ့ရတာက လူ့ဘဝမှာ ကြုံတွေ့ရတဲ့ တိုက်ပွဲတွေ။

ဆိုပါတော့ အောင်မြင်ခြင်း ရှုံးနိမ့်ခြင်း၊ ရခြင်း မရခြင်း၊ ကဲ့ရယ်ခံရခြင်း ချီးမွမ်းခံရခြင်း၊ အဖော်ရှိခြင်း မရှိခြင်း ဆိုတာတွေ လာဘော အလာဘော၊ ယသော အယသော၊ နိန္ဒာပသံသာ၊ သုခံ ဒုက္ခံ ဆိုတဲ့ လောကဓံတရား ၈ ပါးပဲ မဟုတ်လား။

သိတယ်နော်။ ကျုပ်တို့ဗုဒ္ဓဘာသာကမှ လူ့ဘဝကို မနေမနား ရှည်လျားတသွားတည်းသွားကြတာဆိုတဲ့ ခရီးနဲ့နှိုင်းဆိုကြတာ မဟုတ်ပါဘူး။ ခရစ်ယာန်ဘာသာကလဲ life is about the journey လို့ နှိုင်းဆိုပါတယ်။

ဆိုတော့ ကျုပ်တို့ကလဲ Ernest Hemingway ရဲ့ the old man and the



www.burmeseclassic.com

www.burmeseclassic.com

ကို model of life လို့ ကောက်ချက် ချလိုက်နိုင်ပါတယ်။

ကဲ ဝတ္ထုကိုဖတ်ပြီး အခုလို တွေး၊ အခုလိုမျိုး ကောက်ချက်ချလိုက်နိုင်တော့ သူ့ရဲ့ဝတ္ထုကြီးက ပိုအရသာ ရှိသွားပြီ မဟုတ်ဘူးလား။

ဒါ့ကြောင့်မို့လို့လဲ ကမ္ဘာကျော် ဆုကြီး ရတာပေါ့နော်။ ဒါ့ကြောင့် ကျုပ်တို့နိုင်ငံအပါအဝင် နိုင်ငံပေါင်း နိုင်ငံက ဘာသာပြန်ဆို ထိန်းသိမ်းကြတာပေါ့နော်။

ကဲ…ကြီးလာတဲ့ အရွယ်မရွေး ရေးဖော်ရေးဘက်တို့ အဲသည်လို ကမ္ဘာ ဂန္ထဝင် တွင်ရစ်မယ့် ဝတ္ထုမျိုး မရေးချင်ကြပေဘူးလား။ ခေါင်းထဲမှာ အမြဲထည့်ထား။ တသက်မှာ တခါတော့ ဉာဏ်ပွင့်တတ်မြဲဖြစ်တယ်။ ဘယ်တော့မှ မမေ့မလျော့နဲ့။ ကျုပ်တို့နိုင်ငံက ငယ်ပေမယ့် လူရည်ချွန်တွေ ထွက်တယ်။ ■

**မောင်သာရ**





www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၃၁၀၀၀/ −)နှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစ္စာချောင်

ဖုန်း၀၇၂−၂၂၀၃၄၊၀၇၂−၂၁၅၄၁၊၀၉−၆၄၆၁၆၉၉၊၀၉−၉၁၀၄၃၇၁၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉−၉၁၀၂၁၇၈၈၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂−၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉−၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉−၇၃၂၀၂၀၁၀)၊

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉−၅၁၅၂၂၇၇)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉−၅၁၂၂၀၀၃)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁−၂၂၀၅၁၉၊၀၉−၇၃၀၇၂၄၉၂)

ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁−၅၁၉၅၀၉၊၀၉−၇၃၁၀၉၁၃၄)

ဒေါ်စိန်းစန်းခိုင်(Real Gems)(အေ−၁၀၊ အမှတ် ၂၃−၂၅၊ ကျိုက်ဖြူရိပ်သာ၊ ကျိုက်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁−၂၅၂၂၇၂၊၀၉−၅၀၀၂

ဒေါ်စိန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်−၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁−၂၁၀၀၄၂၇၊၀၁−၂၁၀၀၄၂၈)

ကလျာမဂ္ဂဇင်းတိုက်(ရုံးချိန်)(အမှတ် ၁၆−ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁−၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

| | |
|---|---|
| ၁၅၃။ ဦးချော−ဒေါ်သောင်းကြည်(သိန်းကမ္ဘာရွှေဆိုင်) မိသားစု<br>အမှတ် (၂) ရပ်ကွက်၊ ဘူတာမြောက်၊ မတ္တရာမြို့။ | ၁,၀၀၀,၀၀၀/−<br>(ဆယ်သိန်း |
| ၁၅၄။ ဦးတင်မောင်ရှိန်−ဒေါ်ကြင်ဝိုင်း(ရှိန်ကြင်ဝိုင်း) မိသားစု<br>မန္တလေးမြို့။ | ၁၁,၀၀၀,၀၀၀/−<br>(သိန်းတစ်ရာ့တစ်ဆယ |
| ၁၅၅။ ဒေါ်အုန်းမြိုင်၊ ဒေါ်တင်ရီ၊ ဒေါ်အုန်းမြင့်(ရောင်ခြည်ဦး စာသင်ဝိုင်း)၊<br>တရုတ်စုရပ်၊ စဥ့်ကိုင်မြို့။ | ၅၀၀,၀၀၀/−<br>(ငါးသိန်း |
| ၁၅၆။ ဦးခင်မောင်−ဒေါ်လှလှ မိသားစု<br>အမှတ်(ပ/၉−၂၉)၊ မဟာမြိုင် (၂)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ | ၅၀၀,၀၀၀/−<br>(ငါးသိန်း |

www.burmeseclassic.com

www.burmeseclassic.com

၁၅၇။ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ ကျန်ရစ်သူ မောင်နှမတစ်စုကောင်းမှု — ၅၀၀,၀၀၀ိ/-
အမှတ် (၄)၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ — (ငါးသိန်း)

၁၅၈။ ရွှေနှင့်မြ ဦးသိန်းမောင်အား ရည်စူး၍ ဦးဝင်းမြင့်-ဒေါ်နီနီ၊
(သား)မောင်ရဲဝင်းထွဋ်၊ (သမီး)မထိုက်ဝင့်ရွှေရည် မိသားစုကောင်းမှု။ — ၁၀၀၀,၀၀၀ိ/-
ဝင်းဟေမာန် ပဲမျိုးစုံ ရောင်းဝယ်ရေး၊ ၂၄ လမ်း(၈၈ x ၈၉ ကြား) မန္တလေးမြို့။ — (ဆယ်သိန်း)

၁၅၉။ နှစ်ဖက်မိဘများ အမှူးထား၍
ဒေါက်တာ ဆွေလှ-ဒေါ်အိအိလွင်၊ (သမီး)ငြိမ်းဆုသာ၊ ဆုဝတီ(လှအိဆု) မိသားစု၊ — ၅,၀၀၀,၀၀၀ိ/-
အမှတ် (၂၀)၊ ဘီ-၁/၁၇၊ စစ်တောင်းလမ်း၊ ပညာဝတီအိမ်ရာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ — (သိန်းငါးဆယ်)

၁၆၀။ ဦးတင်ဝင်း-ဒေါ်မန်းတီး မိသားစု၊ — ၁,၀၀၀,၀၀၀ိ/-
အမှတ် (၅) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြဝတီမြို့။ — (ဆယ်သိန်း)

၁၆၁။ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးဘို-ဒေါ်အေး တို့အား ရည်စူး၍
(သမီး)မကြည်ကြည်သန်း၊ (သား)ကိုတင်ဌေး မိသားစု၊ — ၁,၀၀၀,၀၀၀ိ/-
ဈေးတောင်ဘက်၊ ကျောက်ပန်းတောင်းမြို့။ — (ဆယ်သိန်း)

၁၆၂။ ဦးမြင့်စိုး-ဒေါ်နှင်းပုလဲ၊ (သမီး)မနှင်းနှင်းဦး၊ မရီရီမြင့် (စိုးပုလဲပွဲရုံ) မိသားစု၊ — ၅၀၀,၀၀၀ိ/-
၂၉ လမ်း (၈၆ x ၈၇ ကြား)၊ မန္တလေးမြို့။ — (ငါးသိန်း)

၁၆၃။ ဒေါ်ဆင့်ဆင့်အောင်၊ — ၅၀၀,၀၀၀ိ/-
အ·ထ·က (၂) စစ်ကိုင်းမြို့။ — (ငါးသိန်း)

၁၆၄။ ကွယ်လွန်သူ နှစ်ဖက်မိဘများအား ရည်စူး၍
ဦးရွှေဝင်း-ဒေါ်မျိုးမျိုးနွယ်ထွန်း၊ (သမီး)မရွှေရည်နွယ်ဦး၊ မချစ်ဆုရည်ဝင်း၊
(သား)မောင်ထက်တေဇဝင်း မိသားစု၊ — ၅၀၀,၀၀၀ိ/-
Rio Shipping, Bangkok, Thailand. — (ငါးသိန်း)

၁၆၅။ ဦးမာ-ဒေါ်ဌေးကြည်နှင့် သမီးများကောင်းမှု၊ — ၅၀၀,၀၀၀ိ/-
ရေဦးမြို့။ — (ငါးသိန်း)

(ဆက်လက်ဖော်ပြပါမည်)

## ထာဝရငွေပင်ငွေကျပ် သိန်းသုံးထောင်ပြည့် စုပေါင်းအလှူရေစက်ချ မင်္ဂလာအခမ်းအနား ဖိတ်ကြားလွှာ

ထာဝရငွေပင် ငွေကျပ်သိန်းသုံးထောင်အလှူ ရေစက်ချမင်္ဂလာအခမ်းအနားကို "တော်ဝင်ဧရာဝတီ" ပေါ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါအတိုင်း ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (ထာဝရငွေပင် အလှူရှင်များ၏ လက်ဝယ်အရောက် ဖိတ်စာများကို အမှုဆောင်များမှတစ်ဆင့် အချိန်မီ ဖိတ်ကြားသွားမည် ဖြစ်ပါသည်။)

| | | |
|---|---|---|
| နေ့ရက် | : | ၁၆·၃·၂၀၁၄ (တနင်္ဂနွေနေ့) |
| အချိန် | : | နံနက် ၆း၀၀ နာရီ၊ သင်္ဘောပေါ်အရောက်ကြွရောက်ကြပါရန်။ (နံနက် ၆း၃၀ နာရီတွင် သင်္ဘောကမ်းမှ ခွာပါမည်။) |
| နေရာ | : | တော်ဝင်ဧရာဝတီ (Royal Irrawaddy) လမ်းမတော်၊ ဝါးတန်း(ကီလီ) ဆိပ်ကမ်း |

www.burmeseclassic.com

www.burmeseclassic.com

ဒီစာကို ရေးနေသည့်အချိန်တွင် ကျွန်မလက်တွေ သေးစိုမခြောက်သေးပါ။ ပါးပေါ်က မျက်ရည်စတွေ မခြောက်သေး။ မိုးရွာပြီးခါစမို့ ပတ်ဝန်းကျင်က မခြောက်သေး။ ကျွန်မ အနာဂတ်တွေကလွဲရင် အရာအားလုံးစိုစွတ်နေခဲ့သည်။

❑

'ဟုတ်ပြီ။ လာ လာ ရောက်တော့မယ်။ ရောက်ပြီကွ'

အဖေ့ရဲ့ အားတက်သရေအော်သံတွေကြားမှာ ကျွန်မခြေလှမ်းတွေ

# သေးစိုခြောက် ယုယ

သွက်လက်ခဲ့၏။ ကျွန်မက သူများထက်စောပြီး လမ်းလျှောက်တတ်ခဲ့သူပင်။ ဆယ်လသမီးတွင် လမ်းစလျှောက်တတ်ပြီး တစ်နှစ်သမီးတွင် လျှင်မြန်ဖျတ်လတ်စွာ ပြေးလွှားနေလေပြီ။ အဖေ့ရဲ့လက်ကမ်းမှုတွေဆီကိုရောက်ဖို့ ကြိုးစားရင်း ကျွန်မကောင်းကောင်း လမ်းလျှောက်တတ်ခဲ့သည်။

'အဖေ ဖြည်းဖြည်းချင်းလျှောက်နော်။ မလောနဲ့။ သမီးကို ကိုင်ထား။ ညာဘက်က သိပ်မသန်တော့ ဘယ်ကိုအားပြုပြီး လျှောက်'

အဖေ့ခေါင်းကို အကျိတ်တစ်ခုက အလည်ရောက်လာခဲ့သည်။ အိမ်ရှင်လို နေမှာလား၊ ဧည့်သည်လို နေမှာလား မပြောတတ်ချေ။ သေချာတာတော့ အဖေသည် သူများအကူအညီမပါဘဲ လမ်းမလျှောက်နိုင်တော့။ အိပ်ရာထဲမှာပဲ သူ့ကမ္ဘာလေးကို တည်ဆောက်နေရသည်။

❑

'ရှူးပေါက်ချလိုက်ပြီ'

ကျွန်မ စကားပြော တတ်သည့်အချိန်ရောက်တော့ ရှူးပေါက်ချင်လျှင် ရှူးပေါက်ချင်တယ်ဟု မပြော။ ပေါက်ချပြီးမှသာ ပေါက်ချကြောင်းကြေညာလေ့ရှိသည်။ ထို့ကြောင့် အမေ ရုံးသွားသောအချိန်တွင် အဖေက ကျွန်မ၏ သေးစိုအဝတ်များကို အမြဲလဲပေးရသည်။

'ပေါက်ချင်ရင် ပေါက်ချင်တယ်ပြောပါလား။ အခုတော့ သေးတွေ စိုကုန်ပြီ'

အဖေဆူလျှင် ကျွန်မ မျက်ရည်က ဝိုင်းချင်နေပြီ။ မျက်ရည်က ကျလုဆဲဆဲ။ အဖေ့ကို တစ်သက်တာနိုင်လာသော ကျွန်မလက်နက်ပင်။

'ဟော၊ သေးတွေ ထွက်ကုန်ပြီလား။ ကိစ္စမရှိဘူးနော်။ သမီးသုတ်လိုက်မယ်။ ပုဆိုးအရင်လဲပေးမယ်နော်။ အဖေ အအေးပတ်မှာစိုးလို့'

ခေါင်းက အကျိတ်ကြောင့်ရော ဆီးကျိတ်ကြောင့်ပါ အဖေသည် သူပိုင်သည့် သူ့ဆီးကိုပင် သူ မထိန်းချုပ်နိုင်တော့။ အဖေသည် ကျွန်မ ငယ်ငယ်ကလိုတော့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မျက်ရည်မကျ။ ကျွန်မကို ကြည့်ပြီးပြုံးသည်။ အားနာပြုံး။ တောင်းပန်ပြုံး၊ တောင်းဆိုပြုံး။

□

'ဆွမ်းအုပ်နီနီ အမေရွက်လို့ နက်ဖြန်မနက် ကျောင်းတက်မယ်'

အဖေ ရွတ်ပြသည့် ကဗျာလေးတွေထဲတွင် ကျွန်မ စိတ်ပါဝင်စားစွာ နားထောင်ဖူးသည်။ အဖေ ဆိုပြသည့် ကဗျာထဲက ကောင်လေးသည် ကျွန်မ ဖြစ်သွားသည်။ ကျွန်မသည် ထိုကဗျာထဲက ဘုန်းကြီးကြီးကို အလိုလိုနေရင်း ကြောက်နေမိပြန်၏။ အဖေ ဖတ်ပြဖူးသည့် ကဗျာတွေက ကျွန်မ နှလုံးသားထဲ ပြန့်ကျဲလို့။

'လသာမြို့နယ်၊ ရန်ကုန်ဆေးရုံကြီးအနီးတွင် တောင်သူလယ်သမားများ လယ်ယာမြေများအတွက် ဆန္ဒပြကြသည်တဲ့ အဖေရဲ့'

အဖေ့ခေါင်းအကျိတ်က အဖေ့ကို တော်တော်လေး ဒုက္ခပေးသည်။ အဖေ အကြိုက်ဆုံးအလုပ်ဖြစ်သော စာဖတ်ခြင်းကို မလုပ်နိုင်တော့။ မျက်လုံးအမြင်တွေက နှစ်ထပ်ဖြစ်နေ၏။ စာဖတ်ခြင်း မလုပ်နိုင်တဲ့ဘဝမှာ အဖေ မနေပျော်ဘူးဟု တဖွဖွ ပြောသည်။ ကျွန်မ ဖတ်ပြသောသတင်းတွေထဲ အဖေ တင်းတိမ်ရောင့်ရဲနိုင်ပါ့မလား မပြောတတ်။

□

'လေးဖက်နာဆေး ကုန်ပြီလား။ ဗီရိုထဲမှာ ဝယ်ထားတယ်နော်။ သုံးဘူးတောင်။ ဆေးကုန်အောင် စောင့်မနေနဲ့။

> အဖေ့ဘဝမှာ
> အချိန်
> ဘယ်လောက်
> ကျန်သေးလဲ
> ကျွန်မ မသိ
> ကျန်ရှိနေတဲ့
> ခဏတာလေး
> အတွင်းမှာ
> သူ နေချင်သလို
> နေခွင့်ပြုချင်သည်
> အဖေ့
> အက်ဆေးချစ်သူ
> စာအုပ်ထဲတွင်
> သူ့အဖေ
> ဆုံးခါနီးအချိန်
> ဆေးလိပ်
> မတိုက်လိုက်
> ရသဖြင့်
> နောင်တ
> ရဖူးကြောင်း
> ပြောသည်

တစ်ဘူးပဲ ကျန်တဲ့အခါပြော ထပ်ဝယ်ထားမယ်'

ကျွန်မ ငယ်စဉ်ကတည်းက ချူချာလွန်းသည်။ ထို့ကြောင့် အဖေနှင့် အမေက ကျွန်မတို့ တစ်ချိန်လုံး ရောဂါကုရင်း စောင့်ရှောက်ရသည်။ ပြန်စဉ်းစားကြည့်တော့ အဖေတို့ဆီက ကြင်နာယုယမှုတွေကို သူများသားသမီးတွေထက် ပိုပြီး များစွာရယူခဲ့၏။

'အဖေ ဆေးသောက်ဖို့ အချိန်ရောက်ပြီနော်။ ဆေးသောက်မယ်။ သေချာမျိုချနော်။ ဟုတ်ပြီ ဆေးတွေ အကုန်ကုန်ပြီ'

အဲဒီဆေးခါးခါးကြီးတွေကို အဖေ့ကို တိုက်ရတိုင်း ကျွန်မလက်တွေ တုန်နေခဲ့သည်။ ဆေးတွေက ချိုလျှင်လည်း သိပ်ကောင်းမည်။ အဖေတိုက်သော ဆေးပေါင်းများစွာ ကျွန်မ သောက်ခဲ့ဖူးသည်။ ကျွန်မ တိုက်သောဆေးမည်မျှ အဖေ သောက်ဖြစ်သွားမည်လဲဆိုတာ မခန့်မှန်းနိုင်တော့ပေ။

□

'သမီးပြေး…ပြေး… သမီးကွ ဟုတ်ပြီ'

ကျွန်မ ပြိုင်ခဲ့သည့် ပြိုင်ပွဲတိုင်းအတွက် အဖေ့ အားပေးသံတွေက ပတ်ဝန်းကျင်မှာ ပဲ့တင်ထပ်နေခဲ့သည်။ ဘဝ၏ ပြိုင်ပွဲများအတွက် အချိန်တိုင်း ကျွန်မတို့ပြိုင်ပွဲဝင်ခဲ့ကြသည်။ ကျွန်မ ဘယ်တော့မှ စိတ်ဓာတ်မကျခဲ့ဖူးပေ။ ကျွန်မ၏ ဘေးတွင် အဖေက အစဉ်သဖြင့် အားပေးနေခဲ့သောကြောင့် ဖြစ်သည်။

'အဖေရယ်၊ အခုနေတော့ ခြေထောက်တွေ မျက်လုံးတွေက မကောင်းသေးဘူးပေါ့။ နောက် ဓာတ်ကင်ပြီးရင် ပြန်ကောင်းသွားမှာပါ'

ကျွန်မ၏အားပေးစကားသံကိုကြားတော့ အဖေ့ခြေထောက်တွေ ပိုသွက်လာသည်။ ဓာတ်ကင်ပြီးလျှင် သူ့မျက်စိနှင့်ခြေထောက်တွေ၊ လက်တွေပြန်ကောင်းလာမည်ဟု အဖေမျှော်လင့်နေခဲ့သည်။ အဖေ လမ်းလျှောက်သည့်အခါ ကျွန်မက အဖေ့လက်မောင်းတွေကို တွဲပေးထားရသည်။ အဖေက ကျွန်မကို မှီတွယ်ရင်း ခပ်ဖြည်းဖြည်း လျှောက်ရသည်။ အနာဂတ်မှာ ကျွန်မ မပါဘဲ အဖေ ဘယ်မှမသွားနိုင်တော့ပေ။

ကျွန်မကိုယ်တိုင်ကရော…

□

'ဟိုရှေးရှေးတုန်း… ပေါ့။ ဗာရာဏသီပြည်ကြီး… မင်းသားလေးနဲ့ မင်းသမီး… လေးရှိသတဲ့'

'ကျန်တဲ့ သူတွေ… မရှိဘူးလား'

အဖေက ကျွန်မကို ပြ… ကြည့်နေလိမ့်မည်။ ကျွန်မ… အမေးကို အတတ်နိုင်ဆုံး… လျော်အောင် ဘာသာပြန်… အပူတပြင်း စဉ်းစားနေ… အဖေသည် ဘယ်သော… မှ ကျွန်မ မေးသောမေးခွ… များကို ဖြစ်သလိုမဖြေ။ … သေချာချာ တိတိကျ… အဖြေပေးတတ်သည်။ … လျှင်လည်း မသိကြော… ပြောတတ်သည်။

'သမီး အဖေဘယ်… ဆေးရုံက ဆင်းရမှာလဲ'

'ဆင်းရတော့မှာ… အဖေရယ်။ သိပ်မကြာ… ပါဘူး။ သမီးတို့ သိပ်မြ… ခင်မှာ အိမ်ပြန်ကြတော့… လေ'

ကျွန်မ မေးသည့်… ခွန်းတိုင်း အဖေ အတတ်… ဆုံး အကောင်းဆုံးဖြေ… နိုင်ခဲ့သော်လည်း အဖေ… သည့်မေးခွန်းကိုတော့ ကျွ… ကောင်းစွာ မဖြေနိုင်ခဲ့… အိပ်ရာထဲမှာ ပက်… ကလေး အဖေ။ သူများ… ပေးမှ အရာရာလုပ်နိုင်… သည့် အဖေ။ ကျွန်မ အ… ဆုပ်ထားသည့် အဖေ့… တွေကို လွှတ်လိုက်ရ… မလား။ ဆက်ပြီး ဆွဲ… မလားဆိုတာ တွေဝေ… ပင်။

□



www.burmeseclassic.com

www.burmeseclassic.com

'အဲဒီရေခဲချောင်းကို အဝကြီး စားပစ်လိုက်ချင်တယ်'

'လည်ချောင်းနာပြီး အာသီးရောင်နေပါတယ်ဆိုမှ ဘယ်စားလို့ ဖြစ်မလဲ သမီးရဲ့'

ကျွန်မ ငယ်ငယ်က မကြာခဏ အာသီးရောင်တတ်သည်။ စစ်ကြည့်တော့ လေးတက်နာ ဖြစ်နေသည်။ ထို့ကြောင့် ကျွန်မကို ရေခဲရေ၊ ရေခဲချောင်း၊ ရေခဲမုန့်စသည်များ သတိထားကျွေးရသည်။ မဟုတ်လျှင် ပြန်ပြန်ဖျားတတ်သောကြောင့်ပင်။

'အဖေ့အိတ်ထဲမှာ ဆေးလိပ်ရှိတယ်။ အဖေ့ကိုတိုက်ပါလား'

'ဒီအခန်းထဲမှာ သောက်လို့ မရဘူး။ ဆရာဝန်ကြီး သိသွားမယ်'

'ရပါတယ်။ ဒါဆို အဖေ အိမ်သာထဲ သွားသောက်မယ်'

အဖေ့ဘဝတစ်လျှောက်လုံး သူ့ဘာသာသူ့ဆန္ဒကိုသာ ရှေ့တန်းတင်လုပ်ခဲ့သည်။ အခုတော့ သူများလုပ်ပေးမှသူ လုပ်ချင်တာတွေ လုပ်နိုင်မည်မို့ ဆေးလိပ်တောင်းသောက်နေရလေသည်။ တောင်းပန်သော အသံစွက်နေသည့် အဖေ့လေသံကို ကျွန်မ လျစ်လျူ မရှုနိုင်ခဲ့ပေ။ ခြေထောက်တွေ မကောင်းသည့်ကြားက အိမ်သာကို ရောက်အောင်သွားပြီး ဆေးလိပ်ဖွာသည်။ မက်မက်ရှိုက်ရှိုက် ဖွာ၏။ နောက်တစ်ခါ ထပ်မသောက်ရမှာ စိုးသည့်ပုံဖြင့် ဆေးလိပ်ကို လက်ထဲမှာ ကျစ်ကျစ်ကိုင်ထားပြီး သောက်သည်။ အဖေ့ဘဝမှာ အချိန် ဘယ်လောက်ကျန်သေးလဲ ကျွန်မ မသိ။ ကျန်ရှိနေတဲ့ခဏတာလေးအတွင်းမှာ သူ နေချင်သလို နေခွင့်ပြုချင်သည်။ အဖေ့အက်ဆေးချစ်သူစာအုပ်ထဲတွင် သူ့အဖေဆုံးခါးနီးအချိန် ဆေးလိပ်မတိုက်လိုက်ရသဖြင့် နောင်တရဖူးကြောင်းပြောသည်။ ထိုစာကို ဖတ်ဖူးသော ကျွန်မ နောင်တ မရချင်။ အဖေသည် ထိုတစ်ခါ ဆေးလိပ်သောက်ပြီးကတည်းက နောက်ထပ်မသောက်နိုင်တော့။ အဖေသောက်ချင်သော ဆေးလိပ်ကို ကျွန်မ တိုက်လိုက်ရသဖြင့် ကျေနပ်သည်။ တမလွန်မှာ ဆေးလိပ်သောက်လို့ ရမရ မသေချာပေ။

❑

'သမီး ထတော့၊ ထတော့ ညနေစောင်းကြီး သိပ်မအိပ်နဲ့။ ဖျားတတ်တယ်။ အိပ်ရာက နိုးနိုးချင်း ရေလည်း တန်းမချိုးနဲ့ဦး'

အဖေက ကျွန်မတို့ကို သူ နေမကောင်းမဖြစ်ခင်အထိ ညတိုင်းစောင်လာခြုံပေးတုန်း။ ပြတင်းပေါက်တွေ ပိတ်ပေးတုန်း။ ညနေစောင်းအိပ်လျှင် ဖျားမှာစိုးသဖြင့် နိုးတတ်တုန်းပင်။

'အဖေ မအိပ်နဲ့တော့ ထထ ဆေးလေးသောက်မယ်လေ။ မုန့်လည်းစားမယ်နော်။ ပါးစပ်ဟ၊ အကျယ်ကြီးဟ။ ပြန်မအိပ်ရဘူးနော်' ခေါင်းက အကျိတ်ကြောင့် အမြဲလိုလို အိပ်နေတတ်သည်။ စားခါနီးလျှင်၊ ဆေးသောက်ခါနီးလျှင် အမြဲတမ်းနှိုးရသည်။ တစ်ခါတစ်ရံစားနေရင်းလည်း အိပ်ပျော်ပျော်သွားတတ်သည်။ ညနေစောင်းအိပ်လျှင် သမီးတွေ နေမကောင်းဖြစ်မှာစိုးသော အဖေသည် အခုတော့ သူ့ကိုယ်တိုင် တစ်နေကုန်အိပ်နေတော့သည်။ နိုးလာလျှင်လည်း ဝေဒနာတွေ ခံစားရမှာစိုး၏။ အိပ်နေလျှင် ဝေဒနာ သက်သာမလား မပြောတတ်။

❑

'မငိုနဲ့တော့ တိတ်၊ တိတ်'

ငယ်ငယ်က ကျွန်မ ငိုတော့ အဖေက ချော့သည်။ ကျွန်မ ဖြစ်ချင်သည့်အရာကို လုပ်ပေးရင်း အငိုတိတ်စေသည်။

'ဒီနေ့ တို့မွေးနေ့လေ'

အမေက အဖေ့ကို သူ့မွေးနေ့ဖြစ်ကြောင်းပြောတော့ မျက်လုံးတစ်ဖက်က ခပ်ဖြည်းဖြည်းစီးကျလာသည့် အဖေ့မျက်ရည်စတွေကို အမေ မမြင်အောင် သုတ်ပေးမိသည်။ အဖေ မျက်ရည်မကျအောင် ကျွန်မ ဘာလုပ်ပေးနိုင်မလဲ မပြောတတ်။ အရင်ကဆို နှစ်တိုင်း အမေ့မွေးနေ့မှာ အဖေက စပရိုက်လုပ်ပြီး မွေးနေ့လက်ဆောင်ပေးနေကျ။ အခုတော့ အဖေ့မျက်ရည်တွေအတွက် ကျွန်မက အမေ့ကို မွေးနေ့လက်ဆောင်ဝယ်ပေးရမည်။

❑

အဖေသည် သူ့ရောဂါအကြောင်းစသိရတော့ မည်မျှစိတ်မကောင်းဖြစ်ခဲ့လိမ့်မည် မပြောတတ်။ ကျွန်မကိုယ်တိုင်လည်း မဖော်ပြလောက်အောင် ဝမ်းနည်းခဲ့ရသည်။ ခေတ်မီသော ကင်ဆာဆေးတွေ မည်မျှပေါ်ပေါ် ခေတ်မီသော ကင်ဆာဆဲလ်အသစ်တွေကလည်း ထပ်ထပ်ပေါ်လာသည်။ အဖေသည် စာရေးလျှင် အမြဲတမ်း သူများ ထက်ထူးပြီး ရေးတတ်တွေးတတ်သည်။ ထို့ကြောင့် သူ များထက်ထူးသော ရောဂါကို ခံစားရသည်လားမပြောတတ်။ အဖေ့ကိုယ်ထဲမှာ ရှိသည့် ကင်ဆာဆဲလ်ကား ပရိုင်မာရီ ပျောက်နေသောဆဲလ်၊ ပရိုင်မာရီပုန်းကွယ်နေသော ဆဲလ်ဟု အနီးစပ်ဆုံးအမည်တပ်ရမည်။ အဖေသည် ရောဂါတောင် သူတကာထက် ဆန်းရမှ ကျေနပ်သလားမသိပေ။

အဖေသည် သူ့ရောဂါအတွက် များစွာတုန်လှုပ်ချောက်ချားခဲ့ပေလိမ့်မည်။ တခြားကြောင့်မဟုတ်၊ ကျွန်မတို့ကို ခွဲမသွားနိုင်ခြင်းနှင့် ကျွန်မတို့မိသားစုကို သူ အရိပ်မမိုးပေးနိုင်တော့မှာစိုးသောကြောင့်ပင်။ ကျွန်မလည်း များစွာ ပူဆွေးဝမ်းနည်းခဲ့သည်။ သို့သော် ကျွန်မ ဝမ်းနည်းခြင်းနှင့် အဖေ ဝမ်းနည်းခြင်းတို့မတူ။ ကျွန်မ ဝမ်းနည်းခြင်းက အဖေ့လိုမဟုတ်ဘဲ အဖေ့အရိပ်ပျောက်သွားမှာစိုးသောကြောင့်သာ ဖြစ်လိမ့်မည်။

ကျွန်မသည် အနုပညာနှင့်ပတ်သက်လျှင် အကျိုးပေးသည်ဟုဆိုရမည်။ ကဗျာဆုတွေ မကြာခဏ ရတတ်သည်။ နောက်ဆုံးတစ်ခေါက် ပြိုင်တော့ အဖေ ခွင့်မပြုသည့်ကြားက တိုင်းအဆင့်ထိရောက်အောင် ပြိုင်နိုင်ခဲ့သည်။ တိုင်းမှာပင် ဆုရလိုက်သေးသည်။ ဆယ်တန်းရောက်နေပြီဆိုပြီး အဖေက

www.burmeseclassic.com

နောက်ပိုင်းပြိုင်ပွဲတွေ ပေးမဝင်တော့။

ကဗျာဆုရသည့် ဆုပေးပွဲတိုင်း အဖေနှင့်ကျွန်မ နှစ်ယောက်တည်း ပွဲတက်ကြသည်။ အဖေ့ရင်ထဲ ဘယ်လောက်ပျော်နေသလဲဆိုတာတော့ ကျွန်မ ငယ်သေးသည်မို့ သေချာမကြည့်နိုင်ခဲ့ပေ။ အတိုင်းမသိ ပျော်နေမှာတော့ သေချာသည်။ အဖေတူသမီးလေးဟု အပြောခံရသောအခါ အဖေရော ကျွန်မပါ အပြုံးချင်းထပ်တူကျလေသည်။

ကျွန်မစာမူတွေကို ဖတ်ပေးရင်း ဝေဖန်ချက်ပေးတတ်သည်။ သို့သော် ကျွန်မ၏ အယူအဆကိုသာ ရှေ့တန်းတင်ခွင့်ပေးသည်။ အဖေက အကြံပေးရုံလောက်သာ ကျွန်မ အနုပညာတွင် ဝင်ပါခဲ့သည်။ ကျွန်မ၏ အနုပညာကို လွတ်လပ်စွာကွန့်မြူးခွင့်ပေးသည်။

'ဒီနေရာမှာ စကားလုံးက ဒီထက်လှတာလေး သုံးလိုက်ရင် ပိုကောင်းသွားမလားလို့။ သမီးက စာရေးရင် စိတ်မြန်တယ်။ ဓာတ်ကို မြန်မြန်သိမ်းပစ်လိုက်သလို ဖြစ်နေတယ်။ ပရိသတ်ကို ဖြည်းဖြည်းချင်း ဓာတ်သိမ်းခန်းရောက်အောင် ခေါ်သွားရတယ်။ ချက်ချင်းကြီးရှော့အင့်၊ ဆိုပြီး ချမပြရဘူး'

ကျွန်မ၏ စိတ်မြန်လက်မြန်လုပ်မှုတွေကို အဖေက ဝေဖန်ထောက်ပြဖူးသည်။ ကျွန်မ၏ ဝတ္ထုတော်တော်များများသည် ခပ်မြန်မြန်ဓာတ်သိမ်းလိုက်တာ များသည်။ ကျွန်မ စိတ်သိပ်မရှည်။

'အဖေအသံသွင်းထားတဲ့အခွေကို နားထောင်ပြီး

> 'ဒီနေ့
> တို့မွေးနေ့လေ'
> အမေက
> အဖေ့ကို
> သူ့မွေးနေ့
> ဖြစ်ကြောင်း
> ပြောတော့
> မျက်လုံး
> တစ်ဖက်က
> ခပ်ဖြည်းဖြည်း
> စီးကျလာသည့်
> အဖေ့
> မျက်ရည်စတွေကို
> အမေ
> မမြင်အောင်
> သုတ်ပေးမိသည်

သမီး ဆက်ရေးရမယ် ဟုတ်လား။ ဖြစ်ပါ့မလား အဖေရယ်။ အဖေ့ပရိသတ်တွေက အဖေရေးတာမဟုတ်ရင် စကားလုံးတစ်လုံးလွဲနေရင်တောင် သိတယ်'

အဖေသည် သူ့စာမူကို ဆက်လက်ရေးနိုင်စွမ်း မရှိတော့။ တစ်သက်လုံးအလုပ်လုပ်ခဲ့သော သူ့ဦးနှောက်နှင့် စိတ်တို့ အနားယူချင်ပြီထင်သည်။ ညာဘက်လက်နှင့် ညာဘက်ခြေထောက်တွေ မသန်စွမ်းတော့။

ဓာတ်သိမ်းကောင်းကောင်းမရေးနိုင်သော ကျွန်မ အခုတော့အဖေ့အတွက်၊ အဖေ့စာမူအတွက် ဓာတ်သိမ်းကောင်းကောင်းရေးဖြစ်အောင် ကြိုးစားရတော့မည်။ အဖေ့စာမူတွေက ကျွန်မကိုစောင့်ကြိုနေသည်။ အဖေ့ပရိသတ်တွေက အဖေ့စာမူကို စောင့်မျှော်နေသည်။ နေမကောင်းသောအဖေနှင့် မပြီးပြတ်သေးသော စာမူအကြားမှာ ကျွန်မ ဗျာများနေလေပြီ။

သို့သော် ဓာတ်သိမ်းခန်းကို ကောင်းကောင်းမရေးနိုင်မှာ ကျွန်မ မကြောက်တော့ပေ။ အဖေ့သေးတွေ စိုနေသော ကျွန်မလက်ဖြင့် အဖေ့စာကို ကောင်းကောင်း အဆုံးသတ်နိုင်လိမ့်မည်ဟု ယုံကြည်မိသည်။ ကျွန်မ ဆက်ရေးရသည့် အဖေ့ဝတ္ထုကမျှော်စရာကောင်းသလောက် ဓာတ်သိမ်းခန်းရေးနေရသော ကျွန်မနှလုံးသားက ဝမ်းနည်းစရာကောင်းလွန်းသည်။ အဖေ့ဝတ္ထုဓာတ်သိမ်းက စိတ်ကြည်နူးစရာကောင်းသလောက် ကျွန်မစိတ်တွေက ညိုးနွမ်းနေသည်။

အိပ်မက်ထဲတွင် ကျွန်မသည် ထိုင်ခုံလေးတစ်လုံးပေါ်မှာ ထိုင်နေလေသည်။ ထိုင်ခုံကိုကျောမှီပြီးအပေါ်ကို ကြည့်လိုက်တော့ သစ်ပင်ကြီးတစ်ပင်က ကျွန်မကို အုပ်မိုးပေးထားသည်။ ကျွန်မပြုံးတော့ ကျွန်မကို ပြန်ပြုံးပြသည်။ သစ်ပင်ကြီးမျက်နှာမှာ အဖေဖြစ်သွားသည်။ ကျွန်မကို မိုးထားသောသစ်ပင်ကြီးကို ပျောက်ပျက်သွားမှာကြောက်နေသော ကျွန်မမျက်နှာကို အိပ်မက်ထဲမှာပင် ကျွန်မ ပြန်တွေ့လိုက်ရလေသည်။ ■

ယုယ

ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gm...

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပိုမိုညံ့ဖျင်းသောစိတ်ကူးထည်တို့ဖြင့် ဆက်လက်ရှင်သန်နေနိုင်ရန် အားထုတ်မှု

**A man will be imprisoned in a room with a door that's unlocked and opens inwards; as long as it does not occur to him to pull rather than to push it.**

**Ludwig Wittgenstein**

တတိယနေ့၌ ကျွန်တော်တို့ ပြိုးတတ်လာကြပါသည်။ သို့ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ စိတ်ထဲကမပါပေတဲ့ စိတ်ထဲက ပါသလို ပြုံးကြရမယ်ဟူသော အပိုင်းဖြစ်သည်။ သင်တန်းဆရာကမူ အတော်ပင် စိတ်ပျက်နေပုံရသည်။ ဒီအပိုင်းမှာတင် တစ်နေ့ကြပြီ ထင်တယ်။ ဆရာတို့ ကြည့်လုပ်ကြပါဦးဟု ဆိုသည်။ ကျွန်တော်တို့သည် တည်ကြည်ခြင်း၏ ပရိဂ္ဂဟ်အတွင်း၌ နှစ်ကာလအတော်ကြာအောင် လှည့်ပတ်သွားလာနေထိုင်ခဲ့သည်ဖြစ်ရာ ပြုံးခြင်းများမှာ လုံးလုံးချည်း ပပျောက်ခဲ့သွားသည်မဟုတ်။ ရုပ်ကိုသိသော်လည်း နာမည်ဖမ်းမရသည့်သူနှင့် တူနေခြင်းသာ ဖြစ်ပါသည်။ အရှေ့ဘက်နားဆီက လူတစ်ယောက်ကမူ အားလုံးပျော်စရာကောင်းတာတွေဖြစ်လာရင် ကျွန်တော်တို့ ဘယ်လိုအနေအထားမှာပဲ ဖြစ်ဖြစ် ပြုံးတတ်လာကြမှာပါဗျာဟု ဆိုသည်။ သင်တန်းဆရာကမူ လက်ပိုက်ရင်း ကျွန်တော်တို့အားလုံးကို ကြည့်နေသည်။ ကျွန်တော်တို့ကို မြင်ပုံမရ။ သူ့မျက်စိရှေ့တွင် ရှိရှိသမျှတို့ ပျောက်ကွယ်နေပုံရသည်။ သို့ရာတွင် မျှော်လင့်ချက်များစွာမှာ သူ့မျက်နှာပေါ်တွင် လမ်းလျှောက်နေကြသည်။ သို့သော်…။ ဤနေရာတွင် 'သို့သော်'ကို တန်ဖိုးထားကြစေချင်သည်။ သို့သော်၊ မျှော်လင့်ချက်များစွာမှာ မျှော်လင့်စရာမရှိတော့သည့်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကို မျှော်လင့်ရင်း၊ မျှော်လင့်ချက်မရှိသည်တို့၏ ရှိနေနေခြင်းကို သိနေကြပုံရနေလေသည်။ ကနေ့အတွက်တော့ တော်လောက်ပြီထင်တယ် လူကြီးမင်းတို့ဟု သင်တန်းဆရာက ပြောပြီး စားပွဲတွင် တင်ထားသော သူ၏စာရွက်စာတမ်းများကို သိမ်းနေသည်။ ရှေ့အလယ်ပိုင်းနားဆီက သင်တန်းသားတစ်ယောက်က မတ်တတ်ရပ်လိုက်ပြီး ခွင့်ပြုပါခင်ဗျာဟု ပြောရင်း စကားပြောခွင့် တောင်းလိုက်သည်။ သင်တန်းဆရာက အသာမော့ကြည့်လိုက်ရင်း ခေါင်းညိတ်ပြလိုက်ရာ ထိုသင်တန်းသားက သင်တန်းကို မနက်ဖြန် ကျွန်တော် မလာနိုင်ဘူးဟု ပြောလေသည်။ သင်တန်းဆရာက ခဏကြာအောင် စိုက်ကြည့်နေပြီးမှ ဘာဖြစ်လို့လဲခင်ဗျာဟု အလွန်ပင်အားမရှိသည့်လေသံဖြင့် မေးသည်။ ကျွန်တော့်မှာ ပြုံးတာကို အလေ့အကျင့်လုပ်ဖို့ထက် ပိုပြီးအရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါဟု သင်တန်းသားက တည်ကြည်သောအသံဖြင့် ဖြေသည်။ သင်တန်းဆရာမှာ အံ့အားသင့်သွားပုံရသည်။ ဘယ်လိုကိစ္စမျိုးပါလဲ ခင်ဗျာဟု သင်တန်းဆရာထံမှ မေးခွန်းတစ်ခု ထွက်လာသည်။ ရှေ့အလယ်ပိုင်းနားမှ သင်တန်းသားက ဝမ်းနည်းပါတယ် ခင်ဗျာဟု ယဉ်ယဉ်ကျေးကျေးဖြင့် တုံ့ပြန်လိုက်ပြီး ဘာဆိုတာ ကျွန်တော် အသေးစိတ်ရှင်းမပြနိုင်တာကို ခွင့်လွှတ်ပါ။ နေ့စဉ်ဘဝထဲမှာ ပြုံးတာထက် အရေးကြီးတဲ့ကိစ္စတွေ ရှိနေ သေးတယ်ဆိုတာ ခင်ဗျားလည်း သိပြီးဖြစ်ပါလိမ့်မယ်ဟု ပြန်ပြောရင်း သင်တန်းဆရာကို မကြည့်တော့ဘဲ သူ၏လက်ဆွဲအိတ်အတွင်းသို့ စာရွက်စာတမ်းများ ထည့်နေလေသည်။ သင်တန်းဆရာကလည်း ဘာမျှထပ်မပြောတော့ဘဲ အားလုံးကိုကြည့်ကာ တစ်ချက်ပြုံးပြလိုက်သည်။ ထိုအပြုံးမှာ စိတ်ထဲကမပါသော်လည်း စိတ်ထဲကပါသလို ပြုံးရမည်ဟူသော အပြုံးမျိုးဖြစ်လေမည်လားဟု ကျွန်တော်က တွေးကြည့်မိသည်။ ကျွန်တော့်ဘေးနားက သင်တန်းသားကို လှည့်ကြည့်လိုက်ရင်း ဘယ်လိုသဘောရသလဲဟု မေးလိုက်မိသည်။ ကျွန်တော့်အမေးကို သူက မည်သို့နားလည်သည်မသိ။ သစ်ပင်ရိပ်တွေအောက်က အဘွားကြီးဆိုင်သွားရင် မကောင်းဘူးလား။ အဘွားကြီးရဲ့ ကြက်ကြော်က အတော်ကောင်းတာ။ သူ့ဆိုင်မှာ ဈေးပေါပေါနဲ့ ရှမ်ပိန်လည်း ရတယ်ဟု ဖြေသည်။ ကျွန်တော်သည် ရွေးချယ်ခြင်းဆိုသည်များကို ယာယီစွန့်ပစ်ကာ ဤသင်တန်းများဆီသို့ လာခဲ့သူဖြစ်သဖြင့် သူ့ကို လွယ်လွယ်ကူကူပင် ခေါင်းညိတ်ပြလိုက်မိသည်။ အခန်းတံခါးကို တွန်းဖွင့်ကာ ထွက်သွားသော သင်တန်းဆရာ၏ ကျောကို မြင်လိုက်ရသည်။ ကောင်ကလေးကိုတော့ နည်းနည်းသနားကြရင် ကောင်းမယ်ထင်တယ်ဟု ကျွန်တော်က ကျွန်တော့်ဘေးမှ သင်တန်းသားကို ပြောလိုက်ရာ ပညာတတ်ကလေးကိုလားဟု သူက ပြန်မေးသည်။ ကျွန်တော်က ပြန်မဖြေရသေးခင် သူ့ဘေးနားဆီမှ အခြားသင်တန်းသားတစ်ယောက်က ဝင်ပြောသည်။ ခင်ဗျားတို့ ပြောနေတာ

ကြားလိုက်မိလို့ပါ။ ခုလို ဝင်ပြောတာ ရိုင်းများသွားရင် ခွင့်လွှတ်ပါ။ ကောင်ကလေးက ပညာတတ်ကလေး ဆိုတာ ကတော့ အမှန်ပဲ။ ဒီတော့လည်း ပညာတတ်တို့ရဲ့ထုံးစံအတိုင်း ပညာတတ်တာကလွဲလို့ သူ့ခေါင်းထဲမှာ ဘာမှမရှိဘူး ပညာတတ်တာကလွဲလို့ ဘာမှမတတ်ဘူးဘဲ ဆိုပါတော့ ငယ်လည်းငယ်သေးတာကိုး။ ကက်စတီဗင်(စ)သီချင်းထဲ ကလိုပေါ့။ You are young, that's your fault ဆိုတဲ့အတိုင်းပဲ ပြောသည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရင်း စာကြောင်း တစ်ကြောင်း ဖြည့်ပေးလိုက်မိသည်။ I am old but I am happy. သူတို့နှစ်ယောက်က လက်ခုပ်တီးကြသည်။ ကျွန်တော့် နံဘေးမှ သင်တန်းသားက သူ့နံဘေးမှသင်တန်းသား ကြည့်လိုက်ရင်း လိုက်မလားဟု မေးသည်။ ဘယ်ကိုလဲ ကျွန်တော် မမေးတော့ဘူး။ ဒီသင်တန်းကလွဲရင် ဘယ်နေ ဖြစ်ဖြစ်ကောင်းမှာဟု သူက ပြန်ပြောသည်။ သင်တန်းအ ကောက်ချက်လည်း ချလိုက်သည်။ နောက်တော့ ကျွန်တော် သုံးယောက်သား သင်တန်းခန်းမထဲမှ ထွက်လာခဲ့ကြ သည်။ အတော်ကြာအောင် တစ်ယောက်နှင့်တစ်ယော စကားမပြောဖြစ်ကြ။ သစ်ပင်အုပ်ကလေးကို စမြင်လာ အခါတွင် သင်တန်းတက်ရသည်ကို ဘဝင်ကျပုံမပေါ် သူထံမှ အသံကို စပြီးကြားလာရသည်။ ကျုပ်ဟာ သမ္မ အဆက်ဆက် အကြံပေးလာခဲ့တဲ့ကောင်ပါ။ အလ အကောင် မဟုတ်ပါဘူး။ ခုခါမှ... ပြောပြီး စကားရပ် သည်။ ခုခါမှ ဘာဖြစ်လို့တုံးဟု ကျွန်တော့်နံဘေးမှ လူ မေးလိုက်သည်။ ခုခါမှ...ဟု ပြောပြီး ထိုလူက စကား ပြန်သည်။ ခုခါမှ... ကျုပ်က အကြံမပေးရတော့ဘူး။ ရဘူးဆိုတာက ခုတက်တဲ့ သမ္မတကို အကြံပေး သမ္မတကြီးရဲ့မိန်းမနဲ့ အဆက်အသွယ်ရှိတဲ့လူတွေချည် မိန်းမတွေက သူတို့ယောကျ်ားတွေကို သမ္မတအကြံပေး ရှိဖြစ်အောင် ဝိုင်းလုပ်ပေးကြတာ။ သူ့စကားဆုံးသွားသည် ကျွန်တော်က မစောင့်နိုင်တော့ဘဲ ချက်ချင်းမေးလိုက်မိ ခင်ဗျားမိန်းမကကော အဲဒီလိုလုပ်မပေးနိုင်ဘူးလား။ စမ် ခိုင်းပါလားဟု ကျွန်တော်က မေးရင်း ပြောလိုက် သူက ပြန်ပြောသည်။ ကျုပ်မိန်းမနဲ့ကတော့ မဖြစ်ပါဘူး ကျုပ်တို့ သင်တန်းဆရာမျိုး။ ပညာတတ်၊ တက္ကသို ပါမောက္ခ။ အားတဲ့အချိန်မှာ ကဗျာဖတ်တယ်။ အကြောင်း ဖတ်တယ်။ ကဗျာဖတ်တယ်ဆိုတော့ ဘယ်မှာ အသုံးတည့်မှာလဲ။ သူ့လောကကြီးထဲမှာ သူ သိတယ် မဟုတ်လား။ ကဗျာရယ်၊ ကဗျာရေးတဲ့လူ ဆိုတာက သူတို့လောကကြီးထဲ သူတို့နေတာ။ သူက ဆက်မပြောတော့။ ကျွန်တော်ကလည်း ဆက်မ ကဗျာအကြောင်း၊ စာအကြောင်းဆိုသည်မှာ ကျွန်တော် သိပ်မရင်းနှီးလှသည့် ဘာသာရပ်များဖြစ်သည်။ နံဘေးမှ လူကမူ ကျွန်တော်ကဲ့သို့ မဟုတ်။ ကဗျာ

www.burmeseclassic.com

ဘယ်သူ့ကိုမှ အန္တရာယ်
ပ်တာမှ မဟုတ်ဘဲ။
င်ဗျား‌ရဲ့သမ္မတအဆက်
ဆက်ကို အကြံပေးလာ
ယ်ဆို တာမျိုးကသာ
တိယကမ္ဘာစစ် ဖြစ်လာ
တာဟု ပြောလိုက်သည်။
တော်ကတော့ ပြုံးလိုက်
သည်။ တကယ်ပြုံးချင်လို့
၊ အပျင်းပြေပြုံးမိသည်
။ စိတ်ကူးထည်တစ်ခု
စေ့ဆော်မှုလား ဆို
ည်ကို မပြောနိုင်။ ပြုံး
အတွက် ဆင်ခြေတစ်စုံ
ရာလိုမည်ဟု ကျွန်တော်
င်။ သမ္မတအဆက်
က် အကြံပေးလာခဲ့သူဟု
သူက ပြောပြန်သည်။
တ်တယ်၊ ခင်ဗျား ပြော
လိုပဲ။ ကဗျာဖတ်တာ
ရာယ် မရှိဘူး။ ကျုပ်
တဲ့ အကြံလွဲသွားရင်
ရာယ်ရှိတယ်ဆိုတာ
ပဲ။ တကယ့်ဘဝကြီး
အန္တရာယ်ကို ရှိနေတာ။
မလွတ်ဘူး။ ဒီတော့
ယ့်ဘဝကြီးထဲမှာနေ
အန္တရာယ်ရှိတယ် ဆိုတာ
ရှောင်လို့မရဘူး။ ရန်ကို
င်လို့မရဘူး။ အန္တရာယ်
အောင် နေရမယ်၊ ရန် မရှိ
င် နေရမယ်ဆိုတာက
ကဗျာဆိုတာကို ရေးတဲ့
တွေရဲ့ လက်တွေ့မကျတဲ့
င်ပဲ။ ကျုပ်မိန်းမက
လိုမျိုး။ ကျုပ်ကလည်း
မိန်းမကို အားကိုးချင်
ပြောတာ မဟုတ်ပါဘူး။
နေတာက သမ္မတကိုယ်
င်က မိန်းမကို ကြောက်
တာပဲ။ ခု သမ္မတက
က မိန်းမလည်းကြောက်၊
ကမ္ဘမလည်းကြောက်။

ကျုပ်ဟာ
သမ္မတ
အဆက်ဆက်
အကြံပေးလာခဲ့တဲ့
ကောင်ပါ
အလကား
အကောင်
မဟုတ်ပါဘူး
ခုခါမှ...
ပြောပြီး
စကား
ရပ်သွားသည်
ခုခါမှ
ဘာဖြစ်လို့တုံးဟု
ကျွန်တော့်
နံဘေးမှ
လူက
မေးလိုက်သည်
ခုခါမှ..
ဟု
ပြောပြီး
ထိုလူက
စကား
ဆက်ပြန်သည်

ယုတ်စွအဆုံး သူတို့နေတဲ့လမ်းထိပ်နားဆီက သူ့ကို လက်ညှိုးထိုးထိုးပြီး ဆဲနေတဲ့ အရူးမကိုတောင် ကြောက်ရလို့။ အဲဒီအရူးမကို ငြိမ်အောင် အိမ်နဲ့ ရာနဲ့၊ အစောင့်အရှောက်နဲ့၊ ထမင်းချက်၊ ကားနဲ့ ကားမောင်းသမား ပေးထားလိုက်သတဲ့။ တောက်...မိန်းမတွေဟာဟု ပြောပြီး စကားဖြတ်လိုက်တော့သည်။ ဤနေရာတွင် ကျွန်တော့်အနေဖြင့် မှန်ခြင်း၊ မှားခြင်းကို တစ်စုံတစ်ရာ ထောက်ခံပြောဆိုခြင်း မပြုနိုင်ပါ။ ကျွန်တော်ကိုယ်တိုင် ဤသင်တန်းသို့ လာတက်ရခြင်းမှာ အိမ်မှ ငယ်ကပေါင်း ကျောင်းအမကြီး၏ အစီအစဉ်ဖြစ်နေသောကြောင့်ဖြစ်ပါသည်။ ရှင် အချိန်စေ့တော့မယ်။ သင်တန်းသွားတက်ထားချေဟုဆိုကာ သက်ဆိုင်ရာအာဏာပိုင်နှင့် အချိတ်အဆက်ပြုပြီး စေလွှတ်လိုက်ခြင်းဖြစ်သည်။ ဤသင်တန်းမျိုးမှာ တက်ချင်တိုင်း တက်၍မရသည်မှာ မှန်သော်လည်း လာရောက်တက်နေရသူများမှာ အာဏာတစ်စုံအခြေခံပြီး တွန်းပို့စနစ်အရ စေလွှတ်ခြင်း ခံရသူများသာ ဖြစ်နေသည်။ သမ္မတအဆက်ဆက်အကြံပေးလာခဲ့သူ၏ ပြောပုံအရသော် ဤနေရာတွင် မိန်းမနှင့် အာဏာကို ခွဲခြားထား၍ ရနိုင်မည့်ပုံမပေါ်။ မိန်းမတို့အနေဖြင့် အာဏာဆိုသည်မှာ မွေးရာပါအခွင့်အရေးတစ်ရပ်ဟု မြင်ကောင်းမြင်ထားကြသည်လားဟု တွေးကြည့်လိုက်မိသည်။ တွေးနေတုန်းမှာပင် သစ်ပင်ရိပ်အောက်မှ အဘွားကြီးဆိုင်သို့ ရောက်လာတော့သည်။ ကျွန်တော်က သင်တန်းမစမီ သုံးရက်ကြိုပြီး ရောက်ခဲ့သူဖြစ်ပြီး ထိုနေ့မှစ၍ နေ့စဉ်လိုပင် အဘွားကြီးဆိုင်သို့ ရောက်ဖြစ်သည်။ ကျွန်တော့်နံဘေးမှ လူကလည်း ရောက်ဖူးသည်။ သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသူကမူ မရောက်ဖူးသေး။ ကျွန်တော့်ကို တွေ့လိုက်သည်နှင့် အဘွားကြီးက မာကြောင်းသာကြောင်းမေးပြီး ကြက်ကြော်နဲ့ ရှမ်းပိန်ပဲလားဟု မေးသည်။ ကျွန်တော်က သူ့ကို နောက်သည့်အနေဖြင့် ခင်ဗျားဆိုင်မှာ ကြက်ကြော်နဲ့ ရှမ်းပိန်ကလွဲလို့ ဘာရှိလို့တုံးဟု မေးလိုက်ရာ သူက ဒါပဲရှိတယ်ဟု ပြန်ဖြေရင်း ရယ်သည်။ ကျွန်တော့်နံဘေးမှလူက ခင်ဗျားဆိုင်ကို ကျွန်တော်သဘောကျတာ အဲဒီအချက်ပဲ။ ဘာမှ ရွေးစရာမရှိဘူး။ ရွေးစရာရှိတာတွေ များရင် ရွေးရတာအချိန်ကုန်တယ်ဟု ပြောသည်။ သမ္မတအဆက်ဆက်ကို အကြံပေးလာခဲ့သူဟု ဆိုသူကမူ တုန်လှုပ်သွားသည်။ လန့်သွားပုံရသည်။ ဘာဖြစ်လို့ ရွေးချယ်စရာ မရှိရတာလဲ။ ရွေးချယ်စရာ မရှိရင် ကျွန်တော့်ရဲ့အခွင့်အရေး ဆုံးရှုံးသွားတဲ့သဘောပဲ။ ရွေးချယ်စရာတစ်ခုခုတော့ ရှိရမှာပေါ့ဟု ဝင်ပြောသည်။ ကျွန်တော်တို့ကတော့ သူ ပြောတာကို နားထောင်ရင်း ကုလားထိုင်မှာ ဝင်ထိုင်လိုက်ကြသည်။ ဖင်ကို အသားကျအောင် နေရာပြင်ထိုင်လိုက်ပြီးမှ ရွေးချယ်စရာမရှိဘူးဆိုတာကိုက ရွေးချယ်လိုက်ရခြင်းတစ်ခုပဲပေါ့ဟု သူ့ကို ပြောလိုက်မိသည်။ သူလည်း ထိုင်ခုံအလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ရင်း အံ့အားသင့်သွားသည့်မျက်နှာထားဖြင့် ကျွန်တော်တို့

www.burmeseclassic.com

နှစ်ယောက်ကို ကြည့်နေသည်ကို တွေ့လိုက်ရသည်။ အဘွားကြီးကမူ ဆိုင်၏နောက်ဘက်အခန်းထဲ ဝင်သွားတော့သည်။ အသက်ငယ်ငယ်အမျိုးသမီးကလေးတစ်ယောက်က ကျွန်တော်တို့အတွက် ပန်းကန်ပြား၊ ခက်ရင်းနှင့် ဓားများ ယူလာကာ စားပွဲပေါ်တွင် ချပေးလေသည်။ သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသူက ကျွန်တော့်အဖြေစကားအပေါ် ဘဝင်ကျပုံမရ။ သူသည် ဘာကိုမျှ သိပ်ဘဝင်ကျပုံမရသည့်လူ။ ဖင်ကြားထဲ ခဲခုနေပုံရသည်။ အမျိုးသမီးကလေးကို ကြည့်လိုက်ရင်း မင်းတို့ဆိုင်မှာ ဘာမှရွေးချယ်စရာ မရှိဘူးဆိုတာ ဟုတ်သလားဟု မေးလိုက်ရာ အမျိုးသမီးကလေးက ပြုံးပြုံးကလေးဖြင့် သူ့ကို ကြည့်လိုက်ရင်း ရှင် နားလည်မှုလွဲလို့ နေမှာပါ။ ကျွန်မတို့ဆိုင်မှာ ကြက်ကြော်နဲ့ ရှမ်ပိန် ရပါတယ်။ ရှင် ဆိုလိုတာက ကျွန်မတို့ဆိုင်မှာ သစ်သားတို့၊ သေနတ်တို့၊ ညှပ်ဖိနပ်တို့ ရောင်းသေးသလားလို့ မေးချင်တာလားဟု ပြန်မေးလေသည်။ ကျွန်တော်နှင့် ကျွန်တော့်နံဘေးက လူကမူ ပြုံးလိုက်မိသည်။ ထိုအပြုံးထဲတွင် ကျေနပ်နှစ်လိုခြင်း ပါသွားကြောင်း အသေအချာ သိလိုက်မိသည်။ သမ္မတအဆက်ဆက်အကြံပေးခဲ့ရသောလူက ကြိုးစားကာ ပြုံးလိုက်ရင်း အမျိုးသမီးကလေးကို မေးပြန်သည်။ ငါ ဆိုလိုတာက မင်းတို့ဆိုင်မှာ ကြက်သားကြော်အပြင် ပုစွန်တို့၊ ငါးတို့၊ ဒိန်ခဲတို့တွေများ ရနိုင်သလား၊ ရောင်းသလားလို့ပါဟု ပြောသည်။ အမျိုးသမီးကလေးက အသေအချာစဉ်းစားကြည့်လိုက်ပုံရသည်။ ပြီးမှ ဒါတွေက ကြက်ကြော်လို စားစရာတွေပဲ မဟုတ်ဘူးလားဟု ပြန်မေးလေသည်။ မှန်ပါတယ်။ စားစရာတွေပါပဲဟု သူက ပြန်ဖြေသည်။ ဒီလိုဖြင့် ရွေးချယ်စရာရှိနေလည်း ဘာထူးမှာလဲ။ စားစရာတွေချည်းပဲမို့ ရွေးချယ်ခြင်းဟာ ရွေးချယ်ခြင်းအတွက် သက်သက်ပဲ နေမှာပေါ့။ ကျွန်မတို့ဆိုင်မှာ ကြက်ကြော်ရော၊ သစ်သားရော၊ သေနတ်ရော ရောင်းတယ်ဆိုလို့ရှိရင် ရှင့်အနေနဲ့ ကြက်ကြော်အစား သစ်သားဖြစ်ဖြစ်၊ သေနတ်ဖြစ်ဖြစ်ကို ရွေးချယ်နိုင်ရင်တော့ တစ်မျိုးပေါ့။ မဟုတ်ဘူးလားဟု ပြန်ပြီးမေးတော့သည်။ သမ္မတ အဆက်ဆက်အကြံပေးခဲ့ရသောလူက တစ်ခုခုပြန်ပြောမည်ဟုလုပ်နေစဉ် အမျိုးသမီးကလေးက ဆက်ပြီး ပြောပြန်သည်။ ခု ကျွန်မတို့ဆိုင်မှာ ကြက်ကြော်ပဲရတယ်ဆိုပေတဲ့ ရှင့်ကို ရွေးချယ်နိုင်ခွင့်ပေးထားတာပဲ။ အဲဒါက ရှင် ကြက်ကြော်စားမလား၊ မစားဘူးလား ဆိုတာပဲ။ ရှင် ရွေးချယ်ဖို့က ကြက်နဲ့ ပုစွန်အကြား၊ ကြက်နဲ့ ဒိန်ခဲအကြား မဟုတ်ဘူး။ စားမလားနဲ့ မစားဘူးလား အကြားက ရွေးချယ်မှုပဲဟု ပြောပြီး ယဉ်ယဉ်ကျေးကျေး ပြုံးပြလိုက်သည်။ ထိုထိုသောယဉ်ကျေးသည့် အပြုံးမျိုးများသည် အနိုင်ရသူတို့ ပြုံးလေ့ရှိသော အပြုံးမျိုးဖြစ်၏။ ထို့နောက် အမျိုးသမီးကလေးမှာ လှည့်ထွက်သွားတော့သည်။ ကျွန်တော်နှင့် ကျွန်တော့်နံဘေးမှ လူတွင် အပြုံးများ မျက်နှာပေါ်သို့ တက်မလာ။ သို့ရာတွင် ကျွန်တော်တို့၏

ကိုယ်ခန္ဓာအတွင်း အပြုံးများ ကခုန်နေကြောင်း ကျွန်တော်
တို့ဘာသာ သိနေမိကြသည်။ ကြက်ကြော်နှင့် ရှမ်ပိ
ရောက်လာသောအခါ ကျွန်တော်တို့ ကျေနပ်သာယာစွာ
စားသောက်ကြရင်း ရောက်တတ်ရာရာပြောဆိုနေမိကြသည်
ကျွန်တော့်နံဘေးမှ လူက မဆီမဆိုင် အကြောင်းတစ်ခု
ပြောလိုက်သည်။ မနက်ဖြန်ကျရင် ပြိုးရယ်ခြင်း သင်တန်း
မလာနိုင်ဘူးဆိုတဲ့ ဇေါ်ကို သိသလားဟု မေးသည်။ ရှေး
တေးပဲဟု ကျွန်တော်က ဖြေသည်။ သမ္မတအဆက်ဆက်
အကြံပေးခဲ့ရသောလူကမူ လွယ်လွယ်ပင် ခေါင်းခါသည်
ရှိတ်မိုဟာမက်ကြီးရဲ့တူ။ အရင်က သူတို့နိုင်ငံက နိုင်ငံခြား
ဝန်ကြီး။ ခုတော့ အနားပေးထားတယ်။ မကြာခင် ရာ
ကောင်းကောင်းရမှာ။ မရလည်း သူ့ဦးလေးက ဝယ်ပေး
သူတို့အတွက် ပိုက်ဆံက အရေးမကြီးဘူး။ ဂုဏ်ကအရေး
တယ်။ ကမ္ဘာ့ဘဏ်တို့၊ အိုပက်တို့မှာ နေရာရမှာဟု သူ
အရှည်ကြီးရှင်းပြသည်။ ဒီလိုဖြင့် သူက ဘာဖြစ်လို့ ဒီသင်တ
ကိုလာရတာလဲဟု ကျွန်တော်က မေးကြည့်လိုက်မိသည်
ဟုတ်သားပဲဟု သမ္မတအဆက်ဆက် အကြံပေးလာခဲ့ရသူ
ဝင်ပြီးထောက်ခံသည်။ သူကပဲ ဆက်ပြီး ပြောပြန်သည်
ဒီသင်တန်းက အနာဂတ်အတွက် အသုံးမတည့်တော့တဲ့လူ
အတွက် လုပ်တဲ့သင်တန်းမဟုတ်ဘူးလားဟု မေးပြော
သည်။ ကျွန်တော့်နံဘေးမှလူကမူ ထိုအမေးကို ဖြေ
မပေါ်။ ရှိတ်ကြီး၏ တူအကြောင်းကိုသာ ဆက်ပြောပြသည်
ဒါကလည်း ဂုဏ်အတွက်ပဲနေမှာ။ ဒီသင်တန်းက ကမ္ဘာပေ
ပထမဦးဆုံး လုပ်တဲ့သင်တန်းဆိုတော့ ပထမတန်းကနေ
သူတို့အတွက် အကွက်ပဲလို့ ထင်ချင်ထင်မှာဟုဆိုသည်။ ထ
က အတော်လေးမိုးချုပ်မှ ကျွန်တော်တို့အခန်းသို့ပြန်ကြသည်
ကျွန်တော်နှင့် ကျွန်တော့်နံဘေးမှ လူကမူ နေ့စဉ်လို
ထိုဆိုင်ကလေးသို့သွားကာ အချိန်ဖြုန်းလေ့ ရှိသည်။ ရံဖန်
သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသူလည်းပါသည်
ကျွန်တော်တို့နှစ်ယောက်တည်း ရှိနေကြသောအခါ ကျွန်တော်
အိမ်၏အကြောင်း၊ မိသားစုအကြောင်း၊ အိမ်တွင် မွေး
သောခွေးများ၊ ကြောင်များအကြောင်းသာ ပြောဖြစ်ကြသည်
သူနှင့် ကျွန်တော်မှာ သဘာဝချင်းဆင်သောအလုပ်မျိုး
ပတ်သက်နေကြသည်ကို သူရော ကျွန်တော်ပါ သိလေသည်
ကျွန်တော်တို့သည် ကျွန်တော်တို့ဘဝတစ်လျှောက်လုံး
သက်နေခဲ့သောအလုပ်များမှ ရှောင်ပြေးပုန်း၍ မရနိုင်သူ
ဖြစ်လေသည်။ ကျွန်တော်တို့ကို လိုအပ်လျှင် ကျွန်တော်
၏တာဝန်ကို ထမ်းဆောင်ပါမည်ဟု ကျမ်းသစ္စာကျိန်ဆို
မိကြသူများဖြစ်လေသည်။ ဆယ်ရက်ပြည့်သောအခါ
တန်းပြီးဆုံးသွားပါတော့သည်။ ထိုနေ့ညနေဘက်က ကျွ
တို့သုံးယောက်သား အဘွားကြီးဆိုင်သို့သွားကာ ကြ
နှင့် ရှမ်ပိန် စားကြသောက်ကြသည်။ အဘွားကြီးကို
နှုတ်ဆက်ရင်း လက်ဆောင်ပေးကြသည်။ သမ္မတအ

www.burmeseclassic.com

ဆက်အကြံပေးခဲ့ရသူကမူ ဆိုင်မှ အမျိုးသမီးကလေးကို ငွေတစ်ရာ တစ်(ပ)ပေးရင်း ရွေးချယ်မှုမှာ ကာလနဲ့ ဒေသတို့ရဲ့ ဆက်စပ်မှုဟာ လိုအပ်တယ်ဆိုတာ မင်း သတိပေးလိုက်ပေလို့ပဲဟု ပြောရင်း ကျေးဇူးတင်စကားဆိုသည်။ အဘွားကြီးနှင့် စကားပြောနေရင်း အဘွားကြီးမှာ မျက်လုံးတစ်လုံးသာ မြင်ကြောင်း သိလိုက်ရသည်။ သူသည် သူ့ဘဝတစ်လျှောက်လုံး မျက်လုံးတစ်လုံးမှ အမြင်ဖြင့်သာကြီးပြင်းလာခဲ့ရသည် ဟု ဆိုသည်။ သို့ရာတွင် စိတ်ဓာတ်ကျခဲ့ပုံမရ။ သမ္မတအဆက်ဆက် အကြံပေးခဲ့ရသူက ကျွန်တော် တစ်ခုပြောပါရစေ။ စော်ကားတယ်တော့ မထင်ပါနဲ့ဟု စကားခံပြီး မျက်လုံးတစ်လုံးတည်းမှ မြင်ရတဲ့အတွက် ကောင်းတဲ့အလားအလာကို ပြောပါရစေဟု ပြောလေသည်။ ပြောစမ်းပါရှင်၊ ရယ်စရာဆိုရင်လည်း အတူရယ်ကြရတာပေါ့ဟု ပြောရင်း ခွင့်ပေးသည်။ ကျုပ်က သမ္မတအဆက်ဆက် အကြံပေးလာခဲ့ရတော့ သမ္မတတွေအကြောင်း သိတယ်ဟုပြောပြီးစကားစလိုက်သည်။ ရှမ်ပိန်ကို တစ်ငုံငုံလိုက်ပြီးမှ သူ့စကားကိုဆက်သည်။ ဒီလို။ သမ္မတဖြစ်ဖို့ အကောင်းဆုံးလူတွေဟာ မျက်လုံးတစ်လုံးတည်းကမြင်ရတဲ့လူတွေပဲ။ မျက်လုံးနှစ်လုံးနဲ့ လူတွေဟာ သမ္မတဖြစ်ချင်ရင် မျက်လုံးတစ်လုံးကိုမှိတ်ပြီး မှန်ထဲကြည့်ရင်း ငါ သမ္မတဖြစ်ရမယ်လို့ နေ့စဉ်ပြောရသတဲ့။ အလေ့အကျင့်

> ခုခါမှ...
> ကျုပ်က
> အကြံ
> မပေးရတော့ဘူး
> မပေးရဘူး
> ဆိုတာက
> ခုတက်တဲ့
> သမ္မတကို
> အကြံပေးတာ
> သမ္မတကြီးရဲ့
> မိန်းမနဲ့
> အဆက်အသွယ်
> ရှိတဲ့
> လူတွေချည်းပဲ
> မိန်းမတွေက
> သူတို့
> ယောကျ်ားတွေကို
> သမ္မတ
> အကြံပေးအရာရှိ
> ဖြစ်အောင်
> ဝိုင်းလုပ်ပေးကြတာ

လုပ်ပြီး သတိပေးတဲ့သဘော၊ အားပေးတဲ့သဘောတဲ့ဟု ပြောသည်။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးကလူတို့ တိုင်ပင်မထားဘဲ တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်လိုက်မိကြသည်။ အဘွားကြီးကိုယ်တိုင်လည်း နားလည်ပုံမပေါ်။ ဘာဖြစ်လို့ မျက်စိနှစ်လုံးစလုံးနဲ့ မှန်ကြည့်ပြီး ပြောလို့မဖြစ်ရတာလဲဟု အဘွားကြီးက မေးသည်။ သမ္မတအဆက်ဆက် အကြံပေးလာခဲ့သူက အဘွားကြီးကိုကြည့်ကာ သမ္မတတို့၊ နိုင်ငံခေါင်းဆောင်တို့ဆိုတာတွေရဲ့ မျက်လုံးနှစ်လုံးမှာ တစ်လုံးက တိုင်းသူပြည်သားကိုကြည့်ဖို့၊ တစ်လုံးက ကိုယ့်ကိုယ်ကိုကြည့်ဖို့လို့ အဆိုရှိတာကို ခင်ဗျား ကြားဖူးပုံ မပေါ်ဘူးဟု ပြောသည်။ အဘွားကြီးက ခေါင်းခါပြလိုက်သည်။ ဒါကြောင့်မို့ပဲ သမ္မတမဖြစ်ခင်မှာ ကိုယ့်ကိုယ်ကိုကြည့်ဖို့ထားတဲ့ မျက်လုံးနဲ့ ကိုယ့်ကိုယ်ကို ကြည့်ရင်း ငါ သမ္မတဖြစ်ရမယ်လို့ မှန်ထဲကြည့်ပြီး နေ့စဉ်ပြောရတာဟု သမ္မတအဆက်ဆက် အကြံပေးလာရသူက ဖြေလေသည်။ ဒီတော့ သမ္မတဖြစ်သွားတဲ့အခါကျတော့ကောဟု အဘွားကြီးက မေးပြန်သည်။ သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသူက ချက်ချင်းမဖြေ။ ရှမ်ပိန်ခွက်တစ်ဝက်ခန့်ကို အသာမြို့ပြီးမှ သမ္မတဖြစ်လာတော့ မျက်လုံးနှစ်လုံးနဲ့ ကြည့်ပါတယ်။ ဒါပေတဲ့ ကိုယ့်ပုံကိုယ် မှန်ထဲမှာ ကြည့်လာခဲ့တာက အတော်အသားကျနေပြီဖြစ်လို့ မျက်လုံးနှစ်လုံးနဲ့ မှန်ထဲက ကိုယ့်ပုံကို ကိုယ်ကြည့်တော့တယ်။ တိုင်းသူပြည်သားကို လှည့်ကြည့်ဖို့ မေ့ကုန်ကြတယ်ဟု ဖြေလေသည်။ ကျွန်တော်တို့ လက်ခုပ်မတီးဘဲ မနေနိုင်ကြတော့ပါ။ ကျွန်မသာ သမ္မတဖြစ်ခဲ့ရင် ရှင် အကြံပေးမလားဟု အဘွားကြီးက မေးသည်။ သမ္မတအဆက်ဆက် အကြံပေးခဲ့သူက ထိုင်ရာကထပြီး ဦးညွတ်ကာ အချိန်မရွေး၊ အဆင်သင့်ပါ။ တစ်ရေးနိုး လှမ်းခေါ်တောင် ရောက်အောင်လာခဲ့ပါမယ်ဟု ပြန်ပြီး ပြောလေသည်။ ထိုနေ့ ညနေကမူ ကျွန်တော်တို့အတွက် နောက်ဆုံးညနေဖြစ်၍ အဘွားကြီးဆိုင်တွင် မိုးအတော်ချုပ်သည်အထိ အချိန်ဖြုန်းခဲ့ကြသည်။ နောက်နေ့ မနက်မှာမူ စိတ်ဝင်စားစရာ ကောင်းသည်။ သင်တန်းပြီးဆုံးသွားသဖြင့် မနက်ဘက်တွင် အမှတ်တရလက်ဖက်ရည်ပွဲကလေး ကျင်းပလေသည်။ သင်တန်းဆင်းပွဲ ဟူ၍ကား မခေါ်။ မခေါ်ရသည်မှာ သင်တန်းသည် အစနှင့်အဆုံးရှိသော သင်တန်းမျိုးမဟုတ်၍တစ်ကြောင်း၊ သင်တန်းကို လာရောက်ကြသူများသည် သင်တန်းတွင်ပို့ချနေသူများထက် အသက်အရွယ်အားဖြင့် ကြီးရင့်နေကြသည်ဖြစ်၍ တစ်ကြောင်းတို့ကြောင့်ဖြစ်သည်။ နမူနာပေးပြောရမည်ဆိုသော် သင်တန်းကို ဦးဆောင်သောပညာရှင်အမျိုးသမီးမှာ ကျွန်တော့်သမီးနှင့်အတူ ကျောင်းတက်ဖက်ဖြစ်သည်။ ထိုအမျိုးသမီးမှာ အသက် ၄၀ ခန့်သာ ရှိသေးသော်လည်း သုတေသနလုပ်ငန်းများတွင် သူ့ဘဝတစ်ခုလုံးကို မြှုပ်နှံကာ ပညာနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့သူဖြစ်သည်။ ပညာရပ်ဆိုင်ရာ စာအုပ်

www.burmeseclassic.com

www.burmeseclassic.com

အတော်များများ ရေးခဲ့ရာ စာအုပ်တိုင်းလိုလိုမှာ ပညာရပ်ဆိုင်ရာ အဆောက်အအုံများက မှီးရ၊ ကိုးရ၊ ညွှန်းကြရပါသည်။ သူသည် အိမ်ထောင်မပြုဖူး၍ သားသမီးမမွေးဖွားခဲ့ဖူးသော်လည်း သူ ရေးသားသော *ကလေးသူငယ်တို့ကို စောင့်ရှောက်နည်း၊ ဆယ်ကျော်သက်တို့ကို ထိန်းကျောင်းနည်း၊ အိမ်ထောင်ရေးအဆင်ပြေနည်းကျမ်း*...စသည်များမှာ ဆယ်ကြိမ်မက ပြန်လည်ပုံနှိပ် ထုတ်ဝေရသည်။ ယခု သင်တန်းမှာလည်း သူ၏ဉာဏ်ကြီးလှသော ဦးနှောက်အတွင်းက မွေးဖွားပေးခဲ့သော စီမံကိန်းတစ်ခုသာ ဖြစ်ပါသည်။ ကျွန်တော်တို့က သင်တန်းဟု စကားအဖြစ် ခေါ်သော်လည်း သူတို့အတွက်မှာမူ စီမံကိန်းသာ ဖြစ်ပါသည်။ စီမံကိန်း၏ ကနဦးအမည်မှာ 'ပညာအရာ၌ ပေါက် ရောက်ခဲ့ကြသော်လည်း သစ်လွင်နေသော လူ့အဖွဲ့အစည်းအတွက် အသုံးမတည့်ဖြစ်တော့မည့်သူများကို ပြန်လည်ထိန်းကျောင်းပေးခြင်းစီမံကိန်း' ဟူ၍ဖြစ်သည်။ ကျွန်တော်တို့သင်တန်းသားအများစုကမူ သင်တန်းဟူ၍သာ ခေါ်ကြပြီး စီမံကိန်းဟု မခေါ်ကြ။ စီမံကိန်းမှာ ယဉ်ကျေးမှုတော်လှန်ရေးကာလက လုပ်ခဲ့သော ပြန်လည်ပညာပေးရေးအစီအစဉ်နှင့် တစ်သဘောတည်း ဖြစ်ပုံရသည်။ သမ္မတအဆက်ဆက် အကြံပေးခဲ့သူကမူ ပို့စ်မော်ဒန်ကာလ ပြန်လည်ပညာပေးရေးစီမံကိန်းဟု နောက်တောက်တောက်ဖြင့် မကြားတကြားခေါ်လေ့ရှိသည်။ ကျွန်တော်တို့ကလည်း အထိုက်အလျောက်တော့ သဘောတူသည်။ ဤသင်တန်းသို့မဟုတ်(သူတို့အခေါ်)စီမံကိန်းမှာ လောလောဆယ် အနေအထားတွင် ပိုက်ဆံရှိ/အာဏာရှိ တိုင်းပြည်များအတွက်သာ ဖြစ်ပါသည်။ တတိယကမ္ဘာက နိုင်ငံများ၊ နွမ်းပါးသောနိုင်ငံငယ်များမှ ပုဂ္ဂိုလ်များအတွက် ထည့်မစဉ်းစားကြပါ။ စီမံကိန်း၏အကြီးအကဲအမျိုးသမီးကြီးပြောစကားအရသော် ထိုနိုင်ငံများမှာ အချင်းချင်း အာဏာလုကြရင်းဖြင့်သော်လည်းကောင်း၊ ဒီမိုကရေစီ ဟူသောစကားလုံးကို လိုသလို အနက်ဖော်သုံးစွဲရင်း တိုင်းသူပြည်သားများကို ဖြားယောင်းနေကြရင်းဖြင့်သော်လည်းကောင်း အချိန်ကုန်နေကြသဖြင့် ထည့်သွင်းစဉ်းစားရန် မလိုသေးကြောင်း သိရသည်။ ထိုနေ့မနက်က လက်ဖက်ရည်ပွဲတွင် စီမံကိန်း၏အကြီးအကဲအမျိုးသမီးနှင့် သင်တန်းဆရာများက လိုက်လံနှုတ်ဆက်စကားပြောရင်း သူတို့၏ လိပ်စာကတ်ပြားလေးများ ပေးကြသည်။ သင်တန်းဆင်း လက်မှတ်တော့မပေး။ မပေးရသည်မှာ သင်တန်းဆင်း လက်မှတ်ပေးရမည့်အရွယ်များ မဟုတ်သည်က တစ်ကြောင်း၊ အခြားအကြောင်းတစ်ခုမှာ ယခုသင်တန်းသို့ လာရောက်ကြသူများသည် သင်တန်းကို တစ်စက်ကလေးမျှ အထင်မကြီးကြသူများဖြစ်သည်ကို သူတို့ဘာသာ သိထားကြသောကြောင့် တစ်ကြောင်းတို့ကြောင့် ဖြစ်ပေသည်။ ပြုံးတတ်ရန် သင်ကြားပေးသည့် နည်းပြဆရာကလေးနှင့် လိမ်တတ်ရန် သင်ကြားပေးသော ဆရာမကလေးတို့နှစ်ယောက်သားမှာ ကျွန်တော်တို့

သုံးယောက်သားနှင့် အချိန်အတော်ကြာအောင် မတ်တတ် ရပ်ရင်း စကားပြောဖြစ်ကြသည်။ ကျွန်တော်တို့၏မျက်နှာ များမှာ တပြုံးပြုံးနှင့်ဖြစ်နေ၍ လိမ်တတ်အောင် သင်ကြားပေး သည့်ဆရာမလေးက လူကြီးမင်းတို့အပြုံးဟာ လိမ်ညာပြုံး တယ်ဆိုတာ ပေါ်လွင်နေသေးတယ်။ နိုင်ငံတကာက အတိုက် အခံခေါင်းဆောင်မှန်သမျှရဲ့ အပြုံးတွေဟာ အဲဒီလိုချည်းပဲ။ သိသာတယ်။ အတိုက်အခံခေါင်းဆောင်မှန်သမျှဟာ သူ့ကို ထောက်ခံအားပေးသူတွေနဲ့တွေ့တိုင်း ပြုံးတဲ့ အပြုံးမှာ နင်တို့ တုံးမှန်း သိပါတယ်ဆိုတာက ရှစ်ဆယ်ရာခိုင်နှုန်းပါပြီးသား ဒါကလည်း နိုင်ငံတကာနိုင်ငံရေးမှာ အတိုက်အခံကို အားပေး သူတွေရဲ့ စိတ်နေစိတ်ထားလေ့လာချက်အရ အများစုဟာ မျှော်လင့်ချက်အခြေခံနဲ့ အားပေးတာ။ ဆင်ခြင်တုံတရား အခြေခံနဲ့ အားပေးတာ မဟုတ်ဘူး။ ဒီတော့လည်း အတိုက် အခံ ခေါင်းဆောင်တွေဟာ အများကြိုက်လုပ်လေ့ရှိတယ်။ ပြဿနာဖြေရှင်းဖို့ မစဉ်းစားဘူး။ Popularity is better than reality ဆိုတာ သူတို့အတွက်ပဲ။ သူတို့ဘာသာ ကျေနပ်ပြုံး ဟန်လုပ်နေတဲ့အပြုံးပဲ။ တကယ်တော့ စနစ်တကျ လိမ်ညာပြုံး တတ်ရင် အဲဒီလိုမပြုံးဘူးဟုပြောသည်။ ကျွန်တော်တို့အ အသိပညာသစ်တစ်ခု ရလိုက်ရသည်။ လောကကြီးတွင် ပေါက်ဈေးအတိုင်း လက်မခံသင့်သော အရာပေါင်းမြောက် မြားစွာ ရှိနေသည့်အကြောင်း။ ထို့နောက် ကျွန်တော်တို့သုံး ယောက်သား လေယာဉ်ကွင်းသို့ ထွက်ခဲ့ကြသည်။ သမ္မတ အဆက်ဆက် အကြံပေးခဲ့ရသည့်လူကမူ ဒီကပြန်ရင် ငါးသွာ များမယ်ဟု ပြောသည်။ ကျွန်တော့်နံဘေးကလူက သမ္မတ တွေကို အကြံပေးဖို့ ခင်ဗျား စိတ်မပါတော့ဘူးလားဟု မေး လိုက်သည်။ ပါတော့ ပါပါတယ်။ ခက်နေတာက ကျုပ်ပြော တဲ့အတိုင်း ခုခေတ်မှာ အိမ်ကမိန်းမတွေက စီမံပေးရင် သမ္မတ အကြံပေးဖြစ်တဲ့ခေတ်။ ကျုပ်က နိုင်ငံရေးပညာ၊ လူမှုဆက်ဆံ ရေးပညာ၊ မဟာဗျူဟာအကဲဖြတ်နည်း စတာတွေနဲ့ ပီအိပ်(ချ်) ဒီ ခြောက်ခုလောက် ရထားတာ။ အိုင်ကျူက ၂၄၀ ကျော် တယ်။ ဒီတော့ ကျုပ်အနေနဲ့ သမ္မတအကြံပေးဖြစ်ဖို့ မလွယ် တော့ဘူးဟု ဆိုသည်။ ကျွန်တော်က ကြားရဖူးသော အကြောင်းတစ်ခုကို သတိရလိုက်မိသည်။ နိုင်ငံငယ်တစ် ဆီမှာတော့ သမ္မတဆီကို အိတ်ဖွင့်ပေးစာရေးရသတဲ့ သမ္မတကြီးက သိသွားတာနဲ့ ဒီငတိကြီးတော့ဖြင့် ငြိမ်ငြိမ်နေ အောင် အကြံပေးတဲ့လူတွေ စာရင်းထဲ ထည့်ထားလိုက်စမ်း လို့ပြောပြီး သမ္မတ အကြံပေးရာထူးပေးဆိုပဲဟု ပြောလိုက် သည်။ ထို့နောက် သုံးယောက်သားပြိုင်တူပင် ရယ်လိုက်မိ ကြသည်။ နောက်တော့ လမ်းခွဲလိုက်ကြရသည်။ လေယာဉ် ပေါ်တွင် တစ်ယောက်တည်းထိုင်နေရင်း စိတ်ထဲတွင် ကြည်နူးသလိုလိုဖြစ်လာသည်။ ဖြစ်လာရခြင်းအကြောင်း များအနက်တစ်ခုမှာ ကျွန်တော်သည် အနာဂတ်အတွက် အသုံးမတည့်တော့သည့် လူတစ်ယောက်အဖြစ် ...



www.burmeseclassic.com

www.burmeseclassic.com

ပင်ခဲ့ခြင်းကြောင့်ဖြစ်ပြီး၊ အခြားတစ်ဖက်မှာ ကျွန်တော့်ဆရာတစ်ဦးပြောခဲ့သောစကား တစ်ခွန်းကို အမှတ်မထင် သတိရလိုက်မိသောကြောင့် ဖြစ်သည်။ ကမ္ဘာကြီးဟာ ပိုးစိုးပက်စက်ဖြစ်နေတာ။ ပိုးစိုးပက်စက်ဖြစ်နေတာဟာ ကိုယ်နဲ့ မဆိုင်ဘူးလို့ ပါမောက္ခ ဗင်ဒစ်က ပြောဖူးတယ်။ ဒီတော့ ကျွန်တော်တို့ ဘယ်လိုနေကြရမလဲဟု ကျွန်တော်က မေးလိုက်မိသည်။ ပိုးစိုးပက်စက်ဖြစ်နေခြင်းများကို ဆီလျော်အပ်စပ်မှုဆိုင်ရာ သီအိုရီအခြေခံနဲ့ လိုက်လျောညီထွေနေထိုင်ကြရုံပဲဟု သူက ဖြေသည်။ ထိုသို့ဆိုလျှင် ကျွန်တော်၏မနက်ဖြန်များစွာတို့မှာ အခြားသူတို့၏ မနက်ဖြန်များသာ ဖြစ်နေပေတော့မည်ဟု ကျွန်တော် တွေးကြည့်လိုက်မိသည်။ ဒီလိုဖြင့် သတ်ဖြတ်ခြင်းခံထားရတဲ့ ကျွန်တော့်ရဲ့ မနက်ဖြန်များစွာအတွင်း ကျေနပ်သာယာစွာ ရှင်သန်နေနိုင်ရန် အားထုတ်ဖို့ပဲ လိုတာပေါ့ဟု ကျွန်တော်က ဆရာ့ကိုပြောလိုက်သည်။ ဆရာက ခင်ဗျားမှာ ဒီထက်ကောင်းတဲ့ တခြားစိတ်ကူးများ ရှိသေးလားဟု ပြန်မေးဖူးသည်။ လေယာဉ်အပြင်ဘက်က မိုးသားတိမ်စိုင်များကို ကြည့်နေရင်း ဆရာ့ကို သတိရနေမိသည်။ ဆရာသည် သူ၏အလုပ်အကိုင်၊ မိသားစု၊ အိမ်ရာအလုံးစုံကိုစွန့်ပစ်ပြီး စပိန်နိုင်ငံတောင်ဘက်ပိုင်းက ရွာကလေးတစ်ခုတွင်သွားရောက်နေထိုင်လေသည်။ ရာသီဥတုသာယာသောနေ့ရက်များတွင် အလကားရသောလေများကို ရှူသွင်းကာ ရှူထုတ်လိုက်သောလေများတွင် သူ့ဦးနှောက်အတွင်းက သူ သိရှိလက်ခံ ထားသည်များကို ထည့်လိုက်သည်ဟုဆိုသည်။ လိုအပ်သည်ထက် ပိုမိုသိရှိထားခြင်းမှန်သမျှမှာ လူကို အန္တရာယ်ပေးနိုင်သည်များသာဖြစ်၏ဟု ဆို၏။ တစ်ချိန်တည်းမှာပင် ကျွန်တော့် မြေးမကလေးကို သတိရလိုက်မိသည်။ သုံးနှစ်ပြည့်၍ မနှစ်ကစပြီး မူကြိုတက်သည်။ သူတို့ကျောင်းတွင် အိုင်ပဒ်သုံးကြရသည်။ သူသည် ကျွန်တော့်ထက်ပိုပြီး အိုင်ပဒ် သုံးတတ်သည်။ အိုင်ပဒ်ကောင်းကောင်း သုံးတတ်အောင် သူ့ဆီက တပည့်ခံဦးမှဟု ကျွန်တော် တွေးမိသည်။ ကျွန်တော် ပြုံးလိုက်မိသည်။ ထိုအပြုံးတွင် အနှောင်အတည်းလုံးဝမပါ။ ကျေနပ်သောအပြုံးတစ်ခုသာ ဖြစ်ပါသည်။ ■

**မြင့်သန်း**


ပဲ့တင်သံ ဂျာနယ်

Pae Tin Tharn Journal

**နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်**

**ဘယ်လိုမူနဲ့လဲ**

မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

**ဘာအသံတွေ ကြားရမှာလဲ**

လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊စျေးသည်အသံ၊
အနုပညာသည်အသံ၊
မြန်မာတစ်လွှားက နိုင်ငံသားအသံ၊
ကမ္ဘာတစ်လွှားက မြန်မာများအသံ။

**ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ**

**'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊**
**'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊**
**'သမဂ္ဂသတင်း'၊ 'သတင်းလူသား'**
**'သတင်းဝတ္ထု'...**
အစရှိတာတွေကို ဖတ်ကြရမှာပါ။

**အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ**

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ပဒေသာပင် ပုံများ

၁။

မြန်မာနိုင်ငံမြေပုံရဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တည်ရှိရာနေရာတွေမှာ ဗိုလ်ချုပ်ပုံတွေက အရောင်စုံ နေရာယူတော့မည်။ ၁ ကျပ်တန်က အညိုရောင်၊ ၅ ကျပ်တန်က အစိမ်းရောင်၊ ၁၀ တန်က အနီရောင်၊ ၁၅ ကျပ်တန်က အပြာရောင် ငွေစက္ကူများကို ထောင့်ချွန်း၊ တြိဂံ၊ အနားပြိုင် စတုဂံအမျိုးမျိုး ချိုးကပ်ထားတာမို့ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေကို ထင်ထင်ရှားရှား ကွဲပြားစွာ မြင်ရမှာပဲဖြစ်သည်။

ဂျပ်စက္ကူအကြီးကြီးမှာ မြန်မာနိုင်ငံမြေပုံကို Out Line ချပေးပြီး ငွေစက္ကူတွေကို ဗိုလ်ချုပ်ပုံထင်းထင်းလင်းလင်းပေါ်အောင် နမူနာချိုးပြတော့ တပည့်လေးတွေက ဉာဏ်ရည်ထက်မြက်သူတွေမို့ တစ်ခဏချင်းမှာပဲ လုပ်တတ်ကိုင်တတ်သွားသည်။ မြို့လုံးကျွတ် ကထိန်ပွဲအတွက် ဌာနအလိုက် ပဒေသာပင်အပြိုင်



www.burmeseclassic.com

www.burmeseclassic.com

အဆိုင် သီးရာမှာ ကျွန်တော်က သမားရိုးကျပစ္စည်းတွေ ချိတ်ဆွဲတာမျိုးမလုပ်တော့ဘဲ ဝတ္ထုငွေသားများနဲ့ ဒီဇိုင်းဆင်စိတ်ဝင်စားအောင် စီစဉ်လိုက်တာပဲဖြစ်သည်။

ကျွန်တော်တို့ ဝန်ထမ်းတွေ လစာထုတ်တိုင်း တစ်ဆယ်စု၊ နှစ်ဆယ်စုဖြင့် တစ်နှစ်တာအတွင်း စုဆောင်းရရှိသော ငွေစ၊ ကြေးစလေးတွေကို ဘဏ်မှာ အကူအညီတောင်းပြီး ရာစည်းကျပ်ချွတ်တွေ လဲလှယ်ကာ ပဒေသာပင်ကို အလှဆင်၊ ဆွဲဆောင်မှုကောင်းအောင် ကြံစည်တာပဲဖြစ်သည်။ နောက်တစ်နေ့ လပြည့်နေ့မှာ ရုံးဌာနတွေ အားလုံးစုပေါင်းပြီး မြို့လုံးကျွတ် ပဒေသာပင်လှည့်သည့်အခါ ကျွန်တော်တို့ရထားဌာနရဲ့အချက်ပြမျှော်စင်နှင့် ယာဒ်ဝင်းဝန်ထမ်းများ၏ ပဒေသာပင်က ငွေတန်ဖိုးမမြင့်မားသော်လည်း ဗိုလ်ချုပ်ပုံနှင့်ဒီဇိုင်းဖော်ထားသော မြန်မာနိုင်ငံမြေပုံကြောင့် ထူးခြားဆန်းကြယ် စိတ်ဝင်စားဖွယ်ကောင်းနေလိမ့်မည်ထင်သည်။

'စိန်ဝင်းထွန်း မင်းကချင်ပြည်နယ်ကို ၁ ကျပ်တန်တွေကပ်ပြီး ကပ်လျက်စစ်ကိုင်းတိုင်းကို ၅ ကျပ်တန်ကပ်မှ အရောင်ကွဲပြီး ထင်သာမြင်သာ ဖြစ်မှာပေါ့။ ၁၀ ကျပ်တန်ကပ်ရင် အညိုနဲ့အနီ ရောနေမယ်လေ'

ကျွန်တော်က တယ်လီဖုန်းခုံရှေ့ ကုလားထိုင်လေးပေါ်ကနေ ကြမ်းခင်းပေါ် မြေပုံကားချပ်ဖြန့်လျက် ငွေစက္ကူခေါက်လေးကို ကော်ပါးပါး

> မွန်မြတ်သန့်စင်သည့် ချွေးနှဲစာလေးများသည် သာသနာနှင့် ဘုရားသားတော်တို့အတွက် နှမ်းတစ်စေ့စာမျှ အကျိုးဖြစ်ထွန်းရင်ကိုပဲ ကျေနပ်ပီတိဖြစ်နေသည့် အရိပ်အငွေ့တို့က စိန်ဝင်းထွန်းနှင့် ဇော်လင်းတို့ မျက်ဝန်းမှာ ထင်ဟပ်နေသည်

သုတ်ပြီးကပ်နေသော တပည့်လေးကို အရောင်အစပ်အဟပ်အတွက် သတိပေးလိုက်ခြင်းပဲဖြစ်သည်။

'ဟုတ်တယ်နော် ဆရာ၊ ကျွန်တော်လောသွားတယ်။ ဇော်လင်း မင်းကလည်း သတိမပေးဘူး'

စိန်ဝင်းထွန်းက ငွေစက္ကူများကို ခေါက်နေသော သူနှင့်လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း ဇော်လင်းဘက်လှည့်ပြီး အပြစ်တင်သည့်အမူအရာမပါဘဲ ပြောသည်။

'ငါလည်း ဆရာပြတဲ့အတိုင်း ပိုက်ဆံခေါက်နေတော့ မင်းလုပ်တာ သတိမထားမိတာ၊ မင်းကိုက အမြင်မရှိတာ။ ငါထင်တယ်ကွ၊ တို့အိုင်ဒီယာ သိပ်ကောင်းတော့ မနက်ဖြန် ပဒေသာပင်တွေ အားလုံးထဲမှာ ငါတို့ပဒေသာပင်က အထူးခြားဆုံးနဲ့ အကောင်းဆုံးဖြစ်မှာပဲ'

ဇော်လင်းက ထိုင်ရာကထ ခါးအကြောဆန့်လျက် စိန်ဝင်းထွန်းလက်ရာကို စီးမိုးကြည့်သည်။

'အနားသတ်ကို ရောင်စုံမီးလေးတွေချိတ်ပြီး ညအချိန်ပြထားရင်တော့ အရမ်းသားနားမှာနော် ဆရာ'

ဇော်လင်းပြောတော့မှ ကျွန်တော် ဒါကို ဘာလို့ မေ့သွားတာလဲဟု သတိရသည်။

'ဟာ ဟုတ်ကောင်း ငါမေ့သွားတာ၊ မီးကြိုးလေးတွေ နေ့လယ်က ဝယ်ထားပြီးသားစာအုပ်ထည့်တဲ့ ဗီရိုထဲမှာရှိတယ်။ တို့ ဒီတစ်ည ကော်ရစ်တာမှာ ထောင်ပြထားမယ်ကွာ။ ညဆိုက်မယ့် ရထားဆင်း ခရီးသည်တွေနဲ့ မနက်အစော ရထားစီးမယ့် ခရီးသည်တွေ မြင်ရတာပေါ့'

လခထုတ်တိုင်း အစွန်းထွက်ငွေကလေးများကို စုဆောင်းခဲ့သော မွန်မြတ်သန့်စင်သည့် ချွေးနှဲစာလေးများသည် သာသနာနှင့် ဘုရားသားတော်တို့အတွက် နှမ်းတစ်စေ့စာမျှ အကျိုးဖြစ်ထွန်းရင်ကိုပဲ ကျေနပ်ပီတိဖြစ်နေသည့် အရိပ်အငွေ့တို့က စိ...
ဝင်းထွန်းနှင့် ဇော်လင်း...
မျက်ဝန်းမှာ ထင်ဟပ်...
သည်ဟု ထင်မှတ်ရသည်...

❑

မိတ္ထီလာလမ်းဘက်...
ဆိုင်လိုခေါ်သည့် ဆန်ဂိုဒေါ...
ကြီးများမှ ဆန်များတင်...
အတွက် ကုန်တင်တွဲ ၄...
ချိတ်ဆက်ထားသည့် ရထား...
ကို စေလွှတ်ပြီး မကြာမ...
မှာပဲ မန္တလေးဘက်ခြမ်း...
တာလေးမှ ၄ အစုန်ရထား...
ချဉ်းကပ်ခွင့်တောင်း...
မျက်နှာချင်းဆိုင် နံရံရှိ...
ဆီ အကြည့်တစ်ချက်...
သည်။ ည ၉ နာရီ ၁၀ မိ...
ရထား ဝင်/ထွက် မှတ်...
မှာ အချိန်စာရင်းသွင်း...
မြန်မာနိုင်ငံမြေပုံဆီ ထ...
အကြည့်ဝေ့လိုက်တော့ က...
ရှမ်း၊ မန္တလေး၊ မွန်၊ ...
ရခိုင်၊ ကရင်၊ တနင်္သာ...
မကွေး၊ စစ်ကိုင်းတို့မှာ ...
ချုပ်ပုံတွေ ကပ်လို့ပြီးပြီ၊ ...
ဝတီ၊ ရန်ကုန်၊ ပဲခူး...
လောက်ပဲ ကျန်သည်။ ...
အတိုင်းဆိုလျှင် ၄ အ...
ရထား ထွက်ခွာသွားပြီး ...
၉ နာရီခွဲလောက်မှာ ပဒေ...
ပင် အလှဆင်တာပြီး...
ရောင်စုံမီးကုံးလေးပါ ...
လိုက်လျှင် ည ၁၀ နာရီ...
မီ အချက်ပြမျှော်စင် ...
ရစ်တာမှာ ပဒေသာပင်...
ထောင်လျက် ကျွန်တော်...
စွမ်းဆောင်ရည်ကို ပြလို့...

'ကရာကရာက...
ကရာကတ္တူ၊ ကရာ...
ကရာကတ္တူ ကတ္တူ...
ကရာကတ္တူ'

'ထွက်' ဆိုသည့် ...
နန်းသံကြားတော့ ပဲခူး...



www.burmeseclassic.com

www.burmeseclassic.com

ရောက် ဗိုလ်ချုပ်ပုံကိုသာ ထင်းထင်းဖြစ်စေသည့် ကြိုဂံ ၁၀ ကျပ်တန်လေးတွေ ငေးနေရာမှ နားက မသိ သော ဆန့်သွားသည်ဟု ထင် သည်။

အချိန်မှန်ဟုအဓိပ္ပာယ် အ·ခ·မ ဆိုသည့် ကြေး သကော်တသံပါ ဆက်ပြီး ထွက်ပေါ်လာတော့ ၄ အစုန် အမြန်ရထား တစ်ဖက်ဘူတာ အချိန်မှန်ထွက်ခွာချိန် ၉ နာရီ ၂၀ မိနစ်ကို ရထား ထက်ခံစာအုပ်တွင် စာရင်း သွင်းလိုက်သည်။ နောက် ၁၀ မိနစ်၊ ည ၉ နာရီ ၃၀ မိနစ်မှာ ၄ အစုန် အမြန်ရထား ကျွန်တော့် ဘူတာကြီးသို့ ဆိုက်ရောက်လာတော့မည်။ ၅ မိနစ် ရပ်တန့်ပြီး ဆက် လက်ထွက်ခွာလိမ့်မည်။ ရှမ်း၊ ယား ရထားတွေကလည်း ဆေးသေးတာမို့ ၄ အစုန် ရထား ထွက်ခွာချိန်ပြီးလျှင် တော့ ကျွန်တော်ပါ အနိုက် အတန့် အားသွားမည်။ မြန်မာ နိုင်ငံမြေပုံ၏ ပဒေသာပင်ကို ပြီးသပ်ရပ်သွားအောင် ကျွန်တော်ပါ ဝင်ကူလုပ်ပေး နိုင်တော့မည်။

ရန်ကုန်ဘက် ဘူတာသို့ ၄ အစုန် အမြန်ရထား ဆက် လက်စေလွှတ်ရန် ကြေးနန်း သင်္ကေတတွေဖြင့် ချဉ်းကပ် ခွင့်တောင်းပြီး ထွက်ခွင့်ခေါ် လမ်းရှင်းလက်မှတ်ပေါ် အမှား အယွင်းမရှိစေရန် တစ်ချက် ချင်း စစ်ရေးရေးသည်။

'ကဲ ဖိုးဒေါင်း လမ်း ရှင်းဘယ်သူသွားပေးမလဲ'

'ကျွန်တော် သွားပေး မယ် ဆရာ။ ဇော်လင်း မင်း လက်ဆံတွေကုန်အောင် ခေါက် ထားနှင့်၊ ဖိုးဒေါင်းထွက်တော့ ၂ ယောက်ပေါင်း ကပ်လိုက် ကြတာပေါ့'

စိန်ဝင်းထွန်းက ကျွန် တော့်လက်ထဲရှိ လမ်းရှင်းစာ ရွက်ကို ၄ အစုန် စက်ခေါင်း မောင်းအား ပေးရန်ယူပြီး အချက်ပြမျှော်စင်မှ ဆင်းသွား တော့ မီးရောင်ပျပျ လှမ်းမြင် နေရသည့် ၄ အစုန်ရထား စကြီ ၁ လမ်းသို့သွင်းရန် ထိန်းချုပ်ခုံရှိ ပွိုင့်ခလုတ် အနက်တွေကိုလှည့်၊ လမ်းမှန် ဘက် အချက်ပြခလုတ်အနီ ကို လှည့်ချိုးလိုက်သည်။ လမ်းမှန်အမှတ်အသား မီး ဖြူတန်းလေး ပေါ်လာသည်။ ရထားတစ်စင်း အန္တရာယ် ကင်းစွာ ဘူတာထဲ ဝင်လာ နိုင်သည့် အခြေအနေသို့ ရောက်ရှိသွားပြီ။ နေ့စဉ်ပြုနေ ကျ စွမ်းဆောင်မှုတစ်ခု ဖြစ် သော်လည်း အထစ်အငေါ့ မရှိ၊ ချောမောပြေပြစ်သွား လျှင်တော့ စိတ်က ကျေနပ် ပျော်ရွှင်နေတတ်သည်။ ဒီ အခါမှာ ရထားဆိုက်ရောက် လာမည့်အချိန် စကြီကို ကြေ ညာပေးတာကိုက အသံနိမ့် မြင့်မှန်ပြီး ခရီးသည်များ အတွက် နားဝင်ချို ပီသကြည် မြသွားစေသည်ထင်သည်။

'ကျေးဇူးပြု၍ နားဆင် ပါ။ မန္တလေးမှ ထွက်ခွာလာ သော မန္တလေး-ရန်ကုန် အမှတ် ၄ အစုန် အမြန်ရထား မကြာမီ အချိန်အတွင်း အမှတ် ၁ စကြီသို့ ဆိုက်ရောက်လာ ပါလိမ့်မယ်။ လိုက်ပါစီးနင်း ကြမည့် ခရီးသည်များ အမှတ် ၁ စကြီမှ စောင့်ကြို စီးနင်းကြပါရန် အသိပေး ကြေညာအပ်ပါတယ်' ဆိုသည့် ကျွန်တော့် ကြေညာသံ က ဟိန်းထွက်ပြတ်သား ကြည် လင်နေသည်။ 'မိုက် အသံချဲ့ စက်က သင့်ရုံပဲ ကောင်းတာ ပါ' ဆိုပြီး ကိုယ့်ကိုယ်ကို စန်း တင်နေသေးသည်။

❑

၂။

နောက် ၂ မိနစ်လောက် မှာ ၄ အစုန် အမြန်ရထား အောက်တာခေါ် အချက်ပြမီး ကို ဖြတ်ကျော်ပြီး ဘူတာထဲ ဝင်လာတော့မည်။ အချက်ပြ မီးများ မူလဆင်ထားသည့် အတိုင်း ရှိ၊ မရှိကို စစ်ဆေး သည့် အကျင့်စွဲအကြည့်က ထိန်းချုပ်ခုံဆီ ရောက်သည်။ ထိန်းချုပ်ခုံ တစ်ခုလုံးကို အကြည့်ခြုံလိုက်တော့ အို မိတ္ထီလာဘက် လမ်းပိုင်း အောက်တာအပြင်ဘက် မီးနီ တန်းတစ်ခုပေါ်လာပါလား။ ဆိုင်လိုတွဲတွေပို့ပြီး စက်ခေါင်း ပြန်လာတာလား။ မဖြစ်နိုင် ဘူး။ ဒီလောက် မမြန်နိုင်ဘူး။ ဟိုမှာ တွဲတွေနေရာတကျဖြစ် အောင် ရှန်တိန်လုပ်ပေးရတာ ကိုက အနည်းဆုံး တစ်နာရီ နီးပါးလောက်ကြာတာ။ ဟော နောက်ထပ် မီးနီ၊ ဒါ မှမမှန်တာပဲ။ သေချာပြီ တွဲ ဆိုင်းတွေ စက်ခေါင်းနဲ့ ပြုတ် ထွက်လွတ်လာတာနေမှာ။ လမ်းက ၄ အစုန် ဝင်လာမယ့် လမ်းနဲ့ တစ်ဖြောင့်တည်း။ ပြတ်လာတဲ့ တွဲတွေ စကြီ အတိုင်းဝင်လာပြီးရင် ၄ အစုန်ဝင်လာမယ့် လမ်း ကြောင်းထဲရောက် တိုက် ဟာ။

အတွေး၏ အမြန်နှုန်း ထက် လက်၏ အမြန်နှုန်းက ပိုသာသွားသည်ထင်သည်။ အမှတ် ၄ အစုန် အမြန်ရထား အတွက် ပေးထားသော အချက်ပြမီးခလုတ်အနီကို ချက်ချင်းဖြုတ်ချလိုက်သည်။ မိတ္ထီလာဘက်မှ ထွက်လာ သည့်တွဲများ စကြီ ၁အတွင်း မဝင်လာအောင် ဆင်ထား သော လမ်းလွှဲအမှတ် ၈၃ ကို ဆန့်ကျင်ဘက် လမ်းလွှဲဘက် လှည့်လိုက်သည်။ မန္တလေး ဘက်ခြမ်း ပွိုင့် ၈၂ ကိုလည်း မူလလမ်းကြောင်းမှ သွေဖည် သည့် လမ်းလွှဲဘက်လှည့် ပေးလိုက်သည်။ စက္ကန့်ပိုင်း အတွင်းမှာပဲ ပွိုင့်ခလုတ်များ က ကျွန်တော် စေစားရာ အတိုင်း မှန်ကန်စွာ ဖြစ်သွား သည်။ ၄ အစုန်ဘက် လှမ်း ကြည့်တော့ အချက်ပြတိုင် အနီးမှာ ရထားရောက်၊ ရပ် တန့်နေပြီ။ အချက်ပြ မရရှိ၍ စက်ခေါင်းမောင်းဆီက ဥဩ သံ ၂ ချက် ဆင့်ကြားသည်။

'နေဦး ကိုယ့်လူရေ၊ ဘာတွေဖြစ်ကုန်မယ်မသိဘူး'

စိတ်ထဲတွင် ရေရွတ်ရ မည့် စကားက နှုတ်ထက်မှ ခုန်ထွက်လာသည်။

'ဇော်လင်း စက်နဲ့ အမြန် ကြေညာစမ်း။ စကြီ ၂ မှာရှိ တဲ့ ခရီးသည်တွေ အဝါရောင် မျဉ်းနောက်မှာနေဖို့ လုပ်လုပ် အမြန်လုပ်'

ကျွန်တော့်တပည့်လေး က ကျွန်တော်လောဆော်မှု

www.burmeseclassic.com

ရုတ်တရက် ကြောင်နေရာမှ သဘောပေါက်ပြီး မိုက်ခွက်ရှိရာသို့ အပြေးအလွှားရောက်လာကာ ကြေညာတော့သည်။ ဇော်လင်း အထစ်အငေါ့မရှိ ကြေညာနေစဉ် အတွင်းမှာ ကျွန်တော့်မျက်လုံး အစုံက ထိန်းချုပ်ခံမှုသာရှိသည်။ ထင်တဲ့အတိုင်းပါပဲ။ မီးနီတန်းတွေက ရိပ်ခနဲ ရိပ်ခနဲဖြင့် အမှတ် ၂ လမ်းရှိ မီးလုံးလေးတွေကို လင်းသွားစေသည်။ ကျွန်တော် မျှော်စင်ကော်ရစ်တာဘက် ပြေးထွက်ပြီး စကြိုတွေဆီ ငုံ့ကြည့်တော့ အမှတ် ၂ စကြိုရှိ ခရီးသည်များ သံလမ်းနှင့်ဝေးရာသို့ အလုအယက် နောက်ဆုတ်သွားကြသည်မှာ အလဲလဲ အပြိုပြို ဖရိုဖရဲ။

အတွေးနှင့် ဆုံးဖြတ်ချက် မှန်သွားသည်။ အနီရောင်ကုန်တွဲ ၃ တွဲ အမှတ် ၂ လမ်းအတိုင်း အထိန်းအကွပ်မဲ့ အရှိန်ပြင်းပြင်းဖြင့် ဖြတ်သွားပြီ။ ကျွန်တော် ၄ အစုန်ရထား လာရာဘက် ပြတင်းပေါက်ဆီ ပြေးထွက်ရပြန်သည်။ လမ်းလွှဲပြောင်းမိတာ မှန်ကန်မှုရှိသည်ကို အပြည့်အဝ ယုံကြည်ထားသောကြောင့် ၄ အစုန်ရှိရာ လမ်းကြောင်းပေါ် လွတ်ထွက်လာသော တွဲများရောက်ရှိ တိုက်ခိုက်မိမည်ကို မစိုးရိမ်သော်လည်း တွဲလွတ်များ အမှတ် ၂ လမ်းအလွန် စက်ရုံဘက်ခြမ်းရှိ လမ်းဆုံးကတုတ်နှင့် တိုက်ပြီး ပိုးစိုးပက်စက် မှောက်ကာ လမ်းမကြီးနှင့် မလွတ်မကင်း ဖြစ်သွားမှာကိုတော့ စိုးရိမ်မိသည်။ ဒီလို ဖြစ်နိုင်လောက်အောင်

**အနီရောင်**
**ကုန်တွဲ ၃ တွဲ**
**အမှတ် ၂ လမ်း**
**အတိုင်း**
**အထိန်းအကွပ်မဲ့**
**အရှိန်ပြင်းပြင်းဖြင့်**
**ဖြတ်သွားပြီ**
**ကျွန်တော်**
**၄ အစုန်ရထား**
**လာရာဘက်**
**ပြတင်းပေါက်ဆီ**
**ပြေးထွက်**
**ရပြန်သည်**

လွတ်ထွက်လာသော တွဲများ၏ အရှိန်ကမသေး။ အနည်းဆုံး မိုင် ၄၀ နှုန်းလောက်တော့ ရှိနိုင်လောက်သည်။

'ဆရာ ဖိုးခေါင်း သွင်းဖို့ အချက်ပြမီး ပြန်ပေးမလား'

'မပေးနဲ့ဦး၊ မင်း ဓာတ်မီးယူပြီး ပြေးစမ်း။ မှောက်ကုန်တဲ့တွဲတွေ မိန်းလမ်းနဲ့ လွတ်မလွတ်ကြည့်၊ လွတ်ရင် မီးစိမ်းပြ၊ မလွတ်ရင် မီးနီပြ'

ကော်ပြား အစိမ်း၊ အနီကို အပေါက်ငယ်ဖောက်ပြီး ကြိုးနှင့်တွဲချည်ထားသော ဓာတ်မီးလေးကိုယူကာ ဇော်လင်း မျှော်စင်ပေါ်မှ ပြေးဆင်းသွားသည်။ ဇော်လင်း ဆင်းသွားပြီး မကြာမီမှာဘဲ…

'ဆရာ ဆရာ တွဲတွေ ဘယ်ရောက်သွားပြီလဲ။ ဖိုးခေါင်းဘက် ရောက်သွားပြီလား'ဆိုသည့် အမောစွက်၊ စိုးရိမ်မှုတွေစွက်၊ အန္တရာယ်ရနံ့ကြောင့် ကြောက်ရွံ့မှုတွေစွက်နေသော အသံဖြင့် စိန်ဝင်းထွန်း မျှော်စင်ပေါ် ပြေးတက်လာသည်။

ကျွန်တော် လက်မထောင်ပြလိုက်သည်။

'အမောဖြေပါဦးကွာ၊ ပြီး တို့ပဒေသာပင်လည်း လွတ်ရာ ခဏသိမ်းလိုက်ဦး။ တွဲတွေတော့ ကျွမ်းပစ်ကုန်ပြီထင်တာပဲ။ ဖိုးခေါင်းသာ နည်းနည်းလေးစောရင် ဒါမှမဟုတ် ပြတ်ထွက်လာတဲ့တွဲတွေ နည်းနည်းနောက်ကျရင် မတွေးဝံ့စရာဘဲကွ'

ကျွန်တော့် စိုးရိမ်မှုနှင့် တွဲဆက်နေသော သောကတွေက အခုအခါမှာတော့ ငြိမ်ဆိတ်သွားပြီကို ကိုယ်တိုင်ပင် အံ့ဩနေသည်။ ဆောင်း၏ အအေးကို စိန်ဝင်းထွန်း၏ အပူက ဖယ်ထုတ်လိုက်ဟန်ရှိသည်။ သောက်ရေတစ်ခွက်လုံး တဂွတ်ဂွတ်မော့နေသော စိန်ဝင်းထွန်း၏ ရင်က ဖားဖိုကြီးတစ်ခုလို ဖြစ်နေရှာသည်။

'ကဲ မင်းအမောပြေရင် ဖိုးခေါင်းဘက်ကြည့်နေ ဇော်လင်း မီးပြလိမ့်မယ်'

စိန်ဝင်းထွန်း မ[illegible]
ဘက်ခြမ်း ပြတင်းပေါက်[illegible]
ထွက်သွားတော့ ရုံပိုင်[illegible]
လမ်းဖိုလ်၊ တိုင်းမန်နေ[illegible]
အချက်ပြအုပ်တို့ထံ ဖြစ်[illegible]
ပြောဖို့ ဖုန်းလှည့်လိုက်သည်[illegible]

'ဆရာ မီးစိမ်းပြတယ်[illegible]

'အိုကေ တွဲတွေ လမ်း[illegible]
နဲ့ လွတ်တယ်။ သေချာအောင်[illegible]
၄ လမ်း အဖြောင့်ကိုပဲ သွ[illegible]
မယ်။ ခရီးသည်တွေ ၄ လ[illegible]
ပြောင်းစီးဖို့ ပြန်ကြေညာ[illegible]
အမှတ် ၁ စကြိုသွင်း[illegible]
အခက်ဖြစ်ပေါ်လာပါသဖြ[illegible]
ထည့်ပြော၊ နို့မို့ ငါတို့ မေ[illegible]
ပွားခံရဦးမယ်'

စိန်ဝင်းထွန်း အသံ[illegible]
စက် မိုက်ဖွင့်ပြီး ရထားဆို[illegible]
ရောက်မည့် စကြိုကြေညာ[illegible]
နေချိန်မှာ ကျွန်တော်က [illegible]
ခလုတ်များကို ၄ လမ်း[illegible]
ဆင်ပြီး လမ်းမှန်ရသည်[illegible]
အချက်ပြကို ချိုးလိုက်သည်[illegible]
မှန်ကန်မှုအမှတ်အသား မီး[illegible]
တန်းလေး ၄ လမ်းအတို[illegible]
ပေါ်လာသည်။ ၄ အစုန် [illegible]
ခေါင်းမောင်းဆီက ဥဩ[illegible]
၂ ချက် ကြားလိုက်သည်[illegible]
အချက်ပြ ရပြီဆိုသည့်အ[illegible]
သင်္ကေတ။

❑

၃။

အမှတ် ၄ အစုန် အ[illegible]
ရထားကြီး ဘေးမသီ ရ[illegible]
ဘဲ ကျွန်တော်တို့ ဘူတာ[illegible]
ကို ရောက်ရှိပြီး ၅ မိနစ် [illegible]
တန့်ကာ ဆက်လက်ထွက်[illegible]
သွားသည်။ လွန်ခဲ့သော [illegible]
မိနစ်ခန့် ယောက်ယက်ခ[illegible]
လှုပ်ရှားလိုက်ရသော ကျွ[illegible]
တော်တို့ လုပ်ငန်းစဉ်ကို [illegible]
သည် တစ်ဦးတစ်ယော[illegible]
သိလိုက်မည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အပြင်အချက်ပြတိုင်မှာ ၅ မိနစ် ရပ်တန့်သွားသည့် ကိစ္စအတွက် ထုချေလွှာကတော့ ဖြေရမှာမဟုတ်ဟု ထင်သည်။ ဖြစ်စဉ်အကြောင်းအရာကို ရုံပိုင်ချုပ်က ဟိုးခေါင်ဖျားထိ သတင်းဦးကြေးနန်းပို့လိမ့်မည်လေ။ ဒီတော့ ကျွန်တော့်အပိုင်းက ပြီးဆုံးသွားပြီ။ နောက်တစ်နေ့ဌာနဆိုင်ရာ စုံညီစုံစမ်းစစ်ဆေးမှုလုပ်လျှင်တော့ ဖြစ်ကြောင်းကုန်စင် ဖြေရလိမ့်ဦးမည်။

'ဆရာ ဆုံးဖြတ်ချက်နဲ့ သတိ သိပ်ကောင်းလို့ ဖိုးခေါင်းနဲ့ တွဲတွေမတိုက်မိတာနော်။ ဒါကို လူကြီးတွေသိပြီး ဆရာ့ကို ဆုချချင်ချမှာနော်'

သွားတက်ကလေး ပေါ်အောင် အပြုံးနှင့်ပြောသော စိန်ဝင်းထွန်းပခုံးကို ကျွန်တော်က တစ်ချက်ညှစ်လိုက်တော့ စိန်ဝင်းထွန်းက ဇက်ကလေးပုဝင်သွားသည်။

'နေပါ တပည့်ရာ။ ထားလိုက်စမ်းပါ။ ငါတို့ ပဒေသာပင်ကိုစွပဲ ဆက်လုပ်ကြရအောင်ပါ'

❑

ည ၁၀ နာရီလောက်မှာ ပြီးစီးမည်ဟု ခန့်မှန်းထားသော ပဒေသာပင်က ည ၁၁ နာရီခွဲခန့်မှာမှ ပြီးသည်။ ရောင်စုံမီးကြိုးကို မြေပုံအနားသတ်အတိုင်း ခွေသွားပြီး အောက်ခံကတ်ပြားနှင့် တွဲမိစေရန် အပ်ချည်ဖြင့် ဖောက်ကာ ချည်လိုက်သည်။ ကြိုးလျော့ရဲရဲ မရှိစေရန် လက်ပေါက်စိပ်ရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု အကွက်ထဲရှိ ဗိုလ်ချုပ်၏ တည်ကြည်ခံ့ညားပြတ်သားသော ယူနီဖောင်းဝတ်၊ ဦးထုပ်ဆောင်း၊ ဦးထုပ်မပါ ရုပ်ပုံများက မီးရောင်စုံနှင့် လင်းထင်းလို့နေသည်။

ကျွန်တော်တို့ ဆရာတပည့်တွေ စိတ်ကြိုက်ဖြစ်တော့ ပဒေသာပင်ကို ကော်ရစ်တာမှာထောင်ပြီး မီးရောင်စုံကြိုး၏ မီးခေါင်းကို မီးပလပ်ပေါက်ထဲ ထည့်လိုက်သည်။ အချိန်ကိုက်ပါပဲ အစုန်ရထား ဆိုက်ရောက်ချိန်မို့ ခရီးသည်များက ကုန်းတံတားကို ဖြတ်ကျော်ပြီး ဘူတာထွက်ပေါက်ဆီ ကူးလာကြချိန်နှင့် ကွက်တိ။ ကျွန်တော်တို့၏ ပဒေသာပင်ကို ခရီးသည်များ မော့ကြည့်ကြသည်။ ကျွန်တော်ကား ရင်ခုန်နေလေသည်။

'ဟေး ဖြောင်းဖြောင်းဖြောင်း'

လက်ခုပ်သံများက အဆက်မပြတ် စည်းဝါးကိုက်ထားသလား ထင်ရအောင် သံပြိုင်ညီ။ သူတို့၏ ဝန်စည်စလွယ်များကိုချပြီး ကျွန်တော်တို့ စွမ်းဆောင်ခဲ့သော ပဒေသာပင်အား ကောင်းချီးပေးနေမှုအပေါ် ကျွန်တော်တို့ ဆရာတပည့်များပါ ကူးစက်ပြီး မတိုင်ပင်ပါလျက် လက်ခုပ်သံပြိုင် တီးမိချေပြီ။

❑

စောစောပိုင်းလေးတင်က စွန့်စားခဲ့ရသော ကုန်ရထားတွဲများနှင့် ၄ အစုန် အမြန်ရထားတိုက်တော့မည့် အခြေအနေမှ လွတ်မြောက်သွားစေသည့် အကောင်းဆုံး၊ အမှန်ကန်ဆုံး ဆောင်ရွက်ခဲ့သော စွမ်းဆောင်ရည်တို့သည် ရင်ထဲမရှိတော့ပြီ။ ပဒေသာပင်ကသာ နှလုံးသားထက် နေရာယူသွားခဲ့ပြီလေ။

■

**ရဲသျှမ်း**

Dictionary for All

THALUN
Bookstore
Yangon

သာလွန်
အင်္ဂလိပ် - မြန်မာ
အဘိဓာန်


သာလွန်စာအုပ်တိုက်

၁၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၄၁၀၈၊ ၂၄၉၂၁၀၈
၅၂၅၊ ကုန်သည်လမ်းနှင့် ၃၈ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၀၁၀၈၊ ၁၀၂၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၉၉၂၂၈



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အစည်းအဝေးက သိပ် ကြာ။ မြန်မာထုံးစံ လူစုံ အောင်စောင့်ရတာက ကြာနေ ခြင်းဖြစ်သည်။ နေ့လယ်တစ် နာရီဟု ဖိတ်စာက ဆိုထား သော်လည်း အစည်းအဝေး တကယ်စတော့ တစ်နာရီခွဲ ပြီ၊ ဒါတောင် ဆရာမအုပ်စု ကျွက်စီကျွက်စီ စကားပြော နေ၍ ကြီးကြပ်ရေးမှူး ဆရာ ကြီးက လှမ်းဟန့်ရသေးသည်။ အစည်းအဝေးခေါင်းစဉ်ဖြစ် သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ခေါင်းချိပြီး ထုံးစံအတိုင်း စာ မေးပွဲစည်းကမ်းချက်များကို ဖတ်ပြသည်။ ပြီးသည်နှင့် စာ မေးပွဲဖြေသည့် အခန်းတွေမှာ ခုံစီရသည်။ ခုံစီ၊ ခုံအမှတ် ရေး၊ ပါဝင်ခုံအမှတ်စာရင်း ကို ပြတင်းပေါက်မှာ ကပ်ပြီး သည်နှင့် ကိစ္စပြီးတော့၏။ ပြီးသည်နှင့် ပြန်ခဲ့လေသည်။

'ရှင်လည်း ပင်စင် တောင်နီးနေပြီ။ ဆယ်တန်း စောင့်က ပါတုန်း ဟင်း'

အိမ်ရှေ့မှာ စက်ဘီးရပ် တာ ဒေါက်ထောက်နေစဉ် နီးသည်က မကျေနပ်သံဖြင့် ငြိုသန္တာရပြုသည်။

'ဒါ ကျောင်းဆရာတစ် ယောက်ရဲ့ တာဝန်ပဲလေ၊ ည်းကမ်းချက်ထဲမှာ ငြင်း ယ်ခွင့်မရှိလို့ အတိအလင်း ရေးထားတာ'

နဖူးက ချွေးတွေကို သုတ်ရင်းပြန်ပြောမိ၏။ အဝတ်အစားလဲပြီး အိမ်ရှေ့ က ကြို့ပင်အောက်ရှိ ကွပ် ချစ်မှာ ဝင်ထိုင်လိုက်သည်။

'ဟူး ပူးလိုက်တာ'

သက်ပြင်းမှုတ်ထုတ် ရင်း ဦးမောင်ထွေးပါးစပ်မှ

ညည်းသံထွက်လာသည်။
ဇနီးသည်လာချပေးသည့်
ရေနွေးခွက်ကို
တဖူးဖူးမှုတ် သောက်ရင်း
'ရာသီဥတုကတော့
တစ်နှစ်ထက်တစ်နှစ်
ပိုပိုပူလာတာပဲ'ဟု
မသက်မသာ တွေးမိသည်။
ကိုယ်လို
တောင်ပေါ်နေတဲ့ သူတောင်
ဒီလောက်ပူနေတာ
မြေပြန့်မှာနေတဲ့သူတွေများ
ဘယ်လိုနေကြမလဲမသိဟုလည်း
ဆက်တွေးမိပြန်သည်။
'ရှင့် ကျောင်းစိမ်းလုံချည်ကို
မနက်ဖြန်ကျမှပဲ လျှော်ပေးမယ်။
စာမေးပွဲက သန်ဘက်ခါမှ
စမှာမဟုတ်လား'
ဇနီးသည်က လှမ်းမေးသည်။
'အေး'ဟု ပြန်ဖြေရင်း
စိတ်က စာမေးပွဲဆီ
ရောက်သွားပြန်သည်။
အင်း စောင့်လိုက်ရတဲ့
ဆယ်တန်းစာမေးပွဲ၊
ကျောင်းဆရာလုပ်သက်
၃၈ နှစ်မှာ
အကြိမ်နှစ်ဆယ်လောက်တောင်
ရှိပါပေါ့လား'ဟု တွေးမိသည်။
မူလတန်းပြ
လေးနှစ်နှင့် ဘွဲ့ရပြီး
အလယ်တန်းပြဖြစ်ကတည်းက
စောင့်ခဲ့ရတာတွေးမိရင်
စိတ်ပျက်စရာချည်းဟု
အမျှင်တန်းရင်း
စိတ်ညစ်စရာအကောင်းဆုံး

# သုည ဝါးဆွေးနှင့် အစေအပါးများ

**ခနို့ကျော်ထင်လှိုင်**

**၊လှိုင်ကော်၊**





www.burmeseclassic.com

www.burmeseclassic.com

ကာလတစ်ခုကို ပြန်တွေးမိ၏။ အလီဘာဘာဘွဲ့ခံလောက်အောင် ဆယ်တန်းစာမေးပွဲကိုလည်း အကြီးအကျယ်ခိုးချကြသည့် ကာလတစ်ခုကိုပေါ့။ ထိုကာလအခြေအနေကို တွေးမိတော့ စာမေးပွဲနှင့် ဆက်စပ်ရာ တပည့်မ မြသက်နွယ်အကြောင်းကိုပါ ပြန်လည်စဉ်းစားမိလေသည်။ အင်း သိက္ခာသမား၏ မာနကို ဖွဲ့ခြွေခံရသည့် အဖြစ်တစ်ခုပေါ့။

❑

နေ့လယ်ကကျန်သည့် ထမင်းကြမ်းခဲကို အကြော်လေးဖြင့် ရေနွေးအကူအညီယူကာ စားပြီး ဆရာကိုမောင်ထွေး လမ်းလျှောက်ထွက်ဖို့ ပြင်တော့၏။ လူပျိုလူလွတ်မို့ အားလပ်ချိန်တွေပိုနေသော ကိုမောင်ထွေးအတွက် ခုလိုညနေပိုင်းလမ်းလျှောက်ခြင်းက သူ့အတွက် နေ့စဉ်ဝတ္တရားတစ်ခုလို ဖြစ်နေသည်။ လမ်းလျှောက်သည်ဆိုသော်လည်း သိပ်ဝေးဝေးမဟုတ်။ သူနေသည့် အလကကျောင်းနှင့် မလှမ်းမကမ်းမှာရှိသည့် ဦးဝင်းမောင်၏ အိမ်သို့သာဖြစ်သည်။ ဦးဝင်းမောင်၏ သမီးနှစ်ယောက်က ကိုမောင်ထွေး၏ တပည့်မတွေ။ အကြီးမ မြသက်နွယ်က ယခုဆို ဆယ်တန်းရောက်ခဲ့ပြီ။ အငယ်မ လှသက်နွယ်က ဦးမောင်ထွေးအတန်းပိုင် လုပ်နေသည့် အဋ္ဌမတန်း(A)မှာ တက်နေဆဲ။

'လာဗျို့ ဆရာ'

သူ့ကို မြင်သည်နှင့် ဦးဝင်းမောင်က အိမ်ရှေ့မှာပန်းပင်များ ရေလောင်းနေရာမှ လှမ်းခေါ်သည်။

'ဘုတာရုံအထိ လမ်းလျှောက်မလားလို့'

ဦးမောင်ထွေးက ခြေလှမ်းတုံ့ရင်းဆိုသည်။

'ပြီးမှ ကျွန်တော်နဲ့ လျှောက်တာပေါ့၊ ခဏနားပါဦး။ ဟော့ သမီးတွေ၊ မင်းတို့ဆရာ လာတယ်ဟေ့'

ဦးဝင်းမောင်က ရေပိုက်ကို ပစ်ချရင်း တိုက်အပေါ်လှမ်းအော်သည်။

'လာ ဆရာ၊ ထိုင်ပါ၊ ထိုင်ပါ'

တိုက်အပေါ်ထပ်အပေါက်ဝမှ ဦးဝင်းမောင်၏ ဇနီးဖြစ်သူ ဒေါ်မြခက်က ဆီးကြိုသည်။

'ဘာတွေလုပ်နေတာလဲဗျ'

အပ်ချုပ်စက်ပေါ်မှာ ကျောင်းစိမ်းလုံချည်ချုပ်လက်စနှင့် စာရွက်တွေပြန့်ကျဲကာ မြသက်နွယ်က ကတ်ကြေးကို လက်ကကိုင်ထားသော အနေအထားကြောင့် ဦးမောင်ထွေးက နားမလည်စွာ မေးမိသည်။

'ဩော် ဒါလား၊ အဟဲ ဟို စာမေးပွဲအတွက် ပြင်ဆင်နေတာလေ ဆရာရဲ့'

ရင်းနှီးနေသူ ဒေါ်မြခက်က မျက်နှာစပ်ဖြဲဖြဲဖြင့်ဆိုသည်။ ကိုမောင်ထွေး ချက်ချင်းသဘောပေါက်သွား၏။

'ဘာလဲ ဆယ်တန်းစာမေးပွဲမှာ ခိုးချဖို့ ပြင်နေတာပေါ့၊ ဟုတ်လား'

'အမှန်ပေါ့ ဆရာရယ်၊ အများမိုးခါးရေသောက်တုန်း ကိုယ်လိုက်မသောက်ရင် မိုက်ရာကျမယ်လေ။ ဒါကြောင့် ပြင်နေတာ'

ဒေါ်မြခက်စကားကြောင့် ကိုမောင်ထွေးရင်ထဲမှာ တင်းခနဲဖြစ်သွားသည်။ မကောင်းတတ်၍ မျက်နှာမှာ အပြုံးလေးတပ်ထားရသော်လည်း ရင်ထဲမှာတော့ မကောင်းပါ။ ဒါ လွဲမှားမှုတစ်ခု မဟုတ်လား။

'မသောက်တာက မိုက်ရာမကျပါဘူးဗျ၊ သောက်တာကမှ မိုက်တာပါ။ ကျွန်တော်ကတော့ ဒါမျိုးအားမပေးဘူး'

ကိုမောင်ထွေး၏ လေသံအဆုံးသတ် အနည်းငယ်မာသွားသည်။ ဒေါ်မြခက် အပြုံးမပျက်ပါ။

'ဆရာကလည်း ... မဟုတ်တာ၊ ဘော်ဒါထောင် ... ထားတဲ့ ဆရာ၊ ဆရာ ... ဆို သူတို့ဘော်ဒါ အောင် ... ကောင်းအောင် ခိုး ... တောင် သင်ပေးတာ ... သိသားနဲ့။ ကလေးတွေ ... သနားပါ။ ဒါပဲနော်၊ စာ ... အခန်းမှာ ဆရာ့တပည့်နဲ့ ... ရင် ဆရာ မသိချင်ယော ... ဆောင်ပေးရမယ်။ ဟုတ် ... လား'

လေသံခပ်ဟားဟား ... ဖြင့် ချည်နှောင်လာသော ... ဒေါ်မြခက်၏ နှောင်ကြိုး ... စကားကို နားထောင်ရင်း ... ကိုမောင်ထွေး ပခုံးတွန့်လိုက် ... မိသည်။

❑

စာဖြေပွဲနှင့် စာကူး ... များနေပြီဟု ကိုမောင်ထွေး ... ထင်မိသည်။ ကြည့်လေ ... မြန်မာစာဖြေသည့်နေ့မှာ ... သိမ်းဆည်းရမိသည်က ... ကြွပ်အိတ်တစ်လုံးစာ ရှိ ... ဆက်ပြီးလည်း သိမ်းနေရ ...

'မြန်မာစာနေ့တော ... ဒီလောက်ခိုးတာဆို ... အင်္ဂလိပ်နဲ့ သင်္ချာနေ့ဆို ... တောင် မစဉ်းစားရဲဘူး'

စောင့်ဖော်ဆရာ ... ကိုမောင်ထွေးနားကပ် ... တီးတိုးပြောလာသည် ... ကိုမောင်ထွေး သက်ပြင်း ... မိ၏။ တစ်ဖက်ကတွေးကြ ... တော့လည်း စနစ်၏သ ... ကောင် တပည့်လေးများ ... ကိုသနားမိသည်။ သူတို့ ... ကမ္ဘာ့အဆင့်မီ ပညာရေး ... ကြွေးကြော်ထားသော ... ၃၀ နှစ်ရှည်စီမံကိန်း၏ ... ထွက်ဆိုးကျိုးတစ်ခုဖြစ်သ ...

အဲလို
တာဝန်ကျေ
တော့ကော
ရာထူး
တိုးပေးလို့လား
ဟိုမှာကြည့်စမ်း၊
ရှင့်တပည့်တွေဆို
ငယ်ငယ်လေးနဲ့
တက္ကသိုလ်မှာ
ဆရာ၊ ဆရာမ
ဖြစ်တဲ့သူနဲ့
ပါရဂူဒေါက်တာတွေ
ပါမောက္ခတွေ
ဖြစ်တဲ့သူနဲ့
သင်ပေးတဲ့
ရှင့်မှာတော့
ဟာင်း
မပြောလိုက်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com

'အောင်မရှိ ငါ့တပည့်'စနစ် ဒဏ်ခတ်မှုကို ခံနေရခြင်း ဖြစ်သည်။ သူငယ်တန်းမှ ဆယ်တန်းအထိ 'ဖြေပြီးရင် နေ့လိုက်တော့'ဆိုသည့် အလွန်ထူးဆန်းသော Chap- End Test ခေါ် အခန်းဆုံး စစ်ဆေးမှုများကို ပေါ့ပေါ့ လွယ်လွယ် ဖြတ်သန်းကာ ရောက်လာသူများမို့ ဆယ် တန်းကျမှ အသေအချာစစ် သည့် စာမေးပွဲ၏ဒဏ်ကို စာ မ်းစာမရှိ၊ အတွေးအခေါ် ကြွ ကလေးများမခံနိုင်။ တော့ ခိုးချခြင်းဟူသော လွယ်လမ်းကို လိုက်တော့ သည်။

ဒီလိုဆိုရင် သနားစရာ ကလေးတွေကို ကူးချခွင့် ရေးဝင်ပေးရမလား။ ဒါကို တော့ ကိုမောင်ထွေး၏ ဆရာ သိက္ခာက လက်မခံနိုင်။ ဆရာဟူသည် 'ဘေးရန်ဆီး တာ'ပေးရမည့် တာဝန်ရှိ သည်။ တပည့်လမ်းလွဲမှုကို ဆက်ပိုက်ကြည့်နေ၍မရ။ တပည့်ကို သူခိုးလမ်းပြ အလုပ်မျိုး မလုပ်နိုင်အောင် ခုန်းခံ၍ တားဆီးရမည်။ ဤသို့ ခံယူထားသောကြောင့် လည်း ကိုမောင်ထွေးက စာ မေးပွဲမှာ အဖမ်းအဆီးရက် စက်သည်ဟု နာမည်ကြီးနေ ခြင်းဖြစ်သည်။

ဤသို့ ဆရာ့သိက္ခာကို ပါးမခံသော ကိုမောင် ထွေးနှင့်မှ သချာနေ့တွင် တစ်ခန်းတည်းကျခြင်းသည် တပည့်မ မြသက်နွယ်အတွက် ကံဆိုးခြင်းဟုပင်ဆိုရပေမည်။ မြသက်နွယ် ဘယ်နေရာမှာ Copy စာရွက်တွေရှိသည်ကို သိနေသော ကိုမောင်

ထွေးက အခန်းစောင့်ဆရာမ ကို အဝင်ဝမှာပင် ရှာဖွေသိမ်း ဆည်းစေလိုက်၏။ မြသက် နွယ် မျက်နှာပြိုတော့မည့်မိုး လို ဖြစ်သွားသည်။ သူ၏ အသနားခံသော အကြည့်ကို ကိုမောင်ထွေး လျစ်လျူရှု လိုက်သည်။ ရလဒ်က တပည့်မ၏ အမုန်းကို ခံယူ ရရှိလိုက်ခြင်းပင်။

'ဆရာ ဘယ်လောက် တာဝန်ကျေပြနေနေ နှမ်းတစ် လုံးနဲ့ ဆီမဖြစ်ပါဘူး။ ဘယ် သူကမှ မချီးကျူးပါဘူး။ ကျောင်းဆရာဖြစ်ပြီး ခေတ် အလိုက်မနေတတ်တဲ့ ဆရာ့ ကို ကျွန်မ အံ့သြလို့မဆုံးဘူး၊ ဆရာ သိပ်ရက်စက်တယ်'

ဒေါ်မြခက်၏ စကား များပါ။ ကိုမောင်ထွေး ဘာမျှ ခွန်းတုံ့မပြန်မိ။ ပြန်ပြောစရာ လည်းမရှိ။ ဒါ ကိုယ့်အလုပ် ကိုယ်လုပ်ခဲ့တာပဲ မဟုတ် လား။ တစ်နေ့တော့ ဆရာ တစ်ယောက်ရဲ့ စေတနာကို သူတို့ နားလည်လာပါလိမ့် မယ်ဟုပဲ မျှော်လင့်မိသည်။ ထိုအချိန်မှစ၍ ကိုမောင်ထွေး နှင့် ဒေါ်မြခက်တို့၏ ဆက်ဆံ ရေး ပြတ်စဲခဲ့တော့၏။

❑

ထိုနှစ်က မြသက်နွယ် စာမေးပွဲရှုံးသည်ဟု သိရ၏။ ကိုမောင်ထွေး စိတ်မကောင်း။ သို့သော် ဘာမှလည်း မတတ် နိုင်။

'ငါ့သမီး ဒီနှစ်မအောင် လည်း နောက်နှစ်အောင် အောင်လုပ်ရမယ်။ ကိုယ်ဖြေ ချိန် ဆရာဆိုးနဲ့ မတွေ့အောင် သာ ဆုတောင်းထား'ဟု ဒေါ်မြခက်က အားပေးစကား ဆိုသည်ကြားရ၏။ ကိုမောင် ထွေး မဲ့ပြုံး ပြုံးမိသည်။ သမီးကိုချစ်တာနှင့် နှစ်တာ မကွဲပြားတဲ့ မိခင်ပါကလား။ ဒေါ်မြခက်ပြောသလို နောက် နှစ်မှာ သူ့သမီး မြသက်နွယ် ဆယ်တန်းအောင်သွားသည်။ ကျောင်းချင်းမတူ၍ စာမေးပွဲ ဖြေတုန်းက ကိုမောင်ထွေးနှင့် မတွေ့ခဲ့ရ။ သို့သော် ကိုမောင် ထွေး ကြားအောင်တော့ ဒေါ်မြခက်က လေသံလွှင့်ခဲ့ သည်။

'ဒီတစ်နှစ်ကူးချရတာ သိပ်အဆင်ပြေတယ်။ စောင့် တဲ့ ဆရာဆရာမတွေကလည်း သိပ်ပြီး အကြင်နာတရား ကြီးမားကြတယ်။ ကူညီကြ တယ်'တဲ့။ ကိုမောင်ထွေးကို တည့်တည့်နှင့် ရွဲ့လိုက်သော စကား။

စေတနာသမားချေမျာ ဖြေစရာရှားနေစဉ် မြသက် နွယ် ရွေးချယ်လိုက်သော အလုပ်က ပညာရေးကောလိပ် တဲ့။ 'ဟ ခိုးချပြီးအောင်တဲ့ သူက ဆရာမလုပ်ဦးမတဲ့ လား။ ဆရာမ ဖြစ်လာရင် သူ့တပည့်တွေကို ဘာသင်မှာ လဲ'ဟု စိတ်ပျက်ညည်းညူ နေရုံမှလွဲပြီး သူ ဘာမှမတတ် နိုင်။ ပညာရေးကောလိပ်တွေ ကလည်း စဖွင့်ခါစမို့ တက် ချင်သူက ရှားနေချိန်၊ အောင် မှတ်ရသူများပင် တက်၍ရ သော အခြေအနေမှာ မြသက် နွယ် ပညာရေးကောလိပ် တက်ခွင့်ရသွားသည်။

ကိုမောင်ထွေး အိမ် ထောင်ကျပြီး မြို့စွန်မှာ အိမ် ငှားနေခဲ့သည်။ B. Ed ဝင်ခွင့် ဝင်ဖြေသော်လည်း ဆရာ့ သိက္ခာကို ရှေ့တန်းတင်သူမို့ ဝင်ခွင့်က တစ်ခါမှ မအောင်။ ဘဝမှာ သားတွေ၊ သမီးတွေ ပွားစီးလာတော့ ကိုယ့်ဘဝ တက်လမ်းအတွက် မစဉ်းစား နိုင်တော့။ စီးပွားရေးအဆင် ပြေအောင် ကြက်မွေးသည်။ ကြက်က ကရိကထများ သည်။ ဂရုစိုက်နိုင်မှ တန်ကာ ကျသည်။ ထို့ကြောင့်လည်း ကိုယ့်အိမ်နှင့်နီးသော အလယ် တန်းကျောင်းသို့ ပြောင်းခဲ့ရ ၏။ ကျောင်းချိန် စာသင်၊ ပြင်ပ ကြက်မွေးပေါ့။

ကိုယ့်အလုပ်ကို အာရုံ နစ်နေရင်း တစ်ခါတစ်ရံ တပည့်မ မြသက်နွယ် အကြောင်း ကြားရသည်။ သတင်းကောင်းတော့မဟုတ်။ ဆရာမမြသက်နွယ် ကျောင်း တက်မမှန်သည့်အကြောင်း၊ ကျောင်းအုပ်နှင့် ပြဿနာတက် သည့်အကြောင်းတွေပင်။

'အင်း မျိုးစေ့မမှန် ပင် မသန်ဆိုတော့ ဒီလိုပဲဖြစ်မှာ ပေါ့'ဟု ဦးမောင်ထွေး တွေး မိသည်။

မိဘနေရာရောက်မှ မိဘစေတနာ နားလည်သည် ဟု ဆိုကြသော်လည်း ခြွင်း ချက်က ရှိသည်။ ထို့အတူ ဆရာဘဝရောက်မှ ဆရာ့ စေတနာ နားလည်သည်ဆို သော စကားမှာလည်း သည် အတိုင်းပင်။ တစ်ခါတလေ မြသက်နွယ်နှင့် လမ်းမှာဆုံ သည်။ မျက်နှာ လွှဲသွားလေ့ ရှိသည်။ ၇ တန်းနှင့် ၈ တန်း ၂ နှစ်တာကာလမှာ စေတနာ အပြည့်ဖြင့် သွန်သင်ဆုံးမပေး ခဲ့သော ဆရာ့စေတနာကို



www.burmeseclassic.com

www.burmeseclassic.com

ဆယ်တန်းခိုးချခွင့် ပိတ်ပင်ခဲ့မှု အကြောင်းတစ်ချက်နှင့် ချေဖျက်ပစ်လိုက်ဟန်ရှိ၏။ ဦးမောင်ထွေး ရင်နှင့်အောင်ခံစားရလေသည်။

ဦးမောင်ထွေးတို့လို Old Service ကြီးတွေကသာ ရာထူးမတိုးနိုင် ဖြစ်နေသော်လည်း မြသက်နွယ်တို့လို နောက်ပေါက်ရွှေကြာပင်တွေမှာဖြင့် အခွင့်အလမ်းတွေက ပွင့်လှ၏။ 'လာဘ်ပေးလာဘ်ယူ၊ တို့ရန်သူဆိုတာ တစ်ထောင်အောက်ကိုပြောတာ' ဟူ၍ ပြက်ရယ်ပြုခံရသောခေတ်မှာ အပိုင်းလေး ကျွမ်းကျင်သောကြောင့် ထင့် ။ မြသက်နွယ် ခဏလေးနှင့် အလယ်တန်းပြ ဖြစ်လာသည်။ ရာထူးတိုးသော်လည်း အကျင့်ကမဖျောက်။ စာမသင်၊ အတန်းလစ်၏။ နောက်တော့ ရာထူးတိုးဖြင့် ရှမ်းပြည်နယ်ဘက်သို့ ပြောင်းသွားသည် ကြားရ၏။ အင်းငါ့တပည့်မလေးတစ်ယောက် ပြည်နယ်ခြားမှာတော့ ဆရာ့ဂုဏ်ကျေးဇူးနားလည်ပြီး စေတနာလှတဲ့ ဆရာမလေးဖြစ်အောင် ကြိုးစားနိုင်ပါစေ' ဟုပဲ ဦးမောင်ထွေး ဆုတောင်းပေးမိလေ၏။

❑

'ရှင် ဘာတွေစဉ်းစားနေတာလဲ။ ကျွန်မမေးတာလည်း မကြားဘူး'

အနီးကပ် ပေါ်လာသော ဇနီးသည် အသံကြားမှ ဦးမောင်ထွေးခမျာ အတိတ်အိပ်မက်မှ လန့်နိုးသွားသည်။

'ဟော ဘာမှမဟုတ်ပါဘူးကွာ၊ ဒါနဲ့ မင်းဘာမေးတာလဲ'

ရေနွေးတစ်ခွက်ငှဲ့ရင်း ပြန်မေးမိသည်။

'ရှင် မနက်ဖြန်ကောကျောင်းသွားဦးမှာလားလို့'

'သြော် ဒါလား၊ သွားရမှာပေါ့ကွာ၊ ငါကတာဝန်ခံပဲဟာ။ နွေပေါက်လာတော့ မီးရေး၊ ထင်းရေးကြောက်ရတယ်လေကွာ။ တစ်နေ့တစ်ခေါက်တော့ သွားကြည့်ရမှာပေါ့' ပြောပြီး ရေနွေးကို တကျိုက်ချလိုက်သည်။

'ဒီတာဝန်ခံအလုပ်ကလည်း ရှုပ်ပါ့တော်။ ကျောင်းအုပ်တစ်ယောက်ပြောင်းတိုင်း တာဝန်ခံလုပ်နေရတာ။ အိမ်အလုပ်ကပျက်၊ လူမုန်းကများသနဲ့'

ဇနီးသည် တဖျစ်တောက်တောက်ဆိုသည်။

'သြော် ငါက အသက်အကြီးဆုံးလည်းဖြစ်၊ ကျောင်းအကြောင်းလည်း အသိဆုံးမို့ တာဝန်ခံလုပ်ရတာပါ။ သူ့ဆန္ဒစား ရဲရမှာပေါ့ကွာ။ ဝန်ထမ်းပဲ ကိုယ့်တာဝန်ကိုယ် ကျေရမှာပေါ့'

ဦးမောင်ထွေးစကားကြောင့် ဇနီးသည်က မျက်နှာမဲ့သည်။

'အဲလို တာဝန်ကျေတော့ကော ရာထူးတိုးပေးလို့လား။ ဟိုမှာကြည့်စမ်း၊ ရှင့်တပည့်တွေဆို ငယ်ငယ်လေးနဲ့ တက္ကသိုလ်မှာ ဆရာ၊ ဆရာမဖြစ်တဲ့သူနဲ့၊ပါရဂူဒေါက်တာတွေ၊ ပါမောက္ခတွေဖြစ်တဲ့သူနဲ့၊ သင်ပေးတဲ့ ရှင့်မှာတော့ ဟင်း မပြောလိုက်ချင်ဘူး' ဇနီးသည်က ပြောပြီး နှုတ်ခမ်းစူသည်။

'တပည့်ဆိုတာ ဆရာထက် လက်စောင်းထက်ရမယ်လေ။ ဒါမှ နိုင်ငံတိုးတက်မှာပေါ့'

'ဒါဖြင့် ရှင်ပြောတော့ အခု ရာထူးရာခံရနေသူတွေ အများစုက ဆယ်တန်းမှာခိုးချပြီး အောင်လာသူတွေဆို'

ပြောရင်း ဇနီးသည်က အသံကျယ်လာသည်။

'ဟဲ့ တိုးတိုးပြောပါကွ၊ ဘေးလူတွေကြားပါ့မယ်။ ခိုးချကြတယ်ဆိုပေမဲ့ လူတိုင်းမဟုတ်ပါဘူးကွ၊ ပင်ကိုတော်တဲ့ကလေးက ကိုယ့်အရည်အသွေးနဲ့ ကိုယ်ဖြေတာပါ။ အများစုက ခိုးချလို့ သူတို့လည်း ရောပြီး နာမည်ပျက်တာပါ။ ဒီခေတ်ကလည်း သိတဲ့အတိုင်းပဲလေ၊ စာချိုးတောင်ရှိသေး။ ဘာတဲ့ 'ဟိုလူ ဒီလူ၊ ပါရဂူ'၊ 'မြင်မြင်သမျှ၊ ပါမောက္ခ'တဲ့။ ပညာခေတ်ဆိုတော့ လူငယ်တွေ ပညာရေးမှာ ထွန်းကားတဲ့ သဘောပေါ့ ဟဲ ဟဲ ဟဲ'

❑

နှစ်ဆန်းတစ်ရက်နေ့မှာ အောင်စာရင်းကပ်သည်။ တာဝန်ခံဆရာကြီး ဦးမောင်ထွေး နေ့တိုင်း ကျောင်းတက်ရ၏။ ကျောင်းဖွင့်ချိန် အဆင်ပြေအောင် ခုံအကျိုးအပဲ့များကို လက်သမားငှားပြီး ပြင်ဆင်သည်။ ကျောင်းခြံစည်းရိုး ပြန်ကာသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းဆောင်သစ်တစ်ဆောင်ဆောက်ဖို့ ဆွေးနွေး၏။ ပင်စင်ယူခါနီးသည်အထိ ကျောင်းကိစ္စမှာ တက်ကြွနေသော ဦးမောင်ထွေးကိုကြည့်ကာ ဇနီးသည်က မျက်စောင်းတခဲခဲ။ အိမ်အလုပ်တွေကို သားနှင့်သမီး

အကူအညီဖြင့် ဇနီးသည်က
ဒိုင်ခံလုပ်နေရသည် မဟုတ်
လား။

ဦးမောင်ထွေးက ဒါ
တွေကို မသိယောင်ဆောင်
နေ၏။ သူ့စိတ်က ကျောင်
ကောင်းရေးသာ၊ 'ဘယ်သ
တရားပျက်ပျက် ကိုယ်
မပျက်' ဟူသော စိတ်ဓ
သည်။ အလုပ်အပေါ် ဦး
ဆွေးဆံမြည့် တာဝန်ကျေ
မည်ဟု ခံယူထားသည်။

မေလဆန်းတစ်ရက်မှာ
ရုံးစာရေးမလေးက သတင်း
ပေးလာသည်။

'ကျောင်းအုပ်အသစ်
အော်ဒါ မြို့နယ်ရုံးမှာ ရောက်
နေပြီတဲ့'

'ဟုတ်လား၊ ဒါဆို ငါ
သက်သာတော့မှာပေါ့
ကျောင်းအုပ်က ဘယ်ကလာ
မှာလဲ။ ပြည်မကဆိုရင်တော့
သိပ်ကြာကြာနေမှာ မဟုတ်
ပါဘူးကွာ၊ အဲ ဒေသခံကျ
တော့လည်း...'

ဦးမောင်ထွေး၏
စကားကို အဆုံးမသတ်
ထား၏။

'ခု လာမှာက ဆရာမ
ကြီးပါ။ ပြည်မက မဟုတ်
ဘူး။ အရင်က ဒီမြို့မှာနေ
ဖူးတယ်တဲ့။ ဘာတဲ့ နာမည်
က ဒေါ်မြသက်နွယ်တဲ့ ဆရာမ
ကြီးရဲ့'

'ဟော'

ရုံးစာရေးမလေး၏
စကားသံအဆုံးမှာ ထွက်ပေါ်
လာသော အာမေဍိတ်သံနှင့်
အတူ ဆရာဦးမောင်ထွေးတစ်
ယောက် ခေါင်းငိုက်စိုက်ကျ
သွားရှာလေသည်။

**ခန့်ကျော်ဝင်းလှိုင်**
**ဘွိုင်ကော်**

www.burmeseclassic.com

www.burmeseclassic.com



တစ်လောက
ဂျာနယ်ဟောင်းတစ်စောင်မှာ
တောက်တဲ့တွေ
အဝယ်လိုက်နေတယ်ဆိုတဲ့
သတင်းကို ဖတ်ရတော့
ဟိုယခင်
အနှစ် အစိတ်ခန့်က
ကမ်းရိုးတန်း
မြို့ကလေးမှာ
တစ်ရပ်ကွက်တည်း
အတူနေခဲ့ရဖူးသူ
ကိုတွတ်တီကို
သတိရမိပါတယ်။
တကယ်ဆို
ကိုတွတ်တီနာမည်က
ကိုတွတ်နီပါ။
ဘယ်လိုကဘယ်လို
ဘယ်သူကစလိုက်တယ်မသိ
ကိုတွတ်တီ ဖြစ်သွားပါရော။
ဒီမြို့အနေနဲ့ဆို
တွတ်တီဆိုတဲ့ နာမည်ဟာ
သိပ်မကောင်းလှပါဘူး။
အဲဒီတုန်းက မြို့ကလေးမှာ
မိလ္လာတွေကို ပုံးနဲ့သုံးတဲ့
ခေတ်တစ်ခေတ်ဟာ
တကယ်ပဲ
ရှင်သန်ခဲ့ဖူးပါတယ်။
မိလ္လာပုံးတွေ
လိုက်သိမ်းတဲ့လူကို
ဒီမြို့က လူတွေ
ခေါ်လိုက်ပုံက
ချေးတွတ်တီတဲ့။
မြိတ်စကားကို
မြန်မာလိုပြန်ရရင်
ချေးကျုံးကုလားလို့
အဓိပ္ပာယ်ရမှာပေါ့။
အဲဒီချေးတွတ်တီ
ရှိနေရဲ့သားနဲ့
ကိုတွတ်နီကို ကိုတွတ်တီ
ဖြစ်အောင် ခေါ်ကြတာက
နည်းနည်းတော့
လွန်တယ်ထင်တယ်။
ကျွန်မကသာ

ဒီကိစ္စခံစားနေရတာ
ကိုတွတ်တီ အဲ
ကိုတွတ်နီက ဘယ်လိုမှ
ခံစားရပုံမပေါ်ဘူး။
ကျွန်မကိုယ်တိုင်လည်း
အများနည်းတူ ကိုတွတ်တီပဲ
ခေါ်မိလေတော့
ကိုတွတ်တီပဲ ဆိုပါစို့။
တစ်ခါတစ်ရံ
အရပ် အခေါ်အဝေါ်တွေက
အဓိပ္ပာယ်မရှိလည်း
တစ်သက်လုံးတွင်သွားတဲ့
နာမည်မျိုးရှိပါတယ်။
မနီလက်တိုဆိုတဲ့
နာမည်မျိုး၊
ဒေါ်ဘိုးကြီးမဆိုတဲ့
နာမည်မျိုး၊
လက်လည်းမတို၊
အဘိုးကြီးနဲ့လည်းမတူဘဲ
ထွက်သလိုခေါ်ရင်း
ခေါ်သလိုတွင်သွားတဲ့
နာမည်တွေ အများအပြား





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား။ ထိပ်ပြောင်အောင်ဘုတို့၊ သွားခေါ်လှမောင်တို့က သူတို့ရုပ်အင်္ဂါရဲ့ ထင်ရှားတဲ့ အစိတ်အပိုင်းကို ကိုယ်စားပြုတဲ့ နာမည်မျိုးတွေလည်း မှည့်လေ့ရှိပါရဲ့။ အခုလည်း ကိုတွတ်တီဟာ ကိုတွတ်နီကနေ ဆင်းသက်ရွေ့လျားလာပေမဲ့ ဈေးတွတ်တီနဲ့တော့ ဘာမှမဆိုင်ဘူး ဆိုတာ တစ်ရပ်လုံးအသိပါ။

အဲဒီကိုတွတ်တီဟာ နာမည်နဲ့ ဆန့်ကျင်စွာပဲ ထောင်မောင်းတဲ့ အရပ်အမောင်း၊ တောင့်တင်းတဲ့ ဗလနဲ့ မှင်မောင်းကောင်းသူပါ။ ခေါင်းရင်းအိမ်က ဘကြီးဖြိုးစကားနဲ့ပြောရရင် ဒီလူက ကျော်ဟိန်းနဲ့ဇော်ခင် စပ်ကျထားတဲ့ ကောင်ပါကွာ...ဆိုတာလိုပေါ့။ ကိုတွတ်တီဟာ သူ့တစ်ကျပ်သား ဆွဲကြိုးပေါ်အောင် အင်္ကျီရင်ဘတ် ကြယ်သီးနှစ်လုံးကို အမြဲတမ်း ဖြုတ်ထားလေ့ရှိသူပါ။ ဂျင်းဘောင်းဘီကို အမြဲတမ်းဝတ်ပြီး စကားကို မပွင့်မလင်း ညင်းညင်းညက်ညက်ပြောဟန်က ကျော်ဟိန်း ငယ်ငယ်က စတိုင်ပါ။

စတိုင်ကျကျ ဝတ်စားဆင်ယင်တတ်တဲ့ ကိုတွတ်တီရဲ့ အသက်မွေးဝမ်းကျောင်းကတော့ ကုန်ရောင်းကုန်ဝယ်ဖြစ်ပါသတဲ့။ ဘာတွေရောင်း၊ ဘာတွေဝယ်လဲမေးရင် ဈေးကိုက်တာတွေ အကုန်ရောင်းဝယ်ပါတယ်။ မှောင်ခိုတွေခေတ်စားစဉ်အခါက ကိုတွတ်တီ မှောင်ခိုလေ့နဲ့ ရှမ်းကမ်း(ထိုင်း)အထိ အကြိမ်ကြိမ် ရောက်ခဲ့ပါပေါ့။ ဈေးကွက်စီးပွားရေးတွေ ပွင့်လင်းတာတော့ မှောင်ခိုပစ္စည်းနဲ့မဟုတ်ဘဲ တရုတ်ကဝင်တဲ့ပစ္စည်းတွေ သယ်ရောင်းတာမျိုး၊ တရားမဝင် နွားသားရေတွေ ထိုင်းကို ပို့တာမျိုး လုပ်ပါသေးတယ်။

မိန်းမလည်း မယူ၊ အမေအိုကြီးကို လုပ်ကျွေးနေတာမို့ နောက်ပိုင်းအေးအေးနဲ့ လှုပ်ရှားနိုင်သူလို့ ပြောရင်ရပါတယ်။ တစ်ကိုယ်တည်း လူပျိုကြီးမို့လား မသိဘူး၊ ကိုတွတ်တီမှာ တပည့်တပန်း ပေါလှတယ်။ မနက်မိုးလင်းရင် ကိုတွတ်တီ အိမ်ရှေ့မှာ ဆိုင်ကယ်တွေ ဝေါခနဲ ထိုးဆိုက်ပြီး အုပ်စုလိုက်ကြီး ကတ်ကြေးကိုက်ဆိုင်ကို ချီတက်နေကျပါ။ ရပ်ကွက်ထဲက နာမည်ကြီး ခွေးနီကတ်ကြေးကိုက် ဆိုင်ဟာ ကိုတွတ်တီတို့အုပ်စု စတည်းချရာနေရာပေါ့။ ခွေးနီ ကြော်ကျွေးတဲ့ ကတ်ကြေးကိုက်ကို အားမရဘဲ ကိုတွတ်တီက သူကိုယ်တိုင် ဈေးထဲက ကင်းမွန်တွေ၊ ပုစွန်တွေဝယ်သွားပြီး ကိုယ်တိုင် ဝင်ကြော်လှော်တာမျိုးလည်း ရှိလေရဲ့။ ကတ်ကြေးကိုက် ဆိုင်ပိုင်ရှင် ခွေးနီစိတ်ကောင်းရှိသလောက် ကိုတွတ်တီတို့အုပ်စု သောင်းကျန်းနေကြတာပါ။

ဒါက ကိုတွတ်တီ မြို့မှာရှိတဲ့ ပုံစံပါ။ များသောအားဖြင့်တော့ အရောင်းအဝယ်နဲ့ ခရီးထွက်နေတာများပါတယ်။ ကိုတွတ်တီတစ်ယောက် ဒီလောက် ကုန်သွယ်နေတာ ချမ်းသာရောပေါ့လို့ မထင်လိုက်ပါနဲ့။ ရရစားစားပါပဲ။ မချမ်းသာပါဘူး။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကိုတွတ်တီဟာ 'ဘောလိဘောရှာ' သမားမို့လို့ပါ။ ဘောလိဘောရှာဆိုတာ ကရော်ကမည် နမော်နမဲ့နိုင်သူလို့ အဓိပ္ပာယ်ဖွင့်ရမယ် ထင်တယ်။

ကိုတွတ်တီရဲ့ နမော်နမဲ့နိုင်မှုတစ်ခုကို ပြောပြရမယ်ဆိုရင် တစ်ခါတော့ အရောင်းအဝယ်နဲ့ ကော့သောင်းလေ့ထဲ ဆင်းလိုက်သွားရောတဲ့။ ဟိုတုန်းက ရေလမ်းခရီးဆိုတာ လှေကြီးတွေကိုပဲ အားပြုသွားရတဲ့ခေတ်ပေါ့။ အနည်းဆုံး မြိတ်ကနေ ကော့သောင်းကို တစ်ညနဲ့တစ်နေ့ ခုတ်ရတာပါ။ လမ်းခုလတ် လှေပေါ်မှာ ညအိပ်ရတယ် ဆိုပါတော့။

ကိုတွတ်တီဟာ အိပ်မှုန်စုန်မွှားနဲ့ မနက်စောစောကြီး လှေပဲ့ဘက်ကို မျက်နှာသစ် သွားတိုက်ဖို့ ထွက်သွားသတဲ့။ လှေကြီးတွေမှာက ရေချိုစည်တွေကို လှေပဲ့ပိုင်းမှာ ထားတာကိုး။ ကိုတွတ်တီဟာ သူ့ရဲ့ အံပုံကိုဖြုတ်၊ ရေစည်အဖုံးပေါ်တင်ပြီး မျက်နှာသစ် ပလုတ်ကျင်းလုပ်သတဲ့။ ဒီအချိန်မှာ အသွားအိုတစ်ယောက်လည်း ရေစည်နားကို မျက်နှာသစ်ဖို့ ရောက်လာသတဲ့။ အသွားအိုက ရေတိုင်ကီအဖုံးပေါ်က အမှတ်တမဲ့ တင်ထားတဲ့ ကိုတွတ်တီရဲ့ သွားအံပုံကြီးကို မျက်စိမွဲမွဲနဲ့ ကြည့်လိုက်တာ အံပုံလို့မမြင်ဘဲ ငါးအရိုးကြီးလို့ မြင်သတဲ့။ ဘယ်ကငါးရိုးကြီး ရေစည်အဖုံးပေါ် ရောက်နေပါလိမ့်ဆိုပြီး ပင်လယ်ထဲ ဝဲပစ်လိုက်ပါရော။

ဝဲပစ်တယ်ဆို
အဝေးကြီးရောက်အောင်
ပစ်လိုက်တယ် ပြောတာ
ကိုတွတ်တီ ကိစ္စပြီးလို့
ကြည့်တော့ သူ့အံပုံကြီး
တော့ဘူး။ မသိနားမလည်
ဖြစ်တာဆိုတော့ စိတ်ဆိုး
လည်း အခက်ပေါ့။ သ
ကြီးရှယ်အို မရှိဆင်းရဲသ
အလျော်တောင်းရလည်း
အခက်ပေါ့။ ဒါနဲ့ပဲ ကိုတွ
တီတစ်ယောက် အံပုံမပါ
အော်ရီဂျင်နယ် ပါးစပ်
ကြီးနဲ့ ကော့သောင်းအ
လိုက်သွားရတော့တယ်။
စမိုးကောင်းသူ အလှကြ
အသန့်ကြိုက်သူမှ ဖြစ်ရ
ဆိုပြီး ပြောစမှတ်တွင်
တာပေါ့။

တကယ်ဆို ကိုတွ
အံပုံနဲ့ဆိုတာ ဒီပြဿနာ
ရင် ဘယ်သူမှ သိမှာ
မဟုတ်ဘူး။ အခုတော့
မလွဲမရှောင်သာ မအီ
ကြီး လူသိခံလိုက်ရတဲ့အ
အဲဒီလို နမော်နမဲ့
ဘောရှာနိုင်လှတဲ့ ကိုတွ
တစ်ယောက် တောက်တဲ့
မယ်ဆိုတော့ ဒီကိစ္စ အ
မှာ တီးတိုးတီးတိုး
အကျယ်အကျယ် ဖြစ်
တော့တာပါပဲ။

ခြေရင်းအိမ်က
လေးသိန်းက 'အလို
တောက်တီးတောက်တဲ့
နယ် တောက်တဲ့ ဝယ်မှာ
တဲ့။ ခေါင်းရင်းအိမ်
ဘကြီးဖြိုးကတော့ 'အ
ဟတ်...ဟား...ကိုတွ
တောက်တဲ့ဝယ်မယ်တဲ့
တို့အညာကကောင်
တောက်တဲ့ဝယ်မယ်
တောက်တဲ့ဖမ်းဖို့လုပ်



www.burmeseclassic.com

www.burmeseclassic.com

တိရသေးသဟေ့။ ဒီလိုပဲ ယ်ကဘယ်လို တောက်တဲ့ ယ်မယ် သတင်းထွက်တယ် သိဘူး၊ ရွာကလူတွေ တော ဝင်ပြီး တောက်တဲ့ဖမ်းဖို့ ပ်ကြတာပေါ့။ ညွှန်တဲ့လူ လည်း ညွှန်တယ်၊ ဘယ် တောက ဘယ်အပင်မှာ တောက်တဲ့တွေ တစ်ပုံကြီး ဆို၊ ဒါနဲ့ ငါတို့ရွာကကောင် တွေ တောက်တဲ့ဖမ်းဖို့ တော ဝင်သွားရောပေါ့'

'တောက်တဲ့တွေ မိရော လား ဘကြီးဖြိုး'လို့ တစ် ယောက်က ဝင်ထောက်တာ ကို ဘကြီးဖြိုးက 'ငါ့လခွီး နေနေသာသာ သစ်ပင်ကြီး ပေါ်က ဇရာမမိကျောင်း လောက်ရှိတဲ့ တောက်တဲ့ကြီး တတ်ရပ်ပြီး ပေါ်လာလို့ ကြောင့်နဲ့တင်ပါး တစ်သား သည်းကျအောင် ပြေးကြပါ ရော့'

ဘကြီးဖြိုးစကားက ပြီး ပြီးပျောက်ပျောက်ပေမဲ့ ကျွန်မကတော့ မပြီးဘူး။ ပြီးဆို ကျွန်မက တောက်တဲ့ ကြောက်သူကိုး။ တောက်တဲ့ င်မဟုတ်၊ ဖွတ်၊ ပုတတ်၊ ခြေ၊ ကင်းလိပ်ချော စတဲ့ သွားသွားသတ္တဝါတွေအားလုံး ကြောက်တယ်။ လူနဲ့နီးစပ်ဆုံး အိမ်မြှောင်လိုကောင်ကိုတောင် ကြောက်တယ်။ ကြောင်က အိမ်မြှောင်ခုတ်ပြီး မစားဘဲ သွားရင် အဲဒီအိမ်မြှောင် အလောင်းကို ကောက်မယ့်သူ ဘူး။ ကျွန်မကြောက်တော့ လေးတွေပါလိုက်ကြောက် ယ်။ အိမ်မြှောင်အလောင်း ကောက်ဖို့ အရပ်ကို အကူ ညီတောင်းရတာ မကြာ ပါပဲ။

အဲဒီလို အကြောက်သည်းတဲ့အိမ်ဆီ မျက်စိလည်ပြီး တောက်တဲ့တစ်ကောင် ရောက်လာတာလည်း မှတ်မှတ်ရရပါပဲ။ တကယ်တော့ အဲဒီအကောင်က အပေါ်ထပ်မှာနေတဲ့ အကောင်ပါ။ တစ်နေ့ မျက်စိလည်ပြီး တိုင်လုံးကနေ တစ်ဆင့် အောက်ထပ်ဆီ ဆင်းလာပါရော။ သူ့ကို မြင်တာနဲ့ ကျွန်မအော်တာ ငယ်သံတောင် ပါတယ်။ရုတ်တရက် မည်းမည်းကျားကျားကြီး မြင်လိုက်ရလို့ လန့်သွားတာလည်း ပါမှာပေါ့။ အဲဒီမှာ သမီးတို့ဖေဖေက သူ့ကို လာရာလမ်းဆီ ခြောက်လှန့်ပြီး ပြန်သွားစေတယ်။ သူက မသွားဘူး။ နဂိုက ပေတေတေ ကတ်တပ်တပ် ကောင်မို့ ဒီကမောင်းရင် ဟိုချောင်ကပ်၊ ဟိုကမောင်းတော့ ဒီပြန်လာ ဖြစ်နေရင်းနဲ့ သမီးတို့ဖေဖေ စိတ်မရှည်ဘဲ ရိုက်လိုက်ရာ ချက်ကောင်းကို ထိသွားထင်ပါရဲ့၊ သွေးစက်လက်ကျပြီး ပြေးပါရော။

အဲဒီ သွေးစက်လက်က ဖြစ်ချင်တော့ ကြိုးတန်းမှာ လှမ်းထားတဲ့ ကျွန်မ ကျောင်းဝတ်စုံအင်္ကျီအဖြူဆွတ်ဆွတ်ပေါ် ကျသွားတာပါ။ ပြီးပါလေရော။ ဒီကောင့်သွေးတွေ ပေနေတဲ့အင်္ကျီကို ကျွန်မ လျှော်ပြီး၊ လျှော်ပြန် စိတ်ထဲ မသိုးမသန့်ဖြစ်နေလိုက်တာ။ နောက်တော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါလေရော။ ဒါပေမဲ့ လေးငါးရက်နေတော့ သူပြေးတက်သွားတဲ့ တိုင်နားကဖြတ်ရင် အပုပ်နံ့ရတယ်။ ဒီနားမှာ ကြွက်သေပုပ်ကြောင့် နံ့နေတာလားဆိုပြီး ရှာတော့လည်း မတွေ့ဘူး။ အဖြေမသိနိုင်တဲ့ ပဟေဠိကို စဉ်းစားနေတုန်း တစ်နေ့ သမီးတို့ကို ထိန်းတဲ့ အိမ်အကူကောင်မလေး အပြင်ကပြန်လာတော့ မျက်နှာက မချိမချဉ်နဲ့-

'ကျွန်မ ဒီထီးကိုင်ပြီး အပြင်ထွက်သွားတာ ဆောင်းမလို့ ထီးဖွင့်လိုက်တော့ အထဲက တောက်တဲ့အမြီးပြတ်ကြီး ထွက်လာ အပုပ်နံ့ကိုဟောင်နေရော။ ဆရာမသာ ထီးဖွင့်မိလို့တော့ ပြီးပါလေရော'

ကောင်မလေးအပြောက ကျွန်မကို ကြက်သီးထသွားစေတယ်။ ဒီကတည်းက ဒီကောင် ပြန်ဆင်းလာမှာ ကြောက်လိုက်တာ။ အခု အဲဒီလောက်ကြောက်တဲ့ကောင်ကို နှစ်အိမ်ကျော်မှာနေတဲ့ ကိုတွတ်တီက ဝယ်မယ်တဲ့။ ဝယ်တာတောင် တစ်ကောင်နှစ်ကောင်မဟုတ်၊ ရသလောက် အကောင်သုံးလေးရာ ဝယ်မယ်တဲ့။ ကျွန်မ ကြောက်စိတ်တွေ တိုင်ထိပ်ပြေးဆောင့်လာပြီပေါ့။

❑

အိမ်နီးနားချင်းတွေဖြစ်တဲ့ ဘွားလေးသိန်းက အလိုတော် တောက်တီးတောက်တဲ့လို့ပဲ ပြောပြော၊ ဘကြီးဖြိုးက အဟတ်ဟတ် ဟားလို့ပဲ ရယ်ရယ်၊ ဝယ်မှာကတော့ ဝယ်မှာပါပဲ။ တစ်ကောင် တစ်ကျပ်ပေးမယ်ဆိုလို့ အုတ်အော်သောင်းတင်း ဖြစ်သွားသေးရဲ့။ အဲဒီခေတ်က ငွေတစ်ကျပ်ဆိုတာ နည်းတာမှတ်လို့။

ကိုတွတ်တီက ဒီအကောင်တွေဝယ်ပြီး ဘယ်မှာ သွားရောင်းမှာတုံးဆိုတော့ ကော့သောင်းကနေ ရှမ်းကမ်း (ဖမ်ဖလား)အထိတင်မှာတဲ့။ ဒီတစ်ခေါက် ရှမ်းကမ်းကို ပစ္စည်းသွင်းပြီးအပြန် လှေထဲ ဆင်းခါနီး ကိုတွတ်တီက သူ့လုပ်ဖော်ကိုင်ဖက် အဝယ်တော်ကို ဘာတင်လာရမလဲလို့ လှမ်းမေးသတဲ့။ အဝယ်တော်က တောက်တဲ့ဝယ်လာလို့ အော်ပြောသတဲ့။ ကိုတွတ်တီက တစ်ကောင် ဘယ်လောက်ပေးမှာလဲ ပြန်အော်မေးတော့ လက်သုံးချောင်း ထောင်ပြပြီး သုံးရာတဲ့။ ကြိုက်ပြီ၊ ရစေမယ်ဆိုပြီး မြတ်ရင် ဘာမဆိုလုပ်တဲ့ ကိုတွတ်တီ တစ်ယောက် တောက်တဲ့ကောက်ဖို့ လုပ်ပါရော။

အိမ်ရှေ့မှာ တောက်တဲ့ဝယ်သည်လို့ ဆိုင်းဘုတ်လည်း ချိတ်လိုက်ရော ရပ်ကွက်ထဲက လူရွယ်လူလတ်တွေအားလုံး အလုပ်ရကုန်တော့တာပဲ။ အားအားယားယား လက်ဖက်ရည်ဆိုင်ထိုင်၊ အလကားရတဲ့ ရေနွေးကြမ်းတွေ တစ်ခွက်ပြီး တစ်ခွက်သောက်၊ သုံးလုံးထီဂဏန်းတွက်ခြင်းမှာ ငြီးငွေ့လာတဲ့ သန်သန်မာမာ လူရွယ်တွေအားလုံး လက်ရုံးတွေကို ဆန့်တန်းကုန်ကြတာပေါ့။ ငါဟဲ့ ယောကျ်ား ဓာနည်ဖွား၊ လာစမ်းတောက်တဲ့ သူဌေးဖြစ်ပဟဲ့ဆိုတဲ့ မန္တန်တွေရွတ်ဖတ်ရင်း တောက်တဲ့ဖမ်းဖို့ နည်းလမ်းရှာကြတော့တယ်။

တောက်တဲ့ဖမ်းမယ်ဆို တောက်တဲ့ရှိနိုင်တဲ့ တောတောင်ကို စုံစမ်းရတော့တာပေါ့။ မြိတ်မြို့က တော



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတောင်ဆိုတဲ့ မြို့လယ်ကောင်က တောင်ဟာ သစ်ပင်တွေ စိမ်းအုပ်အုပ်နဲ့ တောက်တဲ့တွေပျော်တဲ့ တောဆိုပဲ။ ဖမ်းနည်းကလည်း ကြိုးကွင်းစွပ်ဖမ်းနည်း၊ သစ်ခေါင်းထဲက ထွက်လာအောင် ပင်ခြေက မီးမြှိုက်နည်း အစုံပါပဲ။ လှုပ်ရှားနေတဲ့ သတ္တဝါကို အသက်နဲ့တကွ ဖမ်းမိဖို့ဆိုတာ သိပ်တော့ မလွယ်လှပါဘူး။ ဒါပေမဲ့ လူ့အကြံ တောက်တဲ့မခံနိုင်ဆိုတာလို ဖမ်းလာလိုက်ကြတဲ့ တောက်တဲ့တွေ ကိုတွတ်တီ တပည့်တွေဖြစ်တဲ့ ဖိုးခွားနဲ့ ဖိုးမှူတို့ နှစ်ယောက်လည်း တောက်တဲ့ လက်ခံရတာ မမောမပန်းနိုင်အောင်ပါပဲ။

ကျွန်မမှာတော့ ကြောက်လွန်းလို့ အိမ်မှာကုပ်နေသလောက် အရပ်ထဲက လူတွေ ပြေးကြည့်ကြတာ အမောတကောပါပဲ။ ဖိုးခွားနဲ့ ဖိုးမှူက တောက်တဲ့တွေကို ထင်းရှူးသေတ္တာထဲ အသက်ရှူပေါက်ကလေးတွေသာချန်ပြီး ရိုက်ပိတ်ထားတယ်။ ဒီလို ရိုက်ပိတ်ထားရုံနဲ့ ပြီးရောလား။ မပြီးပါဘူး။ အစာကျွေးရဦးမှာပေါ့။ တောက်တဲ့တွေကို ဘာကျွေးမလဲ၊ သူတို့ ဘာကြိုက်သလဲ၊ ဘာစားလေ့စားထရှိလဲ။ ကျွန်မစိတ်ထင် သူတို့လည်း အိမ်မြှောင်တွေလို ပိုးကောင်မွှားကောင်စားတယ်ထင်တယ်။ အဲဒီ ပိုးကောင်မွှားကောင်က ဘယ်က ရမလဲ။

မကြာပါဘူး။ ကိုတွတ်တီအိမ်မှာ တောက်တဲ့ဝယ်သည်ဆိုင်းဘုတ်အောက်မှာ ပိုးဟပ်ဝယ်သည်ဆိုတဲ့ ဆိုင်းဘုတ်တစ်ခု တိုးလာပါရော။ ပိုးဟပ်ကိုတော့ တစ်ပြည်တစ်မတ် ဝယ်ဈေးသတ်မှတ်ပါတယ်။ ဘာပြောကောင်းမလဲ အိမ်တွေမှာ ပိုးဟပ်ရှာဖမ်းနေကြတာ သောသောညံနေတာပဲ။ ပိုးဟပ်ဆိုတဲ့ အကောင်ဟာ အိမ်တွေမှာ ပေါမှပေါ။ အိမ်အိုအိမ်ဟောင်းတွေ၊ လူမနေတဲ့ ဂိုဒေါင်ပျက်တွေ၊ သတင်းစာစောင်တွေ ထိုးထည့်ထားတဲ့ ပြန့်ကြားရေးဌာန စတိုခန်းတွေ။ ဒီတစ်ခါတော့ မူလတန်းအရွယ်ကလေးတွေကအစ လှုပ်ရှားကြတယ်။

ကိုတွတ်တီတို့ လုပ်လိုက်ရင် ပြောစမှတ်ကိုဖြစ်လို့။ ပိုးဟပ်အရှင်တွေ ပြည်တောင်းနဲ့ ဘယ်လိုချင်တွယ်မလဲ။ ပြည်တောင်းထဲ ထည့်လိုက်တာနဲ့ ပိုးဟပ်တွေ ပျော်ပျော်ကြီး ထွက်ပြေးကြတာလေ။ ပိုးဟပ်လာသွင်းချိန်ဆို ကိုတွတ်တီအိမ်မှာ လူ့သံရယ်သံ ဆူဆူညံနေတာပဲ။ အကောင်အရေအတွက်နဲ့ ဝယ်ရင်လည်း လှုပ်ရွနေတဲ့ကောင်တွေ ရေတွက်ဖို့ဆိုတာ ခေါင်းမူးဆေးဖော်တာနဲ့ တူတူပါပဲ။ နောက်ဆုံး အထုပ်လိုက် အလေးချိန်နဲ့ဝယ်တဲ့ ဆီရောက်တော့တယ်။

ဒီလိုနဲ့ တောက်တဲ့တွေကို ထင်းရှူးသေတ္တာသုံးလုံးနဲ့ ခန့်မှန်းခြေ အကောင်သုံးရာလောက် ရှိမယ်ထင်တယ်။ ရပြီးတဲ့အချိန် ကိုတွတ်တီ ကော့သောင်း ဆင်းသွားပါရော။ ကိုတွတ်တီဟာ ကုန်သွယ်မှု လမ်းကြောင်းပေါ်မှာ နှစ်တွေအကြာကြီး ကျင်လည်ခဲ့သူမို့ အပေးအကမ်း ရက်ရောပြီး အရှောင်အတိမ်း ဂျက်စီကိုမ်းဘာသာရပ်ကိုလည်း ကျွမ်းကျင်သူပီပီ ဆိပ်ကမ်း အာဏာပိုင်တွေကို လွတ်လွတ်ကျွတ်ကျွတ်ဖြတ်ကျော်သွားနိုင်တာ ချီးကျူးစရာပါပဲ။ ❑

ဆိပ်ကမ်းက လှေထွက်ပြီး ကျွန်းရွာတွေနဲ့ ခပ်လှမ်းလှမ်းရောက်မှ ကိုတွတ်တီ စိတ်ချလက်ချ ဖြစ်သွားတာပါ။ ဘာပဲပြောပြော အခုတင်လာတဲ့ ကုန်က အရင်ကကုန်လို မဟုတ်ဘူးဆိုတော့ သူလည်း အထိုက်အလျောက် စိတ်လှုပ်ရှားတာပါပဲ။ တစ်စုံတစ်ရာ လွဲချော်လို့မဖြစ်ဘူးလေ။ သူ့အရင်းက မနည်းဘဲကိုး။ ဒီလိုနဲ့ အမှောင်ချင်းညရောက်လာတော့ ကောင်းကင်မှာ မိုးများရွာဦးမှာလား၊ မိုးရိပ်မိုးသားတွေ တက်လာတာကိုကြည့်ပြီး သူ နည်းနည်းစိုးရိမ်သွားတယ်။ ဒီအကောင်ဗလောင်တွေနဲ့ မိုးရွာလို့မဖြစ်ဘူး။ သူ့ ထင်းရှူးသေတ္တာတွေရဲ့ လုံခြုံမှု၊ မိုးရွာရင် ဖြစ်နိုင်တဲ့ ဖြစ်နိုင်ခြေ သူ အပြေးအလွှား တွက်ချက်နေမိတယ်။

တော်ပါသေးရဲ့၊ ခပ်ဝေးဝေးက မိုးခြိမ်းသံတစ်ချက်နှစ်ချက်ပေးပြီး မိုးရိပ်တွေ လေနဲ့လွင့်ပါသွားပါရောလား။ ကိုတွတ်တီ လူသူမသိအောင် သက်ပြင်းကို မှုတ်ပြီး မှုတ်ပြီးကလေး ချမိတယ်။ မိုးရယ် မရွာပါနဲ့။ မိုးဖြူမစဲ မိုးမည်းမရွာဆိုတဲ့စကားလို မိုးမည်းတွေ လေနဲ့အတူ မြဲမြ…
ပါသွားပါစေ။ ကိုတွတ်တီ…
ဆုတောင်းနေစဉ်မှာပဲ မိုးရွာ…
ပေမဲ့ မိုးရွာသလို စိတ်လှုပ်…
ရှားဖွယ် အဖြစ်အပျက်ဟာ…
ရုတ်ခြည်း ရောက်ချလာပါ…
တော့တယ်။ အဲဒါက မိုးခြိမ်း…
သံထက် ကြောက်စရာ…
ကောင်းတဲ့ တုန်လှုပ်ချောက်…
ချားဖွယ် အသံကြီးပါ။

အသံရဲ့ ရှေ့ပြေး…
'ဂေါ ဂေါ' ဆိုတဲ့ ဆွဲငင်သံ…
ကြီးပါ။ လူတွေအားလုံး…
ခေါင်းထောင်သွားစဉ်မှာပဲ…
အနောက်က 'ကွတ်ကယ်…
ကွတ်ကယ်' ဆိုတဲ့ အော်မြည်…
သံကြီး။ ရှေ့အသံမဆုံးခင်…
နောက်အသံဆက်၊ နောက်…
အသံမဆုံးခင် နောက်ထပ်…
နောက်ထပ် သံပြိုင်မြည်ဟိန်း…
လိုက်တဲ့ အသံတွေ။ …
သေတ္တာပြီးတော့ ဟိုသေတ္တာ…
ဟိုသေတ္တာပြီးတော့ ဟို…
သေတ္တာ။ ပင်လယ်ထဲ…
ကုန်တင်စက်လှေကြီးပေါ်မှာ…
ကြောက်မက်ဖွယ် သံပြိုင်…
မြည်ဟိန်းသံကြီးဟာ …
သွားတွေကို အဆုံးစွန်…
တုန်လှုပ်ချောက်ချားစေ…
တော့တယ်။

အမိဝေး၊ ဘာသံကြီး…
လဲ၊ ဘာသံကြီးလဲနဲ့ ကမ်း…
တန်းလေ အမိကိုတသံနဲ့အ…
ဝေခွဲမရ အခြေအနေမှာ ထိတ်…
လန့်မှင်တက်နေကြဆဲ …
တတ်တီတစ်ယောက်မှာတော့…
အခြေအနေကို ထိန်းမနိုင်…
ရေလျှိုးမိုးပုံချင်စိတ်တွေ…
ပေါက်နေပါတော့တယ်။ …
အခြေအနေက သူမျှော်လင့်…
ထားတဲ့ အခြေအနေပါ။ …
တွက်ချက်ထားတဲ့ ဖြစ်နိုင်…
ထဲမှာ ဒီလိုကိစ္စမျိုး ဘာ…



www.burmeseclassic.com

www.burmeseclassic.com

မပါတာပါလိမ့်။ *'မိုးလေတွက်ကာဗေဒင်ဟော တောက်တဲ့ကိုလေပေါ်'* ဆိုတဲ့ ငယ်စဉ်က သင်ခဲ့ရတဲ့ ကဗျာကို ဘာလို့ သူမေ့သွားတာပါလိမ့်။ ဒီအကောင်တွေဟာ တစ်ကောင်အော်ရင် ကျန်အကောင်တွေပါ ဝိုင်းစုအော်တတ်ကြတာ ဘာလို့ သတိမထားမိခဲ့ပါလိမ့်။ သူ့အိမ်မှာတုန်းက တစ်ကောင်မှ မအော်ဘဲ ပင်လယ်ပြင်လှေထဲရောက် မိုးသံလေသံကြားမှ အော်တာ သူတို့ရဲ့ပင်ကိုသဘာဝလေလား။

ကိုတွတ်တီ အတွေးပွားနေစဉ်မှာပဲ သေတ္တာသုံးလုံးထဲမှာ ဘာတွေပါလာတယ်ဆိုတာ သိသွားတဲ့ ခရီးသည်တွေရဲ့ တစ်တစ်ခွခွ ဆဲရေးသံတွေဟာ ကောင်းကင်က မိုးသီးမိုးပေါက်တွေကျသလို ကျရောက်လာလိုက်တာ ကိုတွတ်တီမှာ တောင်းပန်ရုံအပြင် ဘာရှိတော့မှာလဲ။

မင့်အမေကလွှားတဲ့မှ တောက်တဲ့တွေ သယ်လာရသလားဟ ဆိုပြီး ထရိုက်မယ်လုပ်တဲ့ ဒေါသကြီးကြီး အဘိုးကြီးတစ်ယောက်ကို ခရီးသည်တွေ ဝိုင်းဆွဲရတာက အဆစ်ပါ ပါသေးတယ်။ တာထွက်မကောင်းခဲ့တဲ့ ကိုတွတ်တီဟာ လမ်းခရီးတစ်လျှောက်လုံး လူတွေရဲ့ ငြိုငြင်မှု မေတ္တာပို့မှုကို ခံယူပြီး ကော့သောင်း ရောက်တော့ အနားတောင် မယူနိုင်ဘဲ ရှမ်းကမ်းဘက်လှေနဲ့ ကူးခဲ့တော့တယ်။ ဒါတွေကို ဈေးကွက်မြန်မြန်ပို့မှ ဖြစ်မယ်။ သူ့လက်ထဲ ရှိနေသရွေ့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတာမဟုတ်လား။

ကံဆိုးချင်တော့ ဟိုဘက်ကမ်းရောက်တော့ တောက်တဲ့တွေ ရသလောက်သယ်လာ တစ်ကောင်သုံးရာပေးမယ်ဆိုတဲ့ သူ့ဘော်ဒါ အဝယ်တော်ကို ရှာမတွေ့ ဖြစ်ပါရော။ အဲဒီလူက ကော့သောင်းမြို့နယ်ထဲက ရွာတစ်ရွာမှာ အရပ်ခန့် ကျောင်းဆရာလည်းဖြစ်တာမို့ အခုဆိုရင် အသုံးလုံး ခရီးစဉ်နဲ့ ပါသွားပါပြီတဲ့။ ဘယ်မှာ သွားဖမ်းရပါ့။

'ကိုတွတ်တီ ခင်ဗျားမို့ အဆင်ခြင်ဉာဏ်နည်းပလေတယ်။ နည်းနည်းပါးပါး ဈေးကွက်ကို စနည်းနာပါဦးတော့၊ ဒီဘက်ကလူတွေ တောက်တဲ့ဝယ်မယ်လို့ သဲ့သဲ့မှ မကြားပါဘူးဗျာ'

လုပ်ဖော်ကိုင်ဖက် တွေဝိုင်းပြောကြမှ သူ့အဝယ်တော်သူ့ကို ချောက်တွန်းမှန်း သိသွားတော့တယ်။ တမင်နောက်ပြောင်လိုက်တာလည်း ဖြစ်နိုင်သေးရဲ့ မဟုတ်လား။ ဒါတောင် သူက ဖွဲမလျှော့သေးဘူး။ တစ်ကောင်ချင်း ပလတ်စတစ်အိတ်နဲ့ထည့်ပြီး ရနောင်းဈေးထဲ လိုက်စပ်သေးတာပါ။ အမည်းနဲ့အဖြူကျားကောင်ကြီးကို မြင်တာနဲ့ ထိုင်းတွေ အလန့်တကြားငြင်းလိုက်ပုံက ကိုတွတ်တီကို တဖြည်းဖြည်း သွေးပျက်သွားစေတယ်။

စိတ်ဓာတ်တွေ အကျကြီးကျပြီးတော့ ကော့သောင်းပြန်ရောက်လာတဲ့ ကိုတွတ်တီကို သတင်းဆိုးကြီးက ကြိုဆိုနေပါတော့တယ်။ သူ့သေတ္တာတွေ သွားအပ်ထားတဲ့ ဂိုဒေါင်ကပစ္စည်းတွေ အမြန်လာယူပါတဲ့။ သူအပြေးအလွှား ရောက်သွားတော့ ဂိုဒေါင်က ဘယ်လက်ခံချင်ပါတော့မလဲ၊ အပုပ်နံ့ ထောင်းထောင်း ထွက်နေပြီကိုး။ ရက်ကြာလာတော့ အစာရေစာပြတ်တာရော မွန်းကျပ်တာရော ဆိုတော့ သေတဲ့အကောင်သေ၊ ပုပ်တဲ့အကောင်ပုပ် ဖြစ်ပြီပေါ့။

ဒါတွေကို သူ ဘယ်မှာ သွားပစ်ချရပါ့။ အခုမှ တကယ့်ပြဿနာကြီးဦးခေါင်း ဘယ်နားချရမှန်းမသိ ဖြစ်ပြီ။ နောက်ဆုံး ဂိုဒေါင်စောင့်အကြံကိုပဲ လက်ခံရတော့တယ်။ ဒီလိုလုပ်တာ ငါ့လက်က လွှတ်ချက်ကျွတ် မျက်နှာလွှဲခဲပစ် တစ်ကိုယ်ကောင်းဆန်ပေမဲ့ မလွှဲမရှောင်သာ အဲဒီလမ်းကိုပဲ ရွေးချယ်ရတော့တယ်။

တကယ်ဆို သေတ္တာသုံးလုံးကို လှေနဲ့တင်ပြီး ရေလယ်မှာ သွားပစ်ချရင် ပြီးနေတဲ့ကိစ္စကို ရွှေဉာဏ်တော်ရူးရောက်ပြီး ကော့သောင်းမြို့စွန်က ပင်လယ်ရေနဲ့ ထိစပ်နေတဲ့ လူနေအိမ်ခြေတွေနောက်မှာ သေတ္တာဖွင့်ပြီး သွားလွှတ်တော့ အသေတွေက ရေနဲ့မျောသွားပေမဲ့ အရှင်တွေက ရေစပ်စပ်ကနေကူးပြီး ကုန်းပေါ်ပြန်တက်၊ သစ်ပင်ပေါ်ပြေးတက်၊ နီးရာအိမ်တွေပေါ်ပြေးတက်၊ ဒီလောက်များတဲ့ အဖြူအမည်းကျားကောင်တွေ အိမ်ပေါ်တွားတက်လာတာ မြို့စွန်ရပ်ကွက်ကလေး ကမ္ဘာပျက်သွားသလိုပါပဲ။

နောက်ဆုံး ဘယ်ကောင့်လက်ချက်လဲကွဆိုပြီး ဝိုင်းဖမ်းပြီး ရပ်ကွက်ရုံးကို ပို့လိုက်တော့ ကိုတွတ်တီတစ်ယောက် ငွေနဲ့ပေါက်ပြီး မနည်းဖြေရှင်းလိုက်ရတယ်။ ဝိုင်းမရိုက်လိုက်တာ ကံကောင်းလို့ ထွက်ရှုပါပဲ။ ဘောလိဘောရှာ နေခေါ်နခဲ့နိုင်လှတဲ့ စရိုက်တစ်ခုကနေ နောက်ဆက်တွဲ ဆိုးကျိုးတွေဟာ ကိုတွတ်တီကို သေရာပါသင်ခန်းစာတွေပေးနေတော့တယ်။

ကိုယ့်ရဲ့ မတော်လောဘကြောင့် လောကဓံရဲ့ ရိုက်ချင်ပြင်းပြင်းအောက်မှာ ဒယိမ်းဒယိုင်ဖြစ်ပြီး ပြန်လာတဲ့ ကိုတွတ်တီကို မြိတ်မြို့မှာ လှေဆိုက်တော့ သူ့တပည့် ဖိုးခွားနဲ့ ဖိုးမူက လာကြိုကြသတဲ့။ လှေဆိုက်ဆိုက်ချင်း သူ့ဆရာမျက်နှာမြင်တော့ တပည့်တွေက လက်မထောင်ပြပြီး အိုကေလားဆိုတဲ့ သဘော လှမ်းမေးပါတယ်။ စိတ်ပျက်လက်လျှော့လာတဲ့ ကိုတွတ်တီက လက်ဝါးကာပြပြီး မပြောပါနဲ့တော့ကွာလို့ လှမ်းပြီး လက်ရိပ်ပြသတဲ့။

ဒါကို ဖိုးခွားတို့ ဖိုးမူတို့က 'ဟာ တို့ဆရာထောပြီ၊ တစ်ကောင် ငါးရာတောင် ရတယ်' သဘောပေါက်ပြီး နယ်တွေဘက်ကို တောက်တဲ့အရှာထွက်ဖို့ စိတ်ကူးကြသတဲ့။ လိုက်လည်းလိုက်ဖက်တဲ့ ဆရာ တပည့်တွေလေ။

ကျွန်မကတော့ ကိုယ့်ကိုယ်ကိုဖော် မသူတော်စာရင်းဝင် ဒီအကောင်တွေရဲ့ အမည်ကိုကြားတိုင်း ကိုတွတ်တီကို သတိရပြီး၊ သနားပြီးရင်း သနားနေမိတော့တယ်။ ■

မိချမ်းဝေ

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းရုပ်ကလေးရဲ့ ကိုယ်ရေးအကျဉ်း

**နန္ဒာစိုး(ဆင်ဖြူကျွန်း)**

၁။

ပြောရရင်…ကိုဘမြင့်က တကယ့်စာကြမ်းပိုး(စာဂျပိုး) အကြီးစားပါ။

ညစဉ် မဂ္ဂဇင်းတစ်အုပ်အုပ် ဒါမှမဟုတ် တခြားလုံးချင်း (ပင်ကိုရေး၊ ဘာသာပြန်၊ အတ္ထုပ္ပတ္တိ၊ သမိုင်းဘာသာရပ်ပေါင်းစုံ) တစ်အုပ်အုပ်မှ မဖတ်ရရင် အိပ်လို့ကို မပျော်တတ်တဲ့သူမျိုး။ အဲလို ညတိုင်း ညဥ့်နက်ခံပြီး စာဖတ်လေ့ရှိသော ကိုဘမြင့်ရဲ့ နောက်တစ်နေ့ အိပ်ရာထချိန်က မနက် ၉ နာရီဟာ အစောဆုံးပဲ။ ဒါပေမဲ့ ပြဿနာတော့ မရှိပါဘူး။ ဇနီးဖြစ်တဲ့ မမျိုးက မနက်စောစော အိပ်ရာထပြီး အိမ်မှာ ဖွင့်ထားတဲ့ ကုန်စုံဆိုင်ကလေးကို ဖွင့်လှစ်ပြင်ဆင်ပြီး ရောင်းရေးဝယ်တာကိစ္စတွေကို ဝတ်မပျက် ဆောင်ရွက်လေ့ ရှိတော့ အထူးတလည် ပူပင်စရာမရှိဘူး။ ဈေးဝယ်လာရင် ထရောင်းလိုက်၊ ဈေးဝယ်မလာရင် မီးဖိုချောင်ထဲဝင် ချက်လိုက် ပြုတ်လိုက်နဲ့ အိုကေလို့ပဲ။ ကိုဘမြင့်မှာ ကြောင့်ကြစရာ မရှိဘူး။ ဒီကုန်စုံဆိုင်ကလေးက မိသားစု ၃ ယောက်တည်းရှိတဲ့ ကိုဘမြင့်တို့ စားဝတ်နေရေးအတွက် ကောင်းကောင်းဖြည့်ဆည်း ပေးနိုင်ပါတယ်။ အိမ်ဆိုင်ကလေးဆိုပေမဲ့ ကိုဘမြင့် ကိုယ်တိုင် ကလည်း ဆိုင်ကလေးကို ပုံမှန်လည်ပတ်နေဖို့၊ ဖောက်သည် မလျော့ဖို့ သတိထားပါတယ်။ ဆိုင်အတွက်ဖြည့်စရာ ကုန်မျိုးစုံ လိုအပ်လာသမျှကို သူကိုယ်တိုင်ပဲ တိုင်းမြို့တော်အထိ ဈေးဝယ် ထွက်တယ်။ မမျိုးကို စာရင်းနဲ့ အင်းနဲ့ ပြန်အပ်တယ်။ သူ့ အလုပ်က ဒါပဲ။ ကျန်တာကတော့ ဝါသနာအတိုင်း စာဖတ်တာ တစ်ခုပဲ။

❑



www.burmeseclassic.com

www.burmeseclassic.com

၂။

တစ်ရက်မှာတော့ 'အိပ်ရာထ နောက်ကျရကောင်းလား'လို့ ဘယ်တုန်းကမှ စိတ်အနှောင့်အယှက်မဖြစ်ခဲ့ဖူးတဲ့ ကိုဘမြင့် အိပ်ရာထနောက်ကျမှုအတွက် သူ့ကိုယ်သူ ပြန်ဒေါသဖြစ်မိရတယ်။ အဲဒီနေ့က သူ အိပ်ရာ နိုးလာတော့ မနက် ၉ နာရီခွဲနေပြီ။ နောက်ဖေးက ရေကန်ဆီ မျက်နှာသစ်ဖို့ ထအသွား သုံးထပ်သားနံရံကာပြီး အခန်းဖွဲ့ထားတဲ့သားကြီးရဲ့ အခန်းထဲဆီက 'အင်း ဟင်း ဟင်း ဟင်း…'ဆိုတဲ့ ညည်းညူသံကို ကြားလိုက်ရတယ်။ 'ဘယ်လိုပါလိမ့်။ ဒီကောင် ဖျားများနေသလား' ဆိုတဲ့ အတွေး ဝင်လာလို့ သားကြီးရဲ့ အိပ်ခန်းတံခါးကို ဖွင့်ကြည့်လိုက်တော့မှ ကိုဘမြင့် မျက်လုံးတွေ ပြာသွားတယ်။ ရင်ထဲလည်း ဒိန်းခနဲ သကြိန်အမြှောက်ပစ်သွားတယ်။

သားကြီးက ၁၈ နှစ်သားပဲ ရှိပါသေးတယ်။ မနှစ်က ၁၀ တန်းအောင်ထားတယ်။ ၁၀ တန်းအောင် ရရှိတဲ့ အမှတ်နဲ့ အဝေးသင် ဆက်တက်ဖို့ လျှောက်ထားပြီး ဘယ်လိုင်းဝင်မလဲ စောင့်စားနေဆဲပါ။ တစ်ဦးတည်းသောသားလိမ္မာက ကုန်စုံကုန်သေးဆိုင်ကလေးကလွဲလို့ တခြားဘာစီးပွားရေးမှ အားကိုးလောက်စရာမရှိတဲ့ ကိုဘမြင့်တို့ မိဘနှစ်ပါးကို ဒုက္ခမပေးချင်ဘူး။ အဝေးသင်ပဲ တက်ရင်း အလုပ်တစ်ခုခုလုပ်တော့မယ်လို့ သူ့ဟာသူ ဆုံးဖြတ်ချက်ချတဲ့ ကလေး။ ကိုဘမြင့်တို့လင်မယားရဲ့ အချစ်တုံး အချစ်ခဲဆိုပါတော့။ ခုတော့ အဲဒီအချစ်တုံး အချစ်ခဲ သားကြီးက ခေါင်းမှာ ပတ်တီးအဖွေးသားနဲ့။ မျက်စိမှိတ်ထားရင်းနဲ့ အနာတရဒဏ်ရာကြောင့် ညည်းညူနေပုံပဲ။

'ဟော့ကောင် သားကြီး မင်း ဘာဖြစ်တာတုံး'

ကိုဘမြင့် အလန့်တကြားမေးပေမဲ့ သားကြီးက မဖြေပါဘူး။ မဖြေဆို 'အိပ်မှိန်းကျ'နေရင်းကနေ ဒဏ်ရာက အနာရှိန်ကြောင့် ညည်းညူနေတာမျိုးပေကလား။ ကိုဘမြင့်မေးတာကိုလည်း သိပုံ၊ ကြားပုံ မရပါဘူး။ ကိုဘမြင့် အခန်းထဲကနေ ချက်ချင်းပြန်လှည့်ထွက်တယ်။ မျက်နှာသစ်ဖို့ကိစ္စကို မေ့သွားပြီ။ အိမ်ရှေ့ခန်းကို လှမ်းထွက်လာရင်း 'မမျိုးရေ…မမျိုး'လို့ အလောတကြီး အသံပြုတယ်။ မမျိုးက ဈေးဝယ်ကို ငွေအမ်းရင်းက လှည့်ကြည့်တယ်။

'ဘာလဲတော် အလန့်တကြားနဲ့'

'အလန့်တကြားပေါ့ကွ၊ မင်းသား ဘာဖြစ်တာလဲ၊ ခေါင်းမှာ ပတ်တီးကြီးအဖွေးသားနဲ့ပါလား'

ကိုဘမြင့်က ကတိုက်ကရိုက်မေးတော့မှ မမျိုးက သက်ပြင်းပူကြီး ဟင်းခနဲချတယ်။

'ညက တော်အိပ်ပျော်ခါစမို့ ကျုပ် မနှိုးတော့တာ။ ညက နာရီပြန် ၂ ချက်ထိုးလောက်မှာ သားနဲ့သူ့ကို တွဲပြီးလိုက်ပို့တဲ့ သူငယ်ချင်းကလေးနှစ်ယောက် အိမ်ကို ပြန်ရောက်လာတယ်။ တော့်သား ညက လူအရိုက်ခံခဲ့ရတယ်။ ဆေးရုံပြေးပြီး ဆေးရုံက သူ့ခေါင်းကဒဏ်ရာကို ၅ ချက် ချုပ်ပေးလိုက်ပြီးမှ ပြန်ရောက်လာကြတာ'

'ဘာ…ဘာ ဘယ်သူက ရိုက်လိုက်တာလဲ၊ ဘယ်လိုဖြစ်ကြတာလဲ။ ညကတည်းက ငါ့ကို နှိုးပြီး ပြောကြရမှာပေါ့'

'ဘာလို့ နှိုးနေတော့မလဲ၊ တော့်သားပြန်လာတော့ ခေါင်းက ဒဏ်ရာကိုချုပ်ခဲ့ပြီးပြီ။ ဆေးထည့် ဆေးထိုး ပတ်တီးစည်းခဲ့ပြီးပြီ။ အိပ်ပြီး အနားယူဖို့ပဲ လိုတော့တဲ့ အနေအထားပဲဥစ္စာ။ ဒီတော့ ကိုယ့်အိပ်ရာကိုယ်ဝင် မှိန်းလိုက်၊ အိပ်လိုက်တော့လို့ပဲ ပြောလိုက်ရတာပေါ့။ ရိုက်တဲ့သူကလည်း သူတို့သူငယ်ချင်း အချင်းချင်းတွေထဲကပဲတဲ့'

'မဟုတ်သေးဘူး။ ငါ့ကို နားလည်အောင် ရှင်းပြစမ်း'

မမျိုး သက်ပြင်းချပြန်တယ်။

'ဒီလိုတဲ့၊ တော့်သားရဲ့ သူငယ်ချင်းနှစ်ယောက်က ဂစ်တာတီးပြီး သီချင်းဆိုကြသတဲ့။ တော့်သားက ဘေးက နားထောင်သမားလေ။ အဲဒီတုန်း သူတို့ကို ခဲနဲ့ထုသတဲ့။ ဟိုကလေးတွေက ဟေ့ ဘယ်သူတုံး၊ ငါတို့ ခပ်တိုးတိုးပဲ ဆိုတီးနေတာပဲလို့ ပြန်အော်တော့ သူတို့နဲ့ ကျောင်းနေဖက်သူငယ်ချင်း ဖြစ်ခဲ့ဖူးတဲ့ အဲဒီရပ်ကွက်သား
ကောင်လေးက ထွက်လာပြီ
သူတို့ရပ်ကွက်ထဲ လာဆ
သလား၊ ဘာညာနဲ့ ဆဲလာ
ဆိုလားလုပ်တော့ ဂစ်တာတီး
နေတဲ့ တစ်ယောက်နဲ့ စကား
များကြပြီး ထိုးကြကြိတ်
ရောတဲ့။ နောက်တော့ ကျန်
တစ်ယောက်နဲ့ တော့်သား
ကြားက ဝင်ဆွဲကြ ဖျန်ဖြေ
ကြနဲ့ ပြီးသွားရောတဲ့။ အဲဒီ
တော့်သား ငတုံးက ငါ
ရန်ဖြစ်ရမယ့်သူတွေ မဟုတ်
ပါဘူးကွာ။ မင်း မကျေန
ရင် ငါတို့ ပြန်မှာပေါ့။ စိတ်ထဲ
မှတ်မထားပါနဲ့၊ ငါတို့လည်း
'မှတ်တေးအငြိုး မထား
ဘူး'လို့ တောင်းပန်ပြီး လှည့်
ပြန်သတဲ့။ အဲလိုလှည့်ပြန်
နောက်ကျောခိုင်းလိုက်တော့
မှ ခြေ ၂ လှမ်း၊ ၃ လှမ်း
အရောက်မှာ ဟိုကလေး
နောက်ကနေ နှစ်တစ်လက်
ပျဉ်ချောင်းနဲ့ အလစ်ပြေးရိုက်
လိုက်တာ တော့်သား ဟတ်
တက်ကွဲ နေရာတင် လဲ
တဲ့၊ ကံသီလို့ နောက်နေ
ဆက်ကိုသာမိရင် သေတော
သေနိုင်သတဲ့'

'ဟာ မဟုတ်တာ
စကတည်းက မကျေန
သေးရင် ယောကျ်ားလေး
ချင်းပဲ၊ မျက်နှာချင်းဆိုင်
သူတင်ကိုယ်တင်ချကြ
တော့လား။ ခုတော့ လှည့်
တဲ့သူကို နောက်ကနေ မိန်း
လို မိန်းမရ အလစ်ပြေးရိုက်
တာကို ခံခဲ့ရတာပဲကွ။
မကျေနပ်ဘူး။ နှစ်ဦးသဘော
တူချကြတာဆိုရင် ငါ့သား
နေရာမှာတင် သေခဲ့ သေ
သူညံ့လို့ သူခံရတာလို့
နိုင်တယ်။ ခုတော့ကွာ…



www.burmeseclassic.com

www.burmeseclassic.com

ကိုဘမြင့် ထောင်းခနဲ ဖြစ်ပြီး ပြောလိုက်တော့ မမျိုးက ပြုံးတယ်။

'မကျေနပ်လည်း တတ်နိုင်တော့ဘူးတော်ရေ။ ဖြစ်တာက ဖြစ်ခဲ့ပြီးပြီ။ ဆေးမှန်မှန်ထိုးပြီး စားဆေး သိမ်းဆေးတွေနဲ့ ကိုယ့်သားကို ဝေဒနာမြန်မြန်ပျောက်အောင်ကုဖို့ပဲ စဉ်းစားပေတော့။ ကျုပ်တော့ ဒါပဲတွေးတယ်။ ကိုယ့်သား မြန်မြန်သက်သာပြီး ဝေဒနာပျောက်ကင်းရင် တော်ပြီ'

ကိုဘမြင့် တော်တော်ကြီးကို ဒေါသထွက်လာတယ်။

'မင်းကွာ၊ မအေလုပ်နေပြီးတော့ ဒီလောက်တာဝန်မဲ့ ပြီးပြီးရောစကားပြောရသလား။ ဥပဒေဆိုတာ ဘယ်သွားထားမလဲ။ ဒီကိစ္စငါ ဆက်ရှင်းမယ်'

ဒီတော့ ကိုဘမြင့် အသည်းကို အပ်နဲ့ဆွသလိုစကားမျိုးနဲ့ မမျိုးက တုံ့ပြန်လာတယ်။ မမျိုးက ပညာတတ် မဟုတ်ပါဘူး။ ရှစ်တန်းတောင် မအောင်ခဲ့တဲ့ အရပ်သူ အရိုးအဖျင်းပါ။ သူနားလည်သလိုပြောတာပဲလို့ သဘောပိုက်မိလို့ ကိုဘမြင့် အရှူးရှူးနဲ့ ငြိမ်နေလိုက်ရတယ်။ မမျိုးပြောတာက ရုတ်ထိုးအိုးပေါက်ပါ။

'မသိဘူးလေ၊ တော်တို့ ဥပဒေဆိုတာ ဘယ်သွားထားသလဲ။ ငရဲပြည်မှာလား၊ နတ်ပြည်မှာလား။ ဘယ်ဆီ သွားထားသလဲတော့ ကျုပ်လည်း မပြောတတ်ဘူး။ ဒါပေမဲ့ ကျုပ်သိတာကတော့ ကျုပ်တို့က သာမန်လူတန်းစား၊ ကိုယ့်ထမင်းကိုယ် နပ်မှန်အောင်စားဖို့မှ မနည်းလုံ့လစိုက်ကြိုးစားနေကြရတဲ့ဘဝတွေ။ ဘယ်သူ့ကိုမှ လာဘ်ထိုးနိုင်တာ မဟုတ်ဘူး။ ခပ်ရိုးရိုးကြီးပဲ နေလာကြရတဲ့ဘဝတွေ။ ဘယ်သူ့ကိုမှ သွားမပြိုင်နဲ့။ ကိုယ်ကလည်း သေလောက်အောင် မှန်နေလည်း ပိုက်ဆံမထိုးနိုင်ရင် ကိုယ်ပဲ ခွေးကျဝက်ကျကျပြီး ရှုံးမှာပဲ။ ရိုးရိုးသားသား ကိုယ်စားဖို့ ကုန်းရုန်းရှာထားရတဲ့ ပိုက်ဆံကလေးတွေ ရေထဲသွားမျှောတာကမှ ပလုံမြည်သံ ကြားရဦးမယ်။ ငြိမ်ငြိမ် အေးအေး နေစမ်းပါတော်။ ကလေးဆေးကုဖို့မှ စားစရိတ်၊ ဆိုင်စရိတ်ထဲက ဖဲ့ပြီး ဝေပုံချဖို့ ဦးနှောက်ခြောက်ရတဲ့အထဲ' တဲ့။

ကိုဘမြင့် အသည်းကို ကျွဲဝင်ခတ်တဲ့အတိုင်းပဲ။ အလွန်စာဖတ်အားကောင်းခဲ့တဲ့ ကိုဘမြင့်က သူဖတ်ခဲ့သမျှ စာတွေအားကိုးနဲ့ ငြင်းတယ်။

'မဟုတ်ဘူး မမျိုး၊ ဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူးလို့ သေချာပေါက်မှတ်ထားကွ၊ ခေတ်ကလည်း ပြောင်းသွားပါပြီ။ ငါ တရားသဖြင့် ရင်ဆိုင်မယ်။ ဒီအတိုင်းတော့ ငြိမ်ခံမနေနိုင်ဘူး'

မမျိုးက မျက်လုံးလေး ဝင့်ပြီး တစ်ချက်ကြည့်တယ်။ အဲဒီအကြည့်က မှန်ရာပြောဆို ဆုံးမနေတာကို နားမဝင်နိုင်တဲ့ ကလေးသူငယ်နှပ်စားကို သနားသဖြင့် ကြည့်နေတဲ့ မဟာကရုဏာရှင်လူကြီး တစ်ယောက်ရဲ့ အကြည့်မျိုး။ ပြီးမှ ပက်ခနဲ ကရုဏာဒေါသောလေသံမျိုးနဲ့ ပြောချလိုက်တယ်။

'ခေတ်ကြီးပြောင်းလဲသွားတာကို တော်က ဘယ်တန်ခိုးရှင်ရဲ့ နတ်မျက်စိကို ငှားတပ်ကြည့်လို့ မြင်လိုက်ရတာတုံး။ တော်တို့ စာအုပ်ကြီးတွေက ရေးထားတဲ့အတိုင်း ဟုတ် မဟုတ်သိချင်သပဆို စမ်းကြည့်လိုက်လေ။ တော်ဟာ စာတိုပေစတွေ နင်းကန်ဖတ်ပြီး သူများရေးထားသမျှမှာ လမ်းဆုံးနေတဲ့လူပဲ။ ခက်ပဲခက်ပါသေးရဲ့တော်'

ကိုဘမြင့် ဘာစကားမှ ပြန်ပြော မနေတော့ဘူး။ သူ့နှုတ်ဖျားက အသံတစ်ချက်ပဲ ထွက်လာနိုင်လိုက်တယ်။

'တောက်'

❑

၃။

သားကြီးကို ဓာတ်စုံ ခင်းခိုင်းလိုက်တော့ ဓာတ်လမ်းက စင်းစင်းကြီး။

'အားလုံး မျက်မြင်သက်သေသူငယ်ချင်းတွေ ရှိပါတယ်အဖေရာ။ တစ်ယောက်တစ်ချက်စီ ထိုးကြတဲ့ပွဲကလည်း ပြီးသွားပါပြီ။ ငါတို့ သူငယ်ချင်းတွေပါကွာ၊ ရန်ဖြစ်ကြရမယ့် သူတွေ မဟုတ်ပါဘူး။ အေးရာအေးကြောင်းပဲနော်။ တို့လည်း ပြန်ပါ့မယ်လို့ အကျေအလည် တောင်းပန်ပြောဆိုပြီးမှ စိတ်ချလက်ချနဲ့ လှည့်အပြန်မှာမှ နောက်ကနေ အလစ်ပြေးရိုက်လို့ ခံလိုက်ရတာပါ။ ဒါပေမဲ့ ဒီကိစ္စကို အဖေတို့ ဝင်ပါစရာ မလိုပါဘူး၊ ကျွန်တော့်ဘာသာ ရှင်းပါ့မယ်'

'နေပါဦး၊ မင်းက ဘယ်လိုရှင်းဖို့တုံး'

'ကျွန်တော် နေပြန်ကောင်းလာတဲ့ အချိန်ကျမှ ယောကျ်ားလေးချင်း ကြောင်စိန်ခေါ်ပြီး တစ်ယောက်ချင်း ဖိုက်ကြရုံပေါ့ အဖေရ။ အဲဒီပွဲမှာ ညံ့တဲ့ကောင်ခံကြစတမ်းပေါ့။ အလစ်မှာ ပြေးရိုက်တယ်ဆိုတာက ယောကျ်ားအလုပ်မှ မဟုတ်တာ။ အင်း အခုပွဲမှာတော့ အယုံလွယ်လိုက်မိတာက ကျွန်တော် ညံ့လို့ပေါ့လေ'

'ဟာ မဟုတ်သေးပါဘူး သားကြီးရာ'

ကိုဘမြင့် လက်မခံနိုင်ပါဘူး။ သူတို့ လူငယ်စိတ်နဲ့ ဖြေရှင်းကြမယ်ဆိုရင် ပိုဆိုးမယ်၊ သံသရာ ရှည်မယ်လို့ တွက်ပါတယ်။ သားကြီးနဲ့ ဖြစ်တဲ့ကောင်လေးရဲ့ မိဘအသိုင်းအဝိုင်းကိုကြည့်တော့ ဌာနတစ်ခုက ဆရာကြီးတစ်ဦးဟာ ကောင်လေးရဲ့ဖခင် ဖြစ်နေတယ်။ အဲဒီဆရာကြီးနဲ့ အဖော်တစ်ယောက်တို့ ကိုဘမြင့်အိမ်ကို ရောက်ချလာကြပါတယ်။ ဖြစ်သမျှ လွန်သမျှကို တောင်းပန်ပါတယ်၊ ကျေအေးပေးပါပေါ့လေ။ ကိုဘမြင့်လည်း ရှေ့မျက်နှာ နောက်ထားပြီး ပြောရတယ်။

'ဆရာကြီး ကျွန်တော်ကတော့ ဥပဒေအတိုင်းပဲ သွားမှာပဲ။ လူငယ်တွေချင်းလည်း ထပ်မငြိစေရဘူး။ ရည်ရွယ်ချက်က ဒီလိုပြစ်မှုကျူးလွန်ရင် ဥပဒေက ဒီလို

www.burmeseclassic.com

ဒဏ်ခတ်တယ်ဆိုတာကို လူငယ်တွေ သိသွားစေချင်တာ၊ နောင်တရသွားကြပြီး ရှေ့ကို ဆင်ခြင်သွားကြစေချင်တာ။ ဆရာကြီးရဲ့သားကို ဘယ်သို့ဖြစ်စေ၊ ညာသို့ဖြစ်စေ စသဖြင့် အငြိုးအတေး အာဃာတဘာမှ မရှိဘူး၊ စိတ်ချ။ အရှိကို အရှိအတိုင်းပဲ ဥပဒေက ဆုံးဖြတ်လိမ့်မယ်'

ဒီလိုနဲ့ ကိုဘမြင့်က သူသိထားသမျှ လမ်းရိုးလမ်းမှန်ကြီးအတိုင်းပဲ သွားတယ်။ ရဲစခန်းစစ်ချက်၊ ဆေးရုံဆရာဝန်ရဲ့ ဆေးစာတွေယူတယ်။ ရုံးတော်ကိုတင်တယ်။ ဒီလိုနဲ့ အမှုတွဲက မြို့နယ်တရားရုံးကို ရောက်သွားတယ်။ ကိုဘမြင့်တို့နေတာက ကျေးရွာအုပ်စုဒိုင်နယ်အဆင့်ပဲရှိတာလေ။ တရားရုံးရှိတဲ့မြို့နယ်မြို့နဲ့ ၁၀ မိုင်လောက်ဝေးပါတယ်။ လူတစ်ယောက် အသွားအပြန် လိုင်းကားခတစ်ထောင်ကျပ်၊ လက်ဖက်ရည်ဆိုင်ကလေးဘာလေး ဝင်ထိုင်ပြီး စောင့်ရတာနဲ့ ဘာနဲ့ ထမင်းစရိတ်နဲ့ ပေါင်းလိုက်တော့ လူတစ်ကိုယ်နှစ်ထောင်ကျပ်တော့ အေးအေးကလေး ကုန်ကျပါတယ်။ သားကြီးကို ဆေးကုပေးရတဲ့ ဆေးဖိုးဝါးခ စရိတ်က သတ်သတ်ပေါ့လေ။

မကြာပါဘူး။ မြို့နယ်တရားရုံးက သားကြီးတို့အမှုကို ကြားနာစစ်ဆေးဖို့ အကြိမ်ကြိမ်ဆင့်ခေါ်တော့တာပါပဲ။ ကိုဘမြင့်တို့ဘက်က ရှေ့နေမငှားပေမဲ့ တစ်ဖက်ကတော့ ရှေ့နေငှားပါတယ်။ တစ်ပတ်ချိန်းလိုက်၊ ထသွားလိုက်ကြ၊ ပြန်လာလိုက်ကြ။ နောက်လည်း အလားတူ အကြိမ်ကြိမ် အလီလီ။ သားအဖနှစ်ယောက်တည်းတင် မဟုတ်ပါဘူး။ အခင်းဖြစ်ပွားစဉ်က မျက်မြင်ကိုယ်တွေ့ အလီဘိုင်သက်သေဖြစ်တဲ့ကလေးတွေကိုပါ ခေါ်ရ၊ ကျွေးမွေးစရိတ်၊ ခရီးစရိတ်အဝဝ အကုန်အကျခံရ၊ ရုံးစရိတ်ဆိုတာတွေပေးရနဲ့ ကိုဘမြင့်တို့ကုန်စုံဆိုင်ကလေး ပြုတ်တော့မယ်။ အရင်းထပ် မထည့်နိုင်ဘူး။ အမှုက မပြတ်နိုင်၊ မပြီးနိုင်နဲ့ အခန်းဆက်ဝတ္ထုရှည်ကြီးဖတ်နေရသလိုပဲ။

ဒီကြားကာလရှည်ကြီးထဲမှာ ကိုဘမြင့်တို့ နယ်မြေက ဆီးရွက်သာသာဒေသကလေးဆိုတော့ တစ်ဖက်အသိုင်းအဝိုင်းက တရားသူကြီးတို့၊ ရှေ့နေတို့ဆီကို အမှုအတွက် ငွေနဲ့ ဖိလိုက်နေတယ်ဆိုတဲ့ စကားသံတွေလည်း ကြားရပါရဲ့။ ဒါပေမဲ့ ကိုဘမြင့်ကတော့ ကိုယ့်ဘက်က အလွန်ခိုင်လုံတဲ့ မျက်မြင်သက်သေတွေ၊ ရဲစစ်ချက်နဲ့ ဆရာဝန်ရဲ့ ဆေးစာတွေ တင်ထား၊ ရှိထားတာပဲဆိုပြီး ရှေ့နေတောင် မငှားခဲ့ဘူး။ ရုံးတော်က တာဝန်ရှိသူတွေနဲ့ ပတ်သက်ပြီး တစ်ပြားတစ်ချပ်မှ မပေးခဲ့၊ မကမ်းခဲ့တာကို သစ္စာတောင်ဆိုပြလိုက်ချင်သေးရဲ့။ 'လာဘ်ပေးလာဘ်ယူ တို့ရန်သူ' လို့ ရုံးတကာမှာ ကိုဘမြင့် ဖတ်နေကျစာတန်းကြီးကို အားနာစရာ။ ပြည်သူ့မိတ်ဆွေမဖြစ်ချင်နေ၊ ပြည်သူ့ရန်သူတော့ အဖြစ်မခံချင်ဘူးလေ။ 'တို့ရန်သူ' စာရင်းဝင်လည်း မဖြစ်လိုဘူး။

ဒီလိုနဲ့ ကိုဘမြင့်တို့ မိသားစု အားကိုးအားထားပြုရာ အိမ်ဆိုင်ကလေးပြုတ်၊ အရင်က တည်ငြိမ်နေခဲ့တဲ့ ထမင်းအိုးကလေး ကွဲလုလုကာလတစ်ခုကို ရောက်ပါလေတော့မှ စီရင်ချက်ထွက်ပေါ်လာပြီး အမှုကိစ္စပြီးပြတ်သွားပါတော့တယ်။ ကိုဘမြင့်ကိုယ်တိုင်လည်း ကိုယ်ဖြူခါပြာခါကျပြီဆိုတော့မှ စီရင်ချက်ထွက်လာပုံကို ပါးစပ်ဟောင်းလောင်းနဲ့ နားထောင်လိုက်ရတယ်။

**တရားသူကြီး**။ ။ မောင်မင်း၊ မှားခဲ့တယ်ဆိုတာ ဝန်ခံသလား။

**တရားခံ**။ ။ ဝန်ခံပါတယ်ခင်ဗျာ။

**တရားသူကြီး**။ ။ မောင်ကြောင့် တစ်ပါးသူမှာ နာကျင်စေခဲ့တယ်ဆိုတာ မှန်သလား။

**တရားခံ**။ ။ မှန်ပါတယ်ခင်ဗျာ။

**တရားသူကြီး**။ ။ ဒီအတွက် ဥပဒေအရ အပြစ်ဒဏ်ခံရမှာကို မကြောက်ဘူးလား။

**တရားခံ**။ ။ ကြောက်ပါတယ်ခင်ဗျာ။

**တရားသူကြီး**။ ။ ကြောက်ရင် နောင်ကို ရှောင်ကြဉ်မလား။

**တရားခံ**။ ။ ရှောင်ကြဉ်ပါ့မယ်ခင်ဗျာ။

**တရားသူကြီး**။ ။ ကောင်းပြီ စီရင်ချက်။ ယခုအမှုတွင် တရားခံ မောင်… နှင့် တရားလို မောင်… တို့
သည် ယခင်ကတည်
သူငယ်ချင်းများဖြစ်ခဲ့
ခြင်း၊ လူငယ်တို့သ
အလျောက် ဒေါသကို
နိုင်ဘဲ တစ်ကြိမ်တစ်ခါ
မှားမိခဲ့ခြင်း၊ ကျောင်း
အရွယ် လူငယ်ဖြစ်
တရားခံ မောင်…သ
ယခင်က မည်သည့်ရာ
ပြစ်မှုမှ ကျူးလွန်ခဲ့
မရှိခဲ့ခြင်း စသည် စသ
ကြောင့် တရားခံ မော
မှ နာကျင်စေခဲ့သူ တ
မောင်…အား လျော်
အဖြစ် ဒဏ်ငွေတစ်
ကျပ်(၁၀၀၀/-) ပေး
ရန် အမိန့်ချမှတ်လိုက်သ

ကဲ အဲဒီတော့မှပဲ
တွေ သိန်းချီကုန်၊ အိမ်
ကလေးပါပြုတ်ခဲ့ရတဲ့
မြင့်ရဲ့သားအမှုက ကိ
ပေတော့တာ။ တရုတ်နိုင်
'ပေါင်ချိန်' လောက်
ပျင်းသေးတယ်။ ဒီမှာက
ထက်ပိုတဲ့ 'ဖြောင်လိမ်'
အလံထူလို့ ကောင်းနေ
ပါလားလို့ ကိုယ်တွေ့ကြ
ယုံလိုက်ရတဲ့အဖြစ်…။

❑

၄။

အမှုအခင်း ကိစ္စပြ
ပြတ်သွားခဲ့ပြီဆိုပေမဲ့ ကို
မြင့်ကတော့ သူ့ဝါသ
အတိုင်း စာတွေ ဆက်ဖတ်
ဆဲပါပဲ။ အဲလို အဖတ်ကော
လို့ တစ်ရက်သားမှာ
ရင်းနှီးတဲ့ မိတ်ဆွေတွေ
အတော်ခွကျသွားခဲ့ကြရ
ရဲ့။ ကိုဘမြင့်လုပ်ပုံကိုလ
ကြည့်ဦးလေ။ အဲဒီနေ့
က ၂၀၁၂ အောက်
၈ ရက်နေ့ထုတ် Messen
ဂျာနယ် (အတွဲ ၃၊ အမှတ်

www.burmeseclassic.com

www.burmeseclassic.com

၂၀ ဂျာနယ်)ကြီးကို ကိုင်တဲ့ပြီး အဲဒီထဲက စာတစ်ပုဒ်ကို လက်ဖက်ရည်ဆိုင်မှာ အော်ကြီးဟစ်ကျယ် ဖတ်ပြနေတော့တာ လေ။

'ခင်ဗျားတို့ နားထောင်ကြစမ်း၊ ဒီမှာ ဖော်ပြထားတာက အချပ်ပို 1-Local News စာမျက်နှာဆောင်းပါးရှင် ...မြင့်စံက အောက်တိုဘာ ... ၂၀၁၂ နေ့စွဲနဲ့ ရေးထားတယ်။ ဘာတဲ့ ခေါင်းစီးက 'မြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် မရှိသေးကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော' တဲ့ဗျ။ အောက်ကဖော်ပြချက်က 'မြန်မာနိုင်ငံတွင် လက်ရှိလွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် မရှိသေးကြောင်း အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်တွင် ပြုလုပ်ကျင်းပသည့် ...ဆုံပွဲ အခမ်းအနားတစ်ခုတွင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ကြောင်း A.P သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

'လွတ်လပ်ပြီးတော့ အမှီအခိုကင်းတဲ့ သန့်ရှင်းတဲ့ တရားစီရင်ရေးစနစ် မရှိသေးသ၍ ကျွန်မတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်နေပြီလို့ မဆိုနိုင်သေးပါဘူး' ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တရားဥပဒေစိုးမိုးရေးစနစ် ပြန်လည်ထူထောင်နိုင်မှသာလျှင် အောင်မြင်ပြီဟု ပြောနိုင်မည်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်' ဆိုပဲဗျ။ ဘယ့်နှယ်ရှိစ၊ ဘယ်လိုသဘောရကြတုံး၊ စတုတ္ထမဏ္ဍိုင်ထဲက စာပေသမားတွေကတော့ သစ္စာရှိရှိတာဝန်သိသိနဲ့ အမုန်းခံအဆဲခံပြီး ရေးပြနေကြတာပဲဗျ။ ဒါပေမဲ့ ကျွဲပါးစောင်းတီးဖြစ်နေလေတော့'

အဲဒီလို ဖတ်ဖတ်ပြပြီး တက်တခေါက်ခေါက်ဖြစ်နေတဲ့ ကိုဘမြင့်ကို အရပ်ကတော့ 'ငါတို့လူကြီး ဂေါက်သွားရှာပြီ' လို့ စိတ်မသက်မသာ ဖြစ်မိကြရတယ်။ ဘယ်သူတွေက ဘယ်လိုပဲ ဝေဖန်ဝေဖန်၊ ဂေါက်ရုံမကလို့ သွက်သွက်လည်သွားပြီ ပြောပြော ကိုဘမြင့်ကတော့ အရင်ကထက် မြိုးခြိမ့်ချော့တာ စားသောက်နေထိုင်ပြီး သူ့ကုန်စုံဆိုင်ကလေး ပြန်ထူထောင်နိုင်အောင် ကျားကုတ်ကျားခဲကြိုးစားနေတာပါပဲ။ သူ့မိတ်ဆွေတွေကိုလည်း အဲဒီအကြောင်းအရာကို စကားစပ်မိကြတိုင်း တဖွဖွ ဝန်ခံချက်ပေးနေလေတော့ရဲ့။ သူ့ဝန်ခံချက်နဲ့ ပတ်သက်လို့တော့ ဘယ်သူကမှ ဘယ်လိုဖြေသိမ့်ချက်မျိုးမှ ပြန်မပေးနိုင်ကြသေးတာ ဝမ်းနည်းစရာပါပဲ။ ကိုဘမြင့်ပေးတဲ့ ဖြောင့်ချက်က ရိုးလွန်း၊ ရှင်းလွန်း၊ ပွင့်လင်းမြင်သာ လွန်းလို့ကို ဖြေသိမ့်စရာ စကားလုံးရှာမတွေ့ကြတာလားလည်း မပြောတတ်ဘူး။ နှစ်သိမ့်ဖို့မပြောနဲ့ တို့လည်း သူလိုကြုံရရင် သူပြောသလိုပဲ ပြောမိကြမှာပဲလို့ တရားကျကြရဲ့။

'ငါမှားခဲ့တယ်ကွာ၊ စာအုပ်တွေ လျှောက်ဖတ်ပြီး ယုံစားမိခဲ့တယ်။ တရားဥပဒေရဲ့အထက်မှာ ငွေထုပ်ကြီးရယ်၊ အာဏာပိုင် ဆုံးဖြတ်ခွင့်ရှိသူ တရားသူကြီးအကျင့်ပျက်တချို့ရယ် အခုထိရှိနေတုန်း၊ ခွထိုင်နေတုန်းဆိုတာကို ကိုယ်တွေ့ကြုံမှ ယုံခဲ့ရတော့တာ။ အခုဆို ငါ့မှာ အသစ်ထပ်တိုးလာတဲ့ ဒုက္ခတစ်မျိုးကို ထပ်ရင်ဆိုင်နေရပြီ။ အဲဒါက ငါ့သားကို ငါက ပြန်ကင်းစောင့်သလို စောင့်ကြည့်နေရတဲ့ ဒုက္ခပေါ့။ ငါ့သားကပြောတယ်၊ အိုကေပဲ အဖေရေ၊ လူတစ်ယောက်ရဲ့ခေါင်းကို ၅ ချက်လောက် ချုပ်ရအောင် ရိုက်ခွဲနိုင်လို့ ဒဏ်ငွေတစ်ထောင်ပဲ ကျသင့်တယ်ဆိုရင် ကျွန်တော် ငွေနှစ်သောင်းလောက် ရှာဦးမယ်။ ဒီအမှုကို စီရင်ချက်ချခဲ့တဲ့ တရားသူကြီးရဲ့ခေါင်းကို ၁၀ ချက်၊ အဲဒီစီရင်ချက်အတွက် ပူးပေါင်းပါဝင်ခဲ့တဲ့ ရှေ့နေအကောင်ရဲ့ခေါင်းကို ၁၀ ချက်လောက် ရိုက်လိုက်ဦးမယ်။ ပြီးရင် သူတို့ဥပဒေအတိုင်း တစ်ချက်တစ်ထောင်နှုန်းနဲ့ ငွေ၂၀၀၀၀ ကျပ် ဒဏ်ကြေးဆောင်လိုက်ကြတာပေါ့တဲ့ကွာ။ ငါက 'ပေါ့စေလို့ ကြောင်ရုပ်ထိုးမိပါတယ်၊ ဆေးအတွက်နဲ့လေး' ဆိုသလို အဖြစ်ဆိုးနဲ့ ထပ်ကြုံနေရပြန်ပြီ။ ငါထိုးမိတဲ့ ကြောင်ရုပ်က ငါ့သားရဲ့ နုနုနယ်နယ် နှလုံးသားပေါ်မှာ ဖြစ်နေတယ်။ ရောဂါသက်သာစေချင်လို့ ဆေးတိုက်တာမှ အဲဒီဆေးရဲ့ ဘေးထွက်ဆိုးကျိုးကြောင့် နောက်ထပ်ရောဂါအသစ် ထပ်တိုးလာသလိုပဲ။ 'မတရားသဖြင့် အဆုံးအဖြတ်အစီအရင်တွေကို လုပ်ပိုင်ခွင့် အသုံးချပြီး ထင်သလို ချခင်းကျင်းပြနေတဲ့နောက် 'တရားဥပဒေ' လို့ ဘာလို့ပြောနေကြသေးသလဲ အဖေရာ' ဆိုတဲ့ ငါ့သားရဲ့မေးခွန်းကိုကျေလည်အောင် ဖြေပေးဖို့ အတော်ခေါင်းစားနေရတယ်။ ငါ့မှာ နေ့နေ့ညညပါပဲကွာ၊ ကိုယ့်သားကိုယ်ပဲ အရိပ်တကြည့်ကြည့်နဲ့ ပြန်ကင်းစောင့်နေရသပေါ့။ တစ်ချက်တစ်ထောင် နှုန်းကွဆိုပြီး နောက်တစ်မှုထပ်ဖြစ်နေမှာစိုးလို့' တဲ့။

ကိုဘမြင့်ရဲ့ ဝန်ခံချက်က ရယ်ရမလိုလို၊ ငိုရမလိုလိုကြီး။ ဒီတစ်ခါ နောက်တစ်မှုဖြစ်လာခဲ့ရင် သူ့သားကြီးက တရားခံဖြစ်ဖို့ သေချာသလိုဖြစ်နေတယ် မဟုတ်လား။ ဒါကြောင့် ကိုဘမြင့်ခမျာ သူ့သားကြီးသွားလေရာ တကောက်ကောက် လိုက်စောင့်ရှောက်နေလိုက်ရရှာသမှ ရေဒီယိုအဆိုတော် အေးအေးအောင်ဆိုခဲ့ပြီး ဆရာမောင်တည်ငြိမ် ရေးခဲ့ဖူးတဲ့ နာမည်ကျော် သီချင်းတစ်ပုဒ်သာ အပြေးသတိရဖို့ ရှိတော့တယ်။ အဲဒီ သီချင်းရဲ့ခေါင်းစဉ်နာမည်က *အရိပ်ပမာမခွဲခွာ* တဲ့လေ။ ကိုဘမြင့်တို့သားအဖ လက်ရှိဖြစ်နေရပုံနဲ့ ဖြင့် အပိုအလိုမရှိ၊ တကယ့်ကို ကွက်တိ။ ■

**နန္ဒာစိုး၊ဆင်ဖြူကျွန်း**

www.burmeseclassic.com


ကျော် မဟာဗွိုတိုင်းရင်းဆေး ... ... သားအိမ်၊ ဆီးချိတ်၊
အကျိတ်အဖုများအတွက် နာစည်ကျော် တပင်တိုင်မြနန်းအနီ၊ နေ့ဆေး ညဆေး
တွဲနှင့် ထူးထူးခြားခြား ဆေးစွမ်းကောင်းများ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၀၁၁ YR-၃၇၀၉

မဟာဗွိုဆေး

## ဆရာကျော် ဆေးသုံးမျိုးတွဲ ကြိုတင်ကာကွယ် သောက်သုံးပါ။



ယံမကုပ်နိုင်အောင် နာကျင်ကိုက်ခဲ ရောင်ရမ်းနာမှုများ ...
ကိုယ်ပေါင်း လေဖြတ် လေငန်း ကိုယ်တစ်ခြမ်းသေခြင်းနှင့်
ခေါင်းကိုက်ခေါက်ကြောတက်ခြင်းများ ဖြစ်နေလျှင်

မဟာဗွိုဆေး ဒူးဆေး ၊ လိမ်းဆေး
အထူးထုတ်
ဆေးအနည်းငယ်သုံးရုံဖြင့် ...
...

...တို့ရေ ... ဘိုးဘိုး''
...ပါလား၊ မတွေ့တာတောင်ကြာပြီနော်''
...ဆို သမီးရဲ့ဖေဖေမှာ အဖုအကျိတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့
... စိတ်တွေပူနေကြတယ်''
...အကျိတ်တွေထွက်တိုင်း စိတ်မပူပါနဲ့ကွယ်၊ အဖုအကျိတ် မြစ်
...ဆေး မဟာဗွိုဆေးတိုက်မှာရှိတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ့

...ည်း ဖေဖေ့ကိုခေါ်ပြီး မဟာဗွိုဆေးတိုက်သို့သွားရာ ထိုဆေး
...ဆရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ဌေးကြည်တို့ကို တွေ့
... ဆရာကြီး ဆရာကျော်သည် ဖေဖေ့ကို သေချာစွာကြည့်ရှုပြီး
...များပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ ''ဒီဆေးက
...အကျိတ် မြစ်ပွားနာ၊ သားအိမ်အလုံး ရင်သားအကျိတ်အနာစို
...တက်ခြံကြီးများ၊ ကိုယ်တွင်းနာများကို အနိုင်ဆုံးဖြစ်တဲ့ တပင်
... ဆေးပင်ဆေးဥ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ်
...ပင်တိုင်မြနန်းဆေးပင်ဟာ အဖြူ၊ အနီနှစ်မျိုးရှိတဲ့အနက် အနီ
...မှ ဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကိုပင်
...ကြောင်း ကျန်းမာရေးဌာနကထုတ်တဲ့ ''လက်တွေ့အသုံးချ
...အပင်များ''မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကျိတ်အနာ
...လိမ်းပေးရုံနဲ့ ပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖု၊
...များနာ ဝေဒနာရှင်တွေဟာ တပင်တိုင်မြနန်းအနီဆေးနဲ့အတူ
... ဆေးတိုက်ကထုတ်လုပ်တဲ့ ရုပ်လုသွေးသန့်ဆေးအေး၊ ဝမ်းပျော့
... လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင်
...တွင်း ထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း
...သိမှာမယ်''
...ကဲ့ ဘာကြောင့်ထိရောက်သလဲဆိုတာ ရှင်းပြပေးပါဆရာကြီး

...တိုင်မြနန်းက အဖုအကျိတ်အနာကို ချေဖျက်ပေးတယ်၊ အနီး
...ပေးတယ်။ ရုပ်လုသွေးသန့်ဆေးအေးက သွေးသားကို သန့်စင်
...ကိုယ်အပူအအေးကို ထိန်းညှိပေးတယ်။ ဝမ်းပျော့အကြောပြေ
... (မလ)အညစ်အကြေးတွေဖြစ်တဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ်၊
...ကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။
...ကို အဖုအကျိတ် မြစ်ပွားနာ မဖြစ်ရလေအောင် ကာကွယ်ဆေး
...ည်နပျိုဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် မှီဝဲသုံးဆောင်ပေးနိုင်ရန်
...သုံးပါပဲ။ မြစ်ပွားနာအဖုအကျိတ်အပြင် နှလုံးလေဖက်နာရောဂါ၊
...ရာဂါ၊ နှလုံးရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊ လိပ်ခေါင်း၊ အသည်း
ရောဂါ၊ ဆီးချိုရောဂါ အမျိုးမျိုးကိုလည်း ကုသပေးနေပါတယ်။

''မဟာဗွိုဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်''

''ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်မြနန်း အနီစစ်စစ် ဆေးပြား၊ လတ်ဆတ်တဲ့ ဆေးနီဥစစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှပနုပျိုစေတဲ့ သီရိဝပုနရုပ်လု သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျော့အကြောပြေ အဆီကျပြီး လေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျော့အကြောပြေလေဆေး၊ အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရှုဆေး (Roll On) သွေးတိုးကိုသာ ကျစေပြီး သွေးပေါင်ထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ ဝမ်းလျှောဝမ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး နှလုံးအားတိုးဆေး၊ မျက်စိကြည်ဆေး၊ ရှားပါးသစ်ခေါင်းမှုန်ရည်၊ ရှိမပျားရည်၊ ရခိုင်ပန်းမြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါတယ်။

''သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး''

ပင်ရင်းဆိုင်ကတော့ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း၊ ရန်ရှင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟာဗွိုဆေးတိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးဖြန့်ချိရေး ဦးမြင့်ဆွေနှင့်သားများ၊ သိမ်ကြီးဈေး၊ City Mart ရန်ကုန်-မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန်မြန်မာ ဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင် ၂၄ လမ်း၊ သိမ်ကြီးဈေး၊ ကိုဝင်းမြင့်+မဘောဘီ ၁၅ လမ်း၊ ရွှေညာသားဆေးဆိုင်တို့မှ အဓိကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်မြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင်၊ ကိုလှစိုးဆေးဆိုင်၊ စိန်စိန်မြန်မာ ၁၃ လမ်း၊စေတနာဆေးဆိုင်၊ စူပါဝမ်းကုန်တိုက်၊ စိန်ဂေ ဟာရှုပါစင်တာ၊ ဗစ်တိုးရီးယားကုန်တိုက်၊ ရွှေဘုံသာလမ်း ကိုမောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ(ဦးလှမြင့်)၊ ရွှေမိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည်စတိုး၊ အောင်ရတနာဆေးဆိုင်၊ ဈေးချိုမှာရှိတဲ့ ပင်မ ဆေးဆိုင်၊ မတူးမရူးဆေးဆိုင်၊ ပြင်ဦးလွင်နာရီစင်အနီး အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကေရာဇ်၊ မြစ်ကြီးနားမှာ တစ်ဦးတည်ကိုယ်စားလှယ် ဆရာရန်နိုင်ဘုန်းမြင့်ဆေးကုခန်း၊ မော်လမြိုင် ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘဌေး၊ ဖိုးခွားလေးဆေးဆိုင်၊ ပုသိမ်မှာ ရွှေစွန်ညို၊ ရွှေစီးကွက်၊ အေး ချမ်းဆေးဆိုင်၊ လောကနတ်ဆေးဆိုင်တို့ ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရင်တော့ ဖုန်း-၅၅၇၁၃၇ ကို ဆက်သွယ်ပါ။ မေတ္တာဖြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။

ဆရာကျော် မဟာဗွိုတိုင်းရင်းဆေးထုတ်လုပ်ရေး ၂၀၁/၃၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊
ဖုန်း ၀၁-


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ခွာင်ကြွပွဲဟာ
ရိုးရာ
လက်ထပ်ပွဲလည်း
မဟုတ်ဘူး
လက်ထပ်ပွဲက
သတ်သတ်
ခွာင်ကြွပွဲက
သတ်သတ်

# ခွာင်ကြွပွဲ

ဧကာ၊ မောင်တန်းပြား၊

ဒီနှစ်ခါးရွာမှာတော့
နုလျှံက
အချောဆုံး အလှဆုံး။
ရွာရဲ့နတ်မိမယ်ကလေး။
ပတ်ဝန်းကျင်ရွာနီးချုပ်စပ်က
ကာလသားလေးတွေကပါ
နုလျှံရဲ့အချစ်ကိုရဖို့
သွေ့ထက်ငါ
ကြိုးစားနေရတယ်လေ။
ဒီတော့ တစ်ရွာတည်းသား
ပူရမ်းအဖို့ အူတိုစရာကြီး
မဟုတ်လား။ ဒါကြောင့်
နုလျှံအနားက
မခွဲရက် မခွာရက်
တပူးပူး တကပ်ကပ်နဲ့
တောက်တဲ့လုပ်နေရတာပေါ့။
ပူရမ်းက ရုပ်ဖြောင့်တယ်၊
ယောကျ်ားလည်း
ပီသတယ်။ တစ်သက်လုံး
အားကိုးလို့ရတယ်။
တစ်သက်လုံး
အားကိုးရုံနဲ့တော့ နုလျှံ
ခေါင်းမညိတ်ရဲဘူးလေ။
ဘာဖြစ်လို့လဲဆိုတော့
ပူရမ်းက ရွာမှာ
အဆင်းရဲဆုံးစာရင်းထဲ
ပါတယ်။ ဒီဆင်းရဲတာ
တစ်ခုလေးအတွက်နဲ့
နုလျှံတစ်ယောက်
ခေါင်းညိတ်ဖို့
တော်တော်လေး
ဝန်လေးနေရရှာတယ်။
နူနူး မှာတာလည်း
နားထဲမှာ သံမှိုစွဲသလို
စွဲနေတုန်း မဟုတ်လား။
နူနူးက 'ငါက ညည်းကို
ချောချောလှလှလေး
မွေးထားတာ၊ ဒီတော့
ခွာင်ကြွပွဲ မလုပ်ပေးနိုင်တဲ့
သတို့သားကို
စိတ်ကူးထဲတောင် မထည့်နဲ့။
ငါ့တုန်းကလည်း
ညည်းပါးပါးက
ခွာင်ကြွပွဲ အကြီးအကျယ်
လုပ်ပေးခဲ့တာပဲ' တဲ့။
ပူရမ်းက ဆင်းရဲတော့
နူနူးပူမယ်ဆိုလည်း
ပူစရာ မဟုတ်လား။
ကြာလာတော့လည်း နုလျှံက
ပူရမ်းကို သနားလည်းသနား၊
အားလည်းနာတယ်။
'ပူရမ်း နင့်ကို ခင်ပွန်းကောင်း
တစ်ယောက်အနေနဲ့ ငါ
ဘာမှငြင်းပယ်စရာ မရှိပါဘူး။
ဒါပေမဲ့ ဒီရွာမှာ ငါ အလှဆုံးဆိုတာ
နင်သိတယ်နော်'
'သိတာပေါ့ နုလျှံရယ်၊ ရွာမှာ
နင်က အလှဆုံးမို့ ငါက နင့်ကို





www.burmeseclassic.com

www.burmeseclassic.com

ချစ်ခွင့်ပန်နေရတာပေါ့'

'ဒါဆိုရင် နင်ငါ့ကို ခွာင်ကြွဲပွဲ လုပ်ပေးနိုင်မလား'

ဒီအမေးကိုတော့ ပူရမ်းတစ်ယောက် ချက်ချင်းအဖြေမပေးနိုင်ဘူး။ မျက်နှာပျက်မသွားပေမဲ့ ခပ်တွေတွေကြီးတော့ ဖြစ်သွားတယ်။

'ငါ့အခြေအနေနဲ့ ဘယ်လိုလုပ်ပြီး ခွာင်ကြွဲပွဲ လုပ်ပေးနိုင်မှာလဲ နလျှံရယ်။ နင့်ကို ခွာင်ကြွဲပွဲ မလုပ်ပေးနိုင်ပေမဲ့ တစ်သက်လုံး မပူရ မပင်ရအောင်တော့ ငါလုပ်ကျွေးနိုင်ပါတယ်ဟာ'

'ငါ့ကို တစ်သက်လုံး မပူရ မပင်ရအောင် လုပ်ကျွေးနိုင်မှန်းတော့ ငါယုံပါတယ်။ ဒါပေမဲ့ ခွာင်ကြွဲပွဲက ငါတို့လိုအလှရှင် မိန်းကလေးတွေရဲ့ အမြင့်မြတ်ဆုံး ဂုဏ်ကြီးတစ်ခုမဟုတ်လား'

တောင်ယာတဲလေးက တဒင်္ဂကတော့ တိတ်ဆိတ်သွားတယ်။ အဝေးက တောင်တန်းပြာတွေကို မျှော်ကြည့်ရင်း ဆွေးရိပ်သန်းနေတဲ့ ပူရမ်းမျက်နှာကိုကြည့်ပြီး နလျှံ ရင်ထဲ မချိဘူး။

'ငါ့ကို ခွင့်လွှတ်ပါ ပူရမ်းရယ်၊ နင့်ကို ငါ လက်မထပ်နိုင်ပေမဲ့ နင့်အပေါ် တွယ်တာမိခဲ့တဲ့ သံယောဇဉ်တော့ မပျက်ပါဘူးဟာ'

ပူရမ်းတစ်ယောက် အသည်းဟက်တက်ကွဲရုံက လွဲပြီး ဘာတတ်နိုင်မှာလဲ။ သူမှ ခွာင်ကြွဲပွဲ မလုပ်ပေးနိုင်တဲ့ဥစ္စာ။ ခွာင်ကြွဲပွဲဆိုတာ ချင်းပြည်နယ်မြောက်ပိုင်းက ဟားခါးမြို့နယ်နဲ့ ထန်တလန်မြို့နယ်တွေက လိုင်မီး ချင်းမျိုးနွယ်တွေပြုလုပ်တဲ့ ရိုးရာ

> ပူရမ်းက ရုပ်ဖြောင့်တယ် ယောကျာ်းလည်း ပီသတယ် တစ်သက်လုံး အားကိုးလို့ ရတယ် တစ်သက်လုံး အားကိုးရုံနဲ့တော့ နလျှံ ခေါင်းမညိတ်ရဲဘူးလေ ဘာဖြစ်လို့လဲ ဆိုတော့ ပူရမ်းက ရွာမှာ အဆင်းရဲဆုံး စာရင်းထဲ ပါတယ်

ပွဲတော်တစ်မျိုးလေ။ ခွာင်ကြွဲပွဲဟာ ရိုးရာလက်ထပ်ပွဲလည်း မဟုတ်ဘူး။ လက်ထပ်ပွဲက သတ်သတ်။ ခွာင်ကြွဲပွဲက သတ်သတ်။ တကယ်တော့ ခွာင်ကြွဲပွဲဆိုတာ အမျိုးသားနဲ့ အမျိုးသမီး အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းပြီးနောက် ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူကို ဂုဏ်ပြုချီးမြှောက်တဲ့ ရိုးရာပွဲတော်ကြီးဖြစ်တယ်။ အထူးသဖြင့် လှပချောမောတဲ့ ဇနီးကို ရရှိတဲ့အတွက် အဲဒီဇနီးချောကို ဂုဏ်ပြုတဲ့ပွဲဖြစ်တယ်။ အလှပိုင်ရှင်မိန်းကလေးတွေ သေတဲ့အထိ ဂုဏ်ယူရတဲ့ ပွဲဆိုလည်း မမှားဘူး။

❑

အခါတစ်ပါးတုန်းက ဆင်ထန်ဒေသ ဖိုင်းဇောင်းရွာကို အပိုင်စားရတဲ့ စော်ဘွားလေး ဦးမာန်ဆွီးဟာ အဲဒီရွာအနီး ဖြတ်သန်းစီးဆင်းနေတဲ့ ဘွိုင်နူးမြစ်ထဲ မိမိရဲ့ ဇနီးချောလေးကို သစ်တုံးကြီး တစ်တုံး ပေါ်တင်ပြီး နိမ့်တုံ မြင့်တုံ ရေကစားပေးတယ်လို့ အိပ်မက်မက်တယ်တဲ့။ အဲဒီတော့ စော်ဘွားလေး ဦးမာန်ဆွီးဟာ အိပ်မက်ထဲကလို မိမိရဲ့ ဇနီးချောဖြစ်သူကို ဂုဏ်ပြုချင်စိတ်ပေါ်လာရာက စတင်ပြုလုပ်ခဲ့တဲ့ ပွဲတော်ဖြစ်ပြီး အခုတော့ တစ်နယ်လုံး ပျံ့နှံ့သွားတယ်လို့ ရှေးလူကြီးတွေက ပြောကြတယ်။

လိုင်မီးချင်း ဘာသာစကားနဲ့ 'ခွာင်'ဆိုတာ 'ဝေါစင်'တစ်မျိုးကို ဆိုလိုတာဖြစ်ပြီး၊ 'ကြွဲ'ဆိုတာက 'ချီမခြင်း'လို့ အဓိပ္ပာယ်ထွက်တယ်။ ဒီတော့ 'ခွာင်ကြွဲပွဲ'က 'ဝေါစင်နှင့်ချီမပွဲ'လို့ အနက်ထွက်မယ်ထင်ပါတယ်။

ခွာင်ခေါ် ဝေါစင်တစ်မျိုးကိုတော့ ဆယ်တောင်အရှည်ရှိတဲ့ လုံးပတ်တူ ဝါးပိုးကြီးလေးလုံးကို တြိဂံပုံသဏ္ဌာန် အထက်စု အောက်ကား အနေအထား ပြုလုပ်ပေးရတယ်။ ပြီးတော့ ငါးတောင် အမြင့်လောက်မှာ ဂုဏ်ပြုခံဇနီး ဗိုလ်ရှုခံဖို့ စင်ကလေးတစ်ခုလုပ်ပေးရတယ်။ အဲဒီစင်ရဲ့ ပတ်ပတ်လည်နဲ့ အပေါ်ထိပ်ဆုံးနေရာမှာ ဘော်ကြယ်ထိုးပိုးထည်တွေ၊ ရောင်စုံပန်းဖွားတွေ၊ ရောင်စုံ[...] တွန့်တွေနဲ့ လှပအောင် [...] ဆာဆင်ပေးရတယ်။

ဂုဏ်ပြုခံ ဇနီးဖြစ်သူ[...] လည်း သစ်လွင်လှပ[...] ရိုးရာဝတ်စုံတွေ ဝတ်ဆင်[...] တယ်။ ငှက်မျိုးစုံတို့ရဲ့ [...] တွေနဲ့ အလှဆင်ထားတဲ့ [...] ရစ်သရဖူကို ဆောင်းရတယ်[...] လည်ပင်းမှာ ရောင်စုံပုတီး[...] ဆွဲကြိုးတွေ ညွှတ်နေအောင် ဆွဲရတယ်။ ပြီးတော့ [...] လက်ဝတ်လက်စားတွေ [...] ဆင်ပြီး အလှပဆုံးဖြစ်အောင် ပြင်ဆင်ထားရတယ်။

ခွာင်ကြွဲပွဲကို ရိုးရာ[...] ကိုးကွယ်မှုအစဉ်အလာအ[...] ၇ ရက်တိတိကျင်းပရတယ်[...] ပထမနေ့က ပွဲတော်အကြို[...] အဲဒီနေ့မှာ တစ်ရွာလုံးက [...] လူပျိုတွေ ပွဲတော်အိမ်မှာ[...] စုစည်းကြပြီး ခေါင်ရည်[...] ရင်း ရိုးရာသီချင်းတွေဆို[...] ညဥ့်နက်သန်းခေါင်အထိ [...] ခုန်ကြတယ်။

ဒုတိယနေ့က 'ကြ[...] သားစားနေ့'ဖြစ်တယ်[...] ကြက်အကောင် ၅၀ လော[...] ကို သတ်ဖြတ်နတ်ပူဇော်[...] ဆွေမျိုးသားချင်းအားလုံး[...] ကျွေးမွေးရတယ်။ အဲဒီနေ့[...] ခမည်းခမက် နှစ်ဖက်စလုံး[...] ကြေးမောင်း၊ ကြေး[...] ကြေးဖလားနဲ့ ရိုးရာအသ[...] အစားများ အပြန်အလှန် [...] ကမ်းကြရတယ်။

တတိယနေ့က 'န[...] တိုင်ထူသောနေ့'ဖြစ်တယ်[...] သတ်ဖြတ်ပြီး နတ်ပူဇော်[...] တဲ့ တိရစ္ဆာန်တွေရဲ့ ဦးခေါ[...] ခွံတွေ ချိတ်ဆွဲဖို့ အချော[...] ထားတဲ့ သစ်လုံးတွေ[...] ခင်းရဲ့ထိပ်မှာ အခိုင်အမြ[...]



www.burmeseclassic.com

www.burmeseclassic.com

အကာအခုန်တွေနဲ့ စိုက်ထူကြရတယ်။

စတုတ္ထနေ့က 'နွားနောက်သားစားနေ့'ဖြစ်တယ်။ ပွဲလုပ်သူ တတ်နိုင်တဲ့ ရှိသမျှ နွားနောက်အကောင်ရေ အားလုံးကို သတ်ဖြတ်ပြီး နတ်ပူဇော်ရတယ်။ ပြီးရင် ပွဲတော်လာ ဧည့်ပရိသတ်အပေါင်းကို ခေါင်ရည်၊ နွားနောက်သားဟင်းတွေနဲ့ တစ်နေ့လုံး ဧည့်ခံကျွေးမွေးရတယ်။ အဲဒီနေ့မှာ ခွာင်ကို ပြုလုပ်ကြရတယ်။ ညရောက်တော့ မီးပုံပွဲလုပ်ပြီး ခေါင်ရည်စုပ်ရင်း စုပေါင်းအကနဲ့ ကခုန်ကြရတယ်။

ပဥ္စမနေ့က 'ခွာင်ချိမသောနေ့'ဖြစ်တယ်။ အဲ့ဒီနေ့ဟာ ပွဲတော်ရဲ့ အရေးကြီးဆုံးနဲ့ အကြီးအကျယ်ဆုံးနေ့ဖြစ်တယ်။ ပွဲတော်လာ အပျိုလူပျိုအားလုံးက ခွာင်ကြွဲသီချင်းကို အတိုင်အဖောက်၊ အချီအချ၊ စည်းချက်ညီညီ သီဆိုကကြရင်း ဂုဏ်ပြုခံဖနီးတင်ထားတဲ့ ခွာင်ကို ဝိုင်းဝန်းမချီလို့ ဂုဏ်ပြုကြရတယ်။ ခွာင်ချိမပွဲပြီးတာနဲ့ ကာလသားတွေဟာ တစ်ရွာနဲ့တစ်ရွာ နပန်းလုံးပွဲ ဆက်ကျင်းပရတယ်။

ဆဋ္ဌမနေ့က 'ယစ်ကောင်ဦးခွံတွေကို ရွှေ့ပြောင်းသောနေ့'ဖြစ်တယ်။ ပွဲခင်းထိပ်နတ်တိုင်တွေမှာ ချိတ်ဆွဲထားတဲ့ နွားနောက်၊ ဆိတ်၊ ဝက် စတဲ့ ယစ်ကောင်တွေရဲ့ ဦးခေါင်းခွံတွေကို ပွဲလုပ်သူရဲ့ အိမ်ရှေ့ခါးပန်းတွေမှာ ပြောင်းရွှေ့ပြီး စီစီရီရီ ချိတ်ပေးရတယ်။ အဲဒီနေ့မှာ ကခုန်ပွဲ မရှိတော့ဘူး။ ခေါင်ရည်စုပ်ရင်း အပြန်အလှန် ကဗျာ၊ လင်္ကာရွတ်ဆိုကြရတယ်။ ရပ်ဝေးကလာတဲ့ ဧည့်သည်တွေဟာ ပွဲလုပ်သူ ဝေငှပေးလိုက်တဲ့ အသားထုပ်ကလေးတွေကို သယ်ဆောင်ပြီး ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ကြရတယ်။

သတ္တမနေ့ကတော့ ပွဲတော်ကြီးရဲ့ နောက်ဆုံးနေ့ 'အပျော်ငါးဖမ်းသောနေ့'ဖြစ်တယ်။ တစ်ရွာလုံးရှိသမျှ အပျို၊ လူပျိုတွေ စုဝေးကြပြီး အတီးအမှုတ် အကာအခုန်တွေနဲ့ မြစ်ချောင်းတွေထဲ စုပေါင်းငါးဖမ်းကြရတယ်။ ရလာတဲ့ ငါးတွေကို ပွဲလုပ်သူထံ လက်ဆောင်ပေးအပ်ပြီး နှုတ်ဆက်ကြရတယ်။ အဲဒီည ပွဲလုပ်သူက ပြန်လည်တည်ခင်းတဲ့ ခေါင်ရည်တွေစုပ်ရင်း အပျိုလူပျိုတွေဟာ တစ်ဦးချင်းအက၊ အတွဲလိုက်အက၊ စုပေါင်းအကတွေနဲ့ တစ်ညလုံး သီဆိုကခုန်ကြပြီး ခွာင်ကြွဲပွဲကို အဆုံးသတ်ကြရတယ်။

အဲဒီခွာင်ကြွဲပွဲတော်ကြီးကာလအတွင်း ဂုဏ်ပြုခံအမျိုးအမျိုးသမီးက နတ်ပူဇော်ချက်ပြုတ်ထားတဲ့ ထမင်းနဲ့ အသားဟင်းတွေကို မစားရဘူး။ အထူးစီမံချက်ပြုတ်ထားတဲ့ အသက်သတ်လွတ် ထမင်းဟင်းတွေကိုပဲ စားရတယ်။

ခွာင်ကြွဲပွဲတစ်ပွဲ လုပ်မယ်ဆိုရင် ဆန်က တင်း ၁၀၀၊ ခေါင်အိုးက အလုံး ၂၀၀၊ ကြက်က အကောင် ၂၀၀၊ ဝက် ဒါမှမဟုတ် ဆိတ်က အကောင် ၁၀၀၊ နွားနောက်က အကောင် ၃၀ ကနေ ၅၀ အထိ ချမ်းသာမှ ပွဲခင်းလို့ရတယ်။ ဒါကြောင့် ခွာင်ကြွဲပွဲ လုပ်မယ့်သူဟာ လေးငါး ဆယ်နှစ်ကြာမျှ စုဆောင်းပြီးမှ ပွဲကျင်းပလို့ရတယ်။ ဒါပေမဲ့ ရုပ်မလှတဲ့ မိန်းကလေးတွေကို လက်ထပ်တဲ့ ယောကျ်ားသားတွေအဖို့တော့ ခွာင်ကြွဲပွဲ လုပ်ပေးစရာမလိုဘူး။ ဒါကြောင့် ခွာင်ကြွဲပွဲ မလုပ်နိုင်တဲ့ ကာလသားတွေဆိုရင် ရုပ်ချောတဲ့ မိန်းကလေးတွေကို မချစ်မိအောင် ရှောင်ကြတယ်။

❑

ဒီနေ့ဟာ လုံပီးရွာသား ထန်ဇောင်ဗီး သူ့ဇနီးချောလေး နုလျှံကို ခွာင်ကြွဲပွဲ လုပ်ပေးတဲ့ ပဥ္စမနေ့ရဲ့ 'ခွာင်ချိမသောနေ့'ဖြစ်တယ်။ ထန်ဇောင်ဗီးက ချမ်းသာတော့ ဇနီးချောလေးရဲ့ ခွာင်ကြွဲပွဲမှာ နွားနောက် အကောင် ၁၀၀ တိတိ သတ်ဖြတ်ပြီး ပွဲလုပ်တယ်။ ကြီးကျယ်သလား မမေးနဲ့လို့ ပြောယူရတဲ့ ပွဲတော်ကြီး။ ရာဇဝင်မှာ စံတင်ရမယ့် ခွာင်ကြွဲပွဲဆိုလည်း မမှားဘူးပေါ့။ ရွာပေါင်း ၁၀ ရွာလောက်ဟာ ၇ ရက်တိတိ မီးခိုးတိတ်တယ်။

ပွဲခင်းထဲမှာတော့ လူပင်လယ်ကြီးဟာ ပျားလပို့ကို ပျားကြီးတွေ အုံခဲနေသလို အုံခဲနေကြပြီ။ ပွဲခင်းရဲ့ အလယ်မှာတော့ ခွာင်ကြွဲမင်းသမီး နုလျှံကိုတင်ထားတဲ့ ခွာင်ကို အပျိုလူပျိုတွေက လက်ချင်းချိတ်၊ ခွာင်ကြွဲသီချင်း သီဆိုရင်း ဝိုင်းပတ်ပြီး ကကြတယ်။ ကျန်တဲ့ အပျိုလူပျိုတွေက ခွာင်ကို ဝိုင်းမပြီး မြှောက်ချီကြတယ်။ ရွှေရောင် ငွေရောင်တွေက နေရောင်မှာ တဖိတ်ဖိတ်၊ ရောင်စုံပန်းပွားတွေက တဖွားဖွားနဲ့ လှပနေတဲ့ ခွာင်ဟာ လေထဲမှာ ယိမ်းထိုးမြောက်ကြွနေတော့ ကြည့်ရသူအဖို့ ရင်ခုန်ကြည်နူးစရာပါ။

ခွာင်ပေါ်မှာ နတ်မိမယ်လေးတမျှ လှပနေတဲ့ နုလျှံကလည်း ခွာင်တစ်ခါမြှောက်တင်လိုက်တိုင်း ငွေဖလားထဲက အကြွေစေ့တွေကို ကလေးတွေဘက် ပက်ကြဲပေးတယ်။ ရိုးရာအတိုင်း ခွာင်ကို ၁၃ ခါတိတိ မြှောက်ချီရမှာဖြစ်တယ်။ နောက်ဆုံး အကြိမ်ဖြစ်တဲ့ ၁၃ ခါမြှောက် မှာတော့ နုလျှံက တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေတဲ့ ကြက်ဖလေးတစ်ကောင်ကို လူကြီးတွေဘက် စွန့်ကြဲပေးရတယ်။ အဲဒီ ကြက်ဖြူလေးရရှိတဲ့ လူကြီးကို မဟာကံထူးရှင်အဖြစ် ရွာသားတွေက ဂုဏ်ပြုပေးရတယ်လေ။

ခွာင်ချိမသောနေ့မို့ ပွဲခင်းတစ်ခုလုံးဟာ အကာအခုန် အတီးအမှုတ်တွေနဲ့ မြိုင်ဆိုင်လို့နေတယ်။ သျှောင်ထုံးမှာ အောက်ချင်းငှက်တောင်ထိုးလို့ ရိုးရာစစ်ထွက် တန်ဆာပလာတွေ ဆင်မြန်းထားတဲ့ ထန်ဇောင်ဗီးဟာ လေးနှင့်မြားကိုင်ထားရင်း ခွာင်ပေါ်က ဇနီးချောလေး နုလျှံနဲ့ မျက်နှာချင်းဆိုင် အနေအထားမှာ နေရာယူရတယ်။ သျှောင်ထုံးမှာ အောက်ချင်းငှက်တောင်ထိုးတာကတော့ ဇနီးအပေါ် ရာသက်ပန် သစ္စာစောင့်သိမယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ခွာင်ကို တစ်ခါမြှောက်ချီလိုက်တိုင်း ထန်ဇောင်ဗီးက ပန်းဖွားတပ်ထားတဲ့ မြားတ

www.burmeseclassic.com

ချောင်းကို ကောင်းကင်ဆီ လွှတ်ပစ်ရတယ်။ အဓိပ္ပာယ်ကတော့ မိမိဇနီးချောလေးကို နတ်ဆိုးတွေ မနှောင့်ယှက်အောင် ကာကွယ်တဲ့သဘောလေ။

ခွာင်မြှောက်ချီပွဲ ပြီးခါနီးလေ ပွဲကလည်း တအုန်းအုန်းနဲ့ ပိုပြီး မြိုင်ဆိုင်လာတယ်။ ဒီလိုနဲ့ ၁၃ ချီမြှောက်မှာတော့ လူအုပ်ကြီးဟာ ဝေးခနဲ အော်ဟစ်ကြပြီး ခွာင်ကိုလည်း အားပါးတရ မြှောက်ချီလိုက်ကြတယ်။ အောက်က လူကြီးတွေကလည်း နုလျှံစွန့်ကြဲလာမယ့် ကြက်ဖြူလေးကို လုကောက်ဖို့ တိုးဝှေ့နေကြတယ်။ ထန်ဇောင်ဗီးကလည်း နောက်ဆုံးမြားမို့ အားကုန်ဆွဲပြီး ကောင်းကင်ဆီ ပစ်လွှတ်လိုက်တယ်။ ခွာင်ပြန်အကျမှာတော့ အောက်က လူတွေ မျှော်လင့်နေတဲ့ ကြက်ဖြူလေးတစ်ကောင် ကျမလာဘဲ နုလျှံသာ ရင်ဘတ်မှာ မြားတန်းလန်းနဲ့ ကခုန်နေတဲ့ လူအုပ်ကြီးထဲ ကျွမ်းပြန်ကျလာတော့တယ်။

'ဟာ'

'ဟင်'

'အမယ်လေး'

အခုဆို ခုနလေးမှ တအုန်းအုန်းနဲ့ ဆူညံနေခဲ့တဲ့ ပွဲခင်းကြီးတစ်ခုလုံးဟာ အာမေဋိတ်သံတွေနဲ့ လန့်ဖျပ်အော်သံတွေက ရုတ်တရက် လွှမ်းမိုးသွားတော့တယ်။ ကြောင်ကြည့်ရာကနေ သတိပြန်ဝင်လာတဲ့ ထန်ဇောင်ဗီးက သူ့ဇနီးချောလေး နုလျှံကို ပြေးပွေ့တယ်။

'နုလျှံ နုလျှံ နုလျှံ'

နုလျှံရင်ဘတ်က မြား

လိုင်မီးချင်း
ဘာသာစကားနဲ့
'ခွာင်'
ဆိုတာ
'ငါ်စင်'
တစ်မျိုးကို
ဆိုလိုတာ
ဖြစ်ပြီး၊
'ကြွ'ဆိုတာက
'ချီမခြင်း'လို့
အဓိပ္ပာယ်
ထွက်တယ်
ဒီတော့
'ခွာင်ကြွပွဲ'က
'ငါ်စင်နှင့်
ချီမပွဲ'
လို့
အနက်ထွက်မယ်
ထင်ပါတယ်

တံကို ကပျာကယာ ဆွဲနုတ်ပေးရင်း အော်ခေါ်တယ်။ ဒါပေမဲ့ မြားက နုလျှံနှလုံးသားတည့်တည့်ကို အရှိန်ပြင်းပြင်းနဲ့ စူးဝင်ထားတာဆိုတော့ စကားမေးတောင် မရတော့ပါဘူး။

'ငါ့မိန်းမကို ဘယ်သူသတ်တာလဲကွ'

ထန်ဇောင်ဗီးက ဒေါသတကြီး အော်ဟစ်တယ်။ ပြီးကယောက်ကတမ်းနဲ့ တူမီးသေနတ်ပြေးဆွဲတော့ လူတွေက ဝိုင်းဆွဲကြတယ်။ ပွဲခင်းတစ်ခုလုံး ပုရွက်ဆိတ်အုံကို တုတ်နဲ့ထိုးလိုက်သလို ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။ လူသတ်တရားခံကို ယောင်ဝါးဝါးနဲ့ ရှာကြတယ်။ ဒီလောက်များပြားတဲ့ လူပင်လယ်ကြီးထဲ တရားခံကို ဘယ်လိုရှာမလဲ။

'မင်း မူးမူးရူးရူးနဲ့ ပစ်လွှတ်လိုက်တဲ့ မြားကများ မတော်တဆ မှန်သွားမှန်းမသိတာ'

ရွာလူကြီးတစ်ယောက်က သူ့အထင်ကိုပြောတယ်။

'ခင်ဗျား မဖြစ်နိုင်တာလာမပြောနဲ့။ ကျုပ်ပစ်လိုက်တာက ကောင်းကင်တည့်တည့်ကိုချိန်ပြီး ပစ်လွှတ်လိုက်တာ။ နောက်ပြီး ကျုပ်မြားက ပန်းဖွားတွေနဲ့။ ဒီမြားက ပန်းဖွားမှမပါဘဲ'

ဒါကိုတော့ ပွဲခင်းထဲက လူအားလုံးက ထောက်ခံကြတယ်။ ထန်ဇောင်ဗီး ပစ်လွှတ်လိုက်တဲ့ မြားတံဟာ ကောင်းကင်ဆီ တန်းတန်းမတ်မတ် ပျံသန်းသွားတာကို အားလုံးက မြင်နေရတာကိုး။

'နတ်ဆိုးတွေရဲ့ လက်ချက်များလား'

ဒီထင်မြင်ချက်ကိုတော့ နတ်ကိုးကွယ်တဲ့ လူတွေအဖို့ ယုံရခက် မယုံရခက်နဲ့ ဇဝေဇဝါဖြစ်နေကြတယ်။ လောလောဆယ်မှာတော့ မြားပစ်သူကို ရှာမနေကြတော့ပါဘူး။ ခွာင်ကြွပွဲက မသာပွဲအဖြစ်သာ ရုတ်တရက်ပြောင်းလဲသွားတယ်။ ဘယ်သူမှ ထင်မှတ်မထားဘူး။ ဘယ်သူမှလည်း မျှော်လင့်မထားဘူး။ ဒီလိုမျိုးလည်း ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးဘူး။ လောက

ကြီး ပက်လက်လန်ရာ
ကျွမ်းထိုးမှောက်ခုံ ဖြစ်သွား
တယ်ဆိုတာ ဒါမျိုးနေမှာ
လူတွေလည်း ရူးချင်သလို
ဖြစ်ကုန်ကြတယ်။

နုလျှံက အစိမ်း
သေတာဆိုတော့ ရွာရဲ့
အတိုင်း နေ့မကူးခင် သ
လိုက်ကြတယ်။ နုလျှံရဲ့
ပြာအိုးလေးတောင် အငွေ့
ခတ်ပြယ်ဦးမှာမဟုတ်

တစ်ချိန်လုံး နေ
ထိုင်မသာနဲ့ ဒေါသထွက်
တဲ့ ထန်ဇောင်ဗီးဟာ လူသ
တရားခံကို မြေလှန်ရှာဖို့
သားတချို့နဲ့ ထွက်ခဲ့တ
ပထမဆုံး မသင်္ကာသူ
ဘယ်သူရှိမလဲ။ နုလျှံ
ချစ်ခဲ့ဖူးတဲ့ နာခါးရွာသ
ပူရမ်းလေ။ ဒါကြောင့်
ရှိတဲ့ နာခါးရွာကို ချီတက်
ကြတယ်။ နာခါးရွာမှာ
ကို အခန့်သင့်ပဲ တွေ့ကြတ
ထန်ဇောင်ဗီးက မစား
အမဲ ချေးနဲ့ပက်တာလား
ပူရမ်းကို စွပ်စွဲတယ်။

ပူရမ်းဆိုတဲ့ လူ
လည်း မဟုတ်မခံသ
ငါ အဲဒီလောက် စိတ်
အောက်တန်းကျတဲ့ကော
မဟုတ်ဘူးဆိုပြီး ချက်
ခားပြေးဆွဲတယ်။ တ
ယောက်နဲ့တစ်ယောက် လ
ညှိုးငေါက်ငေါက်ထိုးပြီး
ခုံကြတယ်။ နေရင်းထိုင်
အချောင်စွပ်စွဲခံရတော့
ကလည်း မရဘူး။ အ
အနေဟာ တဖြည်းဖြည်
တောင်ပေါ်ရွာနဲ့ တော
အောက်ရွာ စစ်ခင်းရ
မတတ် တင်းမာလာတ

ကိုယ့်ရွာသားဘ
မခံချင်တဲ့ လုံပီးရွာသား



www.burmeseclassic.com

www.burmeseclassic.com

က မားတွေ၊ လုံတွေဆွဲပြီး ထပ်ဖွဲ့လိုက် ချီတက်လာကြတယ်။ တောင်ပေါ်က နာခါး ရွာသားတွေကလည်း လုံတွေ၊ ဓားတွေဆွဲပြီး ထွက်လာကြတယ်။ အဲဒီမှာ ရွာနှစ်ရွာရဲ့ နတ်ဆရာတွေက ဆုံးဖြတ်ချက်တစ်ခု ချပေးတယ်။ အဲဒါက နှစ်ယောက်စလုံး မြို့တောင်ထိပ်က နတ်ကွန်း ဆီသွား။ ပွဲကြီးတစ်ပွဲစီ ထိုးပြီး ကျိန်တွယ်ကြရမယ်တဲ့။ ထန်ဓောင်ဗီးက မဟုတ်မမှန် စွပ်စွဲခဲ့ရိုးမှန်လျှင် ရွာမရောက်ခင် သွေးပွက်ပွက်အန်သေကြေး။ ပူရမ်းကလည်း နှလျှံကို လုပ်ကြံခဲ့ရိုးမှန်လျှင် နတ်ကွန်းရှေ့မှာတင် သွေးပွက်ပွက်အန်သေကြေး။

နတ်ဆရာတွေရဲ့ ဆုံးဖြတ်ချက်ကို ပူရမ်းက လိုက်လိုက်လှဲလှဲ ကြိုဆိုတယ်။ ထန်ဓောင်ဗီးကတော့ မျက်နှာပျက်နေပြီ။ ရှေ့မှာလည်း ဒီလို အဖြစ်ဆိုးမျိုးတွေ ဖြစ်ခဲ့ဖူးတော့ ထန်ဓောင်ဗီး သွေးမရဲတော့ဘူး။ ပူရမ်းကိုကြည့်တော့လည်း မျက်နှာမပျက်တဲ့အပြင် သူအရင်ဆုံး ကျိန်တွယ်မယ်လို့တောင် တောင်းဆိုနေပြီ။ ငါ မဆင်မခြင်နဲ့ လူမှားပြီး စွပ်စွဲမိပြီလား။ ထန်ဓောင်ဗီး တွေးတယ်။ နောက်ဆုံးတော့ ထန်ဓောင်ဗီး တစ်ယောက် နတ်ဆရာတွေ ရှေ့တင် ခေါင်းအိုးတစ်လုံးနဲ့ သူ့စွပ်စွဲချက်ကို ပြန်ရုပ်သိမ်းသွားတယ်။ နတ်ဆရာတွေရဲ့ ဆုံးဖြတ်ချက်က ရွာနှစ်ရွာ သွေးချောင်းစီးရတော့မယ့် ဘေးကနေ လွတ်ကင်းသွားတာတော့ မှန်တယ်။

ဒါပေမဲ့ ထန်ဓောင်ဗီးဟာ နှလျှံအတွက် စားမဝင် အိပ်မရနဲ့ ရင်ထဲမှာ တနုံ့နုံ့နာနေတုန်း။ လူသတ်တရားခံရဲ့ သဲလွန်စကို ခြေရာခံလို့ မရတော့တဲ့အဆုံးမှာတော့ နတ်ဆရာတွေကို ဗေဒင်တွက် ကြည့်ခိုင်းတယ်။ နတ်ဆရာတွေကလည်း ပညာကုန်ထုတ်ပြီး တွက်ချက်ကြတယ်။ ဗေဒင်မှာ နောက်ဆုံး ထွက်လာတဲ့ အဖြေကတော့ 'နှလျှံဟာ သေနေ့စေ့လို့ သေတာ'တဲ့။ အဖြေကို တိတိကျကျ မှန်မှန်ကန်ကန် တွက်ချက်ပေးတဲ့ နတ်ဆရာတွေလည်း အင်မတန် တော်ပါတယ်။

အဲဒီအဖြေထက် မှန်ကန်တဲ့ အဖြေဆိုတာလည်း ဒီကမ္ဘာလောကကြီးမှာ ရှိမှာမဟုတ်တော့ပါဘူး။ ဒီတော့ ထန်ဓောင်ဗီးလည်း ပါးစပ်ပိတ် နားပိတ်ရုံကလွဲပြီး ဘာတတ်နိုင်မှာလဲ။ ဒါပေမဲ့ ထန်ဓောင်ဗီးကိုယ်တိုင် နောက်ဆုံးပစ်လွှတ်လိုက်တဲ့ မြှားဟာ ကောင်းကင်ဆီ ဖြောင့်ဖြောင့်တန်းတန်း ပျံသန်းသွားပြီး အရှိန်ကုန်လို့ ပန်းဖွားတွေ ကျွတ်ထွက်၊ ဦးစိုက်ပြန်အကျမှာ မြောက်ပြန်လေတစ်ချက်သုတ်ခနဲ ဝှေ့ယမ်းသွားတာကိုတော့ နှလျှံကလွဲပြီး ဘယ်သူမှ မသိလိုက်ပါဘူး။

နတ်ဆိုးတွေရဲ့ လက်ချက်ပဲဖြစ်ဖြစ်၊ လူ့ရဲ့လက်ချက်ပဲဖြစ်ဖြစ်၊ သေနေ့စေ့လို့ သေတာပဲဖြစ်ဖြစ် နှလျှံကတော့ တကယ်သေဆုံးသွားခဲ့ပြီ။ ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင် မေ့ဆိုသလို ကာလတွေကြာသွားတော့လည်း ခွာင်ကြွဲပွဲမှာ သေနေ့စေ့လို့ သေဆုံးခဲ့တဲ့ နှလျှံကို တဖြည်းဖြည်းနဲ့ မေ့နေကြပြီလေ။

ဒီတောင်ပေါ်က အောက်ချင်းငှက်မတွေ့သေးရင် အောက်ချင်းငှက်ဖိုတွေ လိုက်သေကြတယ်။ နှလျှံသေတုန်းက သျှောင်ထုံးပေါ်မှာ အောက်ချင်းငှက်တောင် ထိုးထားတဲ့ ထန်ဓောင်ဗီးတော့ လိုက်မသေပါဘူး။ လိုက်မသေတဲ့အပြင် တစ်ပင်လဲမှ တစ်ပင်ထူလို့ ကလေးတစ်ယောက်တောင် ရခဲ့ပြီကော။

နှလျှံ ခွာင်ကြွဲပွဲတုန်းက ချမ်းသာသမျှ ပုံအောပစ်လိုက်တော့ ရုပ်ချောတဲ့မိန်းကလေးကိုလည်း မယူရဲတော့ဘူး။ ဒီတစ်ခါ တစ်ပင်ထူလိုက်တဲ့ မိန်းကလေးက ရုပ်အဆိုးကြီးထဲက မဟုတ်ပေမဲ့ ရုပ်အလှကြီးထဲကလည်း မဟုတ်ဘူး။ ရွက်ကြမ်းရေကျို ခွာင်ကြွဲပွဲလွတ်ရုံကလေး။

တစ်ခါတစ်ခါမှာတော့ ကာလသားတွေက နင်တို့ ခွာင်ကြွဲပွဲ လုပ်ကြဦးမလားလို့ မေးရင် လုံပီးရွာက အပျိုတွေ ဆတ်ဆတ်ခါအောင် အသည်းနာကြတယ်။ ■

**ကေ၊တောင်တန်းပြာ၊ ဝန်ခံချက်။ ။**

*ရှေးအခါက မြောက်ပိုင်းချင်းဒေသ ဟားခါး၊ ထန်တလန်၊ ဖလမ်းစတဲ့ နယ်တွေက လိုင်မီးချင်းမျိုးနွယ်တွေဟာ ခွာင်ကြွဲပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြပါတယ်။ အခုအခါတော့ ကုန်ကျစရိတ် မတတ်နိုင်တာရယ်၊ ခရစ်ယာန်ဘာသာကိုးကွယ်မှု များပြားလာတာရယ်ကြောင့် ခွာင်ကြွဲပွဲ မလုပ်ကြတော့ပါဘူး။*

ရုပ်စုံမှုကင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၀/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

ပုပ္ပနွေးနွေး မုဆိုးမတစ်ယောက်၏
ဘဝစာမျက်နှာသည် အကျည်းတန် လှချိ
ဟုခေါ်သော တိမ်တောက်နေသည့် ညနေစောင်းမှာပင်
ဘယ်လိုမှ မလှပနိုင်သည်မှာ အသေအချာပ

# လွတ်ကျသွားသော ကဗျာ

## ၆၀

ဘယ်လောက်များ
အံ့ဩစရာ ကောင်းလိုက်သလဲ။
အလွန်လှပသော
ပေါ့ပါးလွတ်မြောက်မှုအရသာသည်
အရုပ်ဆိုးအကျည်းတန်လှသော
ဆုံးရှုံးမှုတစ်ခုထဲမှ
ထွက်ကျလာခဲ့ရသတဲ့။
ပုပ္ပနွေးနွေး မုဆိုးမတစ်ယောက်၏
ဘဝစာမျက်နှာသည်
အကျည်းတန် လှချိန် ဟုခေါ်သော
တိမ်တောက်နေသည့် ညနေစောင်းမှာပင်
ဘယ်လိုမှ မလှပနိုင်သည်မှာ
အသေအချာပါ။
မနွဲ့ရီသည် နှစ်ယောက်အိပ်
ခုတင်ကျယ်ကြီးပေါ်တွင်
တစ်ယောက်တည်း
ခြေကားရား လက်ကားရားနှင့်
အလယ်ကောင်တည့်တည့် အိပ်နေရာမှ
ဘယ်ညာတစ်ချက်စီ လူးလိမ့်လိုက်၏။
ဘယ်သူ့ကိုမျှ အားနာဖို့မလို။
လန့်နိုးသွားမည့်သူတစ်ယောက်မျှ
အနားမှာမရှိ။
ယခင်က အအိပ်ဆတ်သူကြောင့်
အသက်အောင့်ပြီး လှုပ်ရှားသော်လည်း
ဒန်းလော့မွေ့ရာကြီးသည်





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တအိအိငြိမ့်တတ်သောကြောင့် မကြာခဏ ငြူစူခံခဲ့ရသည် မဟုတ်လား။

ခင်ပွန်းသည်က အအိပ်ဆတ်ရုံတင်မက တစ်ရေးနိုးပြီးလျှင် တော်တော်နှင့် ပြန်အိပ်မပျော်တတ်။ ညဥ့်နက်သန်းခေါင် အတွေးခေါင်နေတတ်သည့် သူမက လူးလိမ့်မိ၍ သူနိုးသွားတိုင်း အားနာစိတ်ကြောင့် အနေရခက်လှ၏။

အမှန်က နံဘေးမှလွတ်နေသောနေရာသည် သူမရင်ကို 'ဟာ'နေစေရမှာ မဟုတ်လား။ ခုတော့ မန္တဲ့ရီက မ'ဟာ'။ လပ်နေ၏။ လွတ်ဟာမနေဘဲ လွတ်လပ်နေ၏။

သူမကိုယ်သူမလည်း အံ့ဩမိသည်။ အတူနေလာသည့် နှစ်ပေါင်းသုံးဆယ်နီးပါး အိမ်ထောင်ရေးတစ်ခုကို လင်သည်မရှိတော့ကာမှ လွတ်လပ်သွားသလို ခံစားရသည်က အံ့ဩစရာ မဟုတ်လား။

ဒါဟာ ဖောက်ပြန်ရေးတစ်ခုဟု အမည်တပ်နိုင်မလား။

မန္တဲ့ရီသည် ပခုံးတစ်ချက် တွန့်လိုက်မိပြီးမှ သူမအမူအရာသည် ကလေးဆန်သွားပြီလားဟု မလုံလဲစိတ်ဖြစ်သွားရ၏။ သို့ပေမဲ့ အခန်းတွင်းမှာ သူမမှလွဲ၍ မည်သူမျှရှိမနေ။

ဒါသည်ပင် လွတ်လပ်မှုလို့ ခေါ်တာမဟုတ်လား။ □

ရတ်တရက် အိမ်ထောင်ပြုရတော့မည်ဆိုတုန်းက အိပ်မက်ယောင်ပြီး လမ်းထလျှောက်နေရာမှ ပုတ်အန္နီးခံရသူလို မန္တဲ့ရီ မှင်တက်သွားခဲ့ရဖူး၏

ရတ်တရက် အိမ်ထောင်ပြုရတော့မည်ဆိုတုန်းက အိပ်မက်ယောင်ပြီး လမ်းထလျှောက်နေရာမှ ပုတ်အန္နီးခံရသူလို မန္တဲ့ရီ မှင်တက်သွားခဲ့ရဖူး၏။

သူမက စိတ်ကူးဖြင့် တိမ်ကိုလှေလုပ်စီးကာ ဝဠာအဆုံး ရွက်လွှင့်စီးမျောချင်သူလေ။ ဘယ်ကျွန်းသောင်ကမ်းမှာမှ မနားခိုချင်သေး။

ရည်ရွယ်ဦးတည်ရာမထား၊ လွင့်ချင်ရာ လွင့်သွားနေရသည်ကိုက အရသာ။

သို့ပေမဲ့ မိဘအလိုကို ငြင်းပယ်ရန်မှာ လုံလောက်သော အကြောင်းပြချက်တော့ မရှိခဲ့ပါ။

မန္တဲ့ရီမှာ ချစ်သူရည်းစားမရှိ။ အရွယ်တော်က တစ်ဆိတ်ဟိုင်းလို့ အသက်ပင် အစိတ်ကျော်နေပြီ။ စိတ်ကူးယဉ်မင်းသားတွေနှင့်ချည်းနှစ်ပါးသွားနေမိ၍လား မဆိုနိုင်။ လက်တွေ့မှာ ချဉ်းကပ်လာသမျှ ပုရိသတိုင်းကို မန္တဲ့ရီ စိတ်မဝင်စားခဲ့ပေ။

အပြင်မှာ တကယ်ကြုံလာရသော ယောကျ်ားများက ဖတ်ခဲ့ဖူးသမျှ စာအုပ်တွေထဲမှ ဇာတ်လိုက်များလို သူရဲကောင်းမဆန်ကြ။ စင်းလုံးချောလည်း မဖြစ်။ သူငယ်ချင်းတွေပြောသလို 'စာအုပ်ထဲက ဇာတ်လိုက်တွေနဲ့နှိုင်းပြီး ကြေးထူနေလို့ကတော့ နင် ဒီတစ်သက် ငှက်ပျောတုံးဖက်တော့' ဆိုသလိုပါပဲ။

မန္တဲ့ရီက လွတ်လပ်မှုကို ခုံမင်သည်။ ဖတ်ချင်သည့်စာတွေကို ညဥ့်နက်သန်းခေါင် စိတ်ကြိုက်ဖတ်လိုသည်။ လွတ်လွတ်လပ်လပ် တွေးနေရတာကို ကြိုက်သည်။ ဒီတော့ ချစ်သူရည်းစားဆိုသည့် ဘောင်ခတ်ထားမှာကိုလည်း မလိုလား။ ဘယ်လောက်များ မွန်းကျပ်လိုက်မလဲဟု အတွေးနှင့်ပင် စိတ်ကျဉ်းကျပ်လှ၏။

အိမ်ထောင်ရေးကိုတော့ဖြင့် ထောင်ကျသလို တင်စားကြသည်မို့ ပိုလို့ပင် မစဉ်းစားချင်သေးပေ။ သူမဖတ်ချင်သည့် စာများက စာရင်းပြုစုထားသည်ပင် တော်တော်ကျန်သေး၏။ စာရင်းမသွင်းရသေးသော ဖတ်သင့်သည့် စာအုပ်များကလည်း တစ်ပုံတစ်ခေါင်း။

စာဖတ်ကျင့် စွဲသွားပြီးကတည်းက ဖတ်လိုက်သည့် စာတွေဆိုတာ မုဆိုးအမဲလိုက် သလို သဲကြီးမဲကြီး။ စာ[...] သက်ကလေး ရင့်လာတော့ ဖတ်ရုံနှင့်မပြီး။ ဖတ်လိုက် တွေးလိုက်။ အတွေးတွေများ လာတော့ နောက်က အရေး လိုက်လာသည်။ စာရေးချင် လာသည်။ ဒီတော့ နောက် ပိုင်း ဖတ်လိုက်တွေးလိုက် တွေးလိုက်ရေးလိုက်။ တကုပ်ကုပ်နှင့် အိမ်တွင်း အောင်းကာ တစ်ယော[...] တည်း အလုပ်ရှုပ်နေတော့ ၏။

ဒီလိုနှင့် တစ်ပုဒ်စ နှစ် ပုဒ်စ ဖြိုးဖြိုးဖြောက်ဖြောက် စာမျက်နှာပေါ်တက်လာသော သူမစာလေးတွေကို ပီတိ[...] လို့မှ မန္တဲ့ရီ မဝသေး။ မိဘ[...] ဝတ္တရားကျေလိုလှသော အ[...] နှင့်အဖေက သူတို့မိတ်[...] ၏သားနှင့် အိမ်ထောင်ချ[...] ရန် စီစဉ်လေသည်။

'အိမ်ထောင်တဲ့။ ကြာ[...] ရတာကိုက မွန်းကျပ်ချင်[...] ကြီး'

အရိုးများသလေး၊ [...] ခါးသလေး ငြင်းဆန်ရန် [...] ဆင်နေသေးသော မန္တဲ့ရီသည် ခင်ပွန်းလောင်း ဒေါက်တာ[...] ဇော်လတ်ကို မြင်သောအခါ တွင် အာစေးထည့်ခံလိုက်[...] သလို ပါးစပ်ပိတ်သွားတော့ ၏။

မည်းနက်နေသော မျက် ခုံးထူထူတစ်စုံသည် အညို ရောင်မျက်ဝန်းများကို နက် ရှိုင်းတည်ကြည်သွားစေသ[...] လား။ ညိုဝါရောင် အသား က ပိရိသေသပ်သော နှ[...] ခမ်းကို တီကျအောင် အား ဖြည့်သလို ကြံ့ခိုင်သော [...]



www.burmeseclassic.com

www.burmeseclassic.com

ဈေးက စင်းကျနေသော နှာ ခေါင်းကို ပို၍ ချွန်မြစေ၏။ ရှယ်မြင့်သောအရပ်ကို ပခုံး ကျယ်နှစ်ဖက်က အနားကွပ် လိုက်တော့ မနွဲ့ရီစွဲခဲ့သော သရုပ်တွေထဲက ဖခတ်လိုက် ကျော်များပင် ဆလံပြုရတော့ မည့်ပုံ။

မနွဲ့ရီ၏ နှလုံးခုန်သံ သည် နရီစည်းချက်မမှန် တော့ဘဲ မြင်းရိုင်းကဆုန် ပေါက်သလို ဖြောင်းဆန်နေ သည်ဟု သူမက ထင်လာ သည်။

လွင့်မျောနေသော စိတ် များ အတွေးအားလုံးသည် ဆိုက်ကပ်ရန် သောင်ကမ်း မြင်လေပြီ။ အိမ်ထောင်ဟူ သည် ဘောင်ခတ်သည်ပဲဖြစ် ဖြစ်၊ တံတိုင်းတားသည်ပဲဆို ဆို သူမကိုယ်တိုင် ပိုးဖလံ ဖြစ်နေပါစေဦး၊ မီးထဲတိုးဝင် ဘာ ကိုယ်တိုင်လောင်ကျွမ်း ချင်လာ၏။

အချစ်ဆိုသောအရာကို သူမ ကိုယ်တွေ့ကြုံလေပြီ သား။ ဘဝမှ အခြားအရာ များအားလုံးသည် မှုန်ဝါး သေးငယ်ကာ ချစ်သူသည် သာ မှန်ဘီလူးဖြင့် ပုံကြီးချဲ့ လိုက်သကဲ့သို့ ရှေ့တန်းသို့ အရေးကြီးစွာ နီးကပ်လာ လေတော့သည်။

❑

အချစ်နှင့်အိမ်ထောင် တစ်ထပ်တည်းကျသည်ဟု ကျေနပ်မိသော သူမသည် အိမ်ထောင်ဦးရက်များကို မိုး မမြင်လေမမြင် ကျော်ဖြတ် လေ၏။ လုပ်လက်စ အလုပ် ကိုလည်း ထွက်ပစ်လိုက်ပြီး ခင်ပွန်းသည်နံဘေးမှ ဒေါက် တာ ဇော်လတ် ကိုယ်ပွား

> ရသစာပေ
> တန်ဖိုးကို
> နားမလည်သူ
> တစ်ယောက်
> အတွက်
> ဆုတံဆိပ်သည်
> ဂုဏ်ယူ
> ဝမ်းမြောက်စရာ
> မဖြစ်သလို
> နှလုံးမကြီးသူအဖို့
> တစ်ဦး
> တစ်ယောက်၏
> အောင်မြင်မှုသည်
> မုဒိတာ
> ပွားစရာလည်း
> မဟုတ်ခဲ့

အရိပ်အဖြစ်ကျေနပ်နေသည်။

ခင်ပွန်းသည် ဆေးရုံ အလုပ်သွားနေချိန်တွင် ထမင်းမြိန်စေမည့် သူကြိုက် တတ်သော ကောင်းနိုးရာရာ များကို ကိုယ်တိုင်စီမံ ချက် ပြုတ်ထား၏။ အိမ်ပြန်ချိန် အံကိုက် ရေမိုးချိုး ဖြီးလိမ်း ပြင်ဆင်ထားကာ ကိုယ်တိုင် မှ ခူးခပ်မကျွေးရလျှင် ဇနီး မယားဝတ္တရား မကျေပွန် သလို လင့်အချစ်လျော့မည် စိုးကာ သူ့အတွက်ဆို ဘာမ ဆို ကိုယ်တိုင်သာလုပ်ပေးချင် ပြန်သည်။

အိမ်အကူတွေ ရှိသော် လည်း သူတို့ကိုခိုင်းရတာ စိတ်တိုင်းမကျ။ ကိုယ်တိုင် ပင် အိမ်ခြံဝင်းအတွင်းမှာ လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုးပြင်ဆင်ထားကာ သူ က စိတ်လိုလက်ရ မချိုးမွမ်း ချင်နေ၊ ခံစားကြည်နူးနေပုံ ရလျှင်ပင် မမောနိုင် မပန်းနိုင် ကျေနပ်ဂုဏ်ယူချင်၏။

ညနေ ကိုယ်ပိုင်ဆေး ခန်းချိန်မှာပင် အကူနာ့စ် အဖြစ် အခြားသူကိုမထားဘဲ သူမကိုယ်တိုင် ပါဝင်သေး သည်။

သူမက စေတနာတွေ ရေစီးကမ်းပြိုလိုက်နေသ လောက် ဒေါက်တာဇော်လတ် ကတော့ သူ့နဂိုပုံစံပဲလား၊ သူမက သည်းနေတာတွေ့ လို့ပဲ အိုက်တင်ခံလေသလား မသိ။ ကိန်းခန်းကြီးပြီး သူမ အပေါ် သိပ်ရောရောဝင်ဝင် မရှိလှ။ အလုပ်အားချိန်များ မှာ လင်မယားနှစ်ယောက် တွေ့ရာလေးပါး ပြောဆို ကြည်နူးရတာမျိုး မရှိဘဲ သူ့ဆေးစာအုပ်ထူထူကြီး များကိုသာ စိတ်ဝင်တစား ဖတ်နေလေ့ရှိ၏။

သူမ၏ ဖတ်လက်စ စာ အုပ်များကတော့ ချောင်ထဲမှာ ဖုန်တက်ကုန်လေပြီ။ ဒေါက် တာ ဇော်လတ်က မဖတ်နဲ့လို့ တစ်ခွန်းမျှ ပြောသည်မဟုတ်။ မနွဲ့ရီထံ အလည်ရောက်လာ သော စာရေးဆရာတချို့နှင့် သူ့ကို မိတ်ဆက်ပေးမိပြီး သည့်နောက် ဧည့်သည်များ အပြန်တွင် သူပြောလိုက်သော စကားက သူမစိတ်ထဲကို ဆူး တစ်ချောင်းလို စိုက်ဝင်သွားရ ၏။

'စာရေးဆရာဆိုတာ စိတ်ကူးယဉ်ပြီး အချိန်ဖြုန်း နေတဲ့လူတွေပဲ'

သူက လက်တွေ့သမား ဆိုတော့ အတွေးသမားတွေ ကို နားလည်ချင်ပုံမရ။ စိတ် ကူးယဉ်စာပေနှင့် သရုပ်မှန် စာပေကိုလည်း ခွဲခြားသိပုံ မပေါ်။ ကလောင်သွားသည် လည်း ဆေးထိုးအပ်လိုပင် သူ့နေရာနှင့်သူ အကျိုးပြု ကြောင်း ရှင်းပြလိုက်ချင် သော်လည်း မနွဲ့ရီမှာသာ ထိုစကားတစ်ခွန်းကြောင့် သူက မတားမြစ်ရပါဘဲ စာ ရေးစာဖတ် မလုပ်ဝံ့တော့။

သူ့အထင်သေးမှာကို လည်း မခံနိုင်သလို ကဲ့ရဲ့ ရှုတ်ချလာမှာကိုလည်း စိုးရွံ့ သည်မို့ စာပေမိတ်ဆွေ ဟောင်းများကိုရှောင်ကာ စာ အုပ်များကိုလည်း သေတ္တာ ထဲ သော့ခတ်သိမ်းဆည်း လိုက်တော့၏။

အချစ်ကြောင့် ဘဝသာ ယာစိုပြည်လာပြီဟု ထင်နေမိ သော မနွဲ့ရီသည် နှလုံးသား က အာဟာရချို့တဲ့သူလို သွေ့ခြောက်ညှိုးရော်လာ သည်ကိုတော့ဖြင့် ထိုစဉ်က သတိမမူမိခဲ့ပေ။

❑

အိမ်ထောင်သက် အတန်ကြာ၍ သားသမီး လည်း မရသောအခါ ဘဝ သည် မစီးဆင်းတော့ဘဲ ရပ် တန့်နေသကဲ့သို့ မနွဲ့ရီ ခံစား လာရသည်။ စက်ရုပ်ဆန် သည့် လက်တွေ့ကျကျ သူ့ အပြုအမူ ဆက်ဆံရေးများက လည်း စီးနေသောရေကိုပင် ရပ်တန့်သွားစေနိုင်လောက် အောင် အေးခဲနေ၏။

အပြင်စာ လုံးဝမစားရ

www.burmeseclassic.com

ဘဲ ဓီဇာကြောင် ဆရာဝန်ကြီး အကြိုက် မနက်ခင်းစာ ပဲပြုတ်ထမင်းကြော်နှင့် နွားနို့ တစ်ခွက်သည် မုန့်ဟင်းခါး ကြိုက်လှသော သူမအတွက် တော့ ကျဉ်းမြောင်းလှသော ဘောင်တစ်ခုပင်။ သူ့ အကြိုက် နေထိုင်ရင်း သူမ ဆန္ဒနှင့် ဆန့်ကျင်ဘက်များ သည်ပင် အစဉ်အလာတစ်ခု လို အသားကျလို့နေပြီ။

သို့ပေမဲ့ နဂိုညှို့သက် သောနှလုံးသားက အေးစက် နေသည့် နွားနို့ခွက်မျက်နှာ ပြင်လို ရှုံ့တွတင်းခြောက်လာ ၏။

ပထမပိုင်းတုန်းက တော့ အချစ်စိတ်မွှန်နေ၍ မန္တလေးရီက မသိသေး။ ခင်ပွန်း သည် အကြိုက်လိုက်နေရ သည်ကိုပင် အချစ်သက်သေ ထူနေရသလို တက်ကြွရဲရင့် နေသေးသည်။ အချိန်တစ်ခု ကြာလာလျှင်တော့ နှလုံး ရည်ခန်းလာသော သူမကိုယ် သူမ သတိထားမိလာပြီး ထိတ်လန့်သွားရ၏။

ဥပမာ မန္တလေးရီက အားနာ သနားတတ်သူဆိုတော့ ဒေါက်တာ ဇော်လတ်နှင့် ညားခါစမှာ ညအချိန်မတော် လိုမျိုး လူနာ အိမ်တံခါးလာ ခေါက်တိုင်း အကြောင်းမသိ ခင်က သူမ တံခါးထဖွင့်ပေး မိ၏။

'ဒီလို အချိန်မတော် တံခါးခေါက်တိုင်းသာ ဖွင့် ပေးမှန်းသိလို့ကတော့ ညလုံး ပေါက်ဆေးကုဖို့သာပြင် ထား။

ခပ်စောစော လာပြလို့ ရတဲ့ လူနာမှန်သမျှ သန်း ခေါင်သန်းလွဲကျမှပဲ ရောဂါ

မိန်းမ
တစ်ယောက်၏
အချစ်သည်
စိတ်ကူးယဉ်စရာ
ကောင်းလောက်
အောင်
နူးညံ့ချိုမြခဲ့ဖူး၏
မိန်းမ
တစ်ယောက်၏
စွဲလမ်းမှုသည်
အံ့ဩစရာ
ကောင်းလောက်
အောင်
စွန့်လွှတ်
သည်းခံနိုင်ခဲ့၏

သည်းသလိုလိုနဲ့ ရောက်လာ ကြလိမ့်မယ်'

တစ်ခါကတော့ သူမ တောင်းပန်လွန်း၍ ဒေါက် တာ ဇော်လတ်က ညကြီး အချိန်မတော် အိမ်ပင့်သော လူနာနောက်ကို လိုက်သွား ပေးဖူး၏။ အဲဒီလူနာရှင်က ရှိခိုးမတတ် အသနားခံနေ သည်မို့ မန္တလေးရီမှာ ကျားမြီးပဲ ဆွဲရဆွဲရ၊ ကူညီစိတ် ဖြစ် သွားရခြင်းဖြစ်သည်။

ကိုယ်တိုင် ဆရာဝန် မဖြစ်ရခြင်းအတွက် ဒီတစ်ခါ ပဲ မန္တလေးရီ စိတ်ပျက်မိသေး သည်။ ကိုယ်တိုင်သာ ဆရာ ဝန်ဖြစ်လို့ကတော့ ယောကျ်ား ကို ချော့မော့တောင်းပန်နေရန် မလို။ ဆေးအိတ်ဆွဲကာ တစ်ညလုံးပဲ လိုက်ရလိုက်ရ လိုက်ကုပေးမည်ဟု အားမလို အားမရ တွေးမိ၏။

သို့ပေမဲ့ လူနာအိမ် ရောက်လျှင်တော့ သူမအပြစ် တင်ခံရတော့မည်ကို ကောင်းစွာသိလိုက်ရပြီ။ သေလုမြောပါးပုံစံ လူနာရှင် ပြောထားသောစကားနှင့် လူနာ့ပုံသဏ္ဌာန်မှာ မည်သို့မှ ထပ်တူမကျပါ။

လူနာရှင်ဘက်က ရှေ့ နေလိုက်မိသော မန္တလေးရီမှာ နောက်တစ်ခါ သူနှင့်လူနာ များ ဆက်ဆံရေးမှာ ဝင်မပါ ဝံ့တော့ပါ။

'ကိုယ်က ဆရာဝန်လုပ် သက်အရ အတွေ့အကြုံရှိပြီး သားမို့ ငြင်းဆန်တာကို မင်း က စိတ်ကောင်းမရှိတဲ့လူလို့ ထင်နေတာမဟုတ်လား၊ မင်း မြင်တဲ့အတိုင်းပဲ။ ညဘက်ဆို တော့ လူနာရှင်ကိုယ်တိုင်က လူနာ့သည်းညည်းကို မခံချင် ကြဘူး။ ဒီလိုပဲ ရိုးရိုးဗိုက်နာ တာလောက်ကို အစာအိမ် ပေါက်သလောက် ရေးကြီး ခွင်ကျယ်ပြောပြီး ပင့်ကြလိမ့် မယ်။ ဆရာဝန် ပင့်လာနိုင်မှ လည်း လူနာ ကကျည်က ကြောင်လုပ်တာကို ဖြေရှင်း နိုင်မှာလေ။ တကယ်က အစာအိမ်ပေါက်ရင်တောင် ကိုယ်လည်း ဆေးရုံကိုပဲ သွား နိုင်းရမှာပဲ။ အဲဒါကြောင့် ညဘက်ဆိုရင် ဆေးရုံကိုသွား လို့ပဲ ကိုယ်က ပြောခိုင်းတာ'

အဲဒီတုန်းက မန္တလေးရီကိုယ် တိုင်လည်း ဓောဒကတက် စရာ စကားမရှိခဲ့ပါ။ အဖြစ် အပျက်ကလည်း သူ့ဘက် ရပ်တည်သွားသည် မဟုတ် လား။ နောက်များမှာတော့ ညဘက် တံခါးခေါက်သံ များကို မန္တလေးရီ မကြားချင် ယောင် ဆောင်တတ်လာ မနေသာလွန်းမက ဖြစ်လာ လျှင်တော့ အိမ်အကူကောင် လေးကို 'ဆရာ မရှိပါဘူး ဆေးရုံသွားလိုက်ပါ'ဟု မှ ဝါဒကို အရည်ကျိုသော နိုင်းလိုက်ရမည်။

သူမလိပ်ပြာကတော့ ခပ်ရှက်ရှက်ပါ။ သူမကိုယ် သူမ မနှစ်မြို့စိတ်ကလည်း ဖုံးဖိမရ။ ဒါသည်ပင် နှလုံး ရည်ခန်းခြောက်ရခြင်းတ မျိုး မဟုတ်လား။

❑

သားသမီးမရှိသော ဘဝတွင် မစီးဆင်းဘဲ လိုသည့် မန္တလေးရီသည် သူ့ဘ ကိုယ့်ဘက် လိုအပ်ချက်များ ကို ဖြည့်ဆည်းရင်း နှ သားအာဟာရပြည့် ကြိုးစားမိသေး၏။

ဒေါက်တာ ဇော်လ ၏ နွမ်းပါးသောဆွေမျိုး နှင့် သူမ၏ မပြည့်စုံလှသော သားချင်းများထဲမှ ငွေ လိုသည့်လူကို ငွေ ထောက်ပံ့စောင့်ရှောက် အလုပ်လက်မဲ့တွေကို အ ရှာပေး၊ လိုအပ်လျှင် အိမ် ခေါ်ထားပြီး ပညာ ကျောင်းထားပေး။

တစ်ဖက်စောင်းနေ ဖြစ်လျှင် ဒေါက်တာ လတ် အမြင်စောင်းမည် နှစ်ဖက်မျှအောင် စီမံ ရွက်ရသည်ကလည်း တော့မလွယ်လှ ဆိုပေမဲ့ ကိုယ့်လူဆို ဆ



www.burmeseclassic.com

www.burmeseclassic.com

နာနာဖွပ်၍ သူ့လူဆို သာသာထိုးထိုး လုပ်ပါများတော့ မန္တရီအမျိုးတွေကပင် သူမကို နှာခေါင်းရှုံ့ချင်ကြသေး၏။

သို့ပေမဲ့ ဆွေမျိုးတွေ တရုံးရုံးနှင့် အထောက်အပံ့တွေ များလာသောအခါ ဒေါက်တာ ဖော်လတ်က အိမ်စရိတ်ကို ကန့်သတ်လိုက်တော့၏။ 'ကိုယ် ကားအမြင့် လဲစီးချင်လို့ ဘဏ်မှာ ငွေစုရဦးမယ်။ တစ်လ'…'ပေးရင် လောက်မလား'တဲ့။

ဘယ်လောက် ပညာရှိသလိုက်သည့် စကားလဲလေ။

တော်သေးသည်က ရှေ့ဆင့်နောက်ဆင့် ဆုံးသွားရှာပြီဖြစ်သော မိဘများထားခဲ့သည့်အမွေတွေက တစ်ဦးတည်းသောသမီး သူမအတွက် သုံးမကုန်ပါ။

သို့မို့ကြောင့် မီးဖိုချောင်စရိတ်နှင့် အိမ်စရိတ်မျိုးစုံသည် သူပေးမည့်ငွေနှင့် လောက် မလောက် ဒေါက်တာ ဖော်လတ်က စိတ်မဝင်စားသလို မန္တရီကလည်း မှုပါ။

သို့ပေမဲ့ အိမ်စရိတ်ကို စိတ်မဝင်စားသည်က ထားပါတော့။ ဇနီးသည်ကိုယ်တိုင် ရှယ်ဖွယ်ရာရာ ချက်ပြုတ်စီမံထားသည့် ထမင်းပွဲကို တောင် ဘယ်လောက်စားကောင်းပါစေဦး၊ ချီးကျူးစကားပြောဖို့ ဝန်လေးတတ်သည်ကတော့ အခံရမခက်ဘူးလား။

မန္တရီ အပင်ပန်းခံထားသော သန့်ရှင်းသပ်ရပ်သည့် အိမ်ကလေး အပြင်အဆင်နှင့် ပန်းပေါင်းစုံ စိမ်းစိုလှပသည့် ခြံဝန်းလေးကိုလည်း ရောက်လာသမျှ ဒေါက်တာ ဖော်လတ်၏ ဆွေမျိုးမိတ်သင်္ဂဟများက ဘယ်လောက်ပင် ချီးမွမ်းခန်းဖွင့်ပါစေ၊ သူကတော့ ပြုံးထုံ့ထုံ့လောက်သာ တုံ့ပြန်၍ အသိအမှတ်မပြုချင်သလိုပင်။

ကြာတော့ မန္တရီလည်း မိန်းမပီပီ စိတ်ခံစားချက်တစ်မျိုး ဖြစ်လာရ၏။ အိမ်မှာနေရတာ စိတ်ဓာတ်ကျသလိုလို၊ မပျော်ရွှင်သလိုလို ဖြစ်လာသည်မို့ မရောက်တာ ကြာပြီဖြစ်သော သူငယ်ချင်းတွေဆီ အလည်ထွက်မိသည်။ သူမမှာက သူတကာ အိမ်ထောင်သည်တွေလို အိမ်ထောင်ဖက်နှင့် အပေးအယူမျှမျှ စိုပြည်သည့် ဘဝမဟုတ်လျှင်တောင် မခြောက်ခန်းသည့် မေတ္တာစမ်းကလေး စီးဆင်းနိုင်မည့် သားသမီးကလေးသော်မှ တစ်ယောက်မျှမရှိသည့်ဘဝလေ။

အမှန်တော့ မန္တရီက အိမ်မလည်တတ်။ ယိုင်နဲ့လာသော စိတ်ဓာတ်ကြောင့်သာ ဖြေသိမ့်ပေးနိုင်မည့် သူငယ်ချင်းတွေကို သတိရမိခြင်းဖြစ်၏။ ရောက်သွားတော့လည်း သူငယ်ချင်းတွေက သူမကို နားလည်စွာ ကြိုဆိုကြပါသည်။

မခေါ်ချင် မပြောချင်သလို လှိုက်လှိုက်လှဲလှဲ မရှိသော ဒေါက်တာ ဖော်လတ်ကြောင့်သာ သူမဆီ အလာကျဲကာ အဆက်အသွယ် ပြတ်နေပေမဲ့ သူမ လာမည်ဆိုပါက အချိန်မရွေး တံခါးဖွင့်ထားကြောင်း၊ လှောင်ချိုင့်စံငှက်ကလေးလို သူမဘဝကို သနားကြောင်း၊ နွေးထွေးမှုအပြည့်နှင့် ကြင်နာစွာ ကမ်းလင့်ကြသော လက်များက သူမ၏ ခြောက်သွေ့နေသော နှလုံးသားကို အနည်းငယ် ညှို့သက်သွားစေသလိုပင်။

သို့ပေမဲ့ သူငယ်ချင်းတွေ တင်စားပြောလိုက်သော လှောင်ချိုင့်စံငှက်ကလေးသည်ပင် သူမ ဖြစ်ခဲ့ပါလျှင် ထိုလှောင်ချိုင့်တွင်းသို့ မိုက်မဲစွာသက်ဆင်းခဲ့သည်မှာ သူမကိုယ်တိုင်ပင် မဟုတ်လား။

'ကိုယ်က မင်းကို သာမန်မိန်းမတွေလို အိမ်လည်အတင်းပြော၊ အရည်မရ အဖတ်မရ အကျိုးမဲ့ စကားတွေနဲ့ အချိန်ကုန်တတ်တဲ့သူ မဟုတ်ဘူးလို့ ထင်ထားတာ'

အပြင်မှပြန်လာသော မန္တရီသည် အပြစ်တင်သည်လည်းမဟုတ်၊ တားဆီးသည်လည်းမဟုတ်၊ သို့ပေမဲ့ နောက်ထပ်လည်း မလုပ်ဝံ့အောင် ပြောတတ်သည့်သူ့ကို အံ့သြမှင်တက်နေမိသည်။

ဒေါက်တာ ဖော်လတ်၏ ပညာသားပါလှသော စကားက သူမကို လှောင်ချိုင့်တွင်းတွင် အမှန်တကယ်ပင် ခြေချုပ်မိစေခဲ့၏။ သူငယ်ချင်းများဆီ နောက်ထပ်သွားရန်လည်း ဝန်လေးရပြီ။ သူငယ်ချင်းများကြောင့် အနည်းငယ်ညှို့သက်လာသော နှလုံးသားကလည်း ချက်ချင်းပင် မီးကျီးခဲပေါ် အတင်ခံလိုက်ရသလို ရှုံ့တွကာ အရေလန်သွားရတော့သည်။

❑

အမှန်တော့ အိမ်မလည်တတ်သူ မန္တရီအတွက် အကောင်းဆုံး အဖော်မွန်က သူမနှစ်သက်လှတဲ့ စာအုပ်တွေပဲ ဖြစ်သင့်သည်မဟုတ်လား။

သော့ခတ်ထားမိသော စာအုပ်သေတ္တာသည် ဒေါက်တာ ဖော်လတ် ပယောဂမပါဟု မငြင်းနိုင်သော်ငြား တိုက်ရိုက်တော့ဖြင့် မဟုတ်ခဲ့ပါ။ သူမကသာ အိမ်ထောင်ဦးအချိန်မှာ ချစ်စိတ်မွှန်ပြီး ခင်ပွန်းအမြင်မှာ အပြစ်ကင်းချင်လွန်း၍ အိုဗာဖြစ်သွားရခြင်းလေ။ ခုလို အိမ်ထောင်သက်ကလည်း ဆယ်စုနှစ်ကျော်လာတော့ ချစ်စိတ်ရေချိန်ကလည်း ကျသွားခဲ့ပြီ။ သူမ၏ အပိုတွေကိုလည်း သူမကိုယ်တိုင် မြင်လာခဲ့သည်။

မန္တရီ ကလောင်ပြန်ကိုင်လေပြီ။ စာအုပ်သေတ္တာကိုလည်း သော့ဖွင့်လေ၏။ ဆေးခန်းကိုလည်း မလိုက်တော့။ အကူနာ့စ်တစ်ယောက် ငှားပေးလိုက်သည်။ ပန်းခြံထဲလည်း ပေါင်းသင်မြေဆွမလုပ်အား။ သစ်ရိပ်မှာ ခုံလေးခင်းပြီး စာရေးစာဖတ်လုပ်ရသည်မှာအရသာရှိပေစွ။

ရပ်တန့်သလို ထင်ခဲ့သော မန္တရီ၏ဘဝသည် ခုမှ ပြန်၍စီးလေပြီ။ လှမ်းမြင်ရသော သမုဒ်ပြင်ကျယ်သည် လှိုင်းဂယက်တွေရှိသော်လည်း ကျယ်ပြော၏။

မန္တရီသည် အိမ်ထောင်ရေးမှာ နစ်ဝင်ပစ်လိုက်သော ကုန်ခဲ့သည် အချိန်တွေကိုပင် နှမြောနေမိသေး၏။

ဆယ်စုနှစ်တစ်ခုကျော် အောင့်ထားခဲ့ရသော မန္တရီမှာ ဝေါခနဲ တမံကျိုးသလို စာတွေသွန်ချရေးတော့သည်။

*စာမျက်နှာ (၂၁၂) သို့…*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဇော

**မိမိုး**

၁။

သူ နိုးလာသည့်အချိန်
ခင်ပွန်းဖြစ်သူကို
နံဘေးမှာ မတွေ့ရတော့။
ကိုယ့်ကိုယ်ကို
အိပ်ရေးဆတ်သည်ဟု
ထင်ထားမိတာ
ပြန်ပြင်ရတော့မည်ထင့်။
သူ စိတ်ပင်ပန်း၊
လူပင်ပန်းဖြစ်တာ
များလွန်းလို့လည်း
အခုလို အိပ်ပျော်သွားတာ
ထင်ပါရဲ့လို့ပဲ
ဖြေတွေး ဖြစ်တော့သည်။
ဟုတ်သည်။
ဒီသားတစ်ယောက်
ရှေ့ရေးအတွက်
သူ့စိတ်တွေပင်ပန်းခဲ့ရတာ
ရက်ပေါင်းများစွာ၊
လပေါင်းများစွာပင်။
ကြာတော့လည်း
လူက ထိလာသည်မို့
သူ့ကြည့်လိုက်လျှင်
အမြဲတမ်း
နုံးခွေဖျော့တော့နေသလို
ဖြစ်နေ၏။
စားတော့လည်း စားသား။
သို့သော် အဆီစားလို့
အသားမဖြစ်တာဟာ
စိတ်ဒဏ်ပဲထင်ပါသည်။
သူ နည်းမျိုးစုံသုံးကာ
ဒီသားတစ်ယောက်၏
ရှေ့ရေး ခရီးဆက်နိုင်ဖို့
ကြိုးစားပါသေးသည်။

အောင်စာရင်းထွက်တိုင်း နာမည်မပါအောင် ဆုတောင်းကောင်းခဲ့ပုံရသော သားက သူ့ကြိုးစားမှုတွေကို တစ်နှစ်ပြီးတစ်နှစ် ပြက်ရယ်ပြုလာချိန်မှာတော့ သူ့အားအင်တွေဆုတ်ယုတ်ကာ သားဆိုတာ အဖေနဲ့ပဲ အဆင်ပြေဆုံးဟု သတ်မှတ်လိုက်ရတော့တာ ဖြစ်သည်။

တကယ်တမ်းမှာတော့ သူ သူ့သားကို အဖေဖြစ်သူနှင့် အတူ နေခိုင်းဖို့ စိတ်မချပါ။ သူသာ သားအတွက် အကောင်းဆုံးပုံကိုင်ရှင်လို့ ထင်မိခဲ့ပေမဲ့ သူပုံကိုင်သည့်အတိုင်း သူ့သား လိုက်မလာသည့်အချိန် ပုံကိုင်ရှင်လည်း ယောက်ယက်ခတ်ရလေပြီ။ သားတို့အဖေကလည်း အဝေးတစ်နေရာကသာ လိုအပ်သောပိုက်ဆံ ပို့ပေးပြီး မိသားစုတာဝန်ကျေချင်သူဖြစ်ကြောင်း သူသိပါသည်။ ဒီလို သားမျိုးကို လက်ထဲဝကွက်အအပ်ခံရမှာ ခင်ပွန်းဖြစ်သူ အလွန်စိုးထိတ်ကြောင်းလည်း သူ နားလည်သည်။ သို့သော်မတတ်နိုင်။ သူ့ဘက်က အမေတစ်ယောက်တာဝန် အပြည့်အဝ ကျေပါလျက် တုံ့ပြန်တာဝန်မကျေချင်သော သားကို သူ မျက်နှာချင်းဆိုင်လိုစိတ် လုံးလုံးမရှိတော့။ သားမျက်နှာမြင်နေရလျှင်ပင် ရင်ဘတ်ထဲက နာကျင်လာတာ သူသာ အသိဆုံး။ ဆယ်တန်းစာမေးပွဲကို သုံးနှစ်ဆက်တိုက်ကျနေပါလျက် အနေအစားပျက်ပုံမရသော သားကိုကြည့်ကာ သူ ပိုပို စိတ်နာလာတာမို့ သူ့အဖေဆီ ပို့ဖို့သာ ဆုံးဖြတ်ချက်ချလိုက်တာဖြစ်သည်။ သို့

ဆယ်တန်း
စာမေးပွဲကို
သုံးနှစ်ဆက်
တိုက်ကျနေ
ပါလျက်
အနေအစား
ပျက်ပုံ မရသော
သားကိုကြည့်ကာ
သူ ပိုပို
စိတ်နာလာတာမို့
သူ့အဖေဆီ
ပို့ဖို့သာ
ဆုံးဖြတ်ချက်
ချလိုက်တာ
ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

သော် အပြောလွယ်သလောက် အလုပ်က ခက်လှသည်။ ကိုယ်ချင်းအတူတူဖြစ်နေပြီ ဖြစ်သော သားက ဖခင်ရှိရာ နယ်ကို မသွားချင်သမို့ သိသိ သာသာ ဆန္ဒပြတာတွေလုပ် လာသည်။ သူကလည်း ဒီတစ်ခါတော့ အလျှော့မပေး ဟု ဆုံးဖြတ်ထားပြီမို့ သား၏ ဆန္ဒပြမှုကို ဖိနှိပ်ကွပ်ကဲမှုတွေ လုပ်ပြကာ အမေဗီတိုအာဏာ ကို ထုတ်မသုံးစဖူး သုံးရ သည်။ အဝေးပြေးကားဂိတ် ဆင်းသည်အထိ သူတို့သား အမိက မျက်နှာ ဟိုဘက်၊ ဒီ ဘက်လှည့်ထားပြီး မပြောလည် ကြသေး။ ညကိုးနာရီ ကား ထွက်တော့မှ သူ သက်ပြင်း ချကာ တကယ်ပဲ ရန်ကုန်က ထွက်ဖြစ်လာပြီဟု ယုံလိုက် ရတော့သည်။ သူ့စိတ်ထဲ စိုးထိတ်နေမိတာက ရန်ကုန် က မခွာချင်ဆိုသော သူ့သား အိမ်က တိတ်တိတ်လေး ထွက် ပြေးသွားမှာတို့၊ ကားထွက်ခါ နီးမှ ကားပေါ်က ဆင်းပြေး သွားမှာတို့ ထိုထိုသော အခြင်းအရာများဆုံတွေ့ရမှာ စိုးနေမိခဲ့တာဖြစ်သည်။ သား သာ ထိုကဲ့သို့လုပ်ခဲ့ပါက သူ့ စိတ်တွေ အဆမတန် ဆင်းရဲ ရုံကလွဲပြီး ဘယ်လိုဖြေရှင်း ရမည်ဆိုတာကို မတွေးတတ်။ အင်း အခုတော့ ဒါမျိုး မကြုံ ခဲ့လေတော့လည်း မဖြစ်ခဲ့ ဘူး ဟင်းချရုံသာ။ သား အဖေ သူ့ခင်ပွန်းကိုလည်း သားကို လက်မခံချင်သော စကားတွေ ဖုန်းထဲမှာ ပြော လာခဲ့စဉ်က သူ တော်တော် လေး စိတ်တိုခဲ့ရသေးသည်။ 'နင့်သားက နင့်သားက'ဆို သော အသုံးအနှုန်းကိုကြား

> 'နင့်သားက နင့်သားက' ဆိုသော အသုံးအနှုန်းကို ကြားတိုင်း သူ့စိတ်ထဲမှာ 'အဲဒါ ရှင့်သားပဲလေ' ဟုကက်ကက် လန်မိမြဲ သို့သော် ပါးစပ်ကတော့ ပြန်မပြောဖြစ်ခဲ့ပါ

တိုင်း သူ့စိတ်ထဲမှာ 'အဲဒါ ရှင့်သားပဲလေ'ဟုကက်ကက် လန့်မိမြဲ။ သို့သော် ပါးစပ် ကတော့ ပြန်မပြောဖြစ်ခဲ့ပါ။ ရှေ့ဆက်စရာတွေ ရှိသေး တယ်။ စိတ်ရှည် စိတ်ရှည် ဟု သူ့ကိုယ်သူ အားပေးရင်း စကားချိုချိုလေးတွေ သုံး လျက် သားကို တာဝန်ယူချင် လာအောင် မျက်နှာချိုသွေး၊ လေပြေထိုးရမြဲဖြစ် ၏။ အခု ဒီမြေကို ဒုတ်ဒုတ်ချ မရောက် ခင်လေးအထိ ခင်ပွန်းဖြစ်သူ ကလည်း သားဖြစ်သူ ရောက် မလာဖို့အရေး ဒို့အရေး၊ သူကလည်း သားကို အဖေ ဖြစ်သူဆီပို့ရေး ဒို့အရေး... အော်ရယ်ချင်၊ ငိုချင်ဖြစ်မိပါ သေးတော့။ နောက်ဆုံးတော့ လည်း သူ စိတ်ရှည်ရှည်ထား လေပြေသွေးတာ မှန်သွား သည်လို့ပဲ ပြောရမှာပင်။ သူ တို့ တစ်ခါမှ မရောက်ဖူးသော နယ်ပယ်စိမ်းမှာ ကားဂိတ်ကို ဆင်းလိုက်သည်နှင့် ခင်ပွန်း ဖြစ်သူမျက်နှာမြင်ရတာ စိတ် ချမ်းသာစရာ ကောင်းလေစွ။ ပါးစပ်က ဘာပဲပြောပြော သူ လည်း အဖေတစ်ယောက်ပေ မို့ စိတ်ပူကာ လာကြိုဖော် တော့ ရသားပဲဟု တွေးဖြစ် ရင်း ရှေ့လျှောက် အဆင်ပြေ ဖို့ သူ လောဘတကြီး ဆု တောင်းမိခဲ့သည်။

❑

၂။

'နန အိပ်လို့ကောင်း တယ် ထင်တယ်၊ ကိုတိုးက တောထဲသွားပြီ။ ဘာစား မလဲ၊ အစ်မ ဆိုက်ကားသမား ကို ဝယ်ခိုင်းမလို့'

အိမ်ရှင်ဖြစ်သူ ယောက် မက ညှော့ဝတ်ပြုသော်လည်း သူ မစားချင်၊ တကယ်လည်း မနက်စောစော ဗိုက်ပြည့် အောင် သူ မစားတတ်ပါ။ ဒါကြောင့်လည်း ဆိုက်ကား ဆရာကို ပိုက်ဆံပေးကာ တို့ ဟူးနွေးနှင့် လက်ဖက်ရည် ဝယ်ခိုင်းနေသော ယောက်မ ကို သူ ဒီအတိုင်းသာ ငေး ကြည့်နေဖြစ်သည်။ သူ နေ သော ရန်ကုန်မှာလည်း အိမ် ရှင်မ တော်တော်များများ အကျင့် ရှိကြသည်။ တစ် ယောက်ယောက်ကို ပိုက်ဆံ ပေး ဝယ်ခိုင်းသော အကျင့်။ သူကတော့ ထိုသို့ ပိုက်ဆံပေး ခိုင်းမည့်အစား ကိုယ်တိုင်သာ

စိတ်လိုလက်ရ ထသွား... ချင်သည်။ ဝယ်ပေးသော... ကို ပေးရသည့်ဘောက်ဆူး... အပိုသက်သက် ကုန်သည်... သူ့စိတ်ထဲ ယူဆကာ ထိုကဲ့... ဘယ်သောအခါမှ မခိုင်း... ဖူး။ ပိုက်ဆံပေါသူများ... တော့လည်း ပေါသလို ... ထိုင်ကျင့်ကြကြသည် ထင်... ရဲ့။ ယောက်မက ဘာမှမ... သောသူ့ကိုကြည့်ကာ အိမ်... ကော်ဖီမစ်တွေ၊ တီးမစ်... လည်း ရှိတယ်နော်ဟု နေ... ပြကာ ထပ်ပြောပြန်တာ... ယောက်မ အားနာမှာစိုး... ကော်ဖီမစ်တစ်ထုပ် သွား... ဖျော်သောက်ရင်း ယောက်... နှင့် သူ စကားတွေ ပြော... သည်။ တကယ်ဆို သူ... ချင်း မတွေ့တာကြာပြီ။ ... နှင့် အဆက်အသွယ် မပြ... ကြသော်လည်း လူချင်း... မတွေ့ဖြစ်။ တိတ်ဆိတ်... သောအိမ်ကြီးမှာ သူနှင့် ... ယောက်မ စကားပြောသံ... လိုအပ်တာထက် ပိုကျယ်... သလိုဖြစ်နေတာမို့ သူ နေ... မကျသေးဆိုတာ ကိုယ့်... သာ သဘောပေါက်မိနေသည်... ရန်ကုန်တိုက်ခန်းများ... တော့ သိသည့်အတိုင်း အိ... သားတွေက တစ်ယောက်... တစ်ယောက် ရင်ချင်းအ... ဖင်ချင်းကပ်သွားရသည်... အနေအထား။ အခုလို န... အိမ်အကျယ်ကြီးမှာ မြ... သည့် အနေအထားမှာ... အားလုံး လွင့်လွင့်မျော... ကြီးဖြစ်နေသလိုလို၊ အ... ကပ် အနေအထား မဟုတ်... အလှမ်းဝေးနေသလိုလို။ ... ယောက်မကတော့ ... ပြောဖော်တစ်ဦး ရသွားသ...

www.burmeseclassic.com

www.burmeseclassic.com

သူ့အိမ်အကြောင်း၊ သူ့မိသားစုအကြောင်း သိုင်းသိုင်းဝိုင်းဝိုင်း ပြောပြနေလေသည်။

သူ့အမြင်မှာတော့ သူ့ယောက်မအနေအထားကအတော့်ကို ငြိမ်းလေသည်။ သားနှစ်ယောက်ကလည်း အဝေးတစ်နေရာစီမှာ တက္ကသိုလ်ပညာတွေ သင်ယူလို့ရယ်။ ခင်ပွန်းဖြစ်သူကလည်း အလုပ်ကြီး အကိုင်ကြီးသမားမို့ မိုးလင်းမိုးချုပ် အလုပ်တွေရှုပ်ကာ အိမ်ကထွက်သွား မနက် ၇ နာရီ၊ အိမ်ပြန်အိပ် ည ၉ နာရီဆိုသည့်လူ။ ဒီအိမ်ကြီးမှာ သူ့ယောက်မက ငြိမ်းချမ်းသော အိမ်ရှင်မတစ်ဦးအဖြစ် အပူအပင်တွေကင်းလို့ရယ်။ ယောက်မမှာ ပူစရာ အပူဆိုလို့ မောင်လုပ်သူ ပူညံ ပူညံ အပြောမတတ် အဆိုမတတ် သမားအတွက်သာ အနည်းငယ်ပြဿနာရှိနိုင်သည်။ ဒါကတော့ မွေးရာပါ ဗီဇမို့ ယောက်မလည်း ခွင့်လွှတ်ထား သည်ထင်ပါရဲ့။ ဟုတ်သည်။ သူ့ခင်ပွန်းတစ်ယောက်က အလုပ်လုပ်သလောက် ပါးစပ်ဖွာသည်။ ပူညံ ပူညံလုပ်သည်။ သူရှိနေသောအရပ်ဟာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူ့အသံနှင့် ညံကာသာနေတော့တာ ထုံးစံတစ်ခုပင်။

ဘာပဲပြောပြော သူကတော့ သူ့ယောက်မကို ကျေးဇူးတင်သည်။ ဒီမောင်တစ်ယောက်ကိုခေါ်ပြီး အလုပ်ပေးထား၊ ဝင်ငွေကောင်း ရစေသည်မို့လည်း သူတို့မိသားစု အဆင်ပြေပြေ ရန်ကုန်မှာ ရပ်တည်နိုင်သည် မဟုတ်ပါလား။ ကလေးများပညာရေးနှင့် သူကလည်း သူ့ခင်ပွန်းရှိရာ မလိုက်နိုင်၊ ဒါ့အပြင် မိသားစုတစ်ခုလုံး ယောက်မအပေါ် ပုံပေးသလို ဖြစ်သွားမှာစိုးရိမ်ကာ သိတတ်စွာ လိုက်မနေခဲ့ခြင်းဖြင့် ဆင်ခြင်ခဲ့တာလည်း ပါသည်ပေါ့။ ဒီလိုနဲ့ပဲ အများသူငါ အံ့အားသင့်စရာကောင်းသော သူတို့လင်မယား ဆက်ဆံရေးမှာ မယ်တစ်ရွာ မောင်တစ်မြို့ ဖြစ်နေခဲ့တာ နှစ်ပေါင်းအတော်ပင်ကြာခဲ့ပြီ။ ဒီအတွက် သူ့ခင်ပွန်းကလည်း အဆင်မပြေသည့်ပုံ တစ်ရံတစ်ဆစ်မှမပြ၊ သူ့အတွက်ကလည်း ကလေးတွေအဆင်ပြေလျှင်ပြီးရောဆိုသည့် မိန်းမမျိုးမို့ သူလည်း အဆင်ပြေသည်သာ။ ခင်ပွန်းဖြစ်သူကလည်း မိသားစုကို သတိရသည့်အခါ ရန်ကုန်ဆင်းလာတတ်သည်မို့ လင်မယား ခွဲနေခြင်းဟာ စကားလုပ်ပြောစရာတစ်ခုလို့ သူ မထင်ခဲ့ပါ။

ခင်ပွန်းကို စိတ်ချလားဆိုသည့်မေးခွန်းမျိုးတော့ သူ့ဘဝမှာ ခဏ ခဏ ကြားရဖူးသည်။ စိတ်မချလို့ ဘာလုပ်လို့ရမှာမို့လဲဟု စိတ်ထဲကတွေးမိသော်လည်း ပါးစပ်ကတော့ ကြားကောင်းရုံ၊ ကြည့်ကောင်းရုံ ပြန်ဖြေဖြစ်မြဲ။ ဟုတ်သည်လေ။ အနားမှာထားကာ ကြိုးနဲ့ အပြန်တစ်ရာ တုပ်နှောင်ထားဦး၊ ဖောက်ပြားချင်သည့်သူကတော့ ရအောင် ဖောက်ပြားမှာသာ။ ဒီတော့လည်း ဘာမှလုပ်လို့ မရသည့်အတူတူ ဘာမှ မလုပ်ခဲ့လို့လည်း အခုအချိန်အထိ ဘာမှမဖြစ်သေးသည် ထင်ပါရဲ့။ ယောက်မကလည်း သူ့မောင်စွံကြောင်းတော့ ဖုန်းပြောရင် ထည့်ထည့်ပြောကာ သူ့စိတ်ကို ဆွခဲ့ဖူးတာပင်။ သူ့အမြဲတမ်း ပြန်ပြောမိတတ်တာကတော့ 'ကြည့်လုပ်ပေါ့ အစ်မရယ်' ဆိုတာသာ။ တကယ်လည်း စိတ်ထဲ ဒီအတိုင်းသာ ရှိတော့တာ။ ခင်ပွန်းဖြစ်သူကလည်း သူ့ကြည့်လုပ်ဆိုတဲ့စကားအတိုင်း ကြည့်လုပ်သည်ထင်၏။ စိတ်အနှောင့်အယှက်ဖြစ်စရာ သတင်းစကားဆိုးများတော့ အခုအချိန်အထိ မကြားရသေးပေ။

သူနှင့် ယောက်မ စကားပြောနေရင်း သူ့အာရုံထဲ လူတစ်ဦး သူ့ကိုကြည့်နေသလို ခံစားနေမိတာမို့ ပတ်ဝန်းကျင်ကို ဟိုဒီကြည့်ဖြစ်၏။ ဟုတ်ပ။ ခပ်လှမ်းလှမ်းမှာ စတိုခန်းလိုနေရာမျိုးမှာ ပစ္စည်းတွေ ထုတ်ယူနေသူတစ်ဦး ခပ်ပြုံးပြုံးဖြင့် သူတို့ စကားပြောနေရာသို့ တစ်ချက် တစ်ချက် လှမ်းလှမ်းကြည့်နေသည်။ ကြည့်နေရင်းနှင့် ဟန်းဖုန်းထုတ်ကာ စကားပြောပြန်သည်။ ပြီးတော့ သူတို့ဘက်ကြည့်ကာ ရယ်ပြီး တစ်ဖက်ကို စကားတွေ ပြောပြန်သည်။ နေရာက မနီးလွန်း၊ မဝေးလွန်းမို့ ပြောနေသောစကားများ အတိအကျတော့ မကြားရ။ ယောက်မက သူ အာရုံကျနေသောနေရာကို လိုက်ကြည့်ကာ 'ကိုညိုကြီး လာဦး' ဟု တရင်းတနှီးလှမ်းခေါ်သည်။ ထိုသူအနား ရောက်လာသည့်အခါ -

'ကိုညိုကြီး မိတ်ဆက်ပေးမလို့၊ ဒါ ကျွန်မယောက်မ နုနု၊ ရှင်တို့ ကိုတိုးရဲ့မိန်းမလေ'

'ကြားတယ်၊ မနေ့ကတည်းက ကိုတိုး ဆိုက်ထဲမှာ ကြွားနေတာ။ သူ့မိန်းမ လာမယ်တဲ့၊ အခုပဲ ကျွန်တော့်မိန်းမကို ပြောပြရသေးတယ်၊ ငါ ကိုတိုးမိန်းမကို မြင်ဖူးပြီလို့. ဟား ဟား၊ သူပဲ ကျွန်တော့်ကို သွားကြည့်ပေးပါ တကျည်ကျည်လုပ်နေတာ အစ်မရဲ့'

'သြော် ဒီလိုလား။ ရှင် ရှင့်မိန်းမကို ဘယ်လို ပြောလိုက်လဲ လုပ်ပါဦး ဟင်း ဟင်း'

'ဟား ဟား ဟား… မင်းက ပိုချောတယ်လို့ ပြောလိုက်ရတာပေါ့ အစ်မရဲ့ ဟား ဟား'

သူ ထိုစကားများကို အဆက်အစပ် မမိပါ။ သူတို့ချင်း အချိတ်အဆက်ရှိရှိ ပြောနေကြတာကို သိသော်လည်း ဘာမှန်း မမှန်းဆတတ်သမို့ လူမှုရေးအရ ပြုံးလို့သာ နားထောင်ဖြစ်သည်။ နောက်တော့ ကိုညိုကြီးဆိုသည့်လူ အလုပ်နှင့်ပတ်သက်သော စကားများ ယောက်မနှင့် အပြန်အလှန်ပြောကြပြီး စတိုခန်းထဲက ယူစရာရှိတာ ယူပြီး ထွက်သွားတော့မှသာ ယောက်မက ရယ်ပြုံးချင်စိတ်ကို ထိန်းထားရပုံဖြင့် သူ့ကို ဇာတ်စုံခင်းပြသည်။ ခုနက ကိုညိုကြီးမိန်းမ သဇင်မြိုင်မှာ ထမင်းဆိုင်ဖွင့်ထားသူ၊ သူ့ခင်ပွန်း အမြဲလိုသွားစားသောဆိုင်မှ ထမင်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရှင် ဆိုပါတော့။ သူ့ ခင်ပွန်းက ထမင်းသွားစားတိုင်း သဇင်မြိုင်ကို စတတ်ပုံက 'ခင်ဗျားက ကျုပ်မိန်းမနဲ့ တော်တော် တူတယ်ဗျ။ ခင်ဗျားတို့နှစ်ယောက်လုံးက အဆိုတော် မိစန္ဒီနဲ့ ခပ်ဆင်ဆင်ဆိုတော့လေ' ဆိုသော စကားဖြစ်သည် ဟူ၏။ ထိုကတည်းက သဇင်မြိုင်မှာ ကိုတိုးမိန်းမက သူနှင့် တူသည်။ သူတို့နှစ်ယောက်စလုံးက မိစန္ဒီနှင့် တူသည်ဟု အီကွေးရှင်းချကြည့်ကာ ပီတိများ စားသုံးနေသူဆိုပါလား။ ယောက်မက ထိုစကားများ ပြောပြကာ သူ့အစိပ္ပာယ်နှင့် သူ ရယ်လေသည်။ သူလည်း ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ရယ်မိသည်။ သူ ရောက်နေသည်ဟု သတင်းကြားကြားချင်း ယောက်ျားလုပ်သူကို တကူးတက သွားကြည့်နိုင်းကာ သူနှင့်တူလား မေးခိုင်းသည့်မိန်းမတစ်ယောက်၏ အတွင်းအစ္ဈတ္တကို သူ မဆန်းစစ်ချင်တော့ပါ။ ဒီလိုပဲ ရယ်စရာအဖြစ်သာ ပြီးဆုံးလိုက်ချင်သည်။ ကိုညိုကြီးတောင် ရယ်နိုင်မောနိုင်သေးရင် သူလည်း ရယ်နိုင်မောနိုင်ရှိရမည်ပေါ့။ သေချာတာကတော့ သူကတော့ မိစန္ဒီနှင့် လုံးဝ မတူပါ။ ပြောခဲ့ပြီးပြီရော ခင်ပွန်းဖြစ်သူက ပါးစပ်ဖွာပါသည်ဟု။

ယောက်မဖြစ်သူက ပျင်းလာသည်ထင့်။ စကိုင်းနက် ထဖွင့်သည်။ သူတို့ ရန်ကုန်အိမ်မှာတော့ စကိုင်းနက်တပ်မထားသည်မို့ စကိုင်းနက်အရသာကို မသိ။ ယောက်မကတော့ တရားလိုင်းကို ဖွင့်ကာ တရားတွေနာပြီး အသိတရားတွေ တိုးတယ်ဟု ပြောနေသည်။ သူတို့ စကားပြောလိုက်၊ စကိုင်းနက်က တရားကို နာလိုက် အေးချမ်းနေရင်းမှ ယောက်မက မနေ့ညက သူ့သားကို စကားခေါ်ပြောဖြစ်ကြောင်း ပြောပြသည်။ သားနှင့် ပတ်သက်လာတော့ သူ့အာရုံက တရားနာတာထက် ပိုရှင်သန်လာသည်။ 'နနသားက ရန်ကုန်မှာ ရည်းစားရှိနေပြီ' ဟု ယောက်မက ပြောလာချိန် သူ့ စိတ်ထဲ ဟွန့်ခနဲ ဖြစ်မိသေးတော့။ ဒါ သူ မသိချင်ယောင်ဆောင်ထားသော သိပြီးသား အကြောင်းအရာတစ်ခုပဲ ဖြစ်သည်။ စာမေးပွဲကိုတော့ အောင်အောင် မဖြေနိုင်ပေမဲ့ ဒါကျတော့ အဖြစ်ရှိသလား စသဖြင့် ရင်ဖွင့်ဖော်ရှိတုန်း ပြစ်တင်မောင်းမဲ စကားတွေ တရစပ် ပြောချင်နေမိသော်လည်း ယောက်မအမြင်ကို သိချင်တာမို့ ငြိမ်သက်စွာ ဆက်နားထောင်ဖြစ်သည်။ ယောက်မက သူ သိရသလောက် ကောင်မလေးနှင့် သား အနေအထားများကို ပြောပြရင်း 'တို့ကတော့ ဆုံးမလိုက်တယ်။ ဘာမှ အစွဲအလမ်းမထားနဲ့ သားရေလို့၊ အားလုံးဟာ အပုပ်ကောင်တွေချည်းပဲလို့ ပြောလိုက်တယ်' ဟု စကားကို အဆုံးသတ်ချိန် သူ ဟန်မဆောင်နိုင်အောင် တဟားဟား ရယ်ချလိုက်မိလေတော့ ယောက်မလည်း မနေနိုင်တော့ဘဲ သီးလောက်အောင် မရပ်မနား ရယ်နေတော့သည်။ ဩော် ဆုံးမစရာ မလိုသော သားရှင်များကျတော့လည်း ဆုံးမစကားဆိုတာ ဘယ်သို့ဘယ်ပုံ ပြောရသည် ဆိုတာ မသိတာ ကုသိုလ်တစ်မျိုးပဲ ထင်ပါသည်။ ယောက်မပြောသော အပုပ်ကောင်ဟာ ခုချိန်မှာ မပုပ်သေးဘဲ အလတ်ကြီးရှိနေသေးလို့သာ သားဖြစ်သူ ရန်ကုန်က မခွာနိုင်ဖြစ်နေတာပေါ့ ဟူသော စကားကိုတော့ ယောက်မကို နောက်သလိုဖြစ်နေမှာမို့ သူ မပြောဖြစ်တော့ပါ။

အတန်ငယ် ကြာလာချိန်မှာတော့ ယောက်မက ညောင်းလာသည်ထင့်၊ အိမ်အပေါ်ထပ်ကြီးကို တက်တား တံမြက်စည်း တရှဲရှဲ တက် လှည်းတော့သည်။ နောက် ဖေး မီးဖိုချောင်မှာက ချက် ပြုတ်ပေးနေသည့် တပည့် တပန်းများက အဆင်သင့် အဝတ်အစားတွေက တပည့် တပန်းများ လာလျှော်ပေး သည်ဟု ဆိုသည်။ ဝယ်ခြမ်းရေးအတွက်က စိတ်ချ သည့်သူ သီးသန့်ရှိပြီးသား ဟု ပြောပြထားသည်မို့ သူ ကူလုပ်စရာ အနေအထား တစ်ခုမှ မမြင်။ သို့သော် အိမ်ရှင်ကိုယ်တိုင်တောင် အပေါ်ထပ်ကို တရှဲရှဲ မြည် အောင်လှည်းနေမှတော့ သူ လည်း အားကျမခံ အိမ် အောက်ထပ်ကို တရှဲရှဲမြည် အောင် တံမြက်စည်းလှည်း ခြင်းကဏ္ဍကို စတင်ဖွင့်လှစ် တော့သည်။ တံမြက်စည်း လှည်းရင်းကလည်း သား အတွက် ရှေ့ရေး ဘာလုပ် နိုင်မလဲ စဉ်းစားဖြစ်အောင် စဉ်းစားနေမိသေးတော့

❑

၃။

'နှင့်သားနဲ့ မဖြစ် ဘူး' ဟူသော စကား ခင်ပွန်းသည် ခေါင်းတ ပြောသည်ကို သူကလည်း ခေါင်းတယမ်းယမ်းဖြင့် 'ဘာလို့ မဖြစ်ရမှာလဲ၊ မဖြစ်ဘူးဆိုတဲ့အကြော ကျွန်မ သေချာသိချင်တ ဆိုသော စကားတစ်ခွန်း သူ တောထဲလိုက်ခဲ့တာ သည်။ တကယ်တမ်း ဘဝက ထင်သလော မလွယ်ကူ၊ မချောမွေ့ ကို သူက သားဖြစ်သူကို စေချင်နေသည့် နှင့်သားနဲ့

> ခင်ပွန်းကို
> စိတ်ချလား
> ဆိုသည့်
> မေးခွန်းမျိုးတော့
> သူ့ဘဝမှာ
> ခဏ ခဏ
> ကြားရဖူးသည်
> စိတ်မချလို့
> ဘာလုပ်
> လို့ရမှာမို့လဲဟု
> စိတ်ထဲက
> တွေးမိသော်လည်း
> ပါးစပ်ကတော့
> ကြားကောင်းရုံ
> ကြည့်ကောင်းရုံ
> ပြန်ဖြေဖြစ်မြဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဘူးဆိုသော အနေအထားကို စိတ်ဝင်စားမှု ပိုနေတာပဲဖြစ်သည်။ သူတို့ခေါ်အရတော့ တောထဲသွားတယ် ပြောကြသည်ပေါ့လေ။ တကယ်တမ်းတော့ ကိုယ်တာဝန်ကျရာ လမ်းအပိုင်းရဲ့ ဘေးတစ်နေရာမှာ တဲထိုးကာနေကြခြင်းကို တောထဲဟု ပြောခြင်းဆိုတာ သက်တွေမှာ သဘောပေါက်လိုက်တော့သည်။ ယောက်မဖြစ်သူ၏ ညွှန်ကြားမှုများအရ သူကတော့ ရေသန့်ပုလင်းလုံးလောက်စွာ၊ အာလူးကြော်လုံးလောက်စွာဖြင့် 'ကိုတော်တတိုး ကိုတိုးကတော်' လုပ်ကာ တောထဲပါလာခဲ့လေပြီ။ ရောက်ပြီ ဆင်း ဟူသော အသံနှင့်အတူ သူ ကားပေါ်က ဆင်းလိုက်ပြီးကတည်း ကမြင်လိုက်ရသည်က လမ်းဘေးလွင်တီးခေါင်ပြင်မှာ ထိုးထားသော တဲ သုံးလေးလုံးလောက်သာ။ သူ့စိတ်ထဲ ဆင်ထားမိတာက အနည်းဆုံးတော့ အိမ်ခြေ သုံးလေးဆယ်ရှိမည့် ရွာငယ်တစ်ခုလို့ ဆင်ထားခဲ့တာ တက်တက်စင်အောင်လွဲလေ၏။ သူ့အတွေးကို သိနေပုံရသော ခင်ပွန်းဖြစ်သူက 'ရွာက ခပ်လှမ်းလှမ်းမှာ ရှိတယ်၊ ရန်ကုန်အိမ်အတိုင်းဆို သမီးငယ်တို့ကျောင်းနဲ့ အိမ်လောက်တော့ လျှောက်ရတယ်' ဟု ပြောကာ သူ့ကို တဲတစ်လုံးထဲ စိတ်ကြိုက်နေခဲ့တော့ဟူသောပုံဖြင့် ထားလျက် ထွက်သွားလေတော့သည်။ သူ ထွက်သွားရာကို လှမ်းမျှော်ကြည့်လိုက်လေတော့ နေပူပြင်းပြင်းအောက်မှာ အကျႌ

လက်ရှည်များဝတ်၊ မျက်နှာပါးကွက်ကျားများ လူးလျက်ကျား ကျား၊ မ မတို့ လမ်းခင်းသူခင်း၊ ကျောက်ထုသူထု၊ ဆေးသုတ်သူ သုတ်လုပ်နေကြတာ မြင်ရသည်။ တဲထဲက လှမ်းမျှော်ကြည့်တာတောင် ပူလိုက်သည့်အပူ၊ လုပ်နေသူများ ဘယ်လောက်တောင် ပူကြလေမည် မသိ၊ ဒါကြောင့်လည်း နေပူဒဏ်ခံနိုင်အောင် လက်ရှည်ဝတ်၊ သနပ်ခါးလူးထားကြခြင်း ဖြစ်မည်ဟု သူ ခန့်မှန်းလိုက်မိသည်။

ခဏအကြာမှာတော့ တဲထဲသို့ ဆေးဘူးလာယူသော ကောင်လေးတစ်ယောက် ရောက်အလာ သူ မိမိရရ စကားဖမ်းပြောဖြစ်သည်။ အိမ်က သားအရွယ်မို့ စကားပြောကြည့်ချင်နေတာလည်း ပါသည်ပေါ့။ ပုဆိုးစုတ်တစ်ခုလုံး မျက်နှာပေါ် အုပ်ပေါင်းထားသည်မို့ ကွက်ကွက်ကလေးသာ မြင်ရသော မျက်နှာကျလေးကို ကြည့်ကာ ကောင်လေး အချောမသေးဟု သဘောပေါက်လိုက်ရင်း သူ တစ်နေ့ ဘယ်လောက်ရလဲ စပ်စုကြည့်လိုက်မိတော့ နှစ်ထောင်ဟု ဆိုလေသည်။ ဒါဆို စားစရိတ်၊ သောက်စရိတ် ကုန်ကျစရိတ် တစ်နေ့ ဘယ်လောက်ရှိလဲထပ်မေးမိသည့်အခါ 'ထမင်းက စုချက်တာ၊ ဟင်းပဲ သီးသန့်ကုန်တာ၊ တစ်နေ့ နှစ်ရာလောက်တော့ ကုန်တာပေါ့။ တစ်ခါတလေ တစ်ရာ' ဆိုသော ပြန်ဖြေသံမှာ သူ့အတွက် ဘယ်လိုမှ ယုံကြည်နိုင်စရာ မရှိပါ။ ကောင်လေးကတော့

အလုပ်လည်းသက်သာ သူနှင့် စကားပြောနေတာမို့ ပြုံးသနားလည်း မတက်နိုင်ဟု တွေးမိသည်ထင်၏။ သူ့ မယုံကြည်မှုများကို ယုံကြည်အောင် ဆက်ရှင်းပြလေသည်။ ပဲလှော်တစ်ထုပ်တစ်ရာ။ မနက် ည စားလို့ရသတဲ့။ ဘဲဥပြုတ်ဆို မနက်တစ်ခြမ်း၊ ညတစ်ခြမ်းကောင်းစွာ လုံလောက်ပါသတဲ့။ ဒီထမင်းနှစ်နပ်ကလွဲပြီး တခြား ဘာမှ မစားတတ်၊ မသောက်တတ်၊ စားလေ့ သောက်လေ့ မရှိဟု ဆိုလေသည်။ ရသမျှထဲက အသားတင်စုငွေအဖြစ် စု စုထားပြီး မလှမ်းမကမ်းရွာမှာ အကွက် များဝယ်ပြီး အကွက်ပိုင်ဖြစ်သွားသူတွေ မနည်းဘူးဟုဆိုလေသည်။ ကောင်လေးမှာတောင် မနှစ်က တစ်ကွက် ပိုင်ပြီးသွားပြီ ဆိုနေပါရောလား။ အကွက်ဆိုသည်မှာ နေစရာမြေကွက်လား၊ ထွန်ယက်စားသောက်စရာ လယ်ကွက်လားဟု သူ ထပ်မေးလေတော့ နေစရာမြေကွက်ဟု အတိအကျပင် ပြန်ပြောနေသေးသည်။ ပိုထူးဆန်း အံ့သြဖွယ်ရာက နေစရာ မြေကွက်ဝယ်ပြီး အိမ်အတွက်ကတော့ သင့်တဲ့အိမ်၊ သင့်တဲ့ဈေးနှုန်းနှင့် ဝယ်ရသည်ဆိုတော့ သူ လိုက်လို့ မမီပြန်။

'ဒီလို ဒေါ်လေးရယ်… အိမ်တွေက ကျွန်တော်တို့ရွာမှာ ဆောက်ပြီးသားရောင်းတာတွေ ရှိတယ်။ သစ်ပေါ်တော့ ဆောက်ပြီး ရောင်းဖို့ အရန်သင့်လုပ်ထားတာတွေပေါ့။ ကိုယ်နိုင်တဲ့ဈေးနဲ့ ဝယ်လိုက်ရုံပဲလေ… အခုက

ကိုယ် ပိုက်ဆံစုထားဖို့ပဲ'

သူ့ မျက်လုံးထဲမှာတော့ သူတို့ ရန်ကုန်မှာ လုပ်ပြီးသား ဗီရိုတွေထမ်းကာ 'ဗီရိုတွေရမယ်' ဟု ရပ်ကွက်ထဲ လိုက်ထမ်းရောင်းနေသည့်မြင်ကွင်းကို မြင်ယောင်လိုက်မိရင်း မကြားဖူးတာတွေ ကြားနေရသည်ဟုပဲ တွေးဖြစ်တော့သည်။ ဒါဖြင့် သူတို့တွေ နေပူကျဲကျဲ ပင်ပန်းကြီးစွာ အုတ်ခဲထု၊ လမ်းခင်း၊ ဆေးသုတ်နေကြတာတွေအတွက် ထိခိုက်နိုင်သော ကျန်းမာရေးကဏ္ဍကို ဘယ်လိုများ ဖြေရှင်းနေကြသတဲ့လဲ။ ဒီမေးခွန်းအတွက်တော့ ကောင်လေးက ရယ်ကျဲကျဲဖြင့် 'လူတွေက အကုန် အကြမ်းခံနိုင်နေကြပါပြီ၊ တော်တန်ရုံ ဘာမှ မဖြစ်ဘူး၊ ဖြစ်လည်း ဗမာဆေးမှုန့်တစ်ထုပ်လောက် သောက်ပြီးတာပါပဲဗျာ။ သေစရာရောဂါဆိုရင်တော့ ငြင်းမရဘူးပေါ့' တဲ့လေ။ လွယ်လိုက်တာ၊ ခက်ခဲကြမ်းတမ်းနေသော ဘဝအနေအထားက ကလေးတစ်ယောက်ဟာ သူ့ဘဝသူ ဒီလိုပဲ ကျေကျေနပ်နပ် ရှိနေသတဲ့လားဟု သူ့စိတ်တွေရှုပ်ထွေးသွားသည်။ တကယ်ဆို ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေထဲမှာဆို ဒီလိုဇာတ်ကွက်၊ ဒီလိုဇာတ်ရုပ်တွေဟာ သိပ်ဇာတ်နာစေတဲ့ အနေအထားတွေ မဟုတ်ပေဘူးလား။ စကားပြော ကောင်းနေဆဲ အလုပ်သမားတစ်ယောက်က 'အောင်နိုင်ထွန်း အောင်နိုင်ထွန်း' ဟု တကြော်ကြော်ခေါ်ကာ ပြောဆိုခေါ်သွားလေတော့ ကောင်လေးလည်း ခေါင်းကုတ်ဖင်ကုတ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်လျက်ပါသွားလေတော့သည်။ သူ့သားနှင့် နာမည်နှစ်လုံးတိတိ ဆင်သောကောင်လေးကို ကြည့်ကာ သားကို အစားထိုး မြင်မိလေတော့ သူ့ရင်ထဲနာကျင်သလို။ သားကို ဘဝသိစေချင်ရုံဖြင့် အခုလို ဘဝထဲ ဆွဲသွင်းရမလား မသေချာ မရေရာပြန်တော့။

တစ်ယောက်တည်း ကျန်ခဲ့သောသူကတော့ ဘေးပတ်ဝန်းကျင်တဲများကို ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့် စပ်စုဖြစ်ပြန်သည်။ ကောင်လေးပြောသော စကားက အမှန်ပင်။ တဲတစ်တဲမှာ မည်းတူးပေပွနေသော အိုးကြီးတစ်အိုးကို ထမင်းအိုးဘုံအိုးအဖြစ် တွေ့ရပြီး အနီးအနားမှာတော့ ပဲလှော်ထုပ်၊ မြေပဲဆားလှော်ထုပ်လေးတွေ ဟိုတစ်ထုပ် ဒီတစ်ထုပ် ပြန့်ကျဲလို့ရယ်။ ထရံကြားမှာတော့ ဘုရားပုံတော်တစ်ပုံ ကပ်ထားကာ ပန်းမရှိ၊ ဆွမ်းမရှိ။ သူတို့ ဘာနှင့်စားကြသလဲ တွေးယူရလောက်အောင် ပန်းကန်တစ်ချပ်၊ ဇွန်းတစ်လက်တလေ မမြင်၊ သောက်ရေအိုးစင် မတွေ့။ နောက်ဆုံးတော့ မရှိခြင်းတရားတွေကြားထဲမှာ ရှိခြင်းတရားကို ရှာနေမိသော သူသာ မူးနောက်ပြီး တဲထဲက ပြန်ထွက်ခဲ့ရတော့သည်။

သူကတော့ တစ်နေကုန် ရေသောက်လိုက်၊ အာလူးကြော်စားလိုက်လုပ်နေမိပြီး အလုပ်သမားတွေအတွက် နေဝင်မိုးချုပ်ခါနီး အလုပ်သိမ်းကြသည့်အချိန်မှာတော့ သူတို့အားလုံး တပျော်တပါး ကြီးပင် ရေရှိသည်ဆိုသည့် ခပ်လှမ်းလှမ်း တစ်နေရာကို ချီတက်သွားတာ တွေ့ရသည်။ သူနှင့် ကိုတိုးကတော့ အလုပ်ထဲက ကားဖြင့်ပင် မြို့ထဲပြန်ဖို့ ကားပေါ်တက်နေပြီမို့ ရေရှိသည်ဆိုသော နေရာမှာ ကန်လား၊ ချောင်းလား၊ မြစ်လား သူ သေချာမသိခဲ့ရ။ ထိုသို့ ရေမိုးချိုးပြီး ပြန်ရောက်မှသာ ညနေစာ ထမင်းချက်ဖို့ ရေတစ်ပုံးတလေဆွဲကာ ထမင်း ချက်ကြမည်ဟု ခင်ပွန်းက ပြောလေသည်။ ဟင်းအဖြစ်ကတော့ မနက်က ချန်ထားခဲ့သည့် ပဲလှော်တစ်ဝက်ထုပ်ဟာ ဟင်းစားဖြစ်တော့မှာ အသေအချာ။ သူတို့ကားနှင့် သူတို့ ရေချိုးအပြန်လမ်း ဆုံကြလေပြန်တော့ အားလုံးက တပျော်တပါး လက်တွေပြလို့ရယ်။ ဟော ဟိုမှာ အောင်နိုင်ထွန်းလေးလည်း သွားကလေးဖြီးလို့ရယ်။

'သူတို့ ညဆို ဘယ်လိုအချိန်ကုန်ကြလဲ'

'ရေမိုးချိုးပြန်လာရင် ထမင်းစုစားတယ်။ ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် ဘုရားရှိခိုးကြတယ်။ ပြီးရင် ဗီဒီယိုရုံသွားတဲ့သူသွား၊ အိပ်တဲ့သူအိပ်ပေါ့။ နောက်တစ်နေ့ အလုပ်ထလုပ်ကြ ဒါပဲလေ'

ဘဝဆိုတာ ဒါလား။ သူ သက်ပြင်းချ ခေါင်းခါမိသည်။ 'မင်းသားနဲ့ မဖြစ်ပါဘူး'ဟု ခင်ပွန်းပြောခဲ့စဉ်က ဘာကို မဖြစ်တာလဲဟု သူသိချင်သည်။ သူဖြစ်စေချင်သလို ဖြစ်မလာသောသားကို ဘဝဆိုတာ ဒီလိုဟဲ့ဟု သိစေချင်နေသော သူသည် ချပြလို့ရသော ဘဝအနေအထားကိုလည်း ကိုယ်တိုင် မနှစ်လိုပြန်။ ရေရေရာရာ မပြောနိုင်ဘဲ သားနဲ့မဖြစ်ပါဘူးဆိုတာကိုတော့ လက်ခံလိုက်မိပြန်သည်။ သို့သော် ကိုယ်တိုင်ကျပြန်တော့ အပူအပင် မရှိ၊ လိုချင်တပ်မက်မှု မရှိ၊ အရသာကောင်းများ မမြည်းမစမ်းဖူး၍ စွဲလမ်းမှု တဏှာလည်း ထားရကောင်းမှန်း မသိသော သူတို့ဘဝတွေကို အားကျသလိုပင် ဖြစ်မိသေးတော့။ ခက်ပဲခက်လှတော့သည်ဟု သူ့စိတ်ထဲ မြည်တမ်းနေမိတော့သည်။

❑

၄။

ခင်ပွန်းဖြစ်သူကတော့ သူ့သား မျက်ရည်တွေတွေကျနေသည်ကို ကြည့်ကာ ပြုံးစိပြုံးစိလုပ်လျက် လုပ်ငန်းခွင်ထဲ ခေါင်းရှောင်ထွက်သွားလေပြီ။ သူကတော့ ရန်ကုန်ပြန်ချင်လှပါပြီဆိုသော၊ သွားခွင့်ပြုပါဆိုသော သား၏ လီဆယ်မှုများကိုကြည့်ကာ သူ ဘာကြောင့် ရန်ကုန်ပြန်ချင်နေမှန်း အတွင်းသိ အစင်းသိဖြစ်လျက် အမှန်းကြီး မုန်းနေမိတော့သည်။ ဘာထူးသေးလဲ။ ရန်ကုန်က တူမလုပ်သူက သူ့ထံ ဖုန်းခေါ်ကာ 'အန်တီနုကို အန်တီနုသားက အရမ်းမုန်းတာပဲတဲ့။ သူ့ဟာလေးပဲ ချစ်တယ်တဲ့၊ သမီးဆီကို မက်ဆေ့ချ်တွေ ပို့နေတယ်'ဟု သတင်းရပြီးသားမို့ သင်းလည်း အမေကို မုန်းနေမှန်း သိပြီးသားပင်။ ဘယ်လိုအကြောင်းတရားများကြောင့် သူ့သားနှင့်သူ့ကြားမှာ လွဲမှားခြင်းတွေ ရောက်

ကုန်လဲဆိုတာ သူ နားမလည်
နိုင်။

သူ့အတွက်တော့
ယောကျ်ားတစ်ယောက်ဟာ
ဆယ်တန်းလေးတော့ အနည်း
ဆုံး အောင်သင့်သည်ဟု မြ
သည်။ သူ့သားက ဒါ
အလေးမထား၊ ပြက်ရယ်
သည်။ သူ တစ်ထစ်လျှော
လိုက်သည်။ ဒါဆို သာ
ယောကျ်ားလေးတစ်ယော
ဟာ အလုပ်အကိုင်ကော
တစ်ခုတော့ ရှိရမယ်ဆို
လိုအပ်သောသင်တန်းများ
တက်ခိုင်းသည်။ သူ့အတွ
အရေးကြီးလှသော ထိုသ
တန်းများသည် သားအတွ
တော့ သူ့ကောင်မလေး
ချက်ချိန်းလိုက်ရုံနှင့်
ကွက်ဖို့ ဝန်မလေးစရာဖြစ်
ပြန်သည်။ သူ သားအ
မကျေလည်ဆုံးအချက်မှာ
မေးပွဲအောင်ရန်အတွက်
ဆောင်ရည် နည်းပါးခဲ့
သားဟာ အချစ်ရေးမှာ
မိန်းကလေးက သူ့အ
အချိန်ပြည့် တွယ်ကပ်ချ
နေအောင် စည်းရုံးနိုင်သ
ဆိုသောအချက်ပင်။ ခင်
ဖြစ်သူကတော့'မင်းကလ
ဒါတော့ မဆိုင်ဘူးလေ
ဟု ယောကျ်ားချင်း ပ
သောစကား ဆိုသော်လ
သူ့အတွက်တော့ ဆိုင်
မဆိုင်ဆိုင် ဆိုင်သည်ဟု
ကိုပြောချင်နေတော့တာ
၏။ သူ့သား ဘယ်လဲ၊
လဲဆိုသောအချက်သည်
အတွက် အင်မတန်
ကြီးနေသလို သားဘဝ
ရေးကို မုန်းမျှော်လိုက်
လည်း သူ ကယောင်
ချား တုန်လှုပ်လျ



www.burmeseclassic.com

www.burmeseclassic.com

ပျော့်နိုင်။ သို့သော်ကာယကံရှင်သားဖြစ်သူက အေးဆေးနေနိုင်လွန်းတာကတော့ အသည်းနာဖို့ ကောင်းလှသည်ဟု သူ ထင်မိသည်။

ယောက်မကတော့ သားဖြစ်နေပုံကို ကြည့်ကာ စိတ်ကုန်ဟန်ဖြင့် 'မင်း ပြန်လာဦးမှာလား'ဟုမေးနေလေ၏။ သားက မျက်ရည်များ ဆုတ်ရင်း 'ပြန်လာမှာပါ၊ သား သုံးရက်ပဲကြာမယ်'ဟု ဆိုလေသည်။ ယောက်မကတော့ ဘယ်လိုလဲခွင့်ပြုလိုက်မလား ဆိုသည့်ပုံဖြင့် ကြည့်သည်။ သူ သားကို စိတ်နာဟန်ဖြင့် ခေါင်းငိုက်စိုက်ချနေသည်ကိုမြင်တော့ မမေးရက်တော့ဟန်ဖြင့် ဘယ်ကားဖြင့်သွား၊ ဘယ်မှာ လက်မှတ်ဝယ် စသဖြင့် စီမံကာ 'မင်းပြန်လာရင် လုပ်ငန်းခွင်ထဲ တစ်ခါတည်း တန်းဝင်ရတော့မယ်လို့ ခေါင်းထဲထည့်ထား' ဟုကြိမ်းသလို ပြောနေသည်။ သူကတော့ ထိုနေရာမှ ပျော့ဖပ်နေသော အဝတ်တစ်ခုလို ကိုယ့်ကိုယ်ကို အနိုင်နိုင်သယ်ရင်း နားနေရာအခန်းထဲ ဝင်လာမိတော့သည်။ သွားပါစေတော့။ သွားသည်အထိ သားမျက်နှာကို သူ မမြင်ချင်။ တကယ်ဆို ဒီလမ်း၊ ဒီခရီးဟာ သားဘဝအတွက် အကြိုခြေလှမ်းဆိုတာ သိသိကြီးနှင့်၊ 'မ'စိတ် တစ်ခုတည်းဖြင့် ရန်ကုန်ပြန်ချင်နေသောသားကို လုပ်ရက်လေခြင်းဟုလည်း သူ မပြောချင်တော့ပြီ။ သားနှင့်ပတ်သက်ပြီး ဘာစကားဆိုကာ ဘာလုပ်ရမှန်းပင် မသိတော့သမို့ သူ ငြိမ်ငြိမ်သက်သက်လေးသာ လှဲနေမိတော့၏။ နားမထောင်ပါဘဲလျက် ကြားနေရသည်က သား၏ ရန်ကုန်ကို လာတော့မယ်ဆိုသော ဖုန်းပြောနေသံတွေ၊ ယောက်မက သားကို ထမင်းဝင်စားဖို့ ခေါ်နေသံတွေ၊ သား ကားဂိတ်ဆင်းခါနီး ပြင်ဆင်နေသံတွေ၊ အပြင်မှာ မိုးရွာနေသည်မို့ အဒေါ်လုပ်သူကို ထီးတောင်းနေသံတွေ၊ သို့သော် သားထံမှ အမေဆိုသော အသံကတော့ တစ်ချက်တလေမှ ထွက်မလာခဲ့ပါ။ နောက် တော့ သားခြေလှမ်းတွေ သူနှင့် တဖြည်းဖြည်းဝေးသွားခဲ့တာကို ကြားရသလောက် နားစွင့်နေဖြစ်ခဲ့သည်။

နာရီကြည့်လိုက်တော့ ဒီအချိန်ဆို ရန်ကုန်ပြန်သည့်ကား ထွက်သွားပြီဆိုတာ မှန်းမိလိုက်သည်။ စကိုင်းနက်က တရားသံက ဖြည်းဖြည်းမှန်မှန် မတိုးမကျယ်။ အပေါ်ထပ်မှာတော့ ယောက်မဖြစ်သူ၏ ဘယ်နှကြိမ်မှန်းမသိ တံမြက်စည်းလှည်းနေသံ တရှဲရှဲကို ကြားနေရသည်။ သူ ကုန်းရုန်းထလိုက်ရင်း တံမြက်စည်းကောက်ကိုင်ကာ အောက်ထပ်ကို လှည်းဖို့ ပြင်သည်။ အိမ်အကျယ်ကြီးမှာ အပေါ်ထပ်က တံမြက်စည်းလှည်းသံနှင့် အောက်ထပ်က တံမြက်စည်းလှည်းသံ နှစ်သံကလွဲပြီး အားလုံး တိတ်ဆိတ်လို့ရယ်။ ယောက်မကတော့ ဘာမှလုပ်စရာမရှိသောကြောင့် တရားနာရင်း တံမြက်စည်းလှည်းနေသည်။ သူကတော့ ဘာလုပ်ရမှန်းမသိတော့သောကြောင့် တရားနာရင်း တံမြက်စည်းလှည်းနေသည်။ ဘယ်အချိန်ထိ လှည်းဖြစ်နေဦးမယ်ဆိုသည်ကိုတော့ သူကိုယ်တိုင် မသိတော့ပါ။ ■

မီမိုး


# ရန်ကုန် ဆရာမြင့် (၈) ဆရာသြဘာ



**နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်**

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 420034597




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'ဒီခွေးက သူ့ကိုယ်သူ ခွေးလို့ မထင်မှတ်ဘဲ ဘာမှတ်နေလဲ' ဆိုသည့်စကားကို ကြားလိုက်ရတော့ ကိုလူပိုတစ်ယောက် ကိုယ့်နားကိုပင် မယုံချင်သလိုလို ဖြစ်သည်။

# ဓားထက်မိတဲ့အမာရွတ်

**မိုးသျှန်း**



ကိုလူပို အလုပ်အပ်စရာရှိလို့ ရောက်ရှိလာသည့် နေရာမှာ ဒီစကားကို ကြားလိုက်ရတာ ဖြစ်သည်။ ဒီစကားကို အသက် ၂၀ ဝန်းကျင် အမျိုးသမီးလေးက ပြောတာ ဖြစ်သည်။ ဒီကောင်မလေးက ခပ်ညိုညို အရပ်ခပ်ပုပုနှင့် အညာဒေသတွင် တွေ့ရတတ်သော တောသူမလေးတစ်ယောက်ပုံစံဖြစ်သည်။ သူက ဧည့်ခန်းမှာ သန့်ရှင်းရေးပြုလုပ်ရင်း ခွေးပုလေးတစ်ကောင်ကို မောင်းထုတ်ရင်း အဆိုပါ အထူးခြားဆုံး စကားကို ကိုလူပိုကြားလိုက်ရခြင်း ဖြစ်သည်။

'မိညို ဂျူဂျူးကို မငေါက်နဲ့၊ ပြီးတော့ ဂျူဂျူးကို ခွေးလို့လည်းမခေါ်နဲ့။ ဆရာ မကြိုက်ဘူး၊ သွားသွား နောက်ဖေးမှာပဲ သန့်ရှင်းရေး ဆက်လုပ်ချေ။ ဒီမှာ ငါပဲ ဆက်လုပ်လိုက်တော့မယ်'

ဟု မိညိုဆိုသည့် ကောင်မလေးနှင့် သက်တူရွယ်တူ အသားဖြူဖြူ ခပ်ပိန်ပါးပါးနှင့် ကောင်မလေးက ပြောသည်။ မိညိုက-

'အေးအေး ဒါဆိုလည်း ငါ မီးဖိုချောင်ထဲသွားပြီး သန့်ရှင်းရေးလုပ်လိုက်မယ်'

ဟု ဆို၍ နောက်ဖေး ဝင်သွားသည်။

'ဦးလေး ဘာကိစ္စရှိလို့လဲ'

ဟု ခပ်ဖြူဖြူ ကောင်မလေးက မေးတော့-

'အလုပ်အပ်ချင်လို့ပါ သမီး'

'ဦးလေး ခဏထိုင်ဦးနော်'

ဆိုပြီး နောက်ထဲ ဝင်သွားသည်။ ခဏနေတော့ ပြန်ထွက်လာပြီး ကော်ဖီတစ်ခွက် စားပွဲပေါ်ရောက်လာပြီး

'ဦးလေး ကော်ဖီသုံးဆောင်ပါဦး၊ ခဏနေရင် မန်နေဂျာ ရောက်တော့မှာပါ



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီသုံးဆောင်ရင်း ခဏစောင့်ပေးပါဦး ဦးလေး'

ဟုဆို၍ ခပ်ဖြူဖြူ ကောင်မလေးက သန့်ရှင်းရေးလုပ်စရာရှိတာကို ဆက်လုပ်နေသည်။ ခဏနေတော့ မိညိုဆိုသည့် ကောင်မလေး ငေါက်ထုတ်လိုက်သည့် ခွေးပုကလေး ဧည့်ခန်းထဲကို ရောက်လာသည်။

'လာလာ ဂျူဂျူး၊ မဖြူဆီကိုလာ'

ဟု ခပ်ဖြူဖြူ ကောင်မလေးက ခွေးပုကလေးကို ပွေ့ချီသည်။ ပြီးတော့ မဖြူဆီကိုလာဟုဆိုတော့ ဒီခပ်ဖြူဖြူကောင်မလေး၏ အမည်က မဖြူဟု ကိုလူပို သိလိုက်သည်။

မနက် ၉ နာရီထိုးဖို့ ၁၅ မိနစ်ခန့် လိုသေးသည်။ ဝန်ထမ်းတချို့တလေ ရောက်လာပြီး အလုပ်ရုံဘက်ဆီ သွားနေကြသည်။ မနက် ၉ နာရီမှာ လုပ်ငန်းခွင် စတင်ကြမည်နှင့်တူသည်။

'သမီး၊ စောစောက သမီးနဲ့ မညိုဆိုတဲ့ သမီးလေးနဲ့ ပြောနေတဲ့အသံ ဦးလေးကြားလိုက်မိလို့၊ သမီးတို့ ပြောတဲ့အထဲမှာ ဒီခွေးလေးကို ခွေးလို့ မခေါ်ရဘူး ဟုတ်လား'

ဟု ကိုလူပိုကမေးတော့ ခွေးပုကလေးက တစ်စုံတစ်ရာကို လိုက်လံရှာဖွေသည့် အနေအထားနှင့် ဟောင်သည်။ မိဖြူဆိုသည့် ကောင်မလေးက–

'အေး အေး ရပြီလေ'

ဆိုလိုက်တော့ ခွေးပုလေးက ဟောင်နေရာက အရှိန်သတ်သွားသည်။

'ဟုတ်တယ် ဦးလေး၊ ဂျူဂျူးက ထူးဆန်းတယ်၊ သူ့ကိုယ်သူ ခွေးလို့မထင်ဘူး၊ ဒါကြောင့် ဦးလေး ခုနက ခွေးလို့ ပြောလိုက်တာကို သူက ခွေးလိုက်ရှာနေတာ'

ဟု ပြောရင်းပင် ခွေးပုကလေးက ခွေးဆိုသည့် စကားလုံးပါတာမို့ တစ်ချက်နှစ်ချက်တော့ ဟောင်လိုက်သေးသည်။

'အဲဒါသာကြည့်တော့ ဦးလေးရေ၊ သူက သူ့ကိုယ်သူ ဘာလို့ ထင်ထားလဲ သမီးလည်း မသိဘူး၊ သမီးက ဒီမှာ အလုပ်လုပ်တာ ရှစ်နှစ်ရှိပြီဆိုတော့ ဂျူဂျူးရဲ့အထာကို သိနေတာ။ သူက ၃ နှစ်သမီးပဲ ရှိသေးတာ။ စောစောက မိညိုဆိုတာ သမီးတို့နယ်ကပဲ။ ဒီကို သမီးခေါ်လာတာ။ သူကရောက်တာ တစ်ပတ်ပဲရှိသေးတော့ ဂျူဂျူး အကြောင်းကို ကောင်းကောင်း မသိသေးဘူး။ ဂျူဂျူးကို မိညိုက ငေါက်နေတာ တော်ကြာ သူဌေးသိသွားရင် သူ အလုပ်ပြုတ်မှာ'

ဟုပြောသည်။ ပြီးတော့ ဂျူဂျူးဆိုသည့် ခွေးပုလေးကို နောက်ထဲသွားဖို့ မိဖြူက ညွှန်ကြားနေသည်။ မိဖြူ၏ စကားကိုတော့ ခွေးပုလေးက ကောင်းကောင်းနားလည်ဟန်တူသည်။ 'ခွေးကိုငေါက်တာနဲ့ အလုပ်ပြုတ်မယ်'ဆိုသည့် အလဲအထပ်ကိစ္စကတော့ ရှားပါးကြီးမားသော စိန်ခေါ်မှုတစ်ရပ်ပဲဟု ကိုလူပို နားလည်လိုက်သည်။ ခွေးတစ်ကောင်၏ အခန်းကဏ္ဍမှာ ဒီခွေးပုလေးလောက် ကြီးကျယ်ခမ်းနားတာ ကိုလူပို ဒါပထမဆုံး တွေ့ရှိလိုက်ရခြင်းပင်ဖြစ်သည်။ အိမ်တိုင်းနီးပါး ခွေးမွေးတတ်ကြသည်။ ခွေးကို ဂရုတစိုက်နှင့် ကျန်းမာရေး၊ အစားအစာ၊ အလှအပ စတာတွေ ပြုစုတာတွေကိုတော့ ကြုံဖူးသည်။

'ဦးလေး၊ ဂျူဂျူးက သူ့ကိုယ်သူ ခွေးမဟုတ်ဘူးလို့ ထင်ထားတာ၊ ခွေးလို့ အသံကြားတာနဲ့ လိုက်ရှာတော့တာပဲ။ သူကတော့ ခွေးမဟုတ်ဘူး၊ ဒါပေမဲ့ ခွေးကို လိုက်ရှာတဲ့သဘောပေါ့။ ခွေးကို မြင်ရင်တော့ သူက ဟောင်တယ်။ အရမ်းမုန်းတယ်၊ ခွေးက ခွေးကို ခါးခါးသီးသီးမုန်းတာ သမီးတော့ ဂျူဂျူးပဲ ရှိမယ်လို့ ထင်တယ်။ ပြီးတော့ အသန့်က အရမ်းကြိုက်တာ။ ဂျူဂျူးစားမယ့်ပန်းကန်တို့၊ သောက်မယ့်ခွက်တို့ကို ဆပ်ပြာနဲ့ အကြိမ်ကြိမ် ဆေးကြောရတယ်။ ဆန်ကောင်းမှ၊ ဟင်းမထပ်မှ စားတာ။ သူစားနေရင် လူက လေလည်တယ်ဆိုရင်တောင် သူက ဆက်မစားတော့ဘူး။ ရွံ့ကရွံ့တတ်သေးတယ်။ အိပ်ရင်လည်း အိပ်ရာခင်းကို တစ်နေ့နှစ်ခါလဲပေးရတယ်။ သူဌေးလာရင် သမီးတို့က သွားကြိုတယ်။ ဂျူဂျူးက သူ့ရှေ့က နေတာ မကြိုက်ဘူး။ သူက ရှေ့ဆုံးကနေကြိုရမှ၊ နို့မို့ဆို ပြဿနာရှာတာ။ သူဌေးကလည်း ဂျူဂျူးကို သည်းသည်းလှုပ်ပဲ။ အခု ခရီးထွက်သွားတာတောင် ဂျူဂျူးနဲ့ပတ်သက်လို့ တစ်နာရီတစ်ခါ ဖုန်းဆက်တယ်။ သမီးအထင်တော့ ဂျူဂျူးက သူဌေးတစ်ယောက်ယောက်သေလို့ ဝင်စားတယ်ထင်တာပဲ။ သူ့ကိုယ်သူ ခွေး...

လို့ အသိအမှတ်မပြုတာရယ်...
သူဌေးတစ်ယောက်လို ...
ထိုင်တာတွေက အရမ်း...
ထူးခြားနေတယ်။ ...
ဦးလေး ဟိုမှာ မန်နေဂျာ...
လာနေပြီ၊ ဦးလေးအလုပ်...
အကြောင်းပြောလိုက်ဦးနော်...

ဟုပြော၍ ကိုလူ...
သောက်ပြီးသား ကော်ဖီခွက်...
ကိုသိမ်းပြီး မိဖြူ နောက်ထဲ...
ဝင်သွားသည်။ ဆယ့်ငါးမိနစ်...
ခန့် မန်နေဂျာနှင့် လုပ်ငန်း...
ကိစ္စပြောပြီး ကိုလူပို ပြန်...
ထွက်အလာ ခြံထဲက ...
ခင်းပြင်နံဘေးရှိ ဒါန်း...
တွင် ဂျူဂျူးနှင့် မိဖြူ ဒါန်း...
နေကြသည်။ သတိကြီး...
ထားမိတာကတော့ ဂျူဂျူး...
ခေါင်းတွင် နှင်းဆီဖြူ...
နှစ်ပွင့် ပန်ဆင်ထားသည်...
ဂျူဂျူးက ခွေးအမက...
သေချာသည်။ ဂျူဂျူး...
အရုပ်ခွေးနှင့်လည်းတူသည်...
ကိုလူပို စောစောက ...
ထင်ထားတာတွေ ...
ဂျူဂျူး၏ဘဝက ကြီး...
ခမ်းနားနေသည်။ 'သ...
တစ်ခု ကံတစ်ခုပေါ့'...
ကိုလူပို ရေရွတ်မိသည်...

အပြန်တွင် တိ...
ဆေးကုခန်းရှေ့က ...
တော့ ခွေးတွေ၊ ကြောင်...
ယုန်တွေကို တွေ့ရသည်...
လမ်းမှာ ခွေးလေခွေးလွင့်...
ကိုလည်းတွေ့ရသည်၊ ...
ကတော့ လမ်းသွားရင် ...
အမှတ်မဲ့ သွားတတ်သည်...
ဂျူဂျူးကို တွေ့ပြီးခဲ့...
နောက် ကိုလူပို လ...
ခွေးကအစ သတိထား...
ဂျူဂျူးက ရေသန့်မှ...
သည်။ လမ်းဘေး ...



www.burmeseclassic.com

www.burmeseclassic.com

ခင်တွေ ပျောက်ကွယ်တာကို သတိထားမိသည်။ ဂျူဂျူး က ဆန်ကြမ်းလျှင် ထမင်း မစားဟု ဆိုသည်။ ထမင်းကျန် ဟင်းကျန် လိုက်လံရှာဖွေ တောင်းရမ်းစား သောက်နေသည့် ကလေး ငယ်တွေကို ကိုလူပို သတိထားမိသည်။ ဖွန်ပန်းကုံးကလေးတွေကို ဗန်းသေးသေးလေးနှင့်ထည့်ပြီး လိုက်လံရောင်းချနေသည့် ကလေးတွေကို တွေ့ရတော့ ဂျူဂျူး၏ခေါင်းက တန်ဖိုးကြီး နှင်းဆီဖြူနှစ်ပွင့်ကို ပြေး၍ မြင်ယောင်မိသည်။ တချို့လူတွေက 'ဘယ်ခွေးမှ လူမထင်ဘူး' ဆိုသည့် အရွဲ့စကား၊ အရွတ်စကားတွေ ပြောတတ်ကြသည်။ ဂျူဂျူးကတော့ သူ့ကိုယ်သူ ခွေးလို့မထင်မှတ်ဘူးတဲ့။ ခွေးတစ်ကောင်က သူ့ကိုယ်သူ ခွေးလို့ မထင်မှတ်လောက်သည့် အထိ အသိဉာဏ်ရော ရှိရဲ့လား။ ဒါလည်း ထည့်သွင်းစဉ်းစားစရာ အချက်ပင်။ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် အရေးပေးလျှင်တော့ အရာဝင်သည့်စိတ်ဝင်တတ်ကြသည်။ ဒီခွေးပုလေးကလည်း သူ့သခင်က အရေးပေးထားတာမို့ အရာဝင်နေခြင်းဖြစ်မည်။ သဘာဝကျကျ စဉ်းစားမည်ဆိုလျှင်တော့ မိဖြူဆိုသည့် ကောင်မလေးပြောသလို ဂျူဂျူးက ခွေးကို အရမ်းမုန်းတယ်ဆိုသည့် စကားက ဒီကလေးတွေကပင်လျှင် ဂျူဂျူးကို ခွေးတစ်ကောင်အဖြစ် မမြင်မိခြင်းပင် ဖြစ်သည်။ ခွေးက ဘယ်ခွေးမျိုးပဲဖြစ်ဖြစ် တစ်ဖက်သားကို ရန်လို၊ ရန်ပြုချင်ကြသည်။ ခွေးခွေးချင်းတွေ့လျှင် ရန်ပြုတတ်တာက ခွေး၏သဘာဝအတိုင်းသာဖြစ်သည်။ ဂျူဂျူးအမည်ရှိ ခွေးကလေးက အခြားခွေးတွေကို ရန်လိုမုန်းတီးတာသည် ခွေးတို့၏ ဖြစ်ရိုးဖြစ်စဉ် သဘောသာဖြစ်သည်။ ဒါပေမဲ့ ပိုင်ရှင်သူဌေး အရေးပေးထားလေတော့လည်း ပိုင်ရှင်၏စကားက လွှမ်းမိုးထားတာမို့ ဂျူဂျူးက သူ့ကိုယ်သူ ခွေးလို့ မထင်ဘူးဆိုတော့လည်း ဝန်ထမ်းတွေပါ အတည်ပြုပေးရဟန်တူသည်။

ကိုလူပို ခွေးအကြောင်းပြောပါများတော့ သူ့ဇနီးကပင် နားကြားပြင်းကတ်လာသည်။

'ကိုလူပို၊ ရှင် ခွေးစကားတွေချည်း ပြောနေတော့မှာလား'

'ခွေးအကြောင်းလို့တော့ လုပ်ပါမိန်းမရာ၊ မင်းပြောပုံက ငါတောင် ခွေးဖြစ်နေပြီ'

ကိုလူပိုက တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူ ဖြစ်သည်။ ကိုယ်ပိုင်ခြံ၊ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားစီးနိုင်တာမျိုး ရှိသည်။ ဒါပေမဲ့ ကိုယ်ပိုင်ခွေးတော့ မရှိချေ။ ခွေးလေခွေးလွင့် အပါအဝင် ခွေးနှင့် အခြားတိရစ္ဆာန်တွေကို အစားအစာ ခွန့်ကြဲကျွေးမွေးတာမျိုးတော့ လုပ်ဖြစ်သည်။ ခွေးကို ချစ်၍ မုန်း၍ မဟုတ်ချေ။ ဘာသိဘာသာနေရင်း ခွေး မမွေးဖြစ်တာဖြစ်သည်။ အကြွင်းအကျန်ကို လာရောက်စားသောက်ရင်း ခြံထဲမှာ တည်းခိုပြီး ကလေးမွေးသော အလုပ်ကို ပြုလုပ်သွားသည့် ခွေးမတစ်ကောင်တော့ ကြုံဖူးသည်။ အိမ်မှာရှိတုန်းကတော့ သီးသန့်အချိန်မပေးနိုင်ပေမဲ့ ကြုံရင်တော့ ကြုံသလို ကျွေးမွေးကြသည်။ နောက်တော့ မိသားစုလိုက် ဘယ်ကို ပြောင်းရွှေ့သွားကြသည်လဲ မသိတော့ပါ။ တကယ်ကို ခွေးလေးတွေလာရင်လည်း ခွေးကို ဂရုတစိုက်မရှိတဲ့အတွက် ကိုလူပို မှတ်မိမယ်မထင်ပါ။

အလုပ်အပ်နှံထားရာတွင် ချိန်းဆိုသောနေ့ကို ရောက်ရှိလာပြီဖြစ်သည့်အတွက် ကိုလူပို ပစ္စည်းယူငွေရှင်းရန်အတွက် အိမ်က ထွက်ခဲ့သည်။ ညှိခန်းကနေဖြတ်ပြီး မန်နေဂျာ၏ ရုံးခန်းဆီသွားတော့ ဂျူဂျူး၊ မိဖြူ မိညိုတို့ကို မတွေ့ရချေ။

ငွေပေးချေပြီးတာနှင့် ကိုလူပို၏ကားပေါ်သို့ ဝန်ထမ်းများက ပစ္စည်းတွေကို စစ်ဆေးပြီး တင်နေသည်။ ပစ္စည်းအားလုံး စုံပြီဖြစ်သည့်အတွက် ကိုလူပို ကားမောင်းပြီး ပြန်အထွက်မှာ ခြံနားက ပန်းပင်တွေကြားထဲမှာ မိဖြူနှင့် ဂျူဂျူး ပြေးတမ်းလိုက်တမ်း ဆော့ကစားနေကြသည်။ ဆော့ကစားရင်း မိဖြူက ခြံတံခါး လာဖွင့်ပေးသည်။ ဂျူဂျူးပါ ပါလာသည်။ ခြံဝတွင် 'ခွေး ခွေး ခွေး' ဆိုသည့် အသံကြားတာနှင့် ဂျူဂျူးက ထွက်ပြေးသွားသည်။ မိဖြူက နောက်ကလိုက်ပြီး ဂျူဂျူးကို ပြေး၍ ပွေ့ချီလိုက်သည်။ ခွေး ခွေး နှင့် အသံကြားရတာက ခွေးအစစ် မဟုတ်ပါ။ ခွေးအတုလည်း မဟုတ်ပါ။ အရုပ်ခွေးလည်း မဟုတ်ပါ။ လူနှစ်ယောက် စကားပြောနေရာမှ 'ခွေး' ဆိုသော စကားသံပါလာ၍ ဂျူဂျူးက ခွေးကိုလိုက်လံရှာဖွေခြင်း ဖြစ်သည်။ ကိုလူပိုက ကားစက်သတ်ပြီး ကြည့်လိုက်တော့ အသက် ၅၀ ကျော် အမျိုးသားကြီးတစ်ယောက်က လူလတ်ပိုင်း အသက် ၃၀ ဝန်းကျင် လူတစ်ယောက်နှင့် စကားများနေကြခြင်းဖြစ်သည်။ ခွေမျိုးတော်စပ်ပုံနှင့် မည်သို့မည်ပုံ ပတ်သက်နေတာကို မသိရချေ။ သို့သော် လူကြီးက အသက် ၃၀ အရွယ် လူတစ်ယောက်ကို 'ဆန်ကောလောက်မှ စောက်မနက်၊ ခွေးထက်မိုက်တဲ့ကောင်' လို့ လက်ညှိုးထိုးပြီး ပြောဆိုနေတော့ မိဖြူပွေ့ချီထားပြီးလှည့်အထွက်မှာ ဂျူဂျူးက လက်ညှိုးညွှန်းဆို အပြောခံနေရသူအား တစ်ရှိန်ထိုးဟောင်သည်။ မုန်းမုန်းတီးတီး အာခေါင်ခြစ်၍ ဟောင်ရင်း မိဖြူပွေ့ချီရာသို့ ဂျူဂျူး လိုက်ပါသွားသည်။ ခက်တာက ခွေးက ခွေးလောက်သာ အသိဉာဏ်ရှိပေမည်။ ဒီခွေးပုမလေး ဂျူဂျူးက သူ့ကိုယ်သူ ခွေးအဖြစ် အသိအမှတ် မပြုတာက အရေးမကြီးပါ။ အခုဟာ မဆင်မခြင် ပြောဆိုနေသော တစ်ဖက်၏ စကားကြောင့် အပြောခံရသူကို ဂျူဂျူးက ခွေးအမှတ်နှင့် ခါးသီးမုန်းတီး မှတ်သားတော့မှာ သေချာသည်။

■

မိုသျှင်

www.burmeseclassic.com

# ရေခဲပန်းပု

**ပန်းရိပ်မြူ**



လူတိုင်း
လူတိုင်းမှာ
ငယ်ဘဝပုံရိပ်၏
သူ့ရဲ့ကောင်းများ
ရှိခဲ့ဖူးလိမ့်မည်။ ကျွန်မ၏
ငယ်ဘဝသူ့ရဲ့ကောင်း
ကတော့ ကျွန်မ တစ်ခါမှ
မမြင်ဖူးသော၊
စိတ်မျက်စိနှင့်သာ
ပုံဖော်ခဲ့ရသော ကျွန်မ၏
ဦးလေးဖြစ်သည်။
သူ့နာမည်က
ဗိုလ်ညိုထွေးတဲ့။
ဗိုလ်ညိုထွေး
ဆိုသောနာမည်ကို ကျွန်မ
ဘယ်အရွယ်ကစပြီးတော့
ကြားဖူးသည်လဲတော့
ကျွန်မ မမှတ်မိတော့ပါ။
ကျွန်မ မှတ်မိသော
အချိန်မှာတော့
ဦးဦးသည်
ကျွန်မ၏
ဟီးရိုးတစ်ဦး
အဖြစ် ရင်ထဲကို
စိမ့်ဝင်မှန်းမသိ
ဝင်နေခဲ့ပြီးပြီ။
ထိုခေတ်
ထိုအချိန်က
မိသားစု
အချင်းချင်းသာ
တီးတိုး စကား
ဆိုကြရသော
ကျွန်မဦးလေး၏
အကြောင်းသည်
ကလေးပီပီ
ကျွန်မမျက်စိထဲ၌
လျှို့ဝှက်စွာ
ခမ်းနားနေခဲ့ပါသည်။
ဦးဦးအကြောင်း
ပြောတိုင်း
စီးမျောဖြတ်
ပြေးသွား
တတ်သော



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့ မျက်နှာပေါ်က အဓိပ္ပာယ်ဖော်ရန်ခက်သော အရိပ်ကိုက အုံ့သြချင်စရာပါပဲ။ ဖေဖေ ပြောပြတတ်သော ဦးဦးပုံပြင်သည် ကျွန်မအတွက်တော့ ဘယ်တော့မှ မရိုးနိုင်သော ပုံပြင်ဖြစ်ခဲ့၏။ ဦးဦးပုံပြင်ထဲမှတစ်ဆင့် ကျွန်မသည် လွမ်းစရာကို သင်ယူခဲ့သည်။ နာကျင်စရာကို သင်ယူခဲ့ရသည်။ မတရားမှုဆိုတာကို ကျွန်မ တိုင်းနိုင်သော ပြဒါးမှတ်တိုင်လေးဖြင့် မမီမကမ်း ခြေဖျားထောက်ကာ ကြီးကြီးကျယ်ကျယ်နှင့် တိုင်းတာတတ်လာခဲ့ရ၏။ သတ္တိဆိုသော စကားလုံးကို အစောဆုံး ကျွန်မ ကြားဖူးခဲ့ရတာလည်း အဲဒီဦးဦးပုံပြင်တွေထဲကပါပဲ။

သွေးမြင်လျှင် လန့်ချင်သော၊ နာမှာကို ကြောက်တတ်လွန်းသော ကျွန်မသည် ပေသော၊ တေသော၊ ဆော့ကစားလွန်းသည်ဆိုသော ဦးဦး၏ငယ်ဘဝ ရဲဝံ့မှုများကို အံ့သြအားကျခဲ့ရသည်။ ချော်လဲလို့ ဒူးလေးပွန်းသည်နှင့် မျက်ရည်များ ဝိုးဝိုးပေါက်ပေါက်ကျကာ၊ အရက်ပြန်ပုလင်းကို မြင်သည်နှင့် တက်မတတ် ချက်မတတ်ငိုတတ်သော ကျွန်မကို ဦးဦးပုံပြင်သည် အနည်းဆုံးတော့ အငိုတိတ်စေခဲ့သည်။

'သမီး ဦးဦးက ချော်လဲလို့ ဘယ်လောက်သွေးထွက်လို့ နာနာ ငိုတဲ့ကောင် မဟုတ်ဘူး။ တင်ချာထည့်မယ်ဆိုရင် ဖေဖေတို့ဆို စပ်လွန်းလို့ထွက်ပြေးနေရတဲ့အချိန်မှာ ငယ်ငယ်ကတည်းက ဒီကောင်က အနာဖြစ်ရင် တင်ချာထည့်မယ်ဆို

ကျွန်မကတော့ဖြင့်
မိုးရွာပြီးစ
ကောင်းကင်က
တိမ်တွေကို
ကြည့်ပြီးတော့
စိတ်ကူးနှင့်
အရုပ်ဖော်သလို
ဦးဦးကို
ပုံဖော်ကြည့်မိသည်
ဗန်းမော်တင်အောင်
စာအုပ်တွေဖတ်ရင်း၊
ချေဂွေဗားရား
ကြည့်ညို့ရင်း၊
ဒေါက်တာ
မြင့်မောင်ကို
အားကျရင်းဖြင့်ပင်
ဦးဦး
အတ္တုပ္ပတ္တိသည်
ကျွန်မစိတ်ကူးထဲ၌
ခမ်းနားချင်သလို
ခမ်းနား
နေခဲ့တော့သည်

ပြီးတော့ ခပ်တည်တည်နဲ့ လူကြီးကိုသွားပြောတဲ့ကောင်ကွ။ စပ်လည်း မျက်နှာတစ်ချက်မတွန့်ဘူး အောင့်ခံတာ'

ဖေဖေက ထိုသို့ပြောပြီး ကျွန်မ အနာပေါ်ကို အရက်ပြန်နှင့် ဖိသိပ်တိုင်း ကျွန်မက နာတာကို အရင်လို အော်ဟစ်မငိုယိုတော့ဘဲ အောင့်ခံတတ်ပြန်သည်။ ထိုသို့ပင် ရယ်စရာကောင်းလောက်အောင် ကျွန်မသည် သူရဲကောင်း ကိုးကွယ်သူဖြစ်ခဲ့၏။

ဖေဖေပြောပြသော ဦးဦးငယ်ဘဝပုံပြင်တွေထဲက ရယ်စရာကောင်းသလို၊ ကျွန်မစိတ်ထဲ စွဲထင်ကျန်ရစ်ခဲ့သော ဦးဦး ပေပုံကလည်း ပြန်တွေးမိတိုင်း ရယ်စရာပါပဲ။

'ဒီကောင်က ငယ်ငယ်ကတည်းက ပေတာကွ။ ဖေဖေတို့အမေ၊ သမီးတို့အဘွားကလည်း ကလေးတွေများတော့ ဘယ်ကြည့်နိုင်မလဲ။ အဲဒီနေ့က စာမေးပွဲဖြေမယ့်ညပေါ့။ တစ်တန်းလား မသိပါဘူး။ စာမေးပွဲဖြေမယ့်ညမှာမှ အမေက ဘာစိတ်ကူးပေါက်တယ် မသိပါဘူး။ ဒီကောင့်စာအုပ်ကို ယူလာခိုင်းတာ။ စာအုပ်တွေက တစ်အုပ်မှ မရှိတော့ဘူး။ ဘယ်ရောက်ကုန်လဲမေးတော့ သားစာတွေအကုန်ရလို့ စာရွက်တွေကို အီးကုန်းပစ်လိုက်ပြီတဲ့။ အဲဒီလိုကောင်'

အရယ်တစ်ဝက်၊ အလွမ်းတစ်ဝက်နှင့်ပြောသော ဖေဖေ့စကားမှာ ကျွန်မတို့ ရယ်မောရင်း ဦးဦး၏ ပေပုံ၊ တေပုံကို အံ့သြရပြန်သည်။ ဖေဖေ လွမ်းလွမ်းရှိတိုင်း ပြောတတ်သော ဦးဦးအကြောင်းများသည် ကျွန်မအတွက်ကတော့ ဟိုတစ်စ ဒီတစ်စနှင့် ဖလင်အပိုင်းပြတ်လေးများကို ဆက်ထားသော ရုပ်ရှင်နှင့်တူသည်။

တကယ့်လောကထဲမှ အဖြစ်ပျက်များဆိုသည်မှာ ဇာတ်ညွှန်းရုပ်ရှင်ထဲက အဖြစ်ပျက်တွေထက်ပင် တမင်ဇာတ်ဆန်အောင်လုပ်ထားရော့လေသလား။ ဦးဦး ထောင်က မထွက်လာခင်တစ်ရက်မှာပင် ဦးဦးအဖေ(ကျွန်မအဘိုး) ဆုံးသည်တဲ့လေ။ အဘိုး အသုဘချသည့် ရက်မှာပဲ

ဦးဦးအိမ်က ပျောက်သွားခဲ့ ... သည်။ ထိုအကြောင်းကို ... ပြောတိုင်းလိုလိုပင် ... အသံသည် နာကျင်မှုတို့ ... တုန်ယင်နေခဲ့ပါသည်။

အသုဘတစ်ဖက်နှ... အဘွားက သားပျော... အတွက် တငိုတည်း ငိုလို့... ဦးဦးကြောင့်ပင် အစိုးရအ... ထမ်း ဦးဦး၏အစ်ကိုန... ယောက် အလုပ်ပြုတ်ခဲ့ရသည်... ဗိုလ်ညို့တွေးဆိုသောနာမ... ထင်ရှားလာသည်နှင့်အမျှ ... ပေါ်မှ ဦးဦး၏ မိသားစုသ... ဘာလုပ်လုပ်၊ ဘာကိုင်ကို... အနှောင့်အယှက်များလာခဲ့... သည်။

'အစပိုင်းတော့ သမီး... ဦးဦးသတင်းကို ဖေဖေ... ကြားသေးတယ်ကွ။ သူ... တပ်တွေ ပျဉ်းမနားမှာရော... တော့ ဖေဖေတို့ အစ်ကိုဝ... တွဲ ကိုပုလုံးတို့ဆီကို မင်းဦးဦး... က ဝင်လည်သေးတယ်။ ... ဘက်ပေါ့ကွာ။ အို မင်း... ဦးဦးလည်ပြီးတော့ ဘာကြ... လိုက်မတုံး ကိုပုလုံးလည်... အဆွဲခံရတော့တာပဲ။ ... တွင်းနဲ့ ဆက်သွယ်မှုနဲ့ အလုပ်... ပြုတ် ထောင်ကျပေါ့။ ... ကတည်းက မင်းဦးဦး... အကြောင်းကို ဖေဖေတို့မကြား... ရတော့တာဘဲ။ သူ့ကြောင်... မြို့ပေါ်ကလူတွေ ဒုက္ခ... ကုန်တာမို့ကင်းကင်းနေတော့... တာနဲ့ တူပါရဲ့'

ဖေဖေ့မျက်ဝန်းထဲတွင် ... ထိုအကြောင်းကိုပြောတိုင်း ... နာကျင်မှုနှင့်အတူ နာကြည်း... တို့က ရောယှက်နေမြဲ။ ... ကြီးပြင်းခဲ့ရသော ... လျှောက်လုံးမှာတော့ ဦးဦး... သည် မိသားစု၏ လျှို့ဝှက်...

www.burmeseclassic.com

www.burmeseclassic.com

င်တွဲတစ်ခုသာ။ မြန်မာ့အသံက ပြတတ်သော ရုပ်ရှင်ကားတချို့မှ တောတွင်းသူပုန်ဆိုသူတွေကို ကြည့်ပြီးတော့ ကျွန်မသည် ဦးဦးကို သတိရနေတတ်ခဲ့သည်။ သေသည်လား၊ ရှင်သည်လားရယ်လို့ မသိ။ ဘယ်နားက ဘယ်အဖွဲ့တွေထဲသို့ ရောက်နေသည်လည်း မသိသော်လည်း စိတ်ကူးယဉ်တတ်သော ကျွန်မကတော့ဖြင့် မိုးရွာပြီးစ ကောင်းကင်က တိမ်တွေကိုကြည့်ပြီးတော့ စိတ်ကူးနှင့် အရုပ်ဖော်သလို ဦးဦးကို ပုံဖော်ကြည့်မိသည်။ ဗန်းမော်တင်အောင် စာအုပ်တွေဖတ်ရင်း၊ ချေဂွေဗားရားကြည့်ညိုရင်း၊ ဒေါက်တာမြင့်မောင်ကို အားကျရင်းဖြင့်ပင် ဦးဦး အတ္တုပ္ပတ္တိသည် ကျွန်မစိတ်ကူးထဲ၌ ခမ်းနားချင်သလို ခမ်းနားနေခဲ့တော့သည်။ ကျွန်မတို့ မမီလိုက်သော တက္ကသိုလ်သမဂ္ဂ၏ မြက်ကွက်လပ်ကိုငေးရင်း ဦးဦးကို ကျွန်မမျှော်သည်။ ဖြိုချလိုက်သော သမဂ္ဂအဆောက်အဦထဲက ကျွန်မ မကြည့်ဖူးသော ဦးနန်းဝေ၏ ပန်းချီကားများကို လွမ်းရင်းဖြင့် ဦးဦးကို ကျွန်မ တမ်းတမိသည်။ ထိုသို့ဖြင့်ပင် ကျွန်မ ကြီးပြင်းခဲ့ရပါသည်။ ထိုသို့ဖြင့်ပင် ကျွန်မ အလယ်တန်းကျောင်းသူ ဖြစ်ခဲ့ရသည်။ ထိုသို့ဖြင့်ပင် သုံးရွက်တည်းသာရှိသော ကျွန်မ မေမေ၏ ပိုက်ဆံအိတ်ထဲမှ တစ်ရာတန်လေးသည် ဖျက်သိမ်းသည့်အထဲပါသွားခဲ့သည်။ ထိုသို့ဖြင့်ပင် ပိုက်ဆံဆိုသည်မှာ သတင်းစာက ကြေညာချက် လက်မှတ်ကလေးတစ်ချက်

စီးပွားရေးလုပ်ဖို့
အတွက်
လုပ်ကွက်
လေးများကို
ချပေးသောအခါ
အရိုးတန်သူကို
အရိုး
အရွတ်တန်သူကို
အရွတ်
အပဲ့ရွဲ့ အစန
တန်သူက အပဲ့ရွဲ့၊
အသားတန်သူက
အသား စသဖြင့်
တောဘုရင်ကြီးများ
ဝိဝိ ဝေခွဲ ခွဲခြမ်းရေး
တော်တည့်မှန်ကန်
လွန်းလှသည်မို့
ငြိမ်းဖို့
လွယ်လွန်းသူ
မီးပွားစလေးသည်
သူထင်သလောက်
ခရီး
မပေါက်နိုင်ပြန်ပေ

အောက်မှာ စက္ကူစုတ်တစ်ရွက်လောက်တောင်မှ တန်ဖိုးမရှိ ဖြစ်သွားတတ်ကြောင်း နားလည်ခဲ့ရသည်။ ထိုသို့ဖြင့်ပင် ကျွန်မ မမီလိုက်သော ကျောင်းသားအရေးအခင်းကို မျက်ဝါးထင်ထင်မြင်ဖူးရလေပြီ။ သေနတ်သံဆိုသည်ကိုလည်း ကြားဖူးရပြီ။ ရှစ်လေးလုံးသည် ကျွန်မမုန်းသော ပါတီကိုဖြုတ်ချနိုင်ခဲ့၏။ ရွေးကောက်ပွဲတွင် အန်အယ်လ်ဒီ နိုင်လေသည်။ ကျွန်မသည် နိုင်ငံ၏ ရွှေရောင်လွှမ်းသော နေ့များကို စိတ်ကူးယဉ်ရင်းဖြင့် ဦးဦးကို လွမ်းနေခဲ့မိသည်။ တိုင်းပြည်ပြောင်းလဲလျှင်တော့ဖြင့် ဦးဦး ပြန်လာတော့မည်လေ။ သို့သော် တိုင်းပြည်ပြောင်းလဲတော့မည်၊ ဦးဦး ပြန်လာတော့မည်ဆိုသော မျှော်လင့်ချက်တို့သည် တကယ်တော့ ကျွန်မရဲ့ သဲနန်းတော်များသာ။ ကျွန်မတို့၏ မျှော်လင့်ခြင်းများသည် ရေထဲမှာ မြင်နေရသောလကို ရေပုံးနှင့် ခပ်ယူသလိုမျိုးသာပဲဆိုတာကို နောက်ကျနှာကျင်စွာ သိလိုက်ရသည်။ ထိုသို့ဖြင့် ကျွန်မမုန်းသော အာဏာရှင်စနစ်သည် အသွင်သစ်တစ်မျိုးဖြင့် ခမ်းနားထည်ဝါလာခဲ့ပါသည်။

ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးဆိုသော ခေတ်ထဲမှာ တစ်ခေတ်တစ်ခါက မမြင်ဖူးခဲ့ဘူးသော ခေတ်သစ်ဇောတိကများကို အံ့သြတကြီးဖြင့် ကျွန်မတို့ မြင်ဖူးလာကြရသည်။ နှစ်ရှည်ပိတ်ထားသော ကျောင်းပိတ်ရက်များစွာသည် ကျွန်မတို့၏မျှော်လင့်ချက်တွေကို လက်အန်သေစေနိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၏ နောက်ဆုံးနေ့များကို အံကြိတ်ငြင်းဆန်ရင်းဖြင့်ပင် တက္ကသိုလ်အသစ်များစွာနှင့် တံတားအစင်းပေါင်းများစွာပေါ်ထွန်းလာသောနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုကြီးများကို အံ့မခန်းမြင်ရလေပြီ။ ဟိုမှာ ဒီမှာပေါ်လာသော မြို့သစ်များထဲမှာ လူတို့သည်လည်းတည်သောမြို့နှင့်အတူ စိတ်ပိုင်း၊ ရုပ်ပိုင်းတို့ လက်ပန်းမကျရအောင် ရုန်းကန်ကြရပြီ။ ထိုသို့ဖြင့် ရဲရဲတောက်နေသော မီးခဲကို ဖုံးချလိုက်သော ပြာများစွာထဲမှာ ဦးဦးဇာတ်လမ်းသည်လည်း ပြာတစ်မှုန်စအဖြစ် အသက်ဝင်လာခဲ့ပါသည်။

❑

ဦးဦးရောက်လာသည့်နေ့က မိုးတွေ သဲသဲမဲမဲ ရွာနေခဲ့တာကို ကျွန်မ မှတ်မိနေသေးသည်။ ဦးဦးဆိုတာကို တွေ့ရဖို့အတွက် ကျွန်မက တစ်မနက်လုံး စိတ်တွေစောလို့။ ပြတင်းမှန်ကို ရိုက်ခတ်နေသော မိုးစက်မှုန်စများကြောင့် ပါး၍ ပါး၍သွားသော မှန်ကို လက်ဝါးနှင့်ပွတ်သုတ်ကာ ဦးဦးလာမည့်လမ်းကို မျှော်နေခဲ့ပါသည်။

'အမျိုးတွေ အကုန်မသိစေနဲ့။ ကျွန်တော် လူတွေအများကြီးနဲ့ မတွေ့ချင်သေးဘူး' ဆိုသော ဦးဦး၏ အမှာစကားကြောင့် ကျွန်မတို့အိမ်တွင် ကျွန်မတို့မိသားစုသာ ရှိနေခဲ့၏။ ကျွန်မသာဆိုလျှင်ဖြင့် နှစ်ပေါင်း ငါးဆယ်လောက်နီးနီး ခွဲခွာခဲ့ရသော ကိုယ့်သွေးမျိုး၊ မိသားစုများနှင့် စုံစုံလင်လင် တွေ့ချင်မှာပဲဟု တွေးရင်း စိမ်းသက်လွန်းသော အမှာစကားကို အံ့သြနေခဲ့မိ၏။ လမ်းသွားလမ်းလာ ရှင်းလွန်းသော ကျွန်မတို့အိမ်ရှေ့မှာ တက္ကစီတစ်စီး ထိုးဆိုက်လာသည့်အခါမှာတော့ ကျွန်မတို့ တစ်မိသားစုလုံး စိတ်လှုပ်ရှားတုန်ယင်စွာနှင့် ထရပ်လိုက်မိကြသည်။

ဦးဦး လာပြီလေ။ ကျွန်မတို့ဆီ ဦးဦး ပြန်လာလေပြီ။

ဆယ့်ကိုးနှစ်သားကတည်းက အိမ်က ထွက်သွားသောညီကို တွေ့ဖို့အတွက် လှုပ်ရှားနေသောစိတ်ကို မပိ

www.burmeseclassic.com

မရိ ထိန်းသိမ်းကာ အဖေက တည်ငြိမ်ဟန် ဆောင်ရင်း အိမ်ရှေ့ကို ထွက်ကြိုသည်။ ကားတံခါးအဖွင့်မှာ ပထမဆုံး ကျွန်မမြင်ရသည်က လက်တွန်းလှည်းအိတ်ကလေး တစ်လုံး။ ပြီးသည့်အခါမှာတော့ ကျွန်မအဖေနှင့် ရုပ်ချင်းတော်တော် ဆင်သော၊ အနောက်တိုင်းဝတ်စုံကို ခမ်းနားသပ်ရပ်စွာ ဝတ်ထားသော လူကြီးတစ်ယောက်။ ထိုလူက တက္ကစီပေါ်ကနေ တည်ငြိမ်ငြိမ်သက်စွာ ဆင်းလာခဲ့ပါသည်။

ကျွန်မသည် ကျွန်မ ထင်သည်ထက် ခမ်းနားလွန်းနေသော ဦးဦးကိုကြည့်ကာ အံ့သြချင်နေခဲ့သည်။ လည်ပင်းမှာ နက်ခ်ကိုင်လည်စည်းနှင့်၊ ကုတ်အင်္ကျီနှင့်၊ ဘောင်းဘီအကောင်းစားနှင့်။ ကျွန်မ မျက်စိထဲမှာ ပုံဖော်မြင်ကြည့်ထားသော ဦးဦးနှင့်တော့ အကွာကြီး ကွာလှလေသည်။

ဦးဦးက ကျွန်မတို့ ညီအစ်မတွေကို ခင်မင်ရင်းနှီးစွာဖြင့်ပင် နှုတ်ဆက်ပါသည်။ ပြောင်းလဲလာသော အိမ်၊ ပြောင်းလဲလာသော လူများ၊ ပြောင်းလဲလာသော နိုင်ငံ၊ ပြောင်းလဲလာသော အခင်းအကျင်းများ အားလုံးသည် ဦးဦးအတွက်တော့ အံ့သြမှင်တက်စရာတွေချည်းသာ။ ဘတ်စ်ကားတွေ ကျပ်လာတာကို ဦးဦး အံ့သြသည်။ ရန်ကုန်မြို့မှာ လူတွေ များလာတာကို ဦးဦးအံ့သြသည်။ လူတွေ၏ အသားအရေတွေ မွဲခြောက်လာတာ၊ လူအများစု ပိန်ပိန်သေးသေးလေးတွေ ဖြစ်နေကြတာကိုကြည့်ကာ ဦးဦးက အံ့သြလေသည်။

နိုင်ငံရေး
ဆိုတာ
ကစားကွက်ရယ်လို့
ထင်သလား
ငွေလမ်းခင်းရမယ့်
လမ်းရယ်လို့ပဲ
ထင်သလား
ကျွန်မ
မသိတော့ပါ
သူ
နှမြောတတ်မည်
ဆိုရင်ဖြင့်
ကျွန်မရင်ထဲက
သူ့ရဲ့ကောင်းကို
သူ
နှမြောဖို့
ကောင်းသည်

ထိုအချိန်က ကျွန်မ မရောက်ဖူးသေးသော ဦးဦး နေခဲ့သော အိမ်နီးချင်းတိုင်းပြည်၏ခမ်းနားမှုများအကြောင်းကို ဦးဦးက ကျွန်မတို့ညီအစ်မတွေကို ဗဟုသုတဖြစ်ဖွယ် အဖြစ်ပြောပါသည်။ ဦးဦးထံမှ ကျွန်မ ကြားရမည်ဟု ထင်ထားသော၊ မျှော်လင့်ထားသောအကြောင်းအရာများ အစား ကျွန်မ တွေးထင်မထားမိသော အကြောင်းအရာများကိုသာ ကြားလာရသောအခါ ကျွန်မသည် ဘာကို ဝမ်းနည်းမိမှန်း မသိဘဲ ဝမ်းနည်းလာသည်။

ဦးဦးက ဗေဒင်ယုံသည်တဲ့။ လူကိုတော့ မယုံဟု ဆိုသည်။ မမြင်ရသော အရာများကို ယုံ၍ ကြောက်ပြီး၊ မြင်ရသောအရာများကို မယုံ၍ မကြောက်သော လူသားမန်တို့ထဲတွင် သတ္တိရှိလှပါသည်ဟု တစ်လျှောက်လုံး ကျွန်မ ထင်ခဲ့မိသော ကျွန်မ ဟီးရိုး ဦးဦးလည်း ပါသည်ကို အံ့သြမိရပြန်၏။ ဦးဦးအိတ်ထဲမှ ထွက်လာသော အဆောင်လက်ဖွဲ့အချို့ကို ကြည့်ကာ ကျွန်မက စိတ်ပျက်ဝမ်းနည်းမိရသည်။

'ဒီအဆောင်က သိပ်စွမ်းတာကွ။ ဒီလောက်သေနတ်တွေ တဒိုင်းဒိုင်းကြားမှာ မသေဘဲနဲ့ လွတ်လာတာ ဒီအဆောင်ကြောင့်ပေါ့။ ဒါ ယိုးဒယားဘုန်းကြီးပေးတဲ့ အဆောင်လေ။ သိပ်စွမ်းတာ'

ကျွန်မ၏ အစ်မတော် တစ်ယောက်က ဦးဦး၏ အဆောင်လက်ဖွဲ့များနှင့် အလုပ်ရှုပ်ဆဲ ကျွန်မကတော့ လှုပ်ယှမ်းနေသော အဝေးက သစ်ပင်တို့ကို ငေးကာ ပျံသန်းသွားသော ငှက်ကလေး တစ်ကောင်ကို လိုက်ရှာနေမိတတ်သည်။ ထိုအခါ သစ်ကိုင်းလှုပ်တိုင်း ငှက်ကလေး နားသွားသည်၊ ပျံသွားသည်ဟု ထင်တတ်သော ကိုယ့်ကိုယ်ကိုသာ အပြစ်ဆိုကာ လေတိုက်တာကို မေ့လျော့နေတတ်မြဲဖြစ်သည့် ကျွန်မ၏ ဉာဏ်ဆိုးကို မပီမသ ဆဲရေးမိပြန်သည်။

'ဒီငါ့ထက တကယ်ကို ယုံယုံကြည်ကြည်နဲ့ ရွတ်။ တစ်လပြည့်တာနဲ့ တကယ်ကို လိုချင်တာ ဖြစ်တာ... ဦးဦးကိုယ်တွေ့ကွ'လို့ ဦးဦးက ဆိုဆဲ။ ဗေဒင်တ... ဘိုးတော်တကာဆီသွား... ဦးဦးက အားသန်ဆဲမှာ... တကယ်မြင်နေရသော ဦးဦး ပုံရိပ်အစစ်အောက်မှာ ကျွန်... ၏ဟီးရိုးသည် တစ်စ... အရည်ပျော်လာခဲ့ပြီ။

အရှင်မွေး နေ့ချင်း... သောခေတ်ပေမို့ နေ့ချင်း... စေဖို့အတွက် အရှင် ... မွေးချင်အောင်လို့လုပ်ဖို့အ... ဦးဦးကြိုးစားလာသော... မှာကား ကျွန်မသည်း... ခြင်းတို့ ကုန်လေပြီ။

'နိုင်ငံရေးဆိုတာ... ခေတ်ရှိတော့တာ မဟုတ်... အစ်ကိုရဲ့။ ပိုက်ဆံက အ... ကြီးလာပြီ။ တိုင်းပြည်... လဲလာလို့ ရွေးကောက်ပွဲ... မယ်ဟော့ဆိုလည်း ပိုက်ဆံ... မှာ'

ထိုသို့ဖြင့်ပင် ဦးဦးသ... သူမွေးလိုသော အရှင်ကို... ရေး မလုပ်တော့ပါ၊ စီး... ရေးပဲ လုပ်ပါတော့မည်... အကြောင်းကြားလေသည်... ပြာအုပ်လိုက်ရုံဖြင့် ငြိမ်း... သည်မို့ မီးခဲမဟုတ်ဘဲ မီး... စလေးသာဟု သူတို့သိ... ပေါ့။ စီးပွားရေးလုပ်... အတွက် လုပ်ကွက်လေး... ကို ချပေးသောအခါ အ... တန်သူကို အရိုး၊ အရွတ်... သူကို အရွတ်၊ အပုံရှိ အ... တန်သူက အပုံရှိ၊ အသား... တန်သူက အသား စသ... တော့ဘုရင်ကြီးများပီပီ ... ခွဲခြမ်းရေး တော်တည့်မှန်... လွန်းလှသည်မို့ ငြိမ်းဖို့ ... လွန်းသူ မီးပွားစလေးသည် သူ ထင်သလောက် ခရီး...



www.burmeseclassic.com

www.burmeseclassic.com

ပေါက်နိုင်ပြန်ပေ။ ထိုအခါ ကျွန်မ ဟီးရိုးသည် ပုတီးကို စိပ်လာတော့သည်။ ဘုရား န်းများပိုကပ်လာသည်။ ရေ မ်းမှန်မှန်လဲကာ ကပ်ထား သော ရေချမ်း၊ ပန်းများ အတွက် ပြန်ပြီး အလျော် ဆောင်းသလို မြတ်စွာဘုရား ကို တတွတ်တွတ်ဖြင့် ပူဆာ လေသည်။

ထိုတစ်လောမှာပင် သစ် ါမစ်ဆိုသော အသံကို ဦးဦး ထံမှ ကြားလာရလေသည်။ အိမ်နီးချင်းနိုင်ငံမှ အဝယ် တော်ဆိုသူတို့နှင့် ဆက်သွယ် ကာ အလုပ်ရှုပ်၍လည်း နေ ပြန်သည်။ တစ်နေ့ တစ်နေ့ သူ့စိတ်ကူးဖြင့် တွက်ချက်နေ သော အနာဂတ်တစ်ကိုယ်စာ ကောင်းစားရေး လမ်းစဉ်ကြီး ကို ကျွန်မ ကြောက်ရွံ့စိတ် ျက်၍လာသည်။ သူ၏ စိတ်ကူးထဲမှ ပိုက်ဆံပုံကြီး သည် သိပ်ကိုမှ ကြီးလာလေ ပြီဟု ထင်သော ခဏာ၌ ကျွန်မ တို့အိမ်မှ သူဆင်းဖို့ ကြံလေ သည်။ ဘယ်သူမှလည်း တောင်းရမ်းရပါဘဲနှင့်၊ ပိုက် ဆံရယ်လို့လည်း မမြင်ရသေး ဘဲနှင့် ဘယ်သူ့ကိုမှ မပေး င်ပါဘူးရယ်လို့ ပြောတာကို ဖေဖေက သူ့ကို စော်ကား သည်ဟု ထင်သည်။ ညီ အစ်ကိုသံယောဇဉ်ဆိုတာကို ဖြက်ရယ်ပြုခံရသည်မို့ နာ ကျင်စွာဖြင့် ဖေဖေကတောက် ခေါက်သည်။ မမကြီးက ကြောက်လန့်တကြားငိုသည်။ ကျွန်မကတော့ ပုံပျက်ရွဲ့ ဆင်းနေပြီဖြစ်သော ကျွန်မ ထဲက ဟီးရိုးကို နှမြော နည်းနေမိသည်။

'ဒီကောင့်ကို ငါခေါ် တာ သိပ်မှားတာပဲ'ဟု ဆို ဆဲ…။ ဆယ့်ကိုးနှစ်သားလို မဖြူစင်နိုင်တော့သော၊ နိုင်ငံ ချစ်စိတ်ကလွဲလျှင် အရာ တော်တော်များများကို သင်ယူ နိုင်ခွင့်ရှိသော၊ အားကျနိုင် ခွင့်ရှိသော ပြည်ပမှာ နှစ် ပေါင်းများစွာ ဘာတွေကို ဘယ်လိုဖြတ်သန်း၍၊ ဘာ တွေကို ဘယ်လို သင်ယူလာ မှန်းမသိသော လူတစ်ယောက် ကို ကျွန်မတို့၏သွေးဆိုတာ တစ်ခုတည်းနှင့် ယုံကြည် မိသော ကိုယ့်ကိုယ်ကိုသာ ရှက်ရွံ့မိလေသည်။

ကျွန်မ၏ သူ့ရဲကောင်း ပုံပြင်ထဲမှ ဟီးရိုးသည် ပါးလှပ်နေသော ပါးစပ်ထဲမှ သကြားလုံးစလေးလောက် သာကျန်တော့သည်လေ။ တစ်ချက်လောက် ထပ်ပြီး တော့ စုပ်လိုက်ရင်ပဲ ဘာမှကို မကျန်တော့အောင် ပျော်ကျ သွားတော့မည်မို့ ကျွန်မက ဝမ်းနည်းနမြောဆဲ…။ ကျွန်မ မသိလိုက်ခင်မှာပင် အမှုန်စလေးတစ်စတောင် မကျန်ရအောင် အရည်ပျော်ခဲ့ လေပြီပဲ။

'ဦးဦး ကျွန်မတို့ဆီ မလာခဲ့ရင် ကောင်းမှာ…'

ကျွန်မက ထိုသို့ဆိုတော့ ဖေဖေက အံ့သြဟန်ဖြင့် မော့ ကြည့်သည်။ ကျွန်မမျက်နှာ မှာ နာကြည်းရိပ်တို့ ရှိနေမှာ မဟုတ်မှန်း ဖေဖေ သိပါလိမ့် မည်။ နှမြောစိတ်သည်သာ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ဆဲ…၊ တကယ်တော့… ကျွန်မ နည်းနည်းလေးသာ ဒီထက်ပို ကံကောင်းခဲ့မည်ဆိုလျှင်ဖြင့်…

ဦးဦး မသေဘဲ ကျွန်မ တို့ဆီ ပြန်လာမည့်အစား 'ဦးဦး သေသွားခဲ့ပြီ'ဆိုသော သတင်းစကားလေးတစ်ခွန်းက တစ်သက်လုံး ရင်ထဲက သူ့ရဲ ကောင်းအတွက် ဝမ်းသာ ဂုဏ်ယူစေဖို့ ကျွန်မဆီ ရောက် လာခဲ့မည်ပေါ့။ ကျွန်မသည် ရင်ထဲက သူ့ရဲကောင်း၏ ရှာပနပွဲကို စိမ်ပြေနပြေ ထိုင် ကြည့်နေရပြီ။

အခုတော့ဖြင့် ထောင် ကျဖူးသည်၊ တောခိုဖူးသည် ဆိုသော စကားကို လျှို့ဝှက် စွာ တီးတိုးပြောစရာ မလို တော့ပြီရယ်မို့ ဂုဏ်တစ်ခု အနေနှင့် ဆိုဝံ့ဆိုရဲပြီ။ လျှို့ ဝှက်စွာ တီးတိုးဆိုခဲ့ရစဉ်က အရသာရှိခဲ့သော ကျွန်မဦးဦး အကြောင်းသည် အခုတော့ ကျွန်မအတွက် နှုတ်မြိန်စရာ စကားတစ်ခု မဟုတ်လေ တော့။ အချိုရည်သက်တမ်း ကုန်သွားသော ပီကေတစ်ခု လို ကျွန်မရင်ထဲက သူ့ရဲ ကောင်းပုံပြင်ကို ထွေးထုတ် ပစ်ခဲ့တာ ကြာပြီ။ ဦးဦး ဘာ လုပ်နေသလဲ။ ရွေးကောက်ပွဲ ဝင်ရန်အတွက် ပြင်ဆင်လေ သလား။ နိုင်ငံရေးဆိုတာ ကစားကွက်ရယ်လို့ ထင် သလား။ ငွေလမ်းခင်းရမယ့် လမ်းရယ်လို့ပဲ ထင်သလား။ ကျွန်မ မသိတော့ပါ။ သူ နှမြောတတ်မည်ဆိုရင်ဖြင့် ကျွန်မရင်ထဲက သူ့ရဲကောင်း ကို သူ နှမြောဖို့ ကောင်းသည် ဟုသာ တွေးမိဆဲ…။ တိုက် ခတ်သွားသော လေအလှုပ်မှာ ယိမ်းလှုပ်သွားတတ်သော သစ် ကိုင်းများပေါ်မှ…တစ်ကြိမ် တစ်ခါမှ မနားခဲ့ဖူးသော ငှက် များအကြောင်းကိုသာ ကျွန်မ တွေးနေမိလေသည်။ ■

**ပန်းရိပ်ဖြူ**


**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com


www.burmeseclassic.com

www.burmeseclassic.com




နိဗ္ဗာန်နဲ့
အပါယ်ငရဲ
ဆိုတာ
လမ်းကြောင်းတစ်ခုရဲ့
ဟိုဘက်ထိပ်နဲ့
ဒီဘက်ထိပ်ပါပဲ။
မိမိ
လျှောက်နေတဲ့
လမ်းပေါ်မှာပဲ
နိဗ္ဗာန်ကို
မျက်နှာမူလိုက်ရင်
အပါယ်ငရဲကို
ကျောခိုင်းပြီး
ဖြစ်သွားမယ်။
နိဗ္ဗာန်ကို
ကျောခိုင်းမိရင်တော့
အပါယ်ငရဲဆီ
မျက်နှာမူသွားမှာပေါ့

အကုသိုလ်က ဆားနဲ့တူတယ်၊ ကုသိုလ်က ရေနဲ့တူတယ်။
ဆားများပြီး ရေက နည်းရင်တော့ သောက်မရအောင် ငန်နေမယ်။
ရေက များသွားရင်တော့ မငန်နိုင်တော့ပါဘူး။

**ထွက်ပြီ**

---


ပင်ရင်းဖြန့်ချိရေး
**New Day Colour Separation**
အမှတ် ၁၄၈၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၀၁၄၃၇၊ ၂၉၈၆၄၂

www.burmeseclassic.com

www.burmeseclassic.com

ုပ်ကို'ကျွန်တော်နှင့် ပန်းချီဒီဇိုင်း' ဟု အမည်ပေးလိုက်ပြီး ဦးစွာပထမကျွန်တော့်အကြောင်းကို အရင်ချရေးမိတ်ဆက်ဖို့ ကြိုးစားမိပါတော့သည်။ လေးငါးမျက်နှာရလို့ ကြည့်သောအခါတွင်မူ... 'ကျွန်တော်' ဆိုသည်မှာဘာမှထူးထူးခြားခြားမဟုတ်သော သာမန်လူတစ်ယောက်သာဖြစ်နေပြီး...တကယ်ထူးခြားမည့်ကိစ္စမှာ နက်နဲခက်ခဲ ပြန့်လှသော ပန်းချီဒီဇိုင်းအလုပ်ကို ဆွဲကိုင်ဖမ်းဆုပ်ထားမိခြင်းကသာ ထူးခြားဆန်းပြားနေခြင်းဖြစ်ပေသည်။ ထို့ကြောင့် ထောက်ခံစာ နှင့် အလုပ်လျှောက်လွှာများတွင် င်းရသော **ကိုယ်ရေးအကျဉ်းချုပ်မျိုး** ကို တောင် ကျွန်တော် မရေးလိုတော့ပါ။ ပန်းချီဒီဇိုင်းအလုပ်ကသာ 'ကျွန်တော်'ဆိုသော လူ တစ် ယောက်ကို စိတ်ဝင်စား စရာ ခြင်းဖြစ်ပေမည်။ ထို့ကြောင့်ပန်းချီ ဒီဇိုင်း အတွေ့အကြုံများ ကိုသာ အပြေး အ လွှားရေးသား ဖို့ စိတ်ကူးမိ ပြန် ပါသည်။ ထိုသောအခါတွင်မှ... ပန်းချီဒီဇိုင်းအလုပ် ပြင်မှာ...ငုတ်ချီ... ပေါ်ချီ... ကူး ခတ် နေသော ကျွန်တော့်အား မြင်ကြရပါလိမ့်မည်။'ကျွန် တော်' သည် ဆန်းပြားစွာကခုန်တတ်သော ပန်းချီဒီဇိုင်းဝိညာဉ်တို့၏ စား ရာ...တရားခံ၊ 'ကျွန်တော်' သည် စဉ်ဆက်မပြတ်လှည့်စားနေသော...ပန်းချီဒီဇိုင်း အာရုံတို့တွင် ဝင်ရောက်မွေ့နှောက်...ကျက်စားခဲ့သည့် မျက်မြင်သက်သေ၊ တ တော့ 'ကျွန်တော်' ဆိုတာ ကျွန်တော့်ကို ကျွန်တော် တစ်စက်ကလေးမှ ဖမ်းဆုပ် ထားခြင်းငှာ မစွမ်းပါဘဲ အချက်အလက်များစွာဆန့်သော...'အနုပညာတွင်းနက် ရဲ့ ဆွဲစုပ်သွားခြင်းခံရလေ့ရှိသူတစ်ဦးသာဖြစ်ပါသည်။ စင်စစ် အနုပညာဆိုသည်မှာ အနုပညာသမားသွားသော အစ္ဆတ္တခရီးဖြစ်ပါသည်။ စာအုပ်များ၊သင်တန်းခန်းမများ၊

ူးဆောင်ဘွဲ့လက်မှတ်များတွင် ကိန်း များ၊ဖန်းချီပန်းပုရုပ်ပုံကားများစသည့် အစ္ဆတ္တခရီးပြန် လက်ဆောင်များ ခြေ င်းသီးသန့်သည်ကား ဤစာရွက်ပေါ် ရာမ'လူးဝစ်နယ်လ်ဗဆင်' ရဲ့ကိုယ်ရေး ိုင်ယာရီရှိမှာပေါ့။ ကျုပ်ကို ပေးဖတ်ပါ" ာ ငါ့ဘဝရဲ့ ဒိုင်ယာရီပါပဲ"တဲ့ "My တ်ဝေဖြစ်တဲ့မူလ ရည်ရွယ်ချက်က သိပ် ct မဂ္ဂဇင်းက ဒီဇိုင်းနဲ့ပတ်သက်တဲ့ တော့ အများဖတ်လို့ရမယ့် စာအုပ်တစ် ာ စတာပါပဲ။ တကယ်စုကြည့်တော့ တဲ့ လိုနေတဲ့ကွက်လပ်အတွက် ဖြည့်စွက် ာမိပြန်ပါသည်။ ■ ဒီစာအုပ်ထဲမှာ အ ဖြစ်သည့် ■ စာရွက်ပေါ်တွင် အခြေပြု အခြေပြုသော (Easel based) ■ ကွ d) အမျိုးအစားသုံးခုအနက်မှပြန်လည် ခြအနေ၏ လိုအပ်ချက်နှင့်ကိုက်ညီမည် သော ဒီဇိုင်း (Computer Graphic ကူးပါသည်။ ယနေ့ကွန်ပျူတာဂရပ်ဖစ် ပြီးလုပ်ငန်းအသီးသီး၌ လုပ်ကိုင်နေကြ ည်အသွေးကိုအနုပညာဆန်သော စိတ်ကူး ကြမည်ဟုကျွန်တော် ထင်ပါသည်။ အနု ည်းများ ဝင်လာသည်နှင့်တစ်ပြိုင်နက် ထို းနိုင်ဖို့ မဖြစ်မနေအရေးတကြီးလိုအပ်ပါ တစ်လုံးသည်လည်းကောင်း စုတ်တံတစ် လိမ့်မည်။ ပို၍လွယ်ကူ မြန်ဆန်စေရန်၊ ပေါင်းစပ်ထည့်သွင်းပေးနိုင်ခဲ့ခြင်းသာ ဦးချင်းစီ၌ပင် မတူကွဲပြားခြားနားလှစွာ ဆောင်နိုင်လိမ့်မည်မဟုတ်ပါ။ထို့ကြောင့် မော်ဝင်ပူးကပ် ထိစပ်စေရန်စာလိုလို၊က ွဲ့ထားခြင်းကိုတွေ့ရပါလိမ့်မည်။ ကျွန် ာ ပြန်လည်ခံစားရွေးချယ်တင်ပြ သွား ာပြန်သည် ဆိုရာ၌လည်း ပန်းချီဆရာ၏ ိုင်း ဖဲချပ်လှန်သလို လှန်လှောပြရန်မှာ ကား ွင်ဝါဒသရုပ်သကန်များအား စာ စကား ( Spo- ာ်ဘဲဝိညာဏ်သိဖြင့် အမိပ္ပါယ်ဖွင့်ဆိုထားသည့် သည် ပါသည်၊ကျွန်တော်၏ ပန်းချီသမားဘဝ




အောင်းနေသည့် အရာတော့ မဟုတ်ပါချေ။ သံစဉ် သင်မြင်နိုင်သောအရာများသည်ကားအနုပညာသ ရာများသာဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော့်အ တွင်ရှိမနေသင့်တော့ပါ။ အမေရိကန်မော်ဒန်ပန်း အတ္တပ္ပတ္တိရေးသူ အင်တာဗျူးမေးသူက "ခင်ဗျား ဆိုတော့... "ငါ့မှာ ဒိုင်ယာရီမရှိ၊ ငါ့ရဲ့အနုပညာ art is a Diary of my life." ဒီစာအုပ်ကို ရိုက် ပြီး ကြီးမားကျယ်ပြန့်တဲ့အတွေးနဲ့ မဟုတ်ခဲ့ပါ။ ကျွန်တော့်စာစုတွေကို စုထုတ်ချင်ကြောင်း ပြော အုပ်ဖြစ်အောင် ပြန်ပြုစုပေးပါမည်ဟု ကတိပေးခဲ့ ပေါ့ပျက်ပျက်တွေ ဖယ်ရင်းဖယ်ရင်း ပိုပြီးလေး ချက်မျိုးဖြစ်စေချင်တဲ့ ကျွဲကူးရေပါစိတ်စေတနာ မျိုး နှစ် ၃၀ ဖြတ်သန်းမှု ပန်းချီဒီဇိုင်းအတွေ့အကြုံ သော (Paper based) ■ သုံးချောင်းထောက်ပေါ် ပျူတာပေါ်တွင် အခြေပြုဖန်တီးသော (Screen ရှာဖွေစုဆောင်းတင်ပြရန် ဖြစ်နိုင်ခြေရှိသောခေတ် ဖြစ်သော ကွန်ပျူတာပေါ်တွင် အခြေပြုရေးဆွဲဖန် Design) ကိစ္စများကို သာလျှင် ရွေးချယ်သွားရန် ဒီဇိုင်းဆော့ဖ်ဝဲများကို ကျွမ်းကျွမ်း ကျင်ကျင်ကိုင် သော လူငယ်ဒီဇိုင်နာအများစုတွင် မိမိအလုပ်၏ စိတ်သန်းပေါင်းစပ်ပေးလိုသည့်ဆန္ဒများ မွတ်သိပ် ာလောကထဲသို့နည်းပညာအထောက်အကူပြု ည်းပညာကိုအနုပညာကဦးဆောင်ကိုင်တွယ် ဖော် သည် ကင်မရာတစ်လုံးသည်လည်းကောင်း၊ကွန်ပျူ ချောင်းအား စက်ခလုတ်တပ်ပေးထားရုံ နှင့်နှင်သာ ကရိကထနည်းစေရန်၊ စက်ဖြစ်အချက်အလက် ဖြစ်ပါလိမ့်မည်။ အသိဉာဏ်မြင့်မားလှသော လူ ပေါ်ပေါက်လေ့ရှိသည့်အနုပညာကိစ္စများကိုတော့ အနုပညာဆိုင်ရာကိစ္စများ အား အာရုံခံချဉ်းကပ်ရာ ဗျာလိုလို ခံစားမှုစာစုများဖြင့် လွတ်လပ်စွာသရုပ်ဖော် တော်ကိုယ်တိုင်ရှုးသွပ်စွာပူးဝင်ခဲ့သော ဒီဇိုင်းများ မည်ဖြစ်ပါသည်။ အချို့သောအကြောင်းအရာများကို ဆေးစက် စုတ်ချက် နှင့် စိတ်ခံစားမှု ဝေဒနာများ ကိုအရှိ ဘာသာစကားမရှိပါ၊ ထိုထိုသော (Visual Language) ken Leanguage) သို့ သညာသိနှင့် ဘာသာပြန်ရုံမ တိုင် လိုရင်း ရောက်လိမ့်မည်ကားမဟုတ် ဟု ကျွန်တော် အတွေ့အကြုံဖြင့် ပေါင်းစပ် ချဉ်းကပ်ကြိုးစား အားထုတ်

ခြင်းမျှသာဖြစ်ပါသည်၊ထို့ကြောင့်မိမိကိုယ်တိုင် လေ့လာပူးဝင် လုံးထွေး ကြည့်နိုင်ရန် အရေးကြီးသည့်စကားလုံးများ အား မူရင်းအတိုင်းထည့်ပေးထားပါသည်၊သင့်စိတ်ကနား လည်နိုင်စွမ်း ည်သာ အဓိကဖြစ်ပါမည်။ ဤစာအုပ်သည်...သင်ရိုးညွှန်းတမ်းတစ်ခုမဟုတ်ပါ။ အခြေခံမှစ၍ အစီအစဉ်အလိုက် ပျင်းစရာ'လက်ချာ' ရိုက်သွားမည့်စာအုပ်လည်းမဟုတ်ပါ ျွန်တော့်ပန်းချီဒီဇိုင်းတွေကိုကြားခံထားပြီး တစ်နည်းအားဖြင့် ကျွန်တော်ယက်လုပ်ဖွဲ့နှောင်ခဲ့သော ဝါးဖောင်များပေါ်တွင် ထိုင်ရင်း အနုပညာရေစီးကြောင်းထဲမှာ သင်နှင့် ူနိပ် စကားလက်ဆုံ စီးမျောသွားကြရုံသာ ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ သို့ရာတွင်... အမှန်တကယ်လေ့လာလိုက်စား လက်တွေ့လုပ်နေကြသော လူငယ်များအတွက်ယုံ ည်စိတ်ချစွာ(သို့မဟုတ်)လိုအပ်ပါကအားယူထောက်ကူလောက်စရာ စာအုပ်တစ်အုပ်လည်းဖြစ်စေရန် အလို့ငှာ လက်ရှိနိုင်ငံတကာပန်းချီဒီဇိုင်းတက္ကသိုလ်ကောလိပ် ချို့မှ ဆရာများကိုယ်တိုင်လက်ကိုင်အသုံးပြုနေသည့် Laurence King Publishing စာအုပ်တိုက်ထုတ် Alan Pipes ၏ ကွန်ပျူတာ ခေတ်အနုပညာရှင်များကို ရည် န်းသော Foundation of Art and Design စာအုပ်မှ ဒြပ်ခွဲပုံများ၊ အခန်းစဉ်များ၊ အယူအဆ မိတ်ဆက်စကားများ အတိုင်းကျမ်းကိုး ကြိုးစားစီစဉ်ထားပါကြောင်း။

www.burmeseclassic.com

# ရွှေသစ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၉၂၊ မတ်၊ ၂၀၁၄

ဒီလမှာတော့ စာမူအပုဒ် ၃၀ ကိုသာ ဖတ်ဖြစ်ခဲ့ပါတယ်။ အများအားဖြင့် အရေးအသားတိုးတက်မှုရှိတယ်ဆိုပေမဲ့ ပုံစံခွက်ထဲက မထွက်နိုင်သေးတာတော့ အမှန်ပါပဲ။ ဘာပဲဖြစ်ဖြစ် အရင်ထက်စာရင် စာမူတစ်ပုဒ်ကို သေသေချာချာ အားထုတ်ပြီး ရေးသားလာကြတာကို တွေ့ရတဲ့အတွက်ဝမ်းသာပါတယ်။

❑

**၁။ မချစ်တတ်ခဲ့သော်**
**မင်းညို့သျှင်**

အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး ရှည်လျားလွန်းနေပါတယ်။ ဆွဲဆောင်မှု အားနည်းကာ ထူးခြားမှုမရှိပါဘူး။

**၂။ သူစိမ်းတွေ**
**မင်းတုန်းမောင်စိမ်းလွင်**

ဆောင်းပါးဆန်တဲ့ အတွေးကို ဆောင်းပါးဆန်ဆန် ရေးထားတာမျိုးဖြစ်နေပါတယ်။ ဆောင်းပါးလိုလို၊ စာတမ်းလိုလို အရေးအသားမျိုးတွေလည်း ပါဝင်နေပါတယ်။ အထူးသဖြင့် ရသအားနည်းလှပါတယ်။

**၃။ ဖတဆိုးလေး၏ မာန**
**စန်းနေသော်(ပုပ္ပါး)**

စကားပြေ၊ စကားပြော ရောထွေးနေတဲ့စာမူဖြစ်ပါတယ်။ ဥပဒေသရယ်လို့ စာမူအဆုံးသတ်မှာ ကောက်နုတ်ပြသလိုတဲ့ စာမူမျိုးဖြစ်နေပါတယ်။ ဝတ္ထုဟာ စာဖတ်သူရဲ့ လိုက်ပါခံစားတွေးခေါ်နိုင်မှုနဲ့ ရသမြောက်အောင် ဖန်တီးဖို့လိုပါမယ်။ ကိုယ်ပြောချင်တာကို ဝတ္ထုဖြစ်အောင် ဖွတ်ဖန်တီးဖို့ မလိုပါဘူး။

**၄။ မိုးကောင်းကင်ကြီးလည်း အနီရောင်မပြောင်းပါ**

**၅။ ရေမန်း**

**၆။ ဘဲခေါင်းသန်းမောင်**

**၇။ ကျွန်တော်ဖြစ်ချင်သည့် စာရေးဆရာ**
**ဆွေဝင်းနီ(ပွင့်ဖြူ)**

လက်ရေးစိပ်လွန်းပြီး လှပသယောင်နဲ့ ရှုပ်ထွေးတဲ့အတွက် ဖတ်ရခက်တဲ့ စာမူများဖြစ်ပါတယ်။ အကြောင်းအရာ ရွေးချယ်ရာမှာ ရိုးစင်းသလို တင်ပြပုံဆွဲဆောင်မှု အားနည်းပါတယ်။ **မိုးကောင်းကင်ကြီးလည်း…**က ရွှေနှလုံးသားဖြစ်ပြီး ထူးခြားမှု မရှိပါဘူး။ ရေးနေကျ၊ တွေးနေကျ အချစ်ဝတ္ထုမျိုးသာဖြစ်ပါတယ်။ **ရေမန်း**နဲ့ **ဘဲခေါင်းသန်းမောင်** နှစ်ပုဒ်ကတော့ ဇာတ်ကောင်အားပြုရေးသားထားတဲ့ စာမူတွေဖြစ်ပါတယ်။ ဒါပေမဲ့ ဆွဲဆောင်မှု အားနည်းပြီး ရသလျော့ပါးနေပါတယ်။ **ကျွန်တော်ဖြစ်ချင်သည့် စာရေးဆရာ**က ရသစာတမ်းဖြစ်ပြီး ရိုးစင်းနေပါတယ်။ ရွှေအသစ်ကဏ္ဍက ဝတ္ထုတိုများကိုသာ ဖော်ပြပေးနေတဲ့ ကဏ္ဍဖြစ်ပါတယ်။

**၈။ မော်ဒန်သွပ်ဖက်ရှင်**
**ရွှေကိုယ်နတ်(UCSM)**

အတွေးရှိပေမဲ့ အရေးပိုင်းမှာ စာဖတ်သူကို သပ်သပ်ရပ်ရပ်နဲ့ တစ်ဆင့်ပြီးတစ်ဆင့် ဆွဲခေါ်သွားနိုင်အောင် မတတ်နိုင်ခဲ့တဲ့အတွက် အားနည်းသွားရတဲ့စာမူဖြစ်ပါတယ်။ ကြိုးစားပါဦး။

**၉။ ကလိန်ကလောက်**
**ယောနေခြည်**

အရေးအသား အားနည်းတဲ့အတွက် စာဖတ်သူကို ဆွဲခေါ်မသွားနိုင်ပါဘူး။ မြေးအဘွားသံယောဇဉ်ကို ရေးဖွဲ့လိုရင်းဖြစ်ပေမဲ့ အနုပညာအားနည်းတဲ့အတွက် လိုရင်းမရောက်ခဲ့ပါဘူး။

**၁၀။ ဆိုင်းဘုတ်တင်ထားတယ်**
**ငြိမ်းချမ်းဇော်**

စကားပြေ၊ စကားပြောရောနေပြီး အနုပညာအားနည်းနေပါတယ်။ ဇာတ်ကွက်အားပြုထားသလို တင်ပြပုံရိုးစင်းတဲ့အတွက် စာမူကောင်းဖြစ်မလာပါဘူး။

**၁၁။ ကြက်ကလေး**

**၁၂။ တိမ်ဖုံးသော်လည်း လရိပ်မညှို**

**၁၃။ ကမ်းစပ်ဝေးသော ရေလှိုင်းလေးများ**
**လွမ်းတတ်အောင်(ကလေး)**

စကားပြော၊ စကားပြော ရောထွေးနေတဲ့စာမူများဖြစ်ပါတယ်။ ရသပိုင်းအားနည်းပြီး စာဖတ်သူရဲ့စိတ်မျက်စိမှာ တွေးဆမြင်ယောင်လာနိုင်အောင် မဖွဲ့နွဲ့နိုင်ခဲ့ပါဘူး။ မေတ္တာတရားကို အခြေခံတဲ့စာမူများဖြစ်ပေမဲ့ အရေးအသားအားနည်းတဲ့အတွက် လိုရင်းမရောက်ခဲ့ပါဘူး။

**၁၄။ သင်းကွဲဇာတ်ကောင်**
**လင်းယုန်သစ်**

အရေးအသားပြေပြစ်ပေမဲ့ ဇာတ်ကောင်အားပြုထားတဲ့ စာမူတစ်ပုဒ်အနေနဲ့ ဇာတ်ကောင်စရိုက်ကို ပေါ်လွင်အောင် ရေးဖွဲ့ရာမှာ အားနည်းနေပါတယ်။ ဒါကြောင့် ဇာတ်ကွက်လည်း ကြွတက်မလာခဲ့ပါဘူး။ ဇာတ်အစပိုင်းက တည်ထားတဲ့ ဇာတ်ကွက်ကို ဇာတ်နောက်ပိုင်းအထိ ဆွဲဆောင်မှုရှိရှိ ရေးသွားနိုင်မယ်ဆိုရင် ပိုကောင်းပါလိမ့်မယ်။

**၁၅။ နှလုံးဒဏ်သင့်ခြင်း**
**အောင်အောင်စိုး**

စာလုံးပေါင်းအမှားအယွင်းများတဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။ အပြောအားပြုထားတဲ့ စာမူဖြစ်ပြီး အချစ်ဇာတ်လမ်းတစ်ပုဒ်ကို သာမန်စာစီစာကုံးအရေးအသားဆန်ဆန်မျိုးနဲ့ ရေး



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ထားတာဖြစ်တဲ့အတွက် အားနည်းလှပါတယ်။

**၁၆။ ပုခက်လွှဲသော လက်တစ်စုံရဲ့ ငိုမဲ့မဲ့အားအင်**

**၁၇။ ပူဇာစ ဗာလာနံ**

**မလေးငယ်**

အပြန်အလှန် စကားပြောကို အားပြုထားပြီး ဇာတ်ကောင်စရိုက်ကို ဖော်ကျူးနိုင်မယ့် အခင်းအကျင်း၊ အဖွဲ့အနွဲ့နဲ့ တင်ပြပုံ အားနည်းလှပါတယ်။ နှစ်ပုဒ်စလုံးမှာ ပြောချင်တာရှိပေမဲ့ အဲဒါကို စာဖတ်သူဘဝင်ကျသွားအောင် ဆွဲဆောင်ပြောကြားသွားနိုင်ခြင်း မရှိခဲ့ပါဘူး။ စာများများ ဖတ်စေချင်ပါတယ်။ အပြောထက် အပြကို အားပြုကာ အခင်းအကျင်းအဖွဲ့အနွဲ့တွေကို ကြိုးစားပြီး ထည့်သွင်းရေးသားစေချင်ပါတယ်။

**၁၈။ အကယ်ဒီမီ ကိုစောဂျက်**

**၁၉။ ကမ်းဝေးအိပ်မက်**

**နေမင်းဟိန်း**

**အကယ်ဒီမီ ကိုစောဂျက်**က ဇာတ်ကောင်အားပြုစာမူဖြစ်ပြီး ဇာတ်ကောင်စရိုက်ကို ပုံဖော်ရာမှာ အားနည်းကာ ဇာတ်လမ်းဇာတ်ကွက်ကို အားပြုလိုက်တဲ့အတွက် အားနည်းသွားတဲ့ စာမူဖြစ်ပါတယ်။ အရေးအသားပြေပြစ်ပါတယ်။ **ကမ်းဝေးအိပ်မက်**ကတော့ ပြောချင်တာရှိပေမဲ့ အနှစ်သာရပေါ်လွင်အောင် မရေးဖွဲ့နိုင်ခဲ့တဲ့အတွက် အားနည်းနေပါတယ်။ ကြိုးစားပါဦး။

**၂၀။ ဗီးနပ်စ်နှုတ်ခမ်းက အဝါရောင်စုတ်တံ**

**ဆွတ်ပျံ့သင်း**

စာအရေးအသား ပြေပြစ်ပါတယ်။ ဒါပေမဲ့ ရသအားနည်းတဲ့ အချစ်ဝတ္ထုတစ်ပုဒ်သာပဲ ဖြစ်ပါတယ်။ ကြိုးစားပါဦး။

**၂၁။ ပန်းရှာ**

**၂၂။ ကျေးရာကျေးကြောင်း တောင်းပန်ချင်**

**ပြုံးနွဲ့နွဲ့ဝါ**

အရေးအသား ပြေပြစ်သူဖြစ်ပါတယ်။ **ပန်းရှာ**က အကြောင်းအရာရော၊ တင်ပြပုံပါ ရိုးစင်းနေပါတယ်။ **ကျေးရာကျေးကြောင်း တောင်းပန်ချင်**ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

**၂၃။ မညီမျှသော မျဉ်းပြိုင်များနှင့်**

**၂၄။ စေညွှန်းရာ**

**အောင်နန်းမွေး(သရက္ကုံ)**

စာအရေးအသား ပြေပြစ်ပါတယ်။ **စေညွှန်းရာ**က အဆုံးသတ်စာပိုဒ်ကြောင့် ဝတ္ထုထက် ဆောင်းပါးဆန်သွားပါတယ်။ **မညီမျှသော မျဉ်းပြိုင်များနှင့်**ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။ နောက်ထပ် တင်ပြဖြစ်တဲ့ ဝတ္ထုတွေကတော့-

| | |
|---|---|
| **ယွန်းမြတ်မွန်းသျှန်** | -အပိုဆု |
| **ဖွဲ့နေရောင်** | -အိုမားဂန်းနန်းစတိုင် |
| **မောင်အင်း(ဥက္ကံ)** | -ငန်းရင်ခွဲ |
| **မြတ်သျှိုင်းသွင်** | -ဝတ္ထုတစ်ပုဒ် မေ့ကျန်ခဲ့တဲ့ လမင်း(သို့) လမင်းလွတ်ပွဲ |
| **ညီညီဇော်** | -မျှော်လင့်ခြင်း လရောင် |
| **ပီနိုသော်(Peno Thaw)** | -ဦးခေါင်းပြတ်သွားခဲ့သူ တစ်ယောက် |

တို့ဖြစ်ပါတယ်။

❑

*ဆရာမ မသီတာ(စမ်းချောင်း)တင်ပြလာတဲ့ ဆန်ခါတင်ဝတ္ထုများထဲက ညီညီဇော်ရဲ့ 'မျှော်လင့်ခြင်းလရောင်'ဝတ္ထုလေးက သားသမီးတွေ လာကန်တော့မှာကို အမျှော်ကြီးမျှော်နေမိတဲ့ မိခင်တစ်ယောက်အကြောင်း ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကောင်းမွန်ပါတယ်။ လိုအပ်တာထက် ပိုပြီး တိုနေပါတယ်။ ဒါလေးကိုပဲ ထပ်မံပြင်ဆင်ဖြည့်စွက်ပေးလိုက်ရင် ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်လာမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ပြန်ပို့ပေးလို့ရပါတယ်။*

*နောက်တစ်ပုဒ်ကတော့ ပြုံးနွဲ့နွဲ့ဝါရဲ့ 'ကျေးရာကျေးကြောင်း တောင်းပန်ချင်'ဖြစ်ပါတယ်။ သီချင်းတွေကို တန်းစီရေးတိုင်း ဝတ္ထုတိုဖြစ်လာမှာ မဟုတ်ပါဘူး။ ဝတ္ထုထဲမှာ အကြောင်းတိုက်ဆိုင်တဲ့ နေရာတချို့မှာသာ သီချင်းစာသားကို သုံးသင့်ပါတယ်။*

*ယွန်းမြတ်မွန်းသျှန်ရဲ့ 'အပိုဆု'ကတော့ လူပျိုကြီးတစ်ယောက်ကို တူတော်မောင်က ရန်ကုန်လာဖို့ ခေါ်ရင်းက ကလေးတစ်ယောက်အမေ ကိုယ်ဝန်အရင့်အမာရှိနေတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ရသွားအောင် ဖန်တီးလိုက်တဲ့ဇာတ်လမ်းဖြစ်ပါတယ်။ ဝတ္ထုဆိုတာ စိတ်ကူးယဉ်ဆိုပေမဲ့ လက်တွေ့ဘဝနဲ့လည်း ကင်းကွာလို့ မရပါဘူး။ ယုတ္တိရှိရပါမယ်။*

*ဖွဲ့နေရောင်ရဲ့ 'အိုမားဂန်းနန်းစတိုင်'က ဒီနေ့ခေတ် လူငယ်ကလေးများ သင်္ကြန်မှာ အရက်သောက်ကြပုံ၊ အမျိုးသမီးကလေးများကလည်း အဝတ်အစားနဲ့ပတ်သက်ပြီး လျှပ်ပေါ်လော်လည်ကြပုံ ရေးဖွဲ့ထားပါတယ်။ ရည်ရွယ်ချက်ကောင်းတဲ့ ဇာတ်တစ်ပုဒ်ဖြစ်ပေမဲ့ ဇာတ်အိမ်တည်ဆောက်မှု မခိုင်လုံပါ။*

*ပီနိုသော်ရဲ့ 'ဦးခေါင်းပြတ်သွားခဲ့သူတစ်ယောက်'ကို ကျွန်တော် နှစ်ခေါက်ပြန်ဖတ်ခဲ့ပါတယ်။ ကျွန်တော် ဉာဏ်ရည်နိမ့်တယ်ထင်ပါရဲ့။ ဘာကိုဆိုလိုမှန်း ရှာလို့မတွေ့ပါ။ တခြားအယ်ဒီတာများက ဝတ္ထုကို ဘယ်လိုရွေးတယ်ဆိုတာ တပ်အပ်သေချာမပြောနိုင်ပေမဲ့ ကျွန်တော်ကတော့ ကျွန်တော်နားလည်မှု၊ ကျွန်တော်ကြိုက်မှ ကျွန်တော့်စာဖတ်ပရိသတ်များလည်း နားလည်နိုင်မယ်လို့ ယူဆတာကြောင့် မသုံးဖြစ်ပါ။*

*ဒါကြောင့် ဒီလ ရွှေအသစ်ကဏ္ဍမှာ မောင်အင်း(ဥက္ကံ)ရဲ့ 'ငန်းရင်ခွဲ'၊ မြတ်သျှိုင်းသွင်ရဲ့ 'ဝတ္ထုတစ်ပုဒ် မေ့ကျန်ခဲ့တဲ့ လမင်း(သို့) လမင်းလွတ်ပွဲ' နဲ့ အောင်နန်းမွေး(သရက္ကုံ)ရဲ့ 'မညီမျှသောမျဉ်းပြိုင်များနှင့်'တို့ကို ဖော်ပြပေးလိုက်ပါတယ်။*

■ ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com




၁။
ရေထဲ ဆပ်ပြာမှုန့် အသင့်ထည့်ပေးထားသော်လည်း ဘယ်အင်္ကျီမျိုးကိုမှ မနှစ်လျှော်မိသေး။ အဖေနှင့်အမေသည်သာလျှင် ကျွန်တော့်အတွက်တွေပါရောပြီး နှစ်လျှော်သွားကြသည်။ ဒီတစ်ခါတော့- ကျွန်တော်ကိုယ်တိုင် နှစ်လျှော်ရတော့ပေမည်။

စဉ်းစားရင်း၊ တွေးတောရင်း ဆပ်ပြာရည်ထဲ နှစ်လျှော်မိနေသည်က အဖေရဲ့ ချွေးစိုနေတဲ့အင်္ကျီတွေလား၊ အမေရဲ့ အိုးမဲပေနေတဲ့ထမင်းချက်ရင်းဝတ် အင်္ကျီတွေလား၊ ကျွန်တော့်ရဲ့ပေါ့ဆမှု ချေးတွေပေနေတဲ့အင်္ကျီတွေလား ဆိုတာကိုတော့ မဝေခွဲမိရသေးပါဘူး။

❑



www.burmeseclassic.com

www.burmeseclassic.com



၂။

စိန်ပန်းပွင့်တို့ ဖူးပွင့်ဝေဆာခဲ့သည်မှာ တစ်ပတ်ဆယ်ရက်ကတော့။ ကျောင်းစာအုပ်ဖိုးပေးသွင်းရန် ကျန်ရှိနေသေးသည့် ကျောင်းသား၊ ကျောင်းသူတွေက သိပ်မရှိတော့။ ကျွန်တော်နှင့်သာဆိုလျှင် သုံးလေးယောက် ကျော်ကျော်သာ ကျန်တော့လေမည်။ ကျွန်တော့်အိမ်၏ စီးပွားရေးအခြေအနေကို သိ၍တောင်းရသော်လည်း စိတ်တော့မကောင်း။

ယခုလောလောဆယ်မှာ အမေက အလုပ်မလုပ်နိုင်။ အဖေတစ်ယောက်သာ လုပ်သော လုပ်အားခဖြင့် မိသားစုမပြိုကွဲအောင် ရပ်တည်နေကြသည်ဖြစ်၍ အဖေကိုလည်း အရမ်းသနားစာနာမိသည်။ ဆရာက အတင်းအကျပ်မတောင်းသော်လည်း သတ်မှတ်ထားသောရက်ထက် လွန်လျှင် မကောင်းတော့၍



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ အမေ့ဆီက ရှိစုမဲ့စု ငွေကလေး ကျွန်တော့်လွယ်အိတ်အတွင်းသို့ ဆင်းသက်ခဲ့ကြရလေပြီ။

သို့သော်-

ကျောင်းဝင်းထဲအဝင်တွင် လက်ကိုင်အိတ်ဖြင့် ထည့်လာသော စာအုပ်ဖိုးပေးသွင်းဖို့ ပိုက်ဆံကို လက်ဖြင့် လွယ်အိတ်အတွင်းသို့ စမ်းမိသည်။ လွယ်လွယ်နှင့် မတွေ့။ ထပ်ကာ ထပ်ကာ ရှာမိပြန်သည်။ မတွေ့။ နောက် ရှာရင်း ရှာရင်း ကျွန်တော့်စိတ်တွေ ပူခနဲဖြစ်သွားရသည်။

စာအုပ်တွေ အပြင်ထုတ်ကာ တစ်အုပ်ချင်းလှန်ရှာသော်လည်း မတွေ့တော့။ ရင်တစ်ခုလုံး မွန်းကျပ်သွားရတော့သည်။ ခန္ဓာကိုယ်တစ်ခုလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားရတော့သည်။ စာအုပ်တွေက သူနှင့် ဘာမှမဆိုင်သည့်အလျောက် မတုန်မလှုပ်ပင်။ သွားပြီ။ လမ်းတစ်နေရာရာမှာ ကျကျန်ခဲ့လေပြီ။ သို့သော် ရုတ်တရက် ချည်းကား လက်ခံလိုက်၍ မဖြစ်သေးသော်လည်း လက်နှစ်ဖက်မှာမူ ခေါင်းကို တဖြင်းဖြင်းကုတ်လျက်သားဖြင့် လက်ခံမိနေပြီ။

နောက် လွယ်အိတ်ထဲက စာအုပ်တွေကို တစ်အုပ်ချင်းထုတ်ကာ ထပ်ရှာမိပြန်သည်။ ဘာမှ မထူးခြားတော့။ ဒီပိုက်ဆံသည် အမေ၏ စုနိုင်ခဲ့သော ပိုက်ဆံဖြစ်သည်။ အဖေ၏ တစ်နေ့တာ ပင်ပန်းသမျှလောက်မကသော ဝင်ငွေဖြစ်လေသည်။ လက်ရှည်အင်္ကျီအား တံတောင်ဆစ်

**ကျောင်းသား**
**ကျောင်းသူများသည်**
**နွားခြံမှ**
**နွားများ**
**လွှတ်သည့်ပမာ**
**အတင်း**
**သူ့ထက်ငါ**
**ပြေးထွက်**
**သွားကြကာ**
**စက်ဘီးကို**
**အလုအယက်**
**စီးထွက်**
**သွားကြသော်လည်း**
**ကျွန်တော့်မှာတော့**
**ခုံမှ မထမိသေး**

အနားထိ ခေါက်တင်လိုက်မိပြီး စာအုပ်တွေကို လွယ်အိတ်ထဲ ပြန်ထည့်ရင်း စက်ဘီးဖြင့်နင်းလာခဲ့သော လမ်းမတစ်လျှောက် အပြေးအလွှား စဉ်းစားမိသည်။ ရချင်နေသော ပိုက်ဆံက ရနေပြီဖြစ်၍ သီချင်းကလေးပါညည်းရင်း နင်းလာသောကြောင့် စဉ်းစားမရတော့။

သို့… ဆိုလျှင် 'နောက်နေ့ ရအောင်ယူခဲ့နော်' ဟု ပြောလိုက်သောဆရာ့ကို မည်သို့မျက်နှာပြရတော့မည်နည်း။ အိမ်ပြန်ရောက်လျှင် အမေ့အား မည်သို့ မျက်နှာပြရတော့မည်နည်း။ ထဘီအထက်ဆင်တွင် လိပ်ထားရာမှ ဖြေလျှော့ကာ ပေးလိုက်သော အမေ့ပုံသဏ္ဌာန်ဟာလည်း မျက်စိထဲ မြင်ယောင်လာမိတော့သည်။ တွေးရင်းငေးရင်း စိတ်ထဲမှာ ခန္ဓာကိုယ်တစ်ခုလုံး ခဲတွေဆွဲခံရသူပမာ လေးလံနေရတော့သည်။ သက်ပြင်းကိုသာ အခါခါ ချနေမိတော့၏။ ကျွန်တော့်၏ ပေါ့ဆမှုရလဒ်တစ်ခုပင်။

ကျောင်းပေါက်ဝမှ ပြန်လှည့်ကာ ကျောင်းမတက်ဘဲနေလျှင် ကောင်းမည်ဟု စဉ်းစားကာ အကောင်အထည်ဖော်ရန် စက်ဘီးကို နောက်ပြန်လှည့်လိုက်သည်။

'ဟေ့ ဝေယံ ဘယ်သွားမလို့တုံး၊ စာအုပ်မေ့ခဲ့လို့လား'

တစ်ဖက်ဆီမှ လာနေသော သူငယ်ချင်း ဝေဝေ၏ စကားကြောင့် စက်ဘီးလက်ကိုင်ကိုကိုင်နေသော လက်တွေပင် ရုတ်တရက် တုန်ခါသွားရလေသည်။ စက်ဘီးကိုပင် သတိဖြင့် ထိန်းလိုက်ရ၏။ 'ဟုတ်တယ် ဝေဝေရေ' ဟု နှုတ်မှပြောလိုက်ဖို့အပြင်တွင် အရှေ့တူရှုဆီမှ ဆရာဦးအောင်သောင်းလာနေသည်ကို မထင်မှတ်ဘဲ မြင်လိုက်ရ၍ ပြောမည့်စကားသည် လေတွင် တန့်သွားရသည်။ ခေါင်းကိုကုတ်လိုက်မည့် လက်သည်ပင် ပခုံးနားရောက်မှ သတိကူလိုက်ရ၏။

'ဟေ့ ဝေယံ ဘယ်လဲ၊ ကျောင်းတက်တော့မယ်လေ'

'ဟုတ်… ဟုတ်ကဲ့ပါ ဆရာ၊ ကျောင်းထဲဝင်တော့မှာပါ'

ဆရာ၏ အမေးစကားကို အားတင်းကာ ဖြေလိုက်မိသည်။ နောက် စက်ဘီးကို ကျောင်းဘက် ဦးတည်လိုက်ရတော့၏။ စက်ဘီးသာ တစ်ဝိုက် ပြည့်သွားရပေမဲ့ အကြ[illegible] တို့သည် ဘာမှ မအောင်မြင်[illegible] လိုက်။

❑

၃။

ကျောင်းခန်းထဲ အရောက်တွင် စိတ်ညစ်မှုကို ဖြေဖျောက်ရန် ဖတ်စာတစ်အုပ်ကို လှျောက်လှန်နေမိသည်။ ဖတ်စာထဲ စိတ်[illegible] မရောက်တစ်ချက် ရောက်တစ်ချက်။ တစ်နေရာတွင် ရှိနေမည်ဖြစ်သော ကျွန်တော့်၏ ပိုက်ဆံအိတ်ကလေး[illegible] သာ မြင်ယောင်မိပြီး နှမြော[illegible] တသဖြစ်နေမိတော့လေသည်။ ကျွန်တော့်ဘေးတွင် ပြည့်[illegible] ကျော်က သူ၏ ကျောင်းသား[illegible] ကတ်ကလေးကို ထုတ်[illegible] နေတာမြင်၍ ကျွန်တော်[illegible] ကျောင်းသားကတ်ကိုလည်း လွယ်အိတ်ထဲမှ ကွန်ပါဘူး[illegible] တွင် ရှိနေမည်လားထင်[illegible] ကပျာကယာ ရှာမိလေသည်။ မတွေ့။ သို့… ဆိုလျှင် ပိုက်ဆံအိတ်ထဲတွင် ကျွန်တော်၏ ကျောင်းသား(မှတ်ပုံတင်)ကတ်[illegible] ပါသွားလေမည်။ ထိုကျောင်းသားကတ်ထဲတွင်… တွေး[illegible] ရင်း၊ စဉ်းစားရင်း စိတ်[illegible] ပျော်ရွှင်သွားရတော့သည်။ နှုတ်ခမ်းနှစ်လွှာကိုပင် [illegible] ကွေးကာ ပြုံးလိုက်မိတော့၏။

ကျောင်းတွင် [illegible] ကျင်းပလေ့ရှိသော ပညာ[illegible] စုံညီပွဲတော်တွင် စာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သတ္တိတွေ ရိုက်သွင်းပေးထားသည်မှာ ကျောင်းသားကျောင်းသူတွေ၏ စိတ်ထဲ အရိုးစွဲနေကြပြီ မဟုတ်ပါလား။ ဤသို့ ပူပင်ရသော စိတ်ကို ဖြေသိမ့်ကာ ပျော်ရွှင်စွာနေထိုင်မိတော့လေသည်။ ခန္ဓာကိုယ်တစ်ခုလုံးလည်း ပေါ့ပါးသွားရတော့၏။ ဆရာ့ကိုလည်း အကြောင်းတစ်ခုပြု၍ နောက်နေ့လွဲလိုက်လေမည်။

မျှော်လင့်ချက် ရောင်ခြည်တို့သည် ကျွန်တော့်၏ ဘဝနေအိမ်၌ ထွန်းလင်းတောက်ပသွားရပြီ မဟုတ်ပါလား။ ကျောင်းအဝင်မှ စိန်ပန်းရုံ့တို့သည် လေနတ်မင်း၏ အကူအညီဖြင့် ကျောင်းပြတင်းထိ ရောက်လာကြရတော့သည်။

❑

၄။

ကျောင်းစာသင်ခန်းထဲ ဆရာဝင်ရောက်လာချိန်တွင် ကျောင်းသားကျောင်းသူတွေအားလုံးက ဆရာ့အား ရိုသေစွာကြို့ဆိုလိုက်ကြသည်။ ဆရာက ခေါင်းတညိတ်ညိတ်ဖြင့် မတ်တတ်ရပ်နေကြသော ကျောင်းသားကျောင်းသူတွေကို အပြုံးဖြင့် ကြိုဆိုလိုက်ပြီး 'ထိုင်ကြ ထိုင်ကြ' ဟု ပြောလေသည်။

နောက် ဆရာသည် သင်ကြားစရာ ဘာသာရပ် သင်ခန်းစာကို အားလုံးနှင့် ရင်းနှီးကျွမ်းဝင်အောင် သင်ကြားပေးတော့သည်။ ဆရာသည် စာအသင်အပြလည်းကောင်း၊ အဆိုအဆုံးအမလည်းကောင်းသောကြောင့် ကျောင်းသားကျောင်းသူအားလုံးက ချစ်ကြောက်ရိုသေကြရလေသည်။

ဆရာသည် သင်ပုန်းကို မြေဖြူနှင့်ရေးကာ စိတ်ပါဝင်စားစွာ သင်ပြပေးနေပါသော်လည်း ကျွန်တော်၏စိတ်တို့သည် စာဆီသို့မရောက်။ ဘယ်အပေါက်က ကျွန်တော့် ပိုက်ဆံအိတ်ကလေးကိုင်ကာ ဝင် လာမလဲ ဆိုတာကိုသာ စိတ်ဆန္ဒစောစွာ ကြည့်မျှော်နေမိတော့သည်။ နှုတ်မှလည်း 'လာရောက် ပို့သနိုင်ကြပါစေ' ဟု အခါခါ ဆုတောင်းနေမိလျက်။

အမူအရာ မပျက်အောင်၊ ဆရာ မရိပ်မိအောင် အစဉ် သတိဆောင်၍ နေရသည်မှာလည်း လွန်စွာ ပင်ပန်းလှလေသည်။ တဖြည်းဖြည်းနှင့် ဆရာ စာသင်ချိန်သည် ကုန်ဆုံးသွားလေသည်။ စာသင်ချိန်ပြီး၍ ဆရာသည် စာအုပ်ဖိုးသွင်းရန် ကျန်ရှိနေသော ကျောင်းသားကျောင်းသူတွေကို လာပေးကြဖို့ ခေါ်လေသည်။ ကျန်နေသောလူတိုင်းလိုလိုက ထိုင်ခုံမှ ထသွားကြသော်လည်း ကျွန်တော့်မှာတော့ ထိုင်ခုံမှာ သံမှိုစွဲထားသည့်ပမာ ခပ်မြဲမြဲ ထိုင်နေမိတော့သည်။ ဆရာနှင့် မျက်နှာချင်း မဆုံမိအောင်လည်း သတိထားနေမိလေသည်။ ကျွန်တော့်နံဘေးမှ သူငယ်ချင်းသည် ကျွန်တော့်အား 'မပေးသေးဘူးလား' ဟူသော အဓိပ္ပာယ်ဖြင့် တံတောင်နှင့် တို့လျက်ရှိသည်။ ကျွန်တော်သည် ခေါင်းလည်း မညိတ်မိ၊ ခေါင်းလည်း မခါမိ။

'ကဲ ဝေယံ မင်းတစ်ယောက်တည်းပဲ ကျန်တော့တယ်။ ဒီနေ့နောက်ဆုံးဆိုတာ ဆရာပြောလိုက်ရဲ့သားနဲ့။ နောက်နေ့တော့ ပါအောင် ယူခဲ့နော်၊ မင်းအတွက် ဆရာ စိုက်သွင်းပေးလိုက်မယ်'

ဆရာသည် ဒေါသသံဖြင့် ပြောလိုက်ခြင်း မဟုတ်ပါသော်လည်း အားလုံး၏ အလယ်တွင် ပြောလိုက်သည်မို့ ရှက်စိတ်ဝင်လာမိကာ ခေါင်းကိုပင် မဖော်နိုင်ဘဲ ရှိတော့၏။ လူတစ်ကိုယ်လုံးလည်း မှုံးနောက်သွားရတော့၏။ 'ဟုတ်ကဲ့ပါဆရာ' ဟူသောအဖြေစကားကိုပင် ပြောမိလိုက်သလား၊ မပြောမိလိုက်သလား မသိ။ ဆရာကတော့ စာသင်ခန်းထဲက ထွက်ခွာသွားလေပြီ။

စိတ်ကိုတင်းကာ အားလုံး၏ မျက်နှာတွေကို ရင်ဆိုင်လိုက်ပြီး မျှော်လင့်ချက် ခပ်ပါးပါးဖြင့် လှမ်းကြည့်မိလိုက်ချိန်တွင် အရာအားလုံးသည် ဝေဝါးနေတော့သည်။ ရင်ထဲမှာလည်း တင်းကျပ်စွာကြိုးဖြင့် စည်းခံထားရသူ တစ်ယောက်ပမာ ခံရခက်လှလေသည်။ နောက်ထပ် စာသင်ချိန်တို့သည် တစ်ချိန်ပြီး တစ်ချိန် ပြီးဆုံးသွားပါသော်လည်း ကျွန်တော့်အတွက် အခြေအနေတို့သည် မကောင်းသေး။ ထိုစဉ် ကျောင်းဆင်းခေါင်းလောင်းသံသည် အဆက်မပြတ်ပေါ်ထွက်လာတော့သည်။

ကျောင်းသားကျောင်းသူများသည် နွားခြံမှ နွားများလွတ်သည့်ပမာ အတင်း သူ့ထက်ငါ ပြေးထွက်သွားကြကာ စက်ဘီးကို အလုအယက်စီးထွက်သွားကြသော်လည်း ကျွန်တော့်မှာတော့ ခုံမှ မထမိသေး။ အတန်းခေါင်းဆောင်မှ ကျောင်းတံခါးသော့ကိုင်နေတာကိုမြင်မှ စာအုပ်တွေ လွယ်အိတ်ထဲ ထည့်မိလေသည်။ လေးလံထိုင်းမှိုင်းသောစိတ်ဖြင့် စက်ဘီးကို အသာတွန်းကာ ကျောင်းဝန်းထဲမှ ထွက်လိုက်တော့သည်။ ကျောင်း၏ အပြင်တွင် ကျောင်းသားကျောင်းသူတွေ သိပ်မရှိတော့။ တစ်ယောက်တည်း လမ်းလျှောက်ရင်း စက်ဘီးကို မစီးဘဲ တွန်းမြဲတွန်းလျက်သာပင်။

'ငါ့သားရယ် မနက်ဖြန်မှပေးလို့ မရဘူးလားကွယ်' ဟူသော အမေ့၏စကားသည် နားထဲတွင် အထပ်ထပ် အဝဲဝဲ။ စောစောက ကျောင်းသားကျောင်းသူတို့ဖြင့် စည်ပင်သာယာနေသော ကျောင်းလမ်းမကြီးသည် ယခုတော့ ကျွန်တော်နှင့်အတူ အထီးကျန်နေလျက်ပင်။ လေအဝှေ့တွင် နားရွက်ပေါ်ဖုံးကျလာသော ဆံစတို့ကို လက်ဖြင့် သပ်ချလိုက်မိသည်။ လမ်းပေါ်တွင်လည်း တမာရွက်ကြွေတို့သည် တဖွဲဖွဲကြွေကျနေလျက်။

အိမ်ပြန်ရောက်လျှင် အမေ့အား ဒီအကြောင်းကို မည်သို့ စပြောရတော့မည်နည်း။ တွေဝေစွာ စဉ်းစားနေမိရင်း လွယ်အိတ်ကို တစ်ဖက်သို့ သိုင်းလွယ်လိုက်မိတော့၏။ ရင်အစုံတွင် ချွေးစို့နေခြင်းကြောင့် စက်ဘီးကို ခဏရပ်ကာ အင်္ကျီအပေါ်

www.burmeseclassic.com

ကြယ်သီးကို ကိုင်ကာ လှုပ်ခါနေမိတော့သည်။

တွေဝေငေးမောစွာ သက်ပြင်းရှည်တစ်ချက်ကို ဆွဲချလိုက်ချိန်တွင် တစ်စုံတစ်ခုကို လှမ်းမြင်လိုက်ရ၍ ကျွန်တော့်၏စိတ်တွေ ရုတ်တရက် မယုံကြည်နိုင်လောက်ရအောင် ပါးစပ်အဟောင်းသားဖြစ်သွားရတော့သည်။ လမ်းနံဘေးတွင် ကျွန်တော့်ပိုက်ဆံအိတ်နှင့် အသွင်တူသော ပိုက်ဆံအိတ်တစ်အိတ်။ ပတ်ဝန်းကျင်ကို အကဲခတ်ရှေကြည့်လိုက်သည်။ အနီးတွင် အသွားအလာ မရှိ။ စက်ဘီးကို ပိုက်ဆံအိတ်နားထိ တိုးတွန်းသွားကာ ရုတ်တရက် ကောက်ယူလိုက်ဖို့ ပြင်လိုက်သော်လည်း ဘာ့ကြောင့်မှန်း မသိ၊ မကောက်မိသေးဘဲ ခြေဖြင့် နင်းထားမိလိုက်ပြန်သည်။

နောက် ပတ်ဝန်းကျင်ကို တစ်ခါပြန် အကဲခတ်မိလိုက်ပြန်သည်။ သေချာပြီဆိုမှ လျှင်မြန်စွာ ကောက်ယူလိုက်သည်။ ပိုက်ဆံအိတ်တွင် ဖုန်များပေနေသော်လည်း ပုတ်ခါခြင်း မပြုတော့ဘဲ လွယ်အိတ်ထဲ တန်းထည့်ကာ နေရာမှ အသာထွက်ခဲ့မိတော့၏။ ပိုက်ဆံအိတ်သည် အဝေးကြည့်သာ ကျွန်တော့်ပိုက်ဆံအိတ်နှင့်တူသလိုလိုရှိသော်လည်း အနီးမှ မတူကြောင်း သိရလေသည်။ ကျွန်တော့်၏ လှုပ်ရှားမှုတွေကို သေချာမှုရှိမရှိအလို့ငှာ နောက်ကို လှည့်ပြန်ကြည့်မိသည်။ ထူးခြားမှု မရှိခြင်းကြောင့် လွယ်အိတ်ဆီသို့ အကြည့်ရောက်လိုက်မိပြန်၏။

တွေဝေ
ငေးမောစွာ
သက်ပြင်းရှည်
တစ်ချက်ကို
ဆွဲချ
လိုက်ချိန်တွင်
တစ်စုံတစ်ခုကို
လှမ်းမြင်
လိုက်ရ၍
ကျွန်တော့်၏
စိတ်တွေ
ရုတ်တရက်
မယုံကြည်နိုင်
လောက်ရအောင်
ပါးစပ်
အဟောင်းသား
ဖြစ်သွား
ရတော့သည်

ထိုနေရာနှင့် အတော်ဝေးသွားသောအခါ စက်ဘီးကို အရှိန်သတ်ရပ်ကာ ဒေါက်ကို သေချာထောက်လိုက်ပြီး လွယ်အိတ်အတွင်းမှ ပိုက်ဆံအိတ်ကို နှိုက်ထုတ်မိတော့သည်။ ပေနေသော ဖုန်တို့ကို တင်ပါးနှင့်ပုတ်ခါပြီး ပိုက်ဆံအိတ်ကို ဖွင့်ကြည့်မိသည်။ ငါးရာကျပ်တန် ၄ ရွက် နှစ်ထောင်ကျပ်တိတိပင်။

သို့...ဆို့ လျှင်၊ ကျွန်တော်လိုနေသော ပိုက်ဆံ ပိုက်ဆံ၊ တစ်ချိန်တည်းမှာပင် ကျွန်တော့်အား စာအုပ်ဖိုး စိုက်ပေးမည်ဟူသော ဆရာ့မျက်နှာ။ သူငယ်ချင်း၏ တံတောင်တို့ထိချက်။ အိမ်အပြန် ရင်ဆိုင်ရမည့် အမေ့မျက်နှာတို့ကို တစ်ပြိုင်နက် မြင်ယောင်လာမိတော့သည်။ ထို...ထို ပိုက်ဆံနှင့်သာ ဆိုလျှင်...။

နောက် ကျွန်တော်၏ လှုပ်ရှားမှု အမူအရာကို မည်သူ မြင်သွားသလဲဟု စိုးရိမ်စိတ်ဖြင့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်မိသည်။ ဘယ်သူမှ မရှိပ်မိ။ နောက် ပိုက်ဆံအိတ်အတွင်း ဇစ်တစ်ခုကို ဆွဲဖွင့်ပြီး အထဲမှ ကတ်ပြားကလေး တစ်ခုကို ယူလိုက်သည်။ သေချာဖတ်အကြည့် 'ကျောင်းသားမှတ်ပုံတင်ကတ်' ကလေး ဖြစ်နေလျက်။ 'မခင်မျိုးဦး နဝမတန်း B. ဇီးကုန်းမြို့' ဟူသော စာကြောင်းလေးကို ဖတ်အပြီး၊ ရင်ထဲ သိမ့်ခနဲ သိမ့်ခနဲဖြစ်သွားရလေသည်။

'အင်း...ငါကသာ ဝမ်းသာနေတာ၊ မခင်မျိုးဦးကတော့ ပူဆွေးသောက ရောက်နေလေပြီလား' ဟူသော အတွေးကို တွေးမိကာ ကိုယ်ချင်းစာတတ်သော အသိတရားသည် ခေါင်းထဲ သို့ဝင်ရောက်လာ၍ လရောင်ကို တိမ်တိုက်တို့ ဖုံးကွယ်သွားသလို စိတ်ထဲငေးမှိုင်ကာ ခပ်ထွေထွေ ဖြစ်သွားရသည်။

'အို...ငါ့ ပိုက်ဆံလည်း ကျပျောက်သွားတာပဲ၊ ဒါက ငါနဲ့ထိုက်လို့ ငါရတာ ငါ့ဟာ ဖြစ်ပြီပဲ၊ ခိုးယူတာမှ မဟုတ်တာ'

ကိုယ်ချင်းစာ သတိတရားကို လောဘစိတ်က ပြန်နင်းခြေလိုက်သည်။ ခုလောလောဆယ်မှာ ငွေလိုနေသည်။ ဆရာ့ကို ၁၅၀၀ ကျပ်က ပေးရဦးမှာ မဟုတ် လား။ စာသင်ခန်းထဲမှာ လည်း မျက်နှာငယ်ထား တာမဟုတ်လား။ ပိုက် အိတ်ကို ကိုင်ထားလျ အသိတရားက အနိုင် လိုက်၊ လောဘစိတ်က အ ယူလိုက်နှင့် တဒင်္ဂအတွင်း ရင်တွင်းစစ်ပွဲကြီးတစ်ခု ဖြ သွားလေသည်။

နောက် ဒီပိုက်ဆံ မရှိတော့လျှင်ဟူသောအတွေ ကို တွေးမိကာ မနီးမဝေး တွင်ရှိသော ဆရာ့အိမ်ဘ ဆီသို့ စက်ဘီးခေါင်းလှည့် မိတော့လေသည်။

❑

၅။

ကျောင်းက ပြန်ရော တာ ကြာပြီဖြစ်သော်လည် အင်္ကျီကိုပင် မလဲမိသေး အိပ်ခန်းထဲဝင်ကာ အနီး ရှိ စာအုပ်တစ်အုပ်ကိုဖတ် မခင်မျိုးဦးဟူသော အမည် ရင်ထဲ ကြီးစိုးနေလေသည် နဝမတန်း ဟူသည်မှာလည် ကျွန်တော့်အတန်းမဟု ကျွန်တော်နေရသော အ တန်းကျောင်းဆောင်နှင့် ခေါ်လောက်ဝေးသော ကျေ (ပင်မ)ကြီး အောက်ထပ် ဖြစ်သည်။

ကျောင်းသားကတ် မှ ပုံကလည်း မိတ္တူဖြ မသဲမကွဲ။ ဘယ်လိုပုံ၊ လိုသဏ္ဌာန်ဆိုတာကို စိတ်ဝင်စားမိသည်။ ပို အိတ်ကလေးနှင့် ကျ ပိုက်ဆံငါးရာမှာ ကျ လွယ်အိတ်အထဲ နေ ပြီးထားလေပြီ ခုလော



www.burmeseclassic.com

www.burmeseclassic.com

မခင်မျိုးဦး စိတ်သောက ရောက်နေလေမလား၊ တွေးမိပြန်သည်။ 'ဟင် ငါ့ပိုက်ဆံလည်း'ဟု ပြန်တိုက်ခိုက်မိပြန်သည်။ ဘာတွေဖြစ်လို့ ဘယ်လိုတွေ ဆုံးဖြတ်နေတာလဲ ဆိုတာမျိုးတွေကိုလည်း ကိုယ့်ကိုယ်ကို အမြဲ ပြန်မေးနေမိလျက်။ ပြန်ဖြေမိနေလျက်။

သက်ပြင်းရှည်တစ်ချက် ချမိရင်း စာမျက်နှာပေါ် မျက်နှာအပ်လိုက်မိတော့သည်။ 'လူတစ်ယောက်ရဲ့ အရည်အချင်းကို သိပ်ဆင်းရဲနေတဲ့ အချိန်၊ သိပ်ဒုက္ခရောက်နေတဲ့ အချိန်မှာ တိုင်းတာရတယ်။ အဲဒီအချိန်မှာ အရည်အချင်းရှိသူတွေက မှန်မှန်ကန်ကန် လုပ်တယ်။ သမ္မာအာဇီဝလမ်းက နည်းနည်းလေးမှ ယိမ်းယိုင်ဘဲ ကြံ့ကြံ့ခံတယ်။ အဲဒီအချိန်မှာ အရည်အချင်းမရှိတဲ့ လူတွေကတော့ သူများပစ္စည်း ခိုးဝှက်ကြတယ်။ လုယက်ကြတယ်။ သမ္မာအာဇီဝလမ်းကြောင်း စွန့်လွှတ်ကြတယ်။ အရည်အချင်းရှိသူက မစွန့်လွှတ်ဘူး'ဖတ်မိပြီး ရင်ထဲ ကျင်ခနဲ ဖြစ်မိသည်။ ထိုအပိုဒ်ကိုပဲ ထပ်ကာ ထပ်ကာ ပြန်ဖတ်နေမိပြန်သည်။

သို့…ဆိုလျှင်၊ ဆက်မတွေးဝံ့တော့…။

စဉ်းစားရင်း၊ တွေးတောရင်း ငေးမှိုင်သွားရတော့သည်။ ထိုအချိန်တွင် အမေ့၏ အသံကြောင့် အခြောက်ခံလိုက်ရသော ကလေးပမာ လန့်သွားရသည်။

'သားရေ မနက်ကသားလဲထားခဲ့တဲ့ အင်္ကျီလေး ရေချိုးရင် လျှော်လိုက်ပါဦးကွယ်၊ ရေကန်မှာ ဆပ်ပြာမှုန့်ရှိတယ်'

မျက်နှာတွင် ပေနေသော ချွေးစတို့ကို လက်ဖမိုးဖြင့် ကပျာကယာသုတ်ကာ ဟုတ်ကဲ့ ဆိုလိုက်ရတော့သည်။ ဖတ်လက်စ စာအုပ်ကို သိမ်း၊ တွေးလက်စ အတွေးကိုရပ်ကာ အင်္ကျီကို လျင်မြန်စွာ လဲလိုက်သည်။ ၎င်းအင်္ကျီနှင့်အတူ မနက်က လဲထားခဲ့သော အင်္ကျီကိုပါ အဝတ်တန်းမှ ဆွဲယူကာ ရေပုံးထဲ ဆပ်ပြာမှုန့် အနေတော်ထည့်ကာ ရေနဲ့ရောမွှေဖျော်ပြီး အင်္ကျီတွေ နှစ်လိုက်မိသည်။

အင်္ကျီနှင့်အတူ ပစ္စည်းတစ်ခုခုပါသွားသလိုလို ထင်မိ၍ ချက်ချင်းအင်္ကျီကို ပြန်ဆယ်ကာ သေချာအကြည့်၊ အင်္ကျီအိတ်ကပ်ထဲတွင် လေးထောင့်ပုံသဏ္ဌာန် အရာဝတ္ထုကလေး၊ လက်ဖြင့် အသာ နှိုက်ထုတ်လိုက်သည်။

'အိုး…'ရင်တစ်ခုလုံး ထိတ်လန့်သွားရတော့သည်။ ရင်ထဲ ဆို့နင့်သွားရတော့သည်။

'ဒါ…ဒါက…'

လက်နှစ်ဖက်သည် တုန်တုန်ယင်ယင်။ ဆပ်ပြာရည်တွင် အင်္ကျီကို ပြန်မနှစ်မိသေး။ သို့သော် စိတ်ထဲမှာတော့ ဆပ်ပြာရည်ထဲ အကြိမ်ကြိမ် နှစ်နေမိသည့် အရာတွေက တစ်ခုပြီးတစ်ခု။ 'အဖေရဲ့ ချွေးစိုနေတဲ့အင်္ကျီတွေလား၊ အမေရဲ့ အိုးမဲပေနေတဲ့ ထမင်းချက်ရင်းဝတ် အင်္ကျီတွေလား၊ ကျွန်တော်၏ ပေါ့ဆမှုချွေးတွေ ပေနေတဲ့အင်္ကျီတွေလား။…..လား။ ဆိုတာကိုတော့ သေသေချာချာ အချိန်မီ ဝေခွဲရပါဦးမည်။ ။

■

**အောင်နန်းမွေး**

၊သရက္ကံ၊


## 'အလင်းပြ' ဟောစာတမ်း

☆ မိမိ ချစ်သူ/ ခင်ပွန်း၏စိတ်ထား ၊ စရိုက် ဘယ်လိုရှိသလဲ ?

☆ သူ့ရဲ့ အားနည်းချက် ၊ ပြစ်ချက်က ဘာတွေဖြစ်နိုင်သလဲ ?

☆ သူ့ဘက်က မိမိအပေါ် စွဲလန်းချစ်ခင်လာဖို့ ဘာတွေလုပ်သင့်သလဲ ?

☆ သူ့အပေါ် မိမိပြောဆိုမှုများ အောင်မြင်နိုင်ဖို့ ဘယ်လိုလုပ်ရမလဲ ?

☆ သူ ဘယ်အချက်တွေကို ကြိုက်နှစ်သက်ပြီး ဘယ်အရာတွေကိုလုပ်မိပါက သူစိတ်ဆိုး စိတ်ပျက်သွားနိုင်သလဲ သိထားချင်သူများ

☆ သားသမီးတာဝန် အိမ်မှုကိစ္စတွေကြား ရှာများပြီး အိမ်ထောင်ဘက်ပေါ် ဘယ်လိုထိန်းရမလဲဆိုပြီး သောကဖြစ်နေသူများ စသည့် အမျိုးသမီးတို့ ၏ သောကကို အပြောင်းလဲ ဖြစ်စေဖို့ 'အလင်းပြဟောစာတမ်း' မှာကြစို့.

**ဆရာမ ထက်ငွေးစန္ဒီ** LL.B, LL.M, DBL, DML

(အမျိုးသမီးသီးသန့် လက္ခဏာဗေဒင်ယတြာအစီအရင်)

တိုက်- 40 G-2 ဦးဝိစာရလမ်း၊ 41 ရပ်ကွက် ၊ မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံ၊

Ph : 09 5164326 , 09 73106180 , 09 43094806




www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၂၉၂ မတ်၊ ၂၀၁၄
ရှုခင်းသစ်

'တစ်ကေ ငါးဆယ်တဲ့ အုံမောင်ရ'

ဟော မနှစ်က လူတွေပဲလား၊ ဈေးတိုးပေးပြန်ပြီပေါ့'

'ဟုတ်တယ်၊ မင်းကို ဈေးကုန်ပေးတာတဲ့'

'လက်ရှိ စပါးကရော'


'မင်းရိတ်ယူလေ။ ဟိုက လယ်ပဲယူတာ။ ကဲ၊ ငါ သွားမယ်၊ မနက်ဖြန် အကြောင်းပြန်ကွာ'

'ပွဲစားငထူး' ကတော့ ပြောပြောဆိုဆို ဆိုင်ကယ်နှိုးပြီး ထွက်သွားပြီ။ ကျန်ခဲ့တဲ့ ကျုပ်သာ ပေါက်တူးထမ်းရင်း ရွာလယ်လမ်းမှာ ရပ်နေပုံက မှင်တက်မိသလိုကြီး။ စိတ်ထဲမှာတော့ သူပြောတဲ့ ငါး... ကို ကျုပ်လယ်ကေ နှ... နဲ့ စိတ်မြှောက် မြှော... တယ်။ ဟား သိန်း... ထောင်ဆိုတဲ့ ကိန်းဂဏ... က ကျုပ်ရင်ဘတ်ထဲ... ခရာတပ်ကြီး ဝင်... ဖြစ်သွားတော့။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ အိမ်ဘက်သာ ဦးတည်လျှောက်နေတယ်၊ ကျုပ်ခြေဖဝါးတွေက မြေနဲ့မထိသလိုဘဲ။ ပြီးတော့ ကျုပ်သား အကြီးဆုံး အမြွာနှစ်ကောင်ပြောလေ့ရှိတဲ့ 'တစ်ရာဝန်းကျင် ဆိုတာ သားတို့ မိသားစုစီးနိုင်တဲ့ လိုက်ထရပ်ကားမျိုး ရနိုင် တယ် အဖေရ' ဆိုတဲ့ စကားသံ။ အလတ်မ နှစ်ယောက်ရဲ့ စိန်နန်းတော် ကြော်ငြာအကြောင်းပြောလေ့ ရှိသံ၊ အငယ် နှစ်ယောက်ရဲ့ 'ဂိမ်းစက်တွေကလေ အစုံပဲအဖေရ' ဆိုတဲ့ အသံ တွေဟာ ဘယ်လိုကဘယ်လို ကျုပ်နားထဲ ရောက်လာတယ် မသိပါဘူး။ ဒါပေမဲ့ အဲဒီ စကားတွေဟာ သူတို့ဝန်း ကျင်မှာ ကြားသိလာခဲ့သမျှ ပြန်ပြောလေ့ရှိတဲ့ စကားတွေ ပါ။ ကျုပ်သားသမီးတွေက မပူဆာတတ်ဘူးဗျ။ အထူး သဖြင့် လယ်လုပ်ငန်းဟာ ဘယ်မျှပင်ပန်း တယ်ဆိုတာ ကို ကျုပ်သားသမီးတွေသိ တယ်။ ကျုပ်နဲ့အတူ လယ်ထဲ ဆင်းဖူးတော့ နွံရုန်းရတာ ဘယ်လို၊ ကျောပူ တာဘယ် မျှစတာတွေလည်း သူတို့သိ တယ်။ သိတော့ မလိုအပ် တာကို မပူဆာဘူး။ စာ ကြိုးစားတယ်။ ခုဆို သား ကြီး နှစ်ယောက်က ဂျီတီစီမှာ ဒုတိယနှစ်၊ အလတ်မနှစ် ယောက်က ဒဂုံတက္ကသိုလ် ပထမနှစ်၊ အငယ်နှစ်ယောက် က ရှစ်တန်း။ ကျောင်းအား ရင် ကျုပ်နဲ့ကူဖို့ လယ်ထဲတန်း ဆင်းတဲ့ ကလေးတွေ။ ခက် တာက မပူဆာသော်လည်း သူတို့လိုအင် ဖြည့်ပေးချင်တဲ့ ကျုပ်ဆန္ဒ။ ဒီဆန္ဒကြောင့်ပဲ သိန်းတစ်ထောင်က ကျုပ်ရင် ကိုဘောင်ဘင်ခတ်စေတာပါ။

'ဟာ အဖေပြန်လာပြီ၊ ရေပေါက်တွေ ပိတ်ခဲ့ပြီလား'

'အေးကွ'

'ညီမလေးတို့ ရေ ထမင်းခူးဟေ့၊ အဖေဗိုက်ဆာ ရောပေါ့'

အိမ်ဝိုင်းထဲ ကျုပ်ဝင် တော့ မှောင်ရီပျိုးပြီ။ အကြီး ကောင် 'သော်သော်' က ကျုပ် ကိုထွက်ကြိုရင်း ကျုပ်လက် ထဲက ပေါက်တူးကို လှမ်းယူ တယ်။ နှုတ်ကလည်း သူ့ ညီမတွေကို ထမင်းခူးဖို့ ခိုင်း တယ်။ အိမ်ထဲမှာ သော်သော့် အမြွာ 'မော်မော်' ကတော့

စိတ်ထဲမှာတော့
သူပြောတဲ့
ငါးဆယ်ကို
ကျုပ်လယ်ကော
နှစ်ဆယ်နဲ့
စိတ်မြှောက်
မြှောက်နေမိတယ်
ဟား
သိန်းတစ်ထောင်
ဆိုတဲ့
ကိန်းဂဏန်းကြီးက
ကျုပ်ရင်ဘတ်ထဲမှာ
ဘင်ခရာတပ်ကြီး
ဝင်လာသလိုကို
ဖြစ်သွားစေတာ



www.burmeseclassic.com

www.burmeseclassic.com

ဆိုလာပြားနဲ့ ချိတ်ဆက်ထားတဲ့ဘက်ထရီကို နေရာရွှေ့ရင်း မီးဖွင့်နေပြီ။

'ဟဲ့၊ ခုည အိပ်မက်ဆုံရာ ဖိုင်နယ်နော်။ ဘက်ထရီအားကုန်သွားမယ်'

'မီးတစ်ပွင့်ပဲ သုံးမှာပါ အမေရဲ့၊ မကုန်ပါဘူး'

သူကြိုက်တဲ့ အိပ်မက်ဆုံရာအစီအစဉ် လွှတ်မှာစိုးတော့ ကျုပ်မိန်းမ 'ချိုရည်' မီးကလေး တစ်ပွင့်တောင် နှမြောနေပြီ။ ဒါကို မြင်တွေ့ရတော့ ကျုပ် စိတ်မကောင်းဘူးဗျာ။ လက်ဆွဲမီးစက်ကလေးလောက်ဖြစ်ဖြစ် ဝယ်ပေးမှလို့ စဉ်းစားလိုက်မိတယ်။ ကျုပ်မိသားစုမှာ စိတ်အပန်းဖြေစရာက ဒါလေးပဲရှိတာကိုး။

ခဏကြာ ရေမိုးချိုးပြီး အိမ်ပေါ်ကျုပ်ရောက်တော့ ညစာထမင်းဝိုင်းက အသင့်ဖြစ်နေပြီ။ မိသားစု နေရာယူထားပုံကလည်း သကြားခဲကို ပုရွက်ဆိတ်တွေ ဝိုင်းချီသလိုပဲ။ ထောင့်ကိုစေ့လို့။

'လာ ကိုအံ့၊ ရှင်ကြိုက်တဲ့ ငါးသလဲထိုး ကြော်ထားတယ်'

ထမင်းပွဲ အသင့်မို့သာ ကျုပ်ဝင်ထိုင်လိုက်တယ်၊ ဗိုက်က မဆာဘူး။ ပွဲစားငထူးစကားနဲ့ပဲ နင်တင်တင်။ ဒါပေမဲ့ ထမင်းတောင်းသံ၊ ဟင်းထည့်သံနဲ့အတူ ကျုပ်သားသမီးတွေ ခေါင်းမဖော်တမ်း စားကြတာကြည့်ပြီး ပီတိကအပြည့်ပါပဲ။

ထမင်းစားပြီး ခဏကြာတော့ ချိုရည်က တီဗွီဖွင့်ခိုင်းတယ်၊ အိပ်မက်ဆုံရာလာတော့မယ်တဲ့။ ကျုပ်ကတော့ နွား

ထမင်းပွဲ
အသင့်မို့သာ
ကျုပ်
ဝင်ထိုင်လိုက်တယ်
ဗိုက်က
မဆာဘူး
ပွဲစား
ငထူးစကားနဲ့ပဲ
နင်တင်တင်
ဒါပေမဲ့
ထမင်းတောင်းသံ
ဟင်းထည့်သံနဲ့
အတူ
ကျုပ်
သားသမီးတွေ
ခေါင်းမဖော်တမ်း
စားကြတာ
ကြည့်ပြီး
ပီတိက
အပြည့်ပါပဲ

စာ နွားမီးထည့်ဖို့အရေး တင်းကုပ်ဘက်ဆင်းခဲ့လိုက်တယ်။

'အမေတွေ့လား၊ မေမြတ်နီးဝတ်တဲ့ ဂါဝန်လေး လှတယ်'

'ငါကတော့ ရက်ဘဲလ်ရဲ့ ဂျာကင်ပဲကြိုက်တယ်'

'ဟဲ့ သီချင်းလေးများ နားထောင်ကြပါဦး၊ ဥမ္မာမွန်ဆိုတာ ဘယ်လောက်ကောင်းလဲ'

နွားမီးထည့်ရင်း ကျုပ်ကသာ လယ်ကိစ္စတွေ တွေးနေတာ၊ ကျုပ်မိသားစုကတော့ အိပ်မက်ဆုံရာမှာ စီးမျောနေပြီ။ ကျုပ်မိန်းမ အသံချိုချိုကတော့ အစွာဆုံးပေါ့။ သူက အဲလိုပဲဗျ၊ သားသမီးတွေနဲ့ ရယ်မောပြောဆိုနေရရင် ထမင်းမေ့ဟင်းမေ့။ ကျုပ်အရင်ရက်တွေကတော့ အကြမ်းအိုးတစ်လုံးနဲ့ ရေထိုင်ဖူးပါတယ်။ သူတို့နဲ့အတူတူ သတင်းလေးနားထောင်လိုက်၊ စိတ်ဝင်စားစရာဆို ကြည့်လိုက်ပေါ့။ ခုတော့ ပွဲစားငထူးကို မနက်ဖြန် အဖြေပေးဖို့ကရှိတော့ နွားမီးဖိုနားမှာ ငိုင်ပြီး ထိုင်နေမိတယ်။

စဉ်းစားကြည့်ရင် ဒီလယ်က ကျုပ် ဆယ့်ခြောက်နှစ်သားကတည်းက ဦးစီးခဲ့တဲ့လယ်။ အဲဒီနှစ်မှာ ကိုးတန်းစာမေးပွဲ နောက်ဆုံးဘာသာဖြေပြီး ကျုပ် အိမ်ပြန်ရောက်တော့ အဖေဆုံးပြီ။ ပိုးထိတာတဲ့။ အဖေ့နာရေးအပြီးမှာ သားအမိနှစ်ယောက် စပါးနယ်၊ စပါးလှေ့၊ အမိုက်ချဆိုတော့ ငိုရတာများ ဖြောင့်ဖြောင့်တန်းတန်း မရှိပါဘူးဗျာ။ အဖေသာသိရင် 'မင်းတို့ သားအမိ ငါ့ကိုမလွမ်းပါဘူး' လို့တောင် ပြောချင်မှာ။

နောက်နှစ် ကျောင်းပြန်ဖွင့်တော့ တစ်ဦးတည်းသောသားကို အမေက ပညာတတ်ကြီးဖြစ်စေချင်တာမို့ 'ကျောင်းပြန်တက်' တဲ့။ ခက်တာက အဖေ့လယ်မှာ ဘယ်နေရာက မြေနိမ့်၊ ဘယ်နေရာက အမြင့်ပိုင်း။ ဒါကို ရေဘယ်လိုထိန်းရမှန်း ကျုပ်သိတယ်။ အဖေ့ကိုကူရင်း ကန်သင်းမျက်နှာသစ်တော့ ဘယ်လယ်ကွက် ထူးပေါက်ရှိမှန်း ကျုပ်သိတယ်။ အဖေ ထမင်းစားဖြုတ်တိုင်း ထွန်ထယ်ကိုင်ခဲ့တော့ ထောင့်ကြီးအုပ်၊ ခရပတ်၊ ရင်ကွဲတွေက ကျုပ်နဲ့ရင်းနှီးပြီးသား။ အဆိုးဆုံးက ကျုပ်တို့ နွားဝါတစ်ရှဉ်းဟာ အဖေနဲ့ကျုပ်ကလွဲရင် ထမ်းပိုးတင်ဖို့တောင်ခက်တဲ့ကောင်တွေ။ ဒါကြောင့် အမေ့စကားကို လွန်ဆန်ပြီး လယ်ထဲပဲ ကျုပ်ဆင်းလိုက်တော့တယ်။

အမေ့အတွက် ဝမ်းသာစရာက ကျုပ်ဦးစီးတဲ့နှစ်မှာ စပါးအထွက်ပိုတာ။ တစ်ခါ စိုက်ပျိုးရေးစာအုပ်တွေ ရှာဖွေ ဖတ်ရှုပြီး ပဲရော ဖရဲပါ ကျုပ် စိုက်တာပေါ့။ ဒါကြောင့် အဲဒီ နှစ်မှာ နွားနက်ကြီးတစ်ရှဉ်း ထပ်ဝယ်နိုင်တယ်။ အမေ့ လက်ထက်က အိမ်ကြီးကို ပြင်သင့်တာပြင်ပြီး အမိုးတွေ ပါ လဲပစ်လိုက်တယ်။ ချိုရည်နဲ့ ညားဖြစ်တာက ဒီလိုဗျ။

အဲဒီနှစ်မှာ ကျုပ် အသက်က သုံးဆယ်နားကပ် လာပြီ။ ကျုပ်တို့သားအမိမှာ စုဆောင်းမိတာက ရွှေချည် တစ်ဆယ်သား။ ဒါကိုကြည့် ရင်း 'ဆည်တဲ့ကန်သင်း ရှိ လိုတယ်သားရေ' လို့ အမေက ပြောတယ်။ ပြီးတော့ သူ လည်း မြေးချီချင်တယ်တဲ့။ ကျုပ်က အမေ့သဘောလည်း ဆိုရော တစ်ဖက်ရွာက ချို ရည်တို့အိမ်သွားဖို့ ပြင်တာပဲ။ ကျုပ်စိတ်ထင်ကြိုတင်ပြီး အမေရှာထားတာပဲ ဖြစ်မှာဗျ 'မီးဖိုချောင်နိုင်တဲ့ ကလေး တွေ့ထားတယ်' တဲ့။

ချိုရည်က ကျုပ်ထက် ဆယ်နှစ်လောက် ငယ်တယ်။ အသားက ဆပ်သွားဖူးပွင့်ခါ နီးအရောင်၊ ဆံပင်နက်မှောင် မှောင်ကို ကျစ်ဆံမြီးကျစ်ထား တာများ ထွာဆိုင်နီးနီးပဲ။ လည်းမြင်ရော ကျုပ် ခေါင်း ညိတ်တော့တာပေါ့ ခေါင်း သာညိတ်တာ ချိုရည်ကို ငေး

www.burmeseclassic.com

မှာ ရဲရဲမကြည့်ရဲဘူး၊ ရင်တွေ ခုန်လို့။ ချစ်စကားကိုတော့ သားအမြွှာ 'သော်သော်'နဲ့ 'မော်မော်' မွေးမှပြောဖြစ်တာ။

ပြောဖြစ်ချင်တော့ ဒီလိုဗျ။ ချိုရည် ကိုယ်ဝန်ရှိစမှာ ကျုပ်အမေဆုံးတယ်။ လူကြီး ရောဂါပါ။ အဖေလည်းမရှိ၊ အမေလည်းဆုံး၊ ညီအစ်ကို မောင်နှမကလည်း အရင်းအချာ မရှိ၊ ငုံးတိတိဖြစ်နေတဲ့ ကျုပ်ဘဝထဲ ကျုပ်သွေးနှစ်စက်တစ်ပြိုင်နက်တည်းရောက်လာတော့ ချိုရည်ကို ကျေးဇူးလည်းတင်၊ ရင်ထဲကလည်း လှိုက်လှိုက်လှဲလှဲကြီးကို ချစ်သွားမိလို့ပါ။ နောက်နှစ်နှစ်ကြာတော့ သမီးအမြွှာထပ်မွေးပြန်တယ်။ 'ငွေနှင်းသုန်' နဲ့ 'ဆောင်းနှင်းမှုံ'တဲ့။ ဒါကြောင့် ချိုရည်ကို ဆတိုးချစ်ခဲ့ရပြန်ရော။ တစ်ခါ၊ နောက်နှစ်နှစ်အကြာမှာ 'အောင်အောင်'နဲ့ 'မောင်မောင်' ထပ်မွေးပြန်တယ်၊ အမြွှာပဲ။ ကျုပ်မှာ အံ့လည်းအံ့သြ၊ ဝမ်းကလည်းသာ ထ,ထတောင် ခုန်ချင်မိတယ်။

အောင်အောင်နဲ့မောင်မောင် မွေးအပြီးမှာ ချိုရည် အမွေးရပ်သွားတယ်။ ကျုပ်ကတော့ လယ်ကို တစ်သီးစားကနေ နှစ်သီးစားဖြစ်ဖို့ ခနေပြီ။ စမှဖြစ်မှာလေ၊ ကျုပ်သားတွေ ရှင်ပြုဖို့အရေးကလည်း ရှိသေးတာကိုး။

ကျုပ်လယ်က ခုနစ်ဆယ်နှုန်းတော့ ချိန်စရာမလိုဘူး၊ ထွက်ပြီးသား။ နွေစပါးလည်း ငါးဆယ်အောက် မလျှိုဘူး။ တစ်နှစ်ကို စပါးနှစ်ထောင်ကတော့ ပြေးလို့ကိုလွတ်တာ။ နှစ်ရာကြိတ်ဆိုမိသားစု နှစ်ပေါက်စားလို့ရတော့ ပိုတာကို ဈေးသာတာနဲ့ ထုတ်တာပဲ။ နွေရောမိုးပါ လယ်ထဲက မတက်ရပေမဲ့ ပင်ပန်းရကျိုးတော့နပ်တယ်။ ကျုပ်မသင်ခဲ့ရတဲ့ အတန်းပညာ သားသမီးတွေ သင်ခွင့်ရတယ်။ သားလေးယောက် ရှင်ပြုတော့ သမီးတွေပါ နားသခဲ့ရတယ်။ အကျေနပ်ဆုံးကတော့ အားရပါးရ လှူရတဲ့ပွဲမှာ အဖေ၊ အမေတို့ကို ရည်စူးပြီး ရေစက်ချအမျှဝေလိုက်ရတာကိုပဲပေါ့။

'အမေ့ ထွန်းပြည့်အောင် ကြည့်ကောင်းလာတယ်နော်'

'အယ်လ်ဂျာဆိုင်းပန် ကလည်း ချစ်စရာလေး'

'သမီးတို့လည်း စတိုင်လ်ကျကျပြင်ပြီး သွားပြိုင်ချင်တယ်'

'ပြိုင်ချင်ရင် လေ့ကျင့်ထားပေါ့၊ အင်္ဂလိပ်သီချင်းပါ ဒွတ်ဒက်နဲ့ဆိုနိုင်အောင်လုပ်။ အမေလိုက်ပြီး အားပေးမယ်'

ကျုပ်ကသာ လယ်ကိစ္စတွေးရင်း ငိုင်ပြီးထိုင်နေတာ၊ ကျုပ်မိန်းမကတော့ သားသမီးတွေနဲ့ အတိုင်အဖောက်ကို ညီလို့။ အေးလေ၊ ချိုရည်ခမျာလည်း ကလေးတွေ လက်လွတ်မှ ခုလို နေခွင့်ရတာပါ။ ဟိုးတုန်းကဆို ကျုပ်တို့လင်မယား လွတ်ပြီးကသီတာ။ သူရင်းငှားခေါ်ရတယ်၊ ထမင်းချက်အကူခေါ်ရတယ်။ ဟော သူတို့လည်း အရွယ်ရောက်ရော ကျောင်းအားတာနဲ့ လယ်ထဲရောက်လာရော။ ထမင်းတောင်းထမ်းသူက ထမ်းလာပြီး၊ ရေပေါက်လိုက်သူကလိုက်၊ ပေါင်းနုတ်သူကနုတ်။ ကျုပ်မှာလေ ဒီမြင်ကွင်းကြောင့် အားတက်ရတာ အခါခါပဲ။

'ဟာ ရတနာဝိုင်းက ပထမ'

'တွေ့လား၊ အမေ့ထွန်းခေါင်း ဒုတိယပဲရတယ်'

'ဒါပေမဲ့ အကုန်လုံးကောင်းပါတယ်ဟယ်၊ အယ်လ်ခေါင်ဇက်ဆို အသံလေးကချိုပ'

နွားတင်းကုပ်ကနေ ကျုပ်တက်လာတော့ ချိုရည်တို့သားအမိ ငြင်းတုန်း၊ ခုံတုန်း။ ဟိုမှာ အိပ်မက်ဆုံရာ အစီအစဉ်က ပြီးနေပြီ။ သူတို့သားအမိ ပြောလို့မပြီးသေးဘူး။ ခဏကြာ ဘုရားဝတ်တက်ဖို့ ကျုပ်ပြင်မှ တီဗွီလည်းနား၊ သူတို့လည်း နားတော့တာ။ ကျုပ်လည်း ဘုရားဝတ်တက်ပြီးရော ကလေးအသီးသီးက သူ့စားပွဲနဲ့သူ စာဖတ်နေကြပြီ။ ဒါနဲ့ ကျုပ်လည်း အိပ်ခန်းဘက်ဝင်ခဲ့တယ်။ အိပ်ခန်းထဲမှာတော့ ချိုရည် အိပ်ရာခင်းပေးနေလေရဲ့။

'လာလေ ကိုအံ့၊ နှိပ်ပေးမယ်'

ဒါက ချိုရည်ရဲ့ နေ့စဉ်အပြုအမူပါ။ ကျုပ်အိပ်ဖို့ ပြင်တာနဲ့ ခြေသလုံး၊ ပေါင်၊ ဇက်ကြောကအစ သူ နှိပ်ပေးလေ့ရှိတယ်။ ကျုပ်ကလည်း အဲဒီလိုသာဆို တစ်နေ့တာပန်းသမျှ ပြေရော။

'ချိုရည်ရေ…ပွဲစားထွေး ညနေက လာပြန်ပြီ'

'ဘာတဲ့လဲ၊ မနှစ်ကထက် ဈေးပိုပေးပြန်ပြီလား'

အပြင်ဘက်မှာ ကျုပ်သားသမီးတွေ စာဖတ်သံတိုးတစ်လှည့်၊ ကျယ်တစ်လှည့်ကလည်း ကြားနေရတော့ လေသံကိုထိန်းရင်း ချိုရည်ကို ရင်ဖွင့်လိုက်တယ်။

'တစ်ဧက သိန်းငါးဆယ် ပေးမယ်တဲ့'

တစ်ညနေလုံး ကျုပ်ရင်ထဲ လိပ်ခဲတည်းလည်း ဖြစ်နေတဲ့ကိစ္စကို ရင်ဖွင့်လိုက်ရတော့ ရင်ထဲမှာ ပေါ့သွားသလိုပဲ။ ချိုရည်ခမျာလည်း ကျုပ်စကားကြားတော့ နှိပ်ပေးရင်းက ငြိမ်သွားတယ်။ ကျုပ်သိတာပေါ့၊ သိန်းတစ်ထောင်ဆိုတဲ့ပမာဏကြီး ချိုရည့်အတွေးထဲ ရောက်သွားပြီ။ ပြောရရင် ဒီငွေက ကျုပ်တို့မိသားစုအတွက် ရင်ခုန်စရာအရေးအတွက်ဗျ။ ဒီငွေလောက်ဆို ကျုပ်တို့မိသားစု လူနေမှုဘဝပုံစံ ပြောင်းသွားနိုင်တယ်။ ခက်တာက လယ်မရှိရင် ကျုပ်က ဘာလုပ်ငန်းလုပ်မှာလဲဆိုတဲ့အဖြေ။ ကျုပ်ဘဝမှာ လူမှန်းသိကတည်းက စပါးဆိုတာ ဖွားဖက်၊ နွားဆိုတာ ငယ်ပေါင်း။ အနှစ်ငါးပါးပြီးရင် ကိုးကွယ်ရာက လယ်ပဲ။ ဒီလယ်ကြောင့် ကျုပ်မိသားစု ဝမ်းဝတယ်။ လယ်ကရရှိငွေနဲ့ အလှူအတန်း ပြုနိုင်ခဲ့တယ်။ သားသမီးတွေကို ပညာအမွေ ပေးနိုင်တယ်။

မနှစ်ကဆို ကျုပ်နဲ့လယ်ချင်းကပ်က 'ထွန်းဆင့်' လယ်ရောင်းတယ်။ နောက်၊ 'အောင်ကြိုင်' လည်းရောင်းတယ်။ ကိုးကန့်ဆိုလား၊ ဝ,ဆိုလား လူမျိုးခြားတွေဝယ်တာ။ ကိုယ့်လယ်သမားအချင်းချင်းကတော့ သူတို့ပေးသလို ဈေးမပေးနိုင်ဘူးပေါ့။ ရောင်းလည်းပြီးရော

www.burmeseclassic.com

ထွန်းဆင့်က မြို့ကိုပြောင်းတယ်။ အောင်ကြိုင်က ရွာမှာ ဟာလာစက်တည်တယ်။ ပြီးခဲ့တဲ့နွေမှာ ထွန်းဆင့်လာတော့ ကုန်စုံဆိုင် ဖွင့်ဖြစ်ကြောင်း သိရတယ်။ ဒါပေမဲ့ အရောင်းအဝယ်ပါးတဲ့အကြောင်း၊ ကုန်လှောင်ဈေးကစားမလုပ်တတ်သေးကြောင်း၊ အရင်းအချို့ပါ လျှော့ပါးလာကြောင်း ပြောပြတယ်။ အောင်ကြိုင်ရော ဘာထူးလို့လဲ။ ဟာလာစက်တွေ အပြိုင်ရှိတော့ ဘယ်မှာ လုပ်ငန်းတွင်ကျယ်လို့တုံး။ တော်တာက သူတို့မှာ သားသမီးတွေ လက်လွှတ်ကုန်ပြီ။ ကျုပ်သာဆို ကလေးတွေ ပညာရေးစရိတ်နဲ့ ငုတ်တုတ်မေ့မှာ။ သိန်းတစ်ထောင် ပိုက်ပြီး ချတဲ့အခြေမခိုင်ရင် လဲပြီ။ လယ်လုပ်ချင်လို့ ပြန်ဝယ်ရင်လည်း ကျုပ်လယ်မျိုးက မရနိုင်တော့ဘူး။

'ကိုအံ့က ရောင်းမှာလား'

နင်းနှိပ်ပေးရင်း ခဏကြာတော့ ကျုပ်ဘေးမှာ ချိုရည်လှဲတယ်။ လှဲရင်းမေးတော့ ပင့်သက်ရှိုက်သံလေး ပါလာတယ်။ ဒီအချိန်မှာ ရွာထဲဘက်က ကြက်တွန်သံနဲ့ ခွေးဟောင်သံတွေ ကျုပ်ကြားနေရသလို ကလေးတွေရဲ့ စာဖတ်သံကိုလည်း ကြားတယ်။ အဲဒီအသံတွေကြားမှာ ကျုပ်နဲ့ချိုရည်ရဲ့ အသက်ရှူသံက အကျယ်ဆုံးလို့ ကျုပ်ထင်မိတယ်။ နောက်တော့ ချိုရည့်ဘက်ကို အသာလှည့်လိုက်ပြီး ချိုရည့် လက်ဖဝါးတွေကို ကျုပ် ဆုပ်ကိုင်ထားလိုက်တယ်။ ပြီးတော့မှ…

'ကိုအံ့အသက်က လေး

**ကျုပ်သိတာပေါ့ သိန်းတစ်ထောင် ဆိုတဲ့ဟာကြီး ချိုရည့်အတွေးထဲ ရောက်သွားပြီ ပြောရရင် ဒီငွေက ကျုပ်တို့ မိသားစုအတွက် ရင်ခုန်စရာ အရေအတွက်ဗျ ဒီငွေလောက်ဆို ကျုပ်တို့မိသားစု လူနေမှုဘဝပုံစံ ပြောင်းသွားနိုင်တယ်**

ဆယ်ကျော် ငါးဆယ်နားကပ်လာပြီ၊ နောက်ဆို နွားတွေနဲ့ အတူတူ ရုန်းနိုင်ပါတော့မလား မသိဘူး'

'အိုတော် ကျုပ်သားတွေရှိတာပဲ'

'မင်းသားတွေက အစိုးရဝန်ထမ်းလုပ်ရင်ရော'

'အလိုတော် သမီးတွေရှိတယ်လေ၊ သမက်ရှာပြီး လုပ်ခိုင်းမှာပေါ့။ မပူပါနဲ့ရှင် တစ်ယောက်မဟုတ်တစ်ယောက်တော့ လယ်လုပ်ငန်းကို ဝါသနာပါမှာပါ'

ချိုရည်ပြောတဲ့ ဒီအချက်ကိုတော့ ကျုပ်ထောက်ခံတယ်။ ကျုပ်သားသမီးတွေက လယ်ကို သံယောဇဉ်ကြီးသားဗျ။ ကျောင်းတက်ရင်း မျိုးစပါးအကြောင်း၊ ဓာတ်မြေဩဇာအကြောင်း စုံစမ်းလာတတ်ကြသလို မိုးလေဝသအခြေအနေကိုလည်း ကျုပ်ကို ပြောပြတတ်ကြတယ်။ အကြီးကောင် သော်သော်ဆို မြေကြီးဟာ ဘယ်လောက်တန်ဖိုးရှိကြောင်း၊ မြေဟာ ဖန်တီးလုပ်ယူလို့ မရနိုင်ကြောင်း သူ့ ညီ၊ ညီမတွေကို အမြဲပြောလေ့ရှိတယ်။ ကျုပ်မိန်းမဆိုလည်း ကြည့်လေ၊ စကားအသွားအလာက လယ်ကို ရောင်းလိုစိတ် မရှိတဲ့လေသံ။ ကျုပ်ကရော ဘာထူးလို့လဲ။ သိန်းတစ်ထောင်ဆိုတာကြီးကြောင့် စိတ်လှုပ်ရှားရုံသက်သက်ပဲရှိတယ်။ ဘိုးဘွားအစဉ်အဆက် လုပ်ကိုင်စားခဲ့တဲ့ လယ်ကို ဘယ်လာရောင်းချင်မှာတုံး။

နွားနဲ့အတူ ရုန်းရတာတော့ မှန်ပါရဲ့။ ကျုပ်လုပ်အားစိုက်ရင် စိုက်သလောက် ဒီလယ်က ပြန်ပေးတယ်။ စပါးသာမကဘူး။ ပဲ၊ ဖရဲ၊ ငရုတ်၊ သခွား ဘာစိုက်မလဲ စိုက်တာသီးပေးတယ်။ တွက်ကြည့်ရင် တစ်နေ့ ရွှေဥတစ်လုံး 'ဥ'ပေးတဲ့ ငန်းကြီးလိုပဲ။ ဘိုးဘွားအစဉ်အဆက် 'ဥ' ပေးခဲ့တာ ကျုပ် လက်ထက်တိုင်လာပြီ။ ခု၊ ကျုပ်ကြံပုံက ငန်းကြီးကို ရင်ခွဲမယ့်အကြံ။ ဘိုးဘွားပိုင်ကို ဖျောက်ပစ်မယ့်အကြံ။

ညဉ့် ကနက် လာပြီ။ ညဉ့်နက်ပေမဲ့ ချိုရည်ရော ကျုပ်ပါ အိပ်မပျော်နိုင်သေးဘူး။ ချိုရည်က ပင့်သက် ခဏခဏချနေသလို ကျုပ်ကလည်း ကျုပ်လယ်ကို အဖိုး မဖြတ်နိုင်တဲ့ 'ငန်းကြီး'ပမာ မြင်လာပြီး ရောင်းဖို့ရာ နှမြော လာတယ်။ နောက်တော့ ဆုံး ဖြတ်ချက်တစ်ခု ချလိုက်ရ က ချိုရည့်လက်ဖဝါးကို ဖျစ် ညှစ်ရင်း…

'မနက်ဖြန် ကိုအံ့မ ခိုက် ငထူးရောက်လာရင်ပြော ကွာ၊ လယ်မရောင်းနိုင်ဘူး လို့။ ပြီးတော့ ဒီနှစ်လည်း မရောင်းဘူး၊ နောင်နှစ်လည်း မရောင်းဘူး။ သားစဉ်မြေး ဆက်လည်း ရောင်းမှာမဟုတ် ဘူးလို့၊ ဝယ်မယ့်အ မပြောပါနဲ့သာ ပြောချလိုက် ကွာ'

ပြတ်သားတဲ့ ကျု စကားလည်းဆုံးရော'ကော တယ်၊ ဒါမှ လယ်ရောင်း မလားလို့ နောက်ထပ် မ ရဲတော့မှာ'လို့ပြောရင်း ရည်က ကျုပ်ရင်ခွင်ထဲတိုး လာတယ်။ ဒါကြောင့် ကျု လည်း အလိုက်သင့် ပြန် ထားလိုက်တာပေါ့။ သိ ကြာပါဘူး၊ ပြတ်သားတဲ့ ဖြတ်ချက်ကြောင့် ကျုပ် တွေ ပေါ့ပါးသွားပြီး အိပ် သွားပါရောလား။ အမ အိပ်မက်တွေတောင် မ သေးတာဗျ။ အိပ်မက်ထဲ ကျုပ်နဲ့ ကျုပ်မိသားစုက ဖြူဖြူကြီးတစ်ကောင် အစာဝိုင်းကျွေးရင်း မြူး ပျော်လို့။ ကျုပ်နောက်ကျေ ဘက်က အမှောင်ထုထဲ တော့ ငန်းတချို့က ဟိုတ ကောင် ဒီတစ်ကောင် ပြန့် ပြီး သေနေလေရဲ့။ သေ 'ရင်ခွဲ'ခံရတဲ့ ဒဏ်ရာ နဲ့…။ ■

ဇော်ခင်အင်းဗွ



www.burmeseclassic.com

www.burmeseclassic.com

# ...ားဝါသရုပ်ဆောင်သင်တန်းရဲ့ ...ဆက်သစ်လေး ရွှေမှုန်ရတီ

8 Days Interview မှ



**ရွှေမှုန်ရဲ့ အနုပညာပျိုးခင်းအကြောင်း ပြောပါဦး။**

အနုပညာပျိုးခင်းက ပြိုင်ရတာ မဟုတ်ပါဘူး။ ဆရာဂျွန်လွင့်သင်တန်းမှာ သင်တန်းတက်နေတုန်း လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဝိုင်းက လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကုန်လုံးကို သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

**ဘယ်လို talent တွေ ပြရသေးလဲ။**

ဘာမှ မလုပ်ပြရပါဘူး။ ဆရာဝိုင်းက စံကားဝါသရုပ်ဆောင် သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။ သရုပ်ဆောင်သင်တန်းလည်း တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။

**သင်တန်းကရော ဘယ်လိုတက်ဖြစ်တာလဲ။**

ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက ငါးလ။ ရှိုးလျှောက်တာလည်း ရှိသေးတယ်။

**တတ်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့ ကွက်တိပဲပေါ့ဟုတ်လား။**

ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။ အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။ သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက ခေါင်းစခြေအဆုံး ဆရာတွေက သင်ပေးတာဆိုတော့ သင်စရာမလိုတော့ဘူး။ အနုပညာပျိုးခင်းထဲဝင်ပြီး ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။ အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြုံဖူးတော့ မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။


...နွေဦးအထူးပညာဒါန ...ရုပ်ဆောင်(အခြေခံ) သင်တန်းသို့ ...တက်ရောက်လိုသူများ ...သွယ်တက်ရောက် နိုင်ပါပြီ။

ရွှေပုပ္ပါးဦးအုံးခိုင်(တာဝန်ခံ)
စံကားဝါသရုပ်ဆောင်သုတေသနသင်တန်း

အမှတ် ၂၊ မိုးကောင်းလမ်း၊ စံကားဝါအိမ်ရာ၊ စံကားဝါခန်းမ၊ ရန်ကင်း
ဖုန်း - ၅၄၁၀၀၂ (ရွေးချယ်လက်ခံပါမည်)
လှိုက်လှဲသောစေတနာဖြင့် နွေးထွေးစွာ ကြိုဆိုလျက်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သာ စိတ်ပူတာ'

'အမေသေရင်တော့ ဘယ်ဘဝမှ မရချင်တော့ပါဘူး။ နင့်အဖေလို အသောက်သမားနဲ့ ထပ်ပြီးဆုံရမှာကြောက်လို့'

အမေက မကြာခဏပဲ ပြောတတ်တဲ့စကားတွေက ကျွန်တော့်နားထဲကို ပဲ့တင်ထပ်ဝင်လာပြန်တယ်။ ကျွန်တော်လည်း နဖူးမှာစို့တက်လာတဲ့ချွေးကို ခပ်ပြင်းပြင်းသုတ်ချလိုက်တယ်။ ပြီးတော့ ကျွန်တော့် အခန်းထဲက မြင်နေရတဲ့ ရွှေတိဂုံဘုရားကြီးကို လက်အုပ်ချီဖူးမြော်လိုက်ရင်း ဆုတောင်းလိုက်တယ်။

'အရှင်ဘုရား တပည့်တော်ရဲ့ အမေ ဘာမှမဖြစ်ပါစေနဲ့ဘုရား။ ခု ဒီရန်ကုန်က ပြန်တာနဲ့ အမေ့အနားက ဘယ်တော့မှ မခွာတော့ဘဲပြုစုပါမယ်လို့ ကတိသစ္စာဆိုပါတယ် ဘုရား'

ဘုရားဆုတောင်းတွေနဲ့ အံဝင်လား၊ မဝင်လားတော့ မသိဘူး။ တုန်နေတဲ့ ကျွန်တော့်ပါးစပ်က အသံကတော့ အခန်းထဲပျံ့နှံ့သွားတာ အမှန်ပဲ။ ပြီးတော့ ရွာပြန်မှာကို ခွင့်သဘောမျိုးမဟုတ်ဘဲ အလုပ်ပါတစ်ခါတည်း ထွက်မယ့်အကြောင်းကို အလုပ်ရှင်ဆီ ဖုန်းဆက်ပြီး ပြောလိုက်တယ်။

'နောက်ဆို အမေ မလွမ်းရတော့အောင် သားအပြီး ပြန်လာတော့မယ်။ အမေ ဘာမှမဖြစ်ပါစေနဲ့နော်'

တစ်ယောက်တည်း စကားတွေပြောရင်း အဝတ်တွေထည့်သိမ်းနေမိတယ်။ အဝတ်အစားထည့်တာတွေက

ဘာတွေပဲ
တွေ့နေ၊ မြင်နေ
စိတ်အစဉ်က
ပစ္စုပ္ပန်မှာ
မရှိနိုင်ဘဲ
အမေ့ဆီပဲ
ရောက်ရောက်
နေတယ်
အမေ့စိတ်
တွေလည်း
အနေဝေးတဲ့
ကျွန်တော့်ဆီ
ရောက်နေမှာပဲလို့
တွေးမိပြန်တော့
အားတွေ
ပြည့်လာပြန်တယ်

အစီအစဉ်မကျတော့ အိတ်က မဆံ့တော့ဘူး။ အရင်တုန်းက ခရီးထွက်တော့မယ်ဆိုတိုင်း ခရီးလမ်းမှာဝတ်မယ့်အဝတ်အစားကအစ အမေ စီစဉ်ပြီး လုပ်ပေးနေကျလေ။ ခုလို အမေနဲ့ဝေးတဲ့ ခဏလေးမှာတောင် ဒီလောက်အဆင်မပြေတာတွေ ဖြစ်နေတာ၊ ကျွန်တော့်ဘဝမှာ အမေသာ မရှိတော့ရင်…။ အတွေးက လည်ပင်းညှစ်ပြီး ရေနှစ်ခံ လိုက်ရသလိုပဲ။

'အမေ ဘာမှမဖြစ်ပါစေနဲ့ဘုရား။ အမေ သားကို ထားမသွားပါနဲ့နော်'

❑

ရန်ကုန်-ဆင်ဖြူကျွန်းကို ပြေးဆွဲနေတဲ့ မိုးသောက်ရောင်နီ Express ကားကြီးက စလင်းမြို့ကိုရောက်တော့ မနက် ၆ နာရီတိတိ။ ဘာမှစဉ်းစားမနေတော့ဘဲ ကားပေါ်က ဆင်းဆင်းချင်းပဲ ဆိုင်ကယ်တစ်စီးကို ရှာပြီးငှားလိုက်တယ်။ ဆိုင်ကယ်ခနှစ်သောင်းခွဲတဲ့။ ခုချိန်မှာတော့ ဆိုင်ကယ်ခ နှစ်သောင်းခွဲကို ဈေးဆစ်နေဖို့ အချိန်မပေးနိုင်။ တစ်စက္ကန့်ကလေးပဲ ဖြစ်ဖြစ် အမေ့အနားကိုရောက်ဖို့ အချိန်သာဖြစ်ချင်တယ်။

'ဝူး…ဂျန်း…ဝူး…ဝူး…'

ဆိုင်ကယ်သမားကလည်း နားလည်ပေးစွာနဲ့ပဲ ဆိုင်ကယ်ကို နံပါတ်လေးဂီယာနဲ့ မောင်းနေတယ်။ စလင်း-စေတုတ္တရာကျောက်လမ်းအပေါက်အပြဲတွေပေါ်မှာ အမြင့်ဆုံးမြန်နှုန်းနဲ့ပြေးနေတဲ့ ဆိုင်ကယ်ဘီးတွေကလည်း မြေကြီးနဲ့မထိတစ်ချက်၊ ထိတစ်ချက်။ ဆိုင်ကယ်နောက်က ကျွန်တော်ကလည်း ထိုင်ပြီး စီးရတယ်လို့ မထင်ရအောင်ဘဲ ကျွန်တော့်တင်ပါးဆုံနဲ့ ဆိုင်ကယ်နဲ့က မထိတစ်ချက်၊ ထိတစ်ချက်။ တချို့ချိုင့်ခွက်တွေထဲမှာ လူနဲ့ဆိုင်ကယ်နဲ့တစ်တောင်ကျော်ကျော်လောက်ကွာတဲ့အထိ မြောက်တက်သွားတဲ့အဖြစ်တွေက မြင်းစီးတာထက်ပဲ ဆိုးရွားလှတယ်ထင်တယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ခုချိန်မှာ ကျွန်တော့်အတွက် အဓိကက ကျွန်တော်သက်သာဖို့ မဟုတ်ဘူး။ အမေ့အနားကို အမြန်ရောက်ဖို့သာ အဓိကဖြစ်နေတယ်။

လမ်းကလည်း ရှေ့ပိုင်းမှာ မိုးပျံနေသလား ထင်ရလောက်အောင် စီးခဲ့ရပေမဲ့၊ စလင်း-စေတုတ္တရာ လမ်းတစ်ဝက်ကျော်လို့ စေတုတ္တရာ-လောင်းရှည်လမ်းကို ပြန်ချိုးလိုက်တော့ ဖင်မီးလောင်မတတ်ဘဲ ပူနေအောင် ဆိုင်ကယ်နဲ့မခွာဘဲ စီးရပြန်တယ်။ ၂၀၀၉ ခုနှစ်က တိုင်းမှူးနဲ ဦးကိုယ်တိုင် ကြွရောက်ဖြ ဖွင့်ပွဲကျင်းပခဲ့တဲ့ ဆော-လောင်းရှည်-စေတုတ္တရာ ကျောက်လမ်းကလည်း နှ ဆစ်လောက်ဖွက်တွေနဲ့ အပြည့်။ ဒီကျောက်လမ်းပေါ် က ကျောက်ဆိုတာကလည်း ရှေ့ထက်ပဲ ရှားသေး။

'ရူး…ရူး…ရူး… ဖွတ်…ဖွတ်…ဖွတ်…'

ဆိုင်ကယ်ကနေ ကျွဲပြ သွားပြီလား မသိဘူး။ ဗွ ထဲကနေ မလှုပ်တော့ ကျွန်တော့်အိတ်ကြီးကို ကျေ မှာ မနိုင့်တနိုင်ပိုးရင်း ဆိုင် ကယ်သမားက ရှေ့ဘီးက ကျွန်တော်က နောက်ဘီး မပြီး ဗွက်အိုင်လွတ်ရာအ ထမ်းထုတ်ရပြန်တယ် သာမန်အချိန်တွေမှာ ကျွန်တော့်ကို ရွှေပေးပြီး ရင်တောင် ဒီလောက်လုပ်နိုင် မှာမဟုတ်ဘူး။ ခုတော့ အ စိတ်တစ်ခုတည်းနဲ့ပဲ အ ကို ကျော်လွှားသွားနိုင်ပြ ရော့လား။ သား ကျွန်တော့်ရဲ့ မေ တော

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ကြီးမားရင် အမေ့မေတ္တာက နှိုင်းစရာပဲရှိပါလေစ။ ဒီလိုတွေးမိပြန်တော့ ဘဝလှဖို့အကြောင်းပြပြီး အမေ့ကို ပစ်ထားခဲ့တဲ့ ကျွန်တော့်ရဲ့ မိုက်မဲမှုကလည်း ကြီးမားလွန်းပြန်တယ်။ အမေ့မေတ္တာက လလိုတစ်မျိုး၊ နေလိုတစ်ဖုံ အဆင်ပြေသလို သုံးဖို့ရှိနေခဲ့တာပဲ။ အတွေးနဲ့အတူ ကောင်းကင်ပေါ်က နေလုံးကြီးကို မော့ကြည့်မိတော့ ချက်လုံးစုံ မှိတ်ရတဲ့အထိပဲ အလင်းရောင်က ပြင်းလွန်းတယ်။ ဆိုင်ကယ်သမားနဲ့ ကျွန်တော်လည်း ရေချိုးထားတဲ့အတိုင်းပဲ ချွေးတွေနဲ့ ရွဲနစ်နေပြီ။ နေပူရှိန်ကြောင့် ဆံပင်တွေလည်း မိုးကြိုးပစ်ခံရတော့မယ့်လူလိုပဲ ခြောက်ကပ်ထောင်တက်လို့။ High Light ဖောက်ထားသလို တချို့နေရာတွေမှာလည်း ရွှံ့ဝါတွေက ကွက်တိကွက်ကျားနဲ့။ နာရီကိုကြည့်မိတော့ နံနက် ၁၀ နာရီတိတိ။

ရွာကို ရောက်ဖို့က လည်း ၇ မိုင်လောက်လိုသေးတယ်။ ဒီကြားထဲ ကျွန်တော်တို့နယ်ရဲ့ အထင်ကရဖြစ်တဲ့ ချောင်းကြောင်းတောင်ကြီးကလည်း ကျော်ရဦးမှာ။ လမ်းကိုကြည့်တော့လည်း ဘယ်လိုမှ ဆိုင်ကယ်ဆက်မောင်းလို့မရတော့တဲ့ အခြေအနေ။ နောက်ဆုံးတော့ ဆိုင်ကယ်သမားကို ပြန်လွှတ်ပြီး ကိုယ့်အိတ်ကိုယ်ပိုးရင်း ခရီးဆက်ခဲ့ရတော့တယ်။ အမေ့ဆီနဲ့ နောတမ်းချီတက်လာလိုက်တာ ချောင်းကြောင်းတောင်ခြေ ရောက်တဲ့အထိပဲ။ နာရီကို ကြည့်လိုက်တော့ ၁၁ နာရီ သာသာလေး။ မနားဘူးလို့ အားတင်းထားတဲ့ကြားကပဲ သစ်ပင်ရိပ်နားရောက်တော့ အိတ်နဲ့အတူ လူပါပြိုလဲကျသွားတယ်။ မောလွန်းတာကြောင့် ပါးစပ်ပါဟပြီး အသက်ရှူတာတောင် လေက အလျှဉ်မမီချင်သလိုဖြစ်နေတာမို့ မြေကြီးပေါ်မှာပဲ ဆက်ပြီး လှဲနေလိုက်ရတယ်။ နားထဲက လေတွေ အန်ထွက်နေတာလည်း တဟူးဟူးနဲ့။

'ဂလုန်း…ကျွီ… ဂျွန်း…'

အသံတွေက ဆိုးရွားလှတယ်။ မောလွန်းတာကြောင့် အစောပိုင်းက မကြားမိခဲ့တဲ့ အသံတွေ။ ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်တော့ ခပ်လှမ်းလှမ်းက တောအုပ်တွေကြားထဲမှာ လမ်းပြင်နေတဲ့ စက်ကြီးတွေကိုတွေ့ရတယ်။ အရင်က ကျောက်ခင်းလမ်းပါဆိုတဲ့ လမ်းကို ပြန်ပြီး လမ်းဖောက်နေကြတာ တွေ့ရတော့လည်း မဆိုင်တာတွေတွေးပြီး အမေ့ကိုပဲ စကားလှမ်းပြောမိပြန်တယ်။

'အမေ၊ သားကို ခွဲမသွားပါနဲ့နော်။ ခု သားအိမ်ပြန်ရောက်ရင် အမေ့အနားက ဘယ်တော့မှ မခွာတော့ပါဘူး။ အမေရယ် ဟောဒီသားရောက်နေတဲ့လမ်းက နှစ်ခါဖောက်လုပ်ရသလို သားက နှစ်ခါ မမိုက်ပါဘူး အမေရယ်'

ဘာတွေပဲ တွေ့နေ၊ မြင်နေ စိတ်အစဉ်က ပစ္စုပ္ပန်မှာ မရှိနိုင်ဘဲ အမေ့ဆီပဲ ရောက်ရောက်နေတယ်။ အမေ့စိတ်တွေလည်း အနေဝေးတဲ့ ကျွန်တော့်ဆီ ရောက်နေမှာပဲလို့ တွေးမိပြန်တော့ အားတွေ ပြည့်လာပြန်တယ်။ ကျွန်တော်လည်း မြေကြီးပေါ်က လူးလဲထလိုက်ပြီး ခရီးစပြန်တယ်။

ချောင်းကြောင်းတောင်ကို တစ်ဝက်လောက်ရောက်တော့ ရေဆာလာတယ်။ မွန်းတည့် ၁၂ နာရီနားကပ်နေတာမို့ နေကလည်းချစ်ချစ်တောက်ပူလို့ကောင်းတုန်း။ ဒီလိုနေရာမျိုးမှာ ရေတွေ့နိုင်ဖို့ဆိုတာကလည်း ဘယ်လိုမှမဖြစ်နိုင်တဲ့အရာ။ တောင်ထိပ်ပေါ်ရောက်ရင်တော့ တချို့နားခြေရာခွက်ထဲက ရေအိုင်လေးတွေ တွေ့ဖို့မျှော်လင့်လို့ရသေးတယ်။ ဒီမျှော်လင့်ချက်ကလေးကို ဆွဲဆန့်ရင်းအမေ့စိတ်ဓာတ်ကို အားပြုပြီး ဆက်လျှောက်ရတယ်။ တောင်ထိပ်နားရောက်တော့ ဘယ်လိုမှ မရတော့။ ကြိုးစားပြီး အားတင်းထားတဲ့ကြားကပဲ လူက လမ်းဘေးကို ထိုးလဲကျသွားတာကြောင့် အပင်တစ်ပင်ကို အမြန်ဆွဲကိုင်ပြီး ခန္ဓာကိုယ်ကို ထိန်းလိုက်ရတယ်။ မောတဲ့ ဒဏ်ရယ်၊ ရေဆာတဲ့ဒဏ်ရယ်၊ နေပူတဲ့ ဒဏ်ရယ် ပေါင်းလိုက်တော့ မျက်လုံးပွင့်လျက်နဲ့ပဲ အပြာရောင်ကောင်းကင်မှာ ကြယ်တွေက လက်ခနဲ၊ လက်ခနဲ မြင်နေရတယ်။ အနားက သစ်ပင်ကြီးကို မှီပြီးလျှောထိုင်ချလိုက်ရင်း ပါးစပ်ပါဟပြီး အသက်ဝအောင်ရှူဖို့ ကြိုးစားရပြန်တယ်။ ရေဆာတာကလည်း ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေပြီ။ တံတွေးမျိုချရပေါင်းလည်းများလို့ အာခေါင်လည်း ခြောက်ကပ်ပြီး ပပ်ကြားအက်မတတ်ဖြစ်နေပြီ။

ကုန်းမြေပြင်ပေါ် ရောက်နေတဲ့ သေခါနီး ငါးတစ်ကောင်ရဲ့ အသက်ရှူပုံမျိုးနဲ့ ပါးစပ်ကိုဟပြီး မြော့မြော့လေး အသက်ရှူရင်း မှိန်းနေလိုက်တော့ နဖူးကချွေးပေါက်က ဟနေတဲ့ ပါးစပ်ထဲကိုကျသွားတယ်။ ခေါင်းထဲလက်လာတဲ့အတွေးတစ်ချက်နဲ့အတူ ချွေးတွေရွှဲနစ်နေတဲ့ အင်္ကျီကို ချွတ်လိုက်တယ်။ ပြီးတော့ ခေါင်းမော့ပြီး ဟနေတဲ့ပါးစပ်ထဲကို အင်္ကျီကချွေးတွေကို ညှစ်ချလိုက်တယ်။ ငန်ကျိကျိ အရသာနဲ့ ချွေးတွေက လျှာပေါ်ကို ကျရောက်သွားတော့ အာခေါင်စိုသလိုတော့ ရှိလာတာမို့ နည်းနည်းတော့ အဆင်ပြေသွားသလိုပါပဲ။ အာခေါင်စိုတဲ့ အရသာကို ခံစားရင်း မှိန်းနေလိုက်တော့ မှိတ်နေတဲ့မျက်လုံးအိမ်ထဲမှာ အမေ့ပုံရိပ်က ပြုံးပြီးပေါ်လာလိုက်၊ အိပ်ရာထက်မှာ လှဲပြီး ပေါ်လာလိုက်နဲ့။ ကျွန်တော်ကလည်း အမေ့ပုံရိပ်မြင်တာနဲ့ ထရပ်ပြီးသားဖြစ်နေပြန်တယ်။ ပြီးတော့ အမေ့အပြုံးက အားတွေနဲ့ ခရီးစပြန်တယ်။

တောင်ထိပ်ပေါ် ရောက်ပြီး နည်းနည်းလောက် ထပ်လျှောက်မိတော့ ရေကိုပိုဆာလာပြန်တယ်။ ချွေးရဲ့အငန်ဓာတ်က ရေကိုပိုဆာစေတယ်လေ။ လမ်းသာလျှောက်နေတာ မျက်လုံးတွေက မပွင့်တော့။ တရွတ်တိုက်ဆွဲနေတဲ့ ခြေ

www.burmeseclassic.com

ထောက်တွေကလည်း ပွန်းရာ၊ ပွဲရာတွေအပြည့်နဲ့ ဘယ်လိုမှ မတတ်နိုင်တော့တဲ့အဆုံးလမ်းဘေးက ကျောက်တုံးကြီးပေါ် မှေးပြီးမှောက်လိုက်တော့ ပူချစ်တောက်နေတဲ့ ကျောက်တုံးနဲ့ ချွေးစိုနေတဲ့ အင်္ကျီက ရှဲခနဲ မိတ်ဆက်တယ်။ တစ်ခဏတာအဖို့တော့ ဘာမှမစဉ်းစားနိုင်တော့ဘဲ ကျောက်တုံးမှာသာ ပါးကိုအပ်ပြီး မျက်လုံးစုံမှိတ်နေလိုက်ရတယ်။

'အရှင်ဘုရား အမေ ဘာမှမဖြစ်ပါစေနဲ့ဘုရား။ သားမိုက်တပည့်တော်ကိုသာ ခေါ်တော်မူပါဘုရား'

စိတ်ထဲက စကားတွေက ပါးစပ်မှာ မပွင့်တစ်ချက်ပွင့်တစ်ချက်နဲ့ လေထွက်တယ်ဆိုရုံလေးပဲ။ သေခါနီးငါးခုံးမတစ်ကောင်ရဲ့ အသက်ရှုပုံမျိုးနဲ့ပါးစပ်ကိုဟဟလေး အသက်ရှုရင်း ရှေ့လမ်းကို မျက်လုံးဖွေကြည့်တော့ ရှေ့ခပ်လှမ်းလှမ်းမှာ ရွှံ့အိုင်လိုလို အရာတစ်ခုမြင်ရတယ်။ ရေဆာနေတဲ့ စိတ်တွေက ချက်ချင်းပဲ ရွှံ့ဗွက်အိုင်နားကို ရောက်သွားစေတယ်လေ။ ရွှံ့အိုင်ထဲက နောက်ကျိနေတဲ့ ရေကိုအငမ်းမရသောက်လိုက်တော့ ချိုသလိုလို၊ ငန်သလိုလိုနဲ့။ ရေကိုအဆာပြေအောင်သောက်ပြီး ရေရဲ့အရသာကို ခံရင်း ခဏအမောဖြေပြီးတော့ ရေကိုတဝကြီးထပ်သောက်ပြီး ခရီးဆက်ပြန်တယ်။

ခုချိန်ဆို အမေ ဘယ်လိုများနေလေမလဲ။ ကျွန်တော့်ကိုများ ထိုင်ပြီးမျှော်နေလေမလား။ နေမကောင်းဘူးဆို

ခုချိန်ဆို
အမေ
ဘယ်လိုများ
နေလေမလဲ
ကျွန်တော့်ကိုများ
ထိုင်ပြီး
မျှော်နေလေမလား
နေမကောင်းဘူး
ဆိုတော့လည်း
အိပ်ရာထဲမှာများ
လဲနေလေမလား
ယောက်ယက်
ခတ်နေတဲ့
အတွေးတွေနဲ့
အတူ
ခြေလှမ်းကို
အမြန်လှမ်း
နေမိတယ်

တော့လည်း အိပ်ရာထဲမှာများ လဲနေလေမလား။ ယောက်ယက်ခတ်နေတဲ့ အတွေးတွေနဲ့ အတူ ခြေလှမ်းကို အမြန်လှမ်းနေမိတယ်။ မျဉ်းကြောင်းတောင်ရဲ့ ကျွန်တော်တို့ ရွာဘက်အခြမ်းက တောင်ပေါ် ရောက်တော့ တောင်အောက်က လယ်ခင်း၊ ယာခင်း စိမ်းစိမ်း၊ ထန်းပင်ထောင်ထောင်တွေနဲ့ ငွေးတောက်ကွင်းကို မြင်နေရတယ်။ ဒီယာခင်းမှာ အမေ ရှိနေလေမလား။ ဒါမှမဟုတ်ရင် ငွေးတောက်ကွင်းရဲ့ ဟိုဘက်တောအုပ်ထဲမှာ ပုန်းနေတဲ့ ကျွန်တော်တို့ သရက်ကျင်းရွာမှာပဲ ရှိနေလေမလား။ အမေသွားလာတတ်တဲ့နေရာတွေကို မြင်ရတော့ အမေ့ပုံရိပ်တွေကို မြင်ယောင်ရင်း အမေ့ရင်ခွင်ထဲရောက်သွားသလိုပဲ။ အမေ့အရိပ်ရဲ့ နွေးထွေးမှုတွေက ရင်ကို နွေးစေပြန်တယ်။

အချိန်က နေ့လယ်တစ်နာရီခွဲတိတိ။ ထန်းပင်တွေကြားက တဲအိုလေးကို မြင်လိုက်ရတော့ ကျွန်တော့်စိတ်တွေက မရိုးမရွနဲ့၊ ပြုံးချင်သလို၊ ငိုချင်သလိုဖြစ်ဖြစ်နေတယ်။ ခံစားမှုကလည်း အက်စစ်သောက်လိုက်၊ ပျားရည်လျက်လိုက်လုပ်နေရသလိုပဲ။ တဲနားကိုရောက်သွားပြန်တော့လည်း တိတ်ဆိတ်လွန်းနေတော့ အထီးကျန်ခြင်းကို ခံစားရပြန်တယ်။ တုန်နေတဲ့ ရင်အစုံနဲ့ တဲပေါ်ကိုဖြည်းညင်းစွာတက်သွားတော့ အစ်ကိုအိပ်နေတာ တွေ့ရတယ်။ အစ်ကို့ခြေရင်း နားတိုးကပ်သွားတော့ အစ်ကိုက နိုးလာတယ်။

'အမေက...'

ကျွန်တော့် အသံက အရမ်းပဲ တုန်ယင်နေတယ်။

'အဲ၊ ဘယ်လိုပြောရမလဲ'

မျက်နှာလွှဲပြီး ခေါင်းကုတ်ရင်း ပြောလာတဲ့ အစ်ကို့ရဲ့ ဘယ်လိုပြောရမလဲဆိုတဲ့ စကားက ပြောစရာမလိုလောက်အောင်ဘဲ ရှင်းနေပါတယ်။ အစ်ကိုက ကျွန်တော် ဝမ်းနည်းမှာကို မလိုလားလို့ ဘယ်လိုပြောရမလဲဖြစ်နေတာ[...] ကျွန်တော်လည်း အသက်ရှု[...] တာ ခဏရပ်သွားပြီး [...] တရားက ပစ္စုပ္ပန်ကို ခဏမေ[...] သွားတယ်။ အမေ မရှိတော့[...] ဘူးဆိုတာက အတွေးထဲမှာ[...] တောင် မျှော်လင့်မကြည့်မိတဲ့ အရာပါ။ ခုတော့ အမေ မရှိ[...] တော့ဘူးတဲ့။

'အိမ်ကို ပြန်ကြမယ်[...] လေ'

အစ်ကိုရဲ့စကားသံက[...] ကျွန်တော့်ကို ကိုင်လှုပ်လိုက်[...] သလိုပဲ။ ဝမ်းနည်းစွာနဲ့ ပခုံး[...] ပေါ်က ပိုးအိတ်ကို ကြမ်းပြင်[...] ပေါ် ပစ်ချလိုက်တော့ ဘုတ်[...] ခနဲ အသံပြုတယ်။ ပြီးတော့[...] အားပျော့စွာနဲ့ ထိုင်လိုက်မိ[...] ပြန်တယ်။ ဝမ်းနည်းကြေကွဲ[...] တာ နက်ရှိုင်းလွန်းတော့ မျက်[...] ရည်ကလည်း ကျမလာဘူး။ ကျွန်တော်လည်း သေမိန့်[...] ပေးခံရတဲ့ လူတစ်ယောက်[...] လိုပဲ စိတ်ဓာတ်နဲ့ အားအင်[...] တွေ ကုန်ခန်းသွားတယ်။ မျှော်လင့်ချက်တွေ၊ အနာဂတ်[...] တွေလည်း သေဆုံးသွားပြီ[...] အမေ မရှိတော့မှတော့[...] ကျွန်တော့်ရဲ့အောင်မြင် မှုတွေ[...] ဆိုတာကလည်းသစ်ခြောက်[...] ပင်အောက်မှာ ပန်းကောက်[...] ရသလိုပဲနေတော့မှာ။

'လာ ညီလေး အိမ်ပြန်[...] ကြစို့နော်'

ကျွန်တော် ထရပ်နေပုံ[...] က စက်ရုပ်တစ်ရုပ်လို[...] ခံစားမှု ကင်းမဲ့နေလိမ့်မယ်။ လေးလံတဲ့ ခြေလှမ်းတွေနဲ့ အိမ်ပြန်လမ်းကို လှမ်းမိတော့[...] အစ်ကိုက ကျွန်တော့်နောက်[...] က ပိုးအိတ်ပိုးပြီး လိုက်ခဲ့[...] တယ်။ ခေါင်းငိုက်စိုက်နဲ့ လမ်းလျှောက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်စလုံး စကား မပြောဖြစ်ကြဘူး။ ပတ်ဝန်းကျင်ကလည်း သစ်ရွက်ကလေးတောင် မလှုပ်တော့ဘဲ တိတ်ဆိတ်ငြိမ်သက်လွန်းတယ်လို့ ကျွန်တော် ထင်တယ်။

ချောင်းတစ်ခုကို ဖြတ်ကူးပြီးတော့ တောအုပ်အဝင်နားက ရေစီးနေတဲ့ချောက် (ချောင်းအသေးစားလေး)နားကို ရောက်လာတယ်။ ဒီတောအုပ်ဖြတ်ပြီးရင် ရွာရောက်တော့မှာ။

'ဒီမှာလေ…'

အစ်ကိုက လမ်းအထက်က ဒဟတ်ပင်ကြီးရဲ့ မြစ်ဆုံအောက်မှာ အိုင်ဖွဲ့နေတဲ့ ချောက်ရိုးလေးကို လက်ညှိုးထိုးပြတယ်။ ကျွန်တော်လည်း ဘာလဲဆိုတဲ့ သဘောနဲ့ နားမလည်စွာ ကြည့်နေမိတယ်။

'အမေက ပြီးခဲ့တဲ့ လဆန်း ၈ ရက်နေ့က မိုးတွေ အရမ်းရွာနေတုန်း တောင်ပေါ်က ပြန်လာတာ။ ဒီချောက်ရဲ့ အထက်ဘက်က လမ်းက ကူးတာလေ။ အဲဒါ ဒီမှာလာတင်တာ'

ကျွန်တော်လည်း မယုံကြည်နိုင်စွာနဲ့ 'ဘာ' တစ်လုံးပဲ ရေရွတ်လိုက်နိုင်တယ်။ မျှော်လင့်မထားတဲ့ အဖြစ်ဆိုးပါပဲ။ အတွေးထဲမှတောင် မသေတယ်လို့ ထည့်မတွေးရက်ခဲ့တဲ့ အမေက ခုတော့ ချောက်ရေနဲ့ မျောပါပြီးသေတယ်တဲ့။ ကံကြမ္မာနတ်ဆိုးရယ် ဘယ်အငြိုးနဲ့များ ရက်စက်လိုက်လေသလဲကွာ။ ကျွန်တော့်ရဲ့ပွင့်နေတဲ့မျက်လုံးထဲကို အမေချောက်ရေနဲ့ မျောပါနေပုံက ပေါ်လာတယ်။ အတွေးမြင်ကွင်းနဲ့အတူ ရင်ထဲကဝေဒနာက နှိုင်းစရာ မရှိဘူး။ အစ်ကိုကတော့ ချောက်ရိုးလေးအတိုင်းလမ်းရဲ့အောက်ဘက်ကို ဆက်လျှောက်သွားပြန်တယ်။

'ဒီနေရာမှာ သင်္ဂြိုဟ်တာလေ။ မိုးက အစိုးမရတော့ မိုးပြတ်တုန်းလေး ချက်ချင်းသင်္ဂြိုဟ်လိုက်ရတာ။ ညီလေးကို ခေါ်ဖို့ကလည်း ဖုန်းက မြို့သွားမှဆက်လို့ရတာလေ'

အစ်ကို့ကိုလည်း အပြစ်မတင်ပါဘူး။ ဖုန်းလေးတစ်လုံးလောက်တောင် မရှိအောင်ဘဲ စုတ်ပြတ်နုံချာလှတဲ့ ကိုယ့်ဒေသနဲ့ ဒီလိုဖြစ်အောင်ဖန်တီးထားတဲ့ လောကကြီးကိုပဲ အပြစ်တင်ရင်း အစ်ကိုပြတဲ့ နေရာလေးကို ကြည့်လိုက်တော့ မီးလောင်ထားတဲ့ ထင်းတို၊ ထင်းစအချို့နဲ့ မိုးစက်တွေ ထိမှန်ထားလို့ ချိုင့်ခွက်လေးတွေ ဖြစ်နေတဲ့ ပြာပုံတစ်ခုကို တွေ့ရတယ်။ ပြာပုံရဲ့ အလယ်မှာတော့ မီးလောင်ခံထားရလို့ သံချေးတက်နေသလို ဖြစ်နေတဲ့ အမေဆောင်နေကျ ဓားမတိုလေး တစ်ချောင်းနဲ့ ပိန်လိမ်နေတဲ့ အမေ့ကွမ်းအစ်ဘူးလေးတစ်ခု ရှိနေတယ်။

အမေ့ပြာပုံလေးကို ကြည့်ပြီးတော့ ကျွန်တော့်ရင်ထဲမှာလည်း ပြာကျနေသလိုပဲ။ ကျွန်တော်လည်း အမေ့ပြာပုံဘေးမှာ ဒူးထောက်ပြီး ထိုင်ချလိုက်တယ်။ ကျွန်တော့်မျက်နှာကို လက်ဖဝါးနဲ့ အုပ်လိုက်မိတဲ့ အချိန်မှာတော့ မျက်ဝန်းကလည်း ဝေဝါးလာသလို နှုတ်ခမ်းတွေကလည်း တဆတ်ဆတ်တုန်နေပြီ။ ကျွန်တော့်စိတ်ကို ကြိုးစားပြီး ထိန်းနေပေမဲ့ မရတော့ဘူး။

'အမေ…အီး…ဟီး ဟီး…'

ကျွန်တော့်မျက်ဝန်းအစုံက မျက်ရည်တို့ ပိုးပိုးပေါက်ပေါက်ကျလိုက်ချိန်မှာတော့ တုန်ယင်နေတဲ့ နှုတ်ခမ်းကလည်း အားကုန်ပဲအော်ရင်း ငိုလိုက်မိတယ်။

'အမေ၊ အမေပြောတော့ အစ်ကိုလည်း အိမ်ထောင်ကျမှ၊ သားလည်း ဘွဲ့ရမှ သေလို့ဖြစ်မှာဆို။ အခု ဒီမှာ အစ်ကိုလည်း အိမ်ထောင်မကျသေးဘူး။ သားလည်း ဘွဲ့မရသေးဘူးလေ အမေရဲ့။ ဟီး…ဟီး…ဟီး…'

'သားရဲ့ ဘွဲ့ဓာတ်ပုံကို ဧည့်ခန်းမှာ ကျကျနနချိတ်ပြီး ကြည့်ချင်သေးတယ်ဆို အမေရဲ့။ အခု ဘာလို့သားကိုထားသွားတာလဲ။ အမေ သားကို မချစ်တော့လို့လား အမေ။ ပြန်ဖြေပါဦး အမေရယ်။ အီး…ဟီး…ဟီး…'

ကျွန်တော်ငိုရင်း အားကုန်အော်ပြောနေတဲ့ စကားတွေကို အမေက ကြားနိုင်လေမလား။ ဝိညာဉ်ဘဝနဲ့ ဘေးကနေပြီး ကျွန်တော့်ကို ကြည့်နေလေမလား။ အတွေးနဲ့အတူ ပတ်ဝန်းကျင်ကို တစ်ပတ်လှည့်ကြည့်မိပြန်တယ်။ ပြီးတော့ ကျွန်တော် ကမန်းကတမ်းထရပ်ပြီး အစ်ကိုလွယ်ထားတဲ့ ကျွန်တော့်အိတ်ကို သွားယူလိုက်တယ်။ အိတ်ထဲက ရွှေအမြုတေမဂ္ဂဇင်းကို ထုတ်လိုက်ပြီး ကျွန်တော့်ဝတ္ထုရှိတဲ့စာမျက်နှာကို လှန်ပြပြီး အမေ့ပြာပုံပေါ်ပစ်ချပြလိုက်တယ်။ အမေများ မြင်နိုင်လေမလား။

'အမေ၊ ဟောဒီမှာ သား ရေးထားတဲ့ ဝတ္ထုပါတဲ့ မဂ္ဂဇင်း၊ အမေလာပြီး ဖတ်ကြည့်ပါဦး အမေရဲ့။ သားရဲ့ ဝတ္ထုကို အမေ မဖတ်ဖူးချင်တော့ဘူးလား အမေ။ ဟီး… ဟီး…ဟီး…'

အချိန်အတော်ကြာ ငိုပြီးတော့ ကျွန်တော့်မျက်နှာကို လက်ဝါးနဲ့ တစ်ချက်အုပ်ပြီး အားပါးတရ ရှိုက်ငိုချလိုက်တယ်။ ပြီးတော့ ရင်ကိုကော့ရင်း လက်နှစ်ဖက်ကို ဘေးကိုဆန့်တန်းလိုက်ပြီး ကောင်းကင်ကြီးကို မော့ကြည့်လိုက်တယ်။

'မရဏမင်းကြီး၊ သိကြားမင်းကြီး၊ သေမင်းကြီး၊ ဘာလို့ ကျုပ်အမေကို ခေါ်သွားကြတာလဲ။ ကျုပ်အမေမှာ ဘာအပြစ်ရှိလို့လဲဗျာ။ ခေါ်ချင်ရင်လည်း မိဘကို လုပ်မကျွေးနိုင်သေးတဲ့ ကျုပ်ကိုသာ ခေါ်ကြပါလားဗျာ၊ ဟီး…ဟီး…အမေနဲ့ ကျုပ်ကို မခွဲကြပါနဲ့ဗျာ၊ အီး…ဟီး…ဟီး…'

ကျွန်တော် အော်ပြောသံက တောအုပ်လေးတစ်ခုလုံးကို ဖုံးလွှမ်းပြီးပဲ့တင်ထပ်သွားတယ်။ တောအုပ်ကလည်း ငှက်သံတွေ အပါအဝင်ဘာဆို ဘာသံမှမကြားရအောင် တိတ်ဆိတ်နေပုံက

www.burmeseclassic.com

www.burmeseclassic.com

တောင့်တင်းနေတဲ့အလောင်းကို ကြည့်နေရသလိုပဲ။

'ညီလေး ပြန်ကြစို့လေ'

အစ်ကိုက ကျွန်တော့်လက်ကို လာတွဲတယ်။ ကျွန်တော်လည်း အစ်ကို့လက်ကို ပြန်ပြီးပုတ်ချလိုက်တယ်။

'ဟင့်…အင်း…ဟင့်…အင်း…မပြန်သေးဘူး။ အမေ့ကို ရအောင်ခေါ်ဦးမှာ။ အမေ သားဆီပြန်လာပါနော်။ အမေက အဖေ့ကို စိတ်နာလို့လားဟင်။ အဖေ့ကို မသောက်တော့ဖို့ သားပြောပေးမယ်လေနော်…အမေ…နော်'

'အမေ ဒီအတိုင်းမလာချင်ရင်လည်း သားလိုပဲ အမေလည်း သားဆီမှာ ပြန်ဝင်စားလာပေါ့နော် အမေနော်။ အမေ ပြန်လာနော်…နော်လို့'

ကျွန်တော့်အသံက ကလေးတစ်ယောက်ကို ချော့နေသလိုဖြစ်နေပြီး ပါးစပ်ကလည်း ပြုံးနေတယ်။

'အစ်ကို…အမေ့ကို ကူပြီးခေါ်ပေးဦးလေ။ အမေ သားဆီကို ပြန်လာနော်၊ အမေနော်။ သားမျှော်နေမယ်နော် အမေ။ အမေ စကားပြောပါဦး အမေရယ်…ဟီး…ဟီး…ဟီး…'

'အမေ…ပြန်လာပါ အမေရယ်…အား…ဟီး…ဟီး…'

ကျွန်တော် ရယ်လိုက်၊ ငိုလိုက်နဲ့ စကားပြောနေလိုက်တာ အချိန်ဘယ်လောက်ကြာသွားတယ်မသိဘူး။ ငိုလွန်းလို့ လူလည်း ခေါင်းငိုက်စိုက်နဲ့ ဖြစ်နေပြီ။

'ညီလေး နေဝင်သွားပြီ။ ပြန်ကြစို့နော်'

အစ်ကိုပြောတော့မှ ကျွန်တော် သတိပြန်ဝင်လာသလိုပဲ။ အနောက်ဘက်ကတောင်ကိုကြည့်လိုက်တော့ နေမင်းကြီးကလည်း အမေ့လိုပဲ လောကကြီးကို နှုတ်ဆက်သွားပြီ။ နေက ဝှက်ထားတဲ့ လမင်းကလည်း ညအခင်းမှာ လမ်းလျှောက်ထွက်လာပြီ။ ပြန်မလာတော့တဲ့ အမေသာ လမင်းကြီးဖြစ်သွားပြီဆို အမေက ကျွန်တော့်ကို ကမ္ဘာမြေပေါ်မှာ မေ့ကျန်ခဲ့ပြီပေါ့။

အတွေးနဲ့အတူ အမေ့ပြာပုံလေးကို ငေးကြည့်နေမိပြန်တယ်။ ပြီးတော့ ဦးချကန်တော့လိုက်တယ်။ အမေ့ပြာပုံကိုကြည့်ပြီး ကန်တော့ရင်း အမေ့ကို ပြန်လိုချင်တဲ့စိတ်တွေက ကျွန်တော့်ရင်ထဲမှာ ယိမ်းထိုးတွန်းကန်လို့နေတယ်။ ကျွန်တော်လည်း စိတ်ကိုတင်းလိုက်ပြီး ဆုတောင်းလိုက်တယ်။

'အမေ့…သားဆီကိုလည်း ပြန်မလာပါနဲ့။ ပြီး တော့ ဟောဒီသားတို့လောက ဘုံကြီးကိုလည်း အပြီးအပိုင် စွန့်ခွာပြီး နိဗ္ဗာန်ကိုသာ သွား ပါလေ။ ရောက်ပါစေတော့ အမေရယ်…'

ကျွန်တော့်ဆုတောင်း က ရာဇကုမာရ်လောက် အရာမရောက်ပေမဲ့ ကျွန်တော် နောက်ဆုံးကျေးဇူးဆပ်နိုင်တဲ့ ဆုတောင်းလေးဆိုတာ အမေ တော့ သိမှာပါ။

ကျွန်တော်တို့ညီအစ် နှစ်ယောက် ရွာကိုပြန်ခဲ့ တော့ အမေ့ပြာပုံပေါ်မှာ ... အမြုတေမဂ္ဂဇင်းတစ်အုပ်နဲ့ ... အထူးပြုဝတ္ထုတစ်ပုဒ် ကျ... တယ်လေ။

*(၁၃၇၅ ခု၊ ဝါခေါင်... ဆန်း ၈ ရက်၊ (၁၄.၈.၂၀... တွင် ကွယ်လွန်သွားသော ... သို့…)*

မြတ်သျှိုင်းသွ...


# မုံရွာ ဆရာမိုး

အမှတ်တံဆိပ်

**အမောလုံ နှလုံးအားဆေး**

စားဝင်အိပ်ပျော် မူးမောကင်းဝေး
မုံရွာ ဆရာမိုး အမောလုံ နှလုံးအားဆေး




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 01...

www.burmeseclassic.com

# ရှင်းတမ်း

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့အထိ ရောက်ရှိလာသော ရွှေအသစ်စာမူများ

(၁) မိုင်း(မန္တလေး) *ခင်လှိုင်* ၊မန္တလေး၊
(၂) *မြတ်သျှိုင်းသွင် မော်ဒန်အက်ကြောင်း* ၊-၊
(၃) ရင်ငြိမ်းသူ(မော်လမြိုင်) *နွယ်ပင်လေးရဲ့ အလင်းရောင်* ၊Email၊
(၄) ရင်ငြိမ်းသူ(မော်လမြိုင်) *စက်ဝိုင်းအတွင်း ရှင်သန်ကြသူများ* ၊Email၊
(၅) သူဇာခင် *အထူးကု* ၊ရခိုင်၊
(၆) ရိုးကိုလေး *အမည်သညာ* ၊ပြင်ဦးလွင်၊
(၇) ကိုရင်သန်းထွန်း *ဖြစ်နိုင်ခြေ၏ ဒသမတစ်ရာနှုန်းအပြောင်းအလဲ* ၊ရန်ကုန်၊
(၈) လင်းရိပ်ဖြူ *အလင်းမဲ့ကြယ်ပွင့်များ* ၊မန္တလေး၊
(၉) ယောနေခြည် *သတ္တိဥပမာ* ၊မြစ်ကြီးနား၊
(၁၀) ကံ့ကော်ရင်ခွင် *ပန်းလိုလှနေစေချင်* ၊ရန်ကုန်၊
(၁၁) နေသစ် *မိုးကုတ်မိုး* ၊ပြင်ဦးလွင်၊
(၁၂) နေမျိုးခက်ဆစ် *တစ်ဝက်တစ်ပျက်လမ်း* ၊-၊
(၁၃) နေမင်းဟိန်း *ရေသန့်ဘူးခွံလေးများ* ၊မန္တလေး၊
(၁၄) အိုအေစစ်(မအူပင်) *လိုက်စားခြင်း* ၊ရန်ကုန်၊
(၁၅) အိုအေစစ်(မအူပင်) *အကြမ်းထည်* ၊ရန်ကုန်၊
(၁၆) အိုအေစစ်(မအူပင်) *ကာလပေါ်ပြဇာတ်* ၊ရန်ကုန်၊
(၁၇) ရှင်သန်(ဒါန်းပင်တဲ) *ရွာတက္ကသိုလ်* ၊စစ်ကိုင်း၊
(၁၈) ကောင်းမြတ် *ဆည်းဆာ* ၊နေပြည်တော်၊
(၁၉) ကောင်းမြတ် *ရေနွေးကြမ်းပုံပြင်* ၊နေပြည်တော်၊
(၂၀) ချယ်ဇာသွန်း(ပန်းတနော်) *နွေဦး* ၊ပန်းတနော်၊
(၂၁) လင်းယုန်သစ် *ကျွန်တော်၊ မုန်တိုင်းထဲက ငှက်ငယ်နှင့်ကောင်းကင်တစ်ခု*၊တောင်ကုတ်၊
(၂၂) တိုးလေး(မြို့ပျံ) *ထာဝရပုံရိပ်* ၊သံတွဲ၊
(၂၃) ခွာညိုနိုင်(မုံရွာ) *လှ* ၊မုံရွာ၊
(၂၄) လင်းနိုင် *မှောင့်တမှောင်ဝယ်* ၊မန္တလေး၊
(၂၅) အောင်ချင်း *ငါ့သားရွှေသွေး ရင်ဝယ်ထွေးသော်လည်း* ၊မကွေး၊
(၂၆) ငြိမ်းချမ်းဇော် *ပရိတ်သတ်* ၊ရန်ကုန်၊
(၂၇) မောင်ဟန်ရီ *လက်မည်းကြီး* ၊မန္တလေး၊
(၂၈) သော်ဇင်(လှိုင်ကော်) *လွဲမှားခြင်း နီယာမ* ၊Email၊
(၂၉) သော်ဇင်(လှိုင်ကော်) *အဘိုးနှင့် ငွေရောင်အစ္ဆုတ္တ* ၊Email၊
(၃၀) အောင်စိုးခိုင်(ရွှေပြည်သိဒ္ဓိ) *အသစ်စက်စက်* ၊စစ်ကိုင်း၊
(၃၁) မျိုးနိုင်-မျိုးမျိုး *ဆောင်းရဲ့ရင်ခွင်ထဲက နှင်းတစ်ပွင့် နွေတစ်ကွက်* ၊ကန့်ဘလူ၊
(၃၂) လူငြိမ်းအေး(ဆီမီးခုံ) *နွားကျောင်းသားအင်တာနက်* ၊မန္တလေး၊
(၃၃) လူငြိမ်းအေး(ဆီမီးခုံ) *မဲဇာခြံ* ၊မန္တလေး၊
(၃၄) မောင်ခိုင်စု *ပေတံကိုင်ရသူများ* ၊မကွေး၊
(၃၅) မြတ်သျှိုင်းသွင် *အိမ်ထောင်ရှင်လူပျိုကြီး* ၊-၊
(၃၆) ကောင်းစေသူ *ပန်းချစ်သူနဲ့ ပန်းပေးသူ* ၊စစ်ကိုင်း၊
(၃၇) မြတ်ကိုကို(ရကူ) *လွန်ဆွဲပွဲ* ၊ရန်ကုန်၊

■

***အေးမြတ်မြတ်ချို ပြုစုသည်***



www.burmeseclassic.com

www.burmeseclassic.com

# တောမင်းသမီး

ခင်ခင်ထူး

အမှတ် ၂၉၂၊ မတ်၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း

အခန်းဆက် ဝတ္ထုရှည်

(ယခင်လမှအဆက်...)

၂၇။

ပျော်ရှာပေါင်မောင်ရယ်×××သော်တာရောင်
ဘယ်လို လင်းပေမဲ့×××ယမင်းဆွေကိုမငဲ့×××
နေနိုင်တော်မူအားရက်တယ်×××ပုဆိုးပိုက်ကာ
စောင်ပိုက်ကာ လိုက်ပါရစေရှေ့ နှယ်ရိုးရယ်လို့×××
မှာလိုက်တဲ့စကားလူကြို ကျွန်မ ဘယ်လိုယုံရမယ်×××
ပုဆိုးဝါ ကြက်ပြာပိုက်နဲ့ ရွာရိုးကိုးပေါက်လျှောက်တဲ့
ကိုလူလည်×××ချစ်သူကို ထုံးတို့×××



www.burmeseclassic.com

www.burmeseclassic.com

*မွန်းစို့လား အာတာပူစီသည်။'*

မနက်ခင်း နေထန်းတစ်ဖျားသာသာရောက်မှ ထနောင်းပင်လှရွာက လှည်းထွက်ခဲ့ရသည်။ လှည်းက ဘကြီးသာညို့လှည်း။ ဥညြသံအေးက ကလေးအနှီးဖြူစတစ်ထည်ကို ခေါင်းလုံအောင်စည်းပြီး ဓောင်ကြမ်းတစ်ထည် လေစိမ်းကွယ်အောင်ခြုံရင်း လိုက်လာခဲ့ရပါ၏။ ဂျီးတိုးက တင်ပျဉ်ခွေထိုင်လျက်က ခြွးကင်းစကလေးကို အနီးထွေးထွေးထုပ်ထားရင်း ကလေးမျက်နှာပေါ် နေရောင်နှင့်ဖုန်မဝင်အောင် အနှီးတစ်ထည်နှင့် အုပ်ဆိုင်းသည်။

ဂျီးတိုးတစ်ယောက် ရွာက ထွက်ကတည်းက လှည်းပေါ်မှာ သီချင်းတွေ တောင်တောင် ဤဤ ဆိုနေခဲ့သည်။ ဘကြီးသာညိုက တစ်ခါတစ်ခါ နားငြီးလိုက်သာဟာလို့ ငေါက်ပေသိ၊ ဂျီးတိုးက အဆိုမပျက်။ ကလေးတပွေ့ပွေ့နှင့်ဆိုတော့ ဥညြသံအေး ငယ်ဘဝတုန်းက သီချင်းတွေ ဆိုပြခဲ့ရတာကို အောက်မေ့ဟန်တူပါ၏။

'လေးသာညိုကလည်းတော် သီချင်းဆိုသာ





www.burmeseclassic.com

www.burmeseclassic.com

ဘာပြုလို့တုံး။ ကျုပ်တူမက မွေးတဲ့ကျုပ်မြေးလေး ကျုပ် ရှော့သွားလေ။ ဝါခေါင်မိုးငယ်ငယ်ကလည်း ကျုပ်သီချင်း [illegible] သည်ကလေး ပဆုပ်ပနီကို ခုကတည်းက ဆိုပြမှ ကြီးလာတော့ မင်းသမီးဖြစ်မှာ၊ နော့အေ ငါ့မြေး ရယ်လိုက်ပါဦး ခစ်ခစ်ခစ်၊ ငိုလိုက်ပါဦး ဂျစ်ဂျစ်ဂျစ်၊ လှည်းသမားအိုက ဗျစ်ဗျစ်'

'အရှူးမနှယ်'

ဥသြသံအေးက ဂျီးတိုးနှင့် ဘကြီးသာညိုတို့ ပြောနေတာကို နားထောင်ရင်း ပြုံးနေမိသည်။ သည်ခရီးက ဥသြသံအေး မီးကထွက်ပြီး ဇာတ်ခုံပေါ်တက်ရမည့် အပြန်ခရီး ဖြစ်သည်။ ပြီးခဲ့သည့် သုံးလေးရက်ကပဲ ဆရာကိုသက္က ပြန်နှင့်ပြီ။ မပြန်လို့လည်း မဖြစ်ပါ။ ဇာတ်ခုံဆိုတာက ထမင်းရှင် ပရိသတ်တို့မျက်နှာမူရာ၊ မျက်နှာမော်ရာ အခင်းအကျင်း မဟုတ်ပေလား။ ထမင်းရှင်တို့ကျွေးသော ကျေးဇူးက ရှိသေးသည်။ ဥသြသံအေး မီးဖွားနေလို့တဲ့၊ ဥသြသံအေး မပါဘူးတဲ့၊ ဥသြသံအေး ဇာတ်က နားသွားပတဲ့၊ ဥသြသံအေးတစ်ယောက် ကိုယ်ပိုင်ဇာတ်ထောင်တော့မလို့တဲ့ စသည့် ထင်ကြေးဈေးစကားတွေက ထနောင်းပင်လှ မီးနေခန်းထဲအထိ ရောက်လာခဲ့တာပဲကြည့်လေ။ ဇာတ်ထောင်က ကားဆွဲမောင်သိန်းကို အခေါ်လွှတ်လိုက်လို့ ကြားရသည့်စကားတွေ။ အစ်ကိုနဲ့ အစ်မ ပြိုင်တူမရှိကြတော့ ပွဲကြည့်တွေက ထင်ရာပြောကြတာပေါ့ဗျာတဲ့။ ကားဆွဲမောင်သိန်းရောက်လာတာကလည်း ဇာတ်ထောင်က အခြေအနေ မေးခိုင်းခြင်းဖြစ်၏။ မောင်သိန်းပြောမှ တစ်ခါက ရှိခဲ့ဖူးသောစိတ်ကူးကိုပင် သတိရမိသည်။ ဥသြသံအေးအဖို့ရာ နာမည်တစ်လုံး လူထဲ ကောင်းကောင်းကြီးကျပြီဆိုကတည်းက ကိုယ်ပိုင်ဇာတ်တစ်ဇာတ်ထောင်ချင်စိတ်ရှိခဲ့သည်။ လင်က ပြဇာတ်နှင့်အော်ပရာ စာရေးဆရာ၊ မယားက နာမည်ရ မင်းသမီး။ ဇာတ်တကာက လိုချင်မျက်စိနှင့် လှမ်းမျှော်ကြည့်ခြင်းခံရသည့် အနုပညာသည်လင်မယား။ သူတကာကို ညကြေးလောက်နှင့် လုပ်ကိုင်ကျွေးမွေးနေရသည့်ဘဝက ကျွတ်ချင်ပြီ။ ဇာတ်သူဇာတ်သား အနုပညာအစံရှိသူတွေကိုရှာပြီး ဥသြသံအေး အမည်မခံဘဲ 'ပွဲတိုင်းအောင်' အမည်နှင့် ဇာတ်ကြီးတစ်ဇာတ် ကိုယ်ပိုင်ထောင်ချင်သည်။ ပျောက်နေသည့် ဆရာကိုဖော့ဆို့ကို ရှာမည်။ ကိုကောက်ရိုးကို ခေါ်မည်။ သူတို့နှစ်ယောက်ကကော ဘယ်ဆီမှာများ ရောက်နေကြပါလိမ့်။ ဥသြသံအေး မင်းသမီးပီပီ ဖြစ်လာပါပြီဆိုကတည်းက မတွေ့ရတော့သည့်ဆရာတွေ။ အဆင်မှပြေကြရဲ့လား။ ဇာတ်သူဇာတ်သားဆိုတာကလည်း သောင်သာခဲသားပင်။ အနုပညာစိတ်ကလေးကို ဖက်တွယ်ရင်း လုံးလည်ချပ်ပြား ရှိရသူက ခပ်များများ မဟုတ်လား။ ကိုယ်ပိုင်ဇာတ်ထောင်ချင်တာကလည်း စိတ်ကူးသာဖြစ်၍ ရုပ်လုံး မပေါ်နိုင်သေး။ ဇာတ်တစ်ဇာတ် ပြည့်ပြည့်စုံစုံရှိဖို့ဆိုတာ ငွေရင်းကြီးကြီး ရှိမှဆိုတာကိုလည်း သိပါ၏။ တစ်ခါက ငွေကြေးချမ်းသာသူ ဦးချမ်းသာဆိုသူရောက်လာခဲ့ဖူးသည်။ ဆရာ ကိုသက္ကနှင့်တွေ့ပြီး ဇာတ်တစ်ဇာတ် ထောင်ပေးချင်ကြောင်း ပြောဖူးသည်။ နှစ်ဖက်အသေးစိတ်ပြောဆိုကိုင်ပင်ကြဖို့ မြို့က သူ့လိပ်စာကို ပေးခဲ့သည်။ ဆရာကိုသက္ကကတော့ လက်ခံစကားပြောခဲ့ပေသိ စိတ်ပါပုံမရှိ။

'ဦးချမ်းသာအကြောင်းများတော့ ကျုပ်က သိတယ်။ သူက လူတွေကို စက်ရုပ်လို ခိုင်းစားချင်တာပဲရှိတာ။ အနုပညာတွေ ဘာတွေ နားလည်တာ မဟုတ်ဘူး။ ဇာတ်ကြီးတစ်ဇာတ်စာ လူရော အဆင်အပြင်ရော ဆိုင်းစုံပါ သူထောင်ပေးမယ်။ ဝင်သမျှငွေ တစ်ယောက်တစ်ဝက်ယူကြတာပေါ့တဲ့။ သဘောက သူကအရင်းစိုက်၊ ကျုပ်တို့က အနုပညာနဲ့လုပ်အားစိုက်။ ဇာတ်သူဇာတ်သားညကြေးတွေနဲ့ အထွေထွေကုန်ကျသမျှ ကျုပ်တို့ဝေစု တစ်ဝက်ထဲက ပေးရမတဲ့။ ကျုပ်က စကားလှအောင်ပြောပြီး ဖြတ်လိုက်တယ်။ လူက အလုပ်တောင် မလုပ်ကြရသေးဘူး။ အပေါ်စီးဆန်တာကို ကျုပ်က မကြိုက်တာ'

ဆရာ ကိုသက္ကပြောတာ ကြားရတာတောင် မခံချင်စရာ။ သူက ငွေတစ်ခါစိုက်ထားပြီး တစ်သက်လုံးဝင်သမျှဝင်ငွေ တစ်ဝက်ယူမည်။ ဥသြသံအေးတို့က ကုန်ကျသမျှခံပြီးမှ ကျန်တာစား။ ဒါဖြင့် ဘယ်လိုမှ အဆင်ပြေမလဲ။ ဒါလည်း ဥသြသံအေး မသိ။ ဥသြသံအေး ဇာတ်ထောင်ချင်တာ ရွှေလက်ကောက်တစ်တောင်လောက်ဝတ်၊ ဘယက်ကြီးလည်မှာဆွဲပြီး လူတကာအပေါ် စီးပိုးချင်လို့ မဟုတ်။ သဘင်သည်ဘဝကို ကျားကုတ်ကျားခဲရယူခဲ့ကြသူတိုင်းအဖို့ရာ ကိုယ့်ညကြေးကလေးနဲ့ကိုယ် စိတ်လက်ချမ်းသာစေချင်တာပဲရှိသည်။ အခုတော့ဇာတ်ထောင်တာထားလို့ သမီးကလေးတစ်ယော ရခဲ့ပြီ။ အရွယ်က ငယ်ကြသေးတော့ နောက်ထပ်လည်း သား သမီးပွားစီးနိုင်လာနိုင်သေးသည်။ အမေ မဗိုင်းတောင့်ကတော့ သမီးက မြေးကလေး မွေးပါပြီဆိုကတည်းက ဝမ်းသာ သည်။ သို့ပေသိ ကလေးပုလုကွေးကို အမေနှင့်ထားခဲ့ဖို့ဆို ဘယ်လိုမှ မဖြစ်နိုင်လေတော့ ရက်သားကလေးရသည် ကလေးပိုက်ရင်း ထွက်ခဲ့ရသည်။

'အမေက ထောင့်နှစ်ရာခြောက်ဆယ့်ရှစ်ဖွားဆိုတော့ အသက်လည်း ခြောက်ဆယ်ကျော်လို့ ခုနစ်ဆယ်နားကပ် ပါပြီ။ ညည်းတုန်းကတော့ အမေ့အဖို့ရာ အရွယ်ကလည်း ရှိသေးသကိုး။ တိုးစိန်ကလည်း အားကိုးရပါ့။ တိုး ကျေးဇူးတွေ သမီးမှာ များပါသယ်အေ။ သူပဲ ဒီးလွှားဒီးလွှ နို့ထွက်တဲ့ သားသည်မအေတွေဆီ ပြေးရသာ၊ ချော့ရသ မြူရသာနဲ့။ ညည်းအနှံ့တာများတော့ တော်တော်ခံခဲ့ရာသ အခုလည်း ငါ့သမီးသဘောတစ်ခုပါအေ။ ထားခဲ့မယ်ဆို လည်း ဖြစ်ပါရဲ့၊ ခေါ်ချင်သပဆိုတော့လည်း တိုးစိန်ကို သွားပေါ့။ အမေက ဖြစ်ပါသယ်။ အမေတို့ရွာက တောင် တောင်ဝှေးတစ်ချောင်းနဲ့ အိမ်တကာရှေ့သွားပြီး

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းသာနဲ့ ထမင်းစားရသေးသာပဲ'

'အမေရယ် ဂျီးပုတုလို တောင်ဝှေးတစ်ချောင်းနဲ့ အိမ်တကာအဝရပ်ပြီး ထမင်းတစ်ဆုပ်၊ ဟင်းတစ်လုတ် မတောင်းရပါဘူးတော်။ ကျုပ်က အမေ့ကို ပစ်မထားပါဘူး။ လင်က ကြည်ဖြူပ့ါမလားရယ်လို့လည်း မတွေးပါနဲ့။ ဆရာကလည်း အမေ့ကို ရှိသေရှာပါသယ်။ ကလေးကတော့ ကျုပ်ပဲ ခေါ်သွားချင်သယ်။ ကလေးကို ညနေခင်းဆိုင်းဆော်တဲ့အသံနဲ့ ကြီးစေချင်သယ်။ ဂျီးတိုးကိုတော့ တစ်နှစ်တန်သည် အဖော်အဖက် ရယ်လို့ ခေါ်သွားချင်သယ်။ အမေ့အသိုက်ထဲက ငှက်တွေပျံကြပြီဆိုတော့ နောက်ဆုံး ငှက်မကြီးပဲ ကျန်တော့သာမျိုး ဖြစ်ရသာကိုပဲ ပူသာပါအမေရယ်'

'မပူပါနဲ့အေ၊ တကယ်တော့ ညည်းလည်း အမေ့အဖို့ရာကတော့ ဧည့်သည်၊ တိုးစိန်လည်း ဘာထူးမှာတုံး။ အမေ့အဖို့ရာတော့ ဧည့်သည်ပါ။ ဘဝက အကြောင်းရှိခဲ့ကြလို့ သားအမိတူအရီးတွေလို နေခဲ့ကြရသာ မဟုတ်လား။ အမေ ကံကောင်းပါသယ်အေ။ ညည်းတို့နှစ်ယောက်စလုံးပါပဲ သွေးမပါ၊ သားမစပ် အမေ့ကို စောင့်ရှောက်ကြသာကပဲ အမေ့ကုသိုလ်လို့ အောက်မေ့ပါသယ်။ အမေ့ဘဝ ခြောက်ခြောက်ခန်းခန်း မရှိရလို့ ကျေးဇူးများလည်း ကြီးပါရဲ့။ သန်ဘက်ခါမနက် ရက်ကောင်းသယ် ပြန်ကြ။ တိုးစိန်, ညည်းလည်း သိမ်းစရာ၊ ယူစရာရှိသာ ယူချေသိမ်းချေ။ ငါ့ထဘီတွေထဲက လတ်လတ်လောလောကလေးတွေ သုံးလေးထည် ထည့်သွား။ သူစိမ်းတွေကြားမှာ ကစုတ်ကညစ် မနေနဲ့ ကြားလား။ စကားတွေ ရွာမှာပြောသလို မပြောနဲ့။ ကျက်သရေမရှိတဲ့စကား၊ မင်္ဂလာမရှိတဲ့စကား မပြောနဲ့'

ဂျီးတိုးကတော့ ဥဩသံအေးနှင့်အတူ ဇာတ်ထဲလိုက်ရမှာကို ပျော်သလို အရီးဖိုင်းတောင့်ကို ထားခဲ့ရမှာကိုလည်း ဝမ်းနည်း ရှာသည်။ အရီးဖိုင်းတောင့်ပြောတာ ဟုတ်ပေသားပဲ။ တွက်ကြည့်တော့ သည်အိမ်မှာ ဝါခေါင်မိုးကလည်း သူစိမ်း၊ သူကလည်း သူစိမ်း။ ဆွေမနီး၊ မျိုးမနီး မိန်းမသားသုံးယောက် သည်အိမ်ထဲမှာ နေခဲ့ကြတာ ကြာပဲကြာလှပေါ့။ အခုတော့ တစ်သက်လုံး အရီးဖိုင်းတောင့်နှင့် ရွာမှာပဲ လှေအိုကျောက်ချနေရမယ်တွက်ထားရာက စိတ်ပင်မကူးခဲ့မိဖူးသော မြို့ကဇာတ်ကို လိုက်ရဖို့ဖြစ်လာပြီ။

'အဝတ်အစားတွေ မယူရပါဘူးအမေရယ်။ ဂျီးတိုးကို ကျုပ် ဆင်ပ့ါမယ်။ ကျုပ်မှာ အဝတ်အစားကောင်းတွေ သေတ္တာနဲ့ တစ်လုံးလောက် ရှိပါသယ်၊ ဝတ်ပါလေ့။ အမေ့မြေးကလေး အခါလည်သမီးလောက်ရှိရင် ဂျီးတိုးနဲ့အတူ ရွာပြန်ပို့မှာပါ။ တစ်နှစ်တစ်ဝါဆိုသာ ခဏလေးပါ အမေ'

သမီးကလေး မွေးရက်မတိုင်ခင်ညက ဥဩသံအေး ဝမ်းနာသလိုလိုရှိရာက မှေးခနဲ အိပ်ပျော်သွားခဲ့သည်။ သိပ်ကြာကြာတော့ မဟုတ်။ ထိုခဏမှာပင် အိပ်မက်မက်ခဲ့သည်။ အိပ်မက်ထဲမှာ သဲချောင်းကြီးတစ်ချောင်းထဲကို ဇာတ်ကား

မင်းသမီးကလေး
သက်အေးပုံတဲ့
ကျွန်မနာမည်
xxx
အခိုအကာ
လိုသမျှ
နဂိုကလှပါသည်
xxx
ရေစကြို
ပခန်းနယ်က
မေပျိုလှမ်းမယ်ပ
xxxစခန်းမဝေး
မန်းလေးမြို့
နေပြည်
xxx
ကိုကို
ကာလသားများ
xxx
မဟားတရား
အားပေးကြသည်
xxx
မင်းသမီးကလေး
ချဉ်ပေါင်ရွက်စာနီ

ကြီးတစ်ကား အင်းထိုးကာ ဖြတ်ကူးမောင်းနှင်နေသည်။ ကားကြီးက ဟောင်းမြင်းသလောက် အငွေ့တွေ တထောင်းထောင်း ထွက်နေသည်။ သဲပြင်ထဲက သဲမာလမ်းပေါ်မှာ တအိအိရုန်းကန်နေရသဖြင့် ငယ်သံတွေပါသလို အသံကြီးနှင့် တရွေ့ရွေ့တိုးနေခြင်းဖြစ်၏။ ကားပေါ်မှာ ဇာတ်သေတ္တာကြီးတွေ ဆင့်ထားတာကလည်း မနိုင်ရင်ကန် ရှိလှပါ၏။ ကမ်းနဖူးကို တက်ခါနီးတော့ အထက်ဆီက ချောင်းရေတွေ ထိုးကျလာခဲ့သည်။ ရေတွေ လိမ့်ဆင်းလာတာမြင်ကြတော့ ကားပေါ်က ဇာတ်သေတ္တာတွေပေါ်မှာ ထိုင်လိုက်လာကြသည့် ဇာတ်သူဇာတ်သားတွေက ကမ်းပါးပေါ် မြန်မြန်တက်ဖို့ အော်လိုက်ကြတာ ကမ္ဘာပျက်နေသလား ထင်မှတ်ရပါ၏။ ကားဆရာကလည်း ခရီးကြမ်းကြီးကို မောင်းနှင်လာရသလို အင်မတန် ပင်ပန်းနွမ်းနယ်နေသလောက် အငွေ့တွေ တပွက်ပွက်ဆူနေသော စုတ်ချာလှသော သူ့ကားကြီးကို ကျလာသည့် ချောင်းကျရေထုနှင့်လွတ်အောင် ရုန်းတက်နေရှာသည်။ လိမ့်ဆင်းလာသောရေတွေက ဝါးလုံးထိုးလိမ့်ဆင်းလာခဲ့လေပြီ။ စောစောကပင် ခြောက်သွေ့နေသော ချောင်းပြင်ကြီးတစ်ခုလုံး ရေလုံးကြီးကျလာသံ၊ ကားပေါ်ကလူတွေ အော်လိုက်ကြသောအသံတွေ ရောနှောကာ ပတ်ဝန်းကျင်တစ်ခွင်လုံး ကြောက်မက်ဖွယ် အသံကြီး မြည်ဟည်း



www.burmeseclassic.com

www.burmeseclassic.com

လျက်ရှိလေသည်။ ဥသြသံအေးက ကားပေါ်မှာ။ အမြင့်ဆုံး အသားသေတ္တာကြီး တစ်လုံးပေါ်ထိုင်လျက်က ဘာမှ မအော်နိုင်ဘဲ ထိတ်လန့်တကြားရှိနေခဲ့သည်။ ချောင်းကမ်းပါးပေါ် လှမ်းကြည့်တော့ အမယ်အိုတစ်ယောက်။ မင်းသမီး အဝတ်အစားဟောင်းကို ဝတ်ထားပြီး ရုန်းတက်လာသည့် ကားကြီးကို လှမ်းကြည့်နေပါ၏။

'မကြောက်နဲ့ မကြောက်နဲ့ အမေကြီးရှိသယ်။ ငါ့မြေးကို လာစောင့်နေသာ။ ညည်းကလည်း နောက်ကျသကောအေ။ သည်ချောင်းက ရေကျလာရင် မြင်းတောင်မလွတ်ဘူး။ မြင်းတော်ခံပြည့် မြင်းခွာတစ်ဖက်မလွတ်လို့ အသက်ပါ သွားတဲ့ ချောင်းတော်-။ ဘာချောင်းများ မှတ်တုံး။ မြင်းမလွတ် ချောင်း။ ဒါပေသိ မပူနဲ့ အမေကြီး ရှိသယ်။ ကားမလွတ်ရင် အမေကြီး ငါ့မြေးကို ဆင်းဆယ်မယ်'

အော်သံ ဆူသံတွေကြားကပဲ ကြားနေရခြင်းဖြစ်၏။ ဥသြသံအေးက အိပ်မက်ထဲမှာပင် အံ့သြနေရတော့သည်။ ရေတွေက မော်တော်ကားကို ဝုန်းခနဲ ဆောင့်တိုးလိုက်ချိန်မှာ ဥသြသံအေး နိုးသွားခဲ့ပါ၏။ အလို ဘယ်လိုအိပ်မက်ပါလိမ့်။ ဘာသဘောများပါလိမ့်။ မနက်လင်းတော့ အမေ မဗိုင်းတောင့်ကို ပြောပြမိသည်။ အမေ မဗိုင်းတောင့်ကတော့ ရေလုံးကြီး ချောင်းလုံးပြည့်ဆင်းလာသာ နိမိတ်ကောင်းပေါ့အေလို့ ပြောရှာသည်။ သည်လိုနှင့် သမီးကလေးမွေးဖွားခဲ့သည်။ ဥသြသံအေးက သူလိုများ လက်ပြင်မှာ စာနီပါလေမလား ကြည့်မိသေးသည်။ မပါပါ။ နာမည်မှည့်ရတော့မယ်ဆိုတော့ ဝိုင်းစဉ်းစားကြသည်။ ဥသြသံအေးက သူ အကြားနာခဲ့သော၊ စိတ်ထဲမှာ အမှတ်ထင်ထင်စွဲလမ်းခဲ့မိသော မင်းသမီးကြီးတွေ၏နာမည်ကို ပေးချင်သည်။ သော်တာတင်၊ သရဖီညွှန့်၊ တေသူမ မခင်မူ။ သောကြာမနက်မွေးဆိုတော့ သော်တာတင်နှင့် သရဖီညွှန့်ဆိုသည့် နာမည်တွေနှင့်လည်း နေ့နံကိုက်သည်။ အမေ မဗိုင်းတောင့်က တစ်မျိုးစဉ်းစားပါ၏။

'အမေကတော့ ညည်းဘွားအေ နာမည်ပေးချင်သယ်။ အမေ့နာမည်က မအေးပုံတဲ့။ အင်မတန် အေးချမ်းတဲ့နာမည်ပါအေ။ မှည့်ပါ၊ သောကြာသမီးဖြစ်လို့ သောကြာနံရှေ့တစ်လုံးထည့်ချင်ထည့်ပေါ့။ အမေ့သဘောပြောသာပါ'

အမေ့စကားလည်း မပယ်ရှားချင်တော့ ဥသြသံအေးရော၊ ကိုသတ္တပါ သဘောတူခဲ့ကြသည်။ သောကြာနံတစ်လုံးတိုးပြီး 'သက်အေးပုံ'လို့ မှည့်ဖြစ်ကြသည်။ ဂျီးတိုးကတော့ နာမည်ရှိုးသည် ဆို၏။ ဥသြသံအေးထက် ဆရာ ကိုသတ္တက သည်နာမည်ကို ပိုသဘောကျသည်ဆိုတော့ ဥသြသံအေးလည်း မပယ်ရှားသာ။ 'သက်အေးပုံ'တဲ့။ ချစ်စရာတစ်မျိုးကောင်းသည့် နာမည်။ ရွာမှာပဲ သမီးကလေးကို အမည်ပေးကင်ပွန်း တပ်ခဲ့ပါ၏။ ဆရာတော့်ကျောင်းကို ဆွမ်းတစ်ချိုင့်ပို့ကာ ဆရာတော်ကို ရက်ချုပ်ကလေးလုပ်ပေးဖို့ လျှောက်ထားခဲ့သည်။ ရွာရပ်ကိုတော့ ရွာထုံးစံရပ်ထုံးစံအတိုင်း ကောက်ညှင်းပေါင်းနှင့်

အကြော် ကျွေးမွေးခဲ့သည်။ သမီးကလေး မီးထွက်လို့ တစ်လနှင့်သုံးရက်အရမှာပဲ ကလေးကိုပွေ့ပြီး ဇာတ်ခုံကိုပြန်ဖြ ခဲ့သည်။ လှည်းပေါ်မှာ ဂျီးတိုးက သီချင်းတအေးအေး။

*'မင်းသမီးကလေး သက်အေးပုံတဲ့ ကျွန်မနာမည်××× အဆိုအက လိုသမျှ နဂိုကလှပါသည်×××ရေစကြိုပခန်းနယ်က မေပျိုလှမ်းမယ်ပ×××စခန်းမဝေး မန်းလေးမြို့နေပြည်××× ကိုကိုကာလသားများ×××မဟားတရားအားပေးကြသည် ××× မင်းသမီးကလေး ချဉ်ပေါင်ရွက်စာနီ'*

ဂျီးတိုးက သူ့ဘာသာတီထွင်ကာ ဆိုခဲ့ဖူးသောသီချင်းကို ပြန်ဆိုနေလို့ ဥသြသံအေး ငယ်ငယ်က ဂျီးတိုးဆိုပြသည့် သီချင်းနှင့် ကြီးခဲ့ရတာကို သတိရသည်။ အချိန်တွေများ အကုန်မြန်လိုက်တာ။ မနေ့တစ်နေ့ကလိုပါပဲကလား။ အခုများ သူကိုယ်တိုင်တောင် ကလေးအမေ ဖြစ်ပါပကော။ သူငယ်ငယ် က ချောက်တီးချောက်ချက် ခေါင်းထဲရှိသလိုဆိုပြခဲ့သည့် သီချင်းက သမီးကလေးအထိပင် ပါလာခဲ့ပါပကော။ ဘကြီး သာညိုက ဂျီးတိုးဆိုနေသည့် သီချင်းကြားတော့ လှည့်မေး သည်။

'ဘာတုံးဟ ချဉ်ပေါင်ရွက်စာနီဆိုသာ'

'လေးသာညိုကလည်း ဘာရမှာတုံး၊ ဟောသည်'

ဂျီးတိုးစကားဖွာတော့မှာကိုသိလို့ ဘကြီးသာညို မြင်း အောင် ဒူးခေါင်းကို ကုတ်လိုက်ရသည်။ ဂျီးတိုးခမျာ စကား တန်းလန်းနှင့် ရပ်သွားခဲ့ရပါ၏။

'အလကားပါ ဘကြီးရာ၊ ပါးစပ်ထဲ ရှိသာဆိုနေသာ ပါ။ သူလုပ်သာနဲ့ အိပ်နေတဲ့ကလေး နိုးတော့မယ်'

စကားက ပြတ်မသွားခဲ့။ ဘကြီးသာညိုက မထင်မှ သော စကားကို ဆိုလေ၏။

'သည်လိုဟ တစ်ရက်က ညောင်ခါးရောက်သွားတော့ မိန်းမတစ်ယောက်က လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က သည်ရွာ ဘက်မှာ ပွဲကြည့်ရင်း ကလေးပျောက်ဖူးသာကို လာရှာရင်း ညောင်ခါးက ဘုရားလူကြီးကိုပြောပြသတဲ့။ ကလေးက အ လည်လောက်ပြောသာပဲ မိန်းကလေးတဲ့။ အဲသည်ကလေး ကျောမှာဆိုလား'

'ဘကြီးသာညို လှည်းခဏ တောင့်လိုက်စမ်းပါ့။ တစ်ပေါက်သောက်ချင်လို့။ ဂျီးတိုးရယ် မရှိမသေ ရေတစ်မှု လောက် ဆင်းခပ်စမ်းပါ၊ ပေး၊ ကလေး ကျုပ်ကိုပေး'

'အေးအေး ဟုတ်ပေါ့တော် ရေအိုးစင်က အိုးသစ် ထားသာများ သောက်ချင်စရာ'

ဘကြီးသာညိုက လှည်းကိုကျွတ်ထိုးကာ တောင့် တော့ ဂျီးတိုးက ရေအိုးဆီဆင်းကာ ရေတစ်မှုတ်ခပ် သော သည်။ ဥသြသံအေးအဖို့ရာ တစ်မှုတ်ပြည့်ပြည့်ခပ်လာ တိုက်သည်။ တကယ်တော့ ဥသြသံအေး ရေသောက်ချင် မဟုတ်။ ဘကြီးသာညို ပြောလက်စစကားကို ဖြတ် သာ ဖြစ်ပါ၏။ ကလေးပျောက်ရှာသည့်မိန်းမက ကျော



www.burmeseclassic.com

www.burmeseclassic.com

ကတည်းက ချဉ်ပေါင်ရွက်လို လက်ငါးခွစာနိပါတာ ပြောတော့မှာကို သိလိုက်လို့ဖြစ်သည်။ သည်စကားကြားလျှင် ဂျီးတိုးက စကားတွေ သွန်ချတော့မည်။

ဝါခေါင်မိုးမှာတောင် ချဉ်ပေါင်စာနိပါသေး ဆိုတာတွေ လာတော့မှာ မဟုတ်လား။ 'လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က' ဆိုသည့် စကား၊ 'ကလေးပျောက်' ဆိုသည့်စကား၊ 'ကျောမှာ ချဉ်ပေါင်ရွက်ပုံစာနိအမှတ်' ဆိုသည့်စကား၊ 'ညောင်ခါးရွာ ပွဲခင်းမှာ' ဆိုသည့်စကားတွေကို ဆက်လိုက်လျှင် ပျောက်သည့် ကလေးက ဉသြသံအေးဆိုတာ မငြင်းသာပြီ။ အမေကိုယ်တိုင် လက်ပံပင်ပါးပျဉ်းကြားက ကလေးကောက်လာခဲ့သည့် မိုးမနက်ခင်းတုန်းက လှည်းကလည်း ဘကြီးသာညို့လှည်းပဲ မဟုတ်လား။ ဉသြသံအေးမှာ စာနိအမှတ်ပါတာ၊ မပါတာ ဘကြီးသာညို သိစရာမရှိ။ အမေ မဗိုင်းတောင့်နှင့် သူငယ်စဉ်က နို့တိုက်ပေးခဲ့ကြသူ တချို့ကလွဲလို့ သူ့ကျောကစာနိကို ဘယ်သူကမှ မှတ်မှတ်ရရပြောနေကြတာ မရှိတော့ သည်ကိစ္စက သဲပေါ်ကခြေရာလို လွင့်ပါးပါးခဲ့ပြီ။ သို့ပေသိ သည်စာနိအကြောင်းကို ဂျီးတိုးက သိသည်။ သိလို့မှ သီချင်းကလေး လုပ်ဆိုနေတတ်သူဖြစ်သည်။ ချဉ်ပေါင်ရွက်စာနိဆိုသည့် စကားကို ဘကြီးသာညိုရော ဂျီးတိုးပါ စကားမရောက်အောင် လမ်းဘေးရေအိုးစင်က ရေဆင်းခပ်စေခြင်းဖြစ်သည်။ ဉသြသံအေး၏စိတ်ကူးက တည့်သွားသည်ဆိုရမည်။ လှည်းပြန်ထွက်တော့ သည်စကားဆီ မရောက်တော့။ သည်လိုနှင့် ကားလမ်းခြေကိုရောက်ခဲ့ကြပြီ။ ဘကြီးသာညိုက နွားနားရင်းနေဦးမယ်လုပ်နေသေးသည်။

'ငါစောင့်ပြီးမှပြန်မယ်လေ၊ နွားတွေလည်း နားလိုက်စေချင်လို့'

'ပြန်ပါ ဘကြီးရယ်၊ ကားက ဘယ်ဆီနေမှန်း မသိသေးပါဘူး။ ဂျီးတိုး, ဟောဟိုက ဆီးပင်ရိပ် သွားထိုင်ရအောင်။ ကိုင်း, ဘကြီးသာညို သွားရှော့နော'

'အေးအေး တိုးစိန် ပြန်မယ်ဟေ့'

'ဟုတ်ကဲ့ ဘကြီး စာနိ၊ ဟုတ်ပေါင်, လေးသာညို အရီးကို သွားသွားကြည့်ပေးပါဦးတော်။ ကျုပ်က လိုက်သာလာရသာ အရီးကို မအေအောက်မေ့သာရယ်'

'အေးပါဟာ'

ဘကြီး သာညို လှည်းကွေ့ပြီးမောင်းသွားမှ နှစ်ယောက်သား ဆီးပင်ရိပ်ကို လျှောက်ခဲ့ကြသည်။ ကားတွေက သွားကြပြီလား၊ မလာသေးတာလား။ ကားတွေက အလာအသွားရှားပါးပေသိ တစ်ကားမဟုတ် တစ်ကားတော့ ရောက်လာလိမ့်မည်။ ဆီးပင်ရိပ်ကိုရောက်တော့ ကလေးနိုးပြီ။ နှုတ်ခမ်းကလေးတွေတွန့်ကာ ခြစ်အော်လေပြီ။ ဂျီးတိုးက ကျွတ်ထိုးသံပေးရင်း ကလေးကို ထုပ်ထားသည့်အနှီးစကို ခွာ၏။

'နို့တိုက်လိုက်ဦး၊ ငါ့နို့တိုက်လိုက်ရမလား'

'ဂျီးတိုးကလေ မဟုတ်သာတွေ မပြောပါနဲ့။ စကားတွေက ပြောတိုင်းကောင်းသာမှုတ်ဘူး။ တစ်ခါတည်းပြောထားမယ်။ ဓာတ်ထဲမှာလည်း သူများကြားမပါနဲ့။ မလိုတဲ့စကားတွေမပြောနဲ့။ ဇဂရောင်းဇဂဝယ်(စကားရောင်းစကားဝယ်) မလုပ်နဲ့နော်'

'ငါ့ပါးစပ်သာ မုန့်ဖက်ထုပ်ထုပ်သလို တည်းစပ်နဲ့ တွယ်လိုက်ပါတော့အေ'

နေရင့်လှပြီ။ နှစ်ယောက်သား ဆီးပင်ရိပ်မှာ။ သက်အေးပုံကလေးကတော့ မအေ့နို့ကို တွယ်ထားလိုက်ပုံများ။

❑

ဉသြသံအေး ရွာကို မီးဖွားရန်ပြန်သည့်ရက်တွေအတွင်းဓာတ်ထဲမှာ အပြောင်းအလဲတွေရှိခဲ့သည်။ အမေယုဇနမစိမ်းခင်နှင့် အဘဦးရွှေဖိတ်တို့ မရှိကြတော့ခြင်းပင်။ အမေ မစိမ်းခင်က တခြားဓာတ်တစ်ဓာတ်ကို ပြောင်းသွားခြင်းဖြစ်၍ ဉသြသံအေးအဖို့ရာ ကျေးဇူးရှင်ကို နှုတ်ဆက်ချိန်ပင် မရလိုက်ဘဲ ရှိခဲ့ရသည်။ ကြားရသလောက်တော့ မင်းသားရဲတင်းက,နေသည့်ဓာတ်ကို ပြောင်းသွားသည်ဆိုပါ၏။ ဓာတ်ထောင် ဦးသြဘာကလည်း မတားတော့ ချက်ချင်း ကောက်ကာငင်ကာ ထသွားခြင်း ဖြစ်သည်။ မင်းသား ရဲတင်းဓာတ်က ခေါ်လိုက်တာတဲ့လား။ ခေါ်လိုက်တာဆိုတော့ ညကြေးကောင်းကောင်းပေးလို့ နေမှာပေါ့။ သည့်အတွက်တော့ ဝမ်းသာရသည်။ မင်းသား ရဲတင်းနှင့်ဉသြသံအေးလည်း

ဉသြသံအေး
ငယ်ငယ်က
ဂျီးတိုး
ဆိုပြသည့်
သီချင်းနှင့်
ကြီးခဲ့ရတာကို
သတိရသည်
အချိန်တွေများ
အကုန်
မြန်လိုက်တာ
မနေ့တစ်နေ့က
လိုပါပဲကလား


www.burmeseclassic.com

www.burmeseclassic.com

Book Making
AMK creation




# နှင်း (မာယာ)

## ပုခက်လွှဲသောလက်များတစ်ခေတ်ဆန်းချိန်

မြန်မာတစ်ပြည်လုံးဖြန့်ချိရေး - မြန်မာ့ခေတ်
အမှတ်(၁၇)၊ ဦးဝိဇ္ဇာလမ်း၊ (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း - ၀၁-၃၉၂၇၂၅၊ ၀၉ ၄၂၂ ၄၉၃၀၉၀

ထွက်

www.burmeseclassic.com

www.burmeseclassic.com



# ခင်သန္တာ

## ကိုယ်သာလျှင် အရှင်ဖြစ်ပေ နှင့်

အခြားဆောင်းပါးများ စုစည်းမှု

မျိုးဆက်သစ်စာပေမှ

ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်ဟောင်း စမှန်စမွှားနှင့်ပင် မဆုံဖြစ်ခဲ့ကြတော့။ မင်းသားရဲတင်းက အောက်ပိုင်းဇာတ်တွေနှင့်ကရင်း နာမည်ရနေသလို ဥသြသံအေး အညာအရပ်မှာ နာမည်ရနေတာကိုလည်း မကြားမရှိ။ ကြားလိမ့်မည်။ သို့သော် ဥသြသံအေးထံကို စာတစ်လှည့် လူတစ်ကြုံမရှိခဲ့တာကလည်း သံယောဇဉ်ကင်းကင်းနေတာ အသိသာကြီးပင်။ သူလည်း သူ့အကြောင်းနှင့်သူ ရှိမှာပေါ့လေ။ မင်းသားရဲတင်းနှင့် သမုဒယလိုလို၊ သံယောဇဉ်လိုလို ကြိုးကလေးရစ်ငင်မိဖူးပေသီ ချစ်ကြိုးကတော့ မျှင်လွှန်းလှသည်။

'အဘ ဦးရွှေဖိတ်ကကော စိတ်ဆိုးလို့ ပြန်သွားသာလား'

'မဟုတ်ဘူးအစ်မ၊ ကြာတော့ ပျင်းသကွာဆိုပြီး ထွက်သွားသာ။ အဘက လူတစ်မျိုးရယ်။ သူ့တော့ ဦးသြဘာက တော်တော်လေးတားပါသေးသယ်။ အဘက ဇွတ်ပြန်သွားသာ'

အဘ ဦးရွှေဖိတ်နှင့် အမေ စိမ်းခင်မရှိတော့ ဇာတ်ခေါင်းကိုင်ကြီးနှစ်ယောက်မရှိသလို ခံစားရသည်။ ဇာတ်အတွက် အရွယ်နှင့်ပညာအရ အားထားလောက်သူတွေ လျော့ပါးသွားတော့ အားငယ်သလိုလို ဖြစ်ခဲ့ရသည်။ သည်တော့မှ သဘင်ပညာ၏တန်ဖိုးကို ဥသြသံအေး နားလည်သဘောပေါက်ရတော့၏။ ဥသြသံအေးအဖို့ရာတော့ ပြဇာတ်ရော၊ နောက်ပိုင်းဇာတ်ကြီးမှာပါ နေရာရလာလေတော့ ပညာကုန် ထုတ်ခွင့်ရခဲ့သည်။ နာမည်အရှိန် ကြီးလာခဲ့သည်။ ဦးသြဘာကလည်း ဇာတ်နာမည်ကြီးလာတာနှင့်အမျှ နေရာပေးလာသည်။ ညကြေးကောင်းကောင်းပေးလာသည်။ နောက်ထပ် အရုံပြဇာတ်မင်းသမီးတစ်လက်၊ မင်းသမီးကြီးတစ်လက် ထပ်ဖြည့်သည်။ မင်းသလတ်တစ်လက် ထပ်ဖြည့်သည်။ ဘာပဲဖြစ်ဖြစ် ဇာတ်အဖွဲ့အတွက်အုံတောင့်သွားခဲ့တာတော့ အမှန်ပင်။ အထူးသဖြင့် အရုံပြဇာတ်မင်းသမီး ရောက်လာခြင်းကို ဥသြသံအေး ဝမ်းသာသည်။ လူဆိုတာ သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဆိုတော့ စိတ်ပန်းကိုယ်ပန်းရှိသည့်အခါ နားချင်လို့မှ မနားရတာတွေရှိတိုင်း သည်လိုဖြင့် ခက်ချေရဲ့အောက်မေ့မိတာ အခါခါမဟုတ်လား။ ဇာတ်မင်းသမီးဆိုတာက ဆောင်းတွင်းအခါ လေတဟူးဟူး တိုက်နေသည့် အအေးဓာတ်တွေကြားမှာပင် နဖူးကချွေး ခြေမပေါ် ပေါက်ခနဲ ကျရသူတွေ။ အလုပ်ပေါ်မှာ လေးစားလျှင်လေးစားသလောက်၊ မခိုလျှင်မခိုသလောက် ပင်ပန်းသည့် အလုပ်ဖြစ်သည်။ သူ့ခွင်နှင့်သူ့စာ၊ သူ့အမူအရာနှင့် သူ့အလှုပ်အရှား၊ သူ့လေနှင့်သူ့မျက်နှာခံ ဟန်ကျအောင်စရွေးစွပ်နိုင်မှဆိုတော့ တစ်ချိန်လုံး စိတ်ကလည်း လှုပ်နေရသည်။ လူကလည်း လှုပ်နေရသည်။ ထူးဆန်းတာက အရုံပြဇာတ် မင်းသမီးတစ်လက် ခေါ်ထားသည်ဆိုပေသီ တစ်ညသားမှ စင်ပေါ်တင်တာ မရှိသေးခြင်းပင်။ မင်းသမီးနာမည်က ခင်ပိုပိုတဲ့။ ရုပ်က ကြည့်ပျော်ရှုပျော်ရုံ တောသူညိုညိုကလေး ဖြစ်သည်။ မျက်ခုံးတွေက ကုပ်ကွေးကွေး။ နှုတ်ခမ်းလေးက ကြက်တူရွေးလို စူတူတူ။ ဇာတ်ထောင် ဦးသြဘာကတော့ပြောသား။

'မယ်သြ သည်ကောင်မလေးက အစိမ်းကလေးရယ်။ ညည်း နေထိုင်မကောင်းလို့ ရှာပြန်ချင်လို့ဆိုတာမျိုး ရှိလာရင် အစားဝင်လို့ရအောင် ခေါ်လိုက်သာ။ အတွေ့အကြုံတော့ နည်းသေးသယ်။ သည်လိုပဲ သင်ရမှာပဲ။ မောင်သဏ္ဍကိုလည်း အပ်ထားသယ်'

'ဇာတ်ဆရာ ဘယ်ကခေါ်လာသာတုံး။ ကြည့်ရသာလေစိမ်း၊ မျက်နှာစိမ်း မပျောက်ချင်ဘူး။ အရင်က ဘယ်ဇာတ်မှာကခဲ့သာတုံး။ အသံကလည်း မပြည့်ဘူး'

'ငါ့သူငယ်ချင်း ဇာတ်ထောင်တစ်ယောက်ဆီက ခေါ်လာသာပါ။ တစ်ကောင်ထိုးထဲကပါဟာ။ အဲသည်ဇာတ်ထောင်နဲ့က ဘာလိုလိုထင်ပါရဲ့၊ ဇာတ်ထောင်မယားက မောင်းချမယ် လုပ်နေလို့ ခေါ်ထားရသာ။ ညကြီးကြေးထဲက မဟုတ်ပါဘူး'

မင်းသမီးသစ် ခင်ပိုပိုနှင့် ပတ်သက်လို့ကြားရသည့် စကားဖြစ်သည်။ ခင်ပိုပိုက ဦးသြဘာကို ကြောက်ပုံတော့ရ သည်။ ညဘက် အော်ပရာပြဇာတ်ကပြီဆိုလျှင် ဆီးထုပ်တစ် ထုပ်နှင့် ပုဆွားကွယ်ကြားက ထိုင်ကြည့်တာကလွဲလို့ သင်တာ ယူတာ၊ မေးတာ မြန်းတာ၊ ဆိုတာ ငိုတာ ဘာတစ်ခုမှ မရှိ နေ့ခင်းဘက်အားလို့ သမီးတပွေ့ပွေ့ရှိရသည်အချိန်မှာပင် ပညာယူချင်သကောရယ်လို့ ဥသြသံအေးအပါး ယောင်လို့မှ မသီတာကလည်း ဘာသဘောများပါလိမ့်။ ခင်ပိုပိုက ဂျီးတိုး ကိုတော့ ခင်ရှာသည်။ ဂျီးတိုးကလည်း ဇာတ်ထဲမှာ လူအား တော့ နှစ်ယောက်သား ပေါင်းမိကြခြင်းဖြစ်၏။ အိပ်တော့ လည်း ဂျီးတိုးနှင့်ယှဉ်လျက် အိပ်သည်။ စားတော့လည်း ဂျီးတိုးအဖို့ရာ ထမင်းယူပေးသည်။ နောက်ဖေးနောက်ဖီသွား တော့လည်း အတူတူ။ တစ်ခါတလေ သမီး သက်အေး ကို ကူထိန်းနေတတ်သည်။ ဥသြသံအေးက တစ်ခါတော့ မေးကြည့်သည်။ ခင်ပိုပို ညည်း ဘာနေ့သမီးလဲဆိုတော့ အ သမီးတဲ့။

သည်ဇာတ်ထဲမှာ စနေသားသမီးဆိုလျှင် လက်မခံသ တနင်္ဂနွေသားသမီးဆိုမှ ဦးသြဘာက ခေါ်ချင်တာကလည်း ဇာတ်မူလို ဖြစ်နေပြီ။ ဦးသြဘာ၏အစွဲလည်း ဖြစ်သည်။ ခင်ပိုပိုက ဦးသြဘာကို ဇာတ်ဆရာလို့ပဲ ခေါ်လေ့ရှိသည်။ တစ်ခါတစ်ခါ ရှာပြန်ချေဦးမယ်ဆိုပြီး တစ်ပတ်၊ နှစ်ပတ် ပျောက်နေတာများလည်းရှိ၏။

တစ်ရက်မှာတော့ ဂျီးတိုးဆီက မထင်မှတ်သောစကား ကြားရသည်။ ကြားကာစတုန်းကတော့ မဟုတ်တာပြော မလားလို့ ဥသြသံအေးက ငေါက်တော့ ညည်းကိုယ်တိုင်သာ မေးတော့အေတဲ့။ မေးလည်း မေးဖြစ်ခဲ့ပါ၏။

'ကျုပ်က အညာတောနယ်ကပါ။ နာမည်ရင်းက ဒေါ် အေးတဲ့။ ကျုပ်ကို ရုပ်ကလေးကြည့်ပြီး သူတို့ရဲ့ တုတ်သော နဲ့ ရိုက်ချင်လို့ ခေါ်လိုက်သာလေ။ ကျုပ်က ဝါသနာ ရှိသာပါ၊ ဘာမှ ကောင်းကောင်း မတတ်ဘူးရယ် ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ဆရာ နှစ်အိမ်ကူးခဲ့သယ်။ တစ်အိမ်က ချဉ်ပေါင်ရွက်အရည်ကျဲနဲ့ငါးပိထောင်း၊ တစ်အိမ်က ပဲဟင်းချိုကျဲနဲ့သံပရာချဉ် တစ်လျှောက်လုံးစားခဲ့ရသယ်။ ပညာရယ်လို့ သင်တော့လည်း ရှန်းရင်းဆန်ခတ်ပါအစ်မရယ်။ ရွာတွေက ငှားရင်ခွတ်ထည့်လို့ လိုက်သွားရသယ်။ ကျုပ်တစ်ယောက်တည်းမဟုတ်ဘူး။ကျုပ်လိုပဲ တောကရောက်လာကြတဲ့ ပညာသင်သုံးယောက်။ ကျုပ်က ကတတ်သရွေ့၊ ဆိုတတ်သရွေ့နဲ့ ရှေ့ကယင်ခြောက်ရသာပေါ့လေ။ ကျန်တဲ့နှစ်ယောက်က နည်းနည်းပါးပါး က၊ တတ်ကြသယ်။ ရုပ်တော့မရှိကြဘူး။ ကျုပ်တို့ကိုအမှန်အတိုင်းပြောပြရင် ရွာတွေကသနားလို့ ခွင့်လွှတ်ကြပါသယ်။ တစ်ခါတလေ ညည်းကသာလောက်တော့ ဗျိုင်းလန့်ပျံသာတောင် ညည်းထက်ကောင်းသေးလို့ ပြောကြသယ်။ ပြောပြောလေ၊ ဟုတ်လည်းဟုတ်နေသာကိုး။ သည်ကြားထဲက ကျုပ်တို့ ပွဲချိုရလို့ သွားကြရပြီဆိုရင် ပျော်သယ်။ ရွာတွေက ကောင်းကောင်းကျွေးသာကိုး။ အပြန်လည်း ဟင်းကောင်းလေးတွေချက်ပြီး ကျုပ်တို့ချိုင့်တွေထဲ ထည့်ပေးတတ်သယ်။ အဲသာကို မြို့ပြန်ရောက်ရင် ဓာတ်ထောင်မိသားစုက နွှေးစားကြသယ်။ ကျုပ်တို့က ပဲဟင်းရည်ကျဲပဲ။ ကျုပ်တို့က ငါးရာနဲ့လိုက်ရပေသိ ဓာတ်ထောင်က ဖြတ်ယူသာနဲ့ ငွေငါးဆယ်အနိုင်နိုင်ရသာပါ'

'တောမင်းသမီးကလေးတွေ ပညာယူရတဲ့ဘဝကို အစ်မသိလှပေါ့အေ။ အစ်မဖြင့် ဝက်စာတောင်လည်စုခဲ့ရသယ်။ သူခိုးယိုးစွပ်သာ ခံခဲ့ရသယ်'

'ကျုပ်တို့ကို အဝတ်အစားချုပ်ပေးပြန်တော့ ကျုပ်တို့ကြိုက်သာ မဝတ်ရပါဘူးအစ်မရယ်။ ဓာတ်ထောင်က သူတို့သမီးတွေဝတ်ပြီးသား ဖွတ်ယူနိုင်းလို့ ယူရသာဆိုတော့ အရောင်လည်း မရှိ၊ အချိုးလည်း မကျပေါ့။ သူတို့က ငါးရာနဲ့ဝယ်ထားပြီး ထောင်းထအောင်ဝတ်ထားပြီးသားကို လေးရာနဲ့ဈေးဖြတ်ပေးသာ။ အဲသည်လေးရာက ဆပ်လို့ပဲ မကျေနိုင်တော့ဘူး။ ဖိနပ်လည်း သည်လိုပဲ သူ့သမီးတွေအကျ ဆင်တော့သာ။ ဓာတ်ထောင်တိုင်းတော့ မဟုတ်ဘူး ထင်ပါရဲ့အစ်မရယ်။ ကျုပ်နဲ့တွေ့တဲ့နှစ်ယောက်ကတော့ အတူတူပါပဲ။ ကျုပ်တို့က တခြားမင်းသမီးကလေးတွေလို ကြော်ငြာစာရွက်ရိုက်ပေးပါဆိုတော့ နင်တို့က ဘာကောင်မတွေမို့တုံးတဲ့'

'မပျော်ရင် ရွာပြန်ပေါ့အေ။ ထမင်းတစ်လုတ်တော့ စားရသာချည်းပါ။ ညည်းတို့ကို စာချုပ်ထားလို့လား'

'စာချုပ်မရှိပါဘူး။ နတ်ကွန်းစင်မှာ နတ်ပန်းထိုးပြီး သုံးနှစ် အလုပ်လုပ်ပါ့မယ်လို့ ပါးစပ်ကတိပေးခဲ့ရသာ။ သူတို့က ကန်တော့ပွဲရွက်လာပြီး သူတို့ဆိုခိုင်းသာကို လိုက်ဆိုရသာ။ မပြောဝံ့ပေါင်အစ်မရယ် ပြေးလည်း မပြေးဝံ့ပါဘူး။ ကျုပ်ကို နတ်ကိုင်မှာပေါ့'

'အိုအေ, ထားပါတော့။ ဦးသြဘာနဲ့ ဘယ်လိုတွေ့ကြသာတုံး'

တစ်ရက်က
ညောင်ခါး
ရောက်သွားတော့
မိန်းမ
တစ်ယောက်က
လွှန်ခဲ့တဲ့
အနှစ်နှစ်ဆယ်က
သည်ရွာဘက်မှာ
ပွဲကြည့်ရင်း
ကလေး
ပျောက်ဖူးသာကို
လာရှာရင်း
ညောင်ခါးက
ဘုရားလှူကြီးကို
ပြောပြသတဲ့
ကလေးက
အခါလည်လောက်
ပြောသာပဲ
မိန်းကလေးတဲ့

'အရင်ဓာတ်ထောင်ဆီက ဝယ်လိုက်သာနဲ့တူပါသယ်။ အရင်ဆရာက နင်လိုက်သွားတော့တဲ့။ ကျုပ်ကို ဓာတ်ထဲက မေးရင် တနင်္ဂနွေသမီးလို့ပြောတဲ့။ ကျုပ်ကို ညကြေးသက်သက်ပေးထားမှာတဲ့။ ဒါကြောင့် ကျုပ်က က,ဖို့လည်း စိတ်မရှိဘူး၊ ခုန်ဖို့လည်း စိတ်မရှိဘူး။ အစ်မကတဲ့ ပြဓာတ်ပြီးရင် အိပ်သာပဲ'

'ညည်း တစ်ခါတစ်ခါ ပျောက်သွားသာ ဘယ်သွားသာ တုံး'

'ဓာတ်ဆရာခေါ်ရာ လိုက်ရသာပေါ့'

'အိုအေ…'

သည်သတင်းကို ကြားရတော့ ဥသြသံအေး အံ့သြရသည်။ ရင်ထုမနာဖြစ်ရသည်။ စိတ်မကောင်းဖြစ်ရသည်။ ဒေါသငွေ့ငွေ့ ထွက်ချင်သည်။ ရှေးက သည်လိုကိစ္စတွေ အကြားရှိခဲ့ဖူးသည်ဆိုပေသိ သည်လိုပွင့်လင်းလာသည့် ခေတ်တွေအထိ သည်လိုကိစ္စတွေရှိသေးရော့လား။ လူ့ကိစ္စတွေဆိုတော့လည်း ခေတ်တွေနဲ့ကော ဆိုင်ရဲ့လား။ ကာမဂုဏ်ကိစ္စတွေဆိုတာကလည်း အပင်မသေမချင်း အသီးပြသော သစ်ပင်လို တုံးစရာမရှိ။ အထူးသဖြင့် ဦးသြဘာကို ဥသြသံအေး နားမလည်နိုင်။ ဓာတ်ထောင်ပြီး ကြီးပွားချမ်းသာလာသူဆိုတော့ သူ့အတွက်က ငွေသာအဓိက၊ တခြားအရာကိစ္စတွေ သူ့ခေါင်းထဲမှာ မရှိသူလို့ နားလည်ခဲ့သည်။ အသက်အရွယ်က ကြီးလှပြီမဆိုသာ။ ဓာတ်နှင့်မကွာ

www.burmeseclassic.com

အောင်နေသူဖြစ်၍ အခန့်အခွဲ ကောင်းသည်။ ဘယ်နေရာမှ လစ်ဟင်းမှုမရှိအောင် မျက်လုံးဒေါက်ထောက်ကြည့်တတ်သူဖြစ်၍ ဇာတ်သူဇာတ်သားတွေက ကွယ်ရာမှာ ကျီးကန်းလို့တောင် ခေါ်ကြပါ၏။ အခုတော့ ကျီးကန်းဘဝက မြေခွေး တစ်ကောင် ဖြစ်နေပါပကော။

'တစ်ရက်တော့ ကျုပ်ကို ရှာပြန်ချေတဲ့။ နင်နဲ့သဘင်အလုပ်က လမိုင်းမစီးဘူးတဲ့။ ကျုပ်က အ,အမှ မဟုတ်သာ။ ကျုပ်က ပြောလိုက်သယ် သည့်အတိုင်းမပြန်ဘူးလို့။ ဇာတ်ခုံကို မီးရှို့ပြီးမှ ပြန်မှာလို့၊ ဗုံတွေကိုဖောက်ပြီးမှ ပြန်မှာလို့'

'သဘင်မှာ လမိုင်းစီးသယ်၊ မစီးသယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့အေ။ ကိုယ့်ဘက်ကလည်း ကြိုးစားရသယ်၊ ပညာယူရသယ်။ သူများဆီက ပညာများရမယ်ဆိုရင် ထမင်းအိုး ချိုးခြစ်သလို ခြစ်ယူရသာအေ့။ အစ်မလည်း ညည်းလို တစ်ကောင်ထိုး တောမင်းသမီးဘဝက လာသာပဲ။ ဘယ်ပညာမှ ချိုချိုချောင်ချောင်ရသယ် ဘယ်ရှိပါ့မလဲ။ စိန်ခဲမြခဲနဲ့တော့ ဘယ်သူမှ ခွေးမထုပါဘူး။ လမ်းဘေးက ကျောက်စရစ်ခဲနဲ့ ထုကြသာပါ။ ငါ့ညီမကလည်း ကြိုးစားပေါ့အေ'

'ကျုပ်က ကျောက်ခဲတောင် မဟုတ်ဘူးအစ်မရဲ့။ သူဖွဲ့တိုင်းပွဲနေရတဲ့ ပုစွန်ကျစ်စာခဲရယ်။ ကျုပ်ကိုယ်ကျုပ် သိသယ်။ သည့်ထက်တော့ မီးထတောက်စရာ မရှိတော့ဘူး။ ကျုပ်ကိုယ်တိုင်က ရှာပြန်ဖို့လုပ်နေသာပါ။ မသာကောင်ကြီးက လာခေါ်လို့ ပါလာရသာ။ဒင်းက ဇာတ်ထမင်း၊ ဇာတ်ဟင်းလောက် ကျွေးပြီး ကျုပ်ကို မယားလုပ်ခဲ့သာ။ ဒင်းတစ်နေ့ လမိုင်းမမှား မရှိဘူး'

စကားတွေက ရင့်သီးလာတော့ ဥသြသံအေးမကြားဝံ့တော့ပြီ။ ကျီးတိုးကိုသာ စကားအရှုပ်တွေထဲ မပါမိဖို့ သတိပေးရပါ၏။ မှန်တာကို ဝန်ခံကြေးဆိုလျှင် သည်လိုအဖြစ်အပျက်တွေက ဇာတ်တွေမှာ ရှိခဲ့သည်ချည်းပင်။ မယားပြုချင်သူလက်က ပညာနှင့်ရုန်းထွက်ခဲ့ရဖူးသူ သူ့အဖို့ ကံသီလို့ ဘဝမပျက်ခဲ့ရတာကိုယ်တွေ့ မဟုတ်လား။ ကြားခဲ့ဖူးသမျှ မင်းသမီးတချို့၏ ဇာတ်လမ်းတွေကလည်း ရေးရမည်ဆိုလျှင် ကောင်းကင်ကို ကျောက်သင်ပုန်းလုပ်ဖို့သာ ရှိတော့သည်။ ကြာတော့လည်း ခင်ပိုပိုဆိုသူကလေးကို ခပ်ပေါ့ပေါ့ သဘောထားခဲ့သည်။ သည်သတင်းစကားက အငွေ့ပြန်သွားတာမျိုးတော့ မရှိ။ တဖြည်းဖြည်း ကျယ်လောင်လာခဲ့သည်။ အချင်းချင်းကြားမှာ သတင်းကြီးဖြစ်လာခဲ့သည်။ မီးနာအောင်ဖုတ်ထားသော ကန်စွန်းဥတစ်လုံးလို အပြင်က အေးနွေးနွေးဆိုပေသိ အတွင်းအောင်းပူက တင်းခံလျှက်ရှိပါ၏။

ဥသြသံအေးအဖို့ရာတော့ သမီးကတစ်ဖက်၊ ဇာတ်ခုံကတစ်ဖက်ဆိုတော့ သူများကိစ္စ များများကြီး စိတ်မရောက်နိုင်တော့ပြီ။ ဇာတ်ထဲမှာလည်း ကြာတော့ အသစ်အသစ်ဖြစ်ရသော ပြဿနာတွေကြောင့် ဦးသြဘာနှင့် ခင်ပိုပိုတို့ပြဿနာက မေးမှိန်သွားခဲ့သည်။ တစ်စင်ကတစ်စင်၊ တစ်နယ်ကတစ်နယ် ကူးရသည့် ဇာတ်ရာသီရက်တွေအတွင်းမှာပဲ သမီးကလေး သက်အေးပုံခမျာ လူးလွန့်ခဲ့ရပါ၏။ ဖအေနှင့်လည်းတူ၊ မအေ နှင့်လည်း တူသူကလေးဆိုတော့ ဇာတ်ထဲမှာ လူတကာက ချစ်ကြသလို လူတကာ့လက်ပေါ် ကြီးရရှာသည်။ တစ်လက နှစ်လ၊ နှစ်လကကူးလို့ ခြောက်လပီပီရှိလာတော့ မင်းသား မင်းသမီးကတာကိုကြည့်ရင်း လက်လှုပ်၊ ခြေလှုပ်ရှိလာခဲ့ပြီ ဆိုင်းသံကြားတော့လည်း ဆိုင်းဝိုင်းထဲသွားဖို့ချည်း ပူဆာတတ် သည်။ ကျီးတိုးကတော့ သမီးကလေး အခါမလည်ခင် ရှာက ဘွားအေကြီးကို တစ်ခေါက် ပြန်ပြချေဦးမယ် ဆိုပြန်ပါ၏ ဥသြသံအေးက ခွင့်မပြု။ သမီးကို ကျီးတိုးနှင့်အတူ ရွာဝေး မြေဝေးထည့်လိုက်ဖို့ကို စိတ်မချနိုင်။

'အခါလည် မွေးရက်ကျရင် ရွာပြန်ကြသာပေါ့ကျီးတိုး ရယ်။ ရွာကျောင်းမှာ အခါလည်ပြည့်ဆွမ်းလေးကျွေးရင်း တစ် ခေါက်တစ်ကျင်း ပြန်ကြသေးသာပေါ့။ ကျုပ်နဲ့မှ ပြန်ပါကျီးတိုး ရယ်။ ကလေးတစ်ဖက်နဲ့ပြန်မှာကို ကျုပ်ဖြင့် စိတ်လည်းမချ ဘူး'

'ညည်းကို ငါထိန်းခဲ့သာပါ ဝါခေါင်ဥသြရယ်။ ညည်း ကလေးကျမှ ဗုံထက် လင်းကွင်း မသာချင်စမ်းပါနဲ့။ ငါက ဘတော်ပျံလည်းမမီ၊ ထီးတင်ပွဲလည်း မမိဖြစ်မှာစိုးသာ ညည်းအမေကို ညက ငါအိပ်မက်မက်သယ်။ နေမှ ကောင်း လား မပြောတတ်ဘူး။ အိပ်ရင်းက ဖျတ်ခနဲ နိုးတော့ ငါ့မှာ ငိုရသေးအေ။ ညည်းကလေးကို အရီးမမြင်လိုက်ရမှာ သယ်'

'သဘင်သည်စကား၊ အရူးစကား၊ ကျီးတိုးကတော့ လေ, မဟုတ်သာများ တယ်ပြီးပြောတတ်သယ်'

'ငါက သဘင်သည်မဟုတ်ဘူးအေ့။ ညည်းပြောပုံ ငါ့ကို အရူးစကားလို့ပြောသာပေါ့လေ'

သည်လိုကျတော့လည်း ကျီးတိုးကအလည်သား။ ကျီး ခမျာ ဥသြသံအေး အနွံ့အတာကို တစ်လျှောက်လုံးခံခဲ့ ဖြစ်၏။ ဇာတ်ထဲလိုက်လာတော့လည်း သမီး သက်အေးပုံ ထိန်းရုံမက ဆရာ ကိုသက္ကထမင်းစားလျှင် သူကိုယ် ပြင်ဆင် ကျွေးမွေးသလို၊ ဟင်းကိုလည်း အချိန်ကလေးရ သီးသန့်ချက်ကျွေးတတ်သေးသည်။ ဇာတ်ထဲ စကားမဖွ တော့လည်း အကျင့်က မပျောက်။ ပါးစပ်ထဲရှိသမျှ သိ လုပ်ဆိုတတ်တာကိုလည်း ပိတ်ရပင်ရတာ အကြိမ်ကြိ တစ်ခါများ ဇာတ်ထောင် ဦးသြဘာကို ပြဇာတ်တစ် ကချင်လို့ ပါစမ်းပါရစီလုပ်နေလို့ ကွယ်ရာမှာ ငေါက်ရ သည်။ ဦးသြဘာက ဥသြသံအေး နာမည်ပေါက်နှင့် ပိုက် ရနေသူဆိုတော့ ကျီးတိုးကို ပစားပေးလို့ တော်ပါသေး တစ်ခုတော့ ရှိပါ၏။ ကျီးတိုးကိုလည်း တနင်္ဂနွေသမီး မှာထားရသည်။ တစ်ခါတော့ ကျီးတိုးကို ဦးသြဘာက စနေသမီး မဟုတ်လားဆိုတော့ ဟုတ်ပါရဲ့လို့ဖြေပြီ သွားလို့ စနေညသန်းခေါင်ကျော်ထဲ မွေးသာပဲလို့ ဖြေလို



www.burmeseclassic.com

www.burmeseclassic.com

ဦးသြဘာ ဘဝင်ကျသွားသည်။ သို့သော် သည်မှာတင် ပြီး မသွားဘဲ ဂျီးတိုးက အဆစ်ကလေး ထည့်လိုက်သေးသည်။ သည်တုန်းကလည်း ငေါက်ရပါ၏။ ပြောပုံက တဲ့တိုး။

'ဇာတ်ထဲပဲတော် ဇာတ်ထောင်ဆရာ့နှယ်။ ဘယ့်နှယ့်လုပ် တနင်္ဂနွေသားသမီးတွေချည်း စုမိမှာတုံး။ မဟုတ်သာ တနင်္ဂနွေ သားတွေချည်း စုရအောင်ဘုရားထီးတင်မှ မဟုတ်ဘဲနဲ့။ ဇာတ် ထောင်ဆရာက ဦးသြဘာ တနင်္ဂနွေသားဆိုသာနဲ့ ကျန်တဲ့လူ တွေက တနင်္ဂနွေဖြစ်ရရောလား'

သည်လိုဆိုတော့လည်း ဦးသြဘာက စိတ်ဆိုးဟန် မရှိ ပါ။ ဥသြသံအေးအဖို့ရာတော့ ဇာတ်တွေထဲလိုက်တော့မှ လူ့ စရိုက်တွေ နားလည်ခဲ့ရသည်။ လူ့သဘောတွေ သိခွင့်ရခဲ့ သည်။ လူ့မနောအတွေ့တွေကို သဘောပေါက်ခဲ့ရသည်။ အမေကြီး ပိတုန်းပြောဖူးသည့်စကား မှန်လိုက်တာ။ လူတွေ ဟာ စိတ်ကြောင့်ပဲ ကိုယ့်သားသမီးကိုယ် စွန့်ပစ်ကြတယ်၊ စိတ်ကြောင့်ပဲ လူတစ်ယောက်ကို ဖက်ရွက်တစ်ရွက်လို သဘောထားနိုင်ကြတယ်။ စိတ်ကြောင့်ပဲ ရက်စက်ဝံ့ကြတယ်။ ကုသိုလ်စိတ်ကို စိတ်ကပဲဦးဆောင်သလို၊ အကုသိုလ်ကို စိတ် ကပဲ မွေ့လျော်စေတယ်တဲ့။ မှန်လိုက်တဲ့စကား။

'လှမင်းအောင်'ဇာတ် နာမည်ရလာတာနှင့်အမျှ ပွဲကူး တွေ များခဲ့သည်။ တစ်ညလုံး ဇာတ်ကကြ၊ တစ်နေ့လုံးလိုလို ဇာတ်ကားကြီးစီးကြရပြီး ကပြရမည့် မြို့တွေရွာတွေကို ရောက်ပြန်တော့ နေရာထိုင်ခင်းချရပြန်သည်။ ညဘက် ကရ မည့်စာတွေ၊ အဆိုအငိုတွေ နွှေးရပြန်သည်။ နေပူမိုးရွာ၊ လေပူကြီးထ၊ ဥတုရာသီမမှန်သမျှ ဇာတ်သူဇာတ်သားတွေ ခများ သွားရသည့်ခရီးအတွင်း ဖျားကြနာကြရပါ၏။ ဖျားလို့ နာလို့ ကိုယ့်ဝန်ကိုယ့်တာ သူတစ်ပါးလွှဲလို့မရသည့် ပရိယေ သနမျိုးဆိုတော့ ဗျောသံကြားလို့မှ တရားမနာနိုင်။ အိုးကွဲနှင့် လှေ့ကွဲလို လှည့်ကာပဲ့ကာသုံးသော်မှ အရာမထင်ရသည့်ဘဝ တွေ မဟုတ်လား။ လူကြီးတွေက ဥတုဒဏ်ခံနိုင်ကြပေသိ ဇာတ်ထဲမှာ မိဘများနှင့်အတူ တကောက်ကောက်လိုက်နေရ သည့် ဥမမည်စာမမြောက် အရွယ်စုံကလေးတွေအဖို့ရာ ခံနိုင် ကြတာမဟုတ်တော့ အရွယ်နှင့်မမျှ ရောဂါဝေဒနာတွေ ကပ် ငြိကြရသည်။ တချို့လည်း ဖိတ်ဖိတ်စဉ်စဉ် ရှိကြလို့ရောက် သည့်ရွာမှာ မြှုပ်ထားခဲ့ကြရတာ ရှိသည်။ ဝေဒနာသိသော်မှ ဆေးမရှိလေတော့ ငန်းဆေးနှင့် ကွမ်းရွက်ရည်ကိုသာ ရေလဲနှင့် ပြီးကြရသည်။ ဖျားနေသည့်ကလေးကို ရင်ဝယ်ပိုက်ရင်း ဇာတ် ကားကြီးတွေပေါ်က ပူပူလောင်လောင်နေရောင် စူးစူးအောက် မှာ နေကုန်နေခန်း ရှိကြရပြန်ပါ၏။ စားချိန်ကျော်လို့ တအီအီငိုကြသောကလေးတွေ၊ ရောဂါဝေဒနာကြောင့် တကျည်ကျည်ငိုကြသည့်ကလေးတွေ၊ သူငယ်နာနတ်ဖမ်းစား လို့ မျက်နက်လန်နေကြသည့်ကလေးတွေ။ သမီးကလေး သက်အေးပုံကတော့ကော။ ဇာတ်သမသမီးပဲ မဟုတ်လား။ ဘယ်လွတ်နိုင်ပါ့။

'လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က' ဆိုသည့်စကား၊ 'ကလေးပျောက်' ဆိုသည့်စကား၊ 'ကျောမှာ ချဉ်ပေါင်ရွက်ပုံ စာနီအမှတ်' ဆိုသည့်စကား၊ 'ညောင်ခါးရွာ ပွဲခင်းမှာ' ဆိုသည့် စကားတွေကို ဆက်လိုက်လျှင် ပျောက်သည့် ကလေးက ဥသြသံအေး ဆိုတာ မငြင်းသာပြီ

တစ်ခါများ သမီး ကလေး သက်အေးပုံ အပျင်း ဖျားသည်။ အဖျားသွေး ကလေး ဝင်သကောရယ်လို့ ခါတိုင်းလိုပင် ရေဖတ်ကလေး တိုက်ရုံ၊ ဆေးတစ်မည်ခွံ့ရုံဖြင့် ပြီးလိမ့်မည် ထင်ခဲ့ပါ၏။ သမီးကပို၍ပင် အပူကြီးလာ ခဲ့သည်။ မှိန်းရာက ကယောင် ကတမ်းရှိလာသည်။ နေပူ လေပူမိရာက ဖြစ်ရသည့် အပူ လျှပ်လေသလားလို့ တွက်ပြီး ရေအေးဖတ်ဖြင့် တစ်ကိုယ် လုံး ပွတ်တိုက်ပေးရသည်။ တစ်အောင့်တော့ အေးသလို လိုရှိသား။ နောက်တော့ ဝမ်း ခိုင်၊ ရင်ပူ၊ နှလုံးခုန်ရုံမက ခံတွင်းကလေး ဟတတဖြစ် လာလို့စိုးရိမ်ရပြီ။ မျက်လုံး ကလေး စိုက်ချင်လာတော့မှ ဇာတ်ကားကြီးပေါ် ပစ္စည်း တွေတင်နေသည့်ကြားကပင် ရွာထဲကဆရာ ပြေးပင့်ရပါ ၏။ ဆရာက ကလေးကို ကြည့်ပြီး သူငယ်နာဆို၏။ ပေးသည့်ဆေးကို ဆီးဖြူ သီးပြုတ်ရည်နှင့် တိုက်ပါဆို လို့ ရှာရပြန်သည်။ ဆီးဖြူသီး ခြောက်ရလို့ တော်ပါသေးရဲ့။ လက်ထုတ်ကြီး၊ မြင်းခေါက်၊ မြင်းခေါင်းနှာရောင်၊ ဆား လော့်ကို သံပရာရည်ဖြုန်း ဖြုန်းနှင့် တိုက်ခိုင်းသည်။ ကလေးက အသံမထွက်ချင်။ တအင်အင် ညည်းပေသိ တရှုံ ရှုံ အသံကလေးသာ ထွက် နိုင်ရှာသည်။ သမီးအဖြစ်ကို ကြည့်ရင်း သားသမီးကို လူ ဖြစ်အောင် မွေးကြရရှာသည့် မိဘကျေးဇူးကို အောက်မေ့မိ သည်။

'မင်းသမီးနှယ် ညည်း ကလေးက အသံတိမ်ကသိ၊



www.burmeseclassic.com

www.burmeseclassic.com

လည်ခိုင်တယ်၊ တောင့်မာတယ်။ အဖျားကြီးရာကဖြစ်တဲ့ ဝေဒနာဆိုတော့ ဂေါမုတ္တဆေးစိမ်ရည်နဲ့ ငှက်ပျောတုံးများလို တစ်ကိုယ်လုံးအေးအောင် လိမ်းရမယ်။ ဆရာပေးတဲ့ဆေးလည်း နှစ်ရက်တော့ ဝင်အောင်တိုက်ပါ့ဗျာ။ သုံးရက်မြောက်တော့ ပျောက်ကရောပ'

ခက်တာက ထိုနွေသနေပိုင်းမှာပဲ ဇာတ်ကားကြီးပေါ်ရောက်ကြရခြင်းဖြစ်သည်။ ကျီးတိုးရော၊ ဥသြသံအေးပါ တစ်ညလုံး လေကွယ်အောင်ကာရင်း တစ်လမ်းလုံး ထွေးထွေးပိုက်ပိုက်ရှိကြရသည်။ နောက်ရက်မှာတော့ ဝမ်းပျော့ပျော့သွားရာက အပူကလေးငြိမ်းစပြုပြီ။ မအေ့နို့တောင်းပြီ။ သည်လိုဖြစ်ရတာတွေများလာတော့ ကလေးကို အမေ့ဆီ ပို့ရကောင်းမလားလို့ စဉ်းစားရပြီ။ အမေ့ဆီမှာဆိုတော့ ကလေးအတွက်လည်း စိတ်ချရမည်။ အမေခမျာ ကျီးတိုးရှိတော့ အဖော်ရမည်။ ဆရာ ကိုသက္ကကိုတိုင်ပင်တော့ 'ကျုပ်ကတော့ သမီးတင်မကဘူး၊ ဥသြကိုပါ နားစေချင်သာ' တဲ့။ ဘယ်လိုပြောလိုက်တာပါလိမ့်။ သည်လိုတော့လည်း မဖြစ်သေး။ သည်ဇာတ်မှာ ဥသြသံအေးမပါလို့ကတော့ ဇာတ်က ငုတ်တုတ်ထိုင်နေကြရုံ။ ပွဲကြည့်ပရိသတ်ကလည်း ဥသြသံအေးပါလို့ လူစွဲနှင့် ဇာတ်ငှားကြတာ မဟုတ်လား။ သည်တော့ သမီး သက်အေးပုံကိုပဲ အမေ့ဆီ ပြန်ပို့ကြဖို့ပင်။ သို့သော်လည်း သမီးကိုမပို့ခင်ရက်တွေအတွင်း ဇာတ်ခုံမှာ မထင်မှတ်ဘဲ မထင်တာတွေဖြစ်ခဲ့ရသည်။ သီတင်းဝါလကျွတ်ပြီးစ ရက်တစ်ရက်။ သခွတ်ပင်ဆိုသည့် ရွာကြီးမှာ ကရမည့် ပထမည။

တစ်မနက်ခင်းလုံး ဇာတ်ခုံဆင်သူတွေ အလုပ်ရှုပ်နေကြသည်။ ထိုနေ့က ဇာတ်ထောင် ဦးသြဘာ မရှိ။ မင်းသမီးမရုပ်တေးခေါ်ကြသည့် အရံပြဇာတ်မင်းသမီး ခင်ပိုပိုတစ်ယောက်သာ မျက်နှာချေ ဖုံနေအောင်လိမ်းပြီး တစ်နေရာကတစ်နေရာ လိပ်ပြာလို ကူးနေခဲ့သည်။ ဥသြသံအေးနှင့် မင်းသမီးကြီးတချို့က အတူစုထိုင်ရင်း လက်ဖက်တစ်အစ်နှင့် စကားတွေ ပြောနေကြသည်။ သည်လူစုစုရှိရာကို ခင်ပိုပိုရောက်လာခဲ့သည်။ လက်ထဲမှာ အဝတ်အိတ်တစ်အိတ်ပါလာခဲ့ကာ မင်းသမီးကြီးတွေအနားလာ ဖုတ်ခနဲ ချသည်။

'ရုပ်တေးမ ဘာတုံးဟဲ့၊ ညည်းအထုပ်က တလှုပ်လှုပ်နဲ့'

မင်းသမီးကြီး ဒေါ်လွန်းဆယ်ကမေးတော့ ခင်ပိုပိုက ပြုံးတမဲ့မဲ့နှင့် ဖြေသည်။

'စပါးကြီးမြွေလေ အမေရဲ့။ ကျုပ် ဝယ်လာသာ။ ချစ်တဲ့သူအရိုး ဆံထိုးလုပ်မလို့'

'အိုအေ, မဟုတ်သာ။ ဇာတ်ခုံထဲ မြွေယူလာရသယ်လို့။ မလုပ်ကောင်း မပြုကောင်း'

အားလုံးက အဝတ်ထုပ်ကို မျက်လုံးရောက်ကြပြီ။ စပါးကြီးမြွေတဲ့။ ဘာသဘောပါလိမ့်။ ခင်ပိုပိုက အထုပ်ကိုလိုက်စမ်းရင်း ကြောက်သလိုလို ရွံ့သလိုလို၊ ဘယ်သူ့မှ မထီသလိုလို မျက်နှာပေးနှင့်လုပ်နေတာကို ဥသြသံအေး ဖျဉ်းခနဲ ဖြစ်သွားခဲ့သည်။

'ညည်းက ဘာလုပ်သာတုံးအေ့။ လူကြီးတွေကို မလေးမစားနဲ့။ ဘာစပါးကြီးမြွေတုံး။ ဘယ်ချစ်သူအရိုး ညည်းက ဆံထိုးလုပ်ချင်သာတုံး။ အေးအေးနေစမ်းပါအေ။ ခု တလော ညည်းကြည့်ရသာ နရိုင်းများ သခင်ကို ပြန်ဝှေ့ချင်သာလိုလို လုပ်နေသာကကော ဘာသဘောတုံး။ ဇာတ်ထဲမှာ ညည်းထက် အတွေ့အကြုံကြီးကြသူတွေချည်းအေ့'

'ကျုပ်ကစ,သာပါတော်။ စပါးကြီးမြွေ မဟုတ်ရပါဘူး။ ရွာထဲက ယုန်တစ်ကောင်ဝယ်လာသာပါ။ သည်မယ်ကြည့်ပါလား'

ခင်ပိုပိုက ဖျင်အိတ်ကို ကြိုးဖြေပြီး ဟပြသည်။ ယုန်ဖြူ မည်းတစ်ကောင်။ မျက်လုံးတွေက ခိုသွေးရောင်တောက်လို့။ ယုန်က ငုံ့ကြည့်နေကြသော မင်းသမီးတွေကို ထိတ်လန့်တကြား ကြည့်နေရှာပါ၏။ မင်းသမီးကြီးတွေအားလုံးလိုလို ယုန်ကိုမြင်လိုက်တော့ ထ,ခုန်မတတ် လန့်ဖျပ်သွားကြသည်။

'ဖွဟဲ့, ယုန်··· အိုအေ, မကြံကောင်း မစည်ရာ။ ဇာတ် ထဲ ဇာတ်ခုံထဲ ယုန်ကြောင်းတောင် နှုတ်ကမပြောရသာ။ ယုန် ကောင်အကောင်လိုက် ဝယ်လာရသလား။ မိုက်ပါ့အေ။ ဇာတ် ခုံနောက်ဖေး သွားလွှတ်လိုက်စမ်းပါအေ။ ဇာတ်ထောင်သိရင် ညည်း ကျောက်ခွဲလိမ့်မယ်'

ဥသြသံအေးပင် နားမလည်နိုင်။ စပါးကြီးမြွေဆိုတုန်း တော့ ရွံလို့ ရွံ့လို့ပြောကြတာပဲရှိသည်။ ယုန်ကောင်ဆိုတော့ မင်းသမီးကြီးတွေ ထိတ်လန့်ကုန်ကြတာကို နားမလည်နိုင် ဖြစ်၏။ မေးတော့မှ ဇာတ်ခုံမှာ ယုန်အကြောင်းမပြောရသည့် ရှေးအစဉ်အလာရှိသည်။ ယုန်ကောင်ယူမလာရသည့် အယူ ရှိကြသည်။ တောစပ်နှင့်နီးလို့ ဇာတ်ခုံနောက်ဖေးက ယုန် ကောင်လမ်းမှား ဝင်လာလျှင်ပင် တရော်ကင်ပွန်းရည် ပရိတ်ရေဖျန်းပြုကြရသည် ဆိုပါ၏။ မင်းသမီးကြီးတွေ ဝိုင်းဆူကြတော့မှ ခင်ပိုပိုက ယုန်ထည့်ထားသည့် ဖျင်ထုပ် ကိုင်ရင်း စူစူအောင့်အောင့် ထွက်သွားခဲ့သည်။ သည်တော့ ခင်ပိုပို ကြိမ်းဝါးခဲ့ဖူးတာကို ဖျတ်ခနဲ သတိရလိုက်သည် ကျုပ်က ဇာတ်ခုံကိုမီးရှို့ဦးမှာတဲ့။ ဗုံတွေကိုဖောက်ပစ်ခဲ့ဦး တဲ့။ အခုတော့ ယုန်တစ်ထုပ်နှင့် ပျက်ရာပျက်ကြောင်း ချင်ရှော့လား။ ဥသြသံအေးပင် မကြားဖူးသည့်ရှေးယုံကြည် ကို ခင်ပိုပို ဘယ်ကကြားလို့ ယုန်တစ်ကောင် တကူးတက ဈေးပေးဝယ်ခဲ့တာလဲ။ ဥသြသံအေး ချက်ချင်းထပြီး တော့ ဇာတ်ခုံနောက်မှာ ခင်ပိုပိုကို ရပ်လျက်သား လိုက်ရပါ၏။ လက်ထဲမှာ ယုန်သေတစ်ကောင်ကို ကိုင် တစ်ခေါင်းလုံး ကြေမွနေသည့်ယုန်က သွေးတွေရွှဲရွှဲစိုလျ ၏။

'ညည်း သတ်ပစ်လိုက်သာလား'

'ဟုတ်သယ်။ ကျုပ် ဟောသည်နောက်ဖေးတံခါး သုံးလေးချက် ဆင့်ရိုက်ပစ်လိုက်သာ'



www.burmeseclassic.com

www.burmeseclassic.com

'အို…'

ထိုနေ့က အစဉ်အလာမပျက် ဇာတ်ခုံမှာ ကန်တော့ပွဲ ထိုးသည်။ သာသနာတော်ပွဲ တစ်ပွဲနှင့်အတူ ခရီးခတင်း အကူးအသန်းရှိရသော ဇာတ်သမားတို့ယုံကြည်ရာ နယ်တော်ရှင် ပယ်တော်ရှင်ပွဲတစ်ပွဲ ထိုးကြခြင်းဖြစ်သည်။ နယ်တော်ရှင် ပယ်တော်ရှင်ပွဲထိုးပြီဆိုလျှင် အုန်းသီးတစ်လုံး၊ ငှက်ပျောနှစ်ဖီးဆိုင်၊ ဖယောင်းတိုင်နှင့်အမွှေးတိုင်၊ ပန်းပေါင်းစုံ၊ ဆေးပေါ့လိပ်တစ်စည်း၊ ပိုလိုစီးကရက်တစ်ဘူး၊ ကွမ်း၊ ကွမ်းသီး၊ ထုံး၊ ဆေး၊ ဆားမထည့်ရသည့် အကြော်စုံတစ်ပွဲ၊ ဖျင်ဖြူဖျင်နီစတို့ ပါရသည်။ အမွှေးနံ့သာပက်၍ နယ်တော်ရှင်ပယ်တော်ရှင်တို့ကို ဘေးမသန်း၊ ရန်မသန်းရှိရအောင် စောင့်ရှောက်ဖို့အပ်ရသည်။ ဒါမျိုးက ပွဲဦးညတွေမှာ ပြုလုပ်လေ့ရှိကြပါ၏။ အကြောင်းတွေကပဲ တိုက်ဆိုင်လေသလား။ ရှေးသမားစဉ် အယုံအကြည် အစွဲအလမ်းတွေကြောင့်ပဲလား။ မည်သူမျှ ဧကန်ဧက မပြောနိုင်သည့်အကြောင်းတွေ ဖြစ်လာခဲ့သည်။ ဘယ်လိုက ဘယ်လိုရယ် မပြောနိုင်ဘဲ ဇာတ်ခုံပုဏ္ဏားကွယ်စကို မီးစွဲရာက ဇာတ်ခုံတစ်ခုံလုံးက လောင်စာတွေကို မီးကူးစက်သွားခဲ့သည်။ တချို့က မလိုသူ တစ်ယောက်ယောက်က ရှို့တာတဲ့။ တချို့က သူ့အလိုလို မီးထစွဲတာတဲ့။ ဝိဝါဒအမျိုး မျိုးကို နားမစိုက်နိုင်။

ဂျိုးတိုးက သေတ္တာနှစ်လုံးကို တစ်ဖက်တစ်ချက်ဆွဲ၊ ဥညြသံအေးက ကလေးကိုပွေ့ရင်း ဇာတ်ခုံအပြင်ရောက်အောင် မနည်းပြေးထွက်ခဲ့ရသည်။ ယောကျ်ားသားတချို့နှင့်အတူ ဆရာ ကိုသက္ကတို့အားလုံး မီးကိုမငြိမ်းနိုင်ကြတော့ လူအိုလူမင်းတွေကို ပွေ့ထုတ်ကြရသည်။ ကလေးတွေကို ရှာဖွေကာ ဆွဲထုတ်ခဲ့ကြရသည်။ ဇာတ်သမားတို့အဖို့ရာ ရကောင်းရရာ ပစ္စည်းကလေးတွေ ပုံထားကြရင်း မီးလောင်နေသည့်ဇာတ်ခုံကို ခပ်ဝေးဝေးက ငေးကြည့်ရတာ လောက်ဆိုးသည့် အဖြစ်မရှိနိုင်တော့ပြီ။ ဂျိုးတိုးကတော့ ကယောင်ကတမ်း ရေရွတ်နေခဲ့သည်။

'လမိုင်းမှားသာ၊ လမိုင်းမှားသာ ငါတွေ့သယ်။ မီးက ပုဏ္ဏားကွယ်ဖားလျားစကို အလိုလို ထစွဲသာ ငါတွေ့သယ်'

*(ဆက်လက်ဖော်ပြပါမည်)*

■ **ခင်ခင်ထူး**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက်ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာ ပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက် များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့်စာမူများကို နောင်တွင် ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည်မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူ ပေးပို့လိုသူများ သိရှိနိုင်စေရန် ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် မကိုက်ညီသည့် စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့်အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင် A4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A4 စာမျက်နှာ တွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။

■ **အယ်ဒီတာ**

*ရွှေအမြုတေမဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၉၃)မှ...*

မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာလည်း မနားတမ်းပြေးလေ၏။ တစ်နှစ် နှစ်နှစ်အတွင်း စာပေနယ်မှာ နေရာရ စာရေးဆရာမတစ်ယောက် ဖြစ်လာသော်လည်း ဒေါက်တာ ဇော်လတ်ကတော့ သူ့ပုံစံ ပြုံးထေ့ထေ့လောက်နှင့်သာ အသိအမှတ်မပြုချင်ပြုချင်။ သူမရေးသော ဝတ္ထုများကိုတော့ ဟုတ်တိပတ်တိ ဆုံးအောင် ဖတ်သည်ပင်မရှိ။ ထုံးစံအတိုင်း ကောင်းသည်လည်း မပြော၊ ဆိုးသည်လည်းမဆို။

'ကိုယ်ကတော့ စိတ်ကူးယဉ်တွေ ဖတ်လို့ကိုမရဘူး။ စာဆိုရင် ဗဟုသုတရရင်ရ၊ ဒါမှမဟုတ် နိုင်ငံရေးနဲ့ စီးပွားရေးသတင်းတွေပဲ ကြိုက်တယ်'

အရင်လိုဆိုလျှင်ဖြင့် မန္တရီ သူ့ပါးစပ်ဖျားမှာ လမ်းဆုံးမိပေဦးမည်။ ခုတော့ မန္တရီ အရင်ကလောက် မရူးတော့ပြီ။ သူက ကိုယ့်ကို အထင်မကြီးလည်း မမှုတော့။ သူမမှာ ဖြေဆေးရှိနေပြီလေ။

သူဂရုမစိုက်လို့၊ အသိအမှတ်မပြုလို့ စိတ်ထဲမှာ အားငယ်သလိုလို ဝမ်းနည်းသလိုလို ဖြစ်ခဲ့ရတာတွေကလည်း အရင်လို ခံစားချက်မပြင်းထန်တော့။ ဥပေက္ခာပြုနိုင်ခဲ့ပြီ။ တကယ်တော့ စာအုပ်တစ်အုပ်ကို စိတ်နှစ်ပြီး စာဖတ်နေရတာလောက် ဘဝမှာ အရသာရှိတာ မတွေ့နိုင်ပေ။

နာမည်လေး နည်းနည်းရလာတော့ စာပေသမားတွေ အိမ်ကို အဝင်အထွက်ရှိလာ၏။ စာမူလာတောင်းတာ၊ စာအုပ်လာပေးတာ၊ စာမူခဝင်

**မိန်းမ
တစ်ယောက်၏
သိမ်မွေ့မှုသည်
မထင်မှတ်နိုင်
လောက်အောင်
စီးဆင်း
ကျယ်ပြန့်ခဲ့ရ၏။
ထိုမိန်းမ၏
အားငယ်မှုသည်
ကြေကွဲစရာ
ကောင်းစွာ
နစ်ဝင်
နက်ရှိုင်း
ခဲ့လိမ့်မည်**

ပေးသွားတာတွေကလည်း မကြာခဏဆိုသလိုပင်။ ဖုန်းတွေကလည်း လာလိုက်သည်မှ ဒေါက်တာ ဇော်လတ်၏ အလုပ်ကိစ္စဖုန်းနှင့် သူမ၏ စာမူကိစ္စဖုန်းမှာ အကြိမ် အတူတူလိုဖြစ်လာ၏။

'မင်းဆီကို လာလိုက်သမျှကလည်း ယောကျ်ားတွေချည်းပါလား။ စာရေးဆရာမတွေက အလုပ်များပြီး စာရေးဆရာတွေက အားအားယားယား လမ်းထွက်လည်နေတာပဲလား'

ဒေါက်တာ ဇော်လတ်၏ မလိုလားဟန် စကားများသည် သူမအတွက် အနေကျုံ့စေသည်ကတော့ အမှန်ပင်။ တစ်ခါတစ်ရံ ဧည့်သည် စာရေးဆရာရောက်လာကာမှ ဧည့်ခန်းထဲထိုင်နေသောသူက နှုတ်လည်းမဆက်၊ ခပ်တည်တည် အိမ်ထဲဝင်သွားတာမျိုးဆိုလျှင် သူမမှာ ရှက်ရွံ့အားနာရ၏။ ဒီလိုအခါများမှာတော့ စာပေနယ်မှာ လှမ်းနေသော သူမခြေလှမ်းများပင် ယိုင်ချင်ချင်။

သူမကတော့ ဒေါက်တာ ဇော်လတ်နှင့် ဆေးရုံ၊ ဆေးခန်းမှ သူနာပြု ဆရာမများ၊ အမျိုးသမီး ဆရာဝန်များ၊ ဟောက်ဆာကျင်ဆင်းနေသော ဆရာဝန်မလေးများ၏ အလုပ်သဘောအရ ဆက်ဆံရေးများကို တစ်ခါမျှ မဝေဖန်၊ မခန့်ဖူးပါ။ ဒီ့အပြင် ခပ်သည်းသည်း ခပ်ကဲကဲ လူနာအမျိုးသမီးအချို့ကိုလည်း ဥပေက္ခာပြု နားလည်ပေးထား၏။

သူက အိမ်လာသမျှ မန္တရီ၏ ဧည့်သည်တိုင်းကို အမျိုးသမီး မမြင်ဘဲ အမျိုးသားချည်း ကွက်မြင်နေသည်ကတော့ အံ့သြစရာ။ ဇနီးသည်အပေါ် ချစ်ခင်ယုယဟန်၊ အလေးထားမြတ်နိုးဟန် မပြချင်သည့် သူ့ဆီက မနာလိုအူတိုသလို အမူအရာများ တစ်ချက်တစ်ချက် လှစ်ခနဲ မြင်ရသော်လည်း သူမက မပျော်တတ်တော့ပါ။

ယခင်ကလို နူးညံ့သည့် နှလုံးသားဖြင့်သာဆိုလျှင် တိတ်တခိုး ကျေနပ်မိမည်ထင်ပါ၏။ ယခုတော့ နှလုံးသားက တင်းခြောက်နေခဲ့ပြီ။

ဒါသည် 'အချစ်' မဟုတ်။ 'အတ္တ'သာ ဖြစ် သည်ဟု သူမက သေချာ ပြီလေ။

❑

အမှန်တော့ အတ္တနှင့် ပရကို မျှတချင်သည့် နှလုံး သားပိုင်ရှင် မန္တရီသည် ကိုယ့် အတ္တကို ကိုယ့်ဘာသာပြု ရင်း သာယာတတ်အောင် သင်ပေးသူမှာ ဒေါက်တာ ဇော်လတ်ဟု စွပ်စွဲချင် ၏။

သူမက ခင်ပွန်းသည် နှင့်၊ ဆွေမျိုးစုနှင့်၊ ပတ် ကျင်နှင့် သိုက်သိုက်ဝန်း ပျော်ဝင်ရှင်သန်ရင်းမှ စီးဆ ရသည်ကို ဘဝဟု မြင်
သို့မှလည်း ကြည် သော၊ နွေးထွေးသော၊ လျစ်သော အပြုသ ဆောင်သည့် ရသကော တွေ ဖန်တီးနိုင်မည်ဟု ထင်သည်။

ခုတော့ အေးစက် ကြဉ်သော အိမ်ထောင် ကြောင့် နာကျင်ပွယော သော အဖျက်စိတ်များ သူမမှာ အားကောင်း တော့၏။ တော်တန်ရုံ အကောင်းမမြင်ချင်တော့ အထူးသဖြင့် သူမ မြ ကိုးကွယ်ချင်ခဲ့သော ခင် သည် ဒေါက်တာ ဇော် ၏မေတ္တာကို သူမ မယုံ ငတ်မွတ်တောင့်တမိ အကြင်နာကိုလည်း မ တော့။

ဝတ္ထုရားကျေ မယားဆက်ဆံရေး သွေးသားဆန္ဒအတွက် ကြည်သော အိမ် သစ္စာစောင့်သိမှုသည်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကျင့်သိက္ခာအတွက်၊ နောလိုအူတိုသော သဝန်ကြောင်စိတ်သည် သူ့အတွက် အတွက်။

ဒီလိုသာ သူမ သေသေချာချာ စွပ်စွဲချင်၏။

ဒီတော့လည်း သူ့လိုပင် အရွဲ့တိုက်ကာ မန္တ့ရီလည်း ကိုယ့်အတွက်ကို အရောင်တင်ချင်တော့သည်။

အရင်လို လင့်အချစ်လျှော့မည်စိုးကာ ဝတ္တရားကျေလိုလှသော ဇနီးမယားကောင်းစိတ်ဓာတ်များကို လွှတ်ချပစ်လိုက်ပြီး စာရေးစာဖတ်နှင့်သာ တစ်ကမ္ဘာတည်ဆောက်နေလိုက်၏။

မည်သို့ပင်ဖြစ်စေ လမ်းကြောင်းတည့်တည့် လှမ်းလျှောက်နေသူအတွက် အောင်မြင်မှုပန်းတိုင်ရောက်ရန် မှတ်တိုင်များကလည်း စောင့်ကြိုနေသည်ပဲ မဟုတ်လား။

စာပေသမားများ တန်ဖိုးထားသော အဖွဲ့အစည်းတစ်ခုက ပေးအပ်သည့်စာပေဆုကို မန္တ့ရီ ဆွတ်ခူးရရှိလိုက်လေသည်။

ဝမ်းသာကြည်နူးလိုက်သည်မှာ ဆိုဖွယ်ရာ မရှိ။ သူမငယ်ဘဝ အိပ်မက်သည် အကောင်အထည်ပေါ်လေပြီ။ ဝါသနာအရင်းခံ ပေါ်တွင် ထပ်လောင်းဖြည့်တင်းခဲ့ရသော ကြိုးစားမှုများကလည်း အရာထင်ပြီ။ ဘဝ၏ အဓိပ္ပာယ်ဆိုသည်ကို ဒီ့ထက်ပြည့်စုံအောင် ဖွင့်ဆိုစရာ မရှိတော့ပြီဟု ပီတိအဟုန်က စိမ့်နေအောင် ချီလေတော့သည်။

❑

စာအုပ်သေတ္တာကို ဒုတိယအကြိမ် သော့ခတ်နေသော မန္တ့ရီသည် သေတ္တာထဲမှ အရာတွေကို စာအုပ်ဟု မမြင်။ သူမ၏ အသည်းနှလုံးကလီစာများဟု ပင် ခံစားနာကျင်နေမိသည်။

လက်တွဲဖော် ငုတ်တုတ်ကြီး ရှိနေလျက်နှင့် ဆုပေးပွဲကိုတစ်ယောက်တည်း အထီးကျန်စွာတက်ခဲ့ရပြီးနောက် နဂိုကမှ နွေးထွေးမှု မရှိသော မန္တ့ရီတို့ လင်မယားကြားတွင် ဒဏ်ရာကိုယ်စီနှင့် အေးခဲ ငြိမ်သက်ခဲ့လေသည်။ အမှန်တော့ ငြိမ်သက်နေသော ရေပြင်အောက်တွင် မကျေနပ်မှုတွေ ပလုံစီနေခဲ့သည်ကိုလည်း နှစ်ဦးစလုံး သိနေ၏။

ဆုပေးပွဲသည် စာပေလောကတစ်ခုလုံး ဂုဏ်ယူပျော်ရွှင်ကြသည့် ကြီးကျယ်ခမ်းနားသော ပွဲတစ်ခု ဖြစ်ခဲ့သည်။

ဒေါက်တာ ဇော်လတ်က အဖော်လိုက်ခဲ့ဖို့ ငြင်းဆန်၏။

'မင်းကို ဝိုင်းပြီး အရေးတယူလုပ်နေကြမယ့်ပွဲမှာ ငါကလိုက်ပြီး ဘာလုပ်ရမှာတုံး'

မန္တ့ရီသည် အံ့ဩလွန်းစွာ ပါးစပ်ဟောင်းလောင်းပွင့်သွား၏။

ဒေါက်တာ ဇော်လတ်၏ ဘွဲ့လွန်အခမ်းအနားများ၊ သမားတော်ကြီးများအတွက် ဂုဏ်ပြုညစာစားပွဲများ၊ ဆေးကုမ္ပဏီများ၏ ဂုဏ်ထူးဆောင် ညှိခံပွဲများသို့ သူမက သာမန်မိန်းမသားတစ်ယောက်အနေနှင့် ခင်ပွန်းသည်နံဘေးမှာ ကျေနပ်စွာလိုက်ပါခဲ့သည်ပင်။

တစ်ခါမှ 'သူ့ပဲ အရေးလုပ်နေကြတာ၊ ငါ့ကို အရေးမလုပ်လို့ အောက်တယ်'ဟု မတွေးမိဖူးပါ။ ကိုယ့်ရဲ့ လက်တွဲဖော် ဂုဏ်ရှိတာသည် ကိုယ့်အတွက် ဂုဏ်ယူစရာပဲ မဟုတ်လား။ ခုတော့-

ကိုယ်သာ မင်းသားအမြဲဖြစ်ချင်၍ သူများကို ဇာတ်ပို့မပေးချင်သောသူသည် ဘယ်တော့မှ ဇာတ်လိုက် မဖြစ်။ မင်းသားရူးသာ ဖြစ်လိမ့်မည်ဟု မန္တ့ရီက စိတ်ပျက်နေချိန်တွင် ဒေါက်တာဇော်လတ်ကလည်း ဆုပေးပွဲဓာတ်ပုံများကို ကြည့်ပြီး မကျေမနပ် ဖြစ်နေ၏။

'ဘယ့်နှယ်ကွာ၊ ဝိုင်းဂုဏ်ပြုနေလိုက်ကြတာများ တိုက်ပွဲအောင်လာတဲ့ စစ်သူကြီးကျနေတာပဲ။ ယောကျ်ားမပါတော့ ပိုလွှတ်လပ်ပျော်ရွှင်နေတယ်ပေါ့'

ဒေါက်တာ ဇော်လတ်၏ ခနိုးခနဲ့ စကားသည် အတွင်းကြေကြေနေသော သူမအတွက် ကျားနာခဲ ခဲစရာဖြစ်သွားတော့၏။ ခင်ပွန်းစကားကို ခွန်းတုံ့ပြန်ခဲ့သော ဇနီးအလိမ္မာဖြစ်လိုလှသည့်မိန်းမတစ်ယောက်၏ ဆယ်နှစ်ကျော် အနာမြုံတစ်စုပေါက်ကွဲမှုသည် တော်တော်များ ပြင်းထန်သွားသလားမသိပါ။

ဘာတွေ ပြောမိမှန်းပင် မန္တ့ရီ မမှတ်မိ။ နာကြည်းမှုလိမ်းကျံနေသော သွေးစက်လက်စကားများက လှပစရာတော့ဖြင့် မရှိပေ။

ရသစာပေတန်ဖိုးကို နားမလည်သူတစ်ယောက်အတွက် ဆုတံဆိပ်သည် ဂုဏ်ယူဝမ်းမြောက်စရာ မဖြစ်သလို၊ နှလုံးမကြီးသူအဖို့ တစ်ဦးတစ်ယောက်၏ အောင်မြင်မှုသည် မုဒိတာပွားစရာလည်း မဟုတ်ခဲ့။

နောက်ဆုံးတော့ သွေးရူးသွေးတန်းစိတ်ကြောင့် ကိုယ့်အသည်းနှလုံးကို ကိုယ်ပြန်သော့ခတ်မိခြင်းဖြင့် ဘဝသည် မစီးဆင်းနိုင်တော့ဘဲ ရပ်တန့်သွားရပြန်၏။

သမုဒ္ဒပြင်သည် ကျယ်ပြောစွာမြင်နေရသော်လည်း သူမအတွက်တော့ လက်လှမ်းမမီခဲ့ပါချေ။

❑

မိန်းမတစ်ယောက်၏ အချစ်သည် စိတ်ကူးယဉ်စရာ ကောင်းလောက်အောင် နူးညံ့ချိုမြခဲ့ဖူး၏။

မိန်းမတစ်ယောက်၏ စွဲလမ်းမှုသည် အံ့ဩစရာကောင်းလောက်အောင် စွန့်လွှတ်သည်းခံနိုင်ခဲ့၏။

မိန်းမတစ်ယောက်၏ သိမ်မွေ့မှုသည် မထင်မှတ်နိုင်လောက်အောင် စီးဆင်းကျယ်ပြန့်ခဲ့ရ၏။

ထိုမိန်းမ၏ အားငယ်မှုသည် ကြေကွဲစရာကောင်းစွာ နစ်ဝင်နက်ရှိုင်းခဲ့လိမ့်မည်။

ထိုမိန်းမ၏ နာကျင်မှုသည်အသည်းခိုက်မလောက် စိမ့်ဝင်ခါးသက်ခဲ့လိမ့်မည်။

ထို့အတူ မိန်းမတစ်ယောက်၏ ဥပေက္ခာသည်လည်း စက်ရုပ်ဆန်စွာ မည်သူမျှ မသိအောင် လှပသေသပ်နေခဲ့လိမ့်မည်ပင်။

❑

ဘယ်လောက်များ အံ့ဩစရာကောင်းလိုက်သလဲ။

အလွန်လှပသော ဇော်

www.burmeseclassic.com

ပါးလွတ်မြောက်မှုအရသာ သည် အရုပ်ဆိုးအကျည်းတန် လှသော ဆုံးရှုံးမှုတစ်ခုထဲမှ ထွက်ကျလာခဲ့ရသတဲ့။

ကိုယ် ချစ်ခင်တွယ်တာ ရသူက ခပ်မှန်မှန်၊ ခပ်တန်း တန်း အသိအမှတ် မပြုသလို နေတတ်ခဲ့သည်ကို ဝမ်းနည်း သလိုလို၊ နာကြည်းသလိုလို ဖြစ်ခဲ့သော မန္တရီသည် တကယ် တမ်း သူ မရှိတော့သည့် အချိန်ကျမှ ကျေးဇူးတင်ရ ကောင်းမှန်း သိတော့၏။

သူမတွင် ခင်ပွန်းသည်၏ အယုအယ အမှတ်တရ တွေက မရှိသလောက်နည်းခဲ့ သည့်အတွက် ဒေါက်တာ ဇော်လတ် သေဆုံးချိန်တွင် သူမဘဝမှာ ကွက်လပ်ကြီး လို ဟာမသွား။ အလုပ်ကိစ္စ နှင့် ခရီးထွက်နေသလောက်၊ နိုင်ငံခြားသို့ ပညာသင်သွား သလောက်သာ အထင် ရောက်၍ လွမ်းလောက်စရာ မရှိခဲ့ပါ။

မန္တရီသည် နှစ်ယောက် အိပ်ခုတင်ကြီးပေါ်တွင် လွတ် လပ်စွာ ဘယ်ညာလူးလိမ့်နေ ရာမှ ခုတင်ပေါ်က ပေါ့ပါးစွာ ခုန်ဆင်းလိုက်၏။

ကလောင်တံကို သူမ ပြန်ကိုင်ရမည်။ ထေ့ထေ့ပြုံး မည့်သူ၊ ရိပ်ရိပ်စောင်းမည့်သူ မရှိတော့ပြီလေ။

စားပွဲပေါ်မှ စာအုပ် ဟောင်း ဝါကြင်ကြင်လေးကို ဖွင့်ပြီး တစ်စုံတစ်ရာကို ရေး ခြစ်လိုက်တော့ ကလောင်တံ က မင်မလိုက်။ ဦးနှောက် ကလည်း အတွေးမစို။ နှလုံး သားခြောက်ခန်းနေတာ ကြာ ပြီ မဟုတ်လား။

မန္တရီသည် နှလုံးသား ကို အာဟာရဖြည့်မှ အတွေး တို့ စိုလက်လာမည်ကို အသေ အချာသိသူပီပီ ဆယ်နှစ်ကျော် သော့ခတ်ထားသော စာအုပ် သေတ္တာကြီးကို ဖွင့်ဖို့ပြင်လေ၏။

သော့တံလေးသည် သူမ တမြတ်တနိုးသိမ်းထား သော စားပွဲအံဆွဲထောင့်ရှိ ယွန်းခွက်ထဲတွင် လဲလျောင်း နေရသည်မှာ ပျင်းရိလှရော့ မည်။ သူမက တယုတယ ကိုင်လိုက်တော့ အေးစက် စက်နှင့် မာခဲသော အထိ အတွေ့က နှလုံးသားထဲအထိ စီးဆင်းသွား သလိုပင်၊ ကျဉ် ခနဲ။

အလိုလို သိစိတ်ကြောင့် စိုးရိမ်မှုတစ်ခုဖြင့် သော့ကို အလျင်စလိုလှည့်ပြီး သေတ္တာ ကို ဖွင့်လိုက်သည်နှင့် မန္တရီ၏ စိတ်ကူးကမ္ဘာသည် လွတ် ကျသွားခဲ့ရ၏။

သေတ္တာထဲမှ သူမ၏ နှစ်ချို့ အသည်းနှလုံးများ သည် ဆန်ခါပေါက်ဖြစ်နေ ကာ ဝဖီးစိုပြည်နေသောခြ ကသာ သေတ္တာတစ်ပြင်လုံး ဖွေးဖွေးလှုပ်နေတော့သည်။

မန္တရီသည် ငိုချင်လျက် လက်တို့ဆိုသကဲ့သို့ ခုမှ အကြောင်းရှာရသလို သည်း ထန်စွာ တလှိုက်လှိုက် တက် လာသော ခံစားချက်ကို သူမ ကိုယ်တိုင်ပင် မဝေခွဲတတ် တော့။

လွတ်ကျသွားသော ကမ္ဘာသည် နှစ်သုံးဆယ် ပါး ရစ်ပတ်လာသော ယောဇဉ်လား။

သော့ခတ်ထားသော သေတ္တာထဲမှ ရှားပါးစာအု များလား။

မန္တရီကတော့ နှလုံး ကွဲမတတ် ရှိုက်ကာ... ရှို ကာ...။

■

ဆေ

စီးပွားရေးတက္ကသိုလ်

BURMESE CLASSIC .com

ဗုဒ္ဓံ ဓမ္မံ သံဃံ

လားရှိုးမြို့ နက္ခတ်သိဒ္ဓိရှင် **ဆရာတော် ဦးပဏ္ဍိတဓဇ** ၏ သမီးတပည့်

ဆန်းကျမ်းဗေဒင် **ဆရာမ ဒေါ်နန်းခမ်းလန်**

မိတ်ဟောင်းကို စောင့်မျှော်ဖိတ်ခေါ်ရင်း မိတ်သစ်ကိုလည်းကြိုဆိုပါတယ်ရှင်။

အမှတ် (၆၈၆)၊ မဟာဗန္ဓုလလမ်း ၄၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
[ဒဂုံမောင်လှကျက်ရည်ဆိုင်ဘေးကပ်]
ဖုန်း – ၀၉ ၃၁၃၄၁၃၉၁/ ၀၉ ၄၀၀၄၆ ၂၉၉၆

www.burmeseclassic.com